
ဦးသန်းထွတ်
လက်ထောက်ကထိက
ပညာရေးတက္ကသိုလ်

# မြန်မာနိုင်ငံဘုန်းတော်ကြီးကျောင်း ပညာရေးသမိုင်း



၂၃၆၈၅

# မြန်မာနိုင်ငံ ဘုန်းတော်ကြီးကျောင်း

## ပညာရေးသမိုင်း

ဦးသန်းထွတ်
လက်ထောက် ကထိက
ပညာရေးတက္ကသိုလ်

၁၉၇၀-ခု၊ စက်တင်ဘာလ

က– အ-ပ-တ

စာအုပ်စာတမ်း၊ စာနယ်ဇင်း
ကြိုတင် ပုံနှိပ်ထုတ်ဝေခွင့်ပြု လက်မှတ်အမှတ် (၂၂၄၀)
မျက်နှာဖုံး ခွင့်ပြုအမှတ်....(၄၀၇)

ထုတ်ဝေသူ .... ဦးမင်းနိုင် (၀၁၃၉၀) သိန်းမင်းလှိုင် စာပေ၊
၇၂ (က)၊ ကလကာလမ်း၊ ကြည့်မြင်တိုင်။

ပုံနှိပ်သူ .... ဦးမောင်ကို မြဲ-(၀၁၄၈၄)အုန်းပင်ပုံနှိပ်တိုက်၊
အမှတ်-၁၅၈၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

အုပ်ရေ....၂၀၀၀
ပထမအကြိမ်....၁၉၈၀-ခု၊ စက်တင်ဘာလ
အဖုံးရိုက်....အေးအေး၊
တန်ဖိုး....၂၀-ကျပ်
ဖြန့်ချိရေး....'ထိုက်ထိုက်အောင်' စာပေ၊ စာဗူး ၁၄၅၁
ဗဟိုစာတိုက်ကြီး၊ ရန်ကုန်။

# မာတိကာ


အမှာ
မိတ်ဆက်
ဇယားပုံများစာရင်း

| အခန်းစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| အခန်း ၁။ | နိဒါန်း | |
| | မြန်မာနိုင်ငံဘုန်းတော်ကြီးကျောင်းပညာရေးသမိုင်း | ၁ |
| | ရည်ရွယ်ချက် | |
| | အကျယ်အဝန်း | |
| | ပြုစုခဲ့ပုံ | |
| အခန်း ၂။ | ဘုန်းတော်ကြီးကျောင်းပညာရေးနောက်ခံသမိုင်း | ၄ |
| | အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာပေါ်ပေါက်လာခြင်း | |
| | ဗုဒ္ဓသာသနာစတင်ခဲ့ပုံ | |
| | သာသနာဂိုဏ်းကွဲခြင်း | ၈ |
| | သီရိဓမ္မာသောကမင်းကြီးသာသနာပြုပုံ | |
| | တက္ကသီလနှင့် နာလန္ဒတက္ကသိုလ် | ၉ |
| | ထေရဝါဒနှင့် မဟာယာနဂိုဏ်းကွဲလွဲချက် | ၁၅ |
| | ဗုဒ္ဓဘာသာပြန့်ပွားပုံ | ၁၄ |
| | သီဟိုဠ်သာသနာ၊ မြန်မာနိုင်ငံ၊ ယိုးဒယား၊ တရုတ်ပြည်၊ ကိုရီးယားပြည်၊ တိဗက်ပြည်၊ နီပေါပြည် | ၁၈ |
| | သီဟိုဠ်ကျွန်းသို့ ဗုဒ္ဓသာသနာရောက်ခဲ့ပုံ | ၂၀ |
| | ထူးခြားသော စတုတ္ထသင်္ဂါယနာ မဟာယာနဂိုဏ်း | ၂၂ |
| | မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာစတင် ထွန်းကားခြင်း | |
| | ရှင်ဗုဒ္ဓဃောသ | ၂၃ |
| | သုဝဏ္ဏဘူမိ(သထုံ)သာသနာဝင် | ၂၅ |
| | သထုံမှဗုဒ္ဓသာသနာ ပုဂံသို့ရောက်ရှိလာပုံ | |

| အခန်းစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


ပျူခေတ်ဗုဒ္ဓဘာသာ ၂၈
ခြုံငုံသုံးသပ်ချက် ၂၉
အခန်း ၃။ ပုဂံခေတ်ဘုန်းတော်ကြီးကျောင်းပညာရေး ၃၁
နောက်ခံကား
ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေး၏
ရည်မှန်းချက်များ ၃၄
သင်ကြားသူဆရာ ၃၆
ထင်ရှားသောရဟန်းတော်များ ၃၉
သင်ယူသူတပည့်စာသင် ၄၃
ကျောင်း ၄၅
သင်ကြားခဲ့သည့် စာပေဘာသာရပ် ၅၀
အဓိကမဏ္ဍိုင်ဘာသာစကား ၅၅
သင်ကြားနည်းနိဿရည်း ၆၀
သုံးသပ်ချက်
အခန်း ၄။ ပင်းယခေတ်မှ ညောင်ရမ်းခေတ်အထိ ဘုန်းတော်
ကြီးကျောင်းပညာရေး ၆၆
နောက်ခံကား
ဂါမဝါသီနှင့် အရညဝါသီ ၆၈
ဘုန်းတော်ကြီးကျောင်းပညာရေး
သဘောတရားနှင့် ရည်မှန်းချက် ၇၁
ဘုန်းတော်ကြီးကျောင်းပညာရေး
ဦးဆောင်ရဟန်းတော်များနှင့် စာဆိုများ ၇၅
မြန်မာစာပေထွန်းကားစည်ပင်မှုအခြေအနေ ၈၂
ပင်းယခေတ် မြန်မာစာပေ
အင်းဝခေတ် မြန်မာစာပေ ၈၃
တောင်ငူခေတ် မြန်မာစာပေ ၈၅
ညောင်ရမ်းခေတ် မြန်မာစာပေ ၈၆
ဘုန်းတော်ကြီးကျောင်း သင်ရိုးညွှန်းတမ်း ၈၈
သင်နည်းနိဿရည်း ၈၉
ကျောင်းစည်းကမ်းနှင့် ရှင်ကျင့်ဝတ် ၉၀
သုံးသပ်ချက် ၉၃

| အခန်းစဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


အခန်း ၅။ ကုန်းဘောင်ခေတ်ဘုန်းကြီးကျောင်းပညာရေး ၉၆

နောက်ခံကား
ဘုန်းတော်ကြီးကျောင်းပညာရေး
သဘောတရားနှင့် ရည်မှန်းချက် ၉၉
ထင်ရှားသောစာဆိုပညာရှင်များ ၁၀၁
ကုန်းဘောင်ခေတ် မြန်မာစာပေ ၁၀၅
ဘုန်းတော်ကြီးကျောင်းသင်ရိုးညွှန်းတမ်း
စာပေသင်ရိုးအဆင့်ဆင့် ၁၀၉
သင်နည်းနိဿရည်း ၁၂၃
ရှေးမင်းတို့လက်ထက် ပထမပြန်ဆိုပုံ
အခမ်းအနား ၁၂၆
ပထမကျော်အောင်ခြင်း၏ အကျိုးကျေးဇူး ၁၂၈
သာသနာရေးရာအုပ်ချုပ်ရေး ၁၂၉
ဆိုးမသြဝါဒ ဥပဒေကောက်နှုတ်ချက် ၁၃၁
ခြုံငုံသုံးသပ်ချက် ၁၃၃

အခန်း ၆။ ကိုလိုနီခေတ်ဘုန်းကြီးကျောင်းပညာရေး ၁၃၈

နောက်ခံကား
အနောက်တိုင်းပညာရေးအစ
ရိုမင်ကက်သလစ် သာသနာပြုလုပ်ငန်း ၁၃၉
ပထမဆုံးပုံနှိပ် မြန်မာစာအုပ် ၁၄၀
အမေရိကန်သာသနာပြုလုပ်ငန်း
ပါတော်မူ ၁၄၁
အိန္ဒိယနိုင်ငံတွင်ကျင့်သုံးသော ဗြိတိသျှကိုလိုနီပညာ
ရေးစနစ် ၁၄၃
မကောလေးမှတ်တမ်းနှင့်ဝုစာချွန်တော် ၁၄၄
သီပေါမင်းပါတော်မူချိန်က
ဗြိတိသျှမြန်မာနိုင်ငံ၏ပညာရေးအခြေအနေ ၁၄၆
ကိုလိုနီပညာရေးမျိုးစေ့
ဆာအာသာဖယ်ယာ၏ ဘုန်ကြီးကျောင်း ပညာရေး
အပေါ် သဘောထား ၁၄၉

| အခန်းစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဘုန်းကြီးကျောင်း ပညာရေး အနေအထားပြောင်းလဲလာရခြင်း | ၁၅၃ |
| | ဗြိတိသျှပညာရေးစနစ်နှင့် ဘုန်းကြီးကျောင်းပညာရေးစနစ် | ၁၅၃ |
| | ကျောင်းအမျိုးအစား | ၁၅၅ |
| | ဌာနဆိုင်ရာစနစ် | ၁၅၆ |
| | အထောက်အပံ့စနစ် | ၁၅၇ |
| | ဘုန်းတော်ကြီးကျောင်းပညာရေး | |
| | သဘောတရားနှင့်ရည်မှန်းချက် | ၁၅၉ |
| | ဘုန်းတော်ကြီးကျောင်းနှင့်လူကျောင်းများ | ၁၆၀ |
| | မှတ်ပုံတင်ဘုန်းတော်ကြီးကျောင်းများ | |
| | ဘုန်းတော်ကြီးကျောင်း သင်ရိုးညွှန်းတမ်းနှင့် သင်နည်းနိဿရည်း | ၁၆၂ |
| | ကျောင်းသုံးစာအုပ် | ၁၆၅ |
| | သင်ကြားနည်းနိဿရည်း | ၁၆၈ |
| | ပညာရပ်သင်ရိုး | ၁၇၀ |
| | ပထမပြန်စာမေးပွဲ | ၁၇၁ |
| | အခမဲ့မူလတန်းပညာ မသင်မနေရစနစ်နှင့် ဘုန်းကြီးကျောင်းပညာရေး | ၁၇၄ |
| | ဘုန်းကြီးကျောင်းပညာရေးမှေးမှိန်ခဲ့ရပုံ | ၁၇၉ |
| | ခြုံငုံသုံးသပ်ချက် | ၁၈၃ |
| အခန်း ၇။ | ဖက်ဆစ်ဂျပန်ခေတ် | |
| | နောက်ခံကား | |
| | ပညာရေးနှင့်ပတ်သက်သည့်သဘောထားများ | ၁၈၇ |
| | အီးဒါး၏စစ်အမိန့် | |
| | ပညာရေးဝန်ကြီး၏မိန့်ခွန်း | ၁၈၉ |
| | စစ်အတွင်းကာလမြန်မာ့လွတ်လပ်ရေးနှင့်ဝန်ကြီးအဖွဲ့ | ၁၉၁ |
| | အတုအယောင်မြန်မာ့လွတ်လပ်ရေး | ၁၉၂ |
| | ပညာရေးမူဝါဒနှင့် ဆောင်ရွက်မှုအခြေအနေ | ၁၉၃ |
| | ပညာရေးအရာရှိများ | ၁၉၄ |
| | မူလတန်းပညာရေး | ၁၉၅ |

| အခန်းစဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


မူလတန်းလွန်ပညာရေး
အသက်မွေးဝမ်းကျောင်းပညာရေး
ဘုန်းတော်ကြီးကျောင်းပညာရေး ၁၉၅
နိုင်ငံခြားဘာသာစကားသင်ကျောင်းများ ၁၉၆
နေပြည်တော်စာသင်ကျောင်းများ ၁၉၆
ကွင်းပြင်စာသင်ကျောင်းများ ၁၉၇
ဘုန်းတော်ကြီးကျောင်းပညာရေး
သဘောတရားရည်မှန်းချက်သင်ရိုးနှင့် သင်နည်းများ ၁၉၈
ခြုံငုံသုံးသပ်ချက် ၁၉၉

**အခန်း ၈။ စစ်ပြီးခေတ် လွတ်လပ်ရေးခေတ်နှင့် တော်လှန်ရေး**

**ခေတ် ဘ-က ပညာရေး** ၂၀၁

စစ်ပြီးခေတ် ဘ-က ပညာရေး
နောက်ခံကား
ဆင်းမလားစစ်ပြေးအစိုးရအဖွဲ့ ၂၀၁
ကက်စ်ဘီခေါ် စစ်အုပ်ချုပ်ရေး ၂၀၁
ဆင်းမလားစီမံကိန်း ၂၀၂
ဆင်းမလားစီမံကိန်းနှင့်ပညာရေး ၂၀၃
မြန်မာအမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှု ၂၀၄
စစ်ပြီးခေတ်ပညာရေးဆန်းစစ်ချက် ၂၀၅
ဘုန်းတော်ကြီးကျောင်းပညာရေးအခြေအနေ
လွတ်လပ်ရေးခေတ် ဘ-က ပညာရေး ၂၀၆
နောက်ခံကား
ပြည်ထောင်စုအစိုးရ၏ပညာရေး
ပြည်တော်သာဘဝသစ်ဖန်တီးမှု
ပညာရေးစီမံကိန်း ၂၀၇
ဘ-ကပညာရေးသဘောတရား
ရည်မှန်းချက်၊ သင်ရိုးနှင့်သင်နည်း ၂၀၈
ဘ-က သင်ရိုးသင်နည်း ၂၀၉
ဗုဒ္ဓဘာသာလက်စွဲ ၂၁၁
ပထမပြန်စာမေးပွဲ ၂၁၃

| အခန်းစဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | ဘုန်းတော်ကြီးကျောင်းပညာရေးစီမံကိန်းဖြစ်ပေါ်လာပုံ | ၂၁၆ |
| | လူထုပညာရေးကောင်စီအဖွဲ့ဝင်များ | |
| | လူထုပညာရေး၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ် | ၂၁၈ |
| | အုပ်ချုပ်ရေးအမှုဆောင်အဖွဲ့ | ၂၁၉ |
| | လူထုပညာရေးမူးသင်တန်း | ၂၂၀ |
| | ဘုန်းတော်ကြီး ကျောင်း ပညာရေး စီမံကိန်းကို အကောင်အထည် ဖော်ခြင်း | ၂၂၁ |
| | ဘုန်းတော်ကြီးကျောင်း ပညာ သင်ကြားရေး စီမံကိန်း သဘောတရားနှင့် ဆောင်ရွက်မည့်မူ | ၂၂၃ |
| | ဘုန်းတော်ကြီးကျောင်း မှတ်ပုံတင်ခြင်း | ၂၂၅ |
| | လူ့ဒါန်းသော ဘာသာရပ်များ ဆိုင်ရာ စာအုပ်များနှင့် စာရေးကိရိယာများ | ၂၂၆ |
| | နှီးနှောဖလှယ်ပွဲများ | ၂၂၈ |
| | ပထမ လေးနှစ် စီမံကိန်း ဘုန်းတော်ကြီးကျောင်း ပညာရေး ဆန်းစစ်ခြင်း | ၂၂၈ |
| | စာသင်ကျောင်း အခြေအနေ ၁၉၅၂-ခု၊ မတ်လ အထိ ဖွင့်လှစ်ပြီးသော လူထုပညာဌာနများ | ၂၃၁ |
| | ဒုတိယလေးနှစ်စီမံကိန်းဘုန်းကြီးကျောင်းပညာရေး | ၂၃၁ |
| | လူထု ပညာရေးကောင်စီ ဘုန်းတော်ကြီးကျောင်း ပညာရေးစီမံကိန်းသစ်မူကြမ်း | ၂၃၃ |
| | ဘုန်းတော်ကြီးကျောင်းပညာရေးမူးသင်တန်း | ၂၃၄ |
| | ဒုတိယ ၂-နှစ်အတွင်း ဆောင်ရွက်ချက်များ | ၂၃၅ |
| | ဘုန်းတော်ကြီးကျောင်းပညာရေးစီမံကိန်း၏အကျိုးသက်ရောက်မှုများ | ၂၃၈ |
| | တော်လှန်ရေးခေတ် ဘ-က ပညာရေး | ၂၃၉ |
| | ဘ-က ဌာနစိပ် ဖွဲ့စည်းပုံ | ၂၃၉ |
| | ခြုံငုံသုံးသပ်ချက် | ၂၄၀ |
| အခန်း ၉။ နိဂုံး | | |
| | ကျမ်း၏ အနှစ်ချုပ်သဘော | ၂၄၂ |
| | တိုက်တွန်းလွှာ | ၂၅၄ |
| | ကျမ်းကိုးစာရင်း | |
| | နောက်ဆက်တွဲ | |

# အမှာ

မျက်မှောက် မြန်မာစာအုပ်လောကတွင် ပညာရေးစာအုပ်များ အလွန်နည်း၏။ ထွက်ခဲ့သော ပညာရေးစာအုပ် ဦးရေကို လက်ချိုးရေ တွက်က ရနိုင်သည်။ အကြောင်းကား ပညာရေး စာအုပ်များသည် ဈေးကွက်တွင် ရောင်းမသွက်သော ကုန်ထိုင်းပစ္စည်းများ ဖြစ်နေသော ကြောင့်တည်း။

အရောင်းမသွက်သော၊ ထုတ်လျှင်ရှုံးသော ပညာရေးစာအုပ် များကို မည်သူသည်ထုတ်ဝေရဲအံ့နည်း။ ရေးသူကလည်း အချိန်ကုန်ခံ၍ မည်သူရေးရဲအံ့နည်း။ ထို့ကြောင့် ထုတ်ဝေခဲ့သော ပညာရေးစာအုပ် ဦးရေကို လက်ချိုး၍ရေတွက်နိုင်သည်ဟု ဆိုရခြင်းဖြစ်သည်။

ဤလိုအခြေအနေမျိုး၊ ဤလိုအခါသမယမျိုးတွင် ဦးသန်းထွတ် သည် ပညာရေးစာအုပ်တအုပ်ကို အနန်းပင်ပုံနှိပ်တိုက်၏ အကူအညီဖြင့် ထုတ်ဝေရန်စီစဉ်ခဲ့သည်။ ဦးသန်းထွတ်၏ စီစဉ်မှုသည် ရဲဝံ့သည်ဟု ဆိုရ မည်လော။ ခေတ်အကြောင်းနားမလည်ဟုဆိုရမည်လောမစဉ်းစားတတ် ချေ။ ပို၍မစဉ်းစားတတ်သည်မှာ ယခုစာအုပ်သည် သာမန်စာအုပ်မျိုး မဟုတ်၊ကျမ်းစာအုပ်တအုပ်ဖြစ်နေသည်။ ကျမ်းစာအုပ် ဆိုရာတွင်လည်း မျက်မှောက်ခေတ် ပညာရေးအကြောင်းအရာများကို ရေးသားဖော်ပြ ထားသော ကျမ်းစာအုပ်မဟုတ်ချေ။ လွန်လေပြီးသော ခေတ်ဟောင်း တွင် မြန်မာနိုင်ငံ၌ထွန်းကားခဲ့သည့် ဘုန်းတော်ကြီးကျောင်းပညာရေး၏ အကြောင်းကို သုတေသနပြုလုပ်ထားသည့် ကျမ်းကြီးတစောင် ဖြစ်နေ သည်။တိတိကျကျပြောဆိုရပါမူ မဟာပညာရေးဘွဲ့အတွက်ဦးသန်းထွတ် သုတေသနပြု၍ တင်ပြခဲ့သော ကျမ်းတစောင် ဖြစ်နေသည်။

ဘွဲ့အတွက် သုတေသနပြု၍ တင်ပြခဲ့သော ကျမ်းတစောင်ကို ဦးသန်းထွတ်သည် အဘယ့်ကြောင့် ထုတ်ဝေရန် စီစဉ်ခဲ့ပါသနည်း။

ဤကျမ်းပြုစုသည့် ရည်ရွယ်ချက်များ အကြောင်း ဖတ်ရှုလေ့ လာပြီးသောအခါ ဦးသန်းထွတ်၏ စေတနာအရင်းခံကိုပိုမိုနားလည်လာ သည်။ သဘောပေါက်လာသည်။ ဦးသန်းထွတ်၏စေတနာကို အသပြာ နှင့် မရောနိုင်ကြောင်း၊ မတိုင်းဆနိုင်ကြောင်း တွေ့မြင်လာရသည်။ ယင်းသို့ ဦးသန်းထွတ်၏စေတနာကို သိမြင်လာသောအခါ၊ဦးသန်းထွတ် အား ''ခေတ်အကြောင်း နားမလည်သူ''ဟု မဆိုသာတော့ချေ။ ဤလို

ကျမ်းမျိုးကို ပညာရေးတက္ကသိုလ် ပရဝုဏ်အတွင်းမှ ဖောက်ထွက်၍ ပြည်သူလူထုလက်တွင်းသို့ အရောက်ပို့ဆောင်ပေးရန် စီစဉ်ခြင်းသည် ရဲဝံ့စွာဆောင်ရွက်ခြင်းဟု ဆိုရမည်သာဖြစ်သည်။

ပညာရေးသည် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တည်းဟူသော ကာလသုံးပါးနှင့် ဆက်စပ်နေသည်။ ပညာရေးသည် အနာဂတ်ကာလအတွက် မျက်မှောက်ကာလတွင် ဆောင်ရွက်နေသော လုပ်ငန်းစဉ်တရပ် ဖြစ်သည်။ မျက်မှောက်ကာလ၏ ပညာရေးလုပ်ငန်းစဉ်သည် အတိတ်ကာလ၏ပညာရေးနှင့် ကင်းကွာ၍မရချေ။ ထို့ကြောင့် မျက်မှောက်ပညာရေး၏ဖြစ်ရပ်များကို စနစ်တကျ လေ့လာသုံးသပ် အကဲဖြတ်လိုပါက အတိတ်ပညာရေးကို သိရှိကြေညက်ရန် လိုအပ်ပေသည်။ တနည်းဆိုရသော် ပညာရေးသမိုင်းကို ဓမ္မဓိဋ္ဌာန်ကျကျ လေ့လာသုံးသပ် အကဲဖြတ်ရပေမည်။

ဦးသန်းထွတ်၏ကျမ်းသည် မြန်မာနိုင်ငံ ပညာရေးသမိုင်းစဉ်တွင် အဓိက ကဏ္ဍမှ ပါဝင်သော ဘုန်းတော်ကြီးကျောင်း ပညာရေး၏ အကြောင်းကို ပြုစုတင်ပြထားခြင်း ဖြစ်သည်။

ပညာရေးသဘောတရားများ၊ အယူအဆများ၊ ဆောင်ရွက်မှုများ၊ ကျင့်သုံးမှုများသည် ရပ်တံ့နေသည် မဟုတ်ချေ။ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေ အရပ်ရပ်ပေါ်တွင် မှီ၍ အစဉ်ပြောင်းလဲနေပေသည်။ မြန်မာနိုင်ငံ ပညာရေး၏ ဖြစ်ရပ်များသည် ဤဖြစ်စဉ်အတိုင်း ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရပေမည်။

မြန်မာနိုင်ငံ သမိုင်းတလျှောက်တွင် ပေါ်ထွန်းခဲ့သော ခေတ်ကြီးများအလိုက် ပညာရေးကျင့်သုံးမှုများ၊ ပညာသင်ကြားရေးလုပ်ငန်းများပြောင်းလဲခဲ့သည်ကို တွေ့ရပေမည်။ မြန်မာပဒေသရာဇ်များ ထွန်းကားခဲ့သောခေတ်၊ တိုင်းတပါး သူ့ကျွန်ဖြစ်ခဲ့ရသော အင်္ဂလိပ်ကိုလိုနီခေတ်၊ ဖက်ဆစ်ဂျပန်ခေတ်၊ စစ်ပြီးလွတ်လပ်ရေး အကြိုခေတ်၊ လွတ်လပ်ရေး ရခါစခေတ်၊ ဖ-ဆ-ပ-လ ပြည်တော်သာခေတ်၊ အိမ်စောင့်အစိုးရခေတ်၊ ပထစခေတ်၊ တော်လှန်ရေးကောင်စီခေတ် စသည်ဖြင့် နိုင်ငံရေးခေတ်အဆက်ဆက်တွင် ဘုန်းတော်ကြီးကျောင်း ပညာရေးသည် ခေတ်ရေစီးကြောင်းနှင့်အတူ စီးဆင်းလာခဲ့သည်ကိုတွေ့ရပေသည်။ ဘုန်းတော်ကြီးကျောင်းပညာရေးသည် မည်သည့်ခေတ်တွင်မည်သို့ဖြစ်၍ မည်သည့်အခြေအနေမျိုးရှိကာ ပြည်သူလူထုအပေါ် မည်သို့ဩဇာသက်ရောက်ခဲ့သည်ကို လေ့လာတင်ပြထားကြောင်း တွေ့ရပေသည်။

ဘုန်းတော်ကြီးကျောင်း ပညာရေး၏ အရှိန်အဝါနှင့် အကျိုး သက်ရောက်မှုများသည် မြန်မာ့ပညာရေး လောကပေါ်သာမက မြန်မာ့လူ့ဘောင်တခုလုံးအပေါ် ကျရောက်လွှမ်းမိုးခဲ့သည့် သာဓက များစွာကို ယနေ့မျက်မှောက်တွင် တွေ့မြင်နိုင်ပေသေးသည်။ သာဓက တခုကိုတင်ပြရသော် မြန်မာနိုင်ငံတွင် စာတတ်မြောက်ရေး အခြေအနေ ကောင်းမွန်ခဲ့ခြင်း၊ ဗုဒ္ဓဘာသာတရားတော်ပါ အသုံးအမများတွင်ကျန်းကား နေသေးခြင်းတို့သည် ဘုန်းတော်ကြီးကျောင်း ပညာရေး၏ အကျိုး ကျေးဇူးကြောင့်ဖြစ်ကြောင်း မည်သူမျှ မငြင်းနိုင်ချေ။ ယင်းအချက် ထက် ပိုမိုအရေးကြီးသောအချက်ကား ဦးသန်းထွတ် တင်ပြထားသည့် အတိုင်း ''မြန်မာနိုင်ငံ ဘုန်းတော်ကြီးကျောင်းများသည် ရှေးအစဉ် အလာကိုထိန်းသိမ်းခြင်း၊ မြန်မာလူငယ်တို့၏ အကျင့်စာရိတ္တမြင့်မားရေး အတွက် သွန်သင်ခြင်း စာရေး စာဖတ် ဗဟုသုတရစေဖို့ သင်ကြားပို့ချ ပေးခြင်း'' တို့ကြောင့် မြန်မာ့လူ့ဘောင်တွင် အရေးပါခဲ့ပေသည်။

မြန်မာ့လူ့ဘောင်ကို နှစ်ပေါင်းမြောက်မြားစွာ အကျိုးပြုခဲ့ သော ဘုန်းတော်ကြီးကျောင်းပညာရေးကို ကျမ်းတစောင်ပေါ် ထွန်း လာသည်အထိ သုတေသနပြုခဲ့သော ဦးသန်းထွတ်အား ကျေးဇူးတင် ထိုက်ပေသည်။ ဤကျမ်းသည် မြန်မာနိုင်ငံ ဘုန်းတော်ကြီးကျောင်း ပညာရေးသမိုင်းအကြောင်းကို ပြောပြသော ကျမ်းသာ မဟုတ်ချေ။ မြန်မာနိုင်ငံပညာရေးသမိုင်း၏တစိတ်တဒေသလည်းဖြစ်ကြောင်း တွေ့ရ ပေမည်။ ထို့ပြင်ဗုဒ္ဓဘာသာတရားတော်နှင့် ရောထွေးလိမ်ယှက်နေသော မြန်မာ့အတွေး၊ မြန်မာ့အယူအဆ၊ မြန်မာ့စိတ်နေသဘောထားစသည့် အခြေအနေများကိုလည်း သတိပြုမိပေလိမ့်မည်။

ထို့ကြောင့် ဤကျမ်းစာအုပ်သည် မြန်မာနိုင်ငံ ပညာရေးသမိုင်း သုတေသီများအတွက်သာမက လူမှုရေး သုတေသီများ၊ ပညာရေးနှင့် ဆက်နွယ်နေသူများ၊ မြန်မာစာပေလေ့လာသူများ စသည့်ပုဂ္ဂိုလ်များ အတွက်အကျိုးရှိသည့်စာအုပ်၊ လက်ကိုင်ထားသင့်သည့်စာအုပ်ဟုထင်မြင် ယူဆမိပေသည်။

**သောင်းထွန်း**

ပါမောက္ခချုပ်

ပညာရေးတက္ကသိုလ်။

၁၉၇၀ ပြည့်နှစ်၊ ဇူလိုင်လ(၁၆)ရက်။

## ဇယားပုံများစာရင်း


| ဇယားစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ဇယား-၁ | ၁၈၆၇-မှ ၁၈၈၆ တွင် အောက်မြန်မာပြည်ရှိ ပညာရေးအခြေအနေ | ၁၅၂ |
| ဇယား-၂ | မြန်မာနိုင်ငံလုံးအတွက် ဘုန်းတော်ကြီး ကျောင်းများနှင့် လူကျောင်းများစာရင်းချုပ် | ၁၈၀ |
| ဇယား-၃ | ပထမပြန်စာမေးပွဲအခြေအနေ | ၂၁၆ |
| ဇယား-၄ | မှတ်ပုံတင်ခြင်းနှင့် ပစ္စည်းကပ်လှူခြင်း | ၂၃၆ |
| ဇယား-၅ | မှတ်ပုံတင် ဘုန်းတော်ကြီး ကျောင်းများမှ စတုတ္ထတန်း စာမေးပွဲ ဝင်ရောက်ဖြေဆို အောင်မြင်သူများ | ၂၃၇ |

# အခန်း ၁

## နိဒါန်း

### (က) မြန်မာနိုင်ငံ ဘုန်းတော်ကြီးကျောင်း ပညာရေးသမိုင်း

မြန်မာမင်းများ လက်ထက် ဘုန်းတော်ကြီးကျောင်း ပညာရေး သမိုင်းကို လေ့လာလျှင် ဗုဒ္ဓဘာသာ အယူဝါဒ၏အရေးပါပုံကို ချန်လှပ် လေ့လာ၍ မဖြစ်နိုင်ပေ။ မြန်မာနိုင်ငံ၏ အုတ်မြစ်ချရာ ပုဂံခေတ်အခါ တွင် အနော်ရထာမင်း၏ နိုင်ငံ တည်ဆောက်ရေးတွင် ဗုဒ္ဓဘာသာအယူ ဝါဒသည် မင်းနှင့် ပြည်သူတို့၏ ဦးတည်ချက် ပန်းတိုင် ဖြစ်ခဲ့ပေသည်။ ရှင်အရဟံ၏ ဦးဆောင်မှုကို ရယူ၍ ခေတ်ဦးမြန်မာတို့သည် ကမ်ဘာဝမ်း တလက်ညီ ဗုဒ္ဓဘာသာနိုင်ငံတော်ကို တည်ဆောက်ခဲ့ကြပေသည်။

'ဗုဒ္ဓဘာသာ'သည် မြန်မာတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေး ဆောင်ရွက်ချက်များတွင် ပီးရှုး တန်ဆောင် ဖြစ်ခဲ့သည်။ မြန်မာတို့၏ လူ့ဘောင် အဝါတ် သဝဏ်မိုင်းစဉ်တွင် ဘာသာရေးသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ပေသည်။

မြန်မာတို့၏ ရှေးမိုး အစဉ်အလာ စာပေ အနုပညာ ယဉ်ကျေးမှု အစု စုသည် ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်မှုတွင် အခြေပြု၍ တိုးတက်ဖြစ် ထွန်းခဲ့ပေသည်။ မြန်မာနိုင်ငံတော်ဟူ၍ ကမ္ဘာ့သမိုင်းတွင် အကင်အရှား ဝင့်ထည်စွာ ပေါ်လာရခြင်းသည်ပင် ဗုဒ္ဓသာသနာနှင့် အကြောင်း အကျိုး ဆက်နွယ်နေပေသည်။ ခေတ်ဦး ပုဂံကို မြန်မာတို့ တည်ဆောက် ရာ၌ နိုင်ငံ ချစ်စိတ်နှင့် ဘာသာတရား ယုံကြည်စိတ်ကို ဦးထိပ် ပန် ဆင်၍ တည်ဆောက်ကြခြင်း ဖြစ်ပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံ တိုးတက်ကြီးပွားမှုအရပ်ရပ်သည် ဗုဒ္ဓဘာသာ တည်းဟူသော ရေသောက် မြစ်မှ ဆင်းခဲ့သည်ဟု ဆိုနိုင်ပေသည်။

အမှန်စင်စစ်အားဖြင့် မြန်မာနိုင်ငံ သမိုင်းစဉ် တလျှောက်တွင် ဗုဒ္ဓ ဘာသာနှင့် နိုင်ငံရေး၊ ဗုဒ္ဓဘာသာနှင့် မျိုးချစ်စိတ်၊ ဗုဒ္ဓဘာသာနှင့်

တိုင်းရင်းသား သွေးစည်းညီညွတ်ရေး ဗုဒ္ဓဘာသာနှင့် လွတ်လပ်ရေး တိုက်ပွဲ၊ ဗုဒ္ဓဘာသာနှင့်အနုပညာ၊ ဗုဒ္ဓဘာသာနှင့် ပညာရေး တိုးတက်မှု သမိုင်းစဉ် စသည်တို့သည် နိုင်ငံသမိုင်းကြောင်းတွင် ဒွန်တွဲဖြစ်ပေါ်ခဲ့မှု များသာ ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာသည် မြန်မာတို့အတိတ် ကာလ ဘဝခရီးစဉ်တွင် အသက်ဝိညာဉ်ဖြစ်ခဲ့ပေသည်။ 'မြန်မာ့စိတ် ဓာတ်' ဆိုသည်မှာ အမှန်တကယ်အားဖြင့် ဗုဒ္ဓတရားတော်မြတ်ကို ခံယူ သော စိတ်ဓာတ်ပင် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓတရား သည် ခေတ်ဦးအခါကပင် မြန်မာတို့၏ အသွေးကြော၊ အသားကြော ထဲသို့ စိမ့်ဝင်စီးဆင်းခဲ့သောကြောင့် ဖြစ်ပေသည်။

ပဒေသရာဇ် နိုင်ငံအဖြစ် ထူထောင်ခဲ့သည် မှန်သော်လည်း ဗုဒ္ဓ ဘာသာတရားတော်၏ လှုံ့ဆော်မှုကြောင့် မင်းနှင့် ပြည်သူတို့သည် ကြည်ဖြူချစ်ခင်ကြသည်။ အုပ်စိုးသူ မင်းပျားသည်ပင် ဗုဒ္ဓတရားတော်၏ အဆိုအမိန့် ဆိုဆုံးမမှုကို ခံယူ၍ ရာဇ၊ ဓမ္မနည်းမှန်ကျအောင် အုပ်ချုပ် ခဲ့ကြပေသည်။

ယင်းသို့ ဘာသာ သာသနာယဉ်ကျေးမှုကို ပြန့်ပွားအောင် လုပ် ဆောင်ရာတွင် ဗုဒ္ဓတက္ကသိုလ်များသဖွယ် ဖြစ်ခဲ့သော ဘုန်းတော်ကြီး ကျောင်းများသည် ဘာသာအယူဝါဒ ဖြန့်ချီရာ၊ ပညာရေးဌာနကြီး များ ဖြစ်ခဲ့ပေသည်။ မြန်မာနိုင်ငံ ပညာရေးသမိုင်း ရေစီးသည် ခေတ် အမျိုးမျိုးကို ဖြတ်ကျော်စီးဆင်းခဲ့ပေသည်။ ထိုသို့စီးဆင်းရာ၌ ပင်မ သဖွယ်ဖြစ်သော ဗုဒ္ဓဘာသာနှင့် ဘုန်းတော်ကြီးကျောင်းများ၏ စွမ်း ဆောင်ချက်သည် အဓိက အရင်းခံ တရားများ ဖြစ်ပေသည်။ 'ရော ဝတီ' သည် မေခနှင့် မလိခ မြစ်နှစ်သွယ် ပေါင်းယှဉ်မိရာမှ ပေါ်ပေါက် လာရသကဲ့သို့ မြန်မာနိုင်ငံပညာရေးသမိုင်း ရေအလျဉ်သည်လည်း ဗုဒ္ဓ ဘာသာနှင့် ဘုန်းတော်ကြီးကျောင်း ပညာရေးမှ စီးဆင်းလာရသော သမိုင်းစဉ်ပင် ဖြစ်ပေသည်။ ထိုမျှအရေးကြီးသော 'မြန်မာနိုင်ငံ ဘုန်း တော်ကြီးကျောင်း ပညာရေးသမိုင်း' ကို လုံ့လအားထုတ်လျက် ရှာဖွေ ပြုစု တင်ပြအပ်ပါသည်။

## (၁) ရည်ရွယ်ချက်

'မြန်မာနိုင်ငံဘုန်းတော်ကြီးကျောင်း ပညာရေးသမိုင်း' သည် မြန်မာ နိုင်ငံ တည်ဆောက်မှုနှင့် ပြည်သူတို့ဘဝအတွက် အလွန် အရေးပါခဲ့

သော သမိုင်း ဖြစ်ပေသည်။ ဤမျှ အရေးပါသည့် မှန်သော်လည်းစနစ်တကျ ပြည့်စုံကောင်းမွန်သော 'ကျမ်း' တစောင်တဖွဲ့ မပေါ်ပေါက်ခဲ့ဖူးသည်မှာ အံ့ဖွယ်တရပ် ဖြစ်၍ ဆိုးရွားမှု တရပ်လည်း ဖြစ်ပေသည်။ မြန်မာတို့သည် ဘဝတက်လမ်းကို လှမ်းတက်ရာ၌ အတိတ်ကို မျက်ခြည်မပြတ်ကောင်းပေ။ အတိတ်ကာလအတွေ့အကြုံကို မှတ်တမ်းတင်ထားရှိခြင်းဖြင့် နောင်လာနောက်သားတို့အတွက် သင်ခန်းစာကောင်း ရယူနိုင်ပေသည်။ အတိတ်ကာလ လူမှုအတွေ့အကြုံကို အခြေခံ၍ ပစ္စုပ္ပန်နှင့် အနာဂတ်ကို တည်ဆောက်ရပေသည်။

ဤကျမ်းကို ပြုစုရာ၌ မိမိတတ်စွမ်းသမျှ ကြိုးပမ်း၍ မြန်မာ့ပညာရေး သမိုင်းတွင် လပ်ဟာနေသော အုတ်တချပ်ကို ဖြည့်တင်းလိုက်သည်ဟု ယုံကြည်မိပါ၏။

ဤကဲ့သို့ ခံယူချက်ဖြင့် ဤကျမ်းကို တင်ပြရာ၌ မြန်မာနိုင်ငံ ပညာရေးနှင့် အံဝင်ခွင်ကျမည့် ပညာရေးမျိုးဖြစ်အောင် ကြံဆောင်နိုင်ကြစေရန် ရည်ရွယ်ပေသည်။ အတိတ်က အမှားအတွေ့အကြုံကို သိပါမှ ပစ္စုပ္ပန်တွင် အမှန်ကိုရောက်အောင် ပြုပြင်နိုင်ပေမည်။ ပညာရေးသမိုင်း ကြေးမုံပြင်ကို ကြည်လင်အောင် ကြည့်ရှုဝေဖန်သုံးသပ်ကာ ပိုမိုတိုးတက်ကောင်းမွန်သောပညာရေးစနစ်အဆောက်အအုံကို တည်ဆောက်ကြရန်လိုအပ်ပေသည်။ ထိုခံယူချက်ကို မဏ္ဍိုင်သဖွယ်ထားရှိလျက် ပညာရေးအတွက် အကြံဉာဏ်ကောင်းများ ပေးနိုင်ရန် ရည်သန်၍ ဤကျမ်းကို ပြုစုခဲ့ပါသည်။

မြန်မာနိုင်ငံ ဘုန်း တော် ကြီး ကျောင်း ပညာရေး သ မိုင်း ကျမ်း ကို ပြုစုရာ၌–

၁။ မြန်မာနိုင်ငံ ဘုန်းတော်ကြီးကျောင်း ပညာရေးသမိုင်းကို ပညာရေးရှုထောင့်မှ ဝေဖန်သုံးသပ်ကာ စနစ်တကျတင်ပြရန်။

၂။ သမိုင်းတလျှောက် မြန်မာတို့၏ ပညာရေး စွမ်းဆောင်ချက်များကို ပညာရေးသုတေသီများ လေ့လာသုံးသပ်လျက် ကောင်းမွန်တိုးတက်သော ပညာရေးစနစ်ကို တီထွင်ချမှတ်ဆောင်ရွက်ရာ၌ အထောက်အကူရနိုင်စေရန်။

၃။ မြန်မာနိုင်ငံပညာရေးသမိုင်းကျမ်းကြီး တစောင်တဖွဲ့ပြုစုရာ
တွင် ဤကျမ်းသည် မှီငြမ်းပြုနိုင်စေရန်။

စသည့် ရည်ရွယ်ချက်များထားရှိခဲ့ပါသည်။

## (ဂ) အကျယ်အဝန်း

မြန်မာနိုင်ငံဘုန်းတော်ကြီးကျောင်းပညာရေးသမိုင်းကျမ်းကိုပြုစုရာ၌ ကျမ်း၏အကျယ်အဝန်း နယ်နိမိတ်ကို သတ်မှတ်ရန် ခက်ခဲလှပေသည်။ မြန်မာလူ့ဘောင်တည်ရှိသရွေ့ ဘုန်းတော်ကြီးကျောင်း ပညာရေးသည်လည်း တည်ရှိနေဦးမည်သာဖြစ်ပေသည်။ ခေတ်အမျိုးမျိုး၊ ကာလအဖုံဖုံ ကူးပြောင်းခဲ့သည်မှန်သော်လည်း ဘုန်းတော်ကြီးကျောင်း ပညာရေးသည် တည်မြဲ၍သာ နေပေသည်။ အကျယ်အပြန့်သဘော၊ အတိမ်အနက် သဘောသာကွာခြားမှုရှိမည်၊ဘုန်းတော်ကြီးကျောင်းပညာရေး တိမ်ကောသွားပြီဟူ၍ကားမဆိုနိုင်ပါ။

သို့ရာတွင် ပညာရေး ကျမ်းတစောင်အဖြစ် တင်သွင်းရာ၌ နယ်မျဉ်း သတ်၍ တင်ပြအပ်သည်သာဖြစ်ပေသည်။ ထို့ကြောင့် ခေတ်အားဖြင့် မြန်မာမင်းများခေတ်မတိုင်မီ အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာပေါ်ပေါက် လာပုံနှင့် အရှေ့တောင်အာရှသို့ ဗုဒ္ဓဘာသာ သာသနာပြန့်ရာမှ မြန်မာ နိုင်ငံသို့ရောက်ရှိခဲ့ပုံ သမိုင်းစဉ်အကျဉ်းကို နောက်ခံကားသဖွယ် တင်ပြ ထားပါသည်။

မြန်မာနိုင်ငံ ဘုန်းတော်ကြီးကျောင်း ပညာရေးသည် ဗုဒ္ဓဘာသာ သာသနာတော်ကို အခြေခံခဲ့သည်။ ဗုဒ္ဓဘာသာအိန္ဒိယနိုင်ငံ၊ သီဟိုဠ် နိုင်ငံ၊ အရှေ့တောင်အာရှသို့ ပျံ့နှံ့ပုံသမိုင်းကို ခြေရာခံမှသာ ဘုန်းတော် ကြီးကျောင်း ပညာရေးသမိုင်း၏ အနှစ်သာရနှင့် အရင်းခံ သဘော သဘာဝကို သိနိုင်ပေမည်။

ထို့နောက်ပုဂံခေတ်သည် မြန်မာနိုင်ငံအုတ်မြစ်ချသောခေတ်ပင် ဖြစ် သည်။ ထို့ကြောင့် ထိုခေတ်ကိုဦးစားပေး၍ ကျမ်းတွင်တင်ပြထားပါ သည်။ ထိုမှတဖန် ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ တောင်ငူနှင့် ညောင်ရမ်း ခေတ်များတွင် ဘုန်းတော်ကြီးကျောင်းများ၏ စွမ်းဆောင်ချက်များ ကို တင်ပြထားပါသည်။ ကုန်းဘောင်ခေတ်သည် မြန်မာနိုင်ငံသမိုင်း ၏ ပဒေသရာဇ်စနစ်မီးစာကုန်ဆီခန်းသောခေတ်ဖြစ်၍ ကိုလိုနီစနစ်အရှိန်

ယူလာပြီဖြစ်သောခေတ်လည်းဖြစ်ပေသည်။ ကုန်းဘောင်ခေတ် ဘုန်းတော်ကြီးကျောင်းပညာရေးကိုလည်း ခြုံငုံသုံးသပ်လျက် တင်ပြထားပါသည်။

နယ်ချဲ့ခေတ်ဘုန်းတော်ကြီးကျောင်းပညာရေးသမိုင်းကို တင်ပြရာ၌ (၁၈၂၄-၁၈၈၅)နှစ်ကို ပိုင်းခြားလျက်၊ နယ်ချဲ့ခေတ်ဘုန်းတော်ကြီးကျောင်းပညာရေးအနေအထား ပြောင်းလဲရပုံကို (၁၈၈၅-၁၉၄၅) အထိတင်ပြထားပါသည်။

ဖက်ဆစ်ဂျပန်ခေတ်ကို(၁၉၄၂-၁၉၄၅) ထိ၊ နှစ်ကာလ ပိုင်းခြားလျက် စစ်တွင်းကာလပညာရေးစနစ်နှင့် ဘုန်းကြီးကျောင်းပညာရေးကို နှိုင်းယှဉ်ဝေဖန်သုံးသပ်လျက်တင်ပြထားပါသည်။

လွတ်လပ်ရေးခေတ် ဘုန်းတော်ကြီးကျောင်း ပညာရေး သမိုင်းကြောင်းကို ၁၉၅၈ လူထု ပညာရေးစီမံကိန်း ဖျက်သိမ်းသည့်ကာလအထိပိုင်းခြားလျက်အပြီးသတ်တင်ပြထားပါသည်။

ထို့ကြောင့်မြန်မာနိုင်ငံဘုန်းတော်ကြီးကျောင်း ပညာရေးသမိုင်းကို ခေတ်အားဖြင့် ပဒေသရာဇ်ခေတ်၊ နယ်ချဲ့ခေတ်၊ လွတ်လပ်ရေးခေတ်ဟူ၍ ခေတ်သုံးခေတ်ခြုံငုံတင်ပြထားပါသည်။

ဤသို့တင်ပြရာတွင်လည်း ခေတ်အလိုက် ဦးဆောင် ပုဂ္ဂိုလ်များ၊ ပညာရေးသဘောတရားရည်မှန်းချက်၊ သင်ရိုးညွှန်းတမ်းနှင့် သင်နည်းနိဿရည်းတို့ကိုပါထည့်သွင်းဖေါ်ပြခဲ့ပါသည်။

## (ဃ) ပြုစုခဲ့ပုံ

မြန်မာနိုင်ငံဘုန်းတော်ကြီးကျောင်း ပညာရေးသမိုင်းကို ပြုစုရာ၌ သုတေသန နည်းများအနက် သမိုင်းကြောင်း သုတေသန နည်း[၁]ကို အဓိကထား၍ အသုံးပြုခဲ့ပါသည်။ မူရင်းအထောက်အထား[၂] တဆင့်ခံအထောက်အထား[၃] တို့ကိုစုဆောင်းပြီး၊ ပြင်ပဆန်းစစ်မှု[၄] နှင့် အတွင်းဝေဖန်ဆန်းစစ်မှု[၅]ပြုပြီး အနက်အဓိပ္ပာယ်ကောက်ကာ ပေါင်းစည်းမှု[၆] ပြုခဲ့ပါသည်။

---

၁။ Historical Method.
၂။ Primary Source.
၃။ Secondary Source.
၄။ External Criticism.
၅။ Internal Criticism.
၆။ Sythesis.

ကျမ်း၏ နယ်နိမိတ်တွင် ဖော်ပြခဲ့သည့်အတိုင်း ဘုန်းတော်ကြီးကျောင်း ပညာရေးသည် ဗုဒ္ဓဓမ္မပြန့်ပွားလာမှုနှင့် အကြောင်းအကျိုးဆက်သွယ်နေသည်ဖြစ်ခြင်းကြောင့် အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာ ပေါ်ပေါက်လာပုံမှစ၍ အရှေ့တောင်အာရှတွင် ပျံ့နှံ့ခဲ့ပုံအကြောင်းတို့ကို ရှာဖွေတင်ပြနိုင်ရန် အချက်အလက်ကျမ်းကိုးများကို ရှာဖွေခဲ့ပါသည်။ ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းကိုးများရှာဖွေရာ၌ ဗုဒ္ဓဘာသာနှင့် စပ်လျဉ်းသော စာပေ၊ ဗုဒ္ဓဘာသာသမိုင်းကျမ်းများကို မွှေနှောက်ရှာဖွေလျက် အချက်အလက်တို့ကို ရယူစုံစည်းခဲ့ပါသည်။ သို့ရယူစုံစည်းရာ၌ အချက်အလက်ခိုင်မာစေရန် ဗုဒ္ဓဘာသာရေးရာတွင် ဩဇာကြီးမားသော စာပေပညာရှင်၊ သမိုင်းပညာရှင်၊ ဘာသာရေးရာ ပညာရှင်တို့၏ကျမ်းများကိုသာ ရွေးချယ်ကိုးစားမှုပြုခဲ့ပါသည်။ သတင်းစာ၊ စာနယ်ဇင်းစသည်တို့သည် သမိုင်းကိုပြောပြသည်ဖြစ်ခြင်းကြောင့် သတင်းစာများကိုလည်းကောင်း၊ မဂ္ဂဇင်းများကိုလည်းကောင်း၊ ဂျာနယ်များကိုလည်းကောင်း ကိုးကားလျက် အချက်အလက်ရှာဖွေစုစည်းခဲ့ပါသည်။

ထို့အပြင် အခါအားလျော်စွာ လူတွေ့မေးမြန်းခြင်း၊ စုံစမ်းခြင်း၊ ဆွေးနွေးခြင်းနည်းကိုလည်း အသုံးပြုခဲ့ပါသည်။ ထိုနည်းကိုသုံးရာတွင် ကွယ်လွန်သူဆရာကြီး ဦးဘကို အများဆုံးတွေ့ဆုံမေးမြန်းလျက် အချက်လက်၊ စာအုပ်စာတမ်း မှတ်တမ်းများအစီရင်ခံစာများကို ရယူစုစည်းခဲ့ပါသည်။

ထိုနည်းတူ ကိုလိုနီခေတ် ပညာရေးတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်ခဲ့သော ကျောင်းဆရာကြီးဟောင်း၊ ပညာတန်ဆောင်စာစောင်စာတည်းဖြစ်သော ဆရာကြီး ဦးတိုးမြိုင်နှင့် လည်း မကြာခဏဆွေးနွေးမေးမြန်းလျက် ကိုလိုနီခေတ် ပညာရေး၊ ဘုန်းတော်ကြီးကျောင်း ပညာရေးဆိုင်ရာ ဗုဒ္ဓဘာသာအကြောင်းရပ်တို့ကို ရယူခဲ့ပါသည်။

ထိုသို့စုဆောင်းရှာဖွေခဲ့သည့် အချက်အလက်များကို သူ့ခေတ်သူ့အခါအလျောက် ကဏ္ဍများခွဲခြားခြင်း၊ နယ်နိမိတ် သတ်မှတ်ချက်အလိုက် အခန်းခွဲခြင်းနှင့် ထိုအချက်အလက်များကိုမှီး၍ ဝေဖန်သုံးသပ်ခဲ့ပါသည်။ ဝေဖန်သုံးသပ်ရာ၌ အကြောင်းရပ်အလိုက် ခေတ်တခေတ်ပြီးဆုံးတိုင်း ခြုံငုံသုံးသပ်မှုများ ပြုခဲ့ပါသည်။ သို့ဖြစ်၍ ဤကျမ်းကို ခိုင်မာသည်ထက် ခိုင်မာအောင် အားဖြည့်ရေးသားပြုစုခဲ့ပါသည်။

# အခန်း ၂

## ဘုန်းတော်ကြီးကျောင်း ပညာရေးနောက်ခံ သမိုင်း

### (က) အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာပေါ်ပေါက်လာခြင်း

**ဗုဒ္ဓသာသနာစတင်ခဲ့ပုံ**

အိန္ဒိယနိုင်ငံတွင် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်(ဘီစီ ၆ ရာစုနှစ်)တွင် မဇ္ဈိမဒေသ မဂဓတိုင်း၌ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသည်မှစ၍ ဗုဒ္ဓသာသနာ စတင်ပေါ်ပေါက်လာခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓသာသနာတော်သည် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်မှစတင်၍ ယခုအိန္ဒိယနိုင်ငံ့အလယ်ပိုင်းဖြစ်သော မဇ္ဈိမဒေသ၌ထွန်းကားခဲ့ပေသည်။

ဂေါတမဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ဘုရားသခင်ဟောကြားတော်မူခဲ့သော ဓမ္မနှင့်ဝိနယတို့သည် ဘုရားသခင်ကိုယ်စားဗုဒ္ဓသာသနာအဖြစ် ကျန်ခဲ့လေသည်။ ဗုဒ္ဓသာသနာကို သာသနာသုံးရပ်အဖြစ် ခွဲခြားထားပေသည်။ ယင်းသာသနာသုံးရပ်ကား-

၁။ ဘုရားသခင်၏ အဆုံးအမ ဩဝါဒများဖြစ်သည့် ပိဋကတ်ကျမ်းစာများ တည်းဟူသော ပရိယတ္တိသာသနာ၊

၂။ ယင်းပိဋကတ် ကျမ်းစာများအတိုင်း လိုက်နာကျင့်ကြံအားထုတ်သည့် ကျင့်ဝတ်ပဋိပတ်များ တည်းဟူသောပဋိပတ္တိသာသနာ၊

၃။ ယင်းကျင့်ဝတ် ပဋိပတ်များကို လိုက်နာကျင့်ကြံ အားထုတ်သဖြင့် ရရှိသည့် နိဗ္ဗာန်တရားကို သိမှုအကျိုးတည်းဟူသော ပဋိဝေဓ သာသနာတို့ပင် ဖြစ်ပေသည်။

ဗုဒ္ဓ၏ သာသနာသုံးရပ်သည် ဗုဒ္ဓကွယ်ပြီးနောက် အဓမ္မဝါဒီ အလဇ္ဇီတို့၏ ဖောက်လွဲ ဖောက်ပြန် ယူဆမှု ကြောင့် မှေးမှိန် စပြု လာ သည်။

ထို့ကြောင့်ပင် ဓမ္မနှင့်ဝိနယကို မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့မှစ၍ ရာဇဂြိုဟ်ပြည်တွင် အဇာတသတ်မင်း လက်ထက်၊ ရှင်မဟာကဿပ အမှူးပြု၍ ရဟန္တာ ၅၀၀ နှင့် ပထမသင်္ဂါယနာတင်ရာတွင် စာဖြင့်ရေးတင်ခြင်းမျိုးမဟုတ်ပေ။ ဆရာစဉ်အလိုက် အာဂုံရွတ်ပြီး ကျက်မှတ်ထိန်းသိမ်းထားခြင်းဖြစ်ပေသည်။

အိန္ဒိယနိုင်ငံ မြောက်ပိုင်းနှင့် အလယ်ပိုင်းမင်းများ၏ စောင့်ရှောက်ထောက်ပံ့မှုကြောင့် ဗုဒ္ဓသာသနာသည် အနှစ် ၁၀၀ တိုင်စည်ပင်ဝပြောခဲ့သည်။ ပထမသင်္ဂါယနာတင်ပြီး အနှစ် ၁၀၀ အကြာတွင် ဝေသာလီပြည် ကာဠာသောကမင်းကြီး လက်ထက်တင် ဒုတိယ သင်္ဂါယနာ တင်ရပြန်သည်။ ထိုအချိန်တွင် ဗုဒ္ဓသာသနာသည် အိန္ဒိယနိုင်ငံ အရပ်ရပ်သို့ပျံ့နှံ့နေပြီဖြစ်ပေသည်။

## သာသနာဂိုဏ်းကွဲခြင်း

ဗုဒ္ဓသာသနာသည် ရှင်တော်ဗုဒ္ဓ မရှိသည့်နောက်ပိုင်းတွင် သာသနာဂိုဏ်းကွဲမည့်အရိပ်လက္ခဏာများ ရံဖန် ရံခါ ပေါ်ပေါက်ခဲ့၏။ ဒုတိယသင်္ဂါယနာတင်ပြီးနောက်ပိုင်း၌လည်း သာသနာဂိုဏ်းကွဲဖို့ဖြစ်လာသည်။ ရဟန်းတို့မကျင့်သုံးအပ်သော အဓမ္မတရား ၁၀ ပါးကို ကျင့်သုံးအပ်သည်ဟု ဝဇ္ဇီတိုင်းသားရဟန်းများက ယူဆလျက် ရဟန်းတသောင်းနှင့် ဂိုဏ်းခွဲထွက်ခဲ့သည်။

ဤတွင် ဗုဒ္ဓသာသနာတော်တွင်သမားရိုးကျဂိုဏ်းနှင့်ပြုပြင်ရေးဂိုဏ်းဟူ၍ စင်ပြိုင်ဂိုဏ်းနှစ်ဂိုဏ်း ပေါ်ပေါက်ခဲ့ပေသည်။ ယင်းသို့သင်းကွဲဂိုဏ်းဖြစ်ပေါ်ရခြင်း၏ အကြောင်းရင်းတွင် 'မ္မေ' အယူအဆကြောင့်ဖြစ်ပေသည်။ ဒုတိယသင်္ဂါယနာတင်ပြီးနောက်ပိုင်း အနှစ်တရာအတွင်း ဗုဒ္ဓသာသနာတော်ကြီးဆက်လက်ပြန့်ပွားစည်ပင်သော်လည်း ဂိုဏ်းကြီးနှစ်ဂိုဏ်းကွဲထွက်မှုကြောင့် နောက်ပိုင်းဂိုဏ်းငယ်ကလေးများ တစတစပွားများကွဲပြား လာတော့သည်။

### (၁) သီရိဓမ္မာသောကမင်းကြီး သာသနာပြုပုံ

ထိုအခြေအနေကို သီရိဓမ္မာသောကမင်းကြီးက ပြုပြင်ခဲ့ပေသည်။ သာသနာသက္ကရာဇ် ၂၁၈ ခုနှစ် (ဘီ၊ စီ ၂၆၁)တွင် မောရိယနိုင်ငံ ထီး

နန်းကို ဆက်ခံသော သီရိဓမ္မာသောကမင်းကြီးသည် ဗြာဟ္မဏအယူဝါဒကိုစွန့်ကာ ဗုဒ္ဓအယူဝါဒကို လက်ခံယုံကြည်ခဲ့သည်။ ဗုဒ္ဓသာသနာကိုများစွာချီးမြှောက်တော်မူသည်။ မင်းကြီးသည်သမားရိုးကျ ဂိုဏ်းဝင်ရဟန်းတော်များကို ချီးမြှောက်၍ တိတ္ထိများကိုနှိမ်နင်းတော်မူသည်။

သာသနာသက္ကရာဇ် ၂၃၅ ခုနှစ်တွင် ပါဋလိပုတ်ပြည် အာသောကရုံကျောင်းတော်၌ ရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်အား အမှူးထား၍ သံဃာပေါင်း ၆ သန်းတို့ဖြင့် သီရိဓမ္မာသောကမင်းကြီးသည် တတိယသင်္ဂါယနာတင်တော်မူလေသည်။

တတိယသင်္ဂါယနာကို သမားရိုးကျဂိုဏ်းဖြစ်သော ထေရဝါဒဂိုဏ်းဝင်များကသာ သီးသန့်ကျင်းပသကဲ့သို့ ဖြစ်ခဲ့ပေသည်။ဤတွင်တတိယသင်္ဂါယနာသဘင်ကို မဟာသံဃိကဂိုဏ်းဝင်တို့က အသိအမှတ်မပြုပဲနေကြသည်။

မည်သို့ပင်ဖြစ်စေ တတိယ သင်္ဂါယနာ တင်ပြီးနောက်ပိုင်းတွင် ဗုဒ္ဓသာသနာတော်သည် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုများ စေလွှတ်လျက် ဗုဒ္ဓသာသနာကို ပျံ့နှံ့စေခဲ့သည်။ ဤသို့ဖြင့် အီဂျစ်၊ ဂရိ၊ အရှေ့ဥရောပနိုင်ငံများ၊ အိန္ဒိယအနောက်မြောက်နိုင်ငံများ၊ တောင်ဖက်စွန်းရှိပြည်နယ်များနှင့် သီဟိုဠ်ကျွန်း၊ မြန်မာနိုင်ငံနှင့် အာရှအရှေ့တောင်ဖက်ကျွန်းစုများစသည့် ကိုးတိုင်းကိုးဌာနသို့ ဗုဒ္ဓဝါဒ ပျံ့နှံ့ရောက်ရှိလျက်သာသနာ နေလိုလလိုဝင်းပခဲ့ပေသည်။

## (ဂ) တက္ကသိုလနှင့်နာလန္ဒတက္ကသိုလ်

ဤသို့သာသနာထွန်းကားမှုကြောင့် ဗုဒ္ဓတက္ကသိုလ်များ ပေါ်ထွန်းလာသည်ဟုဆိုနိုင်ပါသည်။ မြန်မာနိုင်ငံ ဘုန်းတော်ကြီးကျောင်းပညာရေးသမိုင်းစစ်တမ်းတွင် တက္ကသိုလမြို့ ဗုဒ္ဓတက္ကသိုလ်နှင့်ဟာရှာမင်းလက်ထက် ထင်ရှားခဲ့သော နာလန္ဒတက္ကသိုလ်အကြောင်းကို ပညာရေးဖြန့်ဖြူးစနစ်နှင့်သက်ဆိုင်၍ အသေးစိတ် ရေးသားတင်ပြရန် လိုမည်ဟုထင်ပါသည်။ မြန်မာနိုင်ငံ ဘုန်းတော်ကြီးကျောင်း ပညာရေးဖြန့်ဖြူးမှု၊ ဗုဒ္ဓသာသနာနှင့်ဆိုင်ရာ အယူဝါဒပညာပေးမှုစနစ်တွင် အဆိုပါတက္ကသိုလ်များ၏ နည်းစနစ်များ အနည်းနှင့်အများ လွှမ်းမိုးမှုရှိသည်ဟု ယူဆသင့်ပေသည်။ ထို့ကြောင့် ယခုစစ်တမ်းတွင် အဆိုပါ တက္ကသိုလ်များ၏ အခန်းကိုတခန်း တကဏ္ဍအဖြစ် တင်ပြအပ်ပါသည်။

## တက္ကသိလ

တက္ကသိလသည် ယခုအခါ ပက်ရှဝါမြို့အနီး၊ အနောက်မြောက်ဖက်တွင် တည်ရှိသည်။ တက္ကသိလမြို့ အစရှိသော မြို့များတွင် ဗုဒ္ဓတက္ကသိုလ်များကို မဟာယာနဂိုဏ်းက ကြီးမှူးတည်ထောင်ခဲ့သည်။ "ထိုခေတ်ဗုဒ္ဓဘာသာ ရဟန်း အများအပြားသည် တက္ကသိလ ဗုဒ္ဓတက္ကသိုလ်တွင် ဗုဒ္ဓဘာသာကို သင်ယူလေ့လာကြသည့် ရဟန်းတော်များသာမက လူပုဂ္ဂိုလ်များ၊ ဗုဒ္ဓဘာသာဝင် မဟုတ်သော ပုဂ္ဂိုလ်များ၊ တိဗက်နှင့် တရုက်ပြည်တို့မှရဟန်းနှင့်သုတေသီများပါလာရောက်ပညာဆည်းပူးကြသည်။ အိန္ဒိယပြည်တွင် ကြွင်းကျန်နေရစ်သော ထေရဝါဒ ဂိုဏ်းဝင်များလည်း တက္ကသိလတွင် မဟာယာနဂိုဏ်း၏ အဘိဓမ္မာကို လေ့လာကြသည်။+

ရှေးခေတ် အခါက ထင်ရှား ကျော်ကြားသော တက္ကသိလ ဗုဒ္ဓတက္ကသိုလ်တွင် မဟာယာန၏ အဘိဓမ္မာကိုသာ ပို့ချပေးသည်မဟုတ်ပဲ အခြားသော ပညာရပ်များကိုပါ သင်ကြားပို့ချခဲ့ပေသည်။ အထူးသဖြင့် သိပ္ပံပညာကို အသားပေး သင်ကြားပို့ချကြောင်း သိရသည်။ အထူးသဖြင့် ဆေးပညာကို သင်ကြားပို့ချခဲ့သည်။ ဆေးပညာအပြင် ဝိဇ္ဇာပညာရပ်များကိုပါ ပို့ချခဲ့ပေသည်။ အိန္ဒိယနိုင်ငံ ဝေးလံသော အပိုင်းများမှ ပညာလိုလားသော ပုဂ္ဂိုလ် အများ လာရောက်ကြသည်။ ဇာတကဝတ္ထုများတွင် အမျိုးအနွယ် မြင့်မြတ်သော မှူးကြီးမတ်ရာတို့၏ သားများ၊ခရီးလှည့်လည်နေသော ဗြာဟ္မဏများသည် တက္ကသိလတွင် ပညာရှာမှီးကြကြောင်း ဖော်ပြခဲ့သည်။ အာရှတိုက် အလယ်ပိုင်းနှင့် အာဖဂန်နစ္စတန်မှ ကျောင်းသားများ လာရောက် ပညာရှာမှီးကြသည်။ တက္ကသိလတွင် ပညာရှာမှီးမှု၊ ပညာတတ်ဖြစ်လာမှုကို ထိုစဉ်က များစွာ ဂုဏ်ယူကြသည်။ တက္ကသိလမှ ဆေးပညာ တတ်ကျွမ်းလာသော ဆေးဆရာများကို ထိုခေတ်က အထူး လေးစား အားထားကြသည်။ ဗုဒ္ဓကိုယ်တော်တိုင် မကျန်းမာတော်မူစဉ် တက္ကသိလမှ ပြန်လာသော ဆေးသမားတော်ကို ပင့်၍ ကုသမှုခံခဲ့ကြောင်း တွေ့ရသည်။ ဘီ၊စီ ၆ ရာစု၊

---

+ ဗုဒ္ဓတက္ကသိုလ်။ ဗုဒ္ဓသာသနာ အရေးတော်ပုံ၊ မြန်မာနိုင်ငံ ဘာသာ ပြန်စာပေအသင်း၊၁၉၅၈၊စာမျက်နှာ ၃၄၊၃၅။

၇ ရာစုနှစ်လောက်က ကျော်ကြားခဲ့သော သဒ္ဒါဆရာကြီး ပါနိနီ + သည် တက္ကသီလတွင် ပညာ ဆည်းပူး တတ်ကျွမ်းခဲ့သူ ဖြစ်သည်ဟု ဆိုကြသည်။

တက္ကသီလသည် ဗုဒ္ဓမတိုင်မီကပင် ပေါ်ထွန်းခဲ့သော ဗြာဟ္မဏလူမျိုးတို့၏ အတတ်ပညာသင်ယူဆည်းပူးရာ ဌာနကြီးတခု ဖြစ်ခဲ့သည်။ ဗုဒ္ဓခေတ်တွင်လည်း ဗုဒ္ဓအယူဝါဒ သုတေသီပညာရှင်များ၏ ပညာ ရှာမှီးရာ တက္ကသိုလ်ကြီး ဖြစ်လာပြန်သည်။ တက္ကသီလသည် အိန္ဒိယ တနိုင်ငံလုံးတွင် ကျော်ကြား၍ တိုင်းတပါးသား ပညာရှင်များကိုပါ ပညာဆည်းပူးလာလိုစိတ်ရှိအောင် ဆွဲဆောင်မှုရှိခဲ့ပေသည်။

ထူးခြားချက်တခုမှာ တက္ကသီလ တက္ကသိုလ်နှင့် ရှေးဟောင်းတက္ကသိုလ်များတွင် အမျိုးသမီးများ ပညာဆည်းပူးကြသည်ဟု မတွေ့ကြရခြင်းပင် ဖြစ်ပေသည်။++

## နာလန္ဒတက္ကသိုလ်

နာလန္ဒ တက္ကသိုလ်သည် ကမ္ဘာတွင် ကျော်ကြားခဲ့သော ဗုဒ္ဓတက္ကသိုလ်ကြီး ဖြစ်ခဲ့ပေသည်။ ဥရောပတိုက်တွင် ရှေးအကျဆုံးသော တက္ကသိုလ်သည် အီတလီနိုင်ငံ ဘလာနီမြို့တွင် ခရစ်နှစ် ၇၀၀ ကျော်က ပေါ်ပေါက်ခဲ့သည်။ နာလန္ဒတက္ကသိုလ်မှာ ရှေးဟောင်း ဗုဒ္ဓတက္ကသိုလ်ကြီး အဖြစ် ခရစ်နှစ် ၄၀၀ ကျော် (၅ ရာစု)မှ ၁၁၀၀ ကျော် (၁၂ ရာစု) အထိ နှစ်ပေါင်း ၇၀၀ ကျော်တိုင်အောင် ထွန်းကားခဲ့သော ရှေးအကျဆုံး တက္ကသိုလ်ကြီး ဖြစ်ခဲ့သည့် ဘလာနီမြို့ရှိ တက္ကသိုလ်ထက် နှစ်ပေါင်း ၄၀၀ ကျော်စော၍ ပေါ်ထွန်းခဲ့ပေသည်။

၆၀၅-ခုနှစ်တွင် ဟာရှာအမည်ရှိသောမင်း နန်းတက်ခဲ့သည်။ ထိုမင်းလက်ထက်တွင် နာလန္ဒ တက္ကသိုလ်သည် အလွန်ထင်ရှားကျော်ကြားခဲ့ပေသည်။ ဟာရှာမင်းကြီးသည် သာသနာတော်၏ အကျိုးကို များစွာဆောင်ရွက်ခဲ့ပေသည်။ ဂင်္ဂါမြစ်တဝှမ်းတွင် စေတီသစ်များ တည်ထားကိုးကွယ်သည်၊ ရဟန်းကျောင်းများနှင့် စာသင်တိုက်များကို ထောက်

+ Panini.

++ Jawaharlal Nehru, . The Discovery of India Meridian Books United and Garrick Street, London PP. 106, 107.

ပံ့ခဲ့သည်။ ဗုဒ္ဓဘာသာ စာပေသင်ကြား ပို့ချသော နာလန္ဒတက္ကသိုလ်ကြီးကို အထူးအားပေးချီးမြှင့်ခဲ့သည်။

ဟာရှာဘုရင်က ''မိမိသည် နာလန္ဒတက္ကသိုလ်မှ ပညာရှင်များ၏ အစေအပါး ကျေးကျွန်ဖြစ်ပါသည်။'' ဟူ၍ ဂုဏ်ယူပြောဆိုခဲ့ပေသည်။

နာလန္ဒတက္ကသိုလ်အကြောင်းကို တရုတ်ခရီးသည်များ၏ မှတ်တမ်းများတွင် တခမ်းတနား ရေးသားခဲ့ကြသည်ကို မှတ်သားရပေသည်။ ခရစ်နှစ် ၆၂၉ ခုနှစ်တွင် တရုတ်ရဟန်းတော်အရှင် ဟီယန်ဆိုင်သည် အိန္ဒိယပြည်၌ လှည့်လည်ခဲ့၍ ဗုဒ္ဓစာပေ ကျမ်းဂန်များကို နှံ့နှံ့စပ်စပ် လေ့လာခဲ့သော ရဟန်းတော်တပါး ဖြစ်ပေသည်။ အရှင် ဟီယန်ဆိုင်သည် ထိုခေတ်က အိန္ဒိယနိုင်ငံတွင် ကျော်ကြားသော နာလန္ဒ တက္ကသိုလ်ကြီးတွင် နှစ်ပေါင်း အတန်ကြာ နေထိုင်၍ ဗုဒ္ဓစာပေများကို လေ့လာခဲ့ဖူးသည်။ ထိုအရှင် ဟီယန်ဆိုင်၏ မှတ်တမ်းအရ ''နာလန္ဒ တက္ကသိုလ်၌ ထိုအခါက စာသင်သား တသောင်းခန့်ရှိ၏။ စာသင်သားများသည် ဝိနည်းသိက္ခာပုဒ်များနှင့် ကျောင်းစည်းကမ်းများကို အလွန်ရိုသေလေးစား၍ လူများ၏ ကြည်ညိုလေးစားခြင်းခံကြရ၏။ ဘုရင်မင်းမြတ်က မြို့ရွာပေါင်း တရာမှ အခွန်ဘဏ္ဍာငွေကို စာသင်သားတို့၏ ဆွမ်းကွမ်းအတွက်သုံးစွဲ၍ လူတို့ကလည်း ပစ္စည်းလေးပါး လှူဒါန်း ထောက်ပံ့ကြသဖြင့် ရဟန်းတို့သည် မပူမပင်မကြောင့်မကြရပဲ ပညာ သင်ကြားကြရ၏။အများအားဖြင့် မဟာယာနဂိုဏ်းသားများဖြစ်သော်လည်း ဂိုဏ်း ၁၈ ဂိုဏ်းမှရဟန်းများလည်း လာရောက်သင်ကြားကြ၏။ ကျောင်းဆောင်များမှာ အထပ်လေးထပ်ရှိ၍ ထည်ဝါခန့်ညားလှ၏။ တက္ကသိုလ်တွင် ဝေဒကျမ်းများ၊ ဆေးပညာ၊ သင်္ချာပညာနှင့် အခြား လောကီပညာများကိုလည်း သင်ကြားပို့ချပေးလေသည်။ +

''နာလန္ဒတက္ကသိုလ်မှာ ကြီးမားခန့်ထည်သော အဆောက်အအုံပေါင်းများစွာဖြင့် ဖွဲ့စည်းထားသည်။ ပင်မတက္ကသိုလ်၌ စာသင်ခန်း ဆွေးနွေးခန်း၊ လက်တွေ့စမ်းသပ်ခန်း၊တရားကျင့်ခန်းစသည်တို့ရှိသည်။ တရားဟောပြောဆွေးနွေးသောအခန်းများမှာ စုစုပေါင်းတရာရှိသည်။

---

+ ဦးအေးမောင်။ ရှေးတရုတ်အာဇာနည်းများ၊ ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ၊ တတိယပိုင်း၊ ရန်ကုန်၊ အေးအေးစာပုံနှိပ်တိုက်၊ ၁၆၉၅၊ စာမျက်နှာ-၂၃၀၊ ၂၃၁။

တက္ကသိုလ်အရံအတွင်းဘုရားဝတ်ပြုဆောင်၊ စာသင်သားများနေထိုင်ရာ ကျောင်းတိုက်များ၊ ပိဋကတ်တိုက်များ စသည်တို့လည်းရှိသည်။ ယင်းတွင် ပါမောက္ခဆရာစုစုပေါင်း ၁၅၁၀ ရှိ၍ စာသင်သားတသောင်းရှိခဲ့သည်''ဟုဆိုသည်။ စာသင်သားများမှာ အိန္ဒိယနိုင်ငံ အနှံ့အပြားမှသာမက မွန်ဂိုလီးယား၊ တရုတ်စသည့် တိုင်းခြားနိုင်ငံများမှလည်း ပါဝင်သည်။ များသောအားဖြင့် ဗုဒ္ဓဘာသာ ရဟန်းတော်များဖြစ်သည်။ ထိုတက္ကသိုလ်တွင် ပိဋကတ်တော်ဆိုင်ရာ ဗုဒ္ဓတရားတော်ကို ပို့ချခြင်းပြုသည်။ ပို့ချရာ၌ ဆွေးနွေးခြင်းကို အဓိကထား၍ဆောင်ရွက်သည်။ ဗုဒ္ဓတရားတော်သာမက ဝေဒပညာ၊ ဆေးပညာ၊ ဂဏန်းသင်္ချာ၊ စာပေ၊ သဒ္ဒါ၊ ဓါတုဗေဒ၊ သတ္တုဗေဒစသည့် ပညာရပ်များကိုလည်း သင်ကြားပေးပေသည်။

တက္ကသိုလ်သို့ ဝင်ခွင့်ရရန်မှာ မလွယ်ကူပေ။ တက္ကသိုလ်ဝင်ခွင့်စည်းကမ်းသည် အလွန်တင်းကျပ်ပါသည်။ အစမ်းအသပ် အစစ်အဆေးခံပြီးမှ တက္ကသိုလ်သို့ ဝင်ခွင့်ရသည်။ တက္ကသိုလ်ဝင်လိုသူတို့သည် ရှေးဦးစွာ တက္ကသိုလ်ပရဝုဏ်အပြင်ရှိ တည်းခိုဆောင်များတွင် နေထိုင်ရသည်။ ထိုနောက်မှ တံခါးမှူးများက တဦးစီခေါ်ယူကာ ခက်ခဲနက်နဲသည့်မေးခွန်းများကိုမေးမြန်းစမ်းသပ်စစ်ဆေးကြသည်။ တံခါးမှူးများမှာပါမောက္ခအဆင့်ရှိသူများဖြစ်ကြသည်။ များစွာသောပုဂ္ဂိုလ်တို့မှာ မေးခွန်းများကို ကောင်းစွာမဖြေနိုင်ကြသဖြင့် တက္ကသိုလ်ဝင်ခွင့်မရပေ။ ၁၀ ဦးတွင် ၃–ဦးလောက်သာ ဝင်ခွင့်ရခဲ့ပေသည်။

တဖန်စာသင်သားဘဝသို့ ရောက်သောအခါတွင်လည်း စည်းကမ်းကို အထူးလိုက်နာရသည်။ ဝီရိယစိုက်ထုတ်၍ ပညာကိုဆည်းပူးရသည်။ ရေနာရီကိုအသုံးပြုလျက် စနစ်တကျပင် အချိန်ကို ပိုင်းခြားသတ်မှတ်၍ ပါမောက္ခများက သင်ကြားပေးသည်။စာသင်သားများသည် တဦးကို တဦးလည်းကူညီရသည်။ ဆွေးနွေးပွဲများတွင်လည်း ပါဝင် ဆွေးနွေးရသည်''

တရုတ်ရဟန်းတော် ယွမ်ချမ်သည်၇-ရာစုနှစ်တွင်တရုတ်ပြည်မှ အိန္ဒိယပြည်သို့ စွန့်စားသွားရောက်ခဲ့သည်။ နာလန္ဒတက္ကသိုလ်ကြီးတွင် ၅ နှစ်ကြာမျှ ပညာဆည်းပူးခဲ့သည်။ ပညာအရာတွင် ထူးချွန်သောပုဂ္ဂိုလ်ဖြစ်

၍ စာပေပို့ချရသော ပါမောက္ခတဦးအဖြစ် တာဝန်ထမ်းဆောင်ရသည်။ ယွမ်ချမ်၏မှတ်တမ်းတွင်—

"ဇမ္ဗူဒိပ်ကျွန်း၌ ဘုန်းတော်ကြီးကျောင်းတိုက်များ အရာအထောင်ရှိပါသည်။ သို့ရာတွင် ကြီးကျယ်ခမ်းနား မှုတွင်၎င်း၊ ကြွယ်ဝမှုတွင်၎င်း၊ဘယ်ကျောင်းတိုက်မှ နာလန္ဒကို မမှီနိုင်" ဟူ၍ မှတ်တမ်းတွင် ရေးသားထားပေ သည်။ ×

နာလန္ဒတွင် စာသင်သားများ ပညာဆည်းပူးသည်နှင့် ပတ်သက်၍ ဤသို့ မှတ်တမ်းတင်ခဲ့သည်။

"ခက်ခဲနက်နဲသော မေးခွန်းများကို မေးမြန်းခြင်း၊ ဖြေကြားခြင်း ပြုလုပ်ကြရသည်မှာ တနေ့လုံး အားသည် ဟူ၍ မရှိ။ နံနက်မှညအထိ စာသင်သား ရဟန်းတို့သည် ကျမ်းဂန်စာပေ သင်ကြား ဆွေးနွေးခြင်းဖြင့်သာလျှင် အချိန် ကုန်လွန်ကြရသည်။ မဟထေရ်ကြီးနှင့် မထေရ်ငယ် များသည် တဦးနှင့်တဦး ယိုင်းပင်းကူညီကြသည်။ ပိဋက တ်ကျမ်းစာများနှင့် ပတ်သက်၍ ပါဝင်ဆွေးနွေးမှု မပြုနိုင်သူတို့သည်ခပ်လျှိုလျှိုကုပ်ကုပ်နေကြရသည်။"

နာလန္ဒတွင် ၁၀ နှစ်ကြာမျှ ပညာဆည်းပူးခဲ့သော တရုတ်ရဟန်း တော် အိချင်က နာလန္ဒတက္ကသိုလ်ရှိ ကျောင်းတိုက်များ စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့ပေသည်။

"အကယ်၍ ကျောင်းတိုက်တွင်း၌ ပြဿနာ တခုခု ပေါ်ပေါက်လာလျှင် ကျောင်းတိုက်အတွင်းရှိ သံဃာ အားလုံးသည် ထိုပြဿနာကို စဉ်းစား ဆွေးနွေးရန် အတွက် စုဝေးကြရသည်။ ရဟန်း သံဃာများသည် တပါးချင်း လက်အုပ်ချီပြီး ထိုပြဿနာနှင့် ပတ်သက်၍ မိမိ၏ဆန္ဒကို ထုတ်ဖော်ကြရသည်။ အကယ်၍ ရဟန်း တပါးပါးက ကန့်ကွက်လျှင် ထိုကိစ္စနှင့် ပတ်သက်၍ မည်သို့မျှ မစီမံ မဆောင်ရွက်နိုင်ပေ။ အကယ်၍ ရဟန်း တပါးပါးသည် ကျောင်းတိုက်တွင်းရှိရဟန်းအားလုံး၏ သဘောတူညီမှု မရရှိပဲနှင့် တစုံတခုကို ပြုလုပ်လျှင် ထို

× မင်းယုဝေ။ ရာဇဂြိုဟ်၊ ရန်ကုန်၊ နှလုံးလှစာပေဖြန့်ချီရေး၊ ၁၉၇၅ စာမျက်နှာ- ၁၃၇၊ ၁၃၈။

ရဟန်းသည် ကျောင်းတိုက်အတွင်းမှ ထွက်ခွာ သွားရသည်။ အကယ်၍သဘောထားကွဲလွဲနေပါလျှင် ဆန့်ကျင်ဘက်အုပ်စုအား အကျိုးအကြောင်းပြပြီးရှင်းလင်းပြောပြရသည်။ အနိုင့်အထက်မလုပ်ရပေ။"

နာလန္ဒ တက္ကသိုလ်သည် ဤမျှ ခန့်ငြားထည်ဝါ၍ သိက္ခာ အရာ၊ ပညာအရာ၊ စည်းကမ်းအရာမှစ၍ အစစ အရာရာတွင် အားလုံးက လေးစားရသော ရှေးခေတ် တက္ကသိုလ်ကြီး ဖြစ်ခဲ့ပေသည်။

ဤမျှကြီးကြယ်ခမ်းနားခဲ့သော နာလန္ဒတက္ကသိုလ်သည် ၁၁၉၇-ခု နှစ်တွင် အစ္စလာမ်ဘာသာဝင် တူရကီ၊ အာရပ်၊ အာဖဂန်တို့က အိန္ဒိယနိုင်ငံ မြောက်ပိုင်းကို တိုက်ခိုက်သိမ်းယူလျက် နှစ်ပေါင်း သုံးရာခန့် စိုးမိုးအုပ်ချုပ်ခဲ့ရာမှ အကြိမ်ကြိမ် မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသည်။

ဗုဒ္ဓတရားတော်ကို ကမ္ဘာအနှံ့ ပြန့်ပွားအောင် ဆောင်ရွက်ရာတွင် နာလန္ဒတက္ကသိုလ်ထွက် ပုဂ္ဂိုလ်ကျော်တို့၏ ကြိုးပမ်းမှုသည် ကြီးမားသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ပေသည်။

ဗုဒ္ဓသာသနာတော်သည် သာသနာသက္ကရာဇ် ၁၅၀၀ ကျော်တွင် ပသီ (မွတ်စလင်) မင်းများ အိန္ဒိယနိုင်ငံကို အုပ်ချုပ်သောအခါ တစတစ မှေးမှိန်သွားကာ နောက်ဆုံး လုံးဝ ပျောက်ကွယ်သွားခဲ့ပေသည်။ အိန္ဒိယပြည်တွင် ဗုဒ္ဓသာသနာ ရောင်ခြည်သည် မှေးမှိန်သွားခဲ့သော်ငြားလည်း သီဟိုဠ်နိုင်ငံနှင့် အရှေ့တောင် အာရှကလွှားသို့ ပျံ့နှံ့သွားကာ ဗုဒ္ဓသာသနာအရောင်သည် ထွန်းပြောင်နေဆဲပင် ဖြစ်ပေသည်။ ဤတွင် အိန္ဒိယပြည်ပသို့ ပျံ့နှံ့သွားသော ဗုဒ္ဓသာသနာသည် ၂ ဂိုဏ်းကွဲ၍ ပျံ့နှံ့သွားခဲ့သည်ဖြစ်ရာ အရှေ့တောင်အာရှသို့ သာသနာပျံ့နှံ့ပုံအကြောင်း မတင်ပြမီထေရဝါဒနှင့်မဟာယာန ဝါဒတို့၏ ခြားနားကွဲလွဲချက်ကို ကနဦးကပင် သိနှင့်ထားသင့်ပေသည်။ သို့မှသာ ယင်းဝါဒ နှစ်မျိုးကို အခြေခံလျက် ဗုဒ္ဓဘာသာနိုင်ငံ အသီးသီး ထွန်းပေါ်လာကြောင်း အကဲဖြတ် နိုင်ပေလိမ့်မည်။

**ထေရဝါဒနှင့်မဟာယာနဂိုဏ်းလွဲကွဲချက်**

(မဟာယာန) မဟာယာန ဗုဒ္ဓဘာသာသည် နောက်ကာလမှ ဖြစ်ပေါ်၍ ပိုမိုနားလည်လွယ်သော ဗုဒ္ဓဘာသာ ဖြစ်လေသည်။ အဆိုပါ ဗုဒ္ဓဘာသာဂိုဏ်းကြီး၌ ဗုဒ္ဓရှင်တော်ဘုရားသည် သတ္တဝါတို့ကို ကယ်တင်

တော်မူတတ်သော အရှင်အဖြစ်ဖြင့် ဖြစ်ပေါ်လာသည်ဟု အယူရှိကြ၍ ရတနာ(၃)ပါးကို ရုပ်ပုံ (၃) မျိုးတို့ဖြင့် ဖော်ပြကြလေသည်။

(၎င်းမဟာယာန ဗုဒ္ဓဘာသာကို မြောက်ပိုင်း ဗုဒ္ဓဘာသာဟူ၍၎င်း ခေါ်ဝေါ် ကြလေသည်။ ယခုအခါ တိဗက်၊ တရုတ်ပြည်၊ ဂျပန်ပြည်များ၌ တည်ထွန်းလျက်ရှိလေသည်။)

(ဟိနာယာန)၎င်းဟိနာယာန ဗုဒ္ဓဘာသာသည် ရှေးအကျဆုံးဖြစ်၍ အလွန်နက်နဲသိမ်မွေ့သော တရားတော်များပါဝင်သော ဗုဒ္ဓဘာသာဖြစ်လေသည်။ ဟိနာယာန ဗုဒ္ဓဘာသာဂိုဏ်း အလိုအားဖြင့် အမြင်ရှိသောသူဖြစ်စေကာမူ ကုသိုလ်တရားကိုအားထုတ်ကြိုးပမ်းက ကျွတ်တန်းဝင်နိုင်ကြောင်းကို ဖော်ပြကြလေသည်။

၎င်းဟိနာယာန ဗုဒ္ဓဘာသာကို တောင်ပိုင်းဗုဒ္ဓဘာသာ ဟူ၍လည်း ခေါ်ဝေါ်ကြ၏။ ယခုအခါ မြန်မာပြည်၊ သီဟိုဠ်ကျွန်းစသည်တို့၌တည်ထွန်းလျက်ရှိလေသည်။''+

''ဗုဒ္ဓသာသနာ၏ဂိုဏ်းကွဲကြီးဖြစ်သော ထေရဝါဒနှင့် မဟာယာနဂိုဏ်း ၂ ဂိုဏ်းစလုံး၏ အခြေခံသဘောတရားများဖြစ်သည့် သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး၊ ကံ၊ ကံ၏အကျိုးတရား၊ အနတ္တတရား၊ မင်္ဂလာတရားဖိုလ်တရားစသည်ဖြင့်အတူတူပင်ဖြစ်သော်လည်းမမွအံယူအဆတွင် ကွဲလွဲချက်ရှိကြပေသည်၊ မြတ်စွာဘုရားဟောကြားသော တရားတော်သည် သဒ္ဒါက္ခာတဂုဏ်နှင့်အညီ၊အစ၊အလယ်၊အဆုံးတိတိ ကျကျပြည့်စုံပြီးသားဖြစ်သဖြင့် ယင်းတရားတော်တို့ကို လိုက်နာ ကျင့် ကြံ အား ထုတ် ခြင်း၊ မပျောက်မပျက်အောင်ကောင်းစွာစောင့်ရှောက်ခြင်းသာပြုဖို့လိုသည်ဟု ထေရဝါဒဂိုဏ်းဝင်များက ယူဆကြသည်။

မဟာယာနဂိုဏ်းဝင်များကမူ မြတ်စွာဘုရား ဟောကြားခဲ့သော တရားတော်သည် အရင်းခံတရားမျှဖြစ်သည့်အတွက် ယင်းတို့အခြေပြုပြီး တိုးတက်ကြံဆနိုင်ဖို့လိုသည်ဟုယူဆကြသည်။ ထေရဝါဒဂိုဏ်းဝင်များက မြတ်စွာဘုရား တရားတော်ဝိနည်းတော်တို့ကို လိုက်နာကျင့်သုံးသည်ဟု ယူဆ၍ မဟာယာနဂိုဏ်းဝင်တို့က မြတ်စွာဘုရားအပေါ်၌ သဒ္ဒါယုံ

---

+ အရှင်ဝိလာသ(မြန်မာပြန်)။ ဖာဟီယန်ခရီးစဉ်၊ ရန်ကုန်မြို့၊ လောကစာပေ၊ ၁၉၆ဂ-ခု၊ မေလ၊ စာမျက်နှာ ၂၅။

ကြည်ခြင်း ရှိရုံမျှနှင့် မဂ်ဖိုလ်အထိ အဆင့်ဆင့် ရနိုင်သည်ဟု ယူဆကြသည်။''+

ဘုရားနှင့်ပတ်သက်၍ ယူဆရာတွင် ထေရဝါဒ ဂိုဏ်းဝင်များက–

''မြတ်စွာ ဘုရားသည် မြတ်နိုးအပ်၊ ကြည်ညိုအပ်၊ ဂါရဝ ပြုအပ်သော်လည်း မြတ်စွာဘုရား၏ ခန္ဓာကိုယ်တော်သည်အနိစ္စသာ ဖြစ်သည်။ ကာယိကဒုက္ခနှင့်မကင်းနိုင်၊ အိုရ၊ နာရ၊ သေရမည့်ဒုက္ခနှင့်မကင်းနိုင်'' ဟူ၍ယူဆကြသည်။ ''ငါဘုရားမရှိသည့် နောက် ငါဘုရားဟောကြားတော်မူခဲ့သော တရားတော်၊ ဝိနည်းတော်တို့သည် သင်တို့၏ဆရာဖြစ်သည်'' ဟု မြတ်စွာဘုရား မိန့်မှာခဲ့သည့် အတိုင်း တရားတော် ဝိနည်းတော်တို့ကိုသာလျှင် လိုက်နာကျင့်ကြံရမည်ဟု ယူဆကြသည်။

မဟာယာနဂိုဏ်းဝင်များကမူ ဤသို့မယူဆကြပေ။ မြတ်စွာဘုရား၏ ကိုယ်တော်သည် သာမန်သတ္တဝါများ၏ ကိုယ်နှင့်မတူ၊ သာမန်သတ္တဝါများ၏ကိုယ်ကာပျက်စီးသည်။ မြတ်စွာဘုရား၏ကိုယ်ကမူ အညစ်အကြေးမှုန်သမျှ ကင်းစင်နေသည့်အတွက် မပျက်မစီးနိုင်ဟုယူဆကြလျက်၊ မြတ်စွာဘုရားအပေါ် သဒ္ဓါယုံကြည်ခြင်းရှိရုံနှင့် မဂ်ဖိုလ်အထိအဆင့်ဆင့်ရနိုင်သည်ဟုယူဆကြသည်။ လူတိုင်းသည် ဘုရားအလောင်းအဖြစ်ကိုသာရရှိအောင် အားထုတ်ရမည်ဟု ယူဆကြသည်။

မည်သို့ပင် သဘောကွဲလွဲမှုရှိသော်လည်း ဗုဒ္ဓသာသနာသည် အာရှတိုက်၏ ၃ ပုံ ၂ ပုံ ခန့်တိုင်အောင် ပျံ့နှံ့ခဲ့ပေသည်။ မဟာယာနဂိုဏ်းသည် ယခုကသ္မီရပြည်နယ်ကိုအခြေပြု၍ ဟိမဝန္တာမြောက်ပိုင်း နီပေါ၊ တိဗက်၊ တရုတ်၊ ဂျပန်၊ ရုရှ၊ တူရကီတို့သို့ ပြန့်သွား၍ ထေရဝါဒ ဗုဒ္ဓဘာသာမှာ ဟိမဝန္တာတောင်ပိုင်း၊ မြန်မာ၊ သီဟိုဠ်၊ ယိုဒယား၊ ကမ္ဘောဇ၊ လာအိုနိုင်ငံတို့သို့ ပျံ့နှံ့သည်။

## (ဃ) ဗုဒ္ဓဘာသာပြန့်ပွားပုံ

ဤသို့ဗုဒ္ဓဘာသာပျံ့နှံ့ပုံကို သမိုင်းစဉ်နှင့်ယှဉ်၍ တင်ပြသင့်ပါသည်။ ဗုဒ္ဓဘာသာသည် ကမ္ဘာပေါ်တွင် သာသနာပြုလုပ်ငန်းကို အစောဆုံး ဆောင်ရွက်ခဲ့သောဘာသာကြီးဖြစ်ပါသည်။ မြတ်စွာဘုရား သက်တော်

+ စွယ်စုံကျမ်း၊ အတွဲ-ဂ၊ ဗီး-မဟော၊ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း၊ စာမျက်နှာ- ၁၆၃၊ ၁၆၄။

သင်ရှားရှိစဉ်ကပင် သာသနာတော် စည်ပင်ပြန့်ပွားအောင် ဆောင်ရွက်ခဲ့ပါသည်။ မြတ်စွာဘုရားအဖြစ်သို့ ရောက်ရှိပြီးနောက်၊ ပဥ္စဝဂ္ဂီ (၅) ဦး၊ သဋ္ဌေးသား ယသ၊ မိတ်ဆွေများဖြစ်ကြသော ဝိမလ၊သုဗာဟုပုဏ္ဏဇိ ဂဝံပတိပုဏ္ဏား (၄) ဦး၊ ယသမိတ်ဆွေများဖြစ်သော သဋ္ဌေးသား(၅) ကျိပ်၊ အစရှိသော ရဟန်းတော်အပါး (၆၀)တို့အား ခေါ်တော်မူပြီး သတ္တဝါများ၏ အကျိုးစီးပွားအတွက် တရားဟောထွက်ကြဖို့ညွှန်ကြားခဲ့ပါသည်။ ဖော်ပြပါ ရဟန်းတော်အပါး(၆၀)သည် မေတ္တာတရားကို ရှေ့ထား၍ ဗုဒ္ဓသာသနာတော် ပြန့်ပွားအောင် အနယ်နယ်အရပ်ရပ်သို့ လှည့်လည်တရားဓမ္မဟောကြားခဲ့ပေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သီရိဓမ္မာသောကခေါ် အသောကဘုရင်ကြီးသည် သာသနာတော်ပြန့်ပွားအောင် ကိုးတိုင်းကိုးဌာနသို့ ဗုဒ္ဓသာသနာပြုများစေလွှတ်ခဲ့ပေသည်။ ထို့ကြောင့်ထိုအသောကမင်းလက်ထက်တွင် ဗုဒ္ဓသာသနာသည် အိန္ဒိယတပြည်လုံးတွင်သာမက ပြည်ပနိုင်ငံများသို့တိုင်အောင် ပျံ့နှံ့ခဲ့ပါသည်။

ယင်းကဲ့သို့ သာသနာပြုလုပ်ငန်းများပြုလုပ်ရာ၌ တတိယသင်္ဂါယနာတင်ပြီးနောက်တွင် ပိုမိုကျယ်ပြန့်လာပါသည်။ တတိယ သင်္ဂါယနာတင်ပြီး အရပ်ရပ်မှာရှိသော အတိုင်းတိုင်းအပြည်ပြည်သို့ သာသနာ့တမန်များစေလွှတ်ခဲ့ပါသည်။ ယင်းသို့ဖြင့် ဗုဒ္ဓသာသနာတော်သည် သီဟိုဠ်မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများ''+သို့ ပျံ့နှံ့ခဲ့ပါသည်။

**သီဟိုဠ်သာသနာ**

ရှေးဦးစွာဗုဒ္ဓသာသနာသည်အိန္ဒိယနိုင်ငံနှင့်အနီးဆုံးဖြစ်သောသီဟိုဠ်နိုင်ငံသို့ ရောက်ရှိခဲ့သည်။ အာသောကမင်းကြီး၏ သားတော် အရှင်မဟိန္ဒသည် ရဟန်းလေးပါးနှင့်အတူ သီဟိုဠ်ကျွန်းသို့ သာသနာပြုရန်ကြွရောက်တော်မူခဲ့သည်။ အရှင်မဟိန္ဒ၏ သာသနာပြု လုပ်ငန်းသည် သမိုင်းတွင် အလွန်အရေးပါသော ဆောင်ရွက်ချက်ပင်ဖြစ်ပေသည်။ အရှင်မဟိန္ဒ သာသနာပြုရာမှစ၍ ထေရဝါဒ ဗုဒ္ဓသာသနာတော်သည် အိန္ဒိယနိုင်ငံမှ သီဟိုဠ်နှင့် အရှေ့တောင်အာရှသို့ ကူးပြောင်းတိုးတက်ပြန့်ပွားခဲ့ပါသည်။

---

+ Sir Charles, Eliot Hindunism and Buddhism, Routledge & Kegan Paul Ltd 1957 P. XXVI.

## မြန်မာနိုင်ငံ

အရှင်ဗုဒ္ဓဃောသ မထေရ်သည် မြန်မာပြည်တောင်ပိုင်းတွင် မွေးဖွား ပြီးမွန်လူမျိုးဖြစ်သည်ဟုယူဆကြသည်။ ရှင်ဗုဒ္ဓဃောသသည် သီဟိုဠ်သို့ ကူး၍ သီဟိုဠ်ဘာသာ အဋ္ဌကထာကျမ်းများကို ပါဠိဘာသာသို့ ပြန်ဆိုခြင်း၊ အဖွင့်အဋ္ဌကထာများ ရေးသားပြုစုခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံ ဗုဒ္ဓဘာသာသည် ခေတ်ဦးအခါက အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံနှင့်တရုတ်နိုင်ငံတို့မှ ပြန့်ပွားလာသည်ဟုယူဆနိုင်သော်လည်း အဓိကအားဖြင့်မူ သီဟိုဠ် ဗုဒ္ဓသာသနာနှင့် များစွာတူညီကြောင်း သုတေသီများက မှတ်ချက်ချခဲ့ပါသည်။ ၁၁ ရာစုတွင်မြန်မာနိုင်ငံဗုဒ္ဓသာသနာတော်သည် ရှုပ်ထွေးသောအယူအဆများနှင့် ဂိုဏ်းဂဏများစွာကွဲပြားခဲ့သည်။ သို့ရာတွင် အနော်ရထာမင်းနှင့် ရှင်အရဟံတို့၏ စွမ်းဆောင်ချက်ကြောင့် မှန်ကန်သောထေရဝါဒ ဗုဒ္ဓသာသနာတော်သည် စည်ပင်တိုးတက်ခဲ့ပေသည်။

## ယိုးဒယား

၁၂-ရာစု အဝင်တွင် တရုတ်ပြည်မှ ဗုဒ္ဓဘာသာသည် ယိုးဒယားကမ္ဘောဒီးယား၊ လော၊ ဗီယက်နမ်စသည့် နိုင်ငံများနှင့် ရှေးအခါကပင် အဆက်အသွယ်ရှိခဲ့ပါသည်။ အိန္ဒိယ ကုန်သည်များမှ တဆင့် အိန္ဒိယယဉ်ကျေးမှု၊ ဘာသာကိုးကွယ်မှုများကို လက်ခံရရှိခဲ့ပါသည်။

## တရုတ်ပြည်

တရုတ်ပြည် ဟာန်မင်းဆက် မင်းတပါးဖြစ်သော မင်းကိဘုရင်သည် ခရစ်သက္ကရာဇ်(၆၅)ခုနှစ်တွင် တရုတ်ပညာရှိ(၁၈)ဦးကို အိန္ဒိယသို့စေလွှတ်ခဲ့ပါသည်။ ထိုပုဂ္ဂိုလ်တို့သည် အိန္ဒိယပြည်တွင် (၁၁) နှစ်ကြာမျှ ဗုဒ္ဓတရားတော်များကို လေ့လာပြီး တရုတ်ပြည်သို့ပြန်ခဲ့ကြသည်။ သူတို့နှင့်အတူ မာဂဓတိုင်းကပညာရှင်နှစ်ပါးဖြစ်သော ကဿပမထေရ်နှင့်ဓမ္မရက္ခိတထေရ်တို့လည်း တရုတ်ပြည်သို့ကြွ၍ သာသနာပြုကြသည်။

တရုတ်ပြည်သို့ဗုဒ္ဓဘာသာဝင်ရောက်ပုံနှင့်ပတ်သက်၍ သုတေသီများကလေ့လာတင်ပြကြပါသည်။ ရှေးဦးစွာ အာရှအလယ်ပိုင်းမှကုန်းလမ်းခရီးဖြင့် ဗုဒ္ဓဘာသာသည် တရုတ်ပြည်သို့ရောက်ရှိလာပေသည်။

အေ၊ ဒီ ၆၂ တွင် ကုန်းလမ်းခရီးမှ ဗုဒ္ဓသာသနာသည် တရုတ်ပြည်သို့ ဝင်ရောက်လာသည်ဟုဆိုနိုင်သည်။ ဒုတိယနည်းမှာတရုတ်ပြည်တွင်ဗုဒ္ဓဘာသာအခြေချဖြစ်လာသောအခါ ဖာဟီယန်ကဲ့သို့သော ဘုရားဖူးပုဂ္ဂိုလ်များ အိန္ဒိယသို့သွားရောက်ရာမှ ဗုဒ္ဓဘာသာသည် တရုတ်ပြည်တွင် ပြန့်ပွားခဲ့သည်။ တဖန်အိန္ဒိယမှ သာသနာပြုပုဂ္ဂိုလ်များ တရုတ်ပြည်သို့ ရောက်ရှိခဲ့ရာမှ ဗုဒ္ဓဘာသာ တိုးတက်စည်ပင်လာခဲ့သည်။ လေးရာစုနောက်ပိုင်းတွင် ပင်လယ်လမ်းခရီးမှ ဗုဒ္ဓဘာသာ ဘုရားဖူးများသည် တရုတ်ပြည်မှ အိန္ဒိယပြည်သို့ သွားရောက်ခဲ့ကြသည်။ သက္ကရာဇ် ၁၂ဝဝ၊ မွန်ဂိုးငင်းဆက်တွင် ဗုဒ္ဓဘာသာလမ်းခွဲဖြစ်သော လားမားဝါဒသည် တိဗက်မှ တရုတ်နိုင်ငံသို့ဝင်ရောက်ပျံ့နှံ့ခဲ့ပေသည်။ ထိုအတူ ကိုရီးယား၊ တိဗက်၊ နီပေါနိုင်ငံများ+သို့လည်း ပျံ့နှံ့ခဲ့သည်။

### ကိုရီးယားပြည်

ကိုရီးယားဂျပန်နိုင်ငံများသို့လည်း ဗုဒ္ဓဘာသာပျံ့နှံ့ခဲ့ပေသည်။ ဗုဒ္ဓဝါဒသည် လေးရာစုတွင် တရုတ်ပြည်မှ ကိုးရီးယားသို့၊ ထိုမှတဖန်ဂျပန်နိုင်ငံသို့ ၆ ရာစုနှစ်တွင်ပြန့်ခဲ့ပေသည်။

"ကိုးရီးယားပြည်သို့ သက္ကရာဇ် (၃၇၆) ခုနှစ်မှာ တရုတ်ပြည်မှ ဆန်ဒိုအမည်ရှိ ရဟန်းတော် ကြွရောက် သာသနာ ပြုသည်။ သက္ကရာဇ် (၃၈၄)ခုနှစ်တွင်လည်းတရုတ်ရဟန်းတော်မတ်ခ်မောင်သည်ကိုးရီးယားသို့ ထပ်မံကြွရောက်ပြီး သာသနာပြုပါသည်။"

### တိဗက်ပြည်

တိဗက်ပြည်သို့ ၈ ရာစုခေတ်မှာနာလန္ဒတက္ကသိုလ်ကျောင်းအုပ်ကြီးဖြစ်သူသန္တိရက္ခိတထေရ်ကြွတော်မူသည်။ သို့ရာတွင်သူ၏သာသနာပြုလုပ်ငန်းကို ဒေသခံလက်မခံခဲ့ပေ။ ထို့ကြောင့်အိန္ဒိယပြည်မှအခြားရဟန်းတော်ပဒ္မသမ္ဘဝကြွတော်မူရသည်။ ထိုအခါကျမှ တိဗက်ပြည်သည် ဗုဒ္ဓ ဘာသာနိုင်ငံဖြစ်သွားသည်။ နောင်အခါ သန္တိရက္ခိတနှင့်သူ၏လုပ်ဖော်များဖြစ်သောအရိယဒေဝ၊ဗုဒ္ဓကိတ္တိ၊ကုမာရသီရိတို့သည်၊ဗုဒ္ဓကျမ်းစာများကိုသက္ကဋဘာသာမှ တိဗက်ဘာသာသို့ ပြန်ဆိုသာသနာပြုခဲ့ပေသည်။

---

\+ ဗုဒ္ဓဝင်ပြပွဲကျင်းပရေးကော်မတီ "ဗုဒ္ဓမြတ်စွာ၏သာသနာတော်စည်ပင်ပြန့်ပွားလာပုံသမိုင်းအကျဉ်း" ၁၉၇၄။ စာမျက်နှာ ၅။

## နီပေါပြည်

အသောကမင်းလက်ထက်ကပင်ဗုဒ္ဓဘာသာသည် နီပေါပြည်တွင်တည်ရှိခဲ့ပေသည်။ သို့ရာတွင် ဘင်္ဂလားနယ်ကှင် မဟာမေဒင်တို့ ဖျက်ဆီး၍ ဗုဒ္ဓဘာသာကျောင်းများ ပျက်စီးရသကဲ့သို့ နီပေါကျောင်းများလည်း ပျက်စီးရသည်။ သို့ရာတွင် ပြန်လည် ထိန်းသိမ်းနိုင်ခဲ့၍ ဗုဒ္ဓ ကျောက်စာမြောက်များစွာကို စုစည်းထားနိုင်ခဲ့ပေသည်။ နီပေါတွင် ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာတို့မှာ ရောပြွမ်းနေပေသည်။

အိန္ဒိယနိုင်ငံများနှင့် ရှေးအစဉ်အလာ ဆက်သွယ်ခဲ့သော ကမ္ဘောဒီးယား၊ စုမတြား၊ ဂျာဗား၊ ဘာလီ၊ ဘော်နီယို၊ မလေး စသည့် နိုင်ငံများသည် ပထမ ဦးစွာ ဗုဒ္ဓဘာသာကို ယုံကြည် ကိုးကွယ်ကြသည်။ နောင်သောအခါ ဟိန္ဒူဘာသာနှင့် မဟာယာန ဗုဒ္ဓဘာသာများကို ကိုးကွယ်လာရာမှ ယခုအခါတွင်မူ မွတ်စလင် နိုင်ငံများ ဖြစ်ကုန်ကြပါသည်။

ဤသို့ဖြင့် ဗုဒ္ဓသာသနာတော်သည် အိန္ဒိယနိုင်ငံမှ စတင်ခဲ့၍ သီဟိုဠ်၊ မြန်မာ၊ ယိုးဒယား၊ တရုတ်ပြည်၊ ကိုးရီးယားပြည်၊ တိဗက်၊ နီပေါနှင့် ကမ္ဘောဒီးယား၊ ဂျာဗား နိုင်ငံများသို့ ပျံ့နှံ့ခဲ့ပေသည်။ ယင်းသို့ ပျံ့ခဲ့ရာမှ ဗုဒ္ဓစာပေ၊ ယဉ်ကျေးမှုများ တိုးတက်ဖြစ်ထွန်းခဲ့သည် မှန်သော်လည်း ကိုယ့်နိုင်ငံ၊ ရေ၊ မြေ၊ အယူအဆနှင့် ကိုက်ညီအောင် အမျိုးမျိုး အဖုံဖုံ ပြင်ဆင် လက်ခံခဲ့ကြသည်ကို တွေ့ရပေသည်။

### (င) သီဟိုဠ်ကျွန်းသို့ ဗုဒ္ဓသာသနာရောက်ခဲ့ပုံ

ထိုသို့ ပျံ့နှံ့ရာတွင် သီဟိုဠ်ကျွန်း(သီရိလင်္ကာ) သို့ ပျံ့နှံ့ပုံမှာ သမိုင်းကြောင်းအရ အရေးပါသည်ဟု ယူဆမိပေသည်။

သီရိဓမ္မာသောကမင်းကြီး ဗုဒ္ဓသာသနာ ပျံ့နှံ့အောင် သာသနာပြုစေလွှတ်သော တိုင်းပြည်များတွင် သီဟိုဠ်နိုင်ငံသည် အစောဆုံးသောနိုင်ငံဖြစ်ပေသည်။

သီရိဓမ္မာ သောက မင်းကြီး၏ သားတော် ရှင်မဟိန္ဒ အမှူးပြုသော သီဟိုဠ်ကျွန်း သာသနာပြုအဖွဲ့သည် သာသနာပြုလုပ်ငန်းတွင် အအောင်မြင်ဆုံး ဖြစ်ပေသည်။

ဗုဒ္ဓသာသနာ စတင် ပျံ့နှံ့ရာအိန္ဒိယနိုင်ငံတွင်ထေရဝါဒဂိုဏ်း၏အစဉ်အလာများ စာပေပရိယတ္တိများသည် နောင်အခါ လုံးဝ ပျောက်ကွယ်သောအခါ သီဟိုဠ်ကျွန်းတွင် ဗုဒ္ဓသာသနာသည် ရှင်မဟိန္ဒ၏ ကြိုးပမ်းစွမ်းဆောင်မှုဖြင့် အထူးပင် စည်ပင်ကျော်ကြားခဲ့သည်။

**ထူးခြားသောစတုတ္ထသင်္ဂါယနာ**

သီဟိုဠ်တွင် ထေရ်အရှင်အဆက်ဆက်တို့ နှုတ်တက်အာဂုံဆောင်၍ ထိန်းသိမ်းခဲ့သော ပိဋကတ်သုံးပုံတိမ်းပါးပျောက်ကွယ်မည်စိုး၍ သာသနာသက္ကရာဇ်၄၅၀ပြည့်နှစ်(ဘီစီ ၁ ရာစု)*တွင်ဝဋ္ဋဂါမဏိမင်းကြီးလက်ထက် ရဟန္တာမထေရ်ကြီး ၅၀၀ ကို အမှူးထား၍ မလယဇနပုဒ်၊ အာသောကလိုဏ်တွင်သင်္ဂါယနာတင်၍အဋ္ဌကထာနှင့်တကွ ပိဋကတ်တော်ကိုပေထက်အက္ခရာတင်သည်။ ယင်းသင်္ဂါယနာသဘင်ကို အိန္ဒိယပြည်မ ရှိမဟာသံဃိကဂိုဏ်းဝင်တို့က အသိအမှတ်မပြုခဲ့ပေ။ သို့ရာတွင် ဗုဒ္ဓသာသနာဝင်တွင်မူ ထေရဝါဒဂိုဏ်း၏ စတုတ္ထသင်္ဂါယနာအဖြစ် အသိအမှတ်ပြုကြသည်။

**မဟာယာနဂိုဏ်း**

သာသနာသက္ကရာဇ် ၂၅၅ ခုနှစ်တွင်သီရိဓမ္မာသောကမင်းကြီးနတ်ရွာစံသည်။ ထိုမင်းကြီးကွယ်လွန်ပြီး နောက်ပိုင်းမင်းများသည်ဗုဒ္ဓသာသနာကို မင်းကြီးကဲ့သို့ အားပေးအားမြှောက် မပြုခဲ့သဖြင့် သာသနာမှေးမှိန်စပြုလာသည်။

ထိုအချိန်မျိုးတွင် ထေရဝါဒဂိုဏ်းနှင့်ဆန့် ကျင်သောဂိုဏ်း အားလုံးသည် အချင်းချင်းကွဲလွဲမှုများကို ညှိနှိုင်း၍ "မဟာယာနဂိုဏ်း"ဟူသော ဗုဒ္ဓသာသနာဂိုဏ်းခွဲတခုကို ထူထောင်လိုက်သည်။ ထိုအချိန်ကာလတွင် ထေရဝါဒသည် သီဟိုဠ်ကျွန်း၌သာ ထွန်းကားလျက် အိန္ဒိယနိုင်ငံ၌ကားမဟာယာန ဗုဒ္ဓသာသနာ ထွန်းကားလျက်ရှိသည်။

သာသနာသက္ကရာဇ် ၆၂၂–ခုနှစ်တွင် ကနိသိကမင်းလက်ထက်ကျမ်းဂန်တတ် သံဃာတော်များကိုပင့်၍ ဗုဒ္ဓသာသနာတော် သန့်စင်ရန်ရည်

* Christmas Humphreys, Buddhism, Pen-Guin Books, 1954 P, 63

သန်လျက် စတုတ္ထသင်္ဂါယနာတင်ခဲ့သည်။ ဘုရားတရားတော်များကို ထေရဝါဒအစဉ်အလာအရပါဠိဘာသာဖြင့်မဖွင့်ပဲသီဟိုဠ်ဘာသာဖြင့်ဖွင့်သည်ကိုထောက်ရှု၍ ယင်းသင်္ဂါယနာသဘင်သည် ထေရဝါဒ ဂိုဏ်းနှင့်ဆန့်ကျင်ကြောင်း သိရသည်။

စတုတ္ထသင်္ဂါယနာအပြီးတွင် ကနိသိကမင်းအုပ်စိုးသော ဂန္ဓာရတိုင်း သည် မဟာယာနဗုဒ္ဓသာသနာ စည်ပင်တိုးတက်သော ဌာနဖြစ်ခဲ့ပေ သည်။

သီဟိုဠ်သာသနာနောက်ပိုင်းတွင် သီဟိုဠ်မှ သံဃာတော်များတရား ဓမ္မဟောရာမှ အရည်အချင်းပြည့်ဝလာကြသည်။ "ကျေးရွာဘုန်းတော် ကြီးကျောင်းများ တဖြည်းဖြည်း ပညာသင်ယူရာဌာနများ ဖြစ်လာခဲ့ပေ သည်။ သံဃာတော်၏အလုပ်သည် အများဆုံး ပြည်သူများကိုအနေ အထိုင်အကျင့်အကြံ မှန်ကန်အောင် လမ်းညွှန်ပေးရန်ဖြစ်ခဲ့သည်။ ယဉ် ကျေးမှုရေးရာသည် သံဃာတော်များ၏ အကျိုးပြုမှုကြောင့် မြင့်မားခဲ့ သည်။ ထိုသို့အကျိုးပြုရာတွင် ဟောကြားပို့ချသင်နည်းစနစ်ကို အသုံး ပြုခဲ့ကြသည်။ ဒုဋ္ဌဂါမဏိမင်းကြီးသည် ဘုန်းကြီးကျောင်းများ ဖွင့်လှစ် သင်ကြားပို့ချလော့၊ ရဟန်းတော်များကို ထောက်ပံ့ကြလော့ဟူ၍ ညွှန်ကြားခဲ့ပေသည်။ ဤကဲ့သို့သာသနာစည်ပင်ရန် အားပေးချီးမြှင့်ခဲ့ ပေသည်။ဘုရင်ဗုဒ္ဓဒါသ[၁]မင်းကြီးသည်နိုင်ငံအနှံ့အပြား၌တရားဟောဓမ္မ ကထိက သံဃာတော်များအတွက် လစာငွေများသတ်မှတ်လှူဒါန်းတော် မူခဲ့သည်။ ဓမ္မာရုံများကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့၍ ကျေးရွာတိုင်း တွင် ဓမ္မာရုံများရှိခဲ့သည်။ ဓမ္မာရုံများတွင် လူအများစုဝေးရောက်ရှိ လျက် တရားတော်ကို အတူတကွနာကြားခဲ့ကြသည်။"*

(စ) မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာစတင်ထွန်းကားခြင်း။

**ရှင်ဗုဒ္ဓဃောသ**

ငါးရာစုနှစ်လောက်တွင် ထေရဝါဒ အယူအဆများကို ရှင်းလင်း ဖော်ပြနိုင်သောထေရဝါဒ အာဇာနည်ရှင်ဗုဒ္ဓဃောသမထေရ်ထွန်းကား ပေါ်ပေါက်ခဲ့သည်။

---

၁။ Buddhadasa·

* Ministry of Education and Cultural Affairs, Ceylon, "Education in Ceylon, A Centenary Volume Part-I.', Government Press, Columbo, 1969, PP-15-16.

ရှင်ဗုဒ္ဓဃောသ မထေရ်သည် မြန်မာပြည်တောင်ပိုင်းတွင် မွေးဖွားပြီး မွန်လူမျိုးဖြစ်သည်ဟု မြန်မာတို့အစဉ်အလာ ယုံကြည်ကြသည်။ ရှင်ဗုဒ္ဓဃောသမထေရ်သည် သီဟိုဠ်သို့ကူး၍ သီဟိုဠ်ဘာသာနှင့် ရေးသားထားသော ထေရဝါဒ ကျမ်းများ၊ အဋ္ဌကထာကျမ်းများကို လေ့လာလျက် ပါဠိဘာသာသို့ ပြန်ဆိုရေးကူးခဲ့သည်။ သီဟိုဠ်တွင် ရှင်ဗုဒ္ဓဃောသသည် ပိဋကတ်ဟင်းလေးအိုးဟူ၍ ခေါ်ထိုက်သော ဝိသုဒ္ဓိမဂ်ကျမ်းတစောင်ကိုလည်း ရေးသားပြုစုတော်မူသည်။

အင်္ဂုတ္တရ အဋ္ဌကထာတွင် သီဟိုဠ်နှင့်သထုံ(သုဝဏ္ဏဘူမိ)သည် သင်္ဘောလမ်းသင့်သည်ဟုဆိုထားသည်။ သာသနာ့ဗဟုသုတ ကပ္ပကာသနီကျမ်းတွင် ရှင်ဗုဒ္ဓဃောသသည် သထုံပြည်မှ သီဟိုဠ်ကျွန်းသို့ သာသနာနှစ် ၉၂၇ တွင် ကူးတော်မူသည်။ သထုံပြည် ရှင်ဘုမ္မိရာဇာမင်းက လက်ဆောင်ပေးသောဆင်ဖြူကို သီဟိုဠ်မင်း မဟာနာမအား မင်းချင်းတို့ကိုလက်ဆောင်ဆက်စေပြီးလျှင် သီဟိုဠ်၌ ၃ နှစ်နေ၍ ပိဋကတ်တော်တို့ကို မဂဓဘာသာသို့ ရေးကူးပြီးလျှင် သထုံပြည်သို့ ပြန်လာသည်ဟု ဆိုလေသည်။

"ဘီ၊ စီ ၂၆၁ တွင် အာသောကမင်းကြီးသည် အိန္ဒိယတောင်ပိုင်း၌ ဗုဒ္ဓသာသနာတော် ပျံ့နှံ့အောင်ဆောင်ရွက်ပြီးနောက် ကုန်သည်များသည် ရေလမ်းခရီးဖြင့် ဗုဒ္ဓဘာသာအယူဝါဒဆိုင်ရာတို့ကို သထုံသို့ဆောင်နှင်းယူခဲ့ကြသည်။ အေဒီ ၃ ရာစုနှင့် ၄ ရာစုနှစ်လောက်တွင်သထုံသည်ကုန်သွယ်ရေး ဗဟိုဌာနချက်ချာဖြစ်ခဲ့သည်။ ပါဠိဘာသာရေး ဗုဒ္ဓကျမ်းစာများကို မွန်တို့ရရှိခဲ့၍ ထိုမှတဆင့် မွန်ဘာသာသို့ပြန်ဆိုခဲ့ကြသည်။" *

ထိုအချက်တို့ကိုထောက်၍ ဗုဒ္ဓသာသနာသည် အိန္ဒိယတွင်ပေါ်ထွန်းခဲ့၍ ၁၀ ရာစုနှစ်ကုန်ခါနီးတွင်ကွယ်ခဲ့သည်။ ထိုမှတဖန် ဗုဒ္ဓသာသနာသည် သာသနာပြုပုဂ္ဂိုလ်ကျော် ရှင်မဟိန္ဒ၏ စွမ်းဆောင်ချက်ဖြင့် သီဟိုဠ်တွင် ထေရဝါဒ ထွန်းကားခဲ့ပြန်သည်။ သို့ရာတွင် ၁၁ ရာစုနှစ်တွင် ချိုလကျေး ကုလားလူမျိုးတို့ ဝင်ရောက်တိုက်ခိုက်မှုကိုခံရပြီး သီဟိုဠ်တွင်လည်း ဗုဒ္ဓသာသနာ မှေးမှိန်ခဲ့ပြန်သည်။

ယင်းကဲ့သို့ သီဟိုဠ်တွင် ဗုဒ္ဓသာသနာ မှေးမှိန်ချိန်တွင် မြန်မာနိုင်ငံသထုံတွင် ထေရဝါဒ ထွန်းကားနေပြီးဖြစ်သည်။

---

* Htin Aung, Burmese Drama' O.U.P 1956, P-XI.

"အောက်မြန်မာပြည် သထုံတွင် ခရစ်နှစ် အေဒီ-၈ ရာစုတွင်ထေရဝါဒထွန်းကားနေချိန်ဖြစ်သည်။ မွန်ရဟန်းတို့သည် အိန္ဒိယ၊ သီဟိုဠ်နိုင်ငံများနှင့် ရင်းနှီးစွာဆက်ဆံမှု ရှိနေပြီဖြစ်ကြောင်း၊ သီဟိုဠ်မှတဆင့်ပါဠိပိဋကတ်များနှင့် အဋ္ဌကထာကျမ်းများကို သထုံသို့ ဆောင်နှင်းယူခဲ့သည်ဟူ၍အဆိုရှိသည်။"**

ထို့ကြောင့် သထုံတွင် ထွန်းကားနေပြီဖြစ်သော ဗုဒ္ဓသာသနာတွင် အစဉ်အဆက် အောက်ပါအတိုင်း စောင့်ရှောက်ခဲ့ကြသည်။

**သုဝဏ္ဏဘူမိ(သထုံ)သာသနာဝင်**

အရှင်မောဂ္ဂလိပုတ္တတိဿ၏တပည့် (၁) အရှင်သောဏနှင့် အရှင်ဥတ္တရ၊ (၂) အရှင်သောဘိတ၊ (၃) အရှင်သောပဒတ္တ၊ (၄)အရှင်သုမနတိဿ (၅)အရှင်သောပါက၊ (၆)အရှင်သောမဒတ္တ၊ (၇)အရှင်အနောမဒဿီ၊ (၈) အရှင်အဓိသီလ၊ (၉) အရှင်ဗျာနဒဿီ၊ (၁၀) အရှင်သီလဗုဒ္ဓိနှင့် အရှင်မဟာကာလ၊ (၁၁) အရှင်ဓမ္မဒဿီ (အရှင်အရဟံ)၊ ဤရဟန္တာမထေရ်ကြီး တဆယ့်တပါးတို့ကား သုဝဏ္ဏဘူမိ (သထုံ)၌ ဆရာတပည့်ဆက်ကာ သာသနာတော်ကို စောင့်ရှောက်ကြသည်။"*

**သထုံမှဗုဒ္ဓသာသနာပုဂံသို့ရောက်ရှိလာပုံ**

မြန်မာနိုင်ငံမြောက်ပိုင်းမှ ဝင်ရောက်လာသော မဟာယာန ဗုဒ္ဓသာသနာ ရောနှောနေသည့် နတ်ကိုးကွယ်မှုအယူဝါဒကို တိုင်းသူပြည်သားများ သက်ဝင်ယုံကြည် ကိုးကွယ်နေသည်ကို အနော်ရထာမင်းသည် မနှစ်သက်ပေ။ ထိုစဉ်က ပုဂံနေပြည်တော်တွင် လူတို့ကိုးကွယ်ယုံကြည်မှုနှင့် ပတ်သက်၍-

ထိုခေတ်အခါက ပုဂံပြည်တွင် ဘာသာရေးရာ၌ အရည်းကြီးဟူသည့် ရဟန်းများက အုပ်စိုးချယ်လှယ်ခဲ့သည်ဟု အခိုင်အမာယုံကြည်ကြလေသည်။ ရှေးဟောင်းသုမများ အဆိုအရလည်းကောင်း၊ မြင်းခြံနယ်ရှိ ဘုရားအုတ်နံရံ၌ တွေ့ရသော ဆေးရေးပန်းချီများကို ထောက်၍လည်း

---

** U Han Htay. History of Buddhism in Burma. A Brief Survey" The International Buddhist News Forum, 1961, P.-33.

* ဗုဒ္ဓသာသနာ(မြန်မာနိုင်ငံ)၊ အတွဲ- ၈၊ မြန်မာ့စွယ်စုံကျမ်း။ စာမျက်နှာ- ၁၇၁။

ကောင်း၊ အရည်းကြီးတို့သည် မဲ့ပြာရောင် လျှော်တေဝတ်ရုံကိုခြုံသည့် ရဟန်းကြီးများဖြစ်၍ တန္တရဂိုဏ်းဝင်သဘောမျိုး တမျိုးကို ကျင့်သုံးကြကြောင်းသိရလေသည်။

အနော်ရထာမင်းသည် ခရစ်နှစ် ၁၀၄၄-ခုတွင် နန်းတက်ပြီးနောက် ၁၀ နှစ်အတွင်း မြန်မာတနိုင်ငံလုံးကို စည်းလုံးညီညွတ်အောင် ဆောင်ရွက်ခဲ့သည်။ နန်းတက်ချိန်တွင် သာသနာရေး ရှုပ်ထွေးပုံများကို မနှစ်သက်ခဲ့ပေ။ ထိုစဉ်တွင် အနော်ရထာမင်းသည် ၁၀၅၆-ခုနှစ်တွင် ထေရဝါဒဂိုဏ်းဝင် မွန်ရဟန်းရှင်အရဟံနှင့် တွေ့ဆုံမိ၍ ထေရဝါဒကို ကြားနာယုံကြည်သက်ဝင်ခဲ့ပေသည်။

ယုံကြည်သက်ဝင်လာသည်နှင့်အမျှ ထေရဝါဒ ဗုဒ္ဓသာသနာကို တိုင်းသူပြည်သားအားလုံး ကြည်ညိုလက်ခံလာအောင် ဆောင်ရွက်ခဲ့ပေသည်။ တဖက်တွင် သာသနာထွန်းကားအောင်၊ သာသနာတည်တံ့အောင် ရည်သန်လျက် ဘုရားများ တည်ထားကိုးကွယ်ခြင်း၊ ရဟန်းကျောင်းများ တည်ဆောက်ခြင်း၊ ထေရဝါဒ ကျမ်းများကို လေ့လာစေခြင်း စသည့် ဆောင်ရွက်ချက်များကို ပြုခဲ့သလို တဖက်တွင်လည်း အရည်းကြီးသုံးကျိပ်နှင့် တပည့်လက်သား ခြောက်သောင်းတို့ကိုလည်း လူဝတ်လဲစေ၍ အဲမောင်းကိုင်၊ လှံကိုင်၊ ဆင်ချေးကျုံး၊ မြင်းချေးကျုံးထည့်တော်မူသည်။

ပုဂံတွင် သာသနာ ပွင့်လင်းရန် ရည်သန်၍ သထုံတွင်ရှိသောပိဋကတ်သုံးပုံအစုံ ၃၀ အနက်မှ အချို့ကိုတောင်းဆိုရန်ရှင်အရဟံ၏ အကြံဉာဏ်ပေးချက်အရ အနော်ရထာမင်းက တမန်စေလွှတ်၍ ပိဋကတ်တော်များကိုတောင်းဆိုရာ သထုံဘုရင် မချေမငံဆို၍ အနော်ရထာဘုရင် အမျက်ထွက်ကာ ကြည်းတပ်ဖြင့် သထုံသို့စစ်ချီတိုက်ခိုက် အောင်မြင်လေသည်။ မွန်သမိုင်းတွင် သထုံစစ်ပွဲနှင့်ပတ်သက်၍-

"သထုံသားတို့သည် ကြွံကြွံခံခြင်းငှာ မစွမ်းတော့သည့်အတွက် ၄၂ ခုနှစ် ဝိသာခါနက္ခတ်နှင့်ယှဉ်၍လမင်းထွန်းသည့် နယုန်လဆန်း ၁၁ ရက်နေ့တွင် သထုံဘုရင် မနူဟာသည် အညံ့ခံ၍မိမိကိုယ်ကိုအပ်နှင်းသည်။ ထိုရောအခါ အရိမဒ္ဒနပူရပြည်ရှင် ဘုရင်မင်းမြတ်သည် မနူဟာကိုဖမ်းဆီးပြီးနောက် စာပေကျမ်းဂန် နှံ့စပ်ကျွမ်းကျင်၍ တရားတော်ကိုရိုသေကိုင်းညွတ်သော ရဟန်းကောင်း ရဟန်းမြတ်တို့ကို ၎င်းနှင့်အတူ တပါတည်း

ပင့်ဆောင်သွားလေသည်။ ပိဋကတ်တော် ၃ ပုံနှင့် ဗေဒင် ၄ ပုံကို တတ်သိသူ ရှင်ရဟန်းများကိုလည်း အရိမဒ္ဒနပြည်သို့ တိုင်အောင် ပင့်ဆောင်သွားလေသည်။''ဟူ၍ ဖော်ပြသည်။

သထုံကိုအောင်နိုင်သည့်အတွက် ပုဂံသားတို့၏ စစ်အင်အားကြီးမားကြောင်း ပတ်ဝန်းကျင်ဒေသများက သိရှိကျိုးနွံလာခြင်း၊ ပုဂံကိုဗဟိုထား၍ မြန်မာနိုင်ငံ စည်းလုံးမိလာခြင်းစသော အကျိုးတရားများကို ရခဲ့သည်။ ဘာသာရေးတွင်လည်း ထေရဝါဒ ဗုဒ္ဓအယူအဆကိုအခြေစိုက်လိုက်နိုင်ပြီဖြစ်ပေသည်။

သထုံမှဆောင်ယူခဲ့သော အသိပညာရှင်၊ အတတ်ပညာရှင် ရှင်လူရဟန်းများစွာကို ပုဂံတွင်နေရာချထားလျက် ပုဂံ၏အင်အားကို အဖက်ဖက်မှ ကြီးထွားဖွံ့ဖြိုးစေခဲ့သည်။

ပိဋကတ်တတ်သော သူတော်စင်အရိယာ တထောင်ပင့်ခဲ့သည်ဟု သမိုင်းကဆိုသည်။ ထို့အပြင်—

> ''ပန်းပု၊ ပန်းပွတ်၊ ပန်းချီ၊ ပန်းရန်၊ ပန်းယွန်း၊ ပန်းတိမ်၊ ပန်းဘဲ၊ ပန်းတည်း၊ ပန်းတယား၊ ပန်းသေး၊ ပန်းတမော့၊ ဆင်ဆေးသမား၊ ဆင်တတ်သောသူ၊ ဒိုင်းလွှာကာ လုပ်တတ်သောသူ အမြောက်သေနတ်လေး လုပ်တတ်သူ၊ အကျော်အလှော်အပေါင်းအကျစ်တတ်သူ၊ ဆံထုံးယတင်တတ်သူ၊ အထုံအမွှေး ပန်းစစ်ပန်းလျက်တတ်သူ ဤသူတို့ကိုလည်း အခြားအခြားမရောစေဘဲ ဆောင်တော်မူခဲ့၏'' *

ဤစစ်ပွဲတွင် မှတ်သားဖွယ်တချက်မှာ ပါဠိဘာသာ ကျမ်းစာများကိုသာ ယူဆောင်၍ ကျန်မွန်ဘာသာကျမ်းများကို မီးရှို့ခဲ့သည်ဆိုသော အချက်ပင်ဖြစ်ပေသည်။ အနော်ရထာမင်းသည် ပါဠိဘာသာကို အထူးစိတ်ဝင်စားသောဘုရင်တပါးဖြစ်ခဲ့ပေသည်။

---

* ဦးကုလား။ သထုံပြည်ကို တိုက်ခိုက်သိမ်းယူခြင်း အကြောင်းများ၊ မဟာရာဇဝင်ကြီး၊ မြန်မာသုတေသနအသင်း၊ ၁၉၆၀-ခု၊ စာမျက်နှာ ၁၇၃။

ယခင်ကပုဂံသည်ဘာသာရေးရာ ရောထွေးမှုရှိပင်ရှိငြားသော်လည်း ယခုအခါတွင် အနော်ရထာမင်းသည် သထုံစစ်ပွဲအပြီး ရှင်အရဟံ၏ အကြံပေးချက်ဖြင့် ထေရဝါဒ ဗုဒ္ဓသာသနာကို နိုင်ငံတော်၏ ဘာသာရေးအဖြစ်၊ တမျိုးသားလုံး ယုံကြည်ကိုးကွယ်သင့်သော ဘာသာရေးတရပ်အဖြစ် ပြဋ္ဌာန်းခဲ့ပေသည်။ ထိုအချိန်မှစ၍ ဗုဒ္ဓသာသနာဘုန်းတော်ကြီးကျောင်းများသည် တနေ့တခြားများပြားစည်ကားခဲ့ပေသည်။

## ပျူခေတ်ဗုဒ္ဓဘာသာ

မြန်မာနိုင်ငံတွင် အစောဆုံးတွေ့ရသော ဘုန်းတော်ကြီးကျောင်းများကို ပုဂံခေတ်မတိုင်မီ ပျူခေတ်၌ အထင်အရှားတွေ့ရသည်။

> "ပျူတို့၏ ထုံးစံတွင် မာန်မာနကို နှိမ့်ချသည်။ ရည်မွန်စွာဆက်ဆံသည်။ ငြိမ်းချမ်းသာယာ ကောင်းမွန်စွာနေကြသည်။ စကားအပြောအဆိုနည်းသည်။ ဘဝကိုတန်ဖိုးထား၍ မြတ်နိုးသည်။ သတ်ဖြတ်ခြင်းကိုရွံရှာမုန်းတီးကြသည်။"*

"ပျူတို့ဒေသတွင်ဘုန်းကြီးကျောင်း ၁၀၀ ကျော်မျှမက ရှိလေသည်။ ဘုန်းကြီးကျောင်းများတွင် ရွှေငွေတို့ဖြင့် စီခြယ်၍ဟင်္သာပြဒါးနှင့် တောက်ပသော အသွေးများသုတ်လိမ်းထားသည့်ခန်းမကြီးအသွယ်သွယ်ရှိလေသည်၊ ကြမ်းပြင်များကိုလည်း အနီရောင်ဆိုး၍ ပန်းပွင့်များထိုးထားသောကော်ဇောများခင်းထားလေသည်။ ဘုန်းကြီးကျောင်းများ၏ အမိုးများကို နန်းတော်ခေါင်မိုးကဲ့သို့ပင် စဥ့်သုတ်ထားသောအုတ်ကြွပ်များဖြင့်မိုးထားလေသည်။ ပျူလူမျိုး ယောကျ်ားလေး၊မိန်းကလေးအသီးသီးတို့သည် အသက် ၇-နှစ် အရွယ်သို့ရောက်လျှင် ဆံပင်များကိုပယ်ဖြတ်၍ ဘုန်းကြီးကျောင်းသို့သွားကာ သာသနာ့ ဘောင်တွင်းသို့ ဝင်ရောက်လေ့ရှိလေသည်။ အသက် ၂၀ သို့ရောက်သောအခါ ဗုဒ္ဓရှင်တော်၏ကျင့်ဝတ်ကျင့်စဉ်များကိုဆက်လက်လိုက်နာခြင်းမရှိလိုလျှင် လူထွက်၍ ဆံပင်များကို ပြန်လည်အရှည်ထားကြလေသည်။"* စသည်

---

* "The Ancient Pyu" BRSFAP (2) P-319

\+ ဒေါက်တာကျော်သက်၊ မြန်မာနိုင်ငံ့ယဉ်ကျေးမှုအစ၊ ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်း" ၁၉၆၂ ခု၊ စာမျက်နှာ-၃၀။

ဖြင့် အေဒီ ၇၀၀ ခန့်က ရေးသားခဲ့သော "ပျူတို့အကြောင်း" တရုတ်သမိုင်း မှတ်တမ်းအရ သိရလေသည်။

ပျူလူမျိုးတို့သည် တိဗက် မြန်မာ အနွယ်ဝင်ဖြစ်၍ ခရစ်နှစ် တစ်ရာစုလောက်က ယွန်နန်နယ်စပ်၌ရှိကြ၍ သုံးရာစုခန့်တွင် မြန်မာနိုင်ငံ မြေပြန့်ဖြစ်သော ဧရာဝတီမြစ်ဝှမ်း ရွှေဘိုနယ်မှ ပြည်အထိနေထိုင်ကြဟန်ရှိသည်။ ××× လေးရာစုလောက်ကစ၍ တောင်ပိုင်းအိန္ဒိယမှ စာရေးနည်းကိုရသည်။ ××× ဗြာဟ္မဏဝါဒ၊ ဗုဒ္ဓဝါဒများကိုလက်ခံကြရာ၊ နောင်အခါ ဗုဒ္ဓဝါဒ အထွတ်အထိပ်သို့ရောက်ဟန်ရှိသည်။ ဗုဒ္ဓဝါဒတွင်လည်း မဟာယာနဂိုဏ်းနှင့်ဟိနယာနဂိုဏ်း၊ နှစ်ဂိုဏ်းစလုံးရှိသော်လည်း ဟိနယာနပို၍ထွန်းကားမည်ထင်၏။ ××× ခြုံ၍ကြည့်လျှင် မြန်မာနိုင်ငံ အလယ်ပိုင်း၌ ခရစ်နှစ် သုံးရာစု ကိုးရာစုထိ ယဉ်ကျေးမှု အဆင့်အတန်းမြင့်မြင့်ဖြင့် ကြီးပွားခဲ့သူများဖြစ်ပါသည်။ ×××အေဒီ- ၈၃၂ တွင် နန်ကျောင်ဖျက်ဆီးသဖြင့် လုံးဝပျက်စီးရပါသည်။+

ထို့ကြောင့် နောက်ပိုင်းကာလတွင် ဗုဒ္ဓသာသနာတော်မှာ အရည်းကြီးတို့၏ ဦးဆောင်မှုကြောင့် ညစ်နွမ်းခဲ့ရပေသည်။ သို့သော် ပုဂံမင်း အနော်ရထာနှင့် ရှင်အရဟံတို့၏ ကြိုးပမ်းမှုကြောင့် ထေရဝါဒ ဗုဒ္ဓသာသနာတော် ပြန်လည်ပွင့်လင်းခဲ့ရပေသည်။

## (ဆ) ခြုံငုံသုံးသပ်ချက်

သီရိဓမ္မာသောကမင်း၏ ကျေးဇူးကြောင့် သာသနာ ပျံ့နှံ့ခဲ့ရသည်။ တက္ကသိလနှင့်နာလန္ဒတက္ကသိုလ်များထွန်းကားခဲ့သည်။မဟိန္ဒ၏ကျေးဇူးကြောင့် ဗုဒ္ဓဘာသာသည် သီဟိုဠ်သို့ရောက်ခဲ့သည်။ ရှင်မဟာဗုဒ္ဓဃောသက သီဟိုဠ်သို့ကူး၍ ဗုဒ္ဓကျမ်းဂန်များ ကူးယူကာ မြန်မာနိုင်ငံ သထုံသို့ဆောင်ယူခဲ့သဖြင့် ဗုဒ္ဓဘာသာ သထုံသို့ရောက်ခဲ့သည်။ အနော်ရထာနှင့် ရှင်အရဟံတို့၏ကျေးဇူးကြောင့် ပုဂံတွင်သာသနာထွန်းကားခဲ့သည်။ ဤအချက်မှန်ကြောင်း သမိုင်းသုတေသီ အဲလီရော့၏အဆိုနှင့် ကိုက်ညီခဲ့သည်။ အဲလီရော့က-"မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာသည်ခေတ်ဦးတွင် ရောထွေးနေကြောင်း၊ အိန္ဒိယနှင့်တရုတ်နိုင်ငံတို့မှ ဘာသာရေး အယူအ

---

+ ဒေါက်တာသန်းထွန်း၊ "မြန်မာရာဇဝင် စာတမ်းအမှတ်-၁၊ခေတ်ဟောင်းမြန်မာရာဇဝင်" မဟာဒဂုံစာပေ၊ ၁၉၆၄-ခု၊စာမျက်နှာ ၆၂၊

ဆမျှားကိုရခဲ့ကြောင်း၊ ၆ ရာစုတွင် သီဟိုဠ်ဗုဒ္ဓဘာသာ ပျံ့နှံ့ခဲ့ကြောင်း၊ ဗုဒ္ဓဃောသနှင့် အာသောကတို့၏ သာသနာပြုမှုကြောင့် မြန်မာနိုင်ငံတွင် ဗုဒ္ဓဝါဒစည်ပင်ခဲ့ကြောင်း၊ ပဲခူးနှင့် သီဟိုဠ်ဆက်ဆံရေးကြောင့် ဗုဒ္ဓဘာသာ မြန်မာနိုင်ငံတွင် ထွန်းလင်းခဲ့ကြောင်း ၁၁ ရာစုတွင် အနော်ရထာမင်း၏ စည်းရုံးမှုကြောင့် ဗုဒ္ဓဘာသာသည် နိုင်ငံတော်ဘာသာဖြစ်ခဲ့ရကြောင်း''+ဆိုခဲ့ပေသည်။ သို့ဖြင့် ဗုဒ္ဓသာသနာသည်ပုဂံ၌ စတင်အခြေစိုက်စည်ပင်ခဲ့သည်။

* Sir Charles Eliot, O.P. Cit., PP - XXV

# အခန်း ၃

## ပုဂံခေတ် ဘုန်းတော်ကြီးကျောင်း ပညာရေး

## (၁၀၄၄-၁၂၈၇)

### (က) နောက်ခံကား

ပုဂံခေတ် (၁၀၄၄-၁၂၈၇)ကို ကျေးကျွန်စနစ် ရောနှောနေသော မြေရှင်ပဒေသရာဇ်ခေတ်ဟု သတ်မှတ်ကြသည်။ အေဒီ ၁၀၄၄ တွင် နန်းတက်သော အနော်ရထာနှင့် နောက်ပိုင်းဘုရင်တို့၏ အုပ်ချုပ်ရေးစနစ်မှာ သက်ဦးဆံပိုင် ဘုရင်အုပ်ချုပ်ရေး ဖြစ်သည်။

ပုဂံခေတ် တလျှောက်လုံး၏ အခြေခံကုန်ထုတ်လုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးဖြစ်သည်။ ထို့ပြင် သစ်တောလုပ်ငန်း၊ တိရစ္ဆာန် မွေးမြူရေး လုပ်ငန်း၊ သား ငါး ရောင်းဝယ်ရေးလုပ်ငန်း၊ ဗိသုကာလုပ်ငန်း စသည်ဖြင့် ရှိခဲ့ပေသည်။

ပုဂံခေတ်တွင် ကျေးကျွန်စနစ် ရှိခဲ့သည်။ ထို့ကြောင့် ကျေးကျွန်လူတန်းစားနှင့် ကျွန်ပိုင်ရှင် လူတန်းစားဟူ၍ ရှိခဲ့သည်။

"ပုဂံခေတ် တိုင်းရင်းသားများမှာ မွန်ပလောင်၊ လဝများဖြစ်သည့် မွန်ခမာ အနွယ်ဝင် ဘာသာစကားများကို ပြောသူများ ကရင်တောင်သူများဖြစ်သော ကရင်အစုဝင် ဘာသာစကားများကို ပြောသူများ သက်၊ ကဒူး၊ သောကတူးများဖြစ်သော သက်အစုဝင် ဘာသာစကားများကို ပြောသူများ၊ ချင်းများ၊ ယော၊ ရခိုင်၊ မြန်မာများဖြစ်သော မြန်မာအစုဝင် ဘာသာစကားများကို ပြောသူများ၊ ရှမ်းခန္တီးများဖြစ်သော ထိုင်း ရှမ်းအနွယ်ခွဲဝင် ဘာသာစကားများပြောသူများ ဖြစ်ကြသည်။ ထို့ပြင် အိန္ဒိယနိုင်ငံသားများဖြစ်ကြသော ကုလား

များ၊ ကမ္ဘောဒီးယားနိုင်ငံသားများဖြစ်ကြသော ဂျွမ်းများ၊ မူလက တာတာများကို မှည့်ခေါ်သည့် တရုတ်များ၊ သီဟိုဠ်နိုင်ငံသားများ ရောက်ရှိနေထိုင်ကြသည်ကို တွေ့ရသည်။” *

ယင်းသို့ ပုဂံခေတ် မြန်မာနိုင်ငံကို ထိုခေတ် တိုင်းရင်းသား လူမျိုး ပေါင်းစုံတို့က စည်းလုံးညီညွတ်စွာ တည်ဆောက်ခဲ့ပေသည်။

ပုဂံခေတ် ကိုးကွယ်ယုံကြည်မှုနှင့် ပတ်သက်၍ ပြောရလျှင် “ရိုးရာ ဖြစ်သော နတ်နဂါးကိုးကွယ်မှုတို့အပြင် ဗုဒ္ဓသာသနာတွင်လည်း သာ သနာရေးဂိုဏ်းများ ရောပြွန်းရောက်ရှိခဲ့သည်။ သို့ရာတွင် ၁၀၄၄ ခုနှစ် တွင် နန်းတက်သော အနော်ရထာမင်းလက်ထက်တွင် ထေရဝါဒသည် နိုင်ငံတော် ဘာသာဖြစ်ခဲ့ပေသည်။

> “အနော်ရထာမင်းကြီး၏ ထေရဝါဒ သာသနာပြု ဆောင်ရွက်ချိန်တွင် ဗုဒ္ဓသာသနာ၏ ဗဟိုဖြစ်သော မဇ္ဈိမ ဒေသ (အိန္ဒိယပြည်) တွင် ဗုဒ္ဓသာသနာသည် ကွယ် ပျောက်ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် အနော်ရထာ၏ ပုဂံသည် စည်းလုံးညီညွတ်သော မြန်မာနိုင်ငံ၏ နေပြည် တော်အဖြစ်သာမက ထေရဝါဒ ဗုဒ္ဓသာသနာ လော က၏အချက်အချာ ဗဟိုကျသော မြို့တော်လည်း ဖြစ်လာ ခဲ့လေသည်။
>
> ထို့အပြင် အရှေ့တောင် အာရှကျွန်းဆွယ် တခုလုံး ကို ဘာသာရေး နည်းဖြင့် လွှမ်းခြုံ စည်းရုံး ညီညွတ် စေကာ မဇ္ဈိမနှင့်တရုတ်ပြည်တို့ကို ရင်ဆိုင်နိုင်စွမ်းရှိသည့် ဗုဒ္ဓဝါဒီတို့၏ တန်ခိုးကြီးလှသော ဧကရာဇ် နိုင်ငံတော် ကို အနော်ရထာ ဦးဆောင်သော မြန်မာနိုင်ငံသားတို့ ကြိုးပမ်း တည်ဆောက်နိုင်ခဲ့ကြပေ၏။” ×

---

* G. H. Luce; Note on the People of Burma in the 12 th 13 th century A. D.”, JBRS VOL XLII, June, PP. 52-74.

× အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း၊ ပထမတွဲ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီ၊ ပါတီစည်းရုံးရေး ဗဟိုကော်မတီဌာနချုပ်၊ စာမျက်နှာ ၂၉၁။

အနော်ရထာ မင်းကြီးသည် မြန်မာနိုင်ငံတော်ကို တိုင်းရင်းသား ပေါင်းစုံ စည်းလုံးညီညွတ်စွာ ပါဝင်စေ၍ တည်ဆောက်ခဲ့သော နိုင်ငံ ခေါင်းဆောင်တဦး ဖြစ်ပေ သည်။ ပထမမြန်မာနိုင်ငံတော်ကို စည်းရုံး ရေး အင်အားဖြင့် တည်ဆောက်နိုင်စွမ်း ရှိသကဲ့သို့ ကိုးကွယ်ယုံကြည်မှုကို သန့်စင်စေရန် ထေရဝါဒကိုလည်း စနစ်တကျ ပြန့်ပွားအောင် သာ သနာပြုသော မင်းမြတ်တပါးလည်း ဖြစ်ခဲ့ပေသည်။

ပုဂံခေတ် မင်းများ ဗုဒ္ဓသာသနာကို ထွန်းကားအောင် ချီးမြှောက် ခဲ့သဖြင့် အရှေ့တောင်အာရှတို့တွင် မြန်မာနိုင်ငံသည် ဘာသာ သာသနာ နေလို လလို ထွန်းပခဲ့ပေသည်။

ယင်းသို့ ဗုဒ္ဓသာသနာ ထွန်းလင်းခဲ့သည့်အတွက် မြန်မာတို့ရရှိခဲ့သော အကျိုးတရားများကား လွန်စွာ များပေသည်။ ထိုအချက်နှင့် ပတ် သက်၍ ဆရာဇော်ဂျီက-

> "အနော်ရထာမင်းစော ထွန်းညှိတော်မူခဲ့သော ဗုဒ္ဓ သာသနာ အလင်းရောင်ကြောင့် မြန်မာတို့သည် နတ် ရေကန်၌ ရေချိုးမိ၍ ချက်ချင်းပင် ၁၆ နှစ်အရွယ်သို့ ရောက်လာသော ဒဏ္ဍာရီပါ မင်းသားငယ်ပမာတမုဟုတ် ချင်းပင် အထက်တန်းကျသောယဉ်ကျေးမှု၏ အရသာကို ခံစားကြရလေသည်"* ဟူ၍အမိန့်ရှိခဲ့ပေသည်။

မြန်မာဘုရင်များသည် ဗုဒ္ဓသာသနာတော်ကို အားပေးချီးမြှောက် ခဲ့သည့်ပြင် မင်းကျင့်တရားနှင့်အညီကျင့်ခဲ့ကြသည်။ ထိုနည်းတူ ဗုဒ္ဓသာ သနာတော် အစဉ်အဆက် သန့်စင်အောင် စောင့်ရှောက်ခဲ့ကြသော ပုဂံ ခေတ် သာသနာဝင်ပုဂ္ဂိုလ်မြတ်များလည်းရှိခဲ့ပါသည်။

ပုဂံသာသနာဝင် ရဟန္တာမထေရ်ကြီး ရှစ်ပါးတို့ကား အောက်ပါ အတိုင်းဖြစ်ကြသည်။

အရှင်ဓမ္မဒဿီ(အရှင်အရဟံ)၏ တပည့် (၁)အရှင်ဂုဏသာရ၊ (၂) ပထမအရှင်အဂ္ဂပဏ္ဍိတ၊ (၃)ဒုတိယအရှင်အဂ္ဂပဏ္ဍိတ၊ (၄)တတိယ အဂ္ဂ

---

* ဇော်ဂျီ၊ "ရသစာပေနိဒါန်း" မန္တလေး-ကမ္ဘာ့ခေတ်စာပေတိုက်၊ ၁၉၆၅၊ စာမျက်နှာ ၂။

ပဏ္ဍိတ(အရှင်အဂ္ဂဝံသ)၊ (၅)အရှင်ဥတ္တရာဇီဝ၊ (၆)ပထမ ဆပ္ပဒအရှင်သဒ္ဓမ္မဇောတိပါလ၊ (၇) ဒုတိယဆပ္ပဒအရှင်ဉာဏသဒ္ဓမ္မ (အရှင်သဒ္ဓမ္မဉာဏ)၊ (၈)တတိယ ဆပ္ပဒအရှင်သဒ္ဓမ္မသီရိ၊ ဤမထေရ်ကြီးရှစ်ပါးတို့ကား ပုဂံ၌ဆရာတပည့်ဆက်ကာ သာသနာတော်ကို စောင့်ရှောက်ကြသည်။

ပညာသင်ကြားရေးတွင် အဓိကအားဖြင့်ငါးပိုင်းရှိပေသည်။ ပညာသင်ကြားသူဆရာ၊ ပညာသင်ယူသူတပည့်၊ ပညာသင်ကြားပေးရာကျောင်း၊ သင်ကြားပို့ချသည့်စာပေ(ဝါ)ဘာသာရပ်နှင့်သင်ကြားနည်းနိဿရည်းစသည်ဖြင့် ခွဲခြားသင့်ပေသည်။ ထိုအချက် ၅ ချက်ကိုမဖော်ပြမီ ထိုခေတ်အခါက ပညာသင်ကြားရေး၏ ရည်မှန်းချက်ကို ရှေးဦးစွာဖော်ပြရန်သင့်ပါသည်။

## (ခ) ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေး၏ ရည်မှန်းချက်များ။

၁။ "သာသန" ဟူသော ပါဠိစကားသည် "အဆုံးအမ"ဟူ၍ အနက်အဓိပ္ပာယ်ရပေသည်။ ပုဂံခေတ်တွင် ဘုရင်မင်းနှင့်တကွ ပြည်သူပြည်သားတို့သည် ဗုဒ္ဓသာသနာတော်အဆုံးအမကို နာခံကြရန် အဓိက ဘဝရည်မှန်းချက်ဖြစ်ပေသည်။ ပညာသင်ကြားရေး၏ ရည်မှန်းချက်လည်း ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးကို ဦးထိပ်ထား၍ ဘဝတလျှောက်လုံး နေထိုင်သွားတတ်ရန်(ဝါ)သာသနာတော် အဆုံးအမနှင့်ကိုက်ညီအောင် နေထိုင်တတ်ရန်ရည်မှန်းလျက် ဗုဒ္ဓစာပေ ကျမ်းဂန်များကို လေ့လာဆည်းပူးအားထုတ်ရန် ရည်ရွယ်ပေသည်။

၂။ "သာသနာ" အဆုံးအမနှင့်စပ်လျဉ်း၍ ဗုဒ္ဓစာပေကျမ်းဂန်များကို လေ့လာဆည်းပူးအားထုတ်ရာ၌--

(က) ပရိယတ္တိသာသနာ၊ ပိဋကတ်စာပေသင်ကြားမှု၊

(ခ) ပဋိပတ္တိသာသနာ၊ ဆုံးမတော်မူတိုင်းကျင့်မှု(တရားအားထုတ်မှု)

(ဂ) ပဋိဝေဓသာသနာ၊ သစ္စာလေးပါးကိုသိမှု၊ စသောသာသနာသုံးရပ် ထွန်းကားရန်ရည်ရွယ်၍ သင်ကြားပေသည်။

၃။ ဗုဒ္ဓ၏ ဆိုဆုံးမချက်အရ မည်သည့် အရာမျှ မတည်မြဲ ဟူသောသဘောကို ဘုရင်နှင့်တကွ ပြည်သူပြည်သားများနားလည်ကြသည်။ ယခုဘဝ၌ ဥစ္စာငွေများ မသေဆေးကိုဝယ်၍ မရနိုင်သည့်ပြင် သေသည့်အခါ၌ ထိုဥစ္စာကိုလည်း ယူ၍မသွားနိုင်ဟူသဘောပေါက်၏။ ထို့ကြောင့် ဖြစ်နိုင်လျှင် အသဒိသဒါနဟူ၍ သူတထူးလိုက်၍ မမှီစွမ်းနိုင်အောင် ပေးကပ်ခြင်းဖြင့် နိဗ္ဗာန်ကိုသွားအံ့ဟု လူတိုင်းမျှော်မှန်း၍ထားပါသည်။ ထိုမျှော်မှန်းချက်သည် ပုဂံခေတ်ပညာသင်ကြားရေး၏ အင်္ဂါရပ်မှန်းချက်ပင်ဖြစ်ပါသည်။

၄။ ပုဂံခေတ်တွင် စာအရေးအသား၊ ဘာသာစကားစတင်တီထွင်ကြံဆရသောကာလဖြစ်၍ ဘုန်းတော်ကြီးကျောင်း၏ အဓိကသင်ကြားရေးမဏ္ဍိုင်သည် ပါဠိဘာသာဖြစ်ပါသည်။ ထို့ကြောင့်ထိုခေတ်ပညာသင်ကြားရေးသည် သာသနာသုံးရပ်ကို လေ့လာနိုင်ရန် ပါဠိဘာသာ၊ ပါဠိသဒ္ဒါ တတ်ကျွမ်းရေးသည် သင်ကြားမှုရည်မှန်းချက်ဖြစ်ပါလိမ့်မည်။ ထိုမှတဆင့်တက်၍ မွန်အက္ခရာကိုမှီး၍ မြန်မာ့အသံနှင့်ညီကာ မြန်မာအရေးအသား တီထွင်ကြံဆရန်လည်း ရည်သန်ကြသည်ကိုတွေ့ရသည်။ ပါဠိစာပေ ဘာသာနှင့်အတူ မွန်စာပေကိုလည်း လေ့လာတတ်ကျွမ်းရန်ရည်မှန်းချက်ထားကြသည်ဟူ၍ ယူဆနိုင်ပါသည်။

''ပါဠိနှင့်သင်္သကရိုက်ဘာသာ နှစ်မျိုးကိုလည်းဦးစားပေးသင်ကြားရာ၊ ပါဠိဘာသာက ပိုမိုပြန့်ပွားသည်။ မြတ်စွာဘုရားပိဋကတ်တော်များ၏ မူလအရင်းအမြစ်မှာ ပါဠိဘာသာဖြင့် တည်ရှိခဲ့သည်ဖြစ်၍ ပါဠိဘာသာပိုမိုပြန့်ပွားဟန်ရှိသည်။ သင်္သကရိုက်ဘာသာဖြင့်ရေးသားထားသော ကျမ်းများမှာ လောကီပညာဖြစ်သော ဝေဒကျမ်းများဖြစ်သည်။ ၎င်းကျမ်းများမှာ လောကီပညာတွင် အဆင့်အတန်းမြင့်သောကျမ်းများဖြစ်သည်။''* ထို့ကြောင့် ပုဂံခေတ် ပညာသင်ကြားရေးတွင်၊ လောကီလောကုတ္တရာ ပညာ ၂ မျိုးကိုသင်ကြားပေးရန်ရည်မှန်းချက်ထားရှိလိမ့်မည်ဟု ယူဆနိုင်ပေသည်။

---

* ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေးမော်ကွန်း၊ လူမှုဝန်ထမ်းဌာန၊ ၁၉၅၈၊ စာမျက်နှာ - ၃၁။

၅။ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေး၏ ရည်ရွယ်ချက်တွင် အဓိကအားဖြင့်ပြောရလျှင်-

"ဘုန်းတော်ကြီးကျောင်းပညာရေးကားအ-သုံးလုံးတည်းဟူသော အရေး၊ အဖတ်၊ အတွက်သင်တန်းများမှ လောကုတ္တရာ အထက်တန်းစာပေများသို့ ရှေးရှုသွားလေသည်။ များသောအားဖြင့် ကျောင်းသားသူငယ်များသည် ရေးတတ်၊ ဖတ်တတ်ရုံမျှ ရှိလျှင် ကျောင်းထွက်ကြကာ မိဖ၏လုပ်ငန်းတွင် ဝင်ရောက်ကူညီလုပ်ကိုင်သည်သာ များလေသည်။"*

ထို့ကြောင့် ပုဂံခေတ်တွင် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေး ရည်မှန်းချက်တွင် (၁) ဗုဒ္ဓဘာသာဆိုင်ရာ အထက်တန်းစာပေ၊ လောကုတ္တရာကျမ်းစာများ တတ်ကျွမ်းရန်နှင့်(၂)အရေးအဖက်အတွက် တတ်အောင် သင်ကြားပေးရန် ရည်ရွယ်ချက် ၂ မျိုးထားရှိလိမ့်မည်ဟု ယူဆနိုင်ပါသည်။

## (ဂ) သင်ကြားသူဆရာ

"မြန်မာဘာသာတွင်'ဆရာ'ဆိုသောစကားသည်၊ 'ဆရာ' ဟောပင်ဖြစ်သော၊သံသကြိုင်္ဃဘာသာ'အာစာဂျ'နှင့် ပါဠိဘာသာ'အာစရိယ'ပုဒ်တို့မှဆင်းသက်လာသည်။"** ထိုသို့အဆိုရှိသည်။ ထို့အပြင် ပုဂံခေတ်တွင် "[ဆ၇၂၁၊ ဆာ၍၁၊ဆိ၇၂၁၊[ဆ၂၁၊[ဆိ၂၁ ဟု အရေးအသား ၅ မျိုးပြားသော်လည်း ထိုပုဒ်မှာ သက္ကဋ (အာစာယ)၊ ပါဠိ(အာစရိယ၊ အာစေရ) တို့မှ ဆင်းသက်လာသော ပုဒ်ဖြစ်ပါသည်။" + ဟူသောအထောက်အထားကို တွေ့ရပါသည်။

---

* မြန်မာနိုင်ငံပညာရေး(အပိုင်းက)၊ နှစ်ငါးဆယ် ယဉ်ကျေးမှုရေးရာ (၁၉၀၀-၁၉၅၀) ဘာသာပြန်စာပေအသင်း၊ စာမျက်နှာ- ၂၁၅။

** ဦးဖိုးလတ်၊ မြန်မာစကားအဖွင့်ကျမ်း၊ ပထမတွဲ၊ ရန်ကုန်မြို့၊ပညာနန္ဒပုံနှိပ်တိုက်၊ ၁၉၆၂၊ စာမျက်နှာ - ၂၁၄။

\+ ဦးတင်လှ၊ ပုဂံခေတ်ပညာသင်ကြားရေး။ တက္ကသိုလ်ဆရာများစာစောင်၊ ၁၉၆၁၊ ၆၂။ စာမျက် - ၂။

ဘုန်းကြီးကျောင်းပညာရေးတွင်'ဆရာ'နှင့်ပတ်သက်၍၊ ဦးတင်လှက ပုဂံခေတ် ပညာသင်ကြားရေးစာတမ်းတွင် အောက်ပါအတိုင်း မှတ်ချက်ချထားပါသည်။

"ဘုန်းကြီးကျောင်း ပညာသင်ကြားရေးထွန်းကားသောခေတ်တွင် စာပေသင်ကြားပို့ချသော ဆရာတို့မှာ များသောအားဖြင့် ရဟန်းတော်များသာလျှင် ဖြစ်လိမ့်မည်ဟုယူဆရပါသည်။ လူဝတ်ကြောင်ဆရာများလည်း ရှိခဲ့သည့် အရိပ်အယောင်တွေ့ရပါသည်။ ပုဂံခေတ်ဆရာများသည် ယနေ့ကျောင်းဆရာတို့ကဲ့သို့ လစာရကြသည်ဟု ကျွန်ုပ်တို့ မပြောလင့်နိုင်ပါ။ ရဟန်းတော်တို့သည် အခကြေးငွေ လက်ခံခြင်းကို ၎င်းတို့လိုက်နာကျင့်သုံးရသော ဝိနည်းပညတ်တော်က ခွင့်မပြုပါ။"ဟူ၍ ဖော်ပြထားပေသည်။

ထို့ကြောင့် မြန်မာတို့အစဉ်အလာအရ ကိုးကွယ်ထိုက်သူ ငါးပါးတွင်၊ ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘစသည့် ပုဂ္ဂိုလ်ငါးဦးတွင် ပုဂံခေတ် ရဟန်းတို့သည် 'သံဃာ'နှင့် 'ဆရာ' ဟူသော ဂုဏ်ပုဒ် ၂ ခုကို ရရှိထားပေလိမ့်မည်။

ပုဂံခေတ်စာပေသင်ကြားပို့ချရသူ ရဟန်းများနှင့်ပတ်သက်၍သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းက အောက်ပါအတိုင်း ရေးသားထားပေသည်။

"ရတနာသုံးပါးတွင် နောက်ဆုံးအမျိုးမှာသံဃာဖြစ်၏။ ထိုပုဂ္ဂိုလ်အများ၏ အဖွဲ့အစည်းဟုအဓိပ္ပာယ်ရသော ပါဠိဝေါဟာရ သံဃပင်ဖြစ်ရာ ပျူက သဃ်ာ (ပုံ ၃၆၃ က/၁၆)၊ မွန်က သဃ်ာ (မကပ ၃၊ ၁၊ အမှတ် ၁၁ က/၆)ဟု ခေါ်ဝေါ်သည်များနှင့်အတူတူပင်ဖြစ်၏"× ဟူ၍ဆိုသည်။

သဃ်ာကို ၂ မျိုးခွဲထားသည်။ ကျောင်းနေသဃ်ာနှင့် တောကျောင်းရဟန်းဟူ၍ခွဲသည်။ တောကျောင်းရဟန်းကို အရညဝါသီဟူ၍လည်း

× ဒေါက်တာ သန်းထွန်း၊ ပုဂံခေတ်သာသနာရေး၊ ခေတ်ဟောင်းမြန်မာရာဇဝင်၊ မဟာဒဂုံစာပေ၊ ၁၉၆၄။ စာမျက်နှာ - ၂၀၈။

ကောင်း၊ အရည်းဟူ၍ လည်းကောင်းခေါ်သည်။ မင်းစိုးရာဇာတို့ကို လူအများက သခင်ဟုခေါ်သကဲ့သို့ ရဟန်းများကိုလည်း သခင်ဟုတပ်၍ ခေါ်ကြသည်။ ထို့ပြင် ဗုဒ္ဓ၏သား၊ ဗုဒ္ဓ၏တပည့်၊ မွန်မြတ်သူများ အရဟတ္တဖိုလ်လမ်းကို သွားနေသူများဟု တင်စားခေါ်ကြသည်ကိုတွေ့ရသည်။ အရိယသင်္ဃာ၊ ရဟန်းသင်္ဃာဟူ၍လည်း ထိုခေတ်က ခေါ်ဝေါ်ကြသည်ကိုထောက်၍ အိမ်ရာထောင်ခြင်းမရှိ၊ သန့်စင်၊ မွန်မြတ်၊ လိမ်မာ၍ ကြည်ညိုဖွယ်ရှိသူဟူ၍ ဆိုလိုသည်။ ဒေါက်တာသန်းထွန်းက ပညာသင်ကြားရေးနှင့် ပတ်သက်၍-

"ထင်ရှားသော ရဟန်းကြီးအပေါ်တွင် စာသင် (ပုံ ၁၄၃ က/၂၆) များစွာရှိတတ်သည်။ ပရိယတ္တိ (စာပေကျမ်းဂန်သင်ကြားခြင်း ပုံ၂၇၅/၂၆) အားထုတ်ကြရန်ဖြစ်ပါသည်။ ပဋိပတ္တိ (တရားကျင့်ခြင်းပုံ ၂၇၅/၂၇) သက်သက်လည်း ဆောင်ရွက်သူများ ရှိပေမည်။ စာသင်များစွာ ရှိသောကျောင်းများ၌ ငွေရေးကြေးရေးဖူလုံအောင် လှူဒါန်းသူများ ရှိသောကြောင့် ဗုဒ္ဓတက္ကသိုလ်များဖြစ်လာကြရပါသည်။" ဟူ၍ဆိုပါသည်။

ထို့ကြောင့် ပုဂံခေတ် ပညာသင်ကြားရေးတွင် ရဟန်းတို့ကဆရာအဖြစ်သင်ကြားပို့ချ၍ စာသင်တပည့်များကို အခမဲ့ပညာပေးနိုင်ရန် လှူဒါန်းသူများရှိကြောင်း ပုဂံကျောက်စာများအရ သိရပေသည်။ ယင်းသို့လှူဒါန်းရာတွင်လောကုတ္တရာကျွန်ဟုဆိုသော-

၁။ ဘုရားကျွန်၊

၂။ ပိဋကတ်ကျွန်၊

၃။ ကျောင်းကျွန် များကိုပါ လှူဒါန်းလေ့ ရှိကြသည်။

ယင်းသို့လှူဒါန်းရာ၌--

"မင်းဧကရာဇ်၊ ပဒေသရာဇ် လူတန်းစား သဌေးသူကြွယ်တို့ အလှူကြီး ပြုကြရာတွင်လည်းကောင်း၊ စေတီဂူများ၊ သိမ်ကျောင်း ဆောက်လုပ် ကြရာတွင်လည်းကောင်း၊ သာသနာ့ အလုပ်အကျွေးအဖြစ် ကျွန်များကို လှူလေ့ရှိသည်။ အရေအတွက် အနည်းငယ်မှသည် လူအုပ်စုလိုက် သို့မဟုတ် ရွာလုံးကျွတ် ကျွန်အဖြစ် လှူသည်များ

များကို တွေ့ရသည်။ ယင်းအလှူခံရသူများသည် ဘုရားကျောင်း၏ ဝေယျာဝစ္စများကို အစစအရာရာ ဆောင်ရွက်ကြရသည်။ အလှူရှင်က ကျွန်များနှင့် တပါတည်း ဘုရားဝတ္တကမြေအတွက်လည်းကောင်း၊ ဘုရားကျောင်းများအား ထိန်းသိမ်း စောင့်ရှောက်ရန် အတွက်လည်းကောင်း၊ လယ်မြေနှင့် ခြံမြေများကို အများအပြား လှူဒါန်းကြပါသည်။

ထို့ကြောင့် ကျောင်းအဆောက်အအုံ၊ ကျောင်းပိုင်လယ်မြေ၊ ခြံမြေ ကျောင်းဝေယျာဝစ္စတို့ကို ဆောင်ရွက်ရန် ကျွန်များရှိပြီးဖြစ်၍ သံဃာတို့အဖို့ စာပေပို့ချဖို့သာ အာရုံစိုက်နိုင်ကြလိမ့်မည်ဟု ယူဆရပေသည်။

### (ဃ) ထင်ရှားသော ရဟန်းတော်များ

သံဃာနှင့် ဆရာ ဂုဏ်ပုဒ်ရှင် ရဟန်းတော်များက ပညာရည်မှန်းချက် ပြည့်မြောက်အောင် ဆောင်ရွက်ခဲ့ကြသည်။ ဘုရင်များက အားပေးခဲ့သည်။ ထင်ရှားသည့် ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်တို့၏ အကြောင်းကို အမြွက်မျှ ဖော်ပြအပ်ပါသည်။

၁။ ရှင်အရဟံ။ ။မွန် ရဟန်းဖြစ်၍ ထေရဝါဒ ဂိုဏ်းဝင် ဖြစ်သည်။ ခရစ်နှစ် ၁၀၅၆-ခုနှစ်တွင် ရှင်အရဟံသည် ပုဂံတွင် လာရောက် သီတင်းသုံးသည်။ အနော်ရထာမင်းက ကြည်ညိုကိုးကွယ် ဆည်းကပ်သည်။ အနော်ရထာ မင်းကြီး သည် ရှင်အရဟံ သီတင်းသုံးရန် အရည့ဝါသီတောကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ဤတောကျောင်းမှာ ညောင်ဦး ဥယျာန် အနောက်ဥဒ္ဓံ မုဋ္ဌောမြောက် အရှေ့ယွန်းတွင် တည်ရှိသည်။ အနော်ရထာမင်းကြီးသည် ရေထမ်း၍ မိဖုရားကားဆွမ်းရွက်၍ နေ့တိုင်းမပြတ် လုပ်ကျွေးခဲ့သည်ဟု သမိုင်းဆိုရိုးရှိသည်။

အနော်ရထာသည် ရှင်အရဟံ၏ တိုက်တွန်းချက်အရ သထုံသို့ တိုက်ခိုက်သိမ်းယူ၍ ပုဂံနိုင်ငံကိုလည်း ထေရဝါဒအယူ ထွန်းကားစေရန် ကြံဆောင်ခဲ့သည်။

---

\+ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ အခြေပြ မြန်မာ့နိုင်ငံရေးသမိုင်း၊ ၁၉၇၀။ စာမျက်နှာ ၂၇၉။

ကျန်စစ်သားလက်ထက် နန်းတည်အခမ်းအနားပွဲတော်တွင် အကြီးအကဲ ဖြစ်ခဲ့သည်။ ထို့ကြောင့် ထီးလှိုင်ရှင်-ကျန်စစ်သား မင်းကြီးလက်ထက်တွင် မင်းကို လောကုတ္တရာရေးရာ ညွှန်ပြရသော ဆရာတော်ဖြစ်ခဲ့သည်။ မင်းနှင့် ဆရာတော်ပေါင်း၍ သာသနာသန့်စင်အောင် ကြံဆောင်ခဲ့ကြသည်။ ဆရာတော်၏ နောက်လိုက် အခြွေ အရံ ရဟန်း ၄၁၀၀ ပါးရှိမည်။ ရာဇကုမာရ ကျောက်စာပါ မဟာထေရ်မှာ ရှင်အရဟံ ဆရာတော်ဖြစ်သည်။

ဆရာတော်သည် အလောင်းစည်သူမင်း (၁၁၁၃-၁၁၆၂) လက်ထက်တွင် ပျံလွန်တော်မူသည်။ အနော်ရထာမင်း၊ ကျန်စစ်သားမင်းနှင့် အလောင်းစည်သူမင်းလက်ထက် မင်း သုံးဆက်တိုင် သာသနာ့အကျိုးစီးပွား နိုင်ငံ့အကျိုးစီးပွားအတွက် ထူးချွန်စွာ ဆောင်ရွက်ခဲ့သည်။ ခရစ်နှစ် ၁၁၁၃ ခု၊ သက်တော် ၈၁ နှစ်တွင် ပျံလွန်တော်မူသည်။

၂။ ရှင်ဓမ္မသေနာပတိ။ ။သက္ကရာဇ် ၄၂၆ ခုနှစ်တွင် နန်းတက်သော ကျန်စစ်သား မင်းလက်ထက်တွင် နန္ဒာဂူအနီး နန္ဒာ ကျောင်းတိုက်၌ သီတင်းသုံးတော်မူသည်။ ဆရာတော်၏ ထင်ရှားသော ကျမ်းတစောင်မှာ ကာရိကာကျမ်းဖြစ်သည်။ ထိုကျမ်းနှင့် ပတ်သက်၍ စွယ်စုံကျမ်းတွင် အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရသည်။

"ပုဂံပြည် အနော်ရထာစော လက်ထက် သထုံပြည်ကို တိုက်၍ ပိဋကတ်တော် အစုံ သုံးဆယ်နှင့် တကွ ပိဋကတ် တတ်မြောက်သော သံဃာတော်များပါ ပင့်ဆောင်ခဲ့ပြီးလျှင် ပုဂံပြည်တွင် ပိဋကတ်တော်တို့ကို သင်ကြားပို့ချစေ၏။ ပါဠိ ပိဋကတ်တော်ကို မြန်မာလို အဓိပ္ပာယ် ပြန်ဆို ပို့ချသင်ကြားရာမှာ သဒ္ဒါနည်းသည် အလွန်အရေးကြီး၏။ သို့ဖြစ်၍ ထိုအခါမှာ သဒ္ဒါကျမ်းကို အထူးလေ့လာရသည်ဖြစ်၍ ပုဂံမှာ သဒ္ဒါတတ်ပုဂ္ဂိုလ် သဒ္ဒါကျမ်းပြု ပုဂ္ဂိုလ်တို့ ပေါ်များသည်။"

ရှင်ဓမ္မသေနာပတိ စီရင်သော ကာရိကာကျမ်းသည် ပုဂံပြည်တွင် ရှေးအကျဆုံးသော ကျမ်းဖြစ်သည်။ ဤကာရိကာကျမ်းတွင် မပေါ်လွင်သော အနက်အဓိပ္ပာယ်များကို သိလွယ်ရန် အဖွင့်ကျမ်းဖြစ်သော

ကာရိကာ ဋီကာကျမ်းကိုလည်း ရှင်ဓမ္မသေနာပတိ ကိုယ်တော်ပင် ပြုစုခဲ့ပေသည်။

၃။ ရှင်အဂ္ဂဝံသမထေရ်။ ။နရပတိ စည်သူမင်း (၁၁၇၄-၁၂၁၁)လက်ထက်၊ ရှင်အဂ္ဂဝံသမထေရ်သည် သဒ္ဒနီတိကျမ်းကိုပြုစုခဲ့သည်။ "သဒ္ဒနီတိသည် ပါဠိသဒ္ဒါနယ်ပယ်တွင် အကျယ်အဝန်းဆုံးနှင့် အပြည့်စုံဆုံး ကျမ်းတဆူဖြစ်ရာ ယနေ့အထိ ဤကျမ်းထက်ပိုမိုကျယ်ဝန်းပြည့်စုံသော ပါဠိသဒ္ဒါကျမ်းမရှိသေးပေ"+

ဆရာမင်းသုဝဏ်ကလည်း ပုဂံခေတ်မြန်မာတို့ သဒ္ဒါကျမ်းများအထူးလေ့လာပုံနှင့်ပတ်သက်၍ ဖော်ပြရာတွင်-

"ပုဂံခေတ်မြန်မာတို့သည် ပိဋကတ်တို့ကို ထိုသို့လေ့လာလိုက်စားရာတွင် အခက်အခဲများစွာနှင့် ရင်ဆိုင်ခဲ့ကြပေမည်။ မိမိတို့ဘာသာသည် တိဗက်တရုတ်မျိုးရိုးဝင်ဖြစ်သည်။ ပါဠိဘာသာသည် အိန္ဒိယဥရောပ မျိုးရိုးဝင်ဖြစ်သည်။ မျိုးရိုးချင်းအလွန်ကွဲပြားသည်။ ထိုပြင် မိမိတို့ဘာသာမှာယခုမှ အက္ခရာတင်သစ်စဖြစ်သည်။ ပါဠိမှာ နှစ်ပေါင်းများစွာကပင် မြင့်မားသော စာပေအဆင့်အတန်းသို့ရောက်နေခဲ့ပြီ။ တဖန်လည်းမိမိတို့မှာ ရိုးရိုးလွယ်လွယ်တွေးတောကြသူများဖြစ်သည်။ ပါဠိသက္ကတကျမ်းဂန်လာ အတွေးအခေါ်တို့မှာမူကား အလွန်နက်နဲသိမ်မွေ့ဆန်းကြယ်ကြသည်။ ဤသို့သောကွဲပြားခြားနားချက်တို့ကို ကျော်နင်းနိုင်အောင် ပုဂံခေတ် မြန်မာတို့သည် အထူးအားထုတ်ခဲ့ကြရမည်မုချဖြစ်သည်။ ပိဋကတ်ရေး ဘာသာပါဠိကို နားလည်နိုင်ရအောင် သူတို့သည် သဒ္ဒါကျမ်းများကို အထူးလေ့လာကြသည်။ ပုဂံဆရာတော်တို့ကိုယ်တိုင်ပြုစုခဲ့သော သဒ္ဒါကျမ်းများပင်လည်း မနည်းလှချေ။ ပိဋကတ်စာပေရောက်၍ အနှစ် ၁၀၀ မျှ

---

+ ဦးကျော်ရှိန်၊ သဒ္ဒနီတိကျမ်း၏ အစီအစဉ်၊ ပညာပဒေသာစာစောင်၊ အတွဲ-ဂ၊ အပိုင်း-၃၊ စာမျက်နှာ-၅ဂ။

မရှိသေးခင်သဒ္ဒနီတိကျမ်းသည် ပုဂံပြည်တွင်ပေါ်ပေါက်၍ သီဟိုဠ်ကျွန်းသို့ကူးရောက် ကျော်စောလေသည်။”*

သဒ္ဒနီတိကျမ်းသည် ပုဂံခေတ်တွင်အကျော်ကြားဆုံးသော ကျမ်းတဆူဖြစ်၍ ကျမ်းပြုဆရာတော်သည်လည်း အထင်ရှားဆုံးပုဂ္ဂိုလ်ဖြစ်ခဲ့ပေသည်။

၄။ နရပတိစည်သူမင်းလက်ထက်တွင် သံပျင်အမတ်ပြုစုသောသံပျင်ဋီကာခေါ် ပါဠိသဒ္ဒါကျမ်းလည်း ပေါ်ပေါက်ခဲ့သည်။

၅။ ရှင်ဆပဒ။ ။ရဟန်းဘွဲ့ရှင် သဒ္ဓမ္မဇောတိပါလသည် ပုသိမ်မြို့ စီရင်စု၊ ဆပဒရွာဇာတိဖြစ်သည်။ ရှင်ဆပဒပြုစုခဲ့သောကျမ်းများကား-

(၁) သဒ္ဒါဖက်ဆိုင်ရာ သုတ္တနိဒ္ဒေသကျမ်း၊

(၂) အဘိဓမ္မာဖက်ဆိုင်ရာ သခေ်ပဝဏ္ဏနာကျမ်း၊

(၃) ဝိနည်းဖက်ဆိုင် ဝိနယဂူဠတ္ထဒီပနီကျမ်းတို့ဖြစ်သည်။

နရပတိစည်သူမင်းလက်ထက် ဆရာတော် ဥတ္တရာဇီဝမထေရ်နှင့် သီဟိုဠ်သို့ ကြွ၍ ပဥ္စင်းဝတ်ပြီးနောက် ကျမ်းဂန်သင်ကြားခဲ့သည်။ သက္ကရာဇ် ၁၁၉၂ တွင် အာဂန္တုရဟန်းလေးပါး ပင့်ဆောင်၍ ပုဂံသို့ပြန်ကြွခဲ့သည့် ကိုယ်တော်ဖြစ်သည်။ ညောင်ဦးအရပ်၌ ဆပဒစေတီကိုတည်၍ သိမ်တင်းသုံးကာ သာသနာပြုတော်မူသည်။

၆။ ဓမ္မဝိလာသ။ ။ဓမ္မဝိလာသ ဓမ္မသတ်ကို သက္ကရာဇ် ၅၃၆ ခု၊ နန်းတက်သော ပုဂံနရပတိစည်သူမင်းလက်ထက်၊ ဒလမြို့ စီရင်စု၊ ပတိပ္ပဇေယျရွာဇာတိ၊ ရဟန်းမည် ရှင်သာရိပုတ္တရာ၊ တံဆိပ်မည် ဓမ္မဝိလာသပုဂ္ဂိုလ်သူမြတ် ဒလမြို့တွင် သိမ်တင်းသုံးနေစဉ် မနုရင်းဓမ္မသတ်ကိုမှီ၍ စီရင်သည်။ ဓမ္မဝိလာသ မထေရ်သည် ပုဂံတွင် အရှင်အာနန္ဒာ မထေရ်ထံ၌ ရဟန်းခံသည်။ ကျမ်းဂန်တတ်မြောက်ကျော်စော၏။ ဒလမြို့သို့ကြွ၍ ရဟန်းများစွာကို ကျမ်းဂန်သင်စေ၏။

---

* ဦးဝန်၊ ဘာသာပြန်သမိုင်းအချုပ်၊ မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်။ ၁၉၆၂။ စာမျက်နှာ-၁၃၀၊ ၁၃၁။

၇။ **ကျစွာမင်း။** ။သက္ကရာဇ် ၅၉၇ ခုနှစ်၊ နန်းတက်သော ကျစွာမင်းသည် ပိဋကတ်သုံးပုံကို ကိုးခေါက်ပြန် သင်ကြားသဖြင့် တတ်မြောက်လှသောကြောင့် ရဟန်းများကို တနေ့ခုနစ်ကြိမ် သင်ကြားပို့ချပေးသည်။ သမီးတော် သံပျင်မင်းသမီးသည်လည်း ကျမ်းတတ်တဦးဖြစ်သည်ဟု ကျော်ကြားသည်။ ကျစွာမင်းသည် မင်း မောင်းမတို့ အလွယ်တကူ မှတ် သား နိုင် ရန် အဘိဓမ္မာဆိုင်ရာ ပရမတ္ထဗိန္ဒုကျမ်းကိုပြုစု၍ သဒ္ဒါဖက်ဆိုင်ရာ သဒ္ဒဗိန္ဒုကျမ်းကို အဖွင့်ဋီကာနှင့်တကွ ပြုစုခဲ့သည်။

၈။ **ဦးကျည်ပွေ့။** ။နရပတော့်မင်း (အေ၊ ဒီ၊ ၁၂၅၄ - ၈၇) လက်ထက်တွင် ပုဂံပြည်၌ ပုဂ္ဂိုလ်ထူးတဦးပေါ်ပေါက်ခဲ့သည်။ ယင်းပုဂ္ဂိုလ်မှာ အသက်ခြောက်ဆယ်ကျော်မှ ပိဋကတ်စာပေကို သင်ယူ၍ ကျမ်းတတ်အကျော်တပါး ဖြစ်လာသည်။ ဒီသာပါမောက္ခဟူသော မင်းပေးဘွဲ့ကိုလည်း ခံယူသည်။ ဦးကျည်ပွေ့သည် ဂမ္ဘီရတ္တဂန္ထခေါ် သဒ္ဒါကျမ်းနက်ကို ပြုစုသည်ဟု အဆိုရှိပေသည်။

ဤကား ပုဂံခေတ်တွင် ကျော်ကြားခဲ့သော ရဟန်းတော်များ၊ ဘုရင်၊ လူပုဂ္ဂိုလ်များနှင့် ကျမ်းများဖြစ်ပေသည်။ ဤရဟန်းများကျမ်းများသည် ပုဂံခေတ် ပညာရေးအတွက် အထူးလေးစားခြင်းခံရသော ပုဂ္ဂိုလ်ကျော်များနှင့် ကျမ်းများဖြစ်ပေလိမ့်မည်။

ပုဂံခေတ်ဘုန်းတော်ကြီးကျောင်းများတွင်လည်း ဤပိဋကတ်ကျမ်း သဒ္ဒါကျမ်း၊ ဓမ္မသတ်ကျမ်းတို့ကို ရှင်လူအများက တလေးတစားလေ့လာဖတ်ရှု သင်ကြားဆည်းပူးကြမည် ဟုယုံကြရပေသည်။

## (င) သင်ယူသူတပည့်-စာသင်

ဆရာ၏ ဆုံးမသွန်သင်ခြင်းကိုခံယူသူ 'တပည့်' ကို ပုဂံခေတ်တွင်-

၁။ တဗေအ်သာကြီ (တဗေ့သားကြီး)။ ၅၅၂-ခုစွဲ၊ လေးမျက်နှာဘုရား၊ အနောက်မျက်နှာ၊ မင်းအနန္တသူကျောက်စာ-၄။

၂။ တပေအ်၊ တပေအ်သာ၊ တပေအ်သာကြီ (တပေ့သား၊ တပေ့သားကြီး) ၅၉၃ ခုစွဲ၊ စောမင်းလတ်ကျောက်စာ ၉။ ၅၆၇

ခုစွဲ၊ ဓမ္မရုံကြီးကျောက်စာ၊ ၁၂၊ ၁၃။ ၆၀၄ ခုစွဲ၊ ၆၂၈ ခုစွဲ၊ အာမနာကျောင်း ကျောက်စာ၊ ၅။ ဟူ၍ အမျိုးမျိုးရေးလေ့ရှိသည်။

'တပည့်'ဟူသောဝေါဟာရကို ပုဂံခေတ်တွင် တွေ့ရသော်လည်း ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ယူသူများကို တပည့်ဟူ၍ ခေါ်ဝေါ်သုံးစွဲသည်ထက်'စာသင်'ဟူ၍ ခေါ်ဝေါ်သည်ကများပေသည်။

၁။ မင်းလုပိယ်သော ၎င်မိယ်ပုံလယ် ၃၀ ကာကျွောင်စာသင်ခပင်ရွယ်စာမူစိယ်သတေ။ (နှောင်ပိယ်သောမစယ်ပေါင်လဲ ၃၀၀ ကာကျွောင်ထေရစာစိယ်သတေ။ (ပုံ ၁၀၅ က၊၃၃-၃၄)ဟူ၍လည်းကောင်း။

ပုဂံမြို့အရှေ့မြောက်အရပ်၊ အိမ်ရာကျောင်း ကျောက်စာတွင်-

၂။ စာသကိုရယောက်တေ။ (ပုံ ၁၄၃ က၊ ၂၆ ) ဟူ ၍ လည်းကောင်း တွေ့ရသည်။

၃။ ၁၃ ရာစုကျောက်စာတို့၌ ဝိနည်းမိုရ်အမည်ခံဆရာတော်တပါးကို မကြာခဏဖော်ပြရေးသားသည်ကိုတွေ့ရသည်။ စာသင်တိုက်ကြီး၏ အကြီးအကဲဖြစ်၍ စာသင်များစွာကို စာပေပို့ချနေဟန်ရှိသည်။ ထိုဆရာတော်ကို မင်း၊ဆင်းရဲသားအများကပင်ကြည်ညိုကြ၏။ ဝိနည်းအပ္ပိုအချနိုင်နင်းလှသဖြင့် စာသင်များပေမည်။ အေဒီ ၁၂၄၃ ခုတွင်၊ သူ့ကျောင်းတိုက်၌ စာသင်တို့နေရန်ကျောင်းနှစ်ဆယ်ထပ်၍ ဆောက်ရသည်ဟုသိရသည်။

စာသင်ဟူသောဝေါဟာရသည် ယခုခေတ်ဘုန်းတော်ကြီးကျောင်းများ စာသင်တိုက်များတွင် အသုံးများသော 'စာသင်သား' ဟူသော ဝေါဟာရနှင့်တူညီသည်။

> "ပိဋကတ်တိုက်များမှာ စာသင်တိုက်နှင့် တွဲဖက်နေလေ့ရှိ၏။ ရဟန်းငယ်များသည် ပရိယတ္တိ (စာပေကျမ်းဂန် သင်ခြင်း၊ ပုံ ၂၇၅/၂၆)ဖြင့်သာအချိန်ကုန်ကြရ၏။ ထို့ကြောင့် ထိုသူတို့ကို'စာသင်'(ပုံ ၈၅/၂၅)ဟုခေါ်၍ သင်ကြားပို့ချသောနေရာကို 'စာသင်တိုက်' (ပုံ ၁၃၈/၂၃) သို့မဟုတ် စာသင်ကျွောင် (ပုံ ၁၀၅ က/၁၂) ဟု

ခေါ်ပါသည်။ ထိုကျောင်းမျိုး၌ နေသူများမှာ စား
သောက်နေထိုင်ရေးအတွက် စရိတ်မကုန်(ပုံ ၇၅/၂၅)။
အချို့ကျောင်း၌ စာသင်နှစ်ယောက် (ပုံ ၁၉၅ ခ/ဂ)
မျှသာရှိသော်လည်း အချို့ကျောင်းတိုက်တွင် စာသင်
များနေရန် ကျောင်းဆောင် နှစ်ဆယ် (ပုံ ၁၅၂/၆)
အထိရှိပါသည်။"

စာသင်တို့အသုံးပြုရန်၊ တနည်းစားသောက်ရန် ဆန်စပါး လယ်ယာ
များကို လှူဒါန်းကြကြောင်း သိရှိရသဖြင့် စာသင်တို့အား အစားအစာ
ပေးသည်ဟူ၍လည်းကောင်း၊ စာသင်တို့တွင်ကျောင်းအိပ်ကျောင်းစား
များ ပါဝင်သည်ဟူ၍လည်းကောင်း၊ ယူဆနိုင်ကြောင်း၊ပုဂံခေတ်ပညာ
သင်ကြားရေးသည် အခလွတ် ဘုန်းကြီးကျောင်း ပညာသင်ကြားရေး
ဖြစ်ကြောင်း ဦးတင်လှ၏ စာတမ်းတွင်ဆိုထားပေသည်။

## (စ) ကျောင်း

ပုဂံခေတ်က'ကျောင်း'ဆိုသောစကားလုံးကို 'ကွလောင်' ဟူ၍ စာလုံး
ပေါင်းသည်။ ပုံစံအားဖြင့်ပြရလျှင်—

၁။ စာသင်ကွလောင် ၅ ခုလ္လုအ်။ (ပုံ ၁၀၅ က/၁၂)။

၂။ တန်ဆောင်ကြီကာပြီ။ စာသင်တိုက်ကာမပြီသိယ်။(ပုံ၂၇၁/
၃၇-၃၈)ဟူ၍ စာသင်ကျောင်း စာသင်တိုက်ဟူ၍ ခေါ်ဝေါ်
လေ့ရှိကြောင်းသိရသည်။ ပုဂံခေတ်ကျောင်းအမျိုးမျိုးရှိသည်
နှင့်ပတ်သက်၍ ဆရာကြီး ဦးဖေမောင်တင်က အောက်ပါအ
တိုင်း ရှင်းလင်းထားသည်ကို လေ့လာရပါသည်။

"ကုလာကွလောင်ဆိုသည်ကား အုတ်ကျောင်းကို ဆို
သည်။ မျက်မှောက်ခေတ်၌ ဘုန်းကြီးကျောင်းဟူသည်
ဗုဒ္ဓဘာသာ ရဟန်းကျောင်းကို ဆိုသကဲ့သို့ဖြစ်သည်။ ကု
လာ၊ ပါဠိကုလာမှာ ကျောက်စာတို့တွင် ကုလားလူမျိုး
ကိုဆို၍ အိန္ဒိယပြည်မှ ဗုဒ္ဓဘာသာနှင့်အတူ ပါလာခဲ့
သောရဟန်း၏ကျောင်းကိုလည်း ဆိုလိုဟန်ရှိသည်။ စာ
သင်ကျောင်းကို စာသင်ကွလောင်ဟုခေါ်လျက်၊ ယနေ့တိုင်
ခေါ်ဝေါ်လျက်ရှိပေသည်။ စာလစ်ကွလောင်ဟူသည် စု

လစ်ပါသောရဟန်းကျောင်းကိုဆိုလိုသည်။ × × × × တောကျောင်း၊ ပါဠိအာရညကကိုဆိုသည်။ငါးမျက်နှာ ကျောင်းဟူသည် ငါးမျက်နှာ ကျောင်းဖြစ်သည်။ အိမ် ကျောင်းဆိုသည်မှာ ပကတိအားဖြင့် အိမ်ကျောင်းဟူ လျက်၊ တောကျောင်းမဟုတ်သော ရွာကျောင်းကိုဆိုလို ဟန်ရှိသည်။''+

သို့ရာတွင် 'ကျောင်း' ဝေါဟာရပါတိုင်း 'စာသင်' သည်ဟု မယူဆ သင့်ကြောင်းကို ပုဂံခေတ်ပညာသင်ကြားရေး စာတမ်းတွင် ဆရာဦး တင်လှက အောက်ပါအတိုင်းကောက်ချက်ချခဲ့ပါသည်။

"(ကျောင်း)နှင့် စပ်လျဉ်း၍ (ကျောင်းမြင်၊ ကုလာ ကျောင်း၊ စလစ်ကျောင်း၊ တပ်ကျောင်း၊ ဇရာကျောင်း) စသည့် အသုံးအနှုန်းများကိုလည်း တွေ့ရပေသေးရာ ယင်းကျောင်းတိုက်တို့တွင် ရဟန်းတော်များသီတင်းသုံး ရုံသာသုံးကြ၍စာပေသင်ကြားခြင်းပြုလုပ်လိမ့်မည်မထင် မိပေ။ ယခုခေတ်တွင် ဘုန်းတော်ကြီးကျောင်း အမြောက် အမြားရှိရာ၌ စာပေသင်ကြားပို့ချသောကျောင်းကို(စာ သင်တိုက်)ဟု ခေါ်ကြ၍ စာပေသင်ကြားပို့ချခြင်း မပြု သောကျောင်းများကိုကား သာမန်အားဖြင့် (ဘုန်းကြီး ကျောင်း)ဟူ၍ ခေါ်ဝေါ်ကြပါသည်။''*

ထို့ကြောင့်အများအားဖြင့် စာသင်များနေထိုင်သင်အံရာအဆောက် အအုံများကို 'စာသင်ကျောင်း'ဟူ၍သည်းကောင်း၊ စာသင်တိုက်ဟူ၍ လည်းကောင်းခေါ်ပါသည်။ အုတ်ဖြင့်ဆောက်သောကျောင်းကို၊အုတ် ကျောင်း၊ သို့မဟုတ်၊ကုလားကျောင်း၊ဟုခေါ်ဝေါ်ကြောင်းမှတ်သားရ ပါသည်။ စာသင်တိုက်နှင့် စာသင်ကျောင်းသာ ပညာသင်ကြားပို့ချ ရာဌာနဟူ၍ ယူဆသင့်ပါသည်။

---

\+ ဦးဖေမောင်တင်၊ ပုဂံကျောက်စာပါ ဗုဒ္ဓဘာသာ၊ မြန်မာဝတ္ထု သမိုင်းအစနှင့် သုတေသနစာတမ်းများ၊ စိန်ပန်းမြိုင်စာပေ၊ ၉၆၉ စာမျက်နှာ ၁၄။

* ဦးတင်လှ၊ ပုဂံခေတ်ပညာသင်ကြားရေး၊ တက္ကသိုလ်ဆရာများ စာ စောင်၊ ၁၉၆၁၊ ၆၂။ စာမျက်နှာ-၃၊ ၄။

တက္ကသိုလ်မြန်မာအဘိဓာန်တွင်ကျောင်းဝေါဟာရကိုဖွင့်ဆိုရာ၌-

၁။ သူတော်သူမြတ်များ ကိန်းအောင်း နေထိုင်ရာဌာန။ "သံဃာ ကိန်းအောင်း၊ ကျောင်းလည်းအလွတ်" (ကိုးခန်းပျို-၂၈)

၂။ အတတ်ပညာလေ့လာသင်ယူရာဌာန (ပုဂံကျောက်စာ-ကျောင်) ဟူ၍ တွေ့ရသည်၊ သာသနာရေးဆိုင်ရာ အရပ်ရပ်ဌာနများကို ခြုံ၍ခေါ်ရာ၌ 'ကျောင်းကန်' ဟုခေါ်သည်။ တလမယွင်း၊ လေးသီတင်းနှင့်၊ နာခြင်းတရား၊ ကျောင်းကန်သွားလျက်-(ဘုံခန်းပျို-၃၀) ဟူ၍ အနက်ဖွင့်ထားပေသည်။ 'ကျောင်းတိုက်' နှင့်ပတ်သက်၍ အနက်ဖွင့်ရာ၌-

"ကျောင်းတိုက်-နံ၊ တအုတ်တချပ် တည်းအောက် တွင်ရှိသော ဘုန်းကြီးကျောင်းစု စာသင်ကျောင်းစု။" ဟူ၍ဖွင့်ဆိုထားရာ- 'ကျောင်းတိုက်' သည် စာသင်သားတို့ ပညာသင်ယူရာ အဓိကဌာနဖြစ်သည်ဟု ယူဆသင့်ပေ သည်။

## "ကျောင်းအဆောက်အအုံ ပုံစံ"

ရှေးအခါက ကျောင်းဆောက်ရာတွင် အဆောင်ဖွဲ့စည်းပုံမှာ စနစ်တကျဖြစ်ပေသည်။ ကျောင်းတဆောင်တွင်-

၁။ ဘုရားဆောင်၊

၂။ မဲနုဆောင် (ဘုရားဆောင်- ကျောင်းဦး ပြဿဒ်ဆောင်နှင့် ဆောင်မ ဆက်စပ်သော အဆောင်)၊

၃။ ဆောင်မအတွင်း၌ မာရဘင်ကန့်၍ ရှေ့ပိုင်း ပလ္လင်တကဲနှင့် ဘုရားရှိသည်၊

၄။ ဘောဂဆောင်- ပစ္စည်းထားသော အဆောင်၊ ဘောဂနှင့် ဆောင်မ ဆက်စပ်သော နောက်ပိုင်း မနုဆောင်လည်း တွေ့ရ သည်။

ပုဂံခေတ် ကျောင်းများပုံစံ၊ ဆောက်လုပ်ပုံအကျဉ်းချုပ် တင်ပြသင့် ပေသည်။

"ဤတွင် ဘုန်းကြီးကျောင်းများ စီမံရာထားမှုနှင့်စပ်လျဉ်း၍ ပုဂံခေတ် ဘုန်းကြီးကျောင်းများ စီမံရာထားပုံသည် စိတ်ဝင်စားဖွယ်ကောင်းလှ၏။ ပုံစံအားဖြင့် စိုးမင်းကြီးကျောင်း ပန္ထက်ပုံစံကို လေ့လာပါက ဗဟိုခန်းမကိုရံလျက် အခန်းများကိုထားရှိခြင်းဖြင့်လည်းကောင်း၊ အခန်းတို့မှာ ခန်းမကြီး၏ အလယ်ဝင်ရိုးတန်းကို ဗဟိုချက်ပေးကာ မဲတင်း၍ရံထားခြင်း၊ သိပ်သည်း၍ ဗဟိုဆွဲအား အလေးပေးသော ဖွဲ့စည်းမှုနည်းဥပဒေသကို အခြေခံထားရှိခြင်းတို့ကို တွေ့ရ၏။ ဤသည်မှာ အဆောက်အအုံတခုအနေဖြင့် စီမံရာထားသည့် သဘောသာဖြစ်၏။ ထို့ပြင် ဘုန်းကြီးကျောင်းဟုဆိုရာ၌ ကျောင်းနှင့် သက်ဆိုင်သော အခြား အဆောင်အယောင် အဆောက်အအုံတို့သည်လည်း ဆက်စပ်နေပေသည်။ ပုံစံအားဖြင့် သိမ်၊ စေတီ၊ ဇရပ်၊ စာသင်ကျောင်းတိုက်၊ ရေတွင်း သို့မဟုတ် ရေကန် စသည်တို့ဖြစ်၏။ သို့ဖြစ်ရာ ယင်း အဆောက်အအုံများ တခုနှင့်တခုဆက်စပ်မှုပေးရာတွင် အလျော်ကန်ဆုံးဖြစ်အောင် ပြုလုပ်သည်ကိုတွေ့ရ၏။" ဟူ၍ ဖော်ပြထားသည်ကို ဖတ်ရှုလေ့လာရသည်။ * ထို့ကြောင့် ဘုန်းကြီးကျောင်းတကျောင်းတွင် နေရာဌာနခွဲခြားစီမံ အခန်းဖွဲ့ရာတွင်–

၁။ ရဟန်းသံဃာတို့ ဝတ်ပြုရာနေရာ ဘုရားဆောင်၊

၂။ ရဟန်းသံဃာတို့ သီတင်းသုံးရာ နေရာထိုင်ခင်း၊

၃။ အာဂန္တုရဟန်းတို့အတွက် နေရာထိုင်ခင်း၊

၄။ ရဟန်းပုဂ္ဂိုလ်တို့အတွက် စာပေပို့ချရာနေရာ၊

၅။ ရှင်သာမဏေနှင့် ကျောင်းသားတို့ စာပေပို့ချရာနေရာ၊

၆။ ရှင်သာမဏေနှင့် ကျောင်းသားတို့ အိပ်ရန်နေရာ၊

၇။ ရဟန်းအသုံးအဆောင်တို့ ထားရာအခန်း၊

၈။ စင်္ကြန်လျှောက်ရန် နေရာ၊

၉။ ဒါယကာ၊ ဒါယိကာမများ၏ အဖူးအမျှော်ခံရာနေရာ စသည်ဖြင့် နေရာအခင်းအကျင်းများကို စနစ်တကျ ဖွဲ့စည်း တည်ဆောက်လေ့

---

* ဦးမျိုးမြင့်စိန်နှင့် အပေါင်းပါများ။ ကုန်းဘောင် ခေတ်နှောင်း ဘုန်းကြီးကျောင်းများ။ တက္ကသိုလ် ပညာပဒေသာ၊ အတွဲ - ၅၊ အပိုင်း ၁၊ ၁၉၇၀ - ခု၊ စာမျက်နှာ - ၂၇၈။

ရှိသည်ကိုတွေ့ရပေသည်။ ပုံစံအားဖြင့် တာမနိကျောင်း၏ ဖွဲ့စည်းပုံကို လေ့လာလျှင် သိသာနိုင်ပါသည်။

ကျောင်းပတ်ဝန်းကျင်အခင်းအကျင်းနှင့်ပတ်သက်၍လည်းကောင်း၊ ကျောင်းတည်နေရာနှင့် ပတ်သက်၍လည်းကောင်း သတိပြု လေ့လာ သင့်ပေသည်။

> ''ဘုန်းကြီးကျောင်း များသည် အများ ပြည်သူတို့ ဆက်ဆံတွေ့ထိရာ နေရာဖြစ်ခြင်း၊လူမှုရေး၊ ပညာရေး၊ ဘာသာရေး စသည်တို့၏ မဏ္ဍိုင်ပြုရာဌာန ဖြစ်ခြင်းတို့ကြောင့် ရုပ်ပိုင်းအလိုအားဖြင့် ကျယ်ပြန့်၍ သီးခြားဖြစ်သော အနေအထားကို ဆောင်သည့် လက္ခဏာရှိရန် လို၏။ စိတ်ပိုင်းအလိုအားဖြင့် ဘာသာရေး အဆောင်အယောင် ဖြစ်သည့်အလျောက် မှန်မြတ် ထူးခြားသည့် အသွင်သဏ္ဍာန်ကိုဆောင်ရန် အထူး လိုအပ်ပေသည်။ သို့ဖြစ်သည့်အားလျော်စွာ နေရာရွေးချယ် သတ်မှတ်မှုမှစ၍ ရဟန်းတို့၏ လိုအပ်သော အခြား အဆောင်အယောင် တို့သည်လည်း အသီးသီး လျော်ကန်သည့် အနေအထားတို့တွင် ထားသိုရန်လိုအပ်လှ၏။ မြို့များတွင် ဘုန်းကြီးကျောင်းများကို နေရာသတ်မှတ်ပေးမှုနှင့် ရွာတို့တွင် နေရာသတ်မှတ်ပေးမှုတွင် ယေဘုယျအားဖြင့် ခြားနားမှုမရှိသည်ကို တွေ့ရ၏။ အခြေခံအားဖြင့်--
>
> ၁။ လူ့အဖွဲ့အစည်း၏ လူနေအိမ်ခြေကိုလိုက်၍ လည်းကောင်း၊
>
> ၂။ မြေအနေအထားကို လိုက်၍ လည်းကောင်း ရွေးချယ်သတ်မှတ်ကြသည်ကို တွေ့ရ၏။ ချင်းချက်အနေဖြင့် ကား မြေတပြေးတည်းရှိသော နေရာဌာနတို့တွင် ရွာဦး သို့မဟုတ် ရွာအရှေ့ စသည့် နေရာများကို ရွေးချယ်ကြ၏။ရံဖန်ရံခါတွင် မြစ်သို့မဟုတ် ချောင်းများတလျောက်တွင် တည်ထားသည့် ရွာနှင့်မြို့များ၌ မြစ် ချောင်းဖက်သို့ တတ်နိုင်သရွေ့ နီးကပ်စွာ ဆောက်တည်ထား ကြသည်။'' *

* ဦးမျိုးမြင့်စိန်နှင့် အပေါင်းပါများ၊ ယခင်ဖော်ပြပြီး။ စာမျက်နှာ ၂၇၉။

ထို့ကြောင့် ကျောင်းဝန်း၊ ကျောင်းဝိုင်း၊ ကျောင်းပရဝုဏ် ကျယ်ဝန်းခြင်း၊ သန့်ပြန့်ခြင်း၊ တပြေးညီညာသောမြေရှိခြင်း၊ နေရာမြင့်တင်ရှိခြင်း၊ လူနေအိမ်ခြေနှင့် အလှမ်းမကွာလွန်းသော နေရာတွင်ရှိခြင်း၊ တိတ်ဆိတ်ငြိမ်သက်ခြင်းနှင့် စာပေ၊ တရားဓမ္မ လေ့လာအားထုတ်ရန် နေရာကောင်းတွင် ရှိတတ်ပေသည်။ ရွာနှင့်အကွာအဝေးကိုဖော်ပြရာ၌ ဂျပ်ဆင်အဘိဓာန်တွင်—

> "တောရကျောင်း၊ အိမ်ရွာမှ ကုလလေး တာပြန် ငါးရာဝေးသောအရပ်တွင် တည်ဆောက်သောကျောင်းကို တောရကျောင်းဟု ခေါ်ကြောင်း အနက်ဖွင့်ထားပေသည်။ ကုလလေး တာပြန်ငါးရာ ဆိုသည်မှာ ရွာနှင့် တောရကျောင်း အကွာအဝေးကိုဆိုသည်။ လူသူ မနီးသောကြောင့် တောရဟု ခေါ်ဆိုကြသည်။"

ဤကား ဘုန်းတော်ကြီးကျောင်းများ၏ တည်နေပုံ၊ တည်ဆောက်ပုံ၊ ဖွဲ့စည်းပုံနှင့်စပ်လျဉ်း၍ တင်ပြချက်ဖြစ်ပါသည်။

ပုဂံခေတ်တွင် ထင်ရှားကျော်ကြားသောကျောင်းများအနက် အေဒီ ၁၁၇၄-ခုနှစ်တွင် နရပတိစည်သူမင်းတည်သော မီးမလောင်ကျောင်းသည် ထင်ရှားသည်။ တာမနိကျောင်းနှင့် စိုးမင်းကြီး ကျောင်းတို့လည်း ရှိပါသည်။

**တာမနိအုတ်ကျောင်း**–တာမလိန္ဒထေရ်၏ ကျောင်းနေရာတွင် တည်ဆောက်ထားသောကျောင်းစု၊ စည်သခ်ါနှင့်ဇနီး ကောင်းမှု၊သက္ကရာဇ် ၆၂၄-ခုမှ ၆၄၀-ခု။

**စိုးမင်းကြီးကျောင်း**–မှာ နရပတိစည်သူမင်း၏ ဦးရီးတော် စိုးမင်းကြီး ကောင်းမှု၊ သက္ကရာဇ် ၅၃၇-ခုတွင် တည်ထား ကိုးကွယ်သော စိုးမင်းကြီးစေတီနှင့် အုတ်ကျောင်းဖြစ်သည်။

## (ဆ) သင်ကြားခဲ့သည့် စာပေဘာသာရပ်

ဘုန်းတော်ကြီးကျောင်းများတွင် ဗုဒ္ဓဘာသာဆိုင်ရာ ပိဋကတ်ကျမ်းလာစာပေအရပ်ရပ်ကို စာသင်သား၊ ရဟန်းများလေ့လာ ဆည်းပူးလိုက်စားကြမည်မှာ သေချာလှပေသည်။ ကျောက်စာအထောက်အထားအရ ပိဋကတ်သုံးပုံလှူဒါန်းကြောင်း၊ ကျောင်းဆောက် လှူဒါန်းရာတွင်လည်း

ပိဋကတ်တိုက်များ ပူးတွဲဆောက်လုပ်ကြောင်း အထောက်အထားကျောက်စာများအရ သိရသည်။

ထို့ကြောင့် ပုဂံခေတ်နှင့် နှောင်းခေတ် ဘုန်းတော်ကြီးကျောင်းများတွင် အထူးအလေးပေး သင်ကြားဆည်းပူးကြသည့် ဘာသာရပ်မှာ ပိဋကတ် စာပေပင်ဖြစ်ပါသည်။

'ပိဋက'ဆိုသောစကားကိုပုဂံခေတ်ကျောက်စာများတွင်'ပိတကတ်'ဟူ၍လည်း ရေးသားကြသည်။ ပါဠိဘာသာ 'ပိဋကတ်' မြန်မာလိုအနက်ပြန်သော်'ခြင်းတောင်း'ဟူ၍ရသည်။ ပိဋကတ်၏ အဓိပ္ပာယ်လိုရင်းသဘောမှာ-စီစဉ်ထားသော ဘုရားဟောပါဠိတော်များဟူ၍ဖြစ်သည်။ ပိဋကတ်သုံးပုံ၏ အဓိပ္ပာယ်မှာ သုံးခုသောခြင်းတောင်းဟူ၍ရသည်။

ပိဋကတ်သုံးပုံတွင် သုံးခုသောပိဋကတ်၊ သို့မဟုတ်တရားခြင်းတောင်း သုံးခုပါဝင်သည်။

၁။ **ဝိနယပိဋကတ်**။ ။"ရဟန်းသိက္ခာ ကျင့်ဝတ်ခြင်းတောင်း"။ ဤဝိနယပိဋကတ်တွင် သံဃာတော်များအား ရည်ညွှန်းဟောကြားချက်အားလုံး၊ ရဟန်းတော်တို့၏ သိက္ခာပုဒ်များ၊ရဟန်းယောကျ်ား၊ ရဟန်းမိန်းမတို့၏ နေ့စဉ်ကျင့်ဝတ်များ စသည်တို့ပါဝင်၏။

၂။ **သုတ္တပိဋကတ်**။ ။"သုတ္တန်တရားတော် ခြင်းတောင်း"၊ ပါဠိစကား'သုတ္တ'သည် သက္ကဋ္ဌစကား'သုတြ'နှင့်အတူဖြစ်၏။သို့ရာတွင် ဗုဒ္ဓဘာသာများအတွက် "အတိုစားနည်းဥပဒေ" ဟူသော သက္ကဋ္ဌ အဓိပ္ပာယ်ဟောင်း ပျောက်ကွယ်ကာ ဤ၌ "စကားတော်"သို့မဟုတ် "တရားတော်"ဟူ၍သာ အဓိပ္ပာယ်ပေါက်တော့၏။ ဟောလိုရင်းအချက်တခု သို့မဟုတ် အများအပေါ်တွင်မူတည်၍ အဓိပ္ပာယ်ရှင်းလင်းဖော်ပြချက် တခါတရံစကားပြောဟန် အသွင်ဆောင်သည့် အတိုအရှည် တရားတော်အားလုံးကို "သုတ္တ"ဟု ခေါ်၍ တခါတရံ "သုတ္တန္တ (သက္ကဋ္ဌ "သုတြန္တ")ဟူ၍လည်း ခေါ်လေသည်။ သုတ္တပိဋကတွင် နိကာယ်ငါးရပ် ပါဝင်လေသည်။ နိကာယဟူသည် သုတ္တ သို့မဟုတ် သုတ္တန္တများ၏ အစုအဝေးဟု အဓိပ္ပာယ်ပေါက်လေသည်။

၃။ **အဘိဓမ္မပိဋကတ်**။ ။"သာ၍ ထူးကဲလွန်မြတ်သိမ်မွေ့သော တရားတော်များ၏ခြင်းတောင်း"၊"ဤအဘိဓမ္မာပိုင်းတွင်ပါ

ဝင်သည့် ပိဋကတော်များသည်လည်း သုတ္တန်ပါဠိတော်များကဲ့သို့ပင် တရားသဘောကို ရှင်းလင်းဟောကြားချက်များပင်ဖြစ်၏။ သို့သော် အဘိဓမ္မာ ပါဠိတော်များသည် သုတ္တန်ပါဠိတော်များထက် ပိုမိုလေးနက်၍ မေးဟန် ဖြေဟန်သဘောမျိုးဖြစ်ပြီးလျှင် ငြီးငွေ့ဘွယ်ရာ ထပ်ခါထပ်ခါ ဖော်ပြမှုများ၊ သဘာဝကဏ္ဍ ခွဲခြားမှုများဖြင့်လည်း ပြည့်နှက်လျက်ရှိ၏။ ဤပိဋကသည် ဗုဒ္ဓဘာသာ တရားတော်များ၏ စိတ်ဓာတ်ဆိုင်ရာ ကျိုးကြောင်းဆက်သွယ်မှု အခြေအနေကို ပဓာနအားဖြင့် ရည်ညွှန်းလေသည်။*

ထို့ထက်အသေးစိတ်၍ ပိဋကတ်သုံးပုံ၏ အစိတ်အပိုင်းများကို ဖော်ပြရလျှင်-

"ပါဠိဘာသာဖြင့်ဗုဒ္ဓဒေသနာတော်ကိုပိဋကဟုခေါ်သည်။ ပိဋကသုံးပုံရှိသည်။ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ။ သုတ္တန် ပိဋက၌ နိကာယ်ငါးမျိုးရှိသည်။ ၁-ဒီဃနိကာယ်၊ ၂-မဇ္ဈိမနိကာယ်၊ ၃-သံယုတ္တနိကာယ်၊ ၄-အင်္ဂုတ္တရနိကာယ်၊ ၅-ခုဒ္ဒကနိကာယ်၊ ခုဒ္ဒနိကာယ်၌ ကျမ်း ၁၅ ကျမ်းရှိသည်။ ၁-ခုဒ္ဒကပါဌ ၂-ဓမ္မပဒ၊ ၃-ဥဒါန (ဥဒါန်း)၊ ၄-ဣတိဝုတ္တ (ဣတိဝုတ်)၊ ၅-သုတ္တနိပါတ၊ (သုတ္တနိပါတ်)၊ ၆-ဝိမာနဝတ္ထု၊ ၇-ပေတဝတ္ထု၊ ၈-ထေရဂါထာ၊ ၉-ထေရီဂါထာ၊ ၁၀-ဇာတက (ပါဠိဇာတ်) ၁၁-နိဒ္ဒေသ၊ ၁၂-ပဋိသမ္ဘိဒါမဂ္ဂ၊ ၁၃-အပဒါန်၊ ၁၄-ဗုဒ္ဓဝံသ၊ ၁၅-စရိယပိဋက။ ဝိနည်းပိဋကတ်၌ ကျမ်းငါးမျိုးသည်။ ၁-မဟာဝဂ္ဂ(မဟာဝါ)၊ ၂-စူဠဝဂ္ဂ(စူဠဝါ)၊ ၃-ပါရာဇိကတ်၊ ၄-ပါစိတျာဒိ၊ ၅-ပရိဝါ။

အဘိဓမ္မာပိဋကတ်၌ ခုနစ်ကျမ်းရှိသည်။ ၁-ဓမ္မသင်္ဂဏီ၊ ၂-ဝိဘင်္ဂ (ဝိဘင်း)၊ ၃-ဓာတုကထာ၊ ၄-ပုဂ္ဂလပညာတ္တိ၊ ၅-ကထာဝတ္ထု၊ ၆-ယမက(ယမိုက်)၊ ၇-ပဋ္ဌာန(ပဋ္ဌာန်း)။

---

* ဒေါက်တာ မောရစ်ဝင်တာနစ်။ ဗုဒ္ဓစာပေကဏ္ဍ၊ ဘာသာပြန်သူ-အရှင်ဇာဂရဘိဝံသ၊ ပြည်တော်ကြက်သရေပုံနှိပ်တိုက်။ စာမျက်နှာ ၃၄-၃၅။

ပိဋကတ်သုံးပုံအစိတ်အပိုင်းတို့ကို ပုဂံခေတ် ဘုန်းတော်ကြီးကျောင်း စာသင်တိုက်များတွင် အပတ်တကုတ် ကြိုးစားသင်အံ လေ့ကျင့်ကြမည် ဖြစ်ပေသည်။ ထိုသို့ လေ့ကျင့်သင်ကြားရာ၌ ပိဋကတ်သုံးပုံကို အင်္ဂါ ၉ ပါးဖြင့်လည်း ခွဲခြား သင်ကြားပို့ချကြလိမ့်မည်ဟု ယူဆရပေသည်။ အင်္ဂါ ၉ ပါးကား-

၁။ သုတ္တ -စကားပြေ တရားတော်။

၂။ ဂေယျ - စကားပြေ၊ ဂါထာရောနှောသော တရားတော်။

၃။ ဝေယျာကရဏ-အဓိပ္ပာယ် ရှင်းလင်းချက်၊ သို့မဟုတ် အကျယ် ဖော်ပြချက်။

၄။ ဂါထာ -စည်းမျဉ်းနှင့်အညီ သီကုံးထားသော အဖွဲ့အနွဲ့။

၅။ ဥဒါန -ဝမ်းမြောက်ဝမ်းသာ ထုတ်ဖော် ကျူးရင့်ချက်။

၆။ ဣတိဝုတ္တက -"ဘုရားရှင် ဤသို့ ဟောတော်မူ၏" ဟူသော စကားဖြင့် အစချီသော အတိုစားတရားတော်။

၇။ ဇာတက -ဘုရားရှင်၏ အတိတ်ဘဝဝတ္ထု။

၈။ အဗ္ဘုတဓမ္မ -အံ့ဘွယ်သရဲ အဖြစ်အပျက်။

၉။ ဝေဒလ္လ -အမေးအဖြေပုံ၍ ဟောကြားချက်များ။

ဤကဲ့သို့ ၉ ပါးခွဲခြားလျက် သင်ကြားလေ့လာ ပို့ချလိမ့်မည်ဟု လည်း ယူဆနိုင်ပါသည်။ သို့ရာတွင် ပုဂံခေတ်အခါမှစ၍ အများစုသော ပြည်သူကြား၊ အနုပညာလောက၊ ဗိသုကာလောကထဲသို့ စိမ့်ဝင်ပျံ့နှံ့ သွားသော ဗုဒ္ဓစာပေတရပ်မှာ ဇာတကပင်ဖြစ်ပေသည်။ ဤအချက် နှင့် ပတ်သက်၍ စာရေးဆရာပါရဂူက-

> "ဇာတ်တော် ငါးရာ့ငါးဆယ်သည် ဗုဒ္ဓစာပေ၏ ထင်ရှားသော အစိတ်အပိုင်း ဖြစ်သည်။ ဗုဒ္ဓစာပေ၏ ယင်း အစိတ်အပိုင်းသည် မြန်မာနိုင်ငံ၌ ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အနုပညာ၊ စာပေနယ်ပယ်တို့၌ နက်ရှိုင်းစွာ အမြစ်တွယ်လာခဲ့သည်မှာ သမိုင်းခေတ် အဆက်ဆက်ရှည်ကြာခဲ့လေပြီ။ မြန်မာနိုင်ငံတွင် ပိဋကတ် စာပေစ,တင်ရောက်ရှိလာသည့်ခေတ်ဖြစ်သောသာသနာ နှစ် ၉၃ဝ ကျော်တွင် ဇာတ် နိပါတ်သည် သထုံသို့ စတင်ရောက်ရှိလာသည်ဟု ဆိုရပေလိမ့်မည်။ သထုံမှ

တဆင့် သက္ကရာဇ် ၄၀၀ ကျော်လောက်တွင် ပုဂံသို့ ရောက်ရှိလာပြီး ဇာတ် နိပါတ်သည် မြန်မာနိုင်ငံတဝှမ်း လုံးတွင် ပြန့်ပွားသွားခဲ့လေသည်။ ပုဂံဘုရားများ၌ ရှိသော ဇာတ်နိပါတ်တော် ပန်းချီဆေးရေး ပုံများကို ထောက်၍ ထိုခေတ်၌ ဇာတ် နိပါတ်ထော် ဝတ္ထုများ ခေတ်စားနေပြီဖြစ်ကြောင်း သိရှိရပေသည်။" × ဟူ၍ အမိန့်ရှိသည်ကိုထောက်၍ ဇာတ်နိပါတ် စာပေကိုလည်း လေ့လာလိုက်စားကြမည်ဟု ဆိုနိုင်ပါသည်။

ဒေါက်တာသန်းထွန်းကလည်း ပုဂံခေတ်တွင် ဇာတ် ငါးရာနှင့် ဇာတ်ကြီးဆယ်ဘွဲ့ကို အထူးစိတ်ဝင်စား လေ့လာကြသည်နှင့်ပတ်သက်၍-

"ဘုရား၏ ဖြစ်တော်ပေါင်းဇာတ်မှာ ငင်စစ်အား ဖြင့် ၅၄၇ ဇာတ်သာရှိသော်လည်း ရှေးမြန်မာတို့က အခေါ်အပြောလွယ်ကူစေရန် ဇာတ်ငါးရာ(ပုံ ၇၃/၁၅) ဟူ၍လည်းကောင်း၊ ဇာတ် ၅၅၀(ပုံ ၁၀၅ က/၇) ဟူ၍လည်းကောင်း ခေါ်ဝေါ်၍ ဂူနံရံပြည့်မျှ တဇာတ် တရုပ်နှုန်းဖြင့် ဆေးရေးခြင်း၊သို့မဟုတ် စေတီပတ်လည် ပစ္စယံကိုလှည့်၍ တဇာတ်လျှင် စဥ့်ကွင်းတကွင်းနှုန်းဖြင့် ရှံ့နှင့်ရုပ်ကြွပြုခါ စဥ့်လောင်း၍ထားတတ်ပါသည်။ ×× ဇာတ်ကြီးဆယ်ဘွဲ့ကိုမူ တဇာတ်လျှင် စဥ့်တကွင်းနှုန်း ထက် ပိုမြဲဖြစ်သောကြောင့် အထက်ဖော်ပြပါ ၃၇၉ ကွင်းမှာ ဇာတ်ကြီးဆယ်ဘွဲ့မှ အရုပ်များဖြစ်ပါသည်။ စာနှင့်ရေးလျှင်လည်း ဇာတ်ကြီးဆယ်ဘွဲ့ကို အရေးများ ကြ၏။ (ပုံ ၂၄၂၂၇)"*

ပုဂံခေတ်အခါက ရဟန်း ရှင် လူ အများသည် ဖော်ပြပါအတိုင်း ဇာတ်တော်များကို စိတ်ဝင်စားကြသည်။ ထို့ပြင် ဓမ္မပဒ၊ ပါရမီ ၁၀ ပါး၊ ဝိနယ၊ အဘိဓမ္မာ၊ ဓမ္မစကြာ၊ ပဋိစ္စသမုပ္ပါဒ၊ ရထဝိနိတသုတ္တ၊ သတိပဋ္ဌာသုတ္တ၊ စသည်တို့ကိုလေ့လာခြင်း၊ ဟောကြားခြင်း ပြုကြ

× ဦးမြင့်ဆွေ၊ ဇာတ်တော် ငါးရာ့ငါးဆယ်။
* ဒေါက်တာ သန်းထွန်း။ ယခင်ဖော်ပြပြီး၊ စာမျက်နှာ ၂၀၁၊ ၂၀၂။

သည်။ တရားဟောရန် ဓမ္မသာ၊ တရားအိမ်၊ တရားကျောင်း ဟူ၍ အမျိုးမျိုးခေါ်သော အဆောက်အအုံ သီးခြားရှိတတ်သည်။

သီဟိုဠ်ကျောင်းများဖြစ်သော မဟာဝံသ၊ ထူပါဝံသနှင့် အနာဂတဝံသ ကျမ်းများကိုလည်း အရေးတယူဖတ်ကြသည်။ ထိုကျမ်းတို့အပြင် ဆေးကျမ်း၊ ဗေဒင်ကျမ်းတို့ကိုလည်း လေ့လာလိုက်စား ကြသည်ကို တွေ့ရပေသည်။ သို့ရာတွင် အဘိဓမ္မာကျမ်း၊ သဒ္ဒါကျမ်း၊ ပိဋကတ်ကျမ်းတို့ကိုမူ အထူးလေ့လာလိုက်စား ပို့ချကြမည်ဟု ဆိုနိုင်ပါသည်။

## (၉) အဓိကမဏ္ဍိုင် ဘာသာစကား

ဘုန်းတော်ကြီး ကျောင်းများတွင် ပိဋကတ်စာပေ ကျမ်းဂန်တို့ကို လေ့လာခြင်း၊ ပို့ချခြင်း၊ စာသင်သားတို့က ဗုဒ္ဓဘာသာစာပေ၊ ပရိယတ္တိကျမ်းဂန်တို့ကို ကြိုးစားအားထုတ် သင်အံလေ့ကျင့်ကြမည် ဖြစ်ပေသည်။ ထိုသို့လေ့လာခြင်းကိစ္စတွင် 'ဘာသာစကား' ပြဿနာရှိပေသည်။ မြန်မာတို့၏ဘာသာသည် တိဗက် တရုတ် မျိုးရိုးဝင်ဖြစ်သည်။ ပါဠိဘာသာသည် အိန္ဒိယ ဥရောပမျိုးရိုးဝင်ဖြစ်သည်။ မျိုးရိုးချင်း အလွန်ကွဲပြားမှုရှိ၍ ပိဋကတ်တို့ကို လေ့လာလိုက်စားရာတွင် အခက်အခဲများစွာရှိခဲ့သည်။

သို့ရာတွင် ပုဂံမင်း အနော်ရထာသည် ပါဠိဘာသာကို အထူး အားပေးခဲ့ပေသည်။ မိမိကိုယ်တော်တိုင် အုတ်ခွက်များတွင် ပါဠိဘာသာဖြင့် ဆုတောင်းစာတို့ကို ရေးထိုးခဲ့သည့် သာဓကများရှိပေသည်။ ပါဠိဘာသာသင်ယူရေးတွင် သဒ္ဒါသည်အဓိကဖြစ်၍ ထိုခေတ်က နာမည်ကျော် သဒ္ဒါကျမ်းများ ပေါ်ပေါက်ခဲ့သည်။

> "ပုဂံပြည်သူ ပြည်သားတို့သည် ဝိနယ၊ အဘိဓမ္မ၊ သက္ကတတို့ကို သင်ကြားကြသော်လည်း ပါဠိသဒ္ဒါကို အထူးသင်ကြားလေ့လာကြကြောင်း သိရသည်။ မြန်မာသဒ္ဒါကိုရေးသားရန် စိတ်မကူးဘဲ၊ ပါဠိသဒ္ဒါကို ဤမျှလောက် သင်ကြားရေးသားကြသည်မှာ မှတ်သားဖွယ်ကောင်းသောအချက်တခုဖြစ်၏။ ပုဂံခေတ်ကို ပါဠိသဒ္ဒါခေတ်ဟူ၍ ခေါ်အပ်၏။*"

---

* မြန်မာပါဠိ ကျမ်းဂန်သမိုင်း၊ စွယ်စုံကျမ်း- အတွဲ၊ ၁၀၊ စာမျက်နှာ ၂၇၉။

ပုဂံခေတ်သည် အထက်ပါအတိုင်း ပါဠိခေတ်ဟု ဆိုအပ်သော်လည်း မြန်မာစာအရေးအသားကိုလည်း တွေ့ရပါသည်။ သို့ရာတွင် မြန်မာဘာသာသည်ခိုင်မာလှသေးသည်မဟုတ်၊ အက္ခရာတင်သစ်စ,ကာလဖြစ်၍ ပါဠိဘာသာကဲ့သို့ခိုင်မာမှု၊ တည်ငြိမ်မှုမရှိသေးပေ၊ မြန်မာဘာသာသည် အက္ခရာတင်သစ်စဖြစ်၍ ပါဠိဘာသာထွန်းကားလာသောအခါ မြန်မာဘာသာ အားကောင်းလာပေသည်။ ဤအချက်တွင် ပါဠိနှင့် မြန်မာ ဆက်နွယ်ပုံကို၊ ဆရာကြီးဦးဖေမောင်တင်က အောက်ပါအတိုင်းကောက် ချက်ချခဲ့ပေသည်။

"၁၁ ရာစုနှစ်တွင် ပိဋကတ်သုံး ပုံကို သထုံပြည်မှ ပုဂံပြည်သို့ ယူဆောင်လာမှသာလျှင် မြန်မာအရေးအသား ထင်ရှားလာ၍ ပါဠိဘာသာသည် မြန်မာဘာသာ အားကောင်းစွာ အထောက်အပံ့ပြုနိုင်လေသည်။ မြန်မာကကြီးခခွေးစ,သောသင်ပုန်းကြီးသည်လည်း မွန်အက္ခရာစဉ်မှတဆင့် သက္ကတအက္ခရာစဉ်ကို အမှီပြုလေသည်။ ထိုအခါမှစ၍ ဗုဒ္ဓဘာသာနှင့်ဆိုင်သော ယဉ်ကျေးမှုတွင်များစွာအကျုံးဝင်သည့်တိုင်အောင် ပါဠိသည် မြန်မာဘာသာအား ကျေးဇူးပြုခဲ့၏။ နွယ်တာ-ဝါဆို၊ နံကာဝါခေါင်၊သန္တု-သီတင်းကျွတ်အစရှိသည်တို့ကို ထောက်သော် မြန်မာလေ့ထုံးတမ်း၌ သာသနာ၏ အရှိန်အစော်ကိုတွေ့ရ၏။ သာသနာနှင့်ဆိုင်သော မြန်မာဝေါဟာရ တိုးပွားကြွယ်ဝလာကြောင်းကို ပါဠိမှ တိုက်ရိုက်ယူသည့် ဒါယကာ၊ ရဟန္တာ၊ သင်္ဃာ၊ အဝိစိ၊ ခန္ဓာ၊ သစ္စာ၊ ပါရမီ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ မေတ္တာ၊ လောဘအစရှိသော စကားတို့ဖြင့် သိနိုင်၏။ စိတ္တ စိတ်၊ နိဗ္ဗာန-နိဗ္ဗာန်၊ ဝိနယ- ဝိနည်း၊ ပစ္စယ-ပစ္စည်း၊ စက္က-စက်အစရှိသည်တို့၌ကား ပါဠိအဆုံးသတ် အသံကြေပြီးမှ မြန်မာစကားလုံးဖြစ်သည်။ ဗုဒ္ဓတရားများကို ပါဠိမှ မြန်မာတို့ဘာသာပြန်ရာတွင်တိကျမှန်ကန်စေခြင်းငှာစကားလုံးများကို တလုံးစီ အနက်ပေးသောနိဿယဘာသာပြန်နည်း

ဖြင့်အဓိပ္ပာယ်တိကျသော မြန်မာဝေါဟာရများ ပေါ်ပေါက်လာကြလေသည်။''+

ထို့ကြောင့်မြန်မာဘာသာသည်ပုဂံခေတ်တွင်ပါဠိဘာသာကိုမှီ၍ကြီးထွားခဲ့ရသည်ဟု ဆိုနိုင်ပါသည်။ ထိုနည်းတူမွန်ဘာသာမှလည်း နည်းနာယူရကြောင်း သိသာပါသည်။ အထူးသဖြင့် မွန်အက္ခရာတို့ကို မြန်မာတို့ပြုပြင်လက်ခံယူကြသည်။

ပုဂံခေတ်တွင် ရာဇကုမာရ်မင်းသား ရေးထိုးသော မြစေတီကျောက်စာတွင် ပါဠိ၊ မွန်၊ ပျူ၊ မြန်မာဘာသာစသည်ဖြင့် ၄ ဘာသာရေးထိုးသည်ကိုထောက်၍ ထိုအခါက (၁) မြန်မာ (၂) ပါဠိ (၃) မွန် (၄) ပျူစသည်ဘာသာများ ထွန်းကားကြောင်းသိသာသည်။ ထို့ပြင်သက္ကဋ ဘာသာလည်း ထွန်းကားကြောင်း အထောက်အထားရှိပေသည်။ သို့ဖြင့် ပုဂံခေတ်တွင်ဘာသာငါးမျိုးခဲ့ရှိကြောင်းသိရ၏။ ယင်းဘာသာငါးမျိုးအနက် ပျူဘာသာသည် ပုဂံခေတ်အခါကပင် ပျောက်ကွယ်ခဲ့ပေသည်။ ကျန်ရှိသော ဘာသာစကားလေးရပ်တွင် မြန်မာ၊ ပါဠိ၊ သက္ကဋ ဘာသာတို့ကို ပို၍အလေးပေး သင်ကြားခဲ့ကြ၏။ မွန်ဘာသာကိုအနည်းအကျဉ်းမျှ သာသင်ကြားကြပေသည်။ ထိုသို့ပါဠိနှင့် သက္ကဋကိုဦးစားပေးသင်ကြားကြသည်မှာ မြန်မာတို့ ကိုးကွယ်ယုံကြည်သော၊ အထွဋ်အထိပ်ထားသော ထေရဝါဒ ဗုဒ္ဓဘာသာသည် ပါဠိအက္ခရာအရေးအသားဖြင့်လည်းကောင်း၊ ပါဠိထက်ရှေးကျသော်လည်းပါဠိနှင့်အလွန်နီးစပ်သော သက္ကဋအက္ခရာ အရေးအသားဖြင့်လည်းကောင်း၊ ရှိနေသောကြောင့် ထိုဘာသာရပ်တို့ကို ဦးစားပေးခဲ့ကြသည်။

သက္ကတကို သင်ကြားခဲ့ကြသည့် ကျောက်စာအထောက်အထားများ ရှိခဲ့သည်။ ပုဂံခေတ်က အသျှင်အဂ္ဂဝံသ ပြုစုတော်မူခဲ့သော သဒ္ဒနီတိကျမ်းသည် ပါဠိဘာသာကျမ်းဖြစ်၍ သဒ္ဒနီတိ ဓါတုမာလာကျမ်းတွင် ပါဠိဝေါဟာရများ၏ အဓိပ္ပာယ်တူ သက္ကဋဝေါဟာရများကိုပြဆိုထားသည်ကိုထောက်၍ ပါဠိသက္ကဋဘာသာလေ့လာကျွမ်းကျင်မှုကို အကဲခတ်နိုင်ပေသည်။ ဆရာဦးတင်လှုကလည်း ပုဂံခေတ် ပညာသင်ကြားရေး စာတမ်းတွင်-

---

+ စွယ်စုံကျမ်း၊ အတွဲ ၁၀၊ စာမျက်နှာ-၃၀၀။

“ပုဂံခေတ်တွင် ပါဠိစာပေ မည်မျှပင် ထွန်းကားစေကာမူ သက္ကဋစာပေကို ပစ်ပယ်ထားကြဟန် မတူပေ။ အဘယ့်ကြောင့်နည်းဟူမူ ပါဠိဘာသာစကားတွင်အနက်တူ ဝေါဟာရများရှိပါလျက် ပါဠိသက်ဝေါဟာရများကိုအသုံးမပြုပဲ သက္ကဋ ဝေါဟာရများကိုသာ အသုံးပြုသောကြောင့် ဖြစ်ပါသည်။

| | ပါဠိ | | သက္ကတ | | အသုံး |
|---|---|---|---|---|---|
| ၁။ | ကမ္မ | ။ | ကရ်မ | ။ | ကြမ္မာ |
| ၂။ | စက္ကဝါလ | ။ | စကြဝါလ | ။ | စကြဝလာ |
| ၃။ | နိဗ္ဗာန | ။ | နိရ်ဗာဏ | ။ | နိယ်ရဗန် |
| ၄။ | ပညာ | ။ | ပြဇ္ဉာ | ။ | ပြဇ္ဉာ |
| ၅။ | အမစ္စ | ။ | အမာတျ | ။ | အမတျာ”× |

ဆရာကြီး ဦးဖေမောင်တင်ကလည်း သက္ကဋကို ရှေးခေတ်မြန်မာတို့ သင်ကြားကြသည်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရပါသည်။

“မြန်မာနိုင်ငံ၌ ပါဠိသာမက သက္ကဋကိုလည်း သင်ကြားကြလေသည်။ ခရစ်နှစ် ၇၀၀ ပြည့်ခန့်က ပျူစာလုံးများလည်းပါသော သက္ကတကမ္ပည်းစာကို သရေခေတ္တရာပြည်၌တွေ့ရ၏။ ယင်း အချိန်အခါလောက်တွင် သက္ကဋ ဘာသာဖြင့် ရေးသော ရခိုင်မြို့ဟောင်း ရှစ်သောင်းဘုရားတွင် ရှိသည့် ကျောက်စာသည် ရခိုင်မင်းဆက်ကိုဖော်ပြသည်။ ပုဂံကျောက်စာများတွင်လည်း အောက်ပါ စကားတို့သည် ပါဠိမှမဟုတ်၊ သက္ကဋမှ လာကြောင်း စာလုံးပေါင်းကို ထောက်သဖြင့်သိရ၏။ ပုံစံများမှာ သဗ္ဗညုတဉာဏ်၊ ပြဇ္ဉာ၊ ပြိတ္တာ၊ သုက္ကြာ၊ စက္ကြာဝတိယ်၊ ဓမ္မစက္ကြာ၊ တံပြတိတ်ပြည်၊ စက္ကြာဝဠာ၊ နိရဗန်၊ စင်ကြံ၊ သင်္ဂြိုဟ်၊ ကြမ္မာ၊ မြိဂ္ဂသိုရ်၊

× ဦးတင်လှ၊ ယခင်ဖော်ပြပြီး၊ စာမျက်နှာ-၄။

သရဝန်၊ ကြတိုက်၊ ဖလဂိုန်၊ တြိလောကစန္ဒြ၊ ဘုမ္မခေတြာ၊ ရာဇသင်ကြံ၊ ဒိသာပြာမုက်၊ ဣန္ဒြိစိတ် စသည် ဖြစ်၏။ ၁၂၇၀ ခုနှစ် ပုဂံကျောက်စာတချဉ်အမတ်ကြီး တဦးသည် ပိဋကတ်သုံးပုံလည်းတတ်၏။ သဒ်ကြိုက်၊ ဗျာကရိုဏ်း၊ ဟူးရား သမားအမှုလည်း တတ်သည် ဟူ၏။ ၁၄၄၂-ခုနှစ် ပုဂံကျောက်စာ တချဉ်လည်း ကျောင်းဆောက်ပြီးလျှင် လှူသော ကျမ်းဂန်စာရင်းတွင် ပိဋကတ်သုံးပုံမှတပါး ဗျာကရိုဏ်း၊ ဟူးရား၊ ဓမ္မသတ်၊ ဗေဒင်၊ ဆေးကျမ်းများနှင့် ဆိုင်သော သက္ကတကျမ်းလည်း ပါဝင်သည်ကိုထောက်သော် ပိဋကတ်သာမက သက္ကတကျမ်းများကိုလည်း သင်ကြားကြကြောင်း ထင်ရှား၏။"×

ပုဂံမြို့ မင်းနန်သူရွာ ထိလုကုန်းဘုရား ကျောက်စာတွင် စတုရဂ်ပစ္စည်း အမည်ရှိသော အမတ်ကြီး၏ဂုဏ်ပုဒ်ကို–

"ပိတကတ်သုံးပုံ လေတတ်စွာထသော၊ သဒ်ကြိုက် ဗျာကရိုဏ် ဟူရာသ္မအမှု လေတတ်ထသော၊ စတုရဂ်ဗိဇယ် မည်သော မတ်ကြီးသည် ပ္လသောကောင် အရပ်နှိုက်။
လ

(စာရင်း ၄၀၊ ၃-၅)"ဟု ဖော်ပြထားသည်။ ဗျာကရိုဏ်း ဟူသောပုဒ် ရုပ်အစီရင်ခံစာကို ပြသော သဒ္ဒါဗျာကရိုဏ်း အတတ်၊ (ဟူရာ)ဟူသော အတွက်အချက် ဂဏန်းသင်္ချာအတတ် စသည့် လောကီပညာရပ်များကိုလည်း ဘုန်းတော်ကြီးကျောင်းများတွင် သင်ကြားကြောင်း သိရပေသည်။

နရပတိစည်သူမင်း (၁၁၇၄-၁၂၁၁) လက်ထက်တွင် မြန်မာစာ အရေးအသား၊ ပညာရေးအဆင့်အတန်းသည် များစွာတိုးတက်ခဲ့သည်။ အနော်ရထာမင်းသည် ပါဠိဘာသာနှင့် သက္ကတဘာသာကို အသုံးပြုလျက် ကျောက်စာရေးထိုးခဲ့သည်ကို ထောက်၍ ထိုမင်းလက်ထက်တွင် ပါဠိနှင့် သက္ကတသည် နိုင်ငံသုံး ဘာသာသဖွယ် ဖြစ်ခဲ့ပေသည်။ စောလူးမင်းလက်ထက်တွင်လည်း ပါဠိဘာသာကိုအသုံးပြုလျက် ကျောက်စာရေးထိုးခဲ့သည်။ ကျန်စစ်သားမင်း လက်ထက်တွင်မူ မွန်မြန်မာချစ်ကြည်

× စွယ်စုံကျမ်း၊ အတွဲ-၁၀၊ စာမျက်နှာ ၃၀၀။

ရေးကို ဦးစားပေးခဲ့သည်ဖြစ်ရာ ကျောက်စာတို့ကို မွန်ဘာသာဖြင့်သာ ရေးထိုးခဲ့သည်။ အလောင်းစည်သူမင်း လက်ထက်တွင် ပါဠိဘာသာ ဖြင့်ပင် ကျောက်စာရေးထိုးခဲ့သည်။ ယင်းသို့ အစဉ်အဆက် မျိုးခြား ဘာသာဖြစ်သောပါဠိကို မဏ္ဍိုင်ဘာသာအဖြစ် အသုံးပြုခဲ့ရာမှ ၁၁၇၄ ခုနှစ်တွင်နန်းတက်သော နရပတိစည်သူမင်းလက်ထက်သို့ ရောက်သော အခါမှစ၍ မြန်မာစာသက်သက်ကို စတင်သုံးလျက် ကျောက်စာအများ ရေးထိုးခဲ့ပေသည်။ ထိုမင်းလက်ထက်တွင် ကျောက်စာပေါင်း ၆၀ နီးပါးရေးထိုးခဲ့ရာ မြန်မာစာပေဝေါဟာရ၊ အရေးအသား စီကုံး ဖွဲ့နွဲ့မှုတွင် အဆင့်အတန်း လွန်စွာမြင့်မားခဲ့ပေသည်။ ဤအချက်ကို ထောက်၍ နရပတိစည်သူမင်းလက်ထက်မှ စတင်ကာ မြန်မာစာသည် ထီးသုံး၊ နန်းသုံး၊ လွှတ်တော်သုံး စာအဖြစ်သို့ ရောက်ရှိပြီဟုဆိုနိုင်ပါ သည်။ ပါဠိဘာသာကို မဏ္ဍိုင်ဘာသာအဖြစ်ထားရှိ၍ အစဉ်အမြဲ မဖြစ်နိုင်။ မြန်မာဘာသာနှင့် ပါဠိဘာသာမှာ အမျိုးအနွယ်ချင်း များစွာခြားနား၍ မြန်မာစာ၊ မြန်မာစကားနေရာတွင် အစားထိုးသုံး ရန် မဖြစ်နိုင်ပါ။ ထို့ကြောင့် ရှေးခေတ်မြန်မာတို့သည် ပါဠိဘာသာကို အချိန်ကာလ အတန်ကြာကြာ သုံးနှုန်းခဲ့သော်လည်း မြန်မာလူမျိုးတို့ အဖို့ အမျိုးဘာသာ၊ စာပေတရပ်အဖြစ် ထာဝစဉ် လက်စွဲထားသုံးရန် မဖြစ်နိုင်ရကား မြန်မာစာကိုသာတီထွင်လျက် အက္ခရာတင်လျက် အသုံး ပြုခဲ့ကြပေသည်။ နရပတိစည်သူမင်း လက်ထက်မှစ၍ နောက်ပိုင်းခေတ် မြန်မာတို့သည် မြန်မာစာ၊ မြန်မာစကားကိုသာ အချင်းချင်းဆက်သွယ် ရာတွင်လည်းကောင်း၊ ရေးသားရာတွင်လည်းကောင်း၊ သင်ကြားရာ တွင်လည်း ကောင်း မဏ္ဍိုင်ဘာသာ စာပေအဖြစ်အသုံးပြုခဲ့ကြပေသည်။ ထိုအချိန်အခါမှစတင်၍ မြန်မာစာသည် တိုင်းရင်းသားများ အသုံးပြု သော အဓိကဘာသာစာ ဖြစ်လာရပေသည်။

ထိုနည်းတူ ပညာသင်ကြားရေးတွင်လည်း ပါဠိဘာသာနှင့် တွဲဖက် လျက် မြန်မာစာ၊ မြန်မာဘာသာသည် သင်ကြားမှု မဏ္ဍိုင်ဘာသာ ဖြစ်လာရပေသည်။

## (ဈ) သင်ကြားနည်းနိဿရည်း

ပုဂံခေတ်အခါကဘုန်းတော်ကြီးကျောင်းများတွင်လောကုတ္တရာစာ ပေကျမ်းဂန်တို့ကိုသင်ကြားပို့ချခြင်းသင်ယူလေ့လာခြင်းနည်းစနစ်များ

တွင် အစဉ်အလာအရ အာဂုံဆောင် အလွတ်ကျက်ခြင်း နည်းကိုသာ အသုံးပြုခဲ့ပါသည်။ ထိုအစဉ်အလာသည် ပုဂံခေတ်မှာသာမဟုတ် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်မှ ယခုခေတ်တိုင်ကျင့်သုံးခဲ့သောသင်နည်းတရပ်ဖြစ်ပေသည်။ နှုတ်ငုံဆောင် အလွတ်ကျက်မှတ်ခြင်း၊ ဆရာတော်များ ရှေးမှောက်တွင် မိမိကျက်မှတ်ခဲ့သော စာပေကျမ်းဂန်ပါ အကြောင်းအချက်တို့ကို အလွတ်ပြန်ဆိုခြင်း စသည့်နည်းစနစ်ကိုသာ အဓိကထား၍ အသုံးပြုခဲ့ပေသည်။ ထိုနည်းစနစ်ဖြင့်သာ ပိဋကတ်သုံးပုံကို အာဂုံဆောင်ခဲ့ပေသည်။

> "ဘုရားလွန်ပြီးအနှစ် ၄၅၀ တိုင်အောင် ပိဋကတ်သုံးပုံကို ပေနှင့်မရေးပဲ နှုတ်ကျက်သာ ရဟန်းတို့ဆောင်ကုန်သတည်း။ ဝဋ္ဋဂါမဏိမင်း၏ နောင်တော်ခလ္လာဋနာဂမင်းလက်ထက်တွင်မှ နှုတ်ကျက်မဆောင်နိုင်လတ္တံ့သည်ကိုမြင်၍ ဘုရားနှုမ္မတ်တော်ကို အရှည်တည်စေခြင်းငှာ ရဟန္တာအပေါင်းတို့ ပေ၌ရေးခဲ့ကုန်သတည်း။"*

ရှင်မဟာသီလဝံသ၏ ရာဇဝင်ကျော်မှတ်တမ်းအရ ဘုန်းတော်ကြီးကျောင်းများတွင် ရဟန်းသံဃာတို့သည် ပိဋကတ်သုံးပုံကို နှုတ်ကျက်ဆောင်ကြကြောင်းသိရသည်။+ နှုတ်ကျက်ဆောင်နည်းဟူ၍ သင်ပြနည်းကို ခေါ်တွင်နိုင်ပါလိမ့်မည်။ ဤနည်းသည်မြန်မာနိုင်ငံဘုန်းတော်ကြီးကျောင်းများတွင် အစဉ်တစိုက် အသုံးပြုခဲ့သော အရိုးအစဉ်လာသင်နည်းဖြစ်ပါသည်။

မြန်မာစာနိဒါန်း ဆရာဦးထွန်းဖေကလည်း ရှေးခေတ်ပုဂံတွင် ဘုန်းတော်ကြီးများ စာပေသင်ကြားကြပုံကို အောက်ပါအတိုင်း မှတ်ချက်ချထားပေသည်။

> "မြန်မာရာဇဝင်၌ အနော်ရထာမင်းစောသည် သထုံပြည်မှ ပုဂံပြည်သို့ ပိဋကတ်အစုံသုံးဆယ် ယူဆောင်လာသောအချိန်ကစ၍ မြန်မာသည် တအား တက်လာသည်မှာထင်ရှားပေသည်။ ပိဋကတ်စာများကို မွန်တို့အက္ခရာမှ မြန်မာတို့အက္ခရာဖြင့်အသစ်ရေးကူးစေပြီးလျှင်ရတနာ

---

* ရှင်မဟာသီလဝံသ "ရာဇဝင်ကျော်"၊ ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ပထမအကြိမ်၊ ၁၉၆၅၊ စာမျက်နှာ-၁၀၇။

အတိပြီးသော ပြဿဒ်တွင်ထား၍ အရိယသံဃာတော် မြတ်တို့အား ပို့ချသင်ကြားစေသည်ကို ထောက်၍ ၎င်း အချိန်အခါတွင် ပိဋကတ်ကျမ်းစာများကို အာဂုံဆောင် ၍ လေ့ကျင့်အားထုတ်ကြသည်ကို သိရပေသည်။ ထို ခေတ်အခါတွင်များသောအားဖြင့် စာပေကျမ်းဂန်များ ကိုအာဂုံဆောင်၍သာ လေ့ကျက်အားထုတ်ကြကုန်၏။''×

ထို့ပြင် အရေးအသားလည်းရှိပြီဖြစ်၍ ရေးသားရန် ကိရိယာကို လည်း ပုဂံခေတ်တွင် တွေ့ရှိရပေသည်။ အခိုင်အမာ ရေးထိုးလိုလျှင် ကျောက်စာကို ရေးထိုးကမ္ပည်းတင်၍ မှတ်တမ်းတင်ကြသည်။

ပုဂံခေတ် ဘုန်းတော်ကြီးကျောင်းများတွင်မူ စာရေးကိရိယာအဖြစ် ပေနှင့်ပုရပိုက်ကို အသုံးပြုကြသည်။ ပေကို ကျောက်စာထက်စော၍ အသုံးပြုကြောင်း သမိုင်းအထောက်အထားအရသိရသည်။

''ပေပေါ်တွင်စာရေးခြင်းသည်အိန္ဒိယ ပြည်တောင် ပိုင်း၌ ရှေးကပင်ရှိပေသည်။ တောင်ပိုင်းမှ သာသနာ တော် ဝင်ရောက်လာသောအခါ အိန္ဒိယတောင်ပိုင်းမှ ပေဖြင့် ရေးသားထားသော ပါဠိ ကျမ်းဂန်များပါရှိ သည်ဟု ယူဆရန်ရှိရံမကသရေခေတ္တရာပြည် မောင်ကန် အရပ်မှ တူးဖော်ရရှိသော ရွှေပြား ကမ္ပည်းများမှာ ပေရွက်သဏ္ဍာန်ဖြစ်လေသည်။ထိုရွှေပေရွက်များပေါ်၌ ရေးထိုးထားသော ကမ္ပည်းအက္ခရာများမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၁၃၀၀- ၁၄၀၀ ခန့်လောက်က အသုံးပြု သော အက္ခရာများဖြစ်ရာ ပုဂံခေတ် ရှေးအကျဆုံး မြန်မာဘာသာထိုး ကျောက်စာများထက် နှစ်ပေါင်း ၄၀၀-ကျော် ၅၀၀-ခန့် ရှေးကျလေသည်။''*

---

× ဦးထွန်းဖေ၊ ''မြန်မာစာနိဒါန်း'' ရန်ကုန်မြို့၊ ပညာအလင်းပြ စာ ပုံနှိပ်တိုက် စထုတ္ထအကြိမ်နှိပ်ခြင်း ၁၉၅၅၊ စာမျက်နှာ ၇၁။

* ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ။ ''မြန်မာစာ ပုံနှိပ်တိုက် သမိုင်းနှင့် စာပေပြပွဲ၊ ပြန်ကြားရေးဌာန။

ထိုအချက်ကိုထောက်၍ ပေကို ပုဂံခေတ်မတိုင်မီကပင် အသုံးတွင်နေပြီဟုယူဆနိုင်သည်။ ပုဂံခေတ်တွင်မူ ပေကို အများဆုံး အသုံးပြုနေမည်ဟု ခန့်မှန်းရပေမည်။

'ပေ'အပြင် ထန်းရွက်များကိုလည်း အသုံးပြုကြောင်း ကျောက်စာများတွင်တွေ့ရသည်။ ကျောက်စာများတွင် ပေကို ပိယ်ဟူ၍လည်းကောင်း၊ ထန်းကို တာလဟူ၍လည်းကောင်း ရေးသားသည်ကို တွေ့ရသည်။

## (ည) သုံးသပ်ချက်

ပုဂံခေတ်ဦးတွင် ဘာသာရေးရာများ ရောထွေး၍နေပေသည်။မဟာယာန၊ ထေရဝါဒ၊ တန္တြပြာဟ္မဏ ဝါဒများသည် ပုဂံခေတ်ဦးအခါကပင် ရောထွေးယှက်တင် ပုဂံပြည်သူတို့ကြားတွင် ပျံ့နှံ့နေပေသည်။ ထိုကဲ့သို့ ဘာသာအယူဝါဒ ကွဲလွဲမှုများသည် နိုင်ငံစည်းလုံးရေးတွင် ကြီးစွာသော အနှောင့်အယှက် ဖြစ်သည်ကို အနော်ရထာမင်းမြတ်သည် သိရှိခဲ့သည်။ အယူဝါဒအမျိုးမျိုးကြောင့် ပုဂံသားတို့သည် တစိတ်ဝမ်းတလက်ညီ မဖြစ်နိုင်ကြပေ။ ထို့ကြောင့် အနော်ရထာ မင်းသည် ရှင်အရဟံနှင့်ပူးပေါင်း၍ ထေရဝါဒ လွှမ်းမိုးသော နိုင်ငံဖြစ်အောင် စည်းရုံးလှုံ့ဆော်ခဲ့ပေသည်။ ထိုအခါမှစ၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ပညာရေး စာပေအနုပညာများသည် တဟုန်ထိုး သီးပွင့် ကြီးမြင့်လာရပေသည်။

ကျန်စစ်သားမင်းကြီးသည် နိုင်ငံတော်ပြိုကွဲနေသည်ကို ပြန်လည်စုစည်းခဲ့ပေသည်။ မွန်မြန်မာချစ်ကြည်ရေးကို ဦးတည်လျက် အလောင်းစည်သူကို မြေးတော်ပင်ဖြစ်သော်လည်း နန်းလျှာထားခဲ့ပေသည်။ မွန်ဘာသာကိုအလေးပေး၍ ကျောက်စာများ ရေးထိုးခဲ့ပေသည်။ယင်းသို့ဖြင့် မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားချစ်ကြည်မှု သာဓကကောင်းကို ပြသနိုင်ခဲ့ပေသည်။

ပုဂံခေတ် လူမှုရေးရာအရ ဘာသာစကား အသီးသီးသည် ပုဂံနေပြည်တော်နှင့် နိုင်ငံတဝှမ်းတွင်ပြန့်နေသည်။ ပါဠိဘာသာ၊ သက္ကဋဘာသာ၊ ပျူစကား၊ မွန်စကား ထွန်းကားခဲ့သည်။ ယင်းဘာသာစကား အဖုံဖုံကို အက္ခရာတင်ရာတွင်လည်း နာဂရီအက္ခရာ၊ ပျူအက္ခရာ၊ မွန်အက္ခရာ စသည်ဖြင့် အက္ခရာသုံးမျိုးကိုသုံးကြသည်။ သို့ဖြင့် မြန်မာ

စာပေ၊ မြန်မာ့အက္ခရာ၊ မြန်မာဘာသာသည် အတည်တကျမဖြစ်သေးပဲ ရှိနေခဲ့ရာမှ နရပတိစည်သူမင်းလက်ထက်တွင် မြန်မာဘာသာ၊ မြန်မာစာ၊ မြန်မာအက္ခရာတို့ကို ဦးစားပေးတီထွင်လာသည်။ ကျောက်စာများတွင်လည်း မြန်မာဘာသာဖြင့် ရေးထိုးလာသည်။ ထိုအခါမှ၍ မြန်မာဘာသာစကားသည် အခြေခိုင်စပြုပြီဟုဆိုနိုင်ပါသည်။ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေး၏ ရည်မှန်းချက်များမှာ (၁)ရတနာသုံးပါး ဦးထိပ်ထားတတ်ရန်၊ (၂)သာသနာသုံးရပ်ထွန်းကားစေရန်၊ (၃)နိဗ္ဗာန်ကိုသွားအံ့ဟု လူတိုင်းမျှော်မှန်းတတ်ရန်၊ (၄)လောကုတ္တရာကျမ်းစာများ တတ်ကျွမ်းရန်နှင့် အရေးအဖတ်အတွက် တတ်ကျွမ်းရန်စသည်တို့ဖြစ်ပါသည်။ သင်ကြားနည်း နိဿရည်းမှာ စာပေကျမ်းဂန်များကို အာဂုံဆောင်သောနည်း ဖြစ်ပေသည်။

ထိုသို့ ပုဂံနိုင်ငံတော်သာသနာရေး၊ဘာသာရေး၊ပညာရေး၊လူမှုရေးတို့ကိုစွမ်းဆောင်ကြရာ၌ ဆရာတော် သံဃာတော်များ၏ ကြပ်မကွပ်ကဲဦးဆောင်မှုကို ဖယ်ချန်ထား၍မရနိုင်ပေ။ ရှင်အရဟံ ဦးဆောင်သောသံဃာ အဖွဲ့အစည်းသည် နိုင်ငံတော်သာသနာရေး၊ ဘာသာရေး စည်ပင်တိုးတက်အောင် ကြံဆောင် အားထုတ် ခဲ့ကြပေသည်။ ပုဂံခေတ်တလျှောက် ဦးဆောင်ခဲ့သည့်ပုဂ္ဂိုလ်ကျော်မှာ ရှင်ဓမ္မသေနာပတိ၊ ရှင်အဂ္ဂဝံသမထေရ်၊ သံပျင်အမတ်၊ ရှင်ဆပဒ၊မဓမ္မဝိလာသ၊ကျစွာမင်း၊ ဦးကျည်ပွေ့ စသည်တို့ဖြစ်ပါသည်။ ဘာသာရေးသည် ပညာရေးနှင့်ဆက်သွယ်လျက်ရှိရာ ပညာရေးဦးတည်ချက်သည်ပင် ဘာသာရေးဖြစ်နေသည်။ ဗုဒ္ဓဘာသာ၊ ပိဋကတ်ကျမ်းဂန် စာပေ ဇာတ်တော်တို့သည် ပညာရေးအပေါ် လွှမ်းမိုးလျက်ရှိပေသည်။ မြန်မာ၊ မွန်၊ ပါဠိ သက္ကဋ ဘာသာရပ်များကိုလည်း အလေးပေးသင်ကြားခဲ့ရာ နောက်ပိုင်းတွင် မြန်မာနှင့်ပါဠိဘာသာတို့သာ အစဉ်တစိုက် သင်ကြားခဲ့ပေသည်။ ပညာရေးသည် ဘာသာရေးလိုအင်ကို ဖြည့်တင်းပေးရသော လက်နက်သဖွယ် ဖြစ်ခဲ့ပေသည်။ ထိုအချက်မှာလည်း မဆန်းကျယ်လှပေ။ နိုင်ငံတော်၏ယုံကြည်မှုကို ဘာသာစာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ပညာရေးက တာဝန်ယူ ဖြန့်ချီပေးရသည်မှာ အစဉ်အလာပင် ဖြစ်ပေသည်။

ယင်းသို့ဆိုခြင်းဖြင့် ပညာရေးတွင် လက်မှုပညာ၊ ဗိသုကာပညာ၊ စိုက်ပျိုးမှုပညာ၊ ပန်းချီပညာ၊ ဆေးပညာများ မထွန်းကားခဲ့ပါဟု မဆိုသာ။ အသက်မွေးဝမ်းကျောင်း ပညာရပ်များသည်လည်း တန္တယ်

ငင် တစင်ပါ ဆိုရိုးစကားအတိုင်း ဘာသာရေးကိုမလွှဲချိုင်ထား၍ ထို အတတ်ပညာမျိုးစုံတို့သည် ပုဂံခေတ်အခါက ပေါ်ထွန်းခဲ့သည်ကို ယနေ့ တိုင် ကမ္ဘာက အံ့သြချီးကျူးရပေသည်။ ထို့ကြောင့် ပုဂံခေတ်အခါ တွင် ဗုဒ္ဓဘာသာလွှမ်းမိုးမှုကြောင့် ပညာရေးအဆောက်အအုံတွင် ခိုင်မာ သောအုတ်မြစ်ကို ရပိုင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် သက္ကရာဇ် ၁၀၄၄-မှ ၁၂၇၇- ထိ ဘုန်းကြီးကျောင်းပညာရေး၊ အတွေးအခေါ်ပညာရှင် သင်ကြားပြသ သူတို့မှာ ယေဘုယျအားဖြင့် ရဟန်းတော်များဖြစ်ပြီး ထိုရဟန်းတော် များ၏ သြဝါဒဖြင့် ပညာရေးမူဝါဒ ချမှတ်ဆောင်ရွက်ခဲ့သည့်သူများ မှာ ဘုရင်များသာဖြစ်ခဲ့သည်။ ထို့ကြောင့် ဘုန်းကြီးကျောင်းပညာ ရေးသည် နိုင်ငံဦးဆောင်သူများအပေါ်တွင် များစွာ တည်ခဲ့သည်။ ဦးဆောင်သူညံ့လျှင် ညံ့သလို၊ ဦးဆောင်သူတော်လျှင် တော်သလို ဘုန်း တော်ကြီးကျောင်း ပညာရေးသည်လည်း အနိမ့်အမြင့် ရှိခဲ့ပေသည်။ သို့ဖြင့် ၁၀၄၄-မှစ၍ အရှိန်အဟုန်ရခဲ့သော ဘုန်းကြီးကျောင်း ပညာ ရေးသည် လောကဓံတရားနှင့်မကင်းခဲ့ချေ။ သို့ဖြစ်ရကား ၁၁၇၇-ခု နှစ် နရသီဟပတေ့ တရုတ်ပြေးမင်းလက်ထက်တွင် နိုင်ငံတော်သည် ဝါးအစည်းပြေသကဲ့သို့ အကွဲကွဲအပြားပြား ဖြစ်ခဲ့ရပေသည်။

# အခန်း ၄

## ပင်းယခေတ်မှ ညောင်ရမ်းခေတ်အထိ ဘုန်းတော်ကြီးကျောင်းပညာရေး

## (၁၂၈၇-၁၇၅၂)

### (က) နောက်ခံကား၊

ပုဂံအမျိုးသား မြန်မာ့ကရာဇ် နိုင်ငံတော်သည် တာတာ (မွန်ဂို) တို့ စစ်အင်အား ဖြန့်လာသဖြင့် အုပ်ချုပ်ရေးနှင့် လူနေမှုအဖွဲ့တို့ ကစင့် ကလျား ဖြစ်လာရသည်။ ၁၂၇၁၊ ၁၂၇၃ ခုနှစ်များတွင် ပုဂံအား အညံ့ခံရန် မွန်ဂိုတို့က တောင်းဆိုခဲ့သည်။ ပုဂံကငြင်းပယ်၍ မွန်ဂို မြန်မာ စစ်ဖြစ်ပွားခဲ့သည်။

သို့ဖြင့် ၁၂၈၇ ခုနှစ်တွင် နရသီဟပတေ့ အနိစ္စရောက်ပြီးနောက် မြန်မာနိုင်ငံသည် နွားကွဲကျားကိုက် စကားပုံအရ အကွဲကွဲအပြားပြား ဖြစ်ခဲ့ရသည်။

ပဒေသရာဇ်တို့၏ စုစည်းထိန်းသိမ်းမှုမှာ အားပြော့လာသဖြင့် မြန်မာ၊ ရှမ်း၊ မွန်တို့ ပဒေသရာဇ် နယ်ရှင်ပယ်ရှင် လေးများအဖြစ် နိုင်ငံငယ်များ ထွန်းပေါ်လာခဲ့သည်။

ပင်းယ၊ မြင်စိုင်း၊ စစ်ကိုင်းဒေသများတွင် ပုဂံယဉ်ကျေးမှုအင်အား ပြန်လည်စုစည်းဖြစ်ပေါ်လာခဲ့သည်။

ရှမ်း မြန်မာတို့ ညီညွတ်သွေးစည်းမှု ရရှိခဲ့သဖြင့် ပင်းယ၊ စစ် ကိုင်း၊ အင်းဝတို့တွင် နိုင်ငံရေးအင်အား၊ စီးပွားရေး အင်အား၊ လူမှုရေး၊ ပညာရေးအင်အား ဆက်လက်ရှင်သန်ခဲ့ပေသည်။ အင်းဝဘုရင် မင်းခေါင်၏ ဦးဆောင်မှုသည် သမိုင်းတွင်ဝင့်ထည်၍နေပေသည်။

တောင်ငူခေတ်ကို မင်းကြီးညို (၁၄၈၆-၁၅၃၁)က စတင်တည်ထောင်သည်။ ဒုတိယအကြိမ် မြန်မာနိုင်ငံကို တပင်ရွှေထီး၊ ဘုရင့်နောင်တို့က ဦးဆောင်စည်းလုံးပေးခဲ့သည်။ တပင်ရွှေထီး (၁၅၃၁-၁၅၅၀) သည် ဒုတိယအကြိမ် မြန်မာနိုင်ငံကို တည်ထောင်ခဲ့ပေသည်။ မွန်တို့ကို သိမ်းသွင်းခြင်း၊ ရခိုင်ဒေသကို တိုက်ခိုက်ခြင်း၊ ယိုးဒယားနိုင်ငံသို့ ချီတက်တိုက်ခိုက်ခြင်းစသည် တိုင်းပြည်စည်းလုံးရေးကို ဦးဆောင်သိမ်းသွင်းခဲ့ပေသည်။ ဘုရင့်နောင်(၁၅၅၁-၁၅၈၁) သည် မြန်မာနိုင်ငံကို ဆက်လက်တည်ထောင်ခဲ့သည်။ တမျိုးသားလုံး စည်းလုံးညီညွတ်ရေး၊ သွေးစည်းရေးအတွက် အခြေခံအုတ်မြစ်ချခဲ့သူဖြစ်ပေသည်။

အင်းဝကို သက္ကရာဇ် ၈၈၈ ခုနှစ်တွင် ရှမ်းမင်း သိုဟန်ဘွားဖျက်ဆီး၍ ရဟန်းတော်များ၊ ကျမ်းတတ်ပုဂ္ဂိုလ်များသည် ဘေးလွတ်ရာတောင်ငူသို့ ထွက်ပြေးခဲ့ကြရာ မင်းကြီးညို၏ စောင့်ရှောက်မှုကို ခိုလှုံခိုယူခဲ့ကြသည်။ ထို့ကြောင့် တောင်ငူတွင် ကျမ်းတတ်ပုဂ္ဂိုလ်များ စုစည်းမိကြသည်။ တောင်ငူခေတ်တွင် လှော်ကားသုံး ထောင်မှူး ရှင်ထွေးနာသိန် နဝဒေးကြီး၊ ဗညားဒလ၊ မဟာပညာကျော်၊ ရဝေရှင်ထွေး၊ နတ်သျှင်နောင်၊ မင်းဇေယျရန္တမိတ်၊ ရှင်သံခိုစသော စာဆိုတော်ပညာရှိများ ပေါ်ထွန်းခဲ့သည်။

စာပေတွင် ပျို့၊ ရတုစသည်တို့အပြင် ချေင်း၊ သာချင်း၊ အဲချင်း အရေးတော်ပုံ၊ ကျမ်းနှင့် လျှောက်ထုံးကျမ်းများ ပေါ်ထွန်းခဲ့သည်။

တောင်ငူခေတ်သည် ဘာသာရေး သာသနာရေးတွင် စိတ်ဝင်စားမှု မရှိပေ။ ထိုသို့ဖြစ်ရသည်မှာလည်း "ဤခေတ်ကား စစ်မက်ရေးရာများသောခေတ်ဖြစ်၍ ဘုရင်မင်းမြတ်တို့ကိုယ်တိုင်ကလည်း စစ်မက်ရေးတွင် ဝါသနာပါကြသည်။ စစ်မက် တိုက်ခိုက်ရေးကိုလည်း အားပေးကြသည်။ ထို့ကြောင့် ဘာသာရေး၊ သာသနာရေးတွင် တဘက်သတ်ချွတ်ယွင်းလျက်ရှိတော့သည်။"× ထို့ကြောင့် ဘုန်းတော်ကြီးကျောင်းပညာရေးတွင် တောင်ငူခေတ်သည် ပြောပလောက်အောင်တင်ပြစရာ မရှိနိုင်ပေ။ ညောင်ရမ်းမင်း မင်းပြုရန်ကြံစည်သော သက္ကရာဇ် ၉၅၉ ခုနှစ်တွင် စာပေခေတ်သည် တောင်ငူခေတ် မှေးမှိန်သွားချိန်မှစ၍

---

× ဦးဖေမောင်တင်၊ "မြန်မာစာပေသမိုင်း" အောင်စည်စာပေတိုက် ဒုတိယအကြိမ်၊ ၁၉၇၁၊ စာမျက်နှာ—၁၇၀။

အင်းဝပျက်ပြီး ကုန်းဘောင်ခေတ် မစတင်မီထိ ခေတ်ကာလကို ညောင်ရမ်းခေတ် (ဒုတိယ အင်းဝခေတ်)အဖြစ် ပိုင်းခြားသင့်ပေသည်။

ညောင်ရမ်းခေတ်တွင် အနောက်ဖက်လွန်မင်းက မြန်မာနိုင်ငံကိုပြန်လည်စည်းလုံးခဲ့သည်။ အနောက်ဖက်လွန်မင်းလက်ထက်တွင် ထူးခြားချက်တရပ်မှာ ဥရောပမှ လူသစ်များရောက်ရှိလာခြင်းနှင့် ပထမအကြိမ် အင်္ဂလိပ်တို့နှင့် ဆက်သွယ်မိခြင်းဖြစ်ပေသည်။ တိုင်းပြည်အေးချမ်းသာယာမှုရှိအောင် အနောက်ဖက်လွန်မင်းက စွမ်းဆောင်နိုင်ပေသည်။

သာလွန်မင်းသည် အင်းဝသို့ ပြောင်းရွှေ့ နန်းစံခဲ့သည်။ နိုင်ငံကို ဆက်လက်တည်ထောင်ခဲ့သည်။ ဒပ်ချ်၊ အင်္ဂလိပ်တို့နှင့် ကူးသန်းရောင်းဝယ်မှုပြုခဲ့သည်။ သို့ရာတွင် စနေမင်း၊ တနင်္ဂနွေမင်းတို့ လက်ထက်တွင် တိုင်းနိုင်ငံမငြိမ်သက်ခဲ့ပေ။ တနင်္ဂနွေမင်းလက်ထက်တွင် မြန်မာစာပေ တိုးတက်ခဲ့သည်။ တောင်ငူခေတ်တွင် လူပုဂ္ဂိုလ် စာဆိုပညာရှင်များသာ ထွန်းကားခဲ့သော်လည်း ညောင်ရမ်းခေတ်တွင် ရဟန်းပုဂ္ဂိုလ်ကျော်များ ပေါ်ပေါက်ခဲ့သည်။

ဤသို့ပင် ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းခေတ် တလျှောက်တွင် နိုင်ငံရေးဦးဆောင်သူ သာသနာစာပေ ဦးဆောင်သူတို့၏ အရည်အသွေးနှင့် နိုင်ငံတော်၏ အခြေအနေအရ စာပေထွန်းကားမှု အတက်အကျ ရှိခဲ့သည်။ ထိုနည်းတူ ပညာရေးသဘောတရား ရည်မှန်းချက်နှင့် သင်ရိုးများဖြစ်ပေါ်ခဲ့ရပေသည်။ ဤအကြောင်းကို ဆက်လက်တင်ပြလားပါသည်။

## (၁) ဂါမဝါသီနှင့်အရညဝါသီ

ပြိုကွဲပျက်စီးခဲ့သော ပုဂံမှ အသိပညာရှင် အတတ်ပညာရှင်များသည် ပင်းယ၊ စစ်ကိုင်း၊ အင်းဝတွင် စုရုံးမိကြသည်။ ကိုးကွယ်ယုံကြည်မှုတွင် ပုဂံခေတ်က ကိုးကွယ်ယုံကြည်ခဲ့သော ဗုဒ္ဓဘာသာကို ဆက်လက်ယုံကြည်ခဲ့ ကိုးကွယ်ခဲ့ကြသည်။ သို့ရာတွင် ဗုဒ္ဓဘာသာ ဂိုဏ်းကွဲများပေါ်ထွန်းခဲ့သည်။ မဟာယာနဂိုဏ်း၊ ထေရဝါဒဂိုဏ်း၊ သီဟိုဠ်ထေရဝါဒဂိုဏ်းသစ်၊ တောကျောင်းဂိုဏ်း၊ ပွဲကျောင်းခေါ် အရည်းဂိုဏ်းများ အသီးသီးပေါ်ထွန်းခဲ့သည်။

ဤကာလ၌ ဗုဒ္ဓသာသနာ့ဝန်ထမ်း ရဟန်းတော်တို့တွင် သာသနာတော်အဆုံးအမအလို့ငှာဆောက်တည်ကျင့်သုံးတော်မူသောရဟန်းတော်

များ၊ သာသနာ့အဆုံးအမတို့ကို ဆောက်တည်ကျင့်သုံးရင်း ပြည်သူ ပြည်သားတို့အား နည်းပေးလမ်းပြ၍ ပြည်သူတို့၏ အကျိုးကိုဆောင် ရွက် ကူညီတော်မူသော ရဟန်းတော်များ ရှိခဲ့သည်ဟုဆိုနိုင်သည်။ ပထမ အမျိုးအစား ရဟန်းတော်များကို အရညဝါသီ ရဟန်းတော်များဟု လည်းကောင်း၊ ဒုတိယအမျိုးအစား ရဟန်းတော်များကို ဂါမဝါသီ ရဟန်းတော်များဟုလည်းကောင်း၊ သာသနလင်္ကာရ စာတမ်းနှင့် ရာဇ ဝင်ကြီးများတွင် ဖော်ပြသည်။ ဂါမဝါသီရဟန်းများ သီတင်းသုံးရာ ကျောင်းများကို ပွဲကျောင်းများဟုခေါ်ကြသည်။

ပင်းယ၊ စစ်ကိုင်းခေတ်များတွင် မြန်မာနိုင်ငံ ပညာသင်ကြားရေး တွင် ဂါမဝါသီ ပွဲကျောင်းများက တာဝန်ယူလာခဲ့သည်။ ဂါမဝါသီ ပွဲကျောင်းများ၌ သင်ကြားပို့ချသော ပညာရပ်များတွင် ဘာသာရေး စာပေသက်သက်သာမကအသက်မွေးဝမ်းကျောင်း ပညာရပ်များပါဝင် သည်ကို တွေ့ရပေသည်။ အသက်မွေးမှု အတတ်ပညာဆိုင်ရာကျမ်း ဂန်များနှင့် လက်မှုအတတ်ပညာ နည်းများကို သင်ကြားပို့ချသည်။ ဗေဒင်ကျမ်း၊ ဓာတ်ကျမ်း၊ ဆေးကျမ်း၊ အန္တိပ်ကျမ်း၊ ယတြာကျမ်း၊ သေနင်္ဗျူဟာကျမ်း၊ ဂဇာသျှတ္တရကျမ်း၊ အဿဗေဒကျမ်း၊ ဓါး၊ လှံ၊ တုတ်၊ ဒိုင်းများကို သိုင်းကနည်း၊ ကာကနည်း၊ ဒူးလေး၊ လောက် လေး၊ လောက်လွှဲပစ်နည်း၊ ခဲလုံးပစ်နည်း၊ ပန်းတဆယ့်တမျိုးလုပ်ငန်း၊ အယုတ်သဖြင့်လက်ဝှေ့၊ လက်ဝှေ့သတ်နည်း၊ တီးမှုတ် ကခုန်နည်း စ သော လောကီအတွက် အသက်မွေးမှုအတတ်ပညာရပ်များကို ဂါမဝါ သီ ပွဲကျောင်းများတွင် သင်ကြားပို့ချကြောင်း မြန်မာမင်းအုပ်ချုပ်ပုံ (စတုတ္ထ)စာ-၂၁၂ တွင် တွေ့ရှိရသည်။

ထိုအတတ်ပညာများကို စိစစ်ကြည့်ပါက အသက်မွေးမှု ပညာရပ် များအပြင် စစ်မှုရေးရာ အတတ်များပါဝင်ကြောင်း ကိုယ်ခံပညာရပ် များ ပါဝင်ကြောင်း တွေ့မြင်ရပေသည်။

ပင်းယခေတ်ပညာရေးတွင် ပါဠိဘာသာဖြင့် ရေးထားသောတရား စာပေကျမ်းဂန်များကို မြန်မာဘာသဖြင့် ပို့ချခဲ့ပေသည်။

ထိုခေတ်တွင် စတုရင်္ဂဗလဘွဲ့ခံ ပညာရှိအမတ်ကြီးတဦး ပေါ်ထွန်း ခဲ့သည်။ ထိုအမတ်ကြီး၏ အကြောင်းကို စာဆိုတော်များအတ္ထုပ္ပတ္တိ ကျမ်းတွင်ဖော်ပြရာ၌ စာရေးဆရာ မောင်သုဘက-

"အတန်ငယ်ကြီးပြင်းလာသောအခါ 'ဝိဇယပူရ' မည်သော ပင်းယမြို့ကျောင်းသို့သွား၍ စာပေ၊ ပိဋကတ်တွင် အထူးတတ်မြောက် ကျွမ်းကျင်သော အသျှင်သုဓမ္မ မဟာသာမိ မထေရ်ကံ၌ ရှင်သာမဏေအဖြစ်ဖြင့် နည်းခံသင်ကြားသည်။ ထိုအသျှင်သုဓမ္မမဟာသာမိ မထေရ်ကားအခြားမဟုတ်။ သက္ကရာဇ် ၇၀၂ ခုနှစ်တွင် ဥဇနမင်းကြီး ဆောက် လုပ် လှူဒါန်းသည့် စကား ၇ ကျောင်းအနက် စကားကျောင်းမဖြစ်သော ဇမ္ဗုကကျေ ာ်ကို ကင်လှူဆက်ကပ်ခြင်းခံရသည့် ပုဂ္ဂိုလ် စ ချီ ပေ သင် သား၊ တပည့် ၅၀၀ ကျော်ကို စာပေပို့ချသင်ကြားပေးရသူတည်း"ဟု ဖော်ပြထားပေသည်။ ထိုအချက်ကို ထောက်ရှု၍ ပင်းယခေတ်အခါက စာသင်သားများ သက်ဆိုင်ရာ ဆရာတော်ကြီးများထံတွင် ပညာဆည်းပူးလေ့လာကြကြောင်း ထင်ရှားသည်။ တပည့်ဖြစ်ဖူးသော စတုရင်္ဂအမတ်သည်ပင် အဘိဓာန်ဋီကာကို ရေးသား စီစဉ်ခဲ့နိုင်သည်ကိုထောက်၍ဆရာတော် အသျှင်သုဓမ္မ မဟာသာမိ မထေရ်၏ ပညာသင်ကြားပို့ချမှုမည်မျှ ထိရောက်အောင်မြင်ကြောင်းကို သိသာနိုင်ပေသည်။

ပင်းယခေတ်တွင် ကျော်ကြားသော ဆရာတော်တပါးမှာ ဆူးတွင်းပစ်ဆရာတော်(၆၇၅ ခန့် ၇၃၅ ခန့်)ဖြစ်သည်။

သက္ကရာဇ် ၇၁၂-ခုနှစ်တွင် ပင်းယပြည်ကြီး၌ ငါးစီးရှင်၏ သားတော်လေး စီးရှင်ကျော်စွာ နန်းတက်သည်။ ထိုမင်းလက်ထက်တွင် 'ကျော်စွာကျောင်း' ကို ဆောက်လုပ်လှူဒါန်းသည်။ ထို ကျောင်း ၏ ဆရာတော်မှာ အထူးထင်ရှား ကျော်ကြားလှသော ဆူးတွင်းပစ် ဆရာတော်ဟု ခေါ်တွင်သော ရှင်နာဂိတ မထေရ်ဖြစ်သည်။

ကျော်စွာမင်းကြီးကိုယ်တိုင် စတုရင်္ဂအမတ်ကြီးအား ဆူးတွင်းပစ်ဆရာတော်၏ ဉာဏ်ပညာထက်မျက်ပုံကို စူးစမ်းစေ၍ ပင့်ခေါ် ယူ ရသော ဆရာတော်ဖြစ်ပေသည်။ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ကျမ်းဂန်၊ အရပ်ရပ် ခက်ဆစ်တို့ကို မေးသမျှဖြေဆိုနိုင်သဖြင့် အ ထူး ထင် ရှား ခဲ့သော ဆရာတော်ဖြစ်ပေသည်။ သဒ္ဒသာရတ္ထ ဇာလိနီသဒ္ဒါကျမ်းငယ်ကို စီရင်ရေးသားခဲ့သည်။ ထို့ပြင်ပန်းတဆယ့်တမျိုး အတတ်ပညာများ၊ လက်မှုလုပ်ငန်းဆိုင်ရာ အတတ်မျိုးစုံများပါဝင်သည်။ ထင်ရှားသော အတတ်ပညာများမှာ ပန်းတိမ်၊ ပန်းပဲ၊ ပန်းပွတ်၊ ပန်းချီ၊ ပန်းရည်၊ ပန်းယွန်း၊ ပန်းတော့၊ ပန်းတည်း၊ ပန်းပု၊ ပန်းတမော့၊ ပန်းရွှေ အစရှိသည်တို့ဖြစ်သည်။

စာပေပညာရပ်များမှာ ရာဇဝင်ပုံပြင်၊ ဓမ္မသတ် ထုံးဟောင်းများ အပြင် လက်မှုအတတ်များကို ဂါမဝါသီ ပွဲကျောင်းများကပင် သင်ကြားပို့ချပေးသည်။ ပွဲကျောင်းအချို့မှာ တက္ကသိုလ်ကြီးများသဖွယ် ဖြစ်ပေသည်။

စစ်မှုရေးရာအတတ်များကိုလည်း သင်ကြားပေးရာ သေနင်္ဂဗျူဟာ ကျမ်းများနှင့်တကွ ကိုယ်ခံပညာများဖြစ်သော၊ ဓါး၊ တုတ်၊ ဒိုင်း၊ သိုင်း၊ လက်ပွေ့၊ လက်ဝှေ့ အတတ်များ သင်ကြားပို့ချကြောင်း သိရသည်။ ဂါမဝါသီပွဲကျောင်းများတွင်ပညာရှာမှီးကြသောစာသင်သား တို့မှာ မင်းညီမင်းသားများ၊ ဝန်ကြီး မှူးမတ်များ၏ သားသမီးများ ဖြစ်ကြသည်။ မင်းညီမင်းသားများအပြင် ပြည်သူပြည်သားတို့၏ သားသမီးများသည်လည်း ပွဲကျောင်းများတွင် စာပေသင်ကြားတတ်မြောက် ကြကြောင်း ထင်ရှားပေသည်။ ထိုသို့လောကီပညာရပ်များ ပိုမိုလေ့လာလိုက်စားလာကြသည်မှာလည်း ခေတ်၏တောင်းဆိုချက်ကြောင့် ဆိုရပေမည်။

## (ဂ) ဘုန်းတော်ကြီးကျောင်း ပညာရေးသဘောတရားနှင့် ရည်မှန်းချက်

ဘုန်းတော်ကြီးကျောင်း ပညာရေး သဘောတရားနှင့် ရည်မှန်းချက်များကို သမိုင်းတွင် ထင်ရှားသည့် ဦးဆောင်ဆရာတော် ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရတို့၏ စာပေများ၌ တွေ့ရပေမည်။ ဥပမာ-ရှင်မဟာသီလဝံသ၏ တိလောကဟု ဆုံးမစာသည် ထင်ရှားသည်။ ထိုဆုံးမစာကို လေ့လာလျက် ဆရာတော်၏ ပညာရေး သဘောတရားကို လေ့လာနိုင်ပေသည်။

> သုံးဆူရတနာ၊ မာတာပီတာ၊ ဆရာစသား၊ အရှင်
> များကို၊ ပြစ်မှားမဆိုရိုသေကြစေ၊ သာမဏေက၊ လူ
> ငယ်စသား၊ တပည့်များတို့ မှတ်သားကြပ်ကြပ်၊ မပြတ်
> သို့ပင် ဆုံးမသင်သည်၊ ဝမ်းတွင် အမြဲသွတ်။"

ဟူ၍ တပည့်ငယ်များကို သွန်သင်ဆုံးမတော်မူသည်။ ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဖ စသော အနန္တော အနန္တ ငါးပါးကို ရိုသေကြဖို့ ဆုံးမသည်။

ဘုန်းတော်ကျောင်း ပညာရေးတွင် ရတနာသုံးပါးနှင့် ဆရာမိဘတို့ကို ရိုသေဖို့ အလုပ်အကျွေးပြုဖို့ ဆုံးမမှုသည် အခြေခံ ဖြစ်ပေသည်။

"မိဦးဖဦး၊ ဆရာ့ဦးကို၊ ခူး၍ အလျှင်မစားနှင့်"

ဟူ၍ မိဖဆရာတို့ကို အရာရာတွင် ဦးစားပေး ရိုသေဖို့ ဆုံးမသည်။ အဂိကအားဖြင့် ကိုယ်၊ နှုတ်နှလုံးသုံးပါးလိမ္မာရေးခြား ရှိစေဖို့ ဆုံးမသည်။

ကြမ်းကို ဒဖါနင်းဖို့ လူကြီးသူမအနီးတွင် မကိုင်းမညွတ်ပဲ မတ်တတ်ထိုး၍ မသွားဖို့ စားဖွယ်သောက်ဖွယ် ကပ်ရာတွင် "ချဉ်းလာနီးစေ ခြေစုံနေ၍ ရိုသေကိုင်းညွတ် ချဉ်း၍ကပ်" ဟူ၍ သွန်သင်သည်။

နှုတ်မှုရေးရာတွင်လည်း "ရိုသေတုပ်ကွ၊ ဆည်းကပ်ကြလျက် နေ့ညကြည်ဖြူ၊ နည်းခံယူ၍၊ ကြီးသူခေါ်က ကြွကြွလည်းလာ၊ ဗျာဗျာကျွန်ုပ်ပုဆစ်တုပ်လျက်၊ ဖုံးအုပ်ခြေလက်၊ လွန်ငြိမ်သက်သည်၊ ကျောင်းထွက်လူပေ ဆိုရစေ" ဟူ၍၎င်း၊

"တရားပေစာ၊ ဟောသောခါလည်း၊ နှုတ်မှာ မစောင့် တထောင့်စကား၊ တဟားဟားလည်း၊ ရိုင်းကားမိုက်မဲ့ မပြောနှင့်" ဟူ၍၎င်း၊

"မင်းသွားငါသွား၊ ငြင်းခုံပွားအောင် စကားဘောက်ဆတ်၊ မဆိုအပ်-ဟူ၍၎င်း၊

"ဟိနနတ္တ၊ မဆဲကြနှင့် ကြီးကငယ်သည်၊ နင်ဟယ်ကိုမျှ၊ မဆိုကြနှင့်၊ ရန်စချုတ်ချယ်၊ ရှောက်လွှဲဖယ်၍၊ ဆဲမည်ကိုထား လက်ဖျားနှင့်မျှ၊ မတို့ကြနှင့် ချစ်လှရိုသေ၊ အချင်းချင်းကို ပင့်တတ်စေဟု၊ မအေအရင်း၊ တဝမ်းတွင်းသို့၊သားရင်းတူကွ၊ မှတ်ကုန်ကြ" ဟူ၍၎င်း-သွန်သင်တော်မူသည်။ စာရိတ္တပညာရေးကို ဦးစားပေးလျက် စာပေသင်ကြားမှုကို ဘုန်းတော်ကြီးကျောင်း ပညာရေးတွင် တွေ့ရပေသည်။

"ငါက သည်စာ၊ သည်ဂါထာကို မြဲစွာကြပ်မ၊ ဆရာအပ်သော်၊ တတ်လှစေချင်၊ ငါ့ကိုသင်ဟု၊ ထိပ်တွင်လည်းရွက်၊ လျှင်လျှင်ရအောင်၊ ကြိုးစားကျက်ဟူ၍ ဆရာ့စေတနာကို ဖွင့်ဆို ဆုံးမသည်။

စာဖတ်ရာတွင်လည်း--

“မပြတ်အသံ၊တညီညီသည် စာအံစာဖတ်၊ကြပ်ကြပ်
မြဲမြဲ သည်လဲးညသတ်၊ ပြတ်ပြတ်သားသား စကား
ဆိုထွေ၊ ပီလှစေ”

“သင်ပုန်းထမ်းရွက်၊ ပေထက်စီကာ၊ ရေးသောခါ
လည်း အက္ခရာကို၊ သေချာလှစေ၊ စာလုံးကိုလည်း
လှလှစေ”ဟူ၍ ဆုံးမသည်ကိုထောက်၍ စာဖတ်ရာတွင် စနစ်
တကျဖတ်ဖို့၊ စာရေးရာတွင် အက္ခရာပီပီ၊ စာလုံးညီညီ ရေးသားဖို့
မှာကြားသည်။

ဝတ်စားဆင်ယင်မှုတွင်လည်း ဆရာတော် ဆုံးမရသည်။

“နားပန်းဆံနှင့် နောက်ဆံလည်းထား၊ ဖြူထွား
ခေါင်းပေါင်း၊ နားတောင်းခတ်ကာ၊ ပန်းပန်ကာနှင့်
သီကာမြူးရွှင်၊ ရွှေငွေဆင်၍၊ သင်တို့သည့်နှယ်၊ မကျင့်
နှင့်”ဟူ၍ ဝတ်စားမှုနှင့်စပ်လျဉ်း၍လည်း ဆုံးမတော်မူသည်။

သက်န်းအရောင်ကိုပင် “သက်န်းမှာလည်း ပိန္နဲအပြင်
လှစေချင်၍၊ လွင်လွင်ပပ၊ ပြုကြမသင့်၊ နံ့နွှင်းဆိုးနှင့်
တိညက်ဆိုးကိုလည်း မဝတ်နှင့်”ဟူ၍ တောက်တောက်ပပ
ပလွှားဝါကြွား မဝတ်စားကြရန် ဆုံးမတော်မူသည်။

ထို့အပြင် ရှင်မဟာရဋ္ဌသာရ၏ စာပေ၌လည်း၊ ပညာရေးသဘော
တရားများ ပါဝင်နေသည်ကို တွေ့ရသည်။

ရှင်မဟာရဋ္ဌသာရသည် ရှေးပဒေသရာဇ်ခေတ် စာဆိုကျော်တဦး
ဖြစ်သည့်ပြင် ပညာရေးတွေးခေါ်ရှင် တဦးလည်း ဖြစ်သည်ဟုဆိုနိုင်
သည်။ ဆိုနိုင်ပုံကို ဆရာတော်၏ လက်သစ်တောင်တာ ဆုံးမစာ၊ သု-
စိ-ပု-ဘာ ဆုံးမစာ၊ ဂမ္ဘိသာရဆုံးမစာနှင့် ကိုးခန်းပျို့လာ အချက်
အလက်များကိုထောက်၍ ပြောနိုင်ပါသည်။

ကိုးခန်းပျို့ပိုဒ်ရေ (၄၆)တွင် “လက်ဦးဆရာ၊ မည်ထိုက်စွာသား'
ပုဗ္ဗာစရိယ မိနှင့်ဖ”ဟူ၍ပါ သည်။ ပညာရေးတွင် ‘ဆရာ’သည့်တပည့်
လူငယ်များနှင့် ဒုတိယတွေ့ရသူဖြစ်သည်။ ထိုလူငယ်များသည် ကျောင်း
သို့ မရောက်လာခင်ကပင် အိမ်၌ မိနှင့်ဖတို့၏ သွန်သင်ဆုံးမမှုကို ရတန်

သရွေ ရခဲ့ပြီဖြစ်သည်။ ဤကိုရည်၍ မိနှင့်ဖသည် လက်ဦးဆရာဖြစ်သည်ဆိုသော 'ပညာရေး'သဘောတရပ်ကို ရှင်မဟာရဋ္ဌသာရ ချမှတ်ခဲ့ခြင်းဖြစ်ပေသည်။

တပည့်အပေါ် ဆရာဖြစ်သူက ထားရှိသောစေတနာကို ပေါ်လွင်အောင် ဆရာတော်သည် လက်သစ်တောင်တာ ဆုံးမစာတွင် အောက်ပါအတိုင်း ဖွဲ့ဆိုခဲ့သည်။

"ရင်ဝယ်ဖြစ်ငြား၊မွေးသည့်သားကို၊မယ်ဘွားမိခင်၊
ဆုံးမသင်သို့၊ အကြင်ဆရာ၊ တို့သူငါကို၊ လိမ္မာစေ
ကြောင်း၊ ကောင်းပါစေလို့၊ ဆိုပါသမျှ၊ ဩဝါဒကို"

စသည်ဖြင့် တပည့် လိမ္မာရေးခြားရှိစေရန် ဆရာဖြစ်သူများက သားသမီးကို မိခင်ကဆိုဆုံးမသကဲ့သို့ စေတနာရှေ့ထား ဆုံးမဩဝါဒ ပေးကြောင်းကိုထောက်၍ ရှေးခေတ်ပညာရေးတွင် ဘုန်းကြီးကျောင်းပညာရေးဖြစ်သော်သည်း ခေတ်မီ တိုးတက်သော စနစ်ကို အသုံးပြုကြောင်း သိသာလှပေသည်။ အစားထိုး မိဖ[၁] ဟူသော စကားသည် အနောက်ကမ္ဘာတွင် ယနေ့မှခေတ်စားသော်လည်း လွန်ခဲ့သော နှစ်ပေါင်း ၅၀၀-ကျော်ကတည်းက ဆရာတော်သည် ယင်း ပညာရေးသဘောတရားကို တွေ့မြင်ခဲ့ပြီးဖြစ်သည်။

ဆရာ၏ဂုဏ်သိက္ခာကို ဖော်ကျူးရာ၌ ဆရာတော်သည် အမျိုးမျိုးအဖုံဖုံ တင်စားဖွဲ့ဆိုသည်ကိုတွေ့ရသည်။ ဆရာတော်သည် မိမိကိုယ်ကိုမိမိ ဖွဲ့ဆိုရာ၌--

"မထေရ်မြက်ဆရာ၊ ရဋ္ဌသာ"ဟူ၍ ဖွဲ့လေ့ရှိသည်ကို တွေ့ရပေသည်။ ဂမ္ဘီသာရဆုံးမစာတွင်--

"နှံ့ကျယ်ပညာ၊ မြတ်ဆရာ' ဟူ၍လည်းကောင်း၊
"ဗဟုသုတ၊ သိပ္ပပညာ၊ ဆည်းပူးရှာ၍၊
ဆရာကောင်းထံ"ဟူ၍လည်းကောင်း၊
"ကဝိလေးမည်၊ ပြည့်စုံတည်သား၊ ဇာနည်အာထွဋ်၊
ဆရာမြတ်ဝယ်"ဟူ၍လည်းကောင်းဆရာ၏ဂုဏ်ပုဒ်များကို ထုတ်ဖော် ချီးကျူးလေ့ရှိပေသည်။

---

၁။ Parent-Surrogate.

ဆရာဟူသည် စိန္တာ၊ သုတ၊ အတ္တ၊ ပဋိဘာဏ၊ ကိုယ်တိုင်တီထွင်ကြံစည်တတ်ခြင်း၊ အကြားအမြင်များခြင်း၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုတွင် ကျွမ်းကျင်ခြင်း၊ မိမိ အစွမ်းအစဖြင့် ဝေဖန်ပိုင်းခြားတတ်ခြင်းတည်းဟူသော ဂုဏ်အင်္ဂါများနှင့်ပြည့်စုံမှသာ ဆရာမြတ်ဖြစ်ထိုက်ကြောင်း မှတ်ချက်ချခဲ့ပေသည်။

အနှစ်ချုပ်ရလျှင် လက်ဦးဆရာသည် မိဖဖြစ်သည်ဟူသော အယူအဆ၊ ခေတ်မီလေ့လာသင်ယူနည်း၊ ဆုံးဆုံးမနည်း- ဆရာ့ဂုဏ်ပုဒ်နှင့် အင်္ဂါတို့မှာ အံ့သြဖွယ်ခေတ်ရှေ့ပြေးခဲ့ကြောင်း တွေ့ရပေသည်။

## (ဃ) ဘုန်းတော်ကြီးကျောင်း ပညာရေး ဦးဆောင် ရဟန်းတော်များနှင့် စာဆိုများ

ပုဂံခေတ်တွင်အစပျိုးခဲ့သော ပညာရေးသည် ပင်းယစစ်ကိုင်းမှသည် အင်းဝခေတ်သို့ ရောက်လာသောအခါ မီးရှူးတန်ဆောင်သဖွယ် ထွန်းလင်းပြောင်ခဲ့ပေသည်။ ဘုန်းတော်ကြီးကျောင်းများမှာလည်း တောရော မြို့ပါ ကျယ်ပြန့်စွာပေါ်ထွန်းခဲ့သည်။ ထိုသို့ ကာလအလျောက် ပေါ်ပေါက်ခဲ့သော ဘုန်းတော်ကြီး ကျောင်းများအနက် နတ်မှီးလင်း ဆရာတော်၏ကျောင်းသည် ထင်ရှားသည်။ နတ်မှီးလင်း ဆရာတော်သည် ရတနာဗိမာန်ကျောင်း၌ သီတင်းသုံးလျက် တပည့် သာမဏေများကို ပညာသင်ကြား ပို့ချတော်မူသည်။

အင်းဝခေတ် နတ်မှီးလင်းဆရာတော်၏ တပည့်များထဲမှ ရှင်ဥတ္တမကျော်၊ ရှင်မဟာသီလဝံသတို့သည် ထင်ရှားသည်။

အင်းဝခေတ် ပညာရေးတွင်လည်းကောင်း၊ စာပေရေးတွင်လည်း ကောင်းဆရာတော်ရှင်မဟာသီလဝံသနှင့်ရှင်မဟာရဋ္ဌသာရတို့သည် ရှေ့ဆောင်ဦးရွက်များဖြစ်ပေသည်။ ထိုဆရာတော်နှစ်ပါး၏ ပညာရေးသဘောတရား၊ ပညာသင်ကြားပုံကို လေ့လာခဲ့ပြီးဖြစ်ပါသည်။ ထိုဆရာတော်များ၏ ပညာရေးစွမ်းဆောင်ချက်များကို တင်ပြသင့်သည်ဟု ယူဆပါသည်။

### အင်းဝခေတ်ရဟန်းတော်များ

၁။ **ရှင်မဟာသီလဝံသ**။ ။ဆရာတော် ရှင်မဟာ သီလဝံသသည် သက္ကရာဇ် ၈၁၅ ခုနှစ်တွင် တောင်တွင်းကြီးမြို့တွင် ဖွားမြင်

သည်။ နတ်မှိုးလင်းဆရာတော်ထံတွင် ငယ်စဉ်က ပညာသင်ကြားသည်။ ၈၄၅ ခုနှစ် သက်တော် ၃၀ တွင် အင်းဝသို့ ကြွရောက်ခဲ့သည်။ သက္ကရာဇ် ၈၄၂ ခုနှစ်တွင် နန်းတက်သော ဒုတိယ မင်းခေါင်လည်း ရှင်မဟာသီလဝံသအား ကျောင်းဆောက်၍ ကိုးကွယ်လေသည်။ ထူပါရုံဘုရားအရှေ့မြောက်ယွန်း ရတနာဗိမာန်ကျောင်းတွင် သီတင်းသုံးလျက် တပည့်သာမဏေများကို ပညာသင်ကြား ပို့ချတော်မူခဲ့သည်။ ထို့အပြင် ဆရာတော်သည် တဖက်တွင် စာပေကျမ်းဂန်တို့ကို ပြုစုလျက် တဖက်မှာလည်း တပည့်များလိုက်နာရန် ဆုံးမစာများကို ရေးသားစီကုံးတော်မူသည်။

ဆရာတော်တို့ခေတ် သက္ကရာဇ် ၈၀၄ ခုနှစ်တွင် တောင်တွင်းမင်းသီရိဇေယျသူရမောင်နှံတို့သည် ပုဂံမြို့ ဝက်ကြီးအင်းအရပ်၌ ဆန်းကြယ်စွာသော စုလစ်ကျောင်းဆောက်၍ စာသင်သားတို့အတွက် ကျမ်းအမျိုးပေါင်း ၂၉၅ မျိုးတို့ကို ရေးသားလှူဒါန်းခဲ့ကြောင်း စာရင်းတင်ထားသည့် ကျောက်စာတချပ်ရှိသည်။ ကျောက်စာမှာ တက်နွဲ့ကျောင်းကျောက်စာဖြစ်ပါသည်။ ကျောက်စာပါ ကျမ်းအမျိုးပေါင်း ၂၉၅ မျိုးတွင် သုတ္တန်ကျမ်း၊ အဘိဓမ္မာကျမ်း၊ ဝိနည်းကျမ်းစသောပိဋကတ်ကျမ်းများ၊ မဟာယာန ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းများ၊ ဗုဒ္ဓတန္တရဂိုဏ်းဆိုင်ရာကျမ်းများ၊ ဗေဒင်ကျမ်းများ၊ နက္ခတ်တာရာကျမ်းများ၊ ဆေးကျမ်းများ၊ အလင်္ကာကျမ်းများ၊ အဘိဓာန်ကျမ်းများ၊ သဒ္ဒါကျမ်းများ၊ တက္ကဗေဒကျမ်းများ၊ ဓမ္မသတ်ကျမ်းများစသောလောကီဆိုင်ရာကျမ်းများ၊ လောကုတ္တရာဆိုင်ရာ ကျမ်းများပါဝင်သည်။ ဆရာတော်တို့ခေတ်သည် လောကီ လောကုတ္တရာ နှစ်ဌာန ကျွမ်းကျင်ရေးကို ရှေးရှုဦးတည်နေသော ခေတ်ဖြစ်ရကား ထိုကျမ်းတို့သည်ပင် ဆရာတော်တို့ လေ့လာဆည်းပူးခဲ့သော ဆရာတော်ပို့ချခဲ့သော ကျမ်းများဖြစ်ပေလိမ့်မည်''×ဟု ဦးဝင်းမွန်က ကောက်ချက်ချခဲ့ပေသည်။

---

× ဦးဝင်းမွန်၊ ''အင်းဝခေတ်ပညာရေးရှေ့ဆောင်'' တက္ကသိုလ်ပညာပဒေသာစာစောင်၊ အတွဲ-၂၊ အပိုင်း-၁- ၁၉၆၇ ခု၊ စာမျက်နှာ-၁၉၄။

ထိုကျမ်းများအပြင် ဆရာတော်ကိုယ်တိုင် ပြုစုခဲ့သော အောက်ပါကျမ်းများကိုလည်း တပည့်ရဟန်း စာသင်သားတို့ လေ့လာကျက်မှတ်ကြမည်ဟုယူဆရပေသည်။ ယင်းကျမ်းများမှာ-

၁။ ပါရမီတော်ခန်းပျို့
၂။ ဆုတောင်းခန်းပျို့
၃။ တောင်တွင်းလာပျို့
၄။ တန်တားဦးတည်မော်ကွန်း
၅။ ဓမ္မပါလပျို့
၆။ ရတနာ့ဂိမာန်ကျောက်စာ
၇။ တောင်တွင်းမြို့ဘွဲ့ရတု
၈။ ရွှေနန်းကြော့ရှင် နန်းတည်မော်ကွန်း
၉။ သျှိုရှားကန်တော်မော်ကွန်း
၁၀။ ဘုရင်မင်းခေါင်သို့ ဆက်သွင်းရတုများ
၁၁။ ရှင်ရဋ္ဌသာရသို့ ပေးရတုများ
၁၂။ ရာဇဝင်ကျော်
၁၃။ ပါရာယနဝတ္ထု
၁၄။ တပည့်သူငယ်တို့အားဆုံးမစာ

စသည်တို့ဖြစ်ပါသည်။ ဆရာတော်၏ ထိုကျမ်းအမျိုးမျိုးတို့ကို တပည့်သာမဏေရဟန်းတို့လေ့လာကြမည်မှာ ထင်ရှားပါသည်။

## (၂) ရှင်မဟာရဋ္ဌသာရ။

အင်းဝခေတ်တွင် ရှင်မဟာသီလဝံသနှင့် ခေတ်ပြိုင်ဖြစ်သော ဆရာတော်ရှင်မဟာရဋ္ဌသာရ၏ပညာရေးကြိုးပမ်းချက်သည် များစွာ အရေးပါလှပေသည်။ဆရာတော်သည်ကျမ်းဂန်အမြောက်အများကိုရေးသားလျက် တပည့်သာမဏေ ရဟန်းရှင်လူတို့ကို နေ့ညမပြတ် စာပေပို့ချတော်မူသည်။ ဆရာတော်၏ ပညာရေးဆိုင်ရာ အတွေးအခေါ်အယူအဆတို့ကို လက်သစ်တောင်တာဆုံးမစာ၊ ဂမ္ဘီသာရ ဆုံးမစာ၊ သုစိ-ပု-ဘာ ဆုံးမစာတို့တွင် အထင်အရှားတွေ့ရသည်။ မြန်မာစာပေတိုးတက် စည်ပင်ရန်လည်း ဆရာတော်သည် များစွာအားထုတ်ခဲ့သည်။

ဆရာတော်ပြုစုခဲ့သောကျမ်းများအနက် ထင်ရှား လူသိများသော ကျမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ဘုရိဒတ်လင်္ကာကြီး
၂။ ဘုရိဒတ်ဇာတ်ပေါင်းပျို့
၃။ တံတားဦးတည်မင်္ဂလာစေတီတော်မော်ကွန်း
၄။ ပုံတောင်နိုင်မော်ကွန်း
၅။ စတုဓမ္မသာရ ကိုးခန်းပျို့
၆။ ဂမ္ဘီသာရပျို့
၇။ ရွှေစက်တော်သွားတောလားလင်္ကာ
၈။ သံဝရပျို့
၁၀။ မင်္ဂလာအောင်ပွဲ တော်ရဲရည်တက်မော်ကွန်း
၁၁။ ရတနာပူရမြို့တည်မော်ကွန်း
၁၂။ မိတ္ထီလာကန်တော်ဘွဲ့မော်ကွန်း
၁၃။ ဘုရင်မင်းခေါင်ထံသွင်း လင်္ကာများ
၁၄။ ရှင်သီလဝံသသို့ပေး လင်္ကာများ
၁၅။ ပြည်မြို့ဝံတောင်လယ် ဘုန်းတော်ကြီး
နှင့်အပြန်အလှန်ရေးကြသောရတုများ

စသည်ဖြင့် ကျမ်းများ၊ ကဗျာ၊ ရတုများကို ရေးသားတော်မူသည်။ ထိုသို့သော စာပေ ကျမ်းဂန် ရတုတို့ကိုလည်း စာသင်သားတို့ ရွတ်ဖတ်လေ့ကျက် အာဂုံဆောင်ကြရမည်ဟု ယူဆနိုင်ပါသည်။

အထက်ပါ အချက်အလက်များကို ထောက်ရှု၍ ခေတ်စကားနှင့် ဆိုရသော် နတ်မှီးလင်းဆရာတော်သည် ဆရာအတတ်သင်ကျောင်းအုပ်သဖွယ် ဦးဆောင်မှုပြုခဲ့ကြောင်း ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရတို့သည်လည်း ဟောကြားပို့ချမှုနှင့် သုတေသနကိုမိတ်ဖက်ပြုကာ ဘုန်းကြီးကျောင်းပညာရေး ရှင်သန်ကြီးထွားအောင် ကြိုးပမ်းခဲ့ကြကြောင်း ထင်ရှားပေသည်။

### တောင်ငူနှင့် ညောင်ရမ်းခေတ် ရဟန်း•တော်များ

တောင်ငူခေတ်တွင် ရှင်ထွေးနာသိန်နှင့် ရှင်သံခိုစသည့် ဆရာတော်များ ပေါ်ထွန်းခဲ့သည်။ ညောင်ရမ်းခေတ်တွင်လည်း ရဟန်းပုဂ္ဂိုလ်များတွင် မှတ်တမ်းတင်လောက်သော ပုဂ္ဂိုလ်ကား မဏိကုဏ္ဍလဝတ္ထု

ကို စီရင်ရေးသားသော "ဝရာဘိသင်္ဃနာထ ဆရာတော်" ဖြစ်ပေသည်။ ဤခေတ်တွင် ကျော်ကြားသော ဆရာတော် ရဟန်း ပုဂ္ဂိုလ်ကျော်များမှာ-

- ဝရာဘိသင်္ဃနာထ ဆရာတော်
- ပုဗ္ဗာရုံဆရာတော်
- တောင်တွင်းကြီး ဆရာတော်
- ခိုနန်းဆရာတော်
- ဆရာတော်ဦးမို
- လောကမှန်ကင်း ဆရာတော်
- တောင်ဖီလာ ဆရာတော်
- ဒက္ခိဏဝန် ဆရာတော်
- မဏိရတနာတိုက် အရှင်အရိယာလင်္ကာရ ဆရာတော်
- ကျော်အောင်စံထား ဆရာတော်
- ရှင်ကရဝိက
- သဒ္ဓမ္မာလင်္ကာရ ဆရာတော်တို့ဖြစ်ကြသည်။

ဆရာတော်အချို့၏ စွမ်းဆောင်ချက်များကို အောက်တွင် ကောက်နှုတ် ဖော်ပြပါမည်။

၁။ **တောင်ဖီလာဆရာတော်။** ။ဘုန်းကြီးကျောင်းပညာရေးနှင့် ပတ်သက်၍ မှတ်သားဖွယ် သြဝါဒရတုပိုဒ်စုံ ရေးဖွဲ့ခဲ့သည်ကို တွေ့ရသည်။ ဆရာတော်၏ရတုကိုဖတ်၍ ထိုခေတ် ဘုန်းကြီးကျောင်းများတွင် လေ့လာဖတ်ရှုရသော စာပေတို့ကို အကဲခတ်နိုင်ပေသည်။ ရတုတွင် ဖော်ပြသည်ကား-

> "နာပျော်ဘွယ်မှု၊ ဝတ္ထုကျမ်းလာ၊ အဖြာဖြာနှင့်၊ နည်းနာပုံပြင်၊ ရာဇဝင်က မြင်းဆင်ဗေ္ဒလာ၊ ပါရာတိတ်ထုံ၊ စေ့စုံလောကဝတ်၊ ဓမ္မသတ်ဝယ်၊ ဆယ့်ရှစ်သွယ်လည်း၊ ဝမ်းဝယ်ပိုက်သို၊ လိုလျှင်ရစေ၊ ကြိုးသို့ ငွေ့၍၊ ထွေထွေပြားပြား၊ မှတ်ဘွယ်များနှင့်၊ ဟူးရားဂဏန်း၊ ကျယ်ဝန်းထွက်မူ၊ တခုမကျန်၊ တတ်ပွန်လေ့လာ၊ စိပ်ဖြာခွဲစု၊ သူ့ထက်လွန်ကဲ၊ ရွှေးပဲ၊ မူး၊ မတ်၊ ခွဲကျပ်ပိုသာ၊ ဆယ်၊ ရာ၊ ထောင်၊ သောင်း၊ သိန်းသန်း

ပေါင်းလည်း၊ သူ့နှောင်းမကျ၊ သူ့ထက်ရက၊ ပြောပ
မထင်၊ ကြားလျှင်သာမည်၊ တို့လူရည်ဟု၊ မှတ်တည်
ကြွခိုး၊ လုံ့လကြိုးလော့'' * ဟု ဩဝါဒပေးထားသည်ကို

ထောက်၍ ဘုန်းကြီးကျောင်းသင် ပညာရပ်များ တိုးတက်မြင့်မား လာကြောင်း သိနိုင်ပေသည်။

၂။ **ကျော်အောင်စံထား ဆရာတော်။** ။ဘုန်းတော်ကြီးကျောင်း ပညာရေးကို ရေးသားလျှင် ကျော်အောင်စံထား ဆရာတော်၏အကြောင်းကို ချန်လှပ်၍မသင့်ပေ။ ဆရာတော်၏ အတ္ထုပ္ပတ္တိတွင် ငယ်စဉ်မှစ၍ ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ယူခဲ့၍ ဉာဏ်အရာ၌ ထက်မြက်ကြောင်းသိရ၏။

ဟံသာဝတီရောက် မင်းလက်ထက် ပုခန်းကြီး ကျေးပိုက်သင်ရွာကျောင်း ရှင်ဉာဏဝရကို ပင့်၍ကိုးကွယ်တော်မူသည်။ ရှင်ဉာဏဝရ၏ ငယ်မည် မောင်ပန်းဖြစ်၏။ ခြောက်နှစ်အရွယ်တွင် ပုခန်းကြီးမြို့ တောင်နောင်ဘရွာ နိဗ္ဗာန်ကူးဆိပ် ကျောင်းဆရာ အရှင်မေ့နန္ဒာလင်္ကာရ၏ တပည့်ကြီး ပိဋကတ်ပေဒင် ကျွမ်းကျင်တော်မူသော အရှင်မေမ္မမဉ္ဇူသာ မထေရ်ထံ မိဘတို့အပ်နှံ၍ သူငယ်ကပင် ဇာတ်တော်ကြီး ဆယ်ဘွဲ့ကုန်သည်။ သာမဏေပြုလျှင် ဉာဏဝရတွင်သည်။ သုံးနှစ်အတွင်း သဒ္ဒါ သင်္ဂြိုဟ် နေ့ဝါညဝါ ညာသ်ပါဠိ ဋီကာဆန်း အလင်္ကာ သာမဏေ သင်ရိုးကုန်၍ သာမဏေကျော်ဟုတွင်သည်။ ထို့နောက် မိုးထိဆရာတော်ထံ စာပေကျမ်းဂန်သင်ကြား၍ ရှင်ဉာဏဝရကို အကျော်ပေးရလေသည်။ နောင်အခါ ၊ နေရပ်သို့ပြန်၍ မတောင့်တကျောင်းတွင် စာပေ ပို့ချလျက်နေသည်။ ဟံသာဝတီရောက်မင်းလက်ထက်တွင် ပထမကျော် ရှင်ဉာဏဝရအား ကျော်အောင်စံထားဟု တွင်စေသည်။ ကျော်အောင် စံထား ကျောင်းတော်ကြီးတွင် လက်ဝဲလက်ယာ ကျောင်းရံ ၅၀ စီ ရှိသောကြောင့် ကျောင်းရံ ၁၀၀ ရှိလေသည်။ စာသင်သားအများကို စာပေပို့ချသည်ကိုထောက်၍ ဘုန်းကြီးကျောင်းပညာရေး ထွန်းကား တိုးတက်မည်ကို ခန့်မှန်းနိုင်ပေသည်။

---

* တောင်ဖီလာဆရာတော်ဩဝါဒ၊ ရတုပိုဒ်စုံ၊ ဟံသာဝတီ ဆုံးမစာ ပေါင်းချုပ်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၀၊ စာမျက်နှာ ၇၉။

ကျော်အောင်စံထားဆရာတော် ရေးသားအပ်သော အဖြည့်ရတုတွင် ညောင်ရမ်းခေတ် ဘုန်းကြီးကျောင်းများ၏ သင်ရိုးကို လေ့လာနိုင်ပေသည်။ ရတုတွင်-

“များဝှန်တည်တည်၊ ရင်နို့ရည်ကို၊ သောက်မည်
ထုတ်အား၊တပည့်သားတို့၊ တွေ့ပြားသဒ္ဒါ၊ ဆန်းလင်္ကာ
နှင့်၊ ဋီကာညာသ်ပါဠ်၊ ပရမတ်သုတ္တန်၊ ယူဟန်ဝိနည်း၊
ညှံ့ဖြည်းတင်းမာ၊ ကမ္မဝါဖတ်ရိုး၊ ရေးမျိုးကလာပ်၊
သင်အပ်ဝိဒဂ်၊ ခက်သည်နေတ္တိ၊ ဆိုမိရိပ်ခြည်၊ ကိုးမည်
စကား၊ ရေသားသီဟိုဠ်၊ထိုထိုလူမျိုး၊ သင်ရိုးဓမ္မသတ်၊
ထုံးမှတ်ပုံပြင်၊ရာဇဝင်က၊စသည်သင်ဘွယ်၊ အသွယ်သွယ်
ကို၊ ကြီးငယ်မကျန်၊ မှူစေတန်လျက်၊ နံနက်ညဝတ်၊
မညွတ်ဖြည့်အောင်၊ သန်းကောင်သန်းလွဲ၊ စားပွဲခံခံ၊
တကျုံကျုံတည့်၊ စာအံမတုံး၊ နေ့မဆုံးသည်။ တိုက်လုံး
သံရင့် ကျော်သနင့်။”*

ဟူ၍ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ ဆရာတော်တို့ခေတ်က သင်ရိုးကို ဤရတုဖတ်၍ သိနိုင်ပေသည်။ ရာဇဝင်၊ ပုံပြင်တို့ကိုလည်းကောင်း၊ ဓမ္မသတ်ကျမ်းတို့ကိုလည်းကောင်း၊ ဝိဒတ်ကျမ်း၊ ကလာပ်ကျမ်း၊ ဒဏ္ဍီကျမ်း၊ ဗြိဟတ် ရာဇမတ္တဏ်စသော ဗေဒင်ကျမ်းများကို ဦးစားပေးလေ့လာကြကြောင်း သိသာပေသည်။

ညောင်ရမ်းခေတ်တွင် ရဟန်းပုဂ္ဂိုလ်များအပြင် လူပုဂ္ဂိုလ်ပညာရှင်များလည်း ပေါ်ပေါက်ခဲ့ရာ ထိုပုဂ္ဂိုလ်တို့စီရင်ရေးသားသောကျမ်းများကိုလည်း ဘုန်းကြီးကျောင်းများတွင် လေ့လာဖတ်ရှုကြမည်ဟုယူဆနိုင်ပေသည်။ ညောင်ရမ်းခေတ် စာဆိုများ ပညာရှင်များမှာ ဦးကုလား၊ ပဒေသရာဇာ၊ ဦးအောင်ကြီးစသည်တို့ဖြစ်သည်။ ထိုပညာရှင်စာဆိုတို့၏ လူးတား၊ ရေလား၊ တျာ်ချင်း၊ ရာဇဝင်ကျမ်း၊ စကားပြေဝတ္ထု၊ ပြဇာတ်စာပေကျမ်းများကို ဘုန်းတော်ကြီးများ လေ့လာဖတ်ရှုကြမည်ဖြစ်၍ တပည့်ကျောင်းသားများကိုလည်း သင်ကြားပို့ချနိုင်သည်ဟု ယူဆနိုင်ပါသည်။

* သီရိသောနထေရ်အရှင်၊ “သာသနဝံသဒီပနီ” ဟံသာတမြို့၊ သာသနအမှုဆောင်အဖွဲ့၊ ရန်ကုန်မြို့၊ ဂန္ဓမာစာပုံနှိပ်တိုက်၊ စာမျက်နှာ၊ ၂၃၉၊ ၂၄၀။

အနှစ်ချုပ်ရသော် ဤရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်ပညာကျော်များသည် သင်ကြားပို့ချရုံမျှမက မြန်မာစာပေ ရှင်သန်ကြီးထွားလာအောင်ပြုစုခဲ့ကြသည်။ခေတ်စကားနှင့် ဆိုရသော် ကျောင်းသုံးစာအုပ်များကိုလည်း ပြုစုခဲ့ကြသည်။ သို့ဖြင့် ယဉ်ကျေးမှုကို လက်ဆင့်ကမ်းခဲ့ကြပေသည်။

(င) မြန်မာစာပေ ထွန်းကားစည်ပင်မှု အခြေအနေ ပင်းယခေတ် မြန်မာစာပေ။

ပင်းယခေတ်သည် ရှမ်းမင်းများ ကြီးစိုးသော ခေတ်ဖြစ်ပေသည်။ ထိုခေတ်သည် နှစ်ကာလအားဖြင့်-၆၆-နှစ် ကြာမြင့်သည်။ ပင်း ယ မင်းဆက်တွင် (၆)ဆက်ရှိသည်။

၁။ သီဟသူ(အေဒီ-၁၃၀၉-ခန့်-၁၃၂၅)
၂။ ဥဇနာ(အေဒီ-၁၃၂၁ ခန့် - ၁၃၄၀)
၃။ မြင်စိုင်းစည်သူ (အေဒီ-၁၃၄၀-၁၃၄၄)
၄။ သီဟသူ(ငါးစီးရှင်)(အေဒီ-၁၃၄၄-၁၃၅၀)
၅။ ကျော်စွာ (အေဒီ- ၃၅၀-၁၃၅၉ ခန့်)
၆။ သီဟသူ(အေဒီ-၁၃၅၉-၁၃၆၀)*

ထိုခေတ်သည် စစ်ကိုင်းနှင့် ခေတ်ပြိုင်ဖြစ်ပေသည်။ စစ်ကိုင်းမင်းဆက်မှာ (၇) ဆက်ရှိသည်။

၁။ အသခ်ယာ(အေဒီ-၁၃၁၅-၁၃၂၇)
၂။ တရဖျား(အေဒီ-၁၃၂၇-၁၃၃၅)
၃။ ရွှေတောင်တက်ခေါ် အနော်ရထာ (အေဒီ-၁၃၃၅-၁၃၃၉)
၄။ ကျစွာ(အေဒီ-၁၃၃၉-၁၃၄၈)
၅။ မင်းရဲတောထွက် ခေါ် အနော်ရထာ (အေဒီ-၁၃၄၈-၁၃၅၀)

---

* အခြေပြု မြန်မာ့နိုင်ငံရေးသမိုင်း၊ ပထမတွဲ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ စည်းရုံးရေးကော်မီတီဌာနချုပ်၊ ၁၉၇၀၊ စာမျက်နှာ-၃၀၆၊ ၃၀၇။

၆။ တရဖျား(အေဒီ-၁၃၅၀ ခန့်-၁၃၅၂)
၇။ မင်းပြန်သီဟပတေ့(အေဒီ-၁၃၅၂-၁၃၆၄)*

ပင်းယနှင့်စစ်ကိုင်း ထီးပြိုင်နန်းပြိုင် အုပ်စိုးမှုကာလ နှစ်ပေါင်း ၆၀ နီးပါးအတွင်းတွင် ထူးခြားချက်များ မရှိခဲ့ပေ။ တတိုင်းပြည်လုံးကို စည်းရုံးနိုင်စွမ်းမရှိခဲ့။

စာပေထွန်းကားမှုဖက်က ကြည့်ပြန်လျှင်လည်း ကျယ်ပြန့်မှုမရှိလှပေ။ သက္ကရာဇ် ၇၀၄ ခုနှစ်တွင် နန်းတက်သော မြင်စိုင်းငါးစီးရှင် ကိုယ်တိုင်ကဆိုသည့် "တာဝတိံသာ၊ နတ်ရွာလော၊နတ်ရွာလော"အစ ချီသော ကာချင်းတပုဒ်ကို တွေ့ရသည်။ ထို့ပြင် သက္ကရာဇ် ၇၀၀ ကျော်တွင် စတုရင်္ဂဗလ အမတ်ကြီးရေးသားသော "ရွှေဖဝါးတော်အောက်၊ ကျွန်၏လျှောက်ဖြင့်" အစချီသော ရတုကိုတွေ့ရသည်။ ဤရတုသည် လောကုတ္တရာသက်သက်ကို ဖွဲ့ဆိုသောရတုဖြစ်ပေသည်။

ပင်းယခေတ်တွင် ကျောက်စာအနည်းငယ်ကိုလည်း ရေးထိုးသေးသည်။ ပုဂံခေတ်ကျောက်စာ ရေးထိုးမှုနှင့် နှိုင်းစာလျှင် ပင်းယခေတ်ကျောက်စာရေးထိုးမှုမှာ မပြောပလောက်ပေ။

ပင်းယခေတ်စာပေသည် ကျယ်ပြန့်မှုမရှိပေ။ ကာချင်း၊ ရတု၊ ကျောက်စာအနည်းငယ်သာ ပေါ်ထွန်းခဲ့သော ခေတ်ငယ်မျှသာဖြစ်ပေသည်။

## (၂) အင်းဝခေတ်မြန်မာစာပေ

အင်းဝခေတ်သည် မြန်မာစာပေလောကတွင် တခေတ်ဆန်းသော စာပေခေတ်ဖြစ်သည်။ စာပေထွန်းကားမှု အဟုန်ကြီးမားလှပေသည်။ ထိုခေတ်တွင် စာဖွဲ့သူစာဆို အများအပြား ပေါ်ပေါက်ခဲ့သည်။ စာပေပုံသဏ္ဌာန် အဆန်းအသစ်များကိုလည်း စမ်းသပ်တီထွင် ဖွဲ့ခဲ့ကြသည်။

အင်းဝခေတ်ပေါ် စာဆိုအကျော်အမော်များမှာ အဒူမင်းညို၊ရှင်သုရဲ၊ ရှင်ထွေးညို၊ ရှင်ဥတ္တမကျော်၊ ရှင်မဟာသီလဝံသ၊ ရှင်အုံးညို၊

---

* အခြေပြု မြန်မာ့နိုင်ငံရေးသမိုင်း၊ ပထမတွဲ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ပါတီစည်းရုံးရေး ဗဟိုကော်မီတီဌာနချုပ်၊ ၁၉၇၀၊ စာမျက်နှာ၊ ၃၀၇။

ရှင်ခေမာ၊ ရှင်မဟာရဋ္ဌသာရ၊ ရှင်တေဇောသာရ၊ ရှင်အဂ္ဂသမာဓိ မိညို၊ မိဖြူ စသော စာဆိုတော်များဖြစ်ကြသည်။

အင်းဝခေတ်တွင် စာပေအဖွဲ့ပုံသဏ္ဌာန်အမျိုးမျိုးပေါ်ထွန်းခဲ့သည်။ ချေင်း၊ စစ်ချီရတု၊ မော်ကွန်း၊ တောလား၊ ပျို့ လင်္ကာ၊ မေတ္တာစာ စသည်ဖြင့် ပုံသဏ္ဌာန်အမျိုးမျိုးဖွဲ့ကြသည်။ အထူးသဖြင့် အင်းဝခေတ် သည် ပျို့ ထွန်းကားသောခေတ် ဖြစ်ပေသည်။

ဖွဲ့ဆိုသည့်အကြောင်းအရာမှာ မြတ်စွာဘုရား၏ ဖြစ်စဉ်များ၊ဘုရား အလောင်း အတ္ထုပ္ပတ္တိများ စသည့် ဗုဒ္ဓဘာသာရေးရာ အကြောင်း အရာများဖြစ်ပေသည်။ အင်းဝခေတ်ပေါ် စာဆိုကျော်များစာရင်းတွင် ရှင်ဥတ္တမကျော်သည် တောလားဖြင့် ကျော်ကြားသည်။ တံခွန်စိုက် စာဆိုဖြစ်ပေသည်။အင်းဝခေတ်စာဆိုအပြိုင် ပုဂ္ဂိုလ်ကျော်နှစ်ဦးမှာ ရှင် မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရဖြစ်သည်။ရှင်မဟာ သီလဝံသသည် ဆုတောင်းခန်းပျို့၊ ပါရမီတော်ခန်းပျို့အပြင် စကားပြေကျမ်းများဖြစ် သော ပါရာယနဝတ္ထုနှင့် ရာဇဝင်ကျော်ကို ရေးသားခဲ့ပေသည်။ဆရာ တော်၏ အထူးခြားဆုံးလက်ရာမှာ ပါရမီတော်ခန်းပျို့ပင်ဖြစ်ပေသည်။ ထို့ကြောင့်ပင် သူဟောင်းတို့စကားစဉ်တွင် ပါရမီ မသီနှင့်ဟူ၍ စကား တွင်ခဲ့ပေသည်။ ရှင်မဟာသီလဝံသနှင့် ခေတ်ပြိုင် စာဆိုဘက်ဖြစ်သော ရှင်မဟာရဋ္ဌသာရသည်လည်း အထူးကျော်ကြားလှသည်။ ရှင်မဟာ ရဋ္ဌသာရသည် ဘူရိဒတ်လင်္ကာကြီး၊ တံတားဦးတည်မော်ကွန်း၊ ကိုးခန်း ပျို့၊ ဂမ္ဘီသာရပျို့၊ သံဝရပျို့စသည်အပြင် ရွှေစက်တော်သွား တော လားနှင့် အခြားကဗျာများစွာ ရေးသားပြုစုခဲ့ပေသည်။ ဆရာတော်၏ စာ စာရင်းတွင် ကိုးခန်းပျို့သည် လက်ရာမြောက် ပျို့တစောင်ဖြစ်၍ သူဟောင်းတို့ ဆိုစဉ်စကားတွင် ကိုးခန်း မစမ်းနှင့်ဟူ၍ ဆိုစမှတ်ရှိခဲ့ ပေသည်။ အင်းဝခေတ် စာပေအရာတွင် ဦးဆောင်သူနှစ်ဦးမှာ ရှင် မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရ ဆရာတော်နှစ်ပါးပင်ဖြစ်သည်။ စာပေတွင်သာ ဆရာတော်နှစ်ပါးသည် ဦးဆောင်ခဲ့သည်မဟုတ်။ ပညာ သင်ကြားရေးတွင်လည်း ထိပ်တန်းကျကျ ဦးဆောင်မှုပေးခဲ့ပေသည်။

အင်းဝခေတ်သည် ဤမျှ စာပေအရာ၊ ပညာအရာ၌ ထွန်းကား ကြီးကျယ်ခဲ့သည်မှာ ခေတ်အားဖြင့်လည်း ငြိမ်းချမ်းသာယာသောခေတ် ဖြစ်ခြင်း၊ ဘုရင် မင်း ခေါင်း စသည့် အုပ်ချုပ်သူ မင်းတို့ကလည်း ဘာသာစာပေကို ချီးမြှောက်ဂုဏ်ပြုခြင်း၊ ပြည်သူအပေါင်းကလည်း

ဘာသာရေး၊ စာပေရေး၊ ပညာရေးတွင် စိတ်ပါဝင်စားခြင်း စသော အကြောင်းတရားများကြောင့် ဖြစ်ပေသည်။

အင်းဝခေတ်သည် မြန်မာစာပေလောကတွင် ကြီးကျယ် ထင်ရှားသော စာပေခေတ်ကြီးတခေတ် ဖြစ်ခဲ့ပေသည်။

## ၃။ တောင်ငူခေတ်နှင့် မြန်မာစာပေ

အင်းဝခေတ်ကို စာပေပညာရှင်များက 'ပျို'ခေတ်ဟူ၍ ခေါ်ဆိုကြသည်။ တောင်ငူခေတ်ကိုကား ပညာရှင်များက ချောင်းနှင့်ရတုခေတ်ဟူ၍ဆိုကြသည်။ တောင်ငူခေတ်တွင် လျှော်ကား ၃၀၀၀မှူး၊ ရှင်ထွေးနာသိန်၊ နတ်သျှင်နောင်၊ မင်းဇေယျရန္တမိတ်၊ ရှင်သံခို စသည့်စာဆိုများ ပြည်နဝဒေးကြီး၊ ဗညားဒလ၊ မဟာပညာကျော်၊ ရဝေရှင်ထွေး၊ ပေါ်ထွန်းသည်။

သက္ကရာဇ် ၇၇၈-ခုနှစ်တွင် လျှော်ကား ၃၀၀၀မှူးသည် မင်းတရားရွှေထီး ချောင်းကိုဖွဲ့ဆိုသည်။ အင်းဝမှတောင်ငူသို့ ပြေးဝင်ခိုလှုံလာသော ရှင်ထွေးနာသိန်သည် အင်းဝမြို့သို့ တမ်းတသောရတုပိုဒ်စုံကို ရေးဖွဲ့ခဲ့သည်။

တောင်ငူခေတ်၏ထူးခြားချက်မှာ လူပုဂ္ဂိုလ် စာဆိုတော်များ ပေါ်ထွန်း များပြားလာခြင်းပင်ဖြစ်သည်။ အင်းဝခေတ် စာပေပညာရှင်များမှာ ရဟန်းတို့သာများသည်။ ပြည်နဝဒေးကြီးသည် တောင်ငူခေတ်တွင် ကျော်ကြားသည်။ ရတုသုံးရာကျော် ရေးဖွဲ့ခဲ့ပေသည်။ ပန်းဖွဲ့၊ မိုးဖွဲ့၊ တောဖွဲ့၊ ပြည်ဖွဲ့၊ နန်းဖွဲ့၊ ဘုရားတိုင် မောင်ဖွဲ့ မယ်ဖွဲ့ များကိုလည်း ရေးဖွဲ့ခဲ့သည်။ နဝဒေးသည် အခြားသောအဖွဲ့များထက် ဘုရားတိုင်ရတုဖွဲ့ရာတွင် လက်ရာမြောက်ပေသည်။

တောင်ငူခေတ်စာပေတွင် မွန်အမတ်ကြီး ဗညားဒလသည် မွန်ဘာသာဖြင့်ရေးသားသော ရာဇဓိရာဇ်အရေးတော်ပုံကျမ်းကို မြန်မာဘာသာဖြင့် ပြန်ဆိုရေးသားခဲ့သည်။ ဤကျမ်းသည် သမိုင်းနောက်ခံထားသောကျမ်းဖြစ်၍ ရာဇဝင်ကျမ်းတစောင် ဖြစ်ခဲ့သည်။ မြန်မာစာ အရေးအသား တိုတိုတုတ်တုတ်နှင့် ထိမိအောင် ရေးသားထားသော ကျမ်းလည်းဖြစ်ပေသည်။

အမတ်ကြီး မဟာပညာကျော်သည် လျှောက်ထုံးများကို ရေးသား ပြုစုခဲ့သည်။ မြန်မာစာပေတွင် မဟာပညာကျော် လျှောက်ထုံးသည် အရေးပါလှပေသည်။ အမတ်ကြီးသည် ရာဇဝင်ရေးတွင် လွန်စွာကျွမ်း ကျင်သော စာပေပညာရှင်ကြီးတဦး ဖြစ်ပေသည်။ စကားပြေကို တိတိကျကျ အပိုအလိုမရှိ ရေးတတ်သော စာဆိုပညာရှင်ကြီး တဦး ဖြစ်ပေသည်။

တောင်ငူခေတ်တွင် အမျိုးသမီးစာဆိုတဦးဖြစ်သူ ရဝေ ရှင်ထွေး လည်း ကျော်ကြားသည်။ ရဝေရှင်ထွေးသည် အနောက်ဖက်လွန် မင်းတရားလက်ထက်တွင် အန်ချင်းတပုဒ်စပ်ဆိုခဲ့သည်။ ရှေးပုဂံ မင်း များလက်ထက် ဥသျှောင်ထုံးနည်း ၅၅ မျိုးကို ကဗျာလက်ာဖြင့် ဖွဲ့ခဲ့ ခြင်းဖြစ်သည်။

နတ်သျှင်နောင်သည် တောင်ငူခေတ် ရတုဘုရင် စာဆိုကျော်တဦး ဖြစ်သည်။ သက္ကရာဇ် ၉၄၆-ခုနှစ်တွင် တောင်ငူနန်းတက် မဟာဓမ္မ ရာဇာဘွဲ့ခံ တောင်ငူရွှေနန်းတည် မင်း၏သားတော်ဖြစ်သည်။ သက္ကရာဇ် ၉၄၀-ပြည့်နှစ်တွင်ဖွား၍ ၃၁ နှစ်တွင် တောင်ငူနန်းကို ဆက်ခံစိုးစံ သည်။ ၉၇၂-ခုနှစ်တွင် အနောက်ဖက်လွန်မင်းက တောင်ငူကိုသိမ်းပိုက် လျက် နတ်သျှင်နောင်ကို လက်အောက်ခံ ဘုရင်ငယ်အဖြစ်ထားသည်။ နတ်သျှင်နောင်သည် ကုလား ဇေင်ကာနှင့် ပူးပေါင်းတော်လှန်သဖြင့် ကွပ်မျက်ခံရသည်။ နတ်သျှင်နောင်သည် ရတုဖွဲ့ရာတွင် ကျော်ကြား သည်။ စကားလုံးကြွယ်ဝခြင်း၊ ဖွဲ့ပုံဆန်းပြားခြင်းကြောင့် ရတုဘုရင်ဟု ခေါ်ကြသည်။ တောင်ငူခေတ်စာပေတွင် မင်းဇေယျရန္တမိတ်၊ ရှင်သံခို တို့သည်လည်း ရတုဖွဲ့၍ ကျော်ကြားခဲ့ကြပေသည်။

တောင်ငူခေတ်စာပေသည် ရတုစာပေခေတ်ဟူ၍ ခေါ်ဆိုထိုက်၏။ စာပေအကြောင်းအရာများမှာလည်း တောင်ငူကို ဖွဲ့နွဲ့စပ်ဆိုကြသည်။ ၁၂ ရာသီပွဲများ၊ မြို့သာယာပုံတို့ကို ဦးစားပေးဖွဲ့ခဲ့သည်။ အုပ်စိုးသူ ဘုရင်ကိုလည်း ချီးကျူးဖွဲ့ဆိုလေ့ရှိသည်ကို တွေ့ရသည်။

## ၄။ ညောင်ရမ်းခေတ် မြန်မာစာပေ

မြန်မာတို့၏သမိုင်းစဉ်သည် တရွေ့ရွေ့ ရှည်လျားလာခဲ့ပြီ ဖြစ်ရာ မှတ်တမ်းတင်မှုသည်လည်း လိုအပ်လာပြီဆိုသော အကြောင်းအချက်ကို

ညောင်ရမ်းခေတ် စာဆိုပညာရှင်များ သတိပြုလာကြမည်ဟု ဆိုနိုင်သည်။ ထိုခေတ်တွင် ဦးကုလားသည် မဟာရာဇဝင်ကြီး၊ ရာဇဝင်လတ်နှင့် ရာဇဝင်ချုပ်တို့ကို ရေးသားခဲ့သည်။

စာပေအရေးအသား အဖွဲ့အနွဲ့တွင် ညောင်ရမ်းခေတ်စာဆို ပဒေသရာဇာသည် အထူးထင်ရှားသည်။ ပျို့ပေါင်းများစွာရေးခဲ့သည်။ ထင်ရှားသောပျို့များမှာ သူဇာပျို့၊ မဏိကတ်ပျို့၊ ကျေးဇူးတော်ပျို့၊ ကုမ္မာဘယပျို့၊ ဆန္ဒပျို့၊ ယိုးဒယားသံရောက်ပျို့၊ မနော်ပျို့များဖြစ်သည်။ ချောင်းများကိုလည်းဖွဲ့ဆိုခဲ့သည်။ ထို့ပြင် နတ်ချင်းများ၊ တျာဖွဲ့များ၊ ဘုန်းတော်ဖွဲ့ သီချင်းကြီးများကိုလည်း ဖွဲ့သည်။

ယခုခေတ် စာပေဝေဖန်ရေး ဆရာတို့ကမူ ဝန်ကြီးပဒေသရာဇာ၏ တျာချင်းများကို ပို၍တန်ဖိုးထားကြသည်။ ဝန်ကြီးသည် မြန်မာပြည်သူတို့၏ဘဝကို ပေါ်လွင်အောင် ဖွဲ့နိုင်သည်ဟု ဝေဖန်ကြသည်။ လယ်သမားဖွဲ့၊ ထန်းသမားဖွဲ့၊ လှေသမားဖွဲ့တို့သည် မြန်မာစာပေတွင် စာပေသစ်ဖြစ်ကြောင်း သုတေသီတို့က ချီးကျူးပြောဆိုကြသည်။ ပဒေသရာဇ်စာပေသမိုင်းလမ်းကြောင်းတွင်ဓမ္မကြောင်း၊ ရာဇကြောင်း၊ လောက ကြောင်းများကိုဖွဲ့ရာတွင် လူထုအကြောင်းမပါခဲ့ပေ။ ဝန်ကြီး၏ တျာချင်းသည် လူထုကြောင်းပါ၍ စာပေလမ်းသစ်ဖြစ်သည်ဟု ဝေဖန်ရေးဆရာတို့က ဆိုကြသည်။ ညောင်ရမ်းခေတ်စာပေ၏ ထူးခြားချက်တွင် ဝတ္ထုစကားပြေများ၊ ပြဇာတ်များ၊ ဇာတ်ချင်းများ၊ သီချင်းကြီး သီချင်းခံများ ပေါ်ထွန်းလာခြင်းသည် အရေးပါလှပေသည်။ အလုပ်သမား လယ်သမားဖွဲ့ တျာချင်းများသည် ထိုခေတ်၏ စာပေသစ် မှတ်တိုင်ပင်ဖြစ်ပေသည်။

အနှစ်ချုပ်ရသော် ပင်းယခေတ်တွင် ကာချင်းရတု ပေါ်ခဲ့သည်။ အင်းဝခေတ်တွင် မြန်မာစာပေ တခေတ်ဆန်းခဲ့သည်။ စာပေ အဖွဲ့ပုံသဏ္ဌာန်အမျိုးမျိုး ထွန်းကားခဲ့သည်။ ဘုရင်မင်းခေါင်၏ ကျေးဇူးသည် ကြီးမားလှသည်။ တောင်ငူခေတ်တွင် ရတုစာပေထွန်းကားသည်။ ညောင်ရမ်းခေတ်တွင် ရာဇဝင်ရေးသားမှု ခေတ်စားလာသည်။ ခြုံ၍ဆိုရလျှင် ဓမ္မကြောင်း၊ ရာဇကြောင်း၊ လောကကြောင်းများ စုံလင်လာသည်။

## (စ) ဘုန်းတော်ကြီးကျောင်း သင်ရိုးညွှန်းတမ်း

ဤ ခေတ်ရှည်ကြီး တလျှောက်တွင် စာပေပိုသတ္တာန် အမျိုးမျိုး ဆန်းသစ်လာခဲ့ကြောင်း၊စစ်နှင့်ငြိမ်းချမ်းရေးတပြန်စီဖြစ်ခဲ့ကြကြောင်း၊ ယင်းအခြေအနေ၏ တောင်းဆိုချက်အရ လောကီပညာရပ်များ သင်ရိုး ညွှန်းတမ်းတွင် ပါဝင်လာကြောင်း ဆန်းစစ်ခဲ့ပြီးဖြစ်ပါသည်။ စာပေ နှင့်ပတ်သက်သည့် သင်ရိုးညွှန်းတမ်း အထောက်အထားကို အင်းဝ ခေတ်ပေါ် စာဆိုကျော် ရှင်မဟာသီလဝံသ၏ ထေရုပ္ပတ္တိတွင် တွေ့ရပေ သည်။ ဥပမာ မြန်မာစာနိဒါန်း ဆရာ ဆရာဦးထွန်းဖေက ရေးသား ရာတွင်–

> "ရှင်မဟာသီလဝံသနှင့် ရှင်ဥတ္တမကျော်တို့၏ မိခင် နှစ်ယောက်တို့သည် သားငယ်တို့ကို တောင်တွင်းကြီးမြို့ ငှက်ပစ်တောင် နတ်မှီးဆရာတော်ထံ အပ်နှံကြလေသည်။ ရှင်မဟာသီလဝံသသည် သုံးဆယ့်သုံးသင်ပုန်း၊ မင်္ဂလ သုတ်၊ နမကာရ၊ ရတနာ့ရွှေချိုင့်၊ အောင်ခြင်းရှစ်ပါး၊ ပရိတ်ကြီး၊ ဇာတ်ကြီး ဆယ်စောင်၊ ငါးရာ့ငါးဆယ် ဇာတ်ငယ်နှင့်တကွ ပို့ချသင်အံ နှုတ်တက်ရဆောင်တော် မူ၍လူလားမြောက်လျှင်ရှင်မဟာသီလဝံသသည် ရှင်သာ မဏေပြုလေသည်။ ထိုနောက် ကစ္စည်း သဒ္ဒါကျမ်းဂန်၊ အဘိဓမ္မတ္ထသင်္ဂဟကျမ်း စသော ကျမ်းဂန်တို့ကို အစပြု ၍ ပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထရတို့ကို သင်ကြား၍ နှုတ်တက် ဆောင်တော်မူပြီးလျှင် ၁၉ နှစ် အရွယ်သို့ ရောက်သောအခါ ရဟန်းသိက္ခာ တင်တော်မူလေသည်။"* ဟု

ဖော်ပြသည်။ထိုဖော်ပြချက်တွင် ရှေးခေတ်အစဉ်အလာ ဘုန်းတော်ကြီး ကျောင်း သင်ရိုးညွှန်းတမ်းကို တွေ့နိုင်ပေသည်။ ထိုညွှန်းတမ်းသည် ယနေ့တက်တိုင် ဘုန်းတော်ကြီးကျောင်းများတွင် ကျင့်သုံးလျက်ရှိသော သင်ရိုးဖြစ်ပေသည်။ ပင်းယခေတ်မှ ညောင်ရမ်းခေတ်ထိ ဘုန်းတော် ကြီးကျောင်းများတွင် ထိုသင်ရိုးသည် ကျင့်သုံးခဲ့သော အစဉ်အလာ သင်ရိုးဖြစ်ပေသည်။ ဘုန်းတော်ကြီးများ၏ ဆုံးမစာများကို ပြန်လည်

---

* ဦးထွန်းဖေ၊ "မြန်မာစာနိဒါန်း"၊ ပညာအလင်းပြ ပုံနှိပ်တိုက်၊ စတုတ္ထအကြိမ်၊ ၁၉၅၅-ခု၊ စာမျက်နှာ-၁၄၅။

ဖတ်ရှုဝေဖန်ကြည့်လျှင် ထိုသင်ရိုးအပြင် လက်ရေးလက်သား ကောင်းအောင် လေ့ကျင့်ပေးမှု၊ စာဖတ်စာအံ၊ စာရွတ်၊ စာဆိုရာတွင် စနစ်မှန်မှန် ဌာန်ကရိုဏ်း ကျကျ ဖတ်တတ်အောင် လေ့ကျင့်ပေးမှုအပြင် လိမ္မာရေးခြား ရှိစေရန် စာရိတ္တ ပညာရေးကိုလည်း သွန်သင်ပေးကြောင်း တွေ့ရပေသည်။

ထို့ပြင် အဆင့်မြင့် အနေဖြင့် ပါဠိကျမ်းဂန်တို့ကို သင်ကြားပို့ချပေးမည်မှာ ထင်ရှားပါသည်။ ခေတ်အလျောက် ပေါ်ထွန်းခဲ့သော စာပေ၊ ရာဇဝင်၊ မော်ကွန်း၊ ရတု၊ ဇာတ်တော် ပျို့လင်္ကာ တို့ကိုလည်း လေ့လာ ဆည်းပူးကြမည်ဟု ဆိုနိုင်ပါသည်။

## (ဆ) သင်နည်းနိဿရည်း

စာသင်ကြားနည်းနှင့် ပတ်သက်၍ မပျင်းမရိ လုံ့လရှိ၍ သတိအထဲ၊ အရိုးစွဲအောင်၊ တဖောင်ဖောင်လျှင်၊ သန်ကောင်ညဥ့်နက်၊ သင်ကျက်သမျှ၊ စစကုန်စေ၊ နေ့ကိုအလွတ်၊ ရွတ်နိုင်စေ'' ဟူ၍ ရှင်မဟာ သီလဝံသ၏ အဆိုအမိန့်ကို တွေ့ရရာ၊ စာသင်နည်းတွင် အလွတ်ကျက်မှတ်၍ စာပြန်ရသော စနစ်ဖြစ်သည်ကို တွေ့ရပေသည်။

ထို့အပြင် ဆရာတော် ရှင်မဟာရဋ္ဌသာရသည် ဆရာကောင်းတပည့်ပန်းကောင်း ပန်ဆိုဘိသို့ တပည့်ကောင်းဖြစ်ဖို့ ကြိုးပမ်း ထိုက်ကြောင်း ယင်းသို့ ကြိုးပမ်းရာ၌ ဘပည့်စာသင်သားတို့ မည်သို့မည်ပုံ ကြိုးစားအားထုတ်ရမည်ကို ဆရာတော်သည် ''သုစိပုဘာ-ဆုံးမစာ'' တွင် အထင်အရှား ညွှန်းကြားထားပေသည်။

စာသင်သားတို့သည်—

၁။ သုဏေယျ - နာရာ၏၊ ဆရာသင်သမျှတို့ကို သေချာစွာ နာယူရမည်။
၂။ စိန္တေယျ - ကြံရာ၏၊ ကြံစည်စိတ်ကူးရမည်။
၃။ ပုစ္ဆေယျ - မေးမြန်းရာ၏။
၄။ ဘာသေယျ - ပြောဆိုရာ၏။
၅။ ဝိစာရေယျ - စုံစမ်းဆင်ခြင်ရာ၏။
၆။ လိခေယျ - ရေးသားရာ၏။

၇။ သိက္ခေယျ - သင်ကြားရာ၏။
၈။ ဓာရေယျ နှုတ်အာဂုံဆောင်ရာ၏။

ဤအချက် ရှစ်ချက်မှာ ပညာရှာမှီးသူတို့ မပြတ် အသုံးပြု လေ့ကျင့်သင့်သော လေ့လာနည်းပင်ဖြစ်၍ ယနေ့တိုင် ခေတ်မီလျက်ပင် ရှိသေးသည်ဟု ဆိုနိုင်လောက်ပေသည်။ စာသင်သားတို့ အားထုတ်ကြိုးပမ်းမှုတွင်လည်း "လုံ့လပြင်းစွာ၊ သူ့ထက်ငါဟု၊ နှုတ်မှာရွရွ၊ ကြိုးပမ်းကလျှင် သိပ္ပကျေးဇူး၊ အထူးသိမြင်၊ ပညာရှင်ဟု" ဟူ၍ရင်း၊

"စာသင်ဟူကကျမ်းထိုမျှကို၊ တွေ့ကမရှောင်၊ ကြောင်ပုဇွန်စား၊ ကျွတ်ကျွတ်ဝါးသို့၊ လွှသွားပမာ၊ ကျောက်ထက်စာသို့၊ လိုရာရအောင်၊ ကြံဆောင်လေ့ကျက်၊ အနက်အဓိပ္ပာယ်၊ နှုတ်ဝယ်ရွရွထားချေမှတည့်။" ဟူ၍ ကျမ်းဂန် စာပေမှန်သမျှကို လေ့လာ ဆည်းပူးမှသာ စာသင်သားကောင်း ဖြစ်မည် ဟူ၍ ဆုံးမတော်မူပေသည်။

ရှင်မဟာရဋ္ဌသာရသည် အင်းဝခေတ်တွင် စာပေအရာ၌ သာမက ပညာရေးအယူအဆ သဘောတရား၌လည်း ခေတ်မီ တိုးတက်သော အမြင်ရှိသည့် ဆရာတော်တပါး ဖြစ်ကြောင်း မှတ်တမ်းသင့်ပေသည်။ ဆရာတော် ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရတို့မှ ချမှတ်ခဲ့သော ပညာသင်ကြားပုံ နည်းစနစ် ဆုံးမပုံ ဩဝါဒတို့ကို နောက်နောင် ဆရာတော်များက အတုယူလျက် ဘုန်းတော်ကြီးကျောင်း ပညာရေးကို ပွားစည်းတိုးတက်အောင် ကြံဆောင်ကြသည်ကို တွေ့ရပေသည်။ ပို့ချမှုနှင့် သုတေသန တွဲနေသော သင်နည်းမှာ ချီးကျူးဘွယ် ဖြစ်ပေသည်။

## (ဇ) ကျောင်းစည်းကမ်းနှင့် ရှင်ကျင့်ဝတ်

"ဝိနယောနာမ၊ သာသနဿအာယု" သာသနာ၏ အသက်မှာ ဝိနည်းဖြစ်သည်၊ ကျင့်ဝတ်ဖြစ်သည်။ စည်းကမ်းဖြစ်သည်၊ သို့ဖြစ်ရကား ရှင်မဟာသီလဝံသသည် တပည့်သံဃာနှင့် သာမဏေတို့အား စည်းကမ်းများ စနစ်တကျချမှတ်ပေးသည်။ ဆက်ဆံရေးမှုအစသင်ကြားပေးသည်။ ဥပမာ—

"ပဥ္စင်းနှင့်ရှင်၊ ညီသွင်အကို လွန်ကြည်ညို...."ဟု ဆိုဆုံးမခဲ့သည်။ ထို့အပြင် "ဒသသိက္ခာပါး၊ ဘုရားမှခပါ၌ ရှင်ကျင့်ဝတ်ကို၊ စောင့်ကြပ်မြဲတွေ၊ ညီလှစေ...."ဟူ၍ တရားကို နှလုံးသွင်း၍ ရှင်ကျင့်ဝတ်ကို မြဲမြဲစောင့်ကြည့်ကြဖို့ တိုက်တွန်းထားခဲ့သည်။ ဘုန်းတော်ကြီးကျောင်းများတွင် ရှင်သာမဏေများ ကျင့်ရသော ရှင်ကျင့်ဝတ်များကိုလည်း စနစ်တကျ ရေးဆွဲပေးခဲ့သည်။

## ရှင်ကျင့်ဝတ်

ရှင်သာမဏေပြုစဉ်က သိမ်မွေ့သော စားဝတ်နေရေး၊ ယဉ်ကျေးမှုများကို မသင်မနေရအဖြစ် သင်ယူလိုက်နာကျင့်သုံးကြရသည်။ ရှင်ကျင့်ဝတ်မှ သေခိယာသိက္ခာပုဒ်များကို လေ့လာပါက ထိုစားဝတ်နေ ယဉ်ကျေးမှုများကိုတွေ့ရပေသည်။

### စား

၁။ ဆွမ်းဘောဇဉ်များကို ကောင်းမွန်ရိုသေစွာ စားသုံးရမည်။
၂။ ဆွမ်းများကို တဖြည်းဖြည်းသိမ်မွေ့စွာ စားသုံးရမည်။
၃။ ဆွမ်းနှင့်ဟင်း မျှတရုံသာစားသုံးရမည်။ (ဟင်းသည် ဆွမ်း၏ လေးပုံတပုံသာရှိရမည်။)
၄။ သင့်တင့်သော အနေတော်ဆွမ်းလုပ်ပြု၍ စားရမည်။
၅။ ဆွမ်းလုပ်အကြီးပြု၍ မစားအပ်။
၆။ များများစားလိုသောဆန္ဒကြောင့် ဆွမ်းများနှင့် ဟင်းကိုဖုံး၍ မထားအပ်။
၇။ ဆွမ်းကိုထိပ်ဦးမှ ဖြို၍မစားအပ်။
၈။ ခံတွင်းဝသို့ ဆွမ်းလုပ်မရောက်မီ ပါးစပ်ကိုမဖွင့်အပ်။
၉။ ဆွမ်းစားသောအခါ လက်ချောင်းစလုံး မသွင်းရချေ။ (လက်ညှိုးတချောင်းချန်လုပ်ရမည်။)
၁၀။ ဆွမ်းလုပ်အပြည့်နှင့် စကားမဆိုအပ်။
၁၁။ မျောက်ကဲ့သို့ ပါးစောင်၌ခဲ၍ မစားအပ်။
၁၂။ ဆွမ်းလုပ်ကိုမြှောက်၍ ပစ်သွင်းခြင်းမပြုအပ်။
၁၃။ ဆွမ်းလုပ်ကို ကိုက်ဖြတ်၍မစားအပ်။
၁၄။ လက်ကိုခါ၍ မစားအပ်။
၁၅။ ဆွမ်းလုံးများဖြန့်ကြဲ၍ မစားအပ်။

၁၆။ လျှာကိုထုတ်၍ မစားအပ်။
၁၇။ တိရစ္ဆာန်များကဲ့သို့ 'စပ်စပ်· ပြတ်ပြတ်' အသံဖြစ်စေ၍ မစားသုံးအပ်။
၁၈။ တရှုပ်ရှုပ်မြည်သံပြု၍ မစားသောက်အပ်။
၁၉။ လက်ကိုလျက်၍ မစားသုံးအပ်။
၂၀။ နှုတ်ခမ်းကိုလျက်၍ မစားသုံးအပ်။
၂၁။ ဆွမ်းလုံးရှိသော ယာလက်ဖြင့် သောက်ရေခွက်ကိုမကိုင်ဆောင်အပ်။

ဤကား စားသောက်မှုဆိုင်ရာ စည်းကမ်းများဖြစ်ပေသည်။

## "ဝတ်"

၁။ ကိုယ်ဝတ်သက်န်းများကို ရိုသေစွာဝတ်ဆင်ရမည်။
၂။ ညီညီညွတ်ညွတ် သေသေသပ်သပ် ဝတ်ဆင်ရမည်။
၃။ သင်္ကန်းများကို ရာသီဥတုဒဏ် ပိုးမွှားဘေးရန်မှ ကာကွယ်ရန်လည်းကောင်း၊ အရှက်အကြောက်ကို ဖျက်ဆီးတတ်သော ကျဉ်းမြောင်းရာ ဖုံးလွှမ်းရုံသာလည်းကောင်း၊ အကြောင်းပြု၍ ဝတ်ဆင်ရမည်။
၄။ မော်ကြွားပလွှားမှုနှင့် မဝတ်ဆင်အပ်။
၅။ အမြင်မတော်ဖြစ်စေလျက် ဖားဖား လျားလျားပြု၍ မဝတ်ဆင်အပ်။
၆။ သင်္ကန်းအဝတ်တို့ကို ပင့်တင်ခြင်း မ,တင်ခြင်း မပြုအပ်။
၇။ သင်္ကန်း အဝတ်ဖြင့် ဦးခေါင်းကို ခြုံလျက်မနေအပ်၊ မသွားအပ်။

ဤကား ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်သော စည်းကမ်းချက်များဖြစ်ပေသည်။

## "နေ"

၁။ လျှောင်း၊ ထိုင်၊ ရပ်၊ သွားသောအမှုတို့၌ သိမ်မွေ့စွာရှိစေရမည်။
၂။ ဖြည်းညှင်းသာယာသောအသံဖြင့် စကားကိုဆိုရမည်။
၃။ ပြင်းစွာရယ်မောခြင်းပြုလျက်၊ မသွားအပ်၊ မနေအပ်။

၄။ ကိုယ် လက်အင်္ဂါ၊ ဦးခေါင်းတို့ကို လှုပ်ရှား၍သွားလာနေထိုင်ခြင်းမပြုအပ်။
၅။ ခါးထောက်၍ မလျှောက်အပ်။
၆။ ကျိုးနင်း၊ ကျိုးနင်း ပြု၍ လမ်းမလျှောက်အပ်။
၇။ မနာမကျန်းမဖြစ်မူပဲ မတ်တတ်မှ ကျင်ကြီးကျင်ငယ် စွန့်ခြင်းမပြုအပ်။
၈။ စိမ်းလန်းသော မြက်သစ်ပင်တို့တွင် အညစ်အကြေး မစွန့်ပစ်အပ်။
၉။ သောက်ရေသုံးရေ တိုက်သော အရာ တို့ ၌ အ ညစ် အ ကြေး တံတွေးတို့မစွန့်၊ မထွေးအပ် စသည်တို့သည် အနေအထိုင်နှင့်ဆိုင်ရာ စည်းကမ်းချက်များဖြစ်ပေသည်။

ဤကျင့်ဝတ် စည်းမျဉ်းတို့ကို ဘုန်းတော်ကြီး ကျောင်းများ၏ ကျောင်းစည်းကမ်းများပင်ဖြစ်၍ အင်းဝခေတ် ရှင်မဟာသီလဝံသနှင့် ခေတ်ပြိုင် ရှင်မဟာရဋ္ဌသာရဆရာတော်၏ ကျောင်းတွင်လည်း သာမဏေတို့လိုက်နာ ကျင့်သုံးကြမည့်နည်းတူ နောင်တွင်လည်း ဤစည်းမျဉ်းကို ပင်စံထားခဲ့မည်မှာ သေချာလှပေသည်။

## (ဈ) သုံးသပ်ချက်

ပင်းယခေတ်၊ စစ်ကိုင်းခေတ်သည် ကြီးကျယ်ခမ်းနားသော ပုဂံခေတ်နှင့် အင်းဝခေတ်- ခေတ်နှစ်ခေတ်ကြားတွင် မှေးမှိန်သောခေတ်ငယ်ဖြစ်ခဲ့ပေသည်။ ထိုခေတ်ဘာသာရေး၊ သာသနာရေး၊ စာပေရေးနှင့် ပညာရေးသည်· မပြောပလောက်ပေ။

အင်းဝခေတ်သည်ကား ရွှေခေတ်ဟူ၍ တင် စား သုံး သော် ရ နိုင်လောက်ပေသည်။ ဗုဒ္ဓဘာသာသည် ပါဠိစာပေ သက် သက် ဖြင့် သာ မြန်မာနိုင်ငံတွင် ပေါ်လွင်ပြန့်ပွားနေရာမှ အင်းဝခေတ်တွင် မြန်မာစာပေသက်သက်ဖြင့် ပျံ့နှံ့ခဲ့ပေသည်။ ပညာရေးဖက်တွင်လည်း စနစ်တကျသင်ကြားပို့ချမှုများ ရှိလာခဲ့ပေသည်။ သမားရိုးကျ စနစ်များ အပြင် ကလေးငယ်တို့၏ လိမ္မာရေးခြားရှိမှုကို ရှေးရှုလျက် ဆုံးမစာများပေါ်လာသည်။ ဆုံးမစာများသည် ပဒေသရာဇ်ခေတ်၏ ဘုန်းတော်ကြီးကျောင်း ပညာရေးအတွက် ပြဋ္ဌာန်းချက်စာများဖြစ်ပေသည်။ ပညာရေး အယူအဆ၊ ပညာရေးသဘောတရားနှင့် ကျောင်းစည်းကမ်းသင်ရိုးတို့ကို ယင်းဆုံးမစာများတွင် ထင်ရှားစွာတွေ့ရှိနိုင်ပေသည်။

အင်းဝဘုရင်မင်းခေါင်ကြီးသည် သာသနာစာပေကို လွန်စွာချီးမြှင့်တော်မူသော မင်းတပါးဖြစ်ပေသည်။ ထိုမင်းလက်ထက်တွင် စာပေသမိုင်းတွင် အထူးကျော်ကြားသော စာဆိုတော်ကြီးများပေါ်ပေါက်ခဲ့သည်။ ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရတို့သည် အင်းဝခေတ်ပေါ် ပညာရေးရှေ့ဆောင် စာပေရှေ့ဆောင်ပုဂ္ဂိုလ်ကြီးများဖြစ်ခဲ့ပေသည်။မြန်မာစာပေကိုခိုင်မာစွာအုတ်မြစ်ချပေးခဲ့သောစာဆိုအရှင်နှစ်ပါးဟူ၍လည်း ဆိုနိုင်ပါသည်။ ထို့ပြင် ပညာရေးကိုတိုးတက်မြင့်မားအောင် ကြံဆောင်ကြရာ၌ အရှင်နှစ်ပါးသည် ပညာရေးပုဂ္ဂိုလ်ကျော်ကြီးများ ဖြစ်ကြောင်း မှတ်တမ်းတင်နိုင်ပေသည်။

လူပုဂ္ဂိုလ်ထဲမှ ကျော်ကြားခဲ့သောစာဆိုများကို တောင်ငူခေတ်နှင့် ညောင်ရမ်းခေတ် နှစ်ခေတ်တွင် အထင်အရှားတွေ့ရပေသည်။သို့ရာတွင် ဘုန်းတော်ကြီးကျောင်း ပညာရေးကိုမူ ဘုန်းတော်ကြီးများကသာ အစဉ်တစိုက် ကြိုးပမ်းတည်ထောင်ခဲ့ကြသည်။တောင်ဖီလာဆရာတော်၊ သဒ္ဓမ္မာလင်္ကာရ ဆရာတော်တို့သည် ညောင်ရမ်းခေတ်တွင် ဘုန်းတော်ကြီးကျောင်းပညာရေး ရှေ့ဆောင်ပုဂ္ဂိုလ်များ ဖြစ်ပေသည်။

ဤခေတ်ရှည်ကြီး တလျှောက်လုံးတွင် ဘုန်းတော်ကြီးကျောင်းပညာရေး၏ ရည်မှန်းချက်များမှာ (၁)အနန္တငါးဖြာကို ဦးထိပ်ထားရန်၊ (၂) ကိုယ်နှုတ်နှလုံး စောင့်စည်းရန်၊ (၃)စာရိတ္တအားကောင်း၍ လိမ္မာရေးခြားရှိစေရန်၊(၄)ခေတ်ပေါ် လောကီပညာ တတ်ကျွမ်းကြစေရန် စသည်တို့ဖြစ်ခဲ့သည်။ လက်ဦးဆရာသည် မိဖဖြစ်သည်ဟူသော အယူအဆ၊ လေ့လာသင်ယူနည်း၊ ဆရာဂုဏ်ပုဒ်နှင့်အင်္ဂါတို့ကို ဖော်ထုတ်ခဲ့ပေသည်။ ထို့အပြင် သင်ကြားမှုနှင့် သုတေသန မိတ်ဖက်ပြုခဲ့သည်။ တရားစာပေ ဘာသာရပ်များအပြင် သင်္ချာဘာသာရပ်၊ ဓမ္မသတ်၊ ရာဇဝင် စသည့် ဘာသာရပ်များ သင်ရိုးတွင်ပါဝင်ခဲ့သည်။

အချုပ်အားဖြင့်ဆိုရလျှင် သမိုင်းတွင် နိုင်ငံရေး အုပ်ချုပ်ရေး အတက်အကျရှိသကဲ့သို့ ဘာသာရေး၊ စီးပွားရေး၊ လူမှုရေး၊ စာပေနှင့် ပညာရေးသည်လည်း အတက်အကျရှိခဲ့ရပေသည်။ မတည်ငြိမ်သော ခေတ်တွင် ပညာရေး၊ ဘာသာရေး၊ စာပေရေးလည်း နိမ့်ကျရပေသည်။ ငြိမ်းချမ်းသာယာသောခေတ်တွင် ပညာရေး၊ ဘာသာရေး၊ စာပေရေးသည်လည်း တိုးတက်မြင့်မားရမည်မှာ ဓမ္မတာပင် ဖြစ်ပေလိမ့်မည်။

နိုင်ငံရေး ဒီရေ အတက်အကျတွင် ဘာသာရေး၊ ပညာရေး၊ စာပေရေးတည်းဟူသော ဗေဒါပန်းသည်လည်း ဒီရေအတက်အကျတွင် လိုက်ပါမျောပါရမည်သာ ဖြစ်ပေသည်။ အင်းဝခေတ်တွင် ပညာရေး စာပေရေး တဟုန်ထိုးတိုးတက်၊ ပင်းယစစ်ကိုင်းတွင် ပညာရေး၊ စာပေရေးနိမ့်လျော့ကျ၊ တောင်ငူညောင်ရမ်းခေတ်တွင် တိုးတက် မြင့်မားခဲ့ခြင်းများသည် နိုင်ငံသမိုင်း ဒီရေအတက်အကျကိုလိုက်၍ ဖြစ်ပေါ်ခဲ့ရပေသည်။ သို့ဖြင့် တောင်ငူ(ညောင်ရမ်း) ဆက် နောက်ဆုံး မဟာဓမ္မရာဇာဓိပတိမင်း အုပ်ချုပ်မှုညံ့ဖျင်းမှုကြောင့် နိုင်ငံတခုလုံး မငြိမ်မသက်ဆူပူသောင်းကျန်း၊ မဏိပူရကသည်းတို့က တိုက်ခိုက်ခြင်း၊ ကွေ့ရှမ်းတို့ကထကြွခြင်း၊ မွန်တို့က ပုန်ကန်ခြားနားခြင်း ပြုလာကြရာ နောက်ဆုံးတွင် ၁၇၅၂ ခုနှစ်၌ အင်းဝ ပျက်သုဉ်းရလေသည်။

# အခန်း ၅

## ကုန်းဘောင်ခေတ် ဘုန်းကြီးကျောင်း ပညာရေး

### (က) နောက်ခံကား

ကုန်းဘောင်ခေတ်ကို ထူထောင်သူ အလောင်းဘုရား လက်ထက် ၁၇၅၂-ခုနှစ်မှစ၍ သီပေါမင်းပါတော်မူသည့် ၁၈၈၅-ခုနှစ်ထိ ကာလအတွင်း မြန်မာနိုင်ငံ၏ သမိုင်းအဖြစ်အပျက်များ စုံလင်လှပေသည်။ ထူးခြားသောဖြစ်ရပ်တို့ကို အကျဉ်းချုပ်လေ့လာကြည့်လျှင် အလောင်းဘုရား (၁၇၅၂-၁၇၆၀)သည် မွန်တို့ကိုတိုက်ခိုက်၍ နိုင်ငံကိုစည်းရုံးခဲ့သည်။ အင်္ဂလိပ် ပြင်သစ်တို့နှင့် အဆက်အဆံရှိခဲ့၏။ ယိုးဒယားသို့ စစ်ချီခြင်းတို့သည် ထင်ရှားသည်။

နောင်တော်ကြီး (၁၇၆၀-၁၇၆၃) လက်ထက်တွင် ဇင်းမယ်ကို သိမ်းပိုက်ခဲ့သည်။ ဆင်ဖြူရှင် (၁၇၆၃-၁၇၇၆) မင်းလက်ထက်တွင် မြန်မာတို့၏စစ်အင်အား ကြီးမားခဲ့သည်။ တရုတ် မြန်မာ စစ်ပွဲများ၊ ဘိုးတော်ဘုရား(၁၇၈၂-၁၈၁၉) လက်ထက်တွင် ရခိုင်ကိုသိမ်းပိုက်ခြင်း၊ ယိုးဒယားသို့ ချီတက်တိုက်ခိုက်ခြင်းနှင့် အင်္ဂလိပ်မြန်မာ ဆက်ဆံရေး ပျက်ပြားခဲ့သည်။ ဘကြီးတော်မင်း (၁၈၁၉-၁၈၃၇) လက်ထက်တွင် အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲဖြစ်၍ ရခိုင်နှင့် တနင်္သာရီဒေသများကို မြန်မာတို့လက်လွှတ်ခဲ့ရသည်။

ပုဂံမင်း (၁၈၄၆-၁၈၅၃)လက်ထက်တွင် အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲဖြစ်၍ အောက်မြန်မာနိုင်ငံကို မြန်မာတို့လက်လွှတ်ခဲ့ရသည်။

မင်းတုန်းမင်း (၁၈၅၃-၁၈၇၈) လက်ထက်တွင် အင်္ဂလိပ်တို့နှင့် စစ်ပြေငြိမ်းခဲ့သည်။ မင်းတရားကြီးသည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်

မင်းတရားကြီးဟူသောဘွဲ့ကို ခံယူရလောက်အောင် သာသနာတော်ကို ပြုစုစောင့်ရှောက်ခဲ့လေသည်။

သားတော် သီပေါမင်း လက်ထက်တော်၌လည်း ကိုယ်တိုင်ကပင် သာသနာ့ဘောင်သို့ နှစ်ကြိမ်တိုင် ဝင်ရောက်ထမ်းဆောင်ခဲ့ဘူးသည်နှင့် အညီ သာသနာရေးကို အထူးလေးစား အားပေးခဲ့တော်မူသည်။ သို့ ရာတွင် ရတနာဂီရိသို့ ပါတော်မူရလေသဖြင့် မင်းတုန်းမင်းကဲ့သို့ ကြာ ရှည်စွာ သာသနာအကျိုးကို မသည်ပိုးနိုင်ခဲ့ချေ။

မည်သို့ပင်ဖြစ်စေ ဤသို့ ခေတ်တလျှောက် ဖြစ်ပေါ်ပြောင်းလဲခဲ့ရ သော နိုင်ငံအခြေအနေအတွင်း၌ ဘာသာ သာသနာရေးနှင့် ဘုန်း တော်ကြီးကျောင်း ပညာရေး ဆောင်ရွက်ချက်များသည် ကုန်းဘောင် ခေတ်တွင်လည်း ဆက်လက်ရှင်သန်လျက်ရှိပေသည်။

၎င်း ခေတ်တလျှောက် ဘုန်းတော်ကြီး ကျောင်း ပညာရေးသဘော တရား၊ စာဆို၊ မြန်မာစာ သင်ရိုး၊ သင်နည်း၊ သာသနာတော် အုပ် ချုပ်ရေးတို့ကို လေ့လာတင်ပြ သုံးသပ်ထားပါသည်။ ကိုလိုနီခေတ်ဦး ဘုန်းတော်ကြီးကျောင်းများ အခြေအနေသည် တမျိုးတဖုံပြောင်းလဲ ခဲ့ရသည်။ အထူးသဖြင့် အောက်မြန်မာနိုင်ငံ၌ ဖြစ်သည်။ ကိုယ့်မင်း ကိုယ့်ချင်း အုပ်ချုပ်သောကာလမဟုတ်တော့၍ သာသနာသည် ညှိုးမှိန် စ ပြုခဲ့ရပေသည်။ ၁၈၅၂-ခုနှစ်မတိုင်မီက ကျေးရွာတိုင်းတွင် ဘုန်း တော်ကြီးကျောင်းများရှိခဲ့သည်။ ရွာကြီးများနှင့် မြို့ကြီးများတွင်မူ ဘုန်းတော်ကြီးကျောင်း တကျောင်းမက များစွာရှိတတ်သည်။ ပဲခူး၊ ပြည်၊တောင်ငူ၊အမရပူရ၊ အင်းဝ၊ ရွှေဘိုကဲ့သို့သော မင်းနေပြည်ဖြစ်ခဲ့ ဖူးသောမြို့များတွင် ဘုန်းတော်ကြီးကျောင်းများ အခိုင်အမာရှိပေ သည်။ မန္တလေးကဲ့သို့သော နေပြည်တော်တွင်မူ ဗုဒ္ဓတက္ကသိုလ်သဖွယ် ကျောင်းတိုက်ကြီးများရှိခဲ့ပေသည်။ စာသံပေသံ ကျမ်းဂန်ရွတ်ဖတ်သံ တို့ဖြင့် မြန်မာမင်းများလက်ထက်တွင် ဆူညံနေပေလိမ့်မည်။ ထိုသို့ သာသနာဘာသာ စည်ပင်ခဲ့ရာမှ မြန်မာတို့သည် အင်္ဂလိပ်တို့နှင့် ပထမ စစ် ဖြစ်ပွားခဲ့သည်။ ၁၈၂၆-ခုနှစ်တွင် မြန်မာတို့က အင်္ဂလိပ်တို့ကို ရခိုင်နှင့်တနင်္သာရီ ပေးခဲ့ရာတွင် မြန်မာ ဘုန်းတော်ကြီးကျောင်းများ သည် အခြေအနေမယိမ်းယိုင်သေးပေ။ ၁၈၅၂-ခု ဒုတိယ အင်္ဂလိပ် မြန်မာစစ်ပွဲတွင် အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့အား ပေးအပ်လိုက် ရသည်။ ထိုစဉ်မှစ၍ ဘုန်းတော်ကြီးကျောင်းများသည် အောက်မြန်မာ

နိုင်ငံတွင် ယိုယွင်းပျက်စီးခဲ့ရသည်။ အမျိုးဘာသာ သာသနာသည် တိုင်းတပါးသား လက်အောက်ခံဘဝတွင် အကျိုးယုတ် ပျက်စီးရတော့မည်ဟု ယုံကြည်ကြလျက် မြန်မာမင်းအုပ်စိုးရာအထက်အညာသို့ မြန်မာနှင့် မွန် ဘုန်းတော်ကြီးများ ရွှေပြောင်းခိုဝင်ကြသည်။ အင်္ဂလိပ်အစိုးရ ပုန်ကန်တော်လှန်မှုများ ဖြစ်ပွားလျက် ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်း အများအပြားသည်လည်း ကျောင်းထိုင်ဘုန်းတော်ကြီးများမရှိပဲ ဖြစ်ခဲ့ရသည်။

> "အင်္ဂလိပ် သာသနာပြု ပုဂ္ဂိုလ်များ၊ သာသနာပြုကျောင်းကြီးများ ပေါ်ပေါက်လာခြင်း၊အောက်မြန်မာပြည် အင်္ဂလိပ် လက်သို့ ရောက်သွားသောအခါ သာသနာပြုများက သူတို့အစိုးရနှင့်အတူအောင်ပွဲခံလျက် အခွင့်ထူးများ ယူလျက် မြို့ကြီးများတွင် သာသနာပြုကျောင်းကြီးများ ဆောက်လုပ်လျက် သာသနာပြု လုပ်ငန်းများ ကျယ်ပြန့်စွာ ဆောင်ရွက်ကြခြင်း စသည် အကြောင်းတရားများကြောင့် မြန်မာဘုန်းတော်ကြီး ကျောင်းများသည် အောက်မြန်မာနိုင်ငံတွင် စည်းရုံးမှု မရတော့ပဲ ပြိုကွဲရတော့သည်။ မင်းတုန်းမင်းနှင့် သီပေါမင်း လက်ထက် အထက်မြန်မာနိုင်ငံသည် မြန်မာ သာသနာပြုမင်းလက်အောက်တွင် ရှိသေး၍ ဘုန်းကြီးကျောင်းများမှာ အခြေအနေ မယိမ်းယိုင် သော်လည်း သီပေါမင်း ပါတော်မူပြီးနောက် အောက်မြန်မာနိုင်ငံ၏ ဂယက်သည် အထက်မြန်မာနိုင်ငံသို့ ရိုက်ခတ်လာပေသည်။ ကိုယ့်မင်းကိုယ့်ချင်းမဟုတ်၍ မြန်မာတို့၏အစဉ်အလာ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ကျောင်းများသည် မှေးမှိန် ရတော့သည်။" *

မြန်မာတမျိုးသားလုံး လွတ်လပ်ရေး ဆုံးရှုံးပြီးနောက် မြန်မာဘုန်းတော်ကြီးကျောင်းများ နေရာတွင် အင်္ဂလိပ်အစိုးရတို့ အစီအစဉ်အရ ကိုလိုနီပညာရေး စနစ်အရ ဖွင့်လှစ်သော ကျောင်းများက အစားထိုး

---

* Maung Htin Aung "Burmese Monk's Tales." Columbia University Press, New York and London, 1966, PP. 6-16.

နေရာယူခဲ့ပေသည်။ ယင်းသို့ ဖြစ်ပေါ်ပြောင်းလဲလာမှုများကို အခန်း (၆) နောက်ခံကားတွင် ဖေါ်ပြထားပါသည်။

## (ခ) ဘုန်းတော်ကြီးကျောင်း ပညာရေး သဘောတရားနှင့် ရည်မှန်းချက်။

ကုန်းဘောင်ခေတ်သည် မြန်မာတို့အဖို့ အတွေ့အကြုံ စုံသောခေတ် ဖြစ်ပေသည်။ အင်္ဂလိပ်တို့နှင့် စစ်မက်ဖြစ်ပွားခြင်းများ ပြီးဆုံးပြီးနောက် ဥရောပ သားတို့နှင့် ဆက်ဆံခဲ့ရာမှ အတွေ့အကြုံသစ်များ ရလာသည်။ ငြိမ်းချမ်းရေးကို လိုလားသော မင်းတုန်းမင်းကြီး လက်ထက်တော်တွင် အင်္ဂလိပ်တို့နှင့် စစ်ပြေအေးလျက် နိုင်ငံခြားသို့ သံအဖွဲ့များ စေလွှတ်ခြင်း၊ ပညာတော်သင်များ လွှတ်ခြင်း၊ ဆရာမတ်ထံ သားတော်တို့ကို အပ်နှံ၍ ခေတ်ပညာ သင်စေခြင်း စသည်တို့ကို ဆောင်ရွက်တော်မူခဲ့သည်။

မင်းတုန်းမင်းကြီးသည် ငယ်စဉ်အခါကပင် ပညာ လိုလားတော်မူသည်။ မောင်လွင်ဘဝကပင် မဟာဇောတိကာရာမတိုက် ရတနာဘုံစံ ကျောင်းတော်တွင် သီတင်းသုံးနေတော်မူသော စံကျောင်း ဆရာတော် ဦးစန္ဒိမာသည် မင်းတုန်းမင်းကို ပညာပေးရုံသာမကနိုင်ငံခေါင်းဆောင် ကောင်း ဖြစ်အောင်လည်း သွန်သင်ဆုံးမတော်မူခဲ့သည်။ ဘုန်းတော်ကြီး ကျောင်းများသည် ဤသို့ဖြင့် လူတန်းစားမရွေး ပညာပေးစေရာ စာသင်ဌာနများအဖြစ် သမိုင်းတလျှောက်တွင် ထင်ရှားခဲ့ ပေသည်။ ကာယ-ဉာဏ စာရိတ္တကောင်းမွန်အောင်၊ လူမှုရေးရာ အဖြာဖြာတွင် ဝင်ဆံ့အောင်၊ တော်တည့်မှန်ကန်အောင် နေတတ်၊ ထိုင်တတ်၊ စားတတ်သောက်တတ်အောင် လောကီရေးရာ ပညာတို့ကိုလည်း ဘုန်းတော်ကြီး ကျောင်းများကပင် တာဝန်ယူ ပညာဖြန့်ချိခဲ့ပေသည်။ မူလ ရည်မှန်းချက်တွင် ဗုဒ္ဓသာသနာတော် စည်ပင်အောင်၊ ပြန့်ပွားအောင် ဘုန်းတော်ကြီးကျောင်းများကို တည်ထောင်ခဲ့ကြသည် မှန်သော်လည်း ကာလကြာရှည်သော် လူငယ်လေးများ၏ စားဝတ်နေရေး၊ လူမှုရေး အဖြာဖြာအတွက် အသုံးဝင်မည့် အရေးအဖတ်အတွက်နှင့် လောကီပညာ ရေးတို့ပါ ပူးတွဲဖြန့်ချိခဲ့ပေသည်။

ဘုန်းကြီးကျောင်း သင်ရိုးတွင်လည်း ရှေးအစဉ်အလာက ကဲ့သို့ ကျမ်းဂန်တတ်သိရုံသာ မရည်ရွယ်တော့ပဲ ခေတ်နှင့်အညီ ဆေးအတတ်၊

နက္ခတ်အတတ်၊ ဗေဒင်အတတ်၊ လောကဓာတ်ပညာရပ်တို့ကိုလည်း ဖြည့်စွက် သင်ကြားသည်ကို အတော်အသင့် တွေ့လာရပေသည်။

မင်းတုန်းမင်း လက်ထက်တော်တွင် မြန်မာဘာသာရေး သိုးဆောင်းဆေးကျမ်းများကို တွေ့ရပေသည်။ မန္တလေးအပျက်တွင် စုဆောင်းစာရင်းတင်ခဲ့သော မိုင်းခိုင်းဝန်မင်း၏ ပိဋကတ်သမိုင်း စာတမ်းတွင် ဆေးကျမ်းပေါင်း ၃၆၉ ကျမ်း ရှိသည်ကို တွေ့ရသည်။ ထိုဆေးကျမ်းတို့အနက် (၁၇၇)ကျမ်းမှာ မဇ္ဈိမဒေသဖြစ် ဆေးကျမ်းများဖြစ်၍ ၉၇ ကျမ်းမှာ သီဟိုဠ်ကျွန်းဖြစ် ဆေးကျမ်းဖြစ်သည်။ (၉၅) ကျမ်းမှာမူ မြန်မာပြည်ဖြစ် ဆေးကျမ်းများ ဖြစ်ပေသည်။ ဤဆေးကျမ်းများတွင် ဓာတ်ကျမ်း၊ ဗိန္ဓောကျမ်း၊ ပယောဂကျမ်းများ ပါဝင်သည်။ ပုဂံခေတ်ကပင် ထိုဆေးကျမ်းအချို့သည် ပါဠိကျမ်းဂန်များနှင့် အတူပါလာမည်ဟု ယူဆရပါသည်။ ထို့ကြောင့်ပင် မြန်မာမင်းများ လက်ထက်ဘုန်းတော်ကြီးအချို့သည် မြန်မာ့ဆေးပညာကို လေ့လာလျက် ရပ်သူရွာသား တကာတကာမများကို ကုသပေးခဲ့ကြသည်။ ဆေးပညာကိုလည်း ကျောင်းများတွင် ဖြန့်ဖြူးခဲ့ပေသည်။

"မြန်မာဆေးပညာ ဘာသာရပ်တွင် ဓာတ်ဖက်၊ ဗိန္ဓောဖက်၊ ဗေဒင်ဖက်၊ ပယောဂဖက် ဟူ၍ လေးဘာသာ ခွဲထားပေသည်။" * ထိုပညာရပ်တို့သည် လောကီပညာရပ်များဖြစ်သော်လည်း လူတို့အကျိုးငှာ ဘုန်းတော်ကြီး ကျောင်းများက ဖြန့်ဖြူးခဲ့ကြသည်။ ထိုအချက်တို့ကို လေ့လာလျှင် ဘုန်းတော်ကြီးကျောင်း ပညာရေး သဘောတရားနှင့် ရည်မှန်းချက်သည် လောကုတ္တရာ သက်သက်သာ မဟုတ် လောကီလူမှုရေးအတွက် အကျိုး သက်ရောက်မည့် ပညာရပ်များကိုလည်း ဖြန့်ဖြူးကြောင်း သိနိုင်ပေသည်။

စာပေ၊ သင်္ချာ၊ ဗေဒင်၊ ဆေးပညာ စသည်ဖြင့် စာသင်တပည့်ငယ်တို့ နောင်ကာလတွင် အသုံးဝင်မည့် ဘာသာရပ်တို့ကိုလည်း သင်ကြား၍ ပေးကြောင်း သိသာပေသည်။

---

* မင်းသုဝဏ်၊ "မြန်မာစာမြန်မာမှု"ပုဂံစာအုပ်အမှတ်-၇၅၊ ဒုတိယအကြိမ်၊ ရန်ကုန်၊ ၁၉၆၆ ခုနှစ်၊ စာမျက်နှာ-၂၆၇။

ဘာသာရေးရာ ရည်မှန်းချက်ဖြစ်သော ကံငါးပါးထိန်းမှုကို ဦးတည်ပညာဖြန့်သည့်အတွက် လောကုတ္တရာအကျိုး သက်သက် သာ မ က လောကီတွင်လည်း ကံငါးပါးလုံခြုံမှုကြောင့် လူကောင်းလူမွန် ဖြစ်နိုင်ပေသည်။ တနည်းဆိုရလျှင် ဘုန်းတော်ကြီးကျောင်း ပညာရေးသည် စာရိတ္တကိုအခြေခံ၍ ဘာသာရေးပညာနှင့် လောကီ ပညာရပ်များ ပူးတွဲပို့ချသော ပညာရေးစနစ်ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ ဘုန်းတော်ကြီးကျောင်း ပညာရေးသည် လူအတန်းအစားမရွေး လက်ခံသင်ကြားပေးသော စနစ်လည်းဖြစ်ပေသည်။ ထို့ပြင် အခလွတ်၊ ထမင်း၊နေရာ ထိုင်ခင်းပေးသော စနစ်လည်းဖြစ်သေးသည်။

ချွတ်ယွင်းချက်အနေဖြင့် တွေ့ရသောအချက်မှာ မိန်းကလေးများကို ကျောင်းများတွင် လက်ခံသင်ကြားပို့ချ မပေးခြင်းပင်ဖြစ်ပေသည်။ထို့ကြောင့်လည်း ဘုန်းတော်ကြီးကျောင်းပညာရေးစနစ်သည် ယောကျ်ားလေးများအတွက် အရေး အဖတ် အတွက်နှင့် လောကီပညာများကို ဖြန့်ချီပေးသည်မှန်သော်လည်း ထိုပညာသင်ကြားရေး အခွင့်အလမ်းကို မိန်းကလေးများ မရရှိခဲ့ပေ။ မရအောင်လည်း ဝိနည်းသိက္ခာပုဒ်တို့က တားမြစ်ထားပေသည်။ ဤသို့ဖြင့် မြန်မာနိုင်ငံ စာမတတ်သူဦးရေတွင် အမျိုးသမီးများက အမျိုးသားများထက် ပိုမိုများရခြင်း ဖြစ်ခဲ့ရပေသည်။

## (ဂ) ထင်ရှားသော စာဆိုပညာရှင်များ

ထိုခေတ်တွင် ပုံနှိပ်စက်များပေါ်ပေါက်ပြီဖြစ်၍ စာပေထွန်းကားသည်။ ရတနာပုံသတင်းစာကို မင်းတုန်းမင်းလက်ထက်တွင် ထုတ်ဝေခဲ့သည်။ ကုန်းဘောင်ခေတ်တွင် ထင်ရှားသော ရဟန်းပညာရှိပုဂ္ဂိုလ်များမှာ ကျည်းကန်ရှင်ကြီး၊ရှင်ဥက္ကံသမာလ၊ဦးသြဘာသ၊ရှင်နန္ဒမေဓါ၊ ရှင်ပညာတိက္ခ၊ဇဗ္ဗုပါဆရာတော်၊မုံရွေးဆရာတော်၊ဒုတိယကျော်အောင်စံထား ဆရာတော်၊ မောင်းထောင်ဆရာတော်၊ ဗားကရာဆရာတော်၊ မြတောင်ဆရာတော်၊ မှာန်လည်ဆရာတော်၊လယ်တီဆရာတော်၊ သင်္ဂဇာဆရာတော်၊ တောင်တွင်းဆရာတော်၊ ညောင်ကန်ဆရာတော်တို့ ဖြစ်သည်။

ကုန်းဘောင်ခေတ် နောင်တော်ကြီးမင်း လက်ထက်တွင် သာသနာပိုင် ဖြစ်တော်မူသော အတုလဆရာတော် ခင်ကြီးဖျော်သည် ကုန်းဘောင်

ခေတ် ဘုန်းတော်ကြီးကျောင်း ပညာရေးတွင် အထူး ဂရုပြုဖွယ် ကောင်းသော ဆရာတော်ဖြစ်သည်။

ထိုသို့ ထင်ရှားသော ရဟန်းပညာရှိ၊ လူပညာရှိပုဂ္ဂိုလ်များ ပေါ် ထွန်းခဲ့ပါသည်။ ထိုပညာရှိတို့သည် လောကီရေး၊ လောကုတ္တရာရေး တို့ကို ရှေ့ရှုလျက် စာပေကျမ်းဂန်တို့ကို ပြုစုခဲ့ကြပေသည်။ ယင်း ပုဂ္ဂိုလ်ကျော်များအနက် ဘုန်းကြီးကျောင်းပညာရေးကို အားဖြည့်ခဲ့ ကြသည့် ဆရာတော် ပုဂ္ဂိုလ်ကျော်အချို့ကို ဖော်ပြအပ်ပါသည်။

ဦးဩ(၁၀၉၈-၁၁၃၃)။ ဦးဩသည် သက္ကရာဇ် ၁၁၃၃-ခုနှစ် တွင် ကဝိလက္ခဏာသတ်ပုံသံပေါက်ကျမ်းကို ရေးသားပြီးစီးသည်။ ထို သတ်ပုံသံပေါက်ကျမ်းသည် သတ်ပုံနှင့်သာဆိုင်သော ကျမ်းမဟုတ်ပါ။ ဆန်း၊အလင်္ကာ၊သဒ္ဒါ၊ ဗျာကရိုဏ်း၊ ရှေးထုံးပုံပြင်၊ ရာဇဝင်မော်ကွန်း အစရှိသော လောကီ လောကုတ္တရာကျမ်းတို့ကို မှီငြမ်းပြုစုထားသော ကျမ်းတစောင် ဖြစ်ပေသည်။ ထိုသတ်ပုံကျမ်းသည် ဘုန်းတော်ကြီး ကျောင်း များတွင်လည်း လေ့လာဆည်းပူးခဲ့သည့် ကျမ်းတဆူဖြစ်နိုင် ပေသည်။

ဦးဩသည် ဩဝါဒထူးပျို့ကို သက္ကရာဇ် ၁၁၂၂-ခုနှစ်တွင် ရေးသား စီရင်ခဲ့သည်။ ဤပျို့တွင် အခန်းငါးခန်းပါသည်။ အစားအသောက်၊ အနေအထိုင်၊ အဝတ်တန်းဆာ ဆင်ယင်ရာတွင် ရှောင်အပ်သည်များ၊ ဆရာ အရှင် တပည့်တို့ ဆက်ဆံရေးကိစ္စ၊ ဒေါသမထွက်ရန်အကြောင်း များ၊ လုံ့လဝီရိယအားထုတ်နည်းများ၊ မင်း အမတ်တို့အား ဆုံးမခန်း စသည်တို့ပါဝင်သည်။

**လက်ဝဲသုန္ဒရအာမတ် (၁၀၇၅ခန့်-၁၁၆၁ခန့်)**

ဆင်ဖြူရှင်မင်းလက်ထက်တွင် လူပျိုတော် ၄ ထင် ကျော် အ မှုနှင့် ရာဇဝတ်သင့်သည်။ မဲဇာသစ်တောသို့အပို့ခံရသည်။ မဲဇာတောင်ခြေ၌ ပိုဒ်စုံရတုနှင့် ဝေဠုန်းစန္ဒာ၌ ပိုဒ်စုံရတုနှစ်ပုဒ်ကို ရေးသားဆက်သွင်းရာ နေပြည်တော်သို့ ပြန်ခေါ်သည်။ထိုရတုနှစ်ပုဒ်သည် မြန်မာစာပေသမိုင်း တွင် ထင်ရှားသောရတုများဖြစ်၍ ယနေ့တိုင် ကျော်ကြားပေသည်။ ကျောင်းသုံး မြန်မာစာအုပ်များအဖြစ် ပြဋ္ဌာန်းခံရသည်။ ထိုရတုတို့ကို လည်း ဘုန်းတော်ကြီး ကျောင်းများတွင် လေ့လာ ရွတ်ဆို ကြမည် အမှန်ပင်။

**ကျည်းကန်ရှင်ကြီး (၁၁၁၉-၁၁၇၅)**

ကျည်းကန်ရှင်ကြီးသည် အသက် ၃၀ ကျော်မှ ကျည်းကန်ရွာမှအမရပူရမြို့သို့ထွက်ခဲ့၍ မောင်းထောင်ဆရာတော်ထံတွင်ပညာဆက်လက်ရှာမှီးသည်။ ကျည်းကန်ရှင်ကြီးသည် မေတ္တာစာအဖွဲ့ကြောင့် ကျော်ကြားသည်။ ကျည်းကန်ရှင်ကြီး၏ မေတ္တာစာများမှာ ပြည်သူအများနှင့် သက်ဆိုင်သော မေတ္တာစာများဖြစ်သည်။ မောင်နှင့်နှမ၊ သားနှင့်အမိ၊ ဆရာနှင့်တပည့်၊ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တဦးနှင့်တဦး ကမ်းလှမ်းပို့သော မေတ္တာစာများကို အရေးများသည်။

ကျည်းကန်ရှင်ကြီး၏ စကားပုံ မေတ္တာစာမှာလည်း ထင်ရှားသည်။

"ပညာကိုတန်ဆောင်၊ သီလကိုဂန္ဓာရောင်၊ ဝီရိယကို ရွှေဂူချောင်၊ သမာဓိကို မြင်းမိုရ်တောင်၊ မာနကို မြေအယောင်၊ စာဂကိုတွေ့မရှောင်။ ပညာကိုရှာလျှင်၊ မာနကိုနှိမ့်ချထား၊ သီလကိုရှာသော်၊ ကိုယ်သာ လွန်ကြိုးစား၊ သုတကိုရှာသော်၊ ပမာလူဖုန်းစား။"* အစရှိသော စကားပုံမေတ္တာစာပါစာသားတို့သည် စာပေအရသာပေါ်လွင်ရုံသာမက အနက်အဓိပ္ပာယ် ထူးကဲကောင်းမွန်သည်ကိုလည်း တွေ့ရပေသည်။

"စာသင်ဆရာတို့ အင်္ဂါသည်၊ သဒ္ဒါပိုင်၊ ကျမ်းဂန်သိလှ၊ မချဥပစာ၊သေချာဓိပ္ပာယ်၊ လေးဆယ်နယ၊သို့ချသို့တင်၊ သို့ဝင်သို့ပစ်၊ အရစ်အပင့်၊ အဆင့်အသတ်၊ အမှတ်သညာ၊ လာသည့်ပါဠိ၊ သိသည့်အနက်၊ အထွက်အသန်၊ မှန်ကန်သဘော၊ ချောမောအာရုံ၊အင်ပြည့်စုံမှ၊ များလှသောင်းသောင်း၊တပည့်ပေါင်းတို့၊ညွှတ်ပျောင်းကြည်လင်၊ ချစ်ခင်ရှိသေ၊ မြဲဖြစ်ချေသည်။" ကျောင်းဆရာ၏ ဂုဏ်အင်္ဂါကို လေ့လာနိုင်သော စကားပုံမေတ္တာစာဖြစ်သကဲ့သို့ တပည့်အင်္ဂါကိုလည်း တွေ့နိုင်ပေသည်။

"တပည့်အင်္ဂါသည်၊ လျင်မြန်ပေ့ါပါး၊ စကားပြေချော၊ သဘောချိုသာ၊ ဝေယျာဝစ္စ၊ ခဝယမ်းယမ်း၊

---

* နန်းညွန့်ဆွေ၊ ဟံသာဝတီဆုံးမစာပေါင်းချုပ်၊ရန်ကုန်၊ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၀-ခု၊ စာမျက်နှာ-၂၁၁၊၂၁၃၊ ၂၁၄။

ရှင်လန်းစေတနာ၊ သေချာမှုမျိုး၊ ရိုကျိုးဆောင်ရွက်၊ မျက်မှောက်မျက်ကွယ်၊ မပယ်ဆန့်ကျင်၊ သင်သင်အံအံ၊ ကြံကြံကြည့်ကြည့်၊ လောင်းဖြည့်ပညာ၊ဆရာသင်နည်း၊ နိဿယည်းမပျက်၊ ပါဌ်အနက်ကား၊ ထက်သန်ဝိပ္ပာယ်၊ နည်းငယ်မြဲမှတ်၊ သေသတ်မုချ၊ တကြိမ်ပြလျှင်၊ မဆွ မှတ်သား၊ တပည့်အားကို၊ သင်ကြားဆရာ မြတ်နိုး ရာ၏။''×

ဟူ၍ ဆရာက မြတ်နိုးရသော တပည့် အင်္ဂါရပ်များမှာလည်း မှတ်သား ဖွယ်ဖြစ်၍ ဘုန်းတော်ကြီးကျောင်း ပညာရေးအတွက် တွေးဆကြည့် နိုင်သော အချက်တရပ်လည်း ဖြစ်ပေသည်။

## ရှင်ဥက္ကံသမာလာ (၁၁၄၀ ခန့်-၁၂၀၀ ခန့်)

မြန်မာစာပေတွင် သတ်ပုံသတ်ညွှန်းကျမ်း၊ ခွဲထားကျမ်းများသား များစွာ ပေါ်ပေါက်ခဲ့ပေသည်။ ယင်းကျမ်းတို့သည် မြန်မာဘာသည် စကားအမျိုးမျိုးအဖုံဖုံ ရေးထုံးမကွဲပြားရလေအောင် လမ်းညွှန်ပြုသော ကျမ်းများဖြစ်ပေသည်။''ဝဏ္ဏဗောဓနေသတ်အင်း''ကျမ်းသည်ထိုကျမ်း မြတ်စာရင်းတွင်ပါဝင်ပေသည်။ ထိုကျမ်းကိုရှင်ဥက္ကံသမာလာပြုစုတော် မူသည်။

ဆရာတော်သည် စနေမင်း၊ တနင်္ဂနွေမင်းတို့လက်ထက်တွင် ထင်ရှား သည်။

## စဉ့်ပါဆရာတော်(၁၁၄၀ ခန့်- ၁၂၀၀ခန့်)

စဉ့်ပါဆရာတော်သည် ဘကြီးတော်မင်းမှ- ကုန်ဘောင်မင်းလက် ထက်တိုင် ထင်ရှားသော ဆရာတော်ဖြစ်သည်။ ''မဃနီတိချီး'' သည် ပညာရေးနှင့် လူမှုရေးရာအတွက် အလွန်အဖိုးတန်သော နီ တိ ကျမ်း တစောင်ဖြစ်ပေသည်။ ထိုမဃနီတိချီးတွင် ''သိပ္ပကထာ''၊ ပညာက ထာ'၊ 'သုတကထာ'ဟူ၍ အပိုင်းခွဲခြား တင်ပြထားပေသည်။ သိပ္ပက ထာတွင် ပါဝင်သော-

---

× နန်းညွှန့်ဆွေ၊ဟံသာဝတီဆုံးမစာပေါင်းချုပ်၊ ရန်ကုန်၊ ဟံသာဝတီ ပုံနှိပ်တိုက်၊ ၁၉၆၀-ခု၊ စာမျက်နှာ-၂၁၄။

"ပညာကို ဘယ်လူဆိုးတို့၊ ယူခိုးလို့ပါပမယ်။ ။ အတတ်ကယ်အလိမ်မာနှင့်၊ ဥစ္စာဘယ်တူကြလိမ့်၊ လောက လူဝယ်" အစရှိသောဆုံးမစာသည် ယနေ့တိုင် ကျော်ကြားစဲဖြစ်ပေသည်။

## (ဿ) ကုန်းဘောင်ခေတ်မြန်မာစာပေ

မြန်မာမင်းများခေတ် ပေါ်ထွန်းခဲ့သော ဘုန်တော်ကြီးကျောင်း ပညာရေးသည် ဗုဒ္ဓသာသနာကို အခြေခံလျက် ပညာဖြန့်ဖြူးခဲ့သည်ဖြစ်ရာ စာပေအနုပညာ၊ ဗိသုကာနှင့် အတတ်ပညာ အသိပညာများကို ပြည်သူပြည်သားတို့ အမွေရခဲ့သည်။

အထူးသဖြင့် စာပေပညာကို ဘုန်းတော်ကြီးကျောင်း ပညာရေးက များစွာအထောက်အပံ့ပေးခဲ့သည်။ စာပေပညာရှင် များစွာကိုလည်း ဘုန်းတော်ကြီးကျောင်းပညာရေးက မွေးထုတ်ပြုစု ပျိုးထောင်ပေးခဲ့သည်။

မင်းမှုထမ်း၊ မင်းဆရာ၊ ဝန်ကြီး၊ မှူးကြီး၊ မတ်ကြီးများဖြစ်အောင် ဘုန်းတော်ကြီးကျောင်း ပညာရေးက ပြုစုပျိုးထောင်ပေးခဲ့သည်မှာလည်း အထင်အရှားပင်ဖြစ်ပေသည်။

ကုန်းဘောင်ခေတ် စာပေပညာရှင်တို့ကို လေ့လာလျှင် ဘုန်းကြီးကျောင်းထွက်များ ဖြစ်ကြသည်ကိုတွေ့နိုင်သည်။

အလောင်းမင်းတရားကြီး လက်ထက်မှ ဘိုးတော်ဘုရား လက်ထက်ကာလပိုင်းတွင် ထင်ရှားသောစာဆိုပညာရှင်ကြီးများမှာ-

၁။ တွင်းသွင်းတိုက်ဝန် ဦးထွန်းညို၊
၂။ စိန္တကျော်သူဦးဩ၊
၃။ လက်ဝဲသုန္ဒရဦးမြတ်စံ၊
၄။ လက်ဝဲနော်ရထာ၊
၅။ ကျုံးဝင်ဘုမ္မဇေယျ၊
၆။ ရွှေတောင်သီဟသူ၊
၇။ အတွင်းဝန်ဝဏ္ဏဓမ္မကျော်ထင်၊
၈။ ရွှေတောင်နန္ဒသူ၊
၉။ ပုလိပ်ရွာစားဦးဖျော်၊
၁၀။ ရွှေတောင်နန္ဒမိတ်၊

၁၁။ ရွှေတိုက်စိုးဦးတိုး၊
၁၂။ မယ်ခွေ၊
၁၃။ ရှင်မင်း၊
၁၄။ အတွင်းဝန်ဦးညို၊
၁၅။ ရှင်ဥက္ကံသမာလာ၊
၁၆။ ဦးယာ၊
၁၇။ ကျည်းကန်ရှင်ကြီး၊
၁၈။ နဝဒေး၊
၁၉။ ဦးသြဘာသ၊
၂၀။ ဦးအောင်ဖြိုး၊
၂၁။ ဦးရောက်ကြီး၊
၂၂။ မုံရွေးဆရာတော်၊
၂၃။ ဦးပေါ်ဦး၊

စသည်တို့ဖြစ်သည်။ ကုန်းဘောင်ခေတ်ဦး မြန်မာစာပေသည် အင်းဝခေတ် တောင်ငူညောင်ရမ်းခေတ်များမှာကဲ့သို့ ဗုဒ္ဓရေးရာ ဓမ္မရေးရာ၊ သင်္ဃာရေးရာနှင့် မကင်းပေ။ ရာဇ၊ ဓမ္မ၊ လောကကြောင်းများကို မှတ်တမ်းတင်ရေးဖွဲ့သည်ချည်းဖြစ်သည်။ ထူးခြားသည်မှာ ကုန်းဘောင်ခေတ်ဦး မြန်မာစာပေပညာရှင်များ-ကုန်းဘောင်နှောင်းခေတ် မြန်မာစာပေ ပညာရှင်များကိုလေ့လာလျှင် ရဟန်းစာဆိုပညာရှင်များထက် လူပုဂ္ဂိုလ် ပညာရှင်များကဦးရေပို၍ များလာခြင်းပင်ဖြစ်ပေသည်။ အဖွဲ့အနွဲ့တွင် လည်း စုံလင်လာသည်။ အကြောင်းအရာမှာလည်း လောကီဆံလာသည် ကိုတွေ့ရသည်။ မြဝတီမင်းကြီး ဦးစ၊ မမြလေး၊ဦးကြင်ဥ၊လှိုင်ထိပ်ခေါင် တင်၊ စလေဦးပုည၊ကင်းဝန်မင်းကြီး၊မန်လည်ဆရာတော်၊လယ်တီဆရာ တော်တို့သည်ဒုတိယကုန်းဘောင်ခေတ်တွင်ကျော်ကြားပေသည်။ "ကုန်း ဘောင်နှောင်းခေတ်၌ လောကသဘာဝကို ဦးစားပေးဖွဲ့နွဲ့သောစာပေ များ၊ သိပ္ပံဆိုင်ရာစာပေများလည်း ပေါ်ထွန်းလာလေသည်။ × × × ရှေးခေတ် မြန်မာစာ အရေးအသား မြန်မာတို့၏ မိရိုးဖလာစဉ်းစား တွေးခေါ်မှုနေရာတွင် အနောက်တိုင်း ဩဇာ ပါဝင်စွက်ဖက်စပြုလာ သည်"*

---

* မောင်သော်၊ ကုန်းဘောင်ခေတ်စစ်တမ်း။ ရန်ကုန်။ ဂုဏ်ထူးစာပေ။ ၁၉၇၆၊ စာမျက်နှာ- ၅၇၆။

သို့ရာတွင် မြန်မာမင်းတို့သည် မည်သည့်လူမျိုး၊ မည်သည့်စာပေက မှ မြန်မာစာပေ၏ အရင်းခံသဘောကို မဖျက်ဆီးနိုင်အောင် စာပေ၊ ဘာသာစကားတို့ကို အစဉ်တစိုက် ဆန်းစစ်ပြုပြင်မွန်းမံခဲ့ပေသည်။

မြန်မာစာရေးထုံးကျမ်းများကို မြန်မာမင်းများကိုယ်တိုင်ကြီးကြပ် ၍ ဆုံးဖြတ်ပြဋ္ဌာန်းခဲ့ပေသည်။ ပုဂံခေတ်တွင် အက္ခရာ ပဘေဒ သတ်ပုံ ကျမ်းကို လွှတ်တော်သုံးအဖြစ် ပြဋ္ဌာန်းခဲ့သည်။ အများပြည်သူတို့ကို ကျမ်း၏ အဆိုအမိန့်တိုင်း လိုက်နာစေခဲ့သည်။ ပင်းယခေတ်တွင်လည်း ထိုသတ်ပုံကျမ်းကိုပင် လိုက်နာရေးသားကြသည်။ စတုရင်္ဂဗလ၏ဆုံး ဖြတ်ရာကိုလည်း လိုက်နာကြရသည်။ အင်းဝခေတ်တွင် အက္ခရာပဘေ ဒကျမ်း၊ သဗ္ဗညာဏ်ချီ သတ်ပုံကျမ်းတို့ဖြည့်စွက်ပြဋ္ဌာန်းခဲ့သည်။ သာလွန် မင်းမှ တနင်္ဂနွေမင်းလက်ထက်တိုင် အက္ခရာပဘေဒကျမ်း၊ သဗ္ဗညာဏ်ချီ သတ်ပုံကျမ်းကိုပင် ပြဋ္ဌာန်းခဲ့သည်။ ထိုကျမ်းများတွင် မပါရှိသည်များ ကို ဝန်ရှင်တော်မင်းကြီး နန္ဒယော်ဓာ၏ ဆုံးဖြတ်ရာကို လိုက်နာကြရ သည်။

ကြာသပတေးမင်းလက်ထက်တွင် အက္ခရာပဘေဒကျမ်း၊ သဗ္ဗညာဏ်ချီ သတ်ပုံကျမ်းအပြင် ဝဏ္ဏဗောဓနသတ် အင်းကျမ်းကိုပါ ပူးတွဲပြဋ္ဌာန်းခဲ့ သည်။ ယင်းကျမ်းများတွင် မပါသည်များကို ဝန်ကြီးပဒေသရာဇာ၏ အဆုံးအဖြတ်အတိုင်း လိုက်နာစေခဲ့သည်။ ဘိုးတော်မင်းတရား လက် ထက်တွင်မူ အက္ခရာပဘေဒ သတ်ပုံကျမ်းနှင့် သဗ္ဗညာဏ်ချီ သတ်ပုံကျမ်း တို့ကိုပယ်ပြီး ဝဏ္ဏဗောဓနသတ်အင်းကျမ်း၊ ဝိဘတ္တျပဒပိတကျမ်းနှင့် စိန္တ ကျော်သူ ဦးဩ၏ ကဝိလက္ခဏာ သတ်ပုံကျမ်းတို့ကို ပြဋ္ဌာန်းခဲ့သည်။ ယင်းကျမ်းများတွင် မပါသည်များကို တွင်းသင်းတိုက်ဝန် မဟာစည် သူ၏ ဆုံးဖြတ်ရာကို လိုက်နာစေခဲ့သည်။

ဘိုးတော်မင်းတရားကြီး လက်ထက်နောက်ပိုင်း ရတနာပုံမန္တလေး ခေတ် သီပေါမင်းတရား လက်ထက်တိုင် ဘိုးတော်မင်းတရားကြီး၏ အဆုံးအဖြတ်ပြဋ္ဌာန်းချက်များကို အခြေခံထားခဲ့ကြပေသည်။"*

---

* မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ဗဟိုကော်မီတီဌာနချုပ်၊ ပါတီရေး ရာသတင်းစဉ်။ အတွဲ-၁၁။ ၁၉၇၁-ခု။ စာမျက်နှာ- ၃၅ - ၃၆။

မန္တလေးခေတ် သတ်ပုံပြဋ္ဌာန်းချက်ကို သီပေါမင်းတရားလက်တက် အစည်းအဝေးတရပ်ပြုလုပ်လျက် ညှိနှိုင်းစေခဲ့သည်။ ယင်း အစည်း အဝေးတွင် ပါဝင်သောပုဂ္ဂိုလ်များမှာ–

(၁) ရေနံချောင်းမင်းကြီး ဦးရွှေစို၊
(၂) ခန်းပတ်မင်းကြီး ဦးရွှေမောင်၊
(၃) ကင်းဝန်မင်းကြီး ဦးကောင်း၊
(၄) ဆောမင်းကြီးဦးဝိုက်၊
(၅) တောင်ခွင်မင်း ဦးရွှေသိုင်း၊
(၆) ယောမင်းကြီး ဦးပုကြီး၊
(၇) လှိုင်းတက်မင်းကြီး ဦးစံငြိမ်း၊
(၈) မကွေးမင်းကြီး ဦးလှိုင်၊
(၉) မင်းကြီး ဦးဘိုး၊
(၁၀) မင်းကြီး ဦးအောင်ကို၊
(၁၁) မင်းကြီး ဦးအိုး၊
(၁၂) မင်းကြီး ဦးခြိမ့်၊
(၁၃) မင်းကြီး ဦးဖိုးမင်း၊
(၁၄) မင်းကြီး ဦးရန်၊
(၁၅) သံတော်ဆင့် ဦးလှဘူး၊
(၁၆) သံတော်ဆင့် ဦးဘိ၊
(၁၇) သံတော်ဆင့် ဦးပုလေး၊
(၁၈) စာရေးတော်ကြီး ဦးဘိုးလှိုင်ညို၊
(၁၉) စာရေးတော်ကြီး ဦးမောင်ကလေး၊
(၂၀) ပညာဝန်ထောက် ဦးသိုင်း၊
(၂၁) ရွှေတိုက်စိုး ဦးလန်း၊
(၂၂) ပညာရှိ ဦးမြင့်၊
(၂၃) အမှုတော်ရေး ဦးဘား၊
(၂၄) အမှုတော်ရေး ဦးသာအောင်၊
(၂၅) စာတော်ပြင် ဦးဘား၊
(၂၆) အဝေးရောက် ဦးမောင်ကလေး၊
(၂၇) စာဆိုတော် ဦးအစ်၊
(၂၈) စာဆိုတော် ဦးကြယ်၊

တို့ဖြစ်ကြသည်။ ပညာရှိ (၂၈)ဦးတို့က သတ်ပုံသတ်ညွှန်း ခွဲထား

ကျမ်း အမျိုးမျိုးကို လေ့လာလျက် ကျမ်း(၃၆)ကျမ်းကို အရအမိ ကျက်ဖို့၊ အာဂုံဆောင်ဖို့၊ ကြည့်စာအဖြစ် လိုက်နာဖို့ စသည်ဖြင့် ပြဋ္ဌာန်းပြီး သီပေါမင်းထံ အစီရင်ခံစာတင်သွင်းခဲ့သည်။ "အစည်း အဝေး ဝန် မှူး မတ်တို့ စုံညီညှိနှိုင်းချက် ဆက်သွင်းသည့်အတိုင်း သင့်ပြီ"ဟု သီပေါမင်းက အမိန့်ချမှတ်ခဲ့ပေသည်။× ထိုကဲ့သို့ သတ်ပုံ ပြဋ္ဌာန်းချက်များကို မြန်မာမင်းတို့ ဦးစီးဆုံးဖြတ်ချက်ချသကဲ့သို့ မှန်နန်း ရာဇဝင်အဖွဲ့၊ ကုန်းဘောင်ရာဇဝင်အဖွဲ့၊ သာသနာ လင်္ကာရ စာတမ်း များကို အဖွဲ့ အစည်းအဝေးများနှင့် ညှိနှိုင်းတိုင်ပင်ပြုစုခဲ့ကြပါသည်။

ထို့ကြောင့် ကုန်းဘောင်ခေတ် သီပေါမင်းလက်ထက်တိုင် မြန်မာ မင်းတို့သည် မိမိတို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ စာပေအကျိုး၊သာသနာ့ အကျိုး၊ နိုင်ငံအကျိုးကို သည်ပိုးခဲ့သည်မှာ ထင်ရှားပါသည်။

## (င) ဘုန်းတော်ကြီးကျောင်း သင်ရိုးညွှန်းတမ်း စာပေသင်ရိုး အဆင့်ဆင့်

အတုလဆရာတော် ခင်ကြီးဖျော်၏ ပုတ္တောဝါဒ ဆုံးမစာသည် ဘုန်းတော်ကြီးကျောင်း ပညာရေးအတွက် အရေးပါသော အထောက် အထားများ ရနိုင်သော ဆုံးမစာတစောင် ဖြစ်ပေသည်။

ဆရာတော်၏ ပုတ္တောဝါဒဆုံးမစာ* အပိုဒ် ၁၇၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊၂၃၊၂၄ တို့သည် ဘုန်းတော်ကြီးကျောင်းများ၏ အသေးစိတ် သင်ရိုးမာတိကာညွှန်းထားသည်ကို တွေ့ရသည်။ ဖော်ပြပါ ဆုံးမစာ အပိုဒ်တို့ကို စကားပြေ လိုရင်းပြန်ကြည့်လျှင် သင်ရိုးအသေးစိတ်ကို တွေ့ နိုင်ပါသည်။

အပိုဒ် ၁၇ တွင်။ ။ကျောင်းရောက်စ တပည့်ကို လက်ရေးစသင် ကြားပုံကို–

"ကျောင်းသို့ရောက်လှာ၊ မြတ်ဆရာလည်း၊ သို့မှာ
သို့ရေး၊ နှုတ်သံလေးနှင့်၊ ညီထွေးသည့်နှယ်၊ လက်

---

× မင်းသုဝဏ်၊ ပျဉ်းမငုတ်တို၊ ရန်ကုန်မြို့၊ခေတ်ဆန်းစာပေ၊ ၁၉၆၇၊ စာမျက်နှာ-၆၃၊ ၆၄။

* နန်းညွှန့်ဆွေ၊ ဟံသာဝတီဆုံးမစာပေါင်းချုပ်၊ ဟံသာဝတီ ပုံနှိပ် တိုက်၊ ၁၉၆၀၊ စာမျက်နှာ-၁၃၇၊ ၁၃၉၊ ၁၄၀၊ ၁၄၁။

သကြွယ်နှင့် လက်လယ်ကိုကား၊ ဤသို့ထားမှ လက်မ
သို့သိပ်၊ လက်ညှိုးပိတ်၍ နှိပ်ခါလည်းကြွ၊ မ ့ကာလည်း
ရေး၊ နူတ်သံလေးနှင့် ဧသံရှင် လက်ထားသင်သည်။
ဤတွင် အာဒိအာစတည်း။''ဟူ၍ ရေးဖွဲ့ထားသည်ကို ထောက်၍
လက်သား ကောင်းမွန်အောင်ရေးနည်း စနစ်ကို ဆရာမြတ်က လက်ရေး
ဂရုတစိုက်သင်ကြားသည်ကို သိရသည်။

အပိုဒ် ၁၉ တွင်။ ။အရေးနှင့်အဖတ်ကို သင်ကြားသည်။စာရေး
နည်းစနစ်၊ စာဖတ်နည်းစနစ်တို့ကို သင်ကြားကြောင်းသိရသည်။

''အာဒိပထမ၊ နမောစ၍၊ သို့ချသို့တင် သို့ငင်သို့ဆင့်
သို့ပင့်သို့ရစ်၊ ပြေပြစ်အက္ခရာ၊အရာရာကို၊သိသာစေချင်၊
ဖတ်ရွတ်လျှင်လည်း၊ သို့လျှင်သို့ဖတ် သို့မှတ်သို့ဆို၊သို့ကို
သို့ဧ၊ သံလေး-သံဖြတ်၊ သံလွတ်သံငေါ်၊ နာပျော်
နာသာ၊ နားတန်ဆာကို၊ သိသာလျှင်အောင်၊ မိုး
တန်ဆောင်ကို လောင်လတ်သော့လား၊ တောင်ထိပ်
ဖျားဝယ်၊ စိုက်ထားမိုးတွင်၊ တံခွန်တင်သို့၊ နာသင်
ချိအေး၊ နူတ်သံလေးနှင့်၊ဧရင့်ရင့်၊လက်ဖြင့်နားတွင်း၊
ဆုပ်၍သွင်းသို့၊ မတင်းမလျော့၊ မပေါ့မလေး၊ လူရည်
သွေးသည်၊ စာရေးတတ်၍၊ စာဖတ်သူထက်၊ ထူးစေ
သော။''

အပိုဒ်-၂၀ တွင်မူ။ ။သင်ပုန် ကြီ ကို စတင် သင်ကြားပြီး၊
မင်္ဂလာသုတ် ဆယ့်သုံးပုဒ်ကို စတင် သင်ကြောင်းကို အောက်ပါအတိုင်း
ဆက်လက် ဖွဲ့ဆိုထားသည်ကို တွေ့ရသည်။

''ဤသို့ ပထမ၊ နမောကကို၊ စ၍သင်ပြီး
သင်ပုန်းကြီးလုံး၊ သုံးဆယ့်သုံး၌၊
နှလုံးပိုင်၍၊ ခြိုက်ခြိုက်အားရ
တတ်ပြီးမှတည့်၊ မင်္ဂလာသုတ်၊
ဆယ့်သုံးပုဒ်ကို၊ အားထုတ်လို့လ
မကြာရခင်၊ မိပွာယ်ငင်၍
သိမြင်စိမ့်ကြောင်း၊ ပညာလောင်းသော
မပေါင်းဖက်ရာ၊ သူမိုက်မှာသို့

မကပ်လျှိုနှင့်၊ မြင်းမိုရ်ပမာ
ရှိပညာသို့၊ ဆည်းကပ်လျှိုလေ့
ငါတို့ဆရာ၊ သမ္မာသမ္ဗုဒ္ဓ
အာဒိစ၍ ဓမ္မတရား
ရှစ်ပါးအင်္ဂါ၊ အရိယာနှင့်
ပူဇာရဟာ၊ ထိုက်ပေလှသည်
မြတ်လှဆရာ၊ ပိတာတို့ကို
ကြည်ညိုနှစ်လို၊ ပူဇော်တို့လေ့
ဤသို့မှန်စွာ၊ အာဒိဖြာ၍
သုံးဆယ်စေ့သား၊ မြတ်ဘုရားနှင့်
ရှစ်ပါးစွန်းပါ၊ မင်္ဂလာဟု
ဒေသနာထူးခြား၊ ဤတရားကို
ရှင်အားရရ၊ ညီလှမှတ်၍
စာတတ်သူ့ထက်၊ ထူးစေသော။” ဟူ၍ ၃၈ ဖြာ မင်္ဂလာ
တရားကို လေ့လာဆည်းပူးကြောင်း တွေ့ရသည်။

အပိုဒ်-၂၁ တွင်။ ။မင်္ဂလာတရားကို သင်ပြီးသောအခါ ဇာတ်တော်များကို သင်ရကြောင်း တွေ့ရသည်။

“ဤသို့မြတ်စွာ၊ မင်္ဂလာဟု
ဒေသနာထူးခြား၊ ဤတရားကို
ရှင်အားရရ၊ ချပြီးမှလျှင်
ဇာတ်တော်တွင်လည်း၊ အလျင်ရှေးရှိ
တေမိအစ၊ နောက်မှဆုံးစွန်
ဝေဿန္တရာ၊ ဆယ်ဖြာဇာတ်ပေါင်း
နှုတ်သံညောင်းနှင့်၊ ညီကောင်း-သို့သင်
သို့တွင်–သို့ရှိ၊ သည်ပါဠိ၌
လာရှိဓိပ္ပာယ်၊ အသွယ်သွယ်ကို
ညီငယ်သို့ဆို၊ သည်ပါဠိကိုလည်း
နားချိုပါမြို့၊ လွန်နှစ်လို့လျက်
ဤသို့နက်ပေး၊ ဤအရေး၌
ညီထွေးသို့မှတ်၊ သို့စပ်သမ္ဗန်

သို့မမှန်ဟု၊ မချန်မထား
ငါ့စကားကို၊ သည်းဖျားချပ်၍
စာဖတ်သူ့ထက်-ထူးစေသော။”

အပိုဒ်-၂၂ တွင်။ ။ဇာတ်တော်ကြီး ဆယ်ဘွဲ့ကို သင်ပြီးသော အခါ သဒ္ဒါကျမ်းများကို ဆက်လက်လေ့လာရကြောင်း တွေ့ရသည်။

“ဤသို့မဟာ၊ ဇာတ်ဆယ်ဖြာတွင်
မိပ္ပာယ်ငင်၍၊ သွန်သင်ပြီးမှ
အဋ္ဌသဒ္ဒါ၊ ကျမ်းရှစ်ဖြာတွင်
ရင်းချာမူလ၊ သန္ဓိစသည်
သရသို့လာ၊ ဒီဃမှာမူ
ဤသို့ဟူ၏၊ ဗျည်းမူသုံးဆယ်
သုံးလုံးဝယ်လည်း၊ သိလွယ်လှစေ
ကေစတ္တာ၊ အက္ခရာသော်
လေးဆယ်ကျော်လျက်၊ တလုံးပြက်တည့်
ရုပ်တွက်သောခါ၊ တတြာကို
သို့သာပုဒ်ဖြတ်၊ တည်ပြီးလက်မှ
သို့မှတ်သို့ခွင်း၊ သို့ကြွင်း-သို့စေ
သို့ချေ-သို့ကပ်၊ အပြီးသတ်ဟု
နှုတ်မြတ်သြဇာ၊ မြတ်ဆရာတို့
နည်းနာညွှန်ပြ၊ မိန့်သမျှကို
ညီလှနားသွင်၊ ထွက်စေချင်သည့်
မြင်မြင်သူ့ထက်-သာစေသော။”

အပိုဒ်-၂၃ တွင်မူ။ ။ဘုန်းတော်ကြီး ပညာရေး၏ အဆင့်မြင့်မားသော ပိဋကတ်ကျမ်းများ သင်ကြားမှုကို တွေ့ရသည်။ ပိဋကတ်ကျမ်းများအပြင်၊ ပုံပြင်၊ ပျို့-လင်္ကာ၊ သတ်ပုံ၊ သတ်ညွှန်းတို့ကို သင်ကြားရကြောင်း အောက်ပါအတိုင်း တွေ့ရှိရသည်။

“ပိဋကတ်ဟု၊ ကျမ်းမြတ်သုံးပုံ၊ အလုံးစုံကို
ရောက်တုံသော်လည်း၊ နည်း၏မထင်
ကျွမ်းကျင်မည်ပါ၊ အက္ခရာနှင့်
သဒ္ဒါကျမ်းကို၊ လှည့်ကာဆိုမှ

ဝတ္ထုစသည်၊ ဖတ်ထလက်ာ
ပျို့ကဗျာ၌၊ လိမ်မာစေလို
သတ်ပုံကိုလည်း၊ နှုတ်ချိုရွရွ
သင်ကောင်းလှ၏၊ သို့မှစာတတ်
သတ်လတ်သေချာ၊ ချေလိမ်မာလိမ့်
နာသာချင်ဘုယ်၊ အသွယ်သွယ်နှင့်
နားဝယ်နှစ်သိမ့်၊ ရိုးခြင်စိမ့်လိမ့်
ဖိမ့်ဖို့မ့်အက္ခရာ၊ ရေးသောခါလည်း
သေချာစွာလှ၊ က နှင့် - ပကို
လည်းကျမတူ၊ ညမူတခြား
ယ ကား တ သွယ်၊ န ငယ်နှင့်- မ
မတူကြသည့်၊ ကွဲကြသည်သာ
သတ်ညွှန်းစာလည်း၊ များစွာရှိပေ
အထွေထွေကို၊ ညီရွှေတပည့်
သင်စေလှည့်လော့၊ တည်တည်သို့မှ
ဓါးကောင်းရှသို့၊ မိုးဝကောင်းကင်
သိန္ဓောနှင့်သို့၊ လျှင်လေသော့လား
ရေကယားမှ၊ ယိုငြားရေစက်
ပြွန်မြွန်ထွက်သည်၊ သူ့ထက်ညီထွေး-ကဲစေသော။”

**သင်္ချာသင်ရိုး အမျိုးမျိုး။** ။ရှေးခေတ် ဘုန်းတော်ကြီးကျောင်း သင်ရိုးတွင် ဂဏန်းသင်္ချာ တွက်ပုံတွက်နည်းတို့ကိုပါသင်ပေးကြောင်း ပုတ္တောဝါဒ အပိုဒ် ၂၄ တွင် တွေ့ရပြန်ပါသည်။

“ဤသို့အံ့ဘွယ်၊ အသွယ်သွယ်နှင့်၊သူငယ်တို့ကို၊
တတ်စေလို၍၊ဆိုသည့်အစဉ်၊စကားယဉ်တွင်
မပြီးခင်၌၊မှတ်ချင်ရေးရာ၊လူ့ဘာသာသည်၊
ရှိပါတို့သေး၊ညီကလေးကို၊ရွေးပဲမူးမတ်၊
ခွဲကျပ်ပိဿာ၊ဆယ်ရာ၊ထောင်သောင်း၊
သိန်းသန်းသောင်းနှင့်၊ရက်ပေါင်းသင်္ချာ
လမှာနှစ်စစ်၊သက္ကရာဇ်ထား ခုကား ဘယ့်နှယ်
ဆယ်ကားဘယ်သို့၊မှတ်ကုန်မြိုလော့၊
မပေါ့နှင့်ကား၊တပည့်များတို့၊

စပါးဆန်ရေ၊ ရွှေငွေခဲမ၊ ပြောင်းပဲစသည်၊
ဤမျှဤရွှေ၊ ဤနေ့ဤလ၊ ဤကာလဌ်၊
ချေထစားယူ၊ ထိုသည့်သူကား၊ တိုးပွားမည်မျှ၊
ငါကချလစ်၊ သက္ကရာဇ်သည်၊ စစ်သော်ဤမျှ၊
တွက်ချက်ရလျှင်၊ ဆံမျှမယုတ်၊ စက်မှန်ထုတ်သို့၊
ဟုတ်ဟုတ်ညီထွေး–တတ်စေသော။"

မြန်မာတို့သည် သမိုင်းဦးကာလမှစ၍ လယ်ယာလုပ်ငန်းနှင့် ကြီးပွားတိုးတက်လာသော လူမျိုးဖြစ်ပေရာ လယ်ကိစ္စ၊ ယာကိစ္စကို အခြေပြု၍ ပညာပေးမှုသည် အရေးပါပေသည်။ လယ်ယာလုပ်ငန်းတွင် စိုက်နည်း၊ ပျိုးနည်း၊ ထွန်နည်းတို့ကို ဘုန်ကြီးကျောင်းများက တတ်စွမ်းသမျှလမ်းညွှန်ပြ၏။ မိရိုးဖလာ လယ်ယာလုပ်ငန်းကျွမ်းကျင်သူ အမိ၊ အဖမိသားစုတို့ စုပေါင်းနည်းလမ်းပြလျက် လက်တွေ့သင်ပြရာမှ မြန်မာ့ရိုးရာ လယ်လုပ်ငန်းသည် အစဉ်အဆက်တိုးတက်ခဲ့ပေသည်။ ဤတွင် မြန်မာ့ရိုးရာ ဂဏန်းသင်္ချာသည်လည်း လယ်ကိစ္စ၊ ယာကိစ္စကိုမှီ၍ပေါ်ပေါက်လာခဲ့ပေသည်။ လယ်ယာမြေကို အခြေခံလျက် ထွန်ယက်စိုက်ပျိုးရသည်ဖြစ်ရာ အတိအကျ နယ်နိမိတ်သတ်မှတ်ရန် လိုအပ်လာပေသည်။ ပုဂံခေတ်မှ ကုန်းဘောင်ခေတ်ထိ လယ်ယာတိုင်းတာမှုစနစ်သည် မြန်မာ့ ရိုးရာစနစ်အရဖြစ်ပေသည်။ ထို့ကြောင့်ပင် ဒေါက်တာ ကျော်သက်က ပုဂံခေတ်လူမှုရေးနှင့် စီးပွားရေးအခန်းတွင် အောက်ပါအတိုင်း မြန်မာတို့၏ ရှေးရိုးစဉ်လာ အတိုင်းအတာစနစ်ကို ဖော်ပြထား၏။

"လယ်ယာမြေများသည်လည်း တလက်မှတလက်သို့ ရွှေ့ပြောင်းပြန်ရာ အတိုင်းအတာစံနစ်ကို အများသုံး၍လာကြသည်။ လယ်ယာမြေ၏ အကျယ်အဝန်းကို ဆုံးဖြတ်ရာ၌ အများဖြင့် **တ**နှင့် **ပယ်** ဟူသောဝေါဟာရကို သုံးစွဲကြလေသည်။ တတာလျှာ ၇ တောင်ခန့်မျှနှင့် တူညီလေသည်။ တပယ် ၁၃ ကေနှင့် တူညီလေသည်။ တိုင်းတာရာ၌ လယ်မြေသေးငယ်လျှင် **တင်းဝင်လယ်**ဟူ၍ ခေါ်ဆိုကြလေသည်။ အဓိပ္ပာယ်မှာ လယ်တကွက်ကို မျိုးစပါးတတင်း၊ နှစ်တင်း၊ သုံးတင်း စိုက်ပျိုးကြ

သည်ဟူ၍ဖြစ်သည်။ အက္ခာအဝေးအတွက်တိုင်ကိုအသုံး
ပြုသည်။ တတိုင်ကို ၂ မိုင်နှင့် ညီမျှလေသည်။*

ရှေးခေတ်အခါကပင် မြန်မာတို့သည် အတိုင်းအတာစံနစ်ကိုတီထွင် အသုံးပြုခဲ့ကြရာ၊ ထိုတိုင်းတာမှုစံနစ်ကိုလည်း ဘုန်းတော်ကြီးကျောင်း များကပင် သင်ကြားပို့ချပေးရ၏။

တာဆိုသည်မှာ တိုင်းတာရသော အတိုင်းအတာကို ဆိုလိုပေသည်။ အင်းဝခေတ်က ရှင်မဟာရဋ္ဌသာရ တပည့်များကို ဆုံးမရာတွင်–

"လက်သစ်တောင်တာ၊ ယူဇနာပေါင်း၊ တာပြန် လောင်းသော်၊ ရှစ်သောင်းလေးထောင်၊ အမြင့်ဆောင် သား တောင်မြင်းမိုရ်၊ ဂုဏ်ကြီးဘိသည်၊ မွေးမိဘခင်၊ ကျေးဇူးရှင်နှင့်၊" ဟူ၍ အမိအဘဂုဏ်ကျေးဇူး ကြီးမား

ပုံကို မြင်းမိုတောင်နှင့် နှိုင်းခိုင်းပြသည်။ "လက်သစ်၊ တောင်၊ တာ၊ ယူဇနာ" စသော ဝေါဟာရ လေးမျိုး၏ အဓိပ္ပာယ်များကို လေ့လာ သင့်ပေသည်။

(၁) "လက်သစ်" ဆိုသည်မှာ သာမန် ယောကျ်ားတဦး၏ လက် ချောင်းကို ဆိုလိုသည်။
(၂) "တောင်" ဆိုသည်မှာ နှစ်ထွာကို တတောင်၊ သို့မဟုတ် သုံး မိုက်ကို တတောင်ဟု ခေါ်ဆိုကြသည်။
(၃) "တာ" ဆိုသည်မှာ ခုနှစ်ထောင် အတိုင်းအတာပင် ဖြစ်သည်။
(၄) "ယူဇနာ" ဆိုသည်မှာ ပါဠိစကား "ယောဇန"မှ မြန်မာ "ယူဇ နာ" ဖြစ်လာ၍ လေးဂါဝုတ်ရှိသော ခရီးတာဟု အဓိပ္ပာယ် ရသည်။

"မြန်မာ အတိုင်းအတာကို သေချာစွာ လေ့လာ သောအခါ ဗုဒ္ဓစာပေ ကျမ်းဂန်များတွင် လာသောအ တိုင်းအတာတို့နှင့် ထွေးရောယှက်တင် ဖြစ်နေသည်ကို တွေ့နေသည်။" * ဟု မောင်မြန်မာက ဆိုပါသည်။ သို့ရာ တွင် မြန်မာတို့ အသိအများဆုံး၊ အသုံးအများဆုံး ဖြစ် သော အတိုင်းအတာ အခေါ်အဝေါ်မှာ အောက်ပါ


* ဒေါက်တာ ကျော်သက်၊ "ပြည်ထောင်စု မြန်မာနိုင်ငံသမိုင်း" စာမျက်နှာ-၁၀၄။

အတိုင်း ဖြစ်ပေသည်။ ထိုအတိုင်းအတာ စနစ်ကို ဘုန်းကြီးကျောင်းများတွင်လည်း သင်ကြားပို့ချသည်။


| | | | |
|---|---|---|---|
| ၁၀ | ဆံခြည် | = | ၁ နှမ်းလုံး။ |
| ၆ | နှမ်းလုံး | ။ | ၁ မုယော။ |
| ၄ | မုယော | ။ | ၁ လက်သစ်။ |
| ၈ | လက်သစ် | ။ | ၁ မိုက်။ |
| ၃ | မိုက် | ။ | ၁ တောင်။ |
| ၄ | တောင် | ။ | ၁ လံ။ |
| ၇ | တောင် | ။ | ၁ တာ။ |
| ၁၀၀၀ | တာ | ။ | ၁ တိုင်'' * |

ပုဂံခေတ်ကပင် မြန်မာတို့သည် အတိုင်းအတာ စနစ်ကို သုံးခဲ့သည်။ ထို့ကြောင့် ဂဏန်းအရေးအသားကိုလည်း တီထွင်ခဲ့ကြသည်။

**ရှေးခေတ်ဂဏန်းရေးသားပုံ****



**အပိုင်းဂဏန်းရေးသားပုံ**



* မောင်မြန်မာ၊ လက်သစ်တောင်တာ၊ ဒို့ကျောင်းသား အတွဲ ၈ ၁၈၆၉၊ ၇။

** ဒေါက်တာ သန်းထွန်း၊ 'မြန်မာကျောက်စာ'၊ဘွဲ့လွန်သင်တန်း၊ မန္တလေး ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်၊ ၁၉၆၆။

## မြန်မာ့ရိုးရာ ခြင်သင်္ချာနှင့် ချိန်သင်္ချာ ခြင်သင်္ချာ–

မြန်မာတို့သည် လယ်လုပ်ငန်းကို အဓိက ဇောက်ချ လုပ်ကိုင် အသက်မွေးခဲ့သူများ ဖြစ်ရာ ဆံစပါးခြင်တွယ်မှုသည် ရှေးရိုးစဉ်လာ ခြင်သင်္ချာပင် ဖြစ်ပေသည်။ စပါးအမျိုးအစား ခွဲရာ၌ ကောက်ကြီးမျိုး ၁၂၆၊ ကောက်လတ် ၁၀ မျိုး၊ ကောက်လျင် ၁၀ မျိုး၊ မုရင်း ၆ မျိုး၊ ကောက်ညှင်း ၃၄ မျိုး၊ ကောက်မျိုးပေါင်း ၁၈၇ ရှိသည်ဟု ၁၂၂၉ ခုနှစ်ရေး၊ ဒုတိယ စိန္တကျော်သူ၏ မဟာအဓိက ရကန်တော် မော်ကွန်း၌ ဆိုသည်။

စပါးတန့် အစေ့ ၂၀၀ ရှိသည်ဟု ဂဏန်း ကျမ်းဟောင်းများတွင် ဆိုသည်။

| | | | |
|---|---|---|---|
| (၁) | စပါးအစေ့ ၂၀၀ | = | ၁ လက်ဆွန်း |
| | ၂ လက်ဆွန်း | ။ | ၁ လက်ဆုပ် |
| | ၃ လက်ဆုပ် | ။ | ၁ လက်ဖက် |
| | ၂ လက်ဖက် | ။ | ၁ လက်ခုပ် |
| | ၂ လက်ခုပ် | ။ | ၁ ကွန်းစား |
| | ၅ ကွန်းစား | ။ | ၁ ပြည် |
| | ၂ ပြည် | ။ | ၁ စရွတ် |
| | ၂ စရွတ် | ။ | ၁ စိတ် |
| | ၂ စိတ် | ။ | ၁ ခွဲ |
| | ၂ ခွဲ | ။ | ၁ တင်း |
| | ၄ တင်း | ။ | ၁ တို့ |
| | ၄ တို့ | ။ | ၁ ပုတ် |
| | ၄ ပုတ် | ။ | ၁ ကက် |
| | ၄ ကတ် | ။ | ၁ ကြ |
| | ၄ ကြ | ။ | ၁ ကျီ |

(ဤကား နိယာမ တနည်း)

| | | | |
|---|---|---|---|
| (၂) | ၄ တင်း | = | ၁ တို့ |
| | ၁၀ တို့ | ။ | ၁ လှည်း |
| | ၂ လှည်း | ။ | ၁ ပုံ(စု) စပါးပုံ၊စပါးစု |

(ဤကား နိယာမ တနည်း)

(၃) ၂ လမြူ = ၁ လမျက်
၂ လမျက် ။ ၁ လမယ်
၂ လမယ် ။ ၁ စလယ်
၄ စလယ် ။ ၁ ပြည်
(ဤကား နိယာမ တနည်း)

(၄) ၂ လက်ဖက် = ၁ လမယ်
၂ လမယ် ။ ၁ လမယ်
၄ စလယ် ။ ၁ ပြည်
(ဤကား နိယာမ တနည်း)

(၅) ၁ ကွန်းစား = ၁ စလယ်
၄ စလယ် ။ ၁ ပြည်
(ဤကား နိယာမ တနည်း)

(၆) ၂ စလယ် = ၁ ခွက်
၂ ခွက် တပြည် ။ ၁ ပြည်
(ဤကား နိယာမ တနည်း)

(၇) က။ စပါးတတင်း အစေ့ သုံးသိန်းရှစ်သောင်းလေးထောင်၊

ခ။ ဆန်တတင်း အစေ့ ခုနှစ်သိန်း ခြောက်သောင်းရှစ်ထောင်၊

ဂ။ ပြောင်းတတင်း အစေ့ ခုနှစ်သိန်းခြောက်သောင်းရှစ်ထောင်၊

ဃ။ လူးတတင်း အစေ့ တသန်း ငါးသိန်း သုံးသောင်းခြောက်ထောင်၊

င။ နှမ်းတတင်း အစေ့ သုံးသန်း ခုနစ်သောင်း နှစ်ထောင်၊

စ။ ဆပ်တတင်း အစေ့ ခြောက်သန်း တသိန်း လေးသောင်းလေးထောင်၊

ဆ။ မုန်ညင်းတတင်း အစေ့ ကိုးသန်း နှစ်သိန်း တသောင်းခြောက်ထောင်၊ (စပါးတဆ ဆန်နှစ်ဆ။ ဆန်တဆပြောင်းတဆ ပြောင်းတဆ လူးနှစ်ဆ၊ လူးတဆ နှမ်းနှစ်ဆ။ နှမ်းတဆ ဆပ်နှစ်ဆ၊ နှမ်းတဆ မုန်ညင်းသုံးဆ) (ဤကား သိမ်မွေ့သော နိယာမတနည်း)။

## ချိန်သင်္ချာ

(၁)

| | | | | |
|---|---|---|---|---|
| ပရမာဏု | ၃၆ | = | အဏုမြူ | ၁ |
| အဏုမြူ | ၃၆ | = | တဇ္ဇာရီမြူ | ၂ |
| တဇ္ဇာရီမြူ | ၃၆ | = | ရထရေဏုမြူ | ၁ |
| ရထရေဏုမြူ | ၃၆ | = | လိက္ခာ (သန်းဥ) | ၁ |
| လိက္ခာ | ၇ | = | ဦးကာ(သန်းဖျ) | ၁ |
| တနည်းလိက္ခာ | ၇ | = | သာသပ(မုန်ညင်း) | ၁ |
| မုန်ညင်း | ၃ | = | နှမ်းလုံး | ၁ |
| နှမ်းလုံး | ၄ | = | ဆန်လုံး | ၁ |
| ဆန်လုံး | ၄ | = | ချင်ရွေးပဲ | ၁ |
| ချင်ရွေး | ၆ | = | ပဲ | ၁ |
| ပဲ | ၅ | = | မတ် | ၁ |
| မတ် | ၂ | = | ခွဲ | ၁ |
| ခွဲ | ၂ | = | ကျပ် | ၁ |
| ကျပ် | ၅ | = | ပိုလ် | ၁ |
| ပိုလ် | ၂၀ | = | ပိဿာ | ၁ |
| ပိဿာ | ၄ | = | တုလာ | ၁ |
| တုလာ | ၄၀၀၀ | = | တပုံတစင် | ၁ |

(ဤကား နိယမတနည်း)

(၂)

| | | | | |
|---|---|---|---|---|
| စပါးလုံး | ၄ | = | ချင်ရွေး | ၁ |
| ချင်ရွေး | ၂ | = | ပဲ | ၁ |
| ပဲ | ၁၀ | = | သစ်ဆိမ့် | ၁ |
| သစ်ဆိမ့် | ၈ | = | နိုင် | ၁ |
| နိုင် | ၅ | = | ကြက်ဥ | ၁ |
| ကြက်ဥ | ၅ | = | ဝင် (ကျိန်း) | ၁ |

(ဤကား နိယမတနည်း)

(၃)

| | | | | |
|---|---|---|---|---|
| နိုင် | ၁၀ | = | ပိုလ် | ၁ |
| ပိုလ် | ၁၀၀ | = | ချိန် | ၁ |
| ချိန် | ၂၀ | = | ဝန် | ၁ |
| ဝန် | ၁၀ | = | လှည်း | ၁ |

(ဤကား နိယမတနည်း)

| | | | | | |
|---|---|---|---|---|---|
| (၄) | ချင်ရွှေးကြီး | ၄ | = | ပဲ | ၁ |
| | ။ | ၅ | ။ | ပဲ | ၁ |
| | ။ | ၈ | ။ | မူး | ၁ |
| | ။ | ၁၀ | ။ | မူး | ၁ |
| | ။ | ၁၆ | ။ | မတ် | ၁ |
| | ။ | ၂၀ | ။ | မတ် | ၁ |
| | ။ | ၃၂ | ။ | ငါးမူး | ၁ |
| | ။ | ၄၀ | ။ | ငါးမူး | ၁ |
| | ။ | ၆၄ | ။ | ကျပ် | ၁ |
| | ။ | ၈၀ | ။ | ကျပ် | ၁ |

(ဤကား နိယမတနည်း)

| | | | | | |
|---|---|---|---|---|---|
| (၅) | ချင်ရွှေးငယ် | ၂၅ | = | မတ် | ၁ |
| | ။ | ၃၂ | ။ | မတ် | ၁ |
| | ။ | ၅၀ | ။ | ၅ ူး | ၁ |
| | ။ | ၆၄ | ။ | ၅ ူး | ၁ |
| | ။ | ၁၀၀ | ။ | ကျပ် | ၁ |
| | ။ | ၁၂၈ | ။ | ကျပ် | ၁ |

(ဤကား နိယမတနည်း)×

ရွှေးခေတ် ဘုန်းတော်ကြီး ကျောင်းများတွင် ဂဏန်းရေးနည်း သံပေါက်ကိုသင်ကြားပေးပါသည်။ ထိုသံပေါက်ကိုအလွတ်ရလျှင်ဂဏန်းရေးနည်းစနစ် မလွဲမှားနိုင်တော့ပါ။ ဂဏန်းရေးနည်း သံပေါက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

''ရတနာသုံးစုံ၊ ပန်းနှယ်ငုံ၊ကြည်ယုံဦးနှိမ်ချ၊ဂဏန်းလက်ာ၊ သံပေါက်စာ၊ မှတ်ပါလေကုန်ကြ၊ ကျပ်၊စိတ်၊ မိုက်တွင်၊ လုံးကြီးတင်၊မြဲပင်မှန်ချ၊ လက်သစ်မတ်တွင်၊ သေးသေးတင်၊ ရေးချင်တခဏ၊ မူးကိုနှစ်ချောင်း၊ ငင်တုံရှောင်း၊ အပေါင်းမှတ်ကုန်ကြ၊ ပဲနှင့်စလယ်၊ပယ်

× ဆန်းထွန်း (မန်းတက္ကသိုလ်)၊''မြန်မာ့ရိုးရာ ခြင်သချ်ာနှင့် ချိန်သချ်ာ'' မြဝတီမဂ္ဂဇင်း၊ အတွဲ-၁၇၊ အမှတ်-၃၊၁၉၆၉၊ ဇန်နဝါရီလ၊ စာမျက်နှာ-၅၂၊ ၅၃၊ ၅၄။

ဥ္ဝယ်၊ တင့်တယ်နောက်ဖစ်မှ။ ရွေးကိုသဝေ၊ ဝဆွဲလေ၊
မသေ့ရေးကာလ။ တင်းနှင့်တောင်းတွင်၊ ကင်းစီချင်၊
မှန်ငင် ယှင်းမခ္ခ။ တခွဲဆိုလျှင်၊ ဝဆွဲချင်၊ နောက်လျှင်
ပစ်ပါမှ။ ဝဆွဲကသတ်၊ ခွက်ဟုမှတ်၊ မပြတ်နှလုံးက။
တလမျက်နှာ၊ ယပင့်ပါက-သာသတ်ကုန်ကြ။ ထွာမှာ
ဝဆွဲ၊ ချစမြဲ၊ မလွဲကေန္တ၊ တပါးနှစ်ပါး၊ရေးမှတ်သား၊
နှစ်ပါးပေါက်ဝစ္စ။ ရေးချပြီးကာ၊ ကင်းစီးပါ၊ အင်္ဂါ
ဝေါဟာရ။ သုညပေါ်တွင် လုံးကြီးတင် ဆယ်ပင်ကျပ်
ချိန်ရ။ တစ်နှစ်လိုရာ၊ ရေးချပါ၊ ပိဿာရေတွက်ဆ။
အခွက်တဆယ်၊ ရေးခါဝယ်၊ မှတ်ဖွယ်တစ်သုည။ ရာမှာ
နှစ်လုံး၊ သုံးလုံးမှာထောင်၊ ရှေးရိုးဆောင်၊ မှန်အောင်
ဂဏန်းချ။ လေးလုံးသောင်းပင်၊ သိန်းလျှင်ငါးလုံး၊
ခြောက်လုံးမှာသန်း၊ အဆန်းဆန်း၊ ရှင်လန်းနှလုံးက။
ကုဋေ့ခုနှစ်လုံး။ ရေးရိုးထုံး၊ သက်ဆုံးမှတ်ကြလေ”ဟူ၍
တပည့်များအရ ကျက်ကြရသည်။

ဂဏန်းသံပေါက်အဆိုအရ ဂဏန်းရေးသားရာတွင် အောက်ပါ သင်္ကေတအတိုင်း ရေးကြရမည် ဖြစ်ပါသည်။

(၁) တလမျူ = ၁ျူ
တလမျက် ။ ၁ျက်
တလမယ် ။ ၁ယ်
တစလယ် ။ ၁ဲ
တခွက် ။ ၁ွက်
တပြည် ။ ၁်
တစရွက် ။ ၁ွတ်
တစိတ် ။ ၁ိ (ဆန်စပါး၊ နှမ်းစသည်တို့ ခြင်တွယ်ရာ၌ သုံးသည်။)
တခွဲ ။ ၁ွဲ
တတင်း ။ ၁င်
တတို ။ ၁ို
(၂) တမိုက် ။ ၁ို
တပေ ။ ၁ေ

တထွာ = ၁ါ

တထောင် ။ ၁ံ (ပုဆိုး၊သစ်၊ ဝါးစသည်တို့ တိုင်းတာရာ၌သုံးသည်။

တလံ ။ ၁ံ

တတာ ။ ၁ါ

(၃) တရွေး ။ ၁ွေး

တပဲ ။ ၁ဲ

တမူး ။ ၁ူး

တမတ် ။ ၁ံ

တကျပ် ။ ၁ိ (ရွှေ ငွေ စသည်တို့ ချိန်တွယ်ရာ၌ သုံးသည်)

တပိဿာ ။ ၁ါ

ဆယ်ပိဿာ ။ ၁၀ါ

(၄) တချပ် ။ ၁ံ (စာရွက်၊ ပေရွက်စသည်တို့ကို ရေတွက်ရာ၌ သုံးသည်။)

တအင်္ဂါ ။ ၁ါ

(၅) တဆယ် ။ ၁၀

တရာ ။ ၁၀၀

တထောင် ။ ၁၀၀၀

တသောင်း ။ ၁၀၀၀၀

တသိန်း ။ ၁၀၀၀၀၀

တသန်း ။ ၁၀၀၀၀၀၀

တကုဋေ ။ ၁၀၀၀၀၀၀၀*

မြန်မာ့ရိုးရာ ချင်သင်္ချာ၊ ချိန်သင်္ချာ၊ တာသင်္ချာ ဟူ၍ သုံးမျိုးရှိရာ၊ မြန်မာ ဘုန်းတော်ကြီး ကျောင်း များ တွင် ယင်းသုံးမျိုးလုံးကို အခြေခံရအောင် သင်ကြားပို့ချပေးသည်မှာ ထင်ရှားပါသည်။ အလီကျက်မှတ်စေရာတွင်လည်း ကိုးကြောင်းလက်ာသည် ရှေး ခေတ် ဘုန်း

---

* မင်းယုဝေ၊ "မြန်မာကလေးလူငယ် သုတစာပေ" သုတစာပေ စာတန်းဖတ်ပွဲ ၁၉၇၇၊ ဇန်နဝါရီလ။ ၅။ ၆။

ကြီးကျောင်းများတွင် သင်ကြားရသော ဂဏန်းသင်္ချာအစပင် ဖြစ်ပေသည်။ ဘုန်းတော်ကြီးကျောင်း ပညာရေးသည် အဓိကအားဖြင့်ပါဠိဘာသာက မင်းမူနေသည်ဖြစ်ရာ ကိုးကြောင်းလင်္ကာကို ပါဠိဘာသာဖြင့် တပည့်သာမဏေများ ကျက်မှတ်ကြရပေသည်။

ထိုစဉ်က အလီကျက်ရာတွင် ယခုခေတ်ကဲ့သို့ ၁ မှ ၁၀ အလီအထိ မကျက်ရပဲ ကိုးအလီမှစ၍ ၁ အလီအထိ ကျက်ရသဖြင့် ကိုးကြောင်းလင်္ကာဟူ၍ ခေါ်ဆိုသည်။ လွယ်ရာမှခက်ရာသို့ သင်ရမည်ဆိုသောခေတ်သစ် စိတ်ပညာသင်ကြားရေး ရှုဒေါင့်ကကြည့်လျှင် လွဲနေမည်ဖြစ်ပေသည်။

## (စ) သင်နည်းနိဿယရည်း

မြန်မာနိုင်ငံ ဘုန်းတော်ကြီးကျောင်း ပညာရေးသည် မြန်မာနိုင်ငံပညာရေးသမိုင်း၏ အဦးအစဖြစ်သကဲ့သို့ မြန်မာတို့၏ရိုးရာယဉ်ကျေးမှု၏ ရေသောက်မြစ်လည်းဖြစ်ပေသည်။ ရတနာသုံးပါးကို ဦးထိပ်ထားဖို့၊ မိဘဆရာကို ဘုရားတဆူဂူတလုံးအသွင် သဘောထားလျက် လုပ်ကျွေးပြုစုဖို့၊ ၃၈ ဖြာသော မင်္ဂလာတရားနှင့် ပြည့်စုံဖို့၊ ပညာရှိကိုဆည်းကပ်ဖို့၊ သွားမှု၊ လာမှု၊ ပြောမှုဆိုမှု၊ ဝတ်မှုစားမှုစသော လူမှုရေးရာတရားတွင် မှည်သို့မည်ပုံ ကျင့်ကြံပြောဆို ဆက်ဆံရမည်တို့ကို ဘုန်းတော်ကြီးပညာရေးက တပည့်လူမမယ် သာမဏေတို့ကို သွန်သင်ဆုံးမ နည်းပေးလမ်းပြပြုခဲ့သည်။ ထိုသဘောတရားတို့သည် မြန်မာတို့၏ ရိုးတွင်းချဉ်ဆီထဲတွင် နှစ်ပေါင်းတထောင်ကျော်မှစ၍ ယနေ့ထက်တိုင် စွဲလျက်မြဲမြဲလျက်ရှိသေးသည်။ နှုတ်မှုပညာ၊ လက်မှုပညာ၊ လောကီပညာ အဖြာဖြာကို တတ်ကျွမ်းအောင်၊ လူရေးလူရာတွင် အသက်မွေးမှု တခုပညာရစိမ့်သောငှာ ဘုန်းကြီးကျောင်းပညာရေးသည် သူ့ခေတ် သူ့အခါအလျောက် အရေးရောက်ခဲ့ပေသည်။ ဘုန်းကြီးကျောင်းပညာသည် လောကုတ္တရာစာပေ သက်သက်ကိုသာ ဦးတည်သင်ကြား ပို့ချပေးသည်မှန်သော်လည်း၊ လောကီလူမှုကိစ္စ သက်မွေးဝမ်းကျောင်းပညာကိုလည်းမေ့ချန်ထားသည် မဟုတ်ပေ။ ဝန်းကျင်လောကနှင့် အံဝင်ဆီလျော်အောင် တပည့်တို့၏နောင်ရေးကိုတွေး၍ ပညာပေးခဲ့သည်မှာ ထင်ရှား၏။ ဥပမာ- ပျိုးကြဲရက်ကို သတ်မှတ်ပေး၏။ ထွန် သွား တပ် နည်း ကို

လမ်းညွှန်၏။ လယ်ထွန်ရာတွင် ထွန်သွားသည့် လယ်သမား ဦးကြီးများ အဖို့ အရေးပါ၏။ ထွန်သွားအနည်းအများကိုလိုက်၍ စီးပွားတိုးတက်မှုကို ဖြစ်စေကြောင်းစပ်လျဉ်း၍ သင်ကြားပေးရာတွင်၊-

"ထွန်သွားတပ်နည်း"

| ထွန်သွား | အကျိုး |
|---|---|
| ၁-ချောင်းတပ် | ချမ်းသာအံ့ |
| ၃-ချောင်းတပ် | စားဘွယ်များအံ့ |
| ၅-ချောင်းတပ် | ဥစ္စာများအံ့ |
| ၁၀-ချောင်းတပ် | ကျက်သရေတိုးအံ့"* |

လယ်လုပ်ငန်းတွင် အလုပ်ကိုကြိုးစားလုပ်ကိုင်အောင် လှုံ့ဆော်သော သင်ကြားမှုဖြစ်သည်ဟုဆိုနိုင်ပါသည်။ ထိုနည်းတူ ကောက်သစ်ဆန်စားနေ့ကို ဟောရာတွင်

"ကောက်သစ်ဆန်ကို ၄-နေ့၊ ၅-နေ့၊ ၆-နေ့၊ ၎င်း ၃- နေရာတွင် တနေ့နေ့မှာစားလေ၊ မိဘဆရာ ရတနာသုံးပါအားလှူလေ" + ဟူ၍ မိန့်မှာသည်ကိုထောက်၍ အလုပ်၏ အကျိုးတရားကြောင့် ပေါ်လာသော 'ကောက်သစ်'ကို ရတနာသုံးပါး ဆရာမိဖတို့ကို လှူဖို့ညွှန်းလေသည်။ မြန်မာတို့၏ရိုးရာယဉ်ကျေးမှုသည် မြန်မာ့ဘဝနှင့် တစပ်တည်း ဟသားတည်းကပ်လျက်ရှိပေသည်။

ဘုန်းတော်ကြီးကျောင်းသင်နည်းသည် ယခင်အခန်းများတွင်ဖော်ပြခဲ့သည့်အတိုင်းစာချခြင်း၊ စာလိုက်ခြင်း၊စာအံခြင်း ၊စာပြန်ခြင်း ၊နှုတ်လွတ်ရအောင်ကျက်ခြင်းစသည့် နည်းစနစ်များကိုသာ အစဉ်တစိုက်သုံးခဲ့ပေသည်။ ရေးဖြေစနစ်ကို သုံးသည်ကိုမတွေ့ရပေ။

မြန်မာမင်းများလက်ထက်တွင် စာပြန်ပွဲများ ကျင်းပလေ့ရှိရာထို စာပြန်ပွဲများသည် ဘုန်းတော်ကြီးကျောင်း စာမေးပွဲစနစ်ပင် ဖြစ်ပေသည်။ "သီပေါမင်းနန်းတက်သောနှစ်တွင် နိုင်ငံတော်ကို ၁၄ ဌာနခွဲ၍ အုပ်ချုပ်ခဲ့သည်။ မင်းကြီး မဟာမင်းတင် သခ်ယာ တာဝန်ယူရ

---

* ဦးသာဂရ၊ သုတသန္နိစယမူကျယ်ကျမ်း"ဓမ္မဇ္ဈာသယပိဋကတ်စာပုံနှိပ်တိုက်၊ ရန်ကုန်၊ ၅၆။

\+ ယင်း။ ၅၆။

သော ပဋ္ဌမမြောက်ဌာနသည် သာသနာရေး ဘာသာရေးနှင့် ပတ်သက်သောဌာနဖြစ်၏။ နန်းတက်သောနှစ်မှာပင် ၁၂ ပါး ပါဝင်သော သာသနာပိုင် သုဓမ္မာအဖွဲ့ကို ဖွဲ့စည်းတော်မူသည်။''[1]

သီပေါမင်းလက်ထက်တွင် စာပြန်ပွဲများ ကျင်းပလှူဒါန်း တော်မူသည်။ယင်းသို့ ကျင်းပနိုင်ရန်လည်း လွှတ်တော်သို့ အမိန့်တော်ထုတ်ပြန်ခဲ့ပေသည်။

''သာသနာတော်အဓွန့်ရှည်စွာ စည်ပင်ထွန်းလင်းကြောင်းမှာလည်း သာမုက္ကံသိတပါဝစနဖြစ်သော မြတ်စွာဘုရားနှုတ်တော်မြွက် ပိဋကတ်သုံးပုံတွင် ဝိနည်းပိဋကတ်တော် အခြေအမြစ် ဖြစ်ထွန်းတိုးပွားရှိမှသာ သနာတော် မြတ်သုံးပါး အဓွန့်ရှည်စွာ စည်ပင်ပြန့်ပွား တည်တွန်းရာသော ကျမ်းဂန်ထုံးစံ တွက်ရှိသည်နှင့်အညီ၊ ပဋိပတ္တိပဋိဝေဓစသော သာသနာတော်မြတ်နှစ်ပါး၏ အရင်းမူလဖြစ်သော ဥဘတောဝိဘင်းပါဠိတော်မြတ်ကို ဝါစုဂ္ဂတနှုတ်ရ လေ့ကျက်ရွတ်ဆောင် ပြန်ဆိုနိုင်မည့် ရဟန်းသံဃာတော်တို့ကို ရွေးကောက်ပြီးလျှင်၊ သက္ကရာဇ် ၁၂၄၆ ခု၊ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ကစ၍ ရွှေနန်းတော် ဦးမြေနန်းတော်တွင် သာသနာပြုဆရာတော်နှင့် တံဆိပ်တော်ရ ဆရာတော်သံဃာတော်တို့ မှူးကြီးကြပ်မပြန်ဆိုကြစေ''[2] ဟူ၍ လည်း ကောင်း ''၁၂၄၅ ခု၊ တပေါင်းလဆန်း ၅ ရက်နေ့ကစ၍ ပထမပဥ္စင်းလောင်းတော်တို့ကို ရွှေနန်းတော်ဦးမြေနန်းတော်တွင် ပိဋတ်တော်၏ အခြေအမြစ်ဖြစ်သော ဥပဒေပါ ပြန်ဆိုရန် စာဝါများကိုပရိယတ္တိဝိသာရဒဂုဏ်ခြောက်ပါးနှင့် ပြည့်စုံသူ မှူးမတ်အရာရှိ စာကြပ်စာမတို့ ကြီးကြပ်ကြည့်ရှုစေ၍ သုံးလတိုင် ပြန်ဆိုမေးမြန်းစမ်းသပ် ရွေးချယ်စေရာ သင်ကြားလေ့ကျက်ရင်း ဥပဒေပါစာများကို ပုဒ်ပါဌ်အက္ခရာ သဒ္ဒါအနက် မချွတ်မယွင်းမှန်ကန်သေချာ နှုတ်ပါဠိရွရွပြန်ဆိုနိုင်သဖြင့်လိင်ဝိဘတ်သသောသရုပ်၊ အမိပ္ပာယ်

---

၁။ ဦးမာဿ၊ ''ကျွန်ခေတ်သာသနာရေး''ဗမာ့လွှတ်လပ်ရေးအထူးစာစောင်၊ သံတော်ဆင့်သတင်းစာတိုက်၊ ရန်ကုန်၊ ၁၉၄၇ ခုနှစ်၊ စာမျက်နှာ- ၁၀။

၂။ မုစ္စတာတော်စိန်ခို၊ ''လွှတ်တော်မှတ်တမ်း'' ရန်ကုန်၊ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ ပုံနှိပ်ရေးနှင့် စာရေးကိရိယာဌာန၊ စတုတ္ထအကြိမ်၊ ၁၉၆၀ ခုနှစ်၊ စာမျက်နှာ-၁၃။

များကို ကောင်းမွန်စွာ ဖြေဆိုနိုင်သူ ပထမပဥ္စင်းလောင်းတော် ရှင်လောင်းတော် အကျော်ရှင်ဂုဏနှင့် ပထမအကြီးအကြပ် ပဥ္စင်းလောင်းတော် ရှင်လောင်းတော် ၁၅ တို့ကို၊ သက္ကရာဇ် ၁၂၄၆ ခု၊ နယုန်လဆန်း ၇ ရက်နေ့က ကဆုန်ဝါဆိုလဆန်း ၇ ရက်နေ့တိုင် သုဓမ္မာဇရပ်တော် ပဌာန်းဇရပ်တော်များတွင် ဝဲယာ ၄ ဌာနခွဲဝေ၍ စာပြန်ဆိုမြဲပြန်ဆိုစေ''*

ဖော်ပြပါ စာပြန်ပွဲများကိုလေ့လာလျှင် စာပြန်ဆိုပွဲကာလသည် ၃ လတိုင် ကြာရှည်ကြောင်းကိုသိရသည်။ စာပြန်ပွဲကျင်းပသောလသည် နယုန်လနှင့် ဝါဆိုလများ ဖြစ်ကြောင်းသိရသည်။ စာပြန်ရာတွင် ပိဋကတ်သုံးပုံကို ပြန်ဆိုရကြောင်း၊ ပိဋကတ်သုံးပုံတွင်လည်း အခြေအမြစ်အရင်းခံဖြစ်သော ဝိနည်းပိဋကတ်တော်ကို ဦးထားကြောင်းသိရသည်။ ထိုစာပြန်ပွဲများကို ကြီးကြပ်ရန် သာသနာပြုဆရာတော်၊ တံဆိပ်တော်ရဆရာတော်၊ မှူးမတ်၊ အရာရှိ စာကြပ်စာမတို့က တာဝန်ယူရကြောင်းသိရသည်။ စာမေးပွဲကျင်းပရာနေရာမှာ ရွှေနန်းတော်ဦးမြေနန်းတော်နှင့် သုဓမ္မာဇရပ်တော်၊ ပဌာန်းဇရပ်တော်များဖြစ်ကြောင်း သိရပါသည်။

မေးမြန်းစမ်းသပ်ခံရသော ပဥ္စင်းလောင်း ရှင်လောင်းများသည် ဥပဒေပါစာများကို ပုဒ်ပါဠိအက္ခရာ သဒ္ဒါအနက် မချွတ်မယွင်းမှန်ကန်သေချာ နှုတ်ပါဌ်ရှုပြန်ဆိုရကြောင်းကိုလည်း သိနိုင်ပေသည်။

## ရှေးမင်းတို့လက်ထက်ပထမပြန်ဆိုပုံ အခမ်းအနား

သုဓမ္မာသဘင်တွင် ဘုရား တရား သံဃာ ရတနာသုံးပါးနေရာမှ တပါး ပထမနေရာတော်၌နေ၍ ပြန်ဆိုရသဖြင့် ပထမပြန်ဟုခေါ်တွင်သည်။စာနာကြသော ဘုရင်၊ မိဖုရား၊ အိမ်ရှေ့မင်းစသည့် မင်းပရိသတ်တို့သည် သံဃာတော်တို့ နောက်ပါးမှ ဝပ်တွား၍ စာနာကြရသည်။

''ပထမကျော်နှင့် ပထမကြီးပြန်ဆိုသူတို့မှာ ပတ္တမြားနားဒွောင်း ပတ္တမြားလက်ကောက်၊ လက်စွပ် စလွယ်ဆင်ယင်ကာ ရွှေထီးလေးချက်ဆောင်းမိုး၍ လူဆွဲရွှေရထားတော်ထက် စီးရသည်။ အ ဆောင် အရွက်ကိုင် နောက်လိုက်နောက်ပါ လူနှစ်ကျိပ်တို့က ဝတ် ကောင်း ဝတ်

* မစ္စတာတော်စိန်ခို၊ လွတ်တော်မှတ်တမ်း၊ ဖော်ပြပြီး-စာ ၁၆။

သန့်နှင့်လိုက်ကြရသည်။ ပထမလတ်တို့မှာလည်း မြနားဒွေ့ငါး၊ မြ လက်ကောက်၊ ပုလီး၊ လက်စွပ်၊ စလွယ်ဆင်ယင်၍ ရွှေထီး နှစ်ချက် ဆောင်းမိုးရသည်။ ရွှေကရွှေကတောင် ရွှေဦးခက်တို့ဖြင့် လှပစွာဆင် ယင်သော မြင်းတော်ကိုစီးရသည်။ ပထမငယ်တို့မှာလည်း ပထမလတ် ကဲ့သို့ ဆင်ယင်၍ ရွှေထီးတချက်ဆောင်းမိုးရသည်။ ရွှေကရွှေကတောင် ရွှေဦးခက်တို့ဖြင့်လှပစွာဆင်ယင်သောမြင်းတော်ကိုစီးရသည်။အဆောင် အရွက်ကိုင် နောက်လိုက်နောက်ပါ လူတကျိပ်တို့ကလည်း ဝတ်ကောင်း ဝတ်သန့်ဖြင့်လိုက်ကြရသည်။

ပထမပြန်မည့်သူတို့ကို ရွှေတော်သို့သွင်း၍ ဝတ်ဆင်ရန်ရွှေကျင်ခတ် ခေါင်းပေါင်း၊ လွန်များပုဆိုး၊ မဲပုဆိုး ပိုးပုဆိုး၊ အင်္ကျီပုဝါများကို တယောက်လျှင် ငါးလဲကျစီနှင့် မှုံ့ဘိုးငွေ-၁၀ဝိ/ကျပ် အောက်ခံထား၍ အထက်ကို စာ၀ါနိမ့်မြင့်အလျောက် တိုးတက်ချီးမြင့်လေသည်။

ပထမပြန်ဆိုပုံအခမ်းအနားမှာကား ပထမပြန်မည့်သူသည် သုဓမ္မာ အတွင်း မြတ်စွာဘုရားရုပ်ပွားတော်ရှိရာသို့ ရှိခိုးလက်ယှက်ကာဝင်လာ ပြီးနောက် ရုပ်ပွားတော်နှင့် သုံးထောင်ခန့်အကွာတွင် ဆောင့်ကြောင့် ထိုင်ပြီးမှ ဦးသုံးကြိမ်ချရသည်။ ပြီးလျှင် နမောတဿ သုံးကြိမ်ဆိုပြီး သည်နှင့်တပြိုင်နက် ပြန်စာကိုကောက်၍ ပြန်ဆိုရသည်။ စာဆုံးလျှင် ဦးသုံးကြိမ်ချ၍ မတ်ရပ်ထပြီးမှ ရှိခိုးလျက် နောက်ပြန်ဆုတ်သွားကာသင့် ရာသို့ရောက်မှ လှည့်၍ထွက်သွားရသည်။

ပထမပြန်ပွဲ ဆင်ယင်စဉ်အခါ သုဓမ္မာစရပ် မြင်ပတ်လည်ကို လက် တီးချ၍ သစ်လွင်သော ရိုင်ဖျာတို့ကိုကာပြီးမှ လှပစွာ ပိတ်ဖြူမျက်နှာ ကြက် သတောင်းလည်ဆင်ယင်သည်။ ငှက်ပျောပင်ရှင်၊ကြံပင်ရှင်လည်း စမြင်ပတ်လည်က စိုက်ထူထားသည်။ သုဓမ္မစရပ်တော်ကွန်းခင်းတွင်းမှာ အလယ် ၅ ထောင်ခန့် လုပ်ထားပြီးလျှင် တောင်နှင့် မြောက်အရှေ့ဖက် တတန်း အနောက်တတန်း ကတ္တီပါကွပ်သင်ဖျူးတချပ်စီစဉ်၍ခင်းထား သည်။ ၎င်းသင်ဖျူးတချပ်လျှင် ကတ္တီပါမှိအုံး ၁ ခုစီလည်းထားသည်။ အချိန်ရောက်လျှင် တံဆိပ်တော်ရ ဆရာတော်ကြီးများကြွလာ၍ ၎င်းနေ ရာစဉ်အတိုင်း ခင်းထားသည့် သင်ဖျူးပေါ်မှာ တချပ်လျှင်တပါးကျ ထိုင်တော်မူကြသည်။

ဆရာတော်များ၏ အလယ်ဗဟိုဌ မှန်စီရွှေချပြဿာဒ်တော်နှင့် ရုပ် ပွားတော်တဆူထားသည်။ ရုပ်ပွားတော်ရှိရာသို့ အထက်ကပြန်ဆိုခဲ့

သည့်အတိုင်းဝင်ရောက်၍ ပထမစာတော်ပြန်ဆိုရသည်။ မင်း၊ မိဖုရား မင်းညီမင်းသား မှူးတော်မတ်တော်တို့ကလည်း ခင်းထားသောနေရာ စဉ်အတိုင်း ဆရာတော်ကြီးများ၏ နောက်တော်ကနေ၍စာနာရသည်။ အရပ်ရပ်က လာရောက်သော အများပြည်သူလူအပေါင်းတို့မှာ လက်တီးအောက်ကနေ၍ စာနာကြရသည်။''[၁] ဖြစ်ကြောင်း ပထမပြန်ကော် မတီအစီရင်ခံစာနိဒါန်းတွင် ဖော်ပြထားပေသည်။

မင်းတုန်းမင်းလက်ထက်တော်နှင့် သီပေါမင်းလက်ထက်တော်များတွင် စာပြန်ပွဲမှာ ပို၍ကြီးကျယ်ခမ်းနားပေသည်။ ငယ်လတ်ကြီးကျော် ပြန်သူအားလုံးတို့မှာ အောင်မြင်လျှင် ဘုရင့်ရဟန်းလောင်းတော် ရှင်လောင်းတော်များဖြစ်ကြရသည်။ စာပြန်ဆိုကြရာတွင် လူဝတ်လူစားဖြင့် ပြန်ဆိုကြသည်ဖြစ်ရာ မင်းသားအဆောင်အယောင်အတိုင်း ချီးမြှင့်ခြင်းခံရသည်။

ဤမျှ မြန်မာမင်းများလက်ထက်တွင် သာသနာရေး ပညာရေးကို အားပေးခဲ့ကြပေသည်။

## ပထမကျော်အောင်ခြင်း၏ အကျိုးကျေးဇူး

ကျောဝန်စာရေးကြီးဦးသင်မှတ်တမ်း[၂] အရသိရသည်မှာ-

''မြန်မာနိုင်ငံတဝှန်းလုံးအတွက် တနှစ်လျှင်အကျော်အောင် ပုဂ္ဂိုလ်မှာ တပါးသာ အအောင် ပေးသည်။ အကျော်အောင်သူ၏ မိဘ၊သားချင်း၊ပေါက်ဖော်၊အတူနေတို့မှာ ဈေး၊ပွဲ၊ ကင်း၊ ကူးတို့ခွန်စသည့် အခွန်တော်မင်းတိုင်း ၁၂ မူ လွတ်ငြိမ်းချမ်းသာခွင့်ပြုသည်။ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း အောင်မြင်သူတို့မှာ ၎င်းတို့၏ မိဘများကို ဈေးပွဲကင်း၊ ကူးတို့ခွန်၊ သဿမေဓခွန် မင်းတိုင်း ၁၂ မူ လွတ်ငြိမ်းချမ်းသာခွင့်ပြုတော်မူသည်။

---

၁ ရဝေထွန်း၊ငွေတာရီမဂ္ဂဇင်း၊အမှတ်-၂၀၉၊ နိုဝင်ဘာလလ၊၁၉၇၇ စာမျက်နှာ- ၄၀၊ ၄၁။

၂ ယင်း စာမျက်နှာ ၄၀။

ရှေးမြန်မာဘုရင်လက်တက်တွင် ပထမပြန် စာမေးပွဲအောင်သူအား အထူးအခွင့်အရေးတရပ်အနေဖြင့် မင်းတိုင်း ၁၂ မှု လွတ်ငြိမ်းချမ်းသာခွင့်ပေးသည်။မင်းတိုင်း ၁၂ မှုဆိုရာတွင်(၁) တမာစေး၊ (၂) လျှော်၊ (၃) ကျွဲကော်၊ (၄) အုံ့တုံ၊ (၅) လဲမှို၊ (၆) တင်လဲ၊ (၇) ဥသျှစ်၊ (၈) မရိုးမီးသွေး၊ (၉) ထန်းဖူး၊ (၁၀) မန်ကျည်းမှည့်၊(၁၁) ရေနံနှင့် (၁၂) ပွက်လျက်တို့ကို မင်းတိုင်းတောင်းလျှင် အလျင်အမြန် ထမ်းဆောင်ရခြင်းပင် ဖြစ်သည်။

## (ဆ) သာသနာရေးရာအုပ်ချုပ်ရေး

ဘုန်းတော်ကြီးကျောင်း ပညာရေးသည် သာသနာအုတ်မြစ်ပေါ် တည်ဆောက်ထားရကား သာသနာရေးရာ အုပ်ချုပ်မှု အခန်းသည် အရေးပါလှသည်။ မင်းတုန်းမင်းသည် သာသနာတော်ပြု မင်းတပါးဖြစ်ပေသည့်အလျောက် ပြည်သူ့စီးပွားရေး၊ သာသနာထွန်းကားရေးအတွက် ဆောင်ရွက်ခဲ့ပေသည်။ပိဋကတ်သုံးပုံကို ညှိနိုင်း၍ကျောက်ထက်အက္ခရာတင်ခဲ့သည်။ ပဉ္စမသင်္ဂါယနာ တင်ခဲ့သည်။ တနည်းပြောရလျှင် မင်းတုန်းမင်းသည် လောကီရေးရာများထက် လောကုတ္တရာရေးကို ပိုမိုအာရုံစိုက် လုပ်ဆောင်ခဲ့ပေသည်။ စစ်မက်ရေးထက် ငြိမ်းချမ်းရေးကို ဦးစားပေးသူ ဖြစ်ပေသည်။

သာသနာ စင်ကြယ်သန့်ရှင်းရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ကြပေသည်။ သာသနာကို ကြီးမှူးကြပ်မအုပ်ချုပ်ရန် "သာသနာရေးရာ အုပ်ချုပ်ရေး"ဟူ၍သီးခြားထားခဲ့ပေသည်။

သာသနာရေးရာ ဖွဲ့စည်းအုပ်ချုပ်ရေးတွင် သံဃရာဇာခေါ် သာသနာပိုင် ဆရာတော်သည် သာသနာရေး သာသနာမှု စီရင်ဆုံးဖြတ်ရာ၌ အချုပ်အခြာအာဏာပိုင်ဖြစ်သည်။သာသနာပိုင်သည် သံဃာတော်များကို ချုပ်ထိန်းနိုင်သည့် ပရိယာယ်၊ ပဋိကတ်ဂုဏ်တို့နှင့် ပြည့်စုံရသည့်ပြင် ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ တည်းဟူသော သာသနာတော်၏ အကျိုးစီးပွား များစေရန် စွမ်းဆောင်နိုင်သူ ဖြစ်ရပေသည်။ မင်းတုန်းမင်း လက်ထက်တွင် ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံတော်မူသော "ဉေယျဓမ္မာဘိမုနိဝရဉာဏကိတ္တိ၊ သီရိဓဇဓမ္မသေနာပတိ၊ မဟာဓမ္မရာဇာဓိရာဇာဂုရု"တန်ဆိပ်တော်လတွင် သုဓမ္မာသဘင်တော်၌ အစီးအနင်း၊ အဆောင်အရွက်၊ အခွင့်အာဏာများနှင်းအပ်ပြီး သာသနာပိုင်အဖြစ် တင်မြှောက်ခဲ့သည်။

သာသနာပိုင်၏တာဝန်ဝတ္တရားများမှာ နိုင်ငံတော်အတွင်း ရဟန်းသံဃာများအား အုပ်ချုပ်ရန်....

- တိုက်အုပ်
- တိုက်ကြပ်
- ဂိုဏ်းအုပ်
- ဂိုဏ်းထောက် စသည့်ပုဂ္ဂိုလ်တို့ကို ခန့်ထားတော်မူသည်။

ထို့ပြင် သာသနာပိုင်အား ကူညီအုပ်ချုပ်ရန် သုဓမ္မာအဖွဲ့ဟူသော အုပ်ချုပ်ရေးအဖွဲ့ ရှိသည်။ မင်းတုန်းမင်းလက်ထက်တွင် ကျမ်းတတ်ပုဂ္ဂိုလ် သုဓမ္မာဆရာတော်ရှစ်ပါးမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) ပြည်ဆရာတော်
(၂) မတ္တရာဆရာတော်
(၃) မောင်းထောင်ဆရာတော်
(၄) စလင်းဆရာတော်
(၅) စံကျောင်းဆရာတော်
(၆) သင်္ဂဇာဆရာတော်
(၇) သက်ပန်းဆရာတော်နှင့်
(၈) ပခန်းဆရာတော်တို့သည် သုဓမ္မာဆရာတော်များ ဖြစ်ကြ၍ မင်းပေးတံဆိပ်တော်ရ ပုဂ္ဂိုလ်ကျော်များ ဖြစ်ကြပေသည်။ သုဓမ္မာဆရာတော်များသည် သတင်းနေ့တိုင်း မန္တလေးတောင်ခြေ သုဓမ္မာ ရွှေဇရပ်တော်သို့ ကြွရောက်၍ သံဃာတော်များနှင့် သက်ဆိုင်ရာ အရပ်ရပ် အမှုအခင်းများ၊ ဝိနည်းသိက္ခာပုဒ်နှင့်စပ်သည့် မှုခင်းများ၊ ကျောင်းအရာရှိပရိဘောဂနှင့် ပတ်သက်သော အငြင်းပွားမှုများ၊ ဝိဝါဒ ကွဲပြားမှုများစသည့် သာသနာရေးရာများကို တိုင်ပင်ဆုံးဖြတ် ကြရသည်။*

ထို့ပြင် တနိုင်ငံလုံးရှိ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများ၏ အကျင့်သိက္ခာ စင်ကျယ်မှန်မြတ်ရေးအတွက် တိုက်အုပ်၊ တိုက်ကြပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်များမှတဆင့် ဆုံးမဩဝါဒပေးရန် ဥပဒေ ထုတ်ပြန်ရသည်။ မင်းတုန်းမင်းလက်ထက်တွင် အရပ်ရပ်မြို့ ကျေးရွာများရှိ ရဟန်းသာမဏေများကို အုပ်ချုပ်ရန် ဂိုဏ်းအုပ်ဆရာတော်

---

* ရွှေကိုင်းသား၊ အနှစ်တရာပြည့် မန္တလေး၊ မန္တလေး ကြီးပွားရေး စာမျက်နှာ ၂၃၀၊၂၃၂။

ခြောက်ဆယ်ကျော်နှင့် ဂိုဏ်းကောက်ဆရာ ၂၀၄ ပါး သီးခြားခန့်အပ်သည်။ တပြည်လုံးရှိ ဘုန်းတော်ကြီးကျောင်းများ တညီတညွတ်တည်း လိုက်နာဆောင်ရွက်ရန် ဗဟိုဦးစီးစနစ်ကို ကျင့်သုံးသည်ကို တွေ့ရသည်။

အရပ်ရပ်မြို့ ကျေးရွာရှိ ဂိုဏ်းအုပ် ဂိုဏ်းထောက်တို့ကို ဆုံးမသြဝါဒ ပေးရန်ဥပဒေကိုလည်း ထုတ်ပြန်သည်ဖြစ်ရာ ယင်းဥပဒေကို လေ့လာလျှင် ဘုန်းကြီးကျောင်းပညာရေးဆိုင်ရာ ဖွဲ့စည်းအုပ်ချုပ်ပုံကို အသေးစိတ် တွေ့နိုင်ပါသည်။ ယင်းဥပဒေများထဲမှ ဘုန်းကြီးကျောင်း ပညာရေးအတွက် အထောက်အကူဖြစ်နိုင်သော အချက်အလက်တို့ကို ရွေးချယ်ကောက်နုတ်တင်ပြလိုက်ပါသည်။

ဆုံးမသြဝါဒဥပဒေကောက်နုတ်ချက်**

'ဂိုဏ်းအုပ် ဂိုဏ်းထောက် ပုဂ္ဂိုလ်တို့မှာ ဒွေးမာတိကာ၊ ခုဒ္ဒသိက္ခာ၊ ဝိနည်းငယ် ၄ စောင်နှင့်တကွ ဒသကမ္မသုတ်၊ အာဒိတ္တသုတ်၊ အန္တက ဝိန္ဒသုတ်၊ အနတ္တလက္ခဏာသုတ်များကို အာဂုံဆောင်၍ ဥဘတော ဝိဘင်းပါဠိ အဋ္ဌကထာများကို ကြည့်ရှုမှတ်သားပြီးလျှင် နိဿရည်း အင်္ဂါ အစွမ်းသတ္တိ၊ ဗျတ္တိဗလ၊ ဗဟုသုတနှင့် ပြည့်စုံလျှင် ရဟန်း သာမဏေတို့ကို ဥပဇ္ဈာယ်ပေး၍ ဝိနည်းတရားတော်နှင့်အညီ ကျင့် ဆောင် နေထိုင်ကြရမည်။

ပါတိမောက္ခ ဒွေသက အကြီးအကဲ ပြုလုပ်သည့် ပုဂ္ဂိုလ်တို့နှင့် ကျောင်းနေ ပုဂ္ဂိုလ်တို့မှာ ဒွေမာတိကာ၊ ခုဒ္ဒသိက္ခာ အနက်ပါဠိ၊ အနုံမောဒနာများနှင့်တကွ ဒသကမ္မသုတ်၊ အာဒိတ္တသုတ်၊ အန္တက ဝိန္ဒသုတ်၊ အနတ္တလက္ခဏာသုတ်များကို နှုတ်တက်အာငုံဆောင်၍ ဥဘတောဝိဘင်း ပါဠိ၊ အဋ္ဌကထာဋီကာများကို ကြည့်ရှုမှတ်သား ပြီးလျှင် နိဿရည်းအင်္ဂါတို့ကို မိမိတို့အစွမ်းသတ္တိရှိသည် အားလျော် စွာတိုက်တွင်းရှိ ရဟန်းသာမဏေတို့ကိုနိဿရည်းပေး ဥပဇ္ဈာယ်ပေး၍ ဝိနည်းတရားတော်နှင့်အညီ ကျင့်ဆောင်နေထိုင် ကြရမည်။

** ဒေါ်မြင့်မြင့်သန်း၊ ''မင်းတုန်းမင်းလက်ထက် သာသနာရေးရာ ဖွဲ့စည်းအုပ်ချုပ်ပုံ''တက္ကသိုလ်ပညာပဒေသာ၊ အတွဲ-၇၊ အပိုင်း ၃၊ ၁၉၇၁၊ စာမျက်နှာ-၁၁၂၊၁၁၃။

တပည့်ရဟန်းတို့မှာ ဒွေမာတိကာကို ဆောင်ရွက်ပြီးလျှင် ခုဒ္ဒသိက္ခာ အနက် ပါဠိကို အလေးပြု၍ အဓိပ္ပါယ်ယတ္တနှင့်တကွ သိက္ခာပုဒ် အစဉ်ကို သိမြင်အောင် ဒသကမ္မသုတ်၊ အာဒိတ္တသုတ်၊ အန္တကဝိန္ဒ သုတ်၊ အနတ္တလက္ခဏာသုတ် အနုမောဒနာများနှင့် နိသျှပုစ္ဆကအင်္ဂါ များကို နှုတ်တက်အာဂုံဆောင် ရွတ်ကြရမည်။

သာမဏေတို့မှာ ပစ္စဝေက္ခဏာ၊ လိင်ဒဏ်၊ သေခိယ၊ ခဏ္ဍကဝတ်၊ ဒွတ္တိံ သကာယ၊ ပါဠိအနက်၊ အနတ္တလက္ခဏာသုတ်များကို နှုတ်တက် အာဂုံရမိအောင် ကျက်မှတ်ကြရမည်။

မိမိကျောင်းတိုက်အတွင်း ကျောင်းသားလူငယ်တို့ ကျည်းသား တောက်၊ ခုံညင်းထိုး၊ ထုပေါက်၊ တွင်းချိ၊ လက်ခေါက်ပစ်၊ ပိုက်ဆံ ခတ်၊ ဇယ်တောက်၊ ကလိပ်ဆွဲ၊ နပန်းကိုင်၊ လက်ပွေ့လက်ပမ်း၊ ကလူစဖွယ်စသည်များကို မပြုမကျင့်ကြရအောင် ဆင့်ဆိုမြစ်တား ကြရမည်။

ကျောင်းသား သူငယ်တို့သည် သရဏဂုံခံယူခြင်း၌ လိမ္မာယဉ်ကျေး အောင် ငါးပါးသီလ နေ့စဉ်ခံယူခြင်း၊ ရှစ်ပါးသီလကိုလည်း တလလျှင် လေးသီတင်း သီလများကို မပြတ်မလပ် စောင့်ရှောက် ထိန်းသိမ်း၍ မြတ်စွာဘုရား ရုပ်ရှင်တော်တွင် ဝတ်တက် ဝတ်ကပ် တံမျက်တလင်း သုတ်သင်ရှင်းလင်းစေ၍ အမြဲမပြတ်ကုသိုလ်တရား တိုးပွားအောင် တခုခု ကမ္မဋ္ဌာန်းကိုပေး၍ ယဉ်အောင် ဆုံးမကြ ရမည်။

ကျောင်းသားသူငယ်တို့ ဗုဒ္ဓအဂါရဝ၊ ဓမ္မအဂါရဝ၊ အဂါရဝမဖြစ် အောင် မြတ်စွာဘုရားရင်ပြင်တော်သို့ သွားလာလျှင် မိမိပုဆိုးလက် ကတော့ ကောင်းမွန်စွာထိုးပြီးလျှင် အရိုအသေ အလေးအမြတ်ဖြစ် အောင် လက်အုပ်ချီ၍ သွားလာခြင်း ပရိတ်သတ်ကို တက်အံ့စဉ် လည်း ခြေလက်ကားယား ဖရိုဖရဲမရှိစေရ။ လက်ကတော့ထိုးပြီး လျှင် သာမဏေတို့နှင့်ရောနှောမရှိ။ တက်အန်ခြင်း၊ ရဟန်းသာမ ဏေတို့အနီး အပါး ကျောင်းသားလူငယ်တို့ မရိုမသေ မလေးမစား ဆဲရေးကြိမ်းတမ်း နင်ဟယ်ဆိုခြင်း။ ရွာသူတို့၏ အလေ့အကျက် စကားများကို အပြောအဆိုမရှိ၊ လိမ္မာယဉ်ကျေး ရဟန်းသာမဏေ တို့ အမှုကိစ္စရှိ၍ခေါ်လျှင် လက်ကတော့ကိုထိုးပြီးလျှင် မြန်စွာတုပ် ဝပ်ရှိခိုးရိုသေစွာလာအောင် ဆုံးမသွန်သင်ပြသကြရမည်။

ဤအချက်တို့ကိုထောက်၍ ဘုန်းကြီးကျောင်းများတွင် သက်ဆိုင်ရာ ဆရာတော်တို့က ကျောင်းသားလူငယ်များ၊ သာမဏေများ၊ ရဟန်းများကို မည်သို့ပို့ချ၊ သွန်သင်ပေးရမည်ဆိုသော အချက်တို့ကိုသိသာနိုင်ပေသည်။

## (ဇ) ခြုံငုံသုံးသပ်ချက်

အလောင်းဘုရား ၁၇၅၂ ခုနှစ်၊ နန်းတက်သည်မှစ၍ ၁၈၈၅ သီပေါမင်းပါတော်မူသည့်အထိ ခေတ်တလျှောက်လုံးတွင် ဆက်လက်ရှင်သန်ကြီးထွားခဲ့သည့် ဘုန်းတော်ကြီးကျောင်း ပညာရေး ရည်မှန်းချက်များမှာ ဗုဒ္ဓသာသနာတော်စည်ပင်ရန်၊ လူငယ်များ၏ဘဝအတွက် အသုံးဝင်မည့် အသုံးလုံးနှင့် လောကီပညာတို့ကိုပါ ဖြန့်ချီရန်စသည့် ရည်ရွယ်ချက်နှစ်ရပ်ရှိခဲ့ကြောင်း ကံငါးပါးလုံခြုံမှု စာရိတ္တကောင်းမွန်မှုရရှိစေရန် ရည်ရွယ်ခဲ့ကြောင်း သုံးသပ်ရပေသည်။ နိုင်ငံရေးဦးဆောင်ပုဂ္ဂိုလ်များကလည်း စာရိတ္တပညာကို အားပေးခဲ့ကြောင်းတွေ့ရသည်။ ဥပမာ အလောင်းဘုရားသည် ယာဇ်ပူဇော်ခြင်းအလေ့နှင့် မူးယစ်ဆေးဝါးအလေ့တို့ကို နှိမ်နှင်းခဲ့ခြင်းဖြစ်ပါသည်။

ထင်ရှားသည့်ပညာရှင်ပုဂ္ဂိုလ်ကျော်ပေါ်ထွန်းခဲ့သည်။ ခေတ်စကားနှင့်ဆိုရလျှင် ကျောင်းသုံးစာအုပ်များကို ပြုစုခဲ့ကြသည်။ ဥပမာ-ဦးသြ၏ ကဝိလက္ခဏာသတ်ပုံ၊ သြဝါဒထူးပျို၊ လက်ဝဲသုန္ဒရ၏ ရတု၊ ကျည်းကန်ရှင်ကြီး မေတ္တာစာ၊ ရှင်ဥက္ကံသမာလာ၏ ဝဏ္ဏဗောဓန သတ်အင်းစဥ့်ပါဆရာတော်၏ ဓမ္မနီတိချိုး မောင်းထောင် ဆရာတော် လူတွက်အမတ် မဟာဓမ္မသင်္ကြန် အုပ်ချုပ်စီမံရေးသားသော မှန်နန်း ရာဇဝင်တော်ကြီး၊ မင်းတုန်းမင်းလက်ထက် ဆက်လက်ရေးသားသော ရတနာသဃ် ဒုတိယ မဟာရာဇဝင်တော်ကြီး၊ ယောအတွင်းဝန် ဦးဖိုးလှိုင်၏ ဘာသာပြန် ဥတုဘောဇနကျမ်း စသည်တို့ဖြစ်သည်။

ထိုပုဂ္ဂိုလ်ကျော်များ ပေါ်ထွန်းလာရသည်မှာ ဘုန်းတော်ကြီးကျောင်းများ၏ ကျေးဇူးပင်ဖြစ်သည်။ ဘုရင်များအားပေးမှုလည်းပါသည်။

ဘုန်းတော်ကြီးကျောင်း သင်ရိုးမှာလည်း ယခင်ထက်စာလျှင်တိုးတက်လာသည်။ ဥပမာ- စာပေသင်ရိုး အဆင့်ဆင့်နှင့် သင်္ချာသင်ရိုးအမျိုးမျိုးရှိလာခဲ့သည်။

ရှင်မဟာရဋ္ဌသာရ ရေးသီဖွဲ့ဆိုသော ဘူရိဒတ်လင်္ကာကြီးတွင်-

“ဗိုလ်လူတကာ၊တတ်စရာသား၊
အဋ္ဌာရသ၊သိပ္ပကုန်အောင်၊နှုတ်ဝယ်ဆောင်လျက်ဟု

တဆယ့်ရှစ်ရပ်သော အတတ်များကို တတ်ထားကြောင်း မိန့်ဆိုခဲ့သည့်နည်းတူ ဤခေတ်ပုတ္တောဝါဒဆုံးမစာတွင်လည်း-

“လူရေးလူရာ၊ လူခြင်းရာကား၊ အဋ္ဌာရသသိပ္ပအပြား၊ ဆယ့်ရှစ်ပါးတွင်၊ တအင်အင်ကို အကြင်သသူမတတ်မူကား”

ဟူ၍ဆိုမိန့်ထားရာ မြန်မာ့အစဉ်အလာ ဘုန်းတော်ကြီးကျောင်းပညာရေးတွင် တဆယ့်ရှစ်ရပ်သော အတတ်များကို တပည့်လူငယ် သာမဏေများကို တတ်အားသမျှ သင်ကြားပြသပေးကြမည်မှာ ထင်ရှားပါသည်။

ယင်းအဋ္ဌာရသ၊ တဆယ့်ရှစ်ရပ်သောအတတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | သုတိ | = | သဒ္ဒါကျမ်းအတတ်၊ |
| ၂။ | သမ္မုတိ | = | ဓမ္မသတ်ကျမ်းအတတ် |
| ၃။ | သင်္ချာ | = | ရေတွက်ခြင်းသင်္ချာအတတ်၊ |
| ၄။ | ယောဂ | = | ဗိသုကာကျမ်းအတတ်၊ |
| ၅။ | နီတိ | = | နီတိကျမ်းအတတ်၊ |
| ၆။ | ဝိသေသိကာ = | | ဗျာကရိုဏ်းကျမ်းအတတ်၊ |
| ၇။ | ဂန္ဓိကာ | = | လက်ခြား (ချိုး) အရေအတွက်ဖြစ်သောအတတ်၊ |
| ၈။ | ဂန္ဓဗ္ဗာ | = | စောင်းငြှင်းအတတ် |
| ၉။ | တိကိစ္ဆာ | = | ဆေးအတတ် |
| ၁၀။ | စတုဗေဒါ | = | ဗေဒင်လေးပုံအတတ်၊ |
| | (ဓနုဗ္ဗေဒါ | = | လေးအတတ်) |
| ၁၁။ | ပုရာဏာ | = | စကားဟောင်းအတတ်၊ |
| ၁၂။ | ဣတိဟာသ | = | ရယ်ရွှင်မှုအတတ် |
| ၁၃။ | ဇောတိသာ | = | ဟူးရားအတတ်၊ |
| ၁၄။ | မာယာ | = | လှည့်ပတ်မှုအတတ်၊ |
| ၁၅။ | ဟေတု | = | နိမိတ်အတတ်၊ |

၁၆။ မန္တနာ = မန္တရားအတတ်၊
၁၇။ ယုဒ္ဓါ = စစ်ထိုးသောအတတ်၊
၁၈။ ဆန္ဒိသာ = ဆန်းကျမ်း အတတ်။

ယင်းတဆယ့်ရှစ်ရပ်သော အတတ်များအားလုံးကို ဘုန်းတော်ကြီးကျောင်းများတွင် သင်ကြားပို့ချပေးမည်မဟုတ်ပေ။ တချို့သောပညာရပ်တို့မှာ ဘုန်းကြီးကျောင်းများနှင့် မအပ်စပ်သော ပညာရပ်များဖြစ်ပေသည်။ ပုံစံအားဖြင့်- စောင်းငြှင်းအတတ်၊ လေးအတတ်၊ ရယ်ရွှင်မှုအတတ်၊ လှည့်ပတ်မှုအတတ်၊ စစ်ထိုးသောအတတ်မျိုးကို ဘုန်းကြီးကျောင်းများက သင်ကြားပေးမည်မဟုတ်ပေ။

သင်ကြားနည်းမှာလည်း ဟောပြောပို့ချနည်းသုံး၍ လေ့လာသင်ယူနည်းမှာ အာဂုံဆောင်နည်းပင်ဖြစ်သော်လည်း လေ့လာသင်ယူမှုကို အားပေးမှုအနေဖြင့် စာပြန်ပွဲများ ကျင်းပခဲ့သည်။ သာသနာတော်သန့်စင်စေရန် သင်္ဂါယနာတင်ခဲ့ရုံမျှမက သာသနာ့ရေးရာ အုပ်ချုပ်ရေးကိုလည်း စနစ်တကျရှိစေခဲ့သည်။

ရှေးရိုးအစဉ်လာ သာသနာရေး၊ ပညာရေးတွင် အဓိကဆောင်ရွက်ခဲ့သော အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ပိဋကတ်တော် အဋ္ဌကထာ ဋီကာစသော ကျမ်းဂန်များကို မကွယ်မပအောင် ရှေးရေးမင်ရေး ကညစ်ရေးတို့ဖြင့်ရေးသားပြုစုခြင်း။

၂။ ရှေးဟောင်း ကျောက်စာ၊ သမိုင်း၊ စဥ့်ကွင်းစာ၊ ခေါင်းလောင်းစာ၊ ရှေးအစီအစဉ်မြို့တည်နန်းတည်၊သံရောက်ဒုမင်္ဂလာ၊ သုမင်္ဂလသံဒေသကထာ၊ ပျို့ကဗျာ ရာဇဝင် စသည်များကို စောင့်ရှောက်ခြင်း။

၃။ ဓမ္မသတ်၊ ရာဇသတ်၊ ဆေးကျမ်း၊ ဓါတ်ကျမ်း၊ ဗေဒင်ကျမ်း၊ ဂဏန်းကျမ်း၊သဒ္ဒါကျမ်း စသည့် မာဂဓဘာသာ သသ်ကရိုက်ဘာသာ၊ ဗင်္ဂလီ နာဂရီ အင်္ဂလိပ် ပြင်သစ်ဘာသာစာကို မြန်မာဘာသာပြန်ဆိုခြင်းကို စောင့်ရှောက်ခြင်း။

၄။ ပရိယတ်သာသနာတော် မကွယ်ပရန် စာပြန်လုပ် စောင့်ရှောက်ခြင်း။

၅။ သာသနာတော်နှင့်ဆိုင်သော ဝတ်မိုးဝတ္တကံမြေများကို သာသနာပိုင်ဆရာတော် သုဓမ္မာဆရာတော်များအမိန့်၊ လွှတ်တော်အ

မိန့်များနှင့်စောင့်ရှောက်ရန် ဝတ်မြေဝန်ဟူသော အရာရှိများ သီးခြားခန့်ထား စောင့်ရှောက်ခြင်း။

၆။ ရတနာသုံးပါးနှင့်ဆိုင်သော ကျွန်းသီးတော်ကစ၍ အစောင့်အရှောက်များထား၍ စောင့်ရှောက်ခြင်း။

၇။ ကုန်းသတ္တဝါ ရေသတ္တဝါများကို ဘေးမဲ့ပေး၍ စောင့်ရှောက်ကျွေးမွေးခြင်း။

၈။ ဘာသာတရားဖြင့် လည်းကောင်း၊ နိုင်ငံသူနိုင်ငံသားတို့ အလိုဆန္ဒပြည့်ဝကြစေရန် ရတနာသုံးပါးအား ပူဇော်လှူဒါန်းခြင်း သာသနာတော်စောင့်၊တိုင်းစောင့်၊ ပြည်စောင့်၊မြို့စောင့် စသည့် နတ်တို့အား တင်သခြင်း၊ သူတော်သီလသည် သီတင်းစောင့်သူများနှင့် သူအိုသူနာများကို ဌာနခွဲခြား အစဉ်ထာဝရ စောင့်ရှောက်ပြုစုခြင်း။

၉။ ဗုဒ္ဓမြတ်စွာ သာသနာတော်၌ သာသနာပိုင်ဆရာတော်၊သုဓမ္မာဝင် ဆရာတော်တို့ အမိန့်တော်ချင်းစာ စသည့်တို့ကို လွှတ်တော်က အလေးဂရုပြု၍ ဆောင်ရွက်ခြင်း၊ လိုက်နာရန်အမိန့်ထုတ်ပြန်ဆင့်ဆိုခြင်း၊ မဟာဒါန်ဝန်၊ မဟာဒါန်စာရေး သီးခြားခန့်ထားဆောင်ရွက်ခြင်း။

၁၀။ သာသနာရေး၊ ပညာရေးဆိုင်ရာ ပိဋကတ်ပါဠိဇာတ် အဋ္ဌကထာ၊ဋီကာ၊ ဂန္ထန္တရကျမ်းများ၊ ဓမ္မသတ်ရာဇသတ်၊ ရာဇဝင်၊ အရေးတော်ပုံ၊ဗေဒင်ကျမ်း၊ဓာတ်ကျမ်း၊ ဆေးကျမ်း၊ အန္ဒိပ်ကျမ်း၊ အဿဘေဒကျမ်း၊ ဓါးခုတ်၊ လှံထိုး၊ လေးပစ်၊ ခဲပစ်၊ ဒိုင်းက၊ ကာက၊ လက်ဝှေ့ လက်ပမ်း၊ သတ်နည်း၊ တီးနည်း၊ မှုတ်နည်း၊ ကနည်း၊ ဆိုနည်း၊ ယင်းကဲ့သို့သောလက်မှုအတတ်ပညာများကိုရှေးအခါကပင်ဂါမဝါသီ ပွဲတော်ကျောင်းများတွင် သင်ကြားပေးကြောင်း ရှေးဟောင်းစာတို့၌ တွေ့ရပေသည်။

သို့ရာတွင် ဤကဲ့သို့ လက်မှုအတတ်များကို သင်ကြားပေးသော ကျောင်းများမှာ 'အနည်းစုသာဖြစ်၍ ဘုန်းတော်ကြီးကျောင်း ပညာရေးသည် အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုသောပညာရေးမျိုးမဟုတ်ပါ။ စာရေးစာဖတ်၊အတွက် အသုံးလုံးအတတ်ကိုအခြေခံပညာရေးအဖြစ် တတ်အောင် သင်ပေး၍ ဗုဒ္ဓဘာသာ ကျမ်းစာတတ်

အောင် သင်ကြားပို့ချပေးသော ဘာသာရေးသဘောဖြစ်သော ပညာရေးသာဖြစ်သည်။

တဖန်ရဟန်းများသည် အမျိုးသမီးများနှင့် ဗုဒ္ဓဘာသာအယူအဆအရ အတူတကွနေရန်မသင့်၍ ဘုန်းကြီးကျောင်းပညာရေးတွင် မိန်းကလေးများ ပညာသင်ခွင့်မရရှိခဲ့ပေ။

သို့သော် ၁၈၂၄ မှ ၁၈၅၂ အထိ ရခိုင်နှင့် တနင်္သာရီတို့သည်လည်းကောင်း၊ ၁၈၅၂ မှ ၁၈၈၅ ထိ ပဲခူးတိုင်း အပါအဝင်အောက်မြန်မာနိုင်ငံသည်လည်းကောင်း၊ ဗြိတိသျှလက်အောက် ကျရောက်ခဲ့ရ၍ အနောက်တိုင်း ပညာရေးကို ပျိုးကျဲပြန့်နှံ့စေခဲ့သဖြင့် ထိုကာလတွင် ဘုန်းကြီးကျောင်းပညာရေး၊ မှေးမှိန်ပြုခဲ့ရသည်ဟု ဆိုရပေမည်။ ဘုန်းတော်ကြီးကျောင်းပညာရေးကို အနောက်တိုင်းပညာ အာဝါသအောက်သို့ သွတ်သွင်းရန် အားထုတ်ခဲ့မှုများရှိခဲ့သည်။

အချုပ်အားဖြင့်ဆိုတော် အထက်၌တင်ပြခဲ့သည့်အတိုင်း၊ ရည်မှန်းချက်၊ သဘောတရား၊ သင်ရိုးများသည် ပြောင်းလဲခဲ့ရသည်။ ခေတ်အလိုက် ယဉ်ကျေးမှု လက်ဆင့်ကမ်းရေး သမိုင်းပေးတာဝန်ကို ထမ်းဆောင်ခဲ့သည်။ သို့သော် သီပေါမင်းလက်ထက် ၁၈၈၅ ခုနှစ်တွင် မြန်မာ့မြို့ရိုး ပြိုပျက်ခဲ့ရသည်။ သူ့ကျွန်ဘဝ ရောက်ခဲ့ရပေသည်။

# အခန်း ၉

## ကိုလိုနီခေတ်ဘုန်းကြီးကျောင်းပညာရေး

### (က) နောက်ခံကား

၁၈၂၄ မှ ၁၈၈၅ အထိ နှစ်ပိုင်းသည် အရင်းရှင်နယ်ချဲ့ စက်ကွင်းတွင်းသို့ ကျဆင်းသည့်ခေတ်''* ဖြစ်သည်။ ထိုခေတ်တွင် ခရစ်ယာန်သာသနာပြု ပညာရေးလုပ်ငန်းများ တစတစ အရှိန်ရလာမည်။ အမှန်မှာ- ၁၈၂၄ မတိုင်မီကပင် မြန်မာနိုင်ငံတွင် အနောက်တိုင်းပညာရေး အစပြုခဲ့ပေသည်။

**အနောက်တိုင်းပညာရေးအစ**

အနောက်တိုင်းပညာရေးသည် မြန်မာနိုင်ငံတွင် ၁၆ ရာစုနှစ်ခန့်က စတင်ခဲ့ပေသည်။ ၁၆ ရာစုနှင့် ၁၇ ရာစုနှစ်များတွင် သာသနာပြုလုပ်ငန်းများသည် တိုင်းရင်းသားများထက် ပေါ်တူဂီလူမျိုးနှင့် ဗရင်ဂျီဂိုဏ်းဝင်များအတွက်သာဖြစ်ပေသည်။

> ''၁၇၂၁ ခုနှစ်တွင် ဗာနဗိုက်ဂိုဏ်းဝင် ဘုန်းကြီးဖားသားဆစ်ဂသစ်စမန်ကာလချီတို့ ရောက်လာသည်မှစ၍ မြန်မာနိုင်ငံ၌ အနောက်တိုင်းပညာသင်ကြားရေးစနစ် အခန်းသစ်ဖွင့်ခဲ့သည်ဟု ဆိုရပေမည်။ ယင်းတို့နောက် သာသနာပြန့်အဖွဲ့ ဘုန်းကြီးများ (၁၈၂၉-၁၈၄၀)ကျူရင်မြို့၊ အိုဗလိတ်များ (၁၈၄၀-၁၈၅၅)နှင့် ပါရစ်မြို့၊ အာဂန္တုမစ်ရှင် (၁၈၅၅ ခုနှစ်နောက်ပိုင်း) စသော ဂိုဏ်းအဖွဲ့အစည်းများဆက်၍ ရောက်ရှိလာကာ အနောက်တိုင်း ပညာရေးစနစ်ကို ပျိုးထောင်ခဲ့ကြသည်။ ''**

---

* ဗိုလ်ဘရှင်၊ ''မြန်မာနိုင်ငံတော်သမိုင်း'' ရန်ကုန်၊ ပြည်သူ့အလင်း ပုံနှိပ်တိုက်၊ သတ္တမအကြိမ်၊ ၁၉၅၉။ စာမျက်နှာ-၂၆၇။

** 'မြန်မာ့စွယ်စုံကျမ်း' အတွဲ-၁၀။ စာပေဗိမာန်။ ၁၉၆၆-စာမျက်နှာ။ ၁၄၇။

သို့ရာတွင် ၁၈၂၄ ခုနှစ်လောက်အထိ ယင်းသာသနာပြု အဖွဲ့ဝင်များသည် ခုနှစ်ဦးထက်မပို။ အင်းဝ၊ ရန်ကုန်၊ စစ်ကိုင်းနှင့် ရွှေဘိုဒေသရှိ ဗရင်ဂျီကျေးရွာများတွင် စခန်းချလေ့ရှိကြောင်း သိရသည်။ ယင်းတို့ သင်ကြားပေးသော ပညာရေးမှာလည်း အသုံးလုံးပညာရေး အရေးအဖတ်၊ အတွက်နှင့် ခရစ်ယာန်ဘုရားရှိခိုးတို့သာ ဖြစ်ပေသည်။ ဘုန်းကြီးကျောင်းပညာရေးနှင့် ကွာခြားလှသည် မဟုတ်သေးပေ။

မြန်မာနိုင်ငံတွင် စတင်ဝင်ရောက်ခဲ့သော ခရစ်ယာန်သာသနာပြု လုပ်ငန်းအကြောင်းကို ပေါ်ပြုလျှင် ပေါ်တူဂီ၊ အီတလီ၊ အင်္ဂလိပ်တို့ ကြီးမှူးသော ဥရောပသာသနာပြုလုပ်ငန်းနှင့် အမေရိကန် သာသနာပြု လုပ်ငန်းဟူ၍ ၂ ပိုင်းခွဲခြား၍ တင်ပြသင့်ပေသည်။ ဥရောပသာသနာပြု လုပ်ငန်းတွင်လည်း ရိုမင်ကက်သလစ်[၁] "နောက်ပိုင်းတွင် ပရိုတက်စတင့် ဘာသာများပါဝင်လျက် အမေရိကန်သာသနာပြု လုပ်ငန်းတွင် ဘက်ပတစ် ခရစ်ယာန် နှစ်ချင်းသာသနာပြု လုပ်ငန်း"[၂] များ ပါဝင်ပေသည်။

## ရိုမင်ကက်သလစ်သာသနာပြုလုပ်ငန်း

မြန်မာပြည်သို့ ရှေးဦးပထမရောက်လာသော ရိုမင်ကက်သလစ်မှာ ပီရာရီဘွန်ဗာ[၃] ဆိုသူ ဖြစ်ပေသည်။ ပီရာရီဘွန်ဗာသည် ၁၅၅၄ မှ ၁၅၅၇ ခုနှစ်အတွင်း သံလျင်မြို့တွင်နေထိုင်လျက် ပဲခူးနေ တလိုင်းလူမျိုးများကို ဘာသာရေးသိမ်းသွင်းရန် ကြိုးပမ်းခဲ့ပေသည်။ သို့ရာတွင် မအောင်မြင်၍ အိန္ဒိယသို့ပြန်သွားခဲ့ရပေသည်။

နီကိုလပ်(စ်)ပီမင်တာနှင့် ဘိုဇစ်[၄] ဘုန်းကြီးနှစ်ပါးသည် မြန်မာပြည်သို့ ရောက်ရှိခဲ့ပြန်သည်။ ဒီဘရစ်တို၏ ခွင့်ပြုချက်အရ သာသနာပြုလုပ်ငန်းများကို ထိုဘုန်းကြီးနှစ်ပါး လုပ်ကိုင်ခဲ့သည်။ သို့ရာတွင် သာသနာပြု လုပ်ငန်းမှာ မအောင်မြင်ခဲ့ပေ။

၁၇၄၉ ခုနှစ်တွင် ဘုန်းတော်ကြီး နာရနီ[၅] သည် သံလျင်မြို့တွင် ဘုရားရှိခိုးကျောင်းနှင့် ကျောင်းသား(၄၀)ခန့် နေနိုင်သော အဆောင်တခုကို ဆောက်လုပ်၍ သာသနာပြုလုပ်ငန်းကို လုပ်ကိုင်ခဲ့ပေသည်။

---

၁ Roman Catholic Mission.
၂ American Baptist Mission.
၃ pierre Bonfer.
၄ Nicolas Pimenta and Boxes.
Father Nerini

မိဖမဲ့ ကလေးများအတွက်လည်း အဆောင်တခု ဆောက်လုပ်ခဲ့သည်။ ယောကျ်ားကလေးများကို ပထဝီ၊ သင်္ချာ၊ ရေကြောင်းသွားအတတ်၊ လက်မှုပညာများကို သင်ကြားပေးလေသည်။

## ပထမဆုံးပုံနှိပ်မြန်မာစာအုပ်

ဘုန်းတော်ကြီး ပါရိုတို[1] သည် ၁၇၇၆ ခုနှစ်တွင် မြန်မာအက္ခရာကို ရောမနိုင်ငံတွင်ပုံနှိပ်ပြီး မြန်မာပြည်တွင် ထုတ်ဝေသည်။ ထိုစာအုပ်သည် ပထမဆုံးပုံနှိပ်မြန်မာစာအုပ် ဖြစ်ပေသည်။

၁၇၈၃ ခုနှစ်တွင် ဘုန်းတော်ကြီး စန်ဂျာမနို[2] မြန်မာပြည်သို့ ရောက်ရှိလာသည်။ မြန်မာစာ၊ မြန်မာစကားကို တတ်ကျွမ်း၍ တိုင်းရင်းသားများနှင့် ရင်းနှီးသူ ဖြစ်ပေသည်။ စာပေပညာ၊ တရားစာတို့ကို သင်ကြားပို့ချ ပေးသည်။

နောက်ပိုင်း၌ ရိုမင်ကက်သလစ် လုပ်ငန်းရပ်များတွင် မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများ တည်ထောင်လျက် ပညာသင်ကြားပေးခြင်း၊ စက်မှုလက်မှု ပညာသင်ကျောင်း မိဘမဲ့ဂေဟာ၊ ကလေးမွေးမြူရေးဌာန၊ ဆေးပေးခန်း၊ ဆေးရုံ၊ လူအိုရုံ၊ အမျိုးသမီး ဂေဟာ၊ အနာကြီးရောဂါရုံ စသည်ဖြင့် လူမှုရေး၊ ပညာရေး လုပ်ငန်းများကို အဓိကထား၍ သာသနာပြုခဲ့ကြသည်။ *

## အမေရိကန် သာသနာပြုလုပ်ငန်း

၁၈၁၃ ခုနှစ် ဇူလိုင်လ၊ ၁၂ ရက်နေ့တွင် မြန်မာတို့က ဆရာယုဒသန်ဟု ခေါ်သော အမေရိကန် အမျိုးသား မစ္စတာအဒိုနိရမ်ဂျပ်ဆင်[3] သည် အမေရိကန် သာသနာပြု လုပ်ငန်းများ ဆောင်ရွက်ရန် ရန်ကုန်မြို့

---

၁ Parcoto

၂ Sangermano.

* ဦးဘခင်၊ "နိုင်ငံခြား သာသနာပြု အသင်းအဖွဲ့များ" ဟံသာဝတီ ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၆၃၊ မျက်နှာ ၂၂-၂၃။

၃ Adoniram Judson.

၁၈၅၂ ခုနှစ်တွင် လည်းကောင်း၊ ဗြိတိသျှတို့ လက်ဝယ်သို့ ကျရောက်ခဲ့ရသည်။ ၁၈၈၆ ခုနှစ်တွင်ကား မြန်မာတပြည်လုံး ဗြိတိသျှတို့၏ အောက်သို့ 'ကျွန်' အဖြစ် ရောက်ခဲ့ရတော့သည်။ မြန်မာတို့ ထီးသုဉ်း နန်းသုဉ်း၊မြို့သုဉ်းသုည၊သုဉ်းသုံးဝဖြင့် ကြုံရတော့သည်။ ထို့ကြောင့်ပင် ဆီးဘန်နီဆရာတော်က–

"ထီးသုဉ်းနန်းသုဉ်း၊ မြို့သုန်းသုည၊ သုဉ်းသုံးဝဖြင့်၊ သုဉ်းရပြန်လစ်၊ သုညခေတ်ဝယ်၊ ဖြစ်လာရလေ၊ တို့တတွေသည် သေသော်မှတည့် ဩော်ကောင်း၏" ဟူ၍ စိတ်အနာကြီး နာလျက် ရေးစပ်တော်မူသည်။

သီပေါမင်းနှင့် စုဖုရားလတ်တို့ကို စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးလျက် ၁၂၄၇-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၈-ရက်၊ ၁၈၈၆-ခု၊ ဇန်နဝါရီလ ၁-ရက်နေ့တွင် မြန်မာနိုင်ငံ အထက်ပိုင်းသည် ဗြိတိသျှပိုင် ဒေသဖြစ်ကြောင်း ကြေညာလေသည်။

လတ်မင်းကြီး ဒပ်ဖရင် အမိန့်ပြန်တမ်း ထုတ်ပြန်သည်မှာ–

"ဝိတိုရိယ ဘုရင်မကြီး၏ အမိန့်အရ၊သီပေါမင်း အုပ်ချုပ်ခဲ့သော ပိုင်နက်ဒေသ အားလုံးသည် သီပေါမင်းလက်အောက်ခံ မဟုတ်တော့၍ အရှင်သခင် ဘုရင်မကြီး၏ပိုင်နက်တွင် တစိတ်တဒေသအဖြစ် ပါဝင်ခဲ့ပြီ ဖြစ်သည်။ အရှင်သခင် ဘုရင်မကြီး၏ အလိုတော်အတိုင်း ထိုဒေသများကို အိန္ဒိယဘုရင်ခံချုပ်နှင့် ဘုရင်ခံတို့က အခါအားလျော်စွာ ခန့်ထားပ်သွားမည့် အရာရှိများမှတဆင့် စီရင်အုပ်ချုပ်လိမ့်မည် ဖြစ်ကြောင်း ကြေညာအပ်သည်။" * ဟု ဖြစ်လေသည်။

သီပေါမင်း ပါတော်မူရသည်နှင့် စပ်လျဉ်း၍ စာပေသုတေသီတို့က အောက်ပါအတိုင်း မှတ်ချက်ချကြလေသည်။

"သီပေါ မင်းတရားသည် မြန်မာနိုင်ငံ လွတ်လပ်ရေး၏ အထိမ်းအမှတ် ဖြစ်သည်။ သမိုင်းနိုင်သော မြန်မာနိုင်ငံ၏ သမိုင်းကိုကြည့်လျှင် လွတ်လပ်ရေး ကျဆုံးခဲ့သည် မရှိချေ။ နိုင်ငံခြားသား လာရောက်၍ အုပ်စိုးဖူးသည်ဟု မရှိချေ။ ဗြိတိသျှတို့နှင့်

* ဒေါက်တာ ကျော်သက်၊ ယခင်ဖော်ပြပြီး၊ စာမျက်နှာ-၄၂၃။

သို့ စတင် ရောက်ခဲ့ပေသည်။ ဂျပ်ဆင် ဇနီးမောင်နှံသည် ပထမဆုံး ရန်ကုန်သင်္ဘောဆိပ်မှ မိုင်ဝက်ခန့် ဝေးသောဒေသရှိ နှစ်ခြင်းသာသနာပြု အိမ်ကြီးတွင် နေထိုင်လျက် မြန်မာစကား၊ မြန်မာစာ၊ ဗုဒ္ဓဘာသာ လောကုတ္တရာ စာပေများကို လေ့လာလိုက်စားခဲ့သည်။ ပါဠိ-မြန်မာ အဘိဓာန်ငယ်တစောင်၊ မြန်မာ-အင်္ဂလိပ် အဘိဓာန်တို့ကို ပြုစုခဲ့သည်။ သမ္မာကျမ်းစာကိုလည်း မြန်မာဘာသာသို့ ပြန်ခဲ့သည်။

ဂျပ်ဆင်သည် ၁၈၁၃ မှ ၁၈၅၀ ပြည့်နှစ်အထိ (၃၇) နှစ်တာမျှ မြန်မာနိုင်ငံတွင် နေထိုင်လျက် မြန်မာစာပေနှင့် ခရစ်ယာန်ဘာသာလုပ်ငန်းအတွက် ကြိုးပမ်း ဆောင်ရွက်ခဲ့ပေသည်။

အချုပ် အားဖြင့် တင်ပြရသော် ၁၆၀၀ - ၁၈၂၄ ကာလတွင် အနောက်နိုင်ငံ သာသနာပြုလုပ်ငန်းများ စတင် ထွန်းကားလာသည်။ သာသနာပြု ပုဂ္ဂိုလ်များ၏ ကြိုးပမ်းမှုကြောင့် မြန်မာနိုင်ငံတွင်—

- စာပုံနှိပ်စက်ဖြင့် ရိုက်နှိပ်ထုတ်ဝေသော မြန်မာစာအုပ်များ ပေါ်ပေါက်လာခြင်း။
- အေ၊ ဘီ၊ အမ် ပုံနှိပ်စက်မှ သတင်းစာများ ရိုက်နှိပ်ခြင်း။
- သာသနာပြုကျောင်းများ ဖွင့်လှစ်ခြင်း။
- ကျောင်းသုံးစာအုပ်များ ပေါ်ပေါက်ခြင်း။
- ၁၈၁၃ နောက်ပိုင်းတွင် ထောက်ပံ့ကြေးပေးသည့် စံနစ် ပေါ်ပေါက်ခြင်း။
- ဂျပ်ဆင် မြန်မာသဒ္ဒါနှင့် အဘိဓာန် စာအုပ်များ ထွက်ပေါ်လာခြင်းတို့သည် သာသနာပြုလုပ်ငန်းနှင့် ယှဉ်တွဲ ဖြစ်ပေါ်

ခဲ့သော ပညာရေး ပြောင်းလဲမှု လမ်းမျှောများ ဖြစ်သည်ကို တွေ့ရှိရပေသည်။ မြန်မာနိုင်ငံ ဘုန်းကြီးကျောင်း ပညာရေးစံနစ်သည် သာသနာပြုများ၊ နယ်ချဲ့များ၏ ပညာရေးစံနစ်နှင့် ယှဉ်ပြိုင်ရန် ခင်ပြိုင်သဘော မျိုး ဖြစ်လာရပေသည်။

## ပါတော်မူ—

### သိပေါမင်း

ရခိုင်နှင့် တနင်္သာရီမှာ ပထမအင်္ဂလိပ်မြန်မာ စစ်ပွဲအပြီး ၁၈၂၆ ခုနှစ်တွင် လည်းကောင်း၊ ပဲခူးနယ်မှာ ဒုတိယအင်္ဂလိပ်နယ်ချဲ့ စစ်ပွဲအပြီး

ပေးရန်-လျှောက်ထားသင့်ကြောင်း'' ၁၈၆၃-၆၄ ခုနှစ်တွင် အိန္ဒိယပြည် ဘုရင်ခံချုပ်ထံသို့ တိုင်းရင်းသား ဘာသာ ပြန့်ပွားရေးအစီအစဉ်တရပ်ကို တင်ပြခဲ့ဖူးပေသည်။

ယင်း တင်ပြချက်သည် ဘုန်းကြီးကျောင်း ပညာရေးကို အနည်းငယ် ထောက်ပံ့ခြင်းဖြင့် ပညာရေးအတွက် ကုန်ကျမည့် စရိတ်ကို သက်သာစေနိုင်သည်ဆိုသော အချက်မှာ အဓိကဖြစ်ကြောင်း အောက်ပါ မှတ်ချက်အားဖြင့် သိသာနိုင်ပေသည်။

''အကယ်၍ မြို့တိုင်း ရွာတိုင်း တို့တွင် တိုင်းရင်းဘာသာကျောင်းများ တည်ထောင်ပါကလည်း လက်ရှိ ဘုန်းကြီးကျောင်းများနှင့် အပြိုင်အဆိုင် ပြုမူသည်ဟူ၍လည်း ယူဆမည်ကို စိုးရိမ်ရန် ရှိလေသည်။

ထိုသို့သောကျောင်းများကို ထောက်ပံ့ရသော စရိတ်သည်လည်း အတော်ပင် ကြီးလေးမည် ဖြစ်လေသည်။ သို့အတွက် ဘုန်းတော်ကြီးအား ထိုဖော်ပြခဲ့သောစာအုပ်စုကို ၎င်းတို့ ယခုသင်ကြားလျက်ရှိသော စာစုနှင့်အတူ တကွ လက်ခံသင်ကြားရန်နှင့် ကျောင်းရှိ သာမဏေတို့ သင်ကြားပြသစေရန် ဆရာတယောက်ကို ရံဖန်ရံခါ ကျောင်းသို့လာစေလျက် ဆောင်ရွက်ပါမူ ယခုကြံရည်လျက်ရှိသော ကိစ္စကို ထောက်ခံမည့်သူများ ရရှိနိုင်မည်ဖြစ်သည့်အပြင် အတိုက်အခံ ပြုလုပ်မည့် သူများ လည်း မပေါ်မထွက် ရှိပေလိမ့်မည်။ ၎င်းပြင်လည်း အဆောက်အအုံ ဆရာများ စသည်တို့နှင့် စပ်လျဉ်း၍ ကုန်ကျရန်ရှိသော စရိတ်များကိုလည်း မကုန်မကျ ရှိပေသည်''*

ဖယ်ယာက ဘုန်းကြီးကျောင်းသို့ပေးရန် ရည်ရွယ်ထားသော စာအုပ်စာတန်းများမှာ....

- ဟောင်း၏ပထဝီဝင်ချုပ်
- မြေတိုင်းပညာနှင့် တြိဂံဖွဲ့၍တိုင်းတာနည်း

---

* တိုင်းရင်းဘာသာပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာရေး ပြုပြင်စီမံမှုကော်မီတီ၊ အစီရင်ခံစာ၊ ၁၉၃၆၊ မျက်နှာ ၁၇၉။

ရင်းကျောင်းတော်ကြီးတွင် သင်ရန် အခမ်းအနားတို့၌ အပြီးသို့ ရောက်သည့်တိုင်အောင် ကျောင်းနိမ့်၊ ကျောင်းလပ်၊ ကျောင်းမြင့်ဟူ၍ သုံးဆင့်ခွဲထားလျက်ရှိ၏။ ဆိုခဲ့သော ကျောင်းကြီး၌ သင်ရသောအရာမှာ မြန်မာ၊ ပါဠိ၊ အင်္ဂလိပ်စာများတို့အပြင်၊ အမှုဆောင်ရန် ဖြစ်သော ဆေးအတတ်၊ ကြေးနန်းကြိုးအတတ်၊ တရားဥပဒေအတတ်၊ မြေတိုင်းဗိုလ်အတတ်မှစ၍ အကျိုးဖြစ်စေတတ်သော အတတ်မျိုးတို့ကို စုံလင်စွာ သွန်သင်ပြသဖို့ရန် ကြံစည်ကြပေသည်။” *

## ဆာအာသာဖယ်ယာ၏ ဘုန်းကြီးကျောင်း ပညာရေးအပေါ် သဘောထား

အမှန်စင်စစ် နယ်ချဲ့တို့သည် မြန်မာနိုင်ငံအတွင်း အခြေခံ မူလတန်းပညာ ပျံ့နှံ့စွာ တတ်မြောက်ရန်ကိုသာ ရည်ရွယ်ယင်း ရှိခဲ့ပေသည်။ ပညာရေးဝါဒနှင့် လမ်းစဉ်ကို အိန္ဒိယပြည်မှ ညွှန်ကြားချက် အတိုင်းလိုက်နာ ဆောင်ရွက်ရပေသည်။ ဗြိတိသျှ မြန်မာနိုင်ငံ၏ ပထမဆုံး မဟာဝန် ရှင်တော်မင်းကြီးဖြစ်သူ ဆာအာသာဖယ်ယာသည် ၁၈၆၆ ခုနှစ်တွင် ရှိရင်း ဘုန်းကြီးကျောင်း ပညာရေးကို အခြေပြု၍ ပညာရေးစနစ်တခု တီထွင်ရန် ကြိုးပမ်းခဲ့သည်။ ဖယ်ယာ၏ အကြောင်းပြချက်တွင်—

“ဘုန်းကြီးကျောင်းများမှာ ပရဝုဏ် သန့်ရှင်းခြင်း၊ နေရာကျယ်ပြန့်ခြင်း၊ အဆောက်အအုံများပြားခြင်း၊ ပတ်ဝန်းကျင် ကျောင်းရိပ်ကန်ရိပ် ဆိတ်ငြိမ်သာယာခြင်းနှင့် ပြည့်စုံ၍ ဘုန်းတော်ကြီးများ၏ သြဇာတိက္ကမ ကြီးမားသည်။ ဘုန်းတော်ကြီး ပညာသင်ကြားရေးတွင် ကလေးသူငယ်များ အရေး၊ အဖတ် အတွက် တတ်မြောက်ရုံမက ဘုန်းတော်ကြီးများ၏ ဆုံးမသြဝါဒများကြောင့် လိမ္မာယဉ်ကျေးခြင်း၊ အကျင့်စာရိတ္တကောင်းမွန်ခြင်း စသည်တို့ကို တွေ့ရကြောင်း။ ထို့ကြောင့် တိုင်းရင်းဘာသာ ပညာသင်ကြားရေးအတွက် ဘုန်းတော်ကြီး ကျောင်းများအား လိုရာ စာအုပ်များကို လှူဒါန်း၍ လောကီရေးရာ အတွက်လည်း အသုံးဝင်မည့် သင်ခန်းစာများကိုပါ သင်ကြား

---

* မစ္စတာဟောင်း၊ “ပထဝီဝင်ချုပ်” အမေရိကန် သာသနာပြု အသင်း ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၈၇၄၊ မျက်နှာ-၁၇၁။

ရာဇဝင် – ဂရိ၊ ရောမ၊ အင်္ဂလန်နှင့် ဗြိတိသျှ အိန္ဒိယ ရာဇဝင် အကျဉ်း။
ပထဝီဝင် – ဥရောပ၊ အာရှ၊ အမေရိကတိုက်၊ အာဖရိကတိုက် များ မြေပုံနှင့် ဗြိတိသျှ မြန်မာပြည်တို့ကို သင်ကြား ရပါသည်။
သဒ္ဒါ – ဘာသာရပ် တခုအနေနှင့် သင်ကြားပေးပါသည်။
ဂဏန်းသင်္ချာ – ရိုးရိုးနှင့် ထပ်တိုး အချိုးတွက်၊ ဒသမနှင့် အပိုင်း ဂဏန်း၊ အတိုးရိုးရိုးနှင့် နှစ်ထပ်တိုး၊ အရင်းလျော့ နှုန်းမှန်၊ အစုစပ်၊ နှစ်ထပ်ကိန်းရင်းနှင့် ဧရိယာ အတိုင်းအထွာ တွက်တို့ကို သင်ကြားရပါသည်။
အက္ခရာသင်္ချာ – ရိုးရိုးညီမျှခြင်းနှင့် ပုစ္ဆာများ။
ဘာသာပြန် - အင်္ဂလိပ်မှ မြန်မာသို့နှင့် မြန်မာမှ အင်္ဂလိပ်သို့ ပြန် ဆိုခြင်း။
စာစီစာကုံး - လက်ာကို စကားပြေ ပြန်ဆိုခြင်းနှင့် ရာဇဝင် မေး ခွန်းများ ဖြေဆိုခြင်း။
မြန်မာစာ - ရွေးရာဇဝင်တအုပ်လုံးကို သင်ကြားရကြပါသည်။

အငယ်ဆုံးဖြစ်သော သတ္တမတန်းတွင် သင်ကြားရသော ဘာသာ များမှာ အင်္ဂလိပ် စာလုံးပေါင်း စာအုပ်မှ ထုတ်နုတ်ချက်များ၊ ဂဏန်း သင်္ချာတွင် အရေအတွက်နှင့် အပေါင်း၊ မြန်မာစာတွင် ရုပ်ပုံဖတ်စာ အုပ်မှ အခန်းများနှင့် သင်ပုန်းပေါ်တွင် ရေးခြင်းတို့ ဖြစ်ပါသည်။ ဗြိတိသျှ မြန်မာနိုင်ငံ၏ ပညာရေးအခြေအနေကို ခြုံငုံ၍ ပထဝီဝင်ချုပ် စာအုပ်ပါ အချက်အလက်တို့ကို ကိုးကားတင်ပြလိုက်ပါသည်။

"စစ်တွေ၊ ရန်ကုန်၊ မော်လမြိုင်မှစ၍ အခြားသော အရပ် တို့၌ရှိသော အစိုးရကျောင်းများနှင့်တကွ သာသနာပြုကျောင်း၊ ဘုန်းကြီးကျောင်း၊ အလွတ်ကျောင်းများတို့၌ စာသင်ပေးသည့် အတွက် အစိုးရတို့က ထောက်မပြုစုသဖြင့် စရိတ်ငွေကျပ်သုံး ဒင်္ဂါးပြားရေ ၁၁၅၊ ၆၉၅-ကျပ်ကို ၁၈၇၂ ခုနှစ်တွင် ပြည့် ဘဏ္ဍာတော်ထဲက ထုတ်ပေးလေ၏။ ထိုမှတပါး အစိုးရတို့သည် ထပ်မံ၍ ကြံစည်ကြသည်မှာ အင်္ဂလိပ်ပိုင် မြန်မာပြည်လုံးအဖို့ ရန်ကုန်မြို့တွင် သိပ္ပံအဘတ်အမျိုးမျိုး သင်ရန် အစိုးရကျောင်း တော်ကြီးကို ၁၈၇၄ ခုနှစ်ဘွင် အစပြု တည်ထောင်ကြလေပြီ။

နှစ်ဘာသာ သင်ကျောင်းများကို မော်လမြိုင် (၁၈၃၅-ခုနှစ်)၊ ကျောက်ဖြူ(၁၈၃၇ခုနှစ်)နှင့် စစ်တွေ(၁၈၄၄-ခုနှစ်)မြို့တို့တွင် စတင်ဖွင့်လှစ်ပေးခဲ့သည်''*

၁၈၂၄ ဖေတိုင်မိ ရခိုင်ပြည်၏ ပညာရေးမှာ ဘုန်းကြီးကျောင်း ပညာရေးပင် ဖြစ်ပေသည်။ ကျောက်ဖြူနှင့် စစ်တွေမြို့များတွင် အင်္ဂလိပ် မြန်မာနှစ်ဘာသာ သင်ကျောင်းများ ဖွင့်လှစ်သောအခါကျမှ ဗြိတိသျှ ပညာရေးစနစ် စတင်အုတ်မြစ်ချခဲ့ခြင်း ဖြစ်ပေသည်။

ထိုကျောင်းများတွင် သင်ကြားပို့ချသော ဘာသာရပ်များမှာ ဘုန်းကြီးကျောင်း ပညာရေး သင်ရိုးနှင့် မတူဘဲ ခေတ်မီတိုးတက် ပြောင်းလဲနေသည်ကို တွေ့ရပေသည်။ ''ပထမတန်းတွင် သင်ကြား ရသော ဘာသာရပ်များနှင့် သင်ရိုးအင်္ဂလိပ်စာတွင် စကားပြေနှင့်လင်္ကာ သဒ္ဒါ၊ စကားပြေပြန်ဆို ရေးသားခြင်း၊ သတ်ပုံသတ်ညွှန်း၊ ဘာသာ ပြန်ဆိုခြင်းနှင့်စာစီစာကုံး၊ ပထဝီဝင်၊ ရာဇဝင်အကျဉ်း၊ ဂဏန်းသင်္ချာ၊ ယူကလစ်နှင့် မြန်မာစာတွင် သုဓမ္မစာရီတို့ ဖြစ်ကြပါသည်''** ဤသင် ရိုးမှာ ကျောက်ဖြူကျောင်း၏ သင်ရိုးဖြစ်သည်။ ထူးခြားသည်မှာ ထိုကျောင်းတွင် ပထမတန်းမှ သတ္တမတန်းအထိ (၇)တန်းရှိရာ ပထမ တန်းသည်အကြီးဆုံးဖြစ်၍ သတ္တမတန်းသည် အငယ်ဆုံးဖြစ်ခြင်းပင် ဖြစ် ပေသည်။ ပထမတန်း ကျောင်းသားများကိုလည်း ကနှင့်ခ အုပ်စုခွဲ၍ ကအုပ်စုဝင်တော်သော ကျောင်းသားများကို ဆရာဖြစ်အတတ်ကိုပါ သင်ကြားပေးသည်ကို တွေ့ရသည်။ ကျောင်းသုံးစာအုပ်များ၊ စာကြည့် တိုက်များရှိကြောင်းကိုလည်း တွေ့ရသဖြင့် ခေတ်မီပညာရေးကို စတင် နေပြီဟု ဆိုနိုင်ပါသည်။ ၁၈၄၆ ခုနှစ်တွင် တည်ထောင်သော စစ်တွေ ကျောင်းမှာ သင်ရိုးအရန္တိုင်းယှဉ်ကြည့်လျှင် ကျောက်ဖြူကျောင်းထက် အဆင့်မြင့်မားသည်ကို တွေ့ရပေသည်။

အင်္ဂလိပ်စာ – စကားပြေ ဖတ်စာအမှတ်-၄ မှ သင်ခန်းစာပေါင်း ၄၄ ခု၊ လင်္ကာ ဖတ်စာအမှတ်-၂ မှ သင်ခန်းစာ ပေါင်း ၃၂ ခု ပြဋ္ဌာန်းထားပါသည်။

* ''မြန်မာ့စွယ်စုံအတွဲ ၁၀''၊ စာမျက်နှာ-၁၄၀။
** မကြန် ''သမိုင်းတံခွန်'' အတွဲ-၁၊ စာစောင်-၁၊ ၁၉၆၀ ခု၊ မျက်နှာ-၇၅။

ပထမဦးဆုံး ပညာမင်းကြီးမှာ နှစ်ခြင်းခရစ်ယာန်ဂိုဏ်းဝင် သာသနာပြု တဦးဖြစ်သော ဆရာဟောက်ဖြစ်သည်။

၁၈၆၅ ခုနှစ်တွင် ဝန်ရှင်တော်မင်းကြီး ဆာအာသာဖယ်ယာက ဗုဒ္ဓဝါဒီ ဘုန်းတော်ကြီးကျောင်းများကိုအခြေပြုကာ မြန်မာ့ပညာရေး စနစ်သစ်တရပ်ကို ခေတ်မီအောင် ကြိုးပမ်းအားထုတ်ဖို့ ကြံရွယ်ခဲ့သည် မှန်သော်လည်း အထက်ပါ မကောလေး၏ ပညာရေးအယူအဆနှင့် ချားစဝုစာချွန်တော်၏ သဘောထားကြောင့် အကောင်အထည် မပေါ်ဘဲ ပျက်ပြားသွားခဲ့ရပေသည်။

ဤကား ဘုန်းတော်ကြီးကျောင်းပညာရေးသမိုင်းတွင် ကိုလိုနီနယ်ချဲ့ တို့၏ ပထမခြေလှမ်းချခဲ့ပုံသမိုင်းနောက်ခံကားပင် ဖြစ်ပေသည်။

## (ခ) သီပေါမင်းပါတော်မူချိန်က ဗြိတိသျှ မြန်မာနိုင်ငံ၏ ပညာရေး အခြေအနေ။

ကိုလိုနီပညာရေးမျိုးစေ့။ ။ဗြိတိသျှ မြန်မာ နိုင်ငံတွင် ရခိုင်၊ တနင်္သာရီနှင့် ပဲခူးနယ်များ ပါဝင် သည်။ ထိုသုံးနယ်ကို ခရိုင်ဝန်ရှင်တော်မင်းကြီးတဦးစီက အစပထမတွင် အုပ်ချုပ်သည်။ ၁၈၆၂ ခုနှစ်မှစ၍ ထိုသုံးနယ်ကို ဗြိတိသျှမြန်မာနိုင်ငံဟု ခေါ်တွင်စေခဲ့သည်။ မဟာဝန်ရှင်တော်မင်းကြီး တဦးတည်းက ကွပ်ကဲ အုပ်ချုပ်သည်။ သီပေါမင်းပါတော်မူချိန်တွင် ဗြိတိသျှ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ပညာရေးစသည်တို့သည် အတော်အတန် အခြေကျလျက်ရှိပြီဟု ဆိုနိုင်ပါသည်။

> "အင်္ဂလိပ်-မြန်မာ နှစ်ဘာသာ သင်ကျောင်းများ ကိုမူ အောက်မြန်မာပြည်တွင် ပထမ ဖွင့်ဖြစ်လေသည်။ မြန်မာပြည်ကို ခေတ်နောက်ကျမှုမှ လွတ်မြောက်စေရန် ခေတ်မီ ပညာရေးကို ပေးရမည်ဟူသော အယူအဆ မျိုးကို အင်္ဂလိပ်တို့သည် အောက်မြန်မာပြည်ကို သိမ်းပြီး စတွင် ပြောဆိုကြကြောင်း မှတ်တမ်းများတွင် တွေ့ရှိ ရ၏။ သို့သော် အင်္ဂလိပ်အစိုးရသည် တိုင်းပြည်အုပ်ချုပ် ရန် အင်္ဂလိပ်စာတတ်အမှုထမ်းများလည်း လိုအပ်လေရာ တချက်ခုတ် နှစ်ချက်ပြတ် သဘောဖြင့် အင်္ဂလိပ် မြန်မာ

(၂) အင်္ဂလိပ်ဘာသာကိုသာ သင်ကြားမှုမဏ္ဍိုင် အဖြစ် အသုံး ပြုရန်နှင့်-

(၃) အသားအရောင်အားဖြင့် ညိုသော်လည်း အင်္ဂလိပ် ဘာသာ တတ်ကျွမ်း၍ အင်္ဂလိပ်လို တွေးခေါ်ကာ အင်္ဂလိပ်စိတ် ပေါက်နေသော လူတန်းစားတရပ် မွေး ထုတ်ပြီးနောက် ယင်းတို့ကိုတိုင်းရင်းသားလူမျိုးများနှင့် အုပ်ချုပ်သူ အကြားတွင် ပေါင်းကူးတန်တားသဖွယ် ဆောင်ရွက်စေရန်ပင် ဖြစ်၏။

ဤကား မြန်မာနိုင်ငံကိုလိုနီပညာရေးစနစ်(၀ါ) ကျွန်သက်ရှည်စေ မည့် ပညာရေး၊ မူဝါဒဖြစ်ပေါ်လာစေမည့် ရေသောက်မြစ်ပင် ဖြစ် ပေသည်။

ဤကဲ့သို့ အယူအဆမျိုး ရှိနေချိန်တွင် ၁၈၅၄ ခုနှစ်၌ အင်္ဂလိပ် ဘာသာသင်ကြားရေးကို အမိကအားပေးရန် ချားစဝုစာချွန်တော်ကို အရှေ့အိန္ဒိယ ကုမ္ပဏီက ထပ်မံကျေညာလိုက်သည်။ ထို့ကြောင့်ပင် အင်္ဂလိပ်ပညာ သင်ကြားရေးသည် ပိုမိုခိုင်မာ သွားခဲ့ပေသည်။

ချားစဝု၏ စာချွန်တော်တွင် ပါဝင်သော ပညာရေးမူဝါဒဆိုင်ရာ အချက်အလက်များ....

- အထွေထွေပညာရေးစနစ်ကို အကောင်အထည်ဖော်ရာတွင်တိုင်းရင်း ဘာသာစာပေသည် အရေးကြီးသည် မှန်သော်လည်း အင်္ဂလိပ် ဘာသာစာပေကိုလည်း ဦးစားပေး ဖြန့်ဖြူးရမည် ဖြစ်ပေသည်။
- ပညာရေးဌာနတခုဖွဲ့စည်း၍ လုပ်ငန်းကြီးများကို ကြီးကြပ်ပေးရန် လိုအပ်ကြောင်း။
- အစိုးရတဦးတည်းကသာ ထောက်ပံ့ကြေးပေး၍ လုံလောက်မည် မဟုတ်။ စိတ်ပါဝင်စားသူ၊ တတ်နိုင်သူများထံမှလည်း ပညာရေး ရန်ပုံငွေ အကူအညီရယူရန် လိုအပ်ကြောင်း။
- ဘာသာရေးနှင့် ပတ်သက်၍ ကျောင်းများတွင် သင်ကြားမှုမပြုဘဲ လောကီရေးရာ ပညာရပ်များကို သင်ကြားပေးရန်လည်း လိုအပ် ကြောင်း”စသည်ဖြင့် ဖြစ်ပေသည်။

ထိုပညာရေး အယူအဆ ပေါ်ပေါက်ပြီးနောက် ၁၈၆၆ ခုနှစ်တွင် ဗြိတိသျှအစိုးရသည် အောက်မြန်မာပြည်၌ ပညာရေးဌာနဖွင့်လှစ်ခဲ့သည့်

မကောလေး[၁] မှတ်တမ်းနှင့် ဝုစ ဘုန်တော်[၂]

ဗြိတိသျှ အစိုးရသည် ၁၈၃၅ ခုနှစ်တွင် အစိုးရ၏ ဥပဒေတာဝန်ခံနှင့် ပညာရေးဆိုင်ရာကော်မတီ၏ ဥက္ကဋ္ဌ လော့ဒ်မကောလေး၏ ပညာရေးမှတ်တမ်းကို အခြေခံ၍ ပညာရေးစနစ်ကို ချမှတ်ခဲ့၏။

> ထိုအချိန်လောက်တွင် အိန္ဒိယပြည်၌ ပညာရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားဘာသာ ရိုးရာလေ့လာမှုကို အားပေးရန်နှင့် အင်္ဂလိပ်ဘာသာကို ထိထိရောက်ရောက် သင်ကြား၍ တိုင်းရင်းသားထဲမှ အင်္ဂလိပ်စာတတ် လူတန်းစားတရပ်မွေးထုတ်ရန်ဟူသောအယူအဆနှစ်မျိုး ထွန်းကားနေ၏။ ၁၈၃၅ ခုနှစ်တွင် အိန္ဒိယအစိုးရဥပဒေ တာဝန်ခံ လော့ဒ်မကောလေးသည် ပညာရေးမှတ်တမ်း တစောင် ထုတ်ပြန်လိုက်ရာ ဒုတိယအယူအဆမှာ အတက်စီး ရသွားတော့သည်။ မကောလေး၏ မှတ်တမ်းသည် အိန္ဒိယပြည်အတွက် ရည်စူးခြင်း မှန်သော်လည်း မြန်မာပြည်သည် ထိုစဉ်ကအိန္ဒိယပြည်၏ တစိတ်တဒေသဖြစ်နေပေရာ၊ မြန်မာပြည်နှင့်လည်း အလိုအလျောက်သက်ဆိုင်နေလေသည်”

မကောလေး၏ ပညာရေးမူဝါဒအယူအဆသည် မြန်မာနိုင်ငံ ကိုလိုနီ ပညာရေး စနစ်အတွက် သော့ချက်ဖြစ်ခဲ့ပေသည်။ မကောလေး၏ ပညာရေးမူဝါဒကြောင့် မြန်မာနိုင်ငံ ဘုန်းတော်ကြီးကျောင်း ပညာရေးသည်လည်း အခြေမလှ ဖြစ်ခဲ့ရပေသည်။

မကောလေး၏ ပညာရေးမှတ်တမ်း၏ အခြေခံမူသုံးရပ်**မှာ....

(၁) အရှေ့တိုင်းပညာ လေ့လာမှုအစား အင်္ဂလိပ်ဘာသာ စာပေတို့ကို လေ့လာဖို့အားပေးရန်။

---

၁ T. B. Macaulay.

၂ Wood's Educationl Despatch of 1854.

* မြန်မာ့စွယ်စုံကျမ်း၊ အတွဲ-၁၀၊ ၁၉၆၆၊ စာပေဗိမာန်၊စာမျက်နှာ ၁၄၈။

** “မြန်မာ့စွယ်စုံကျမ်း” အတွဲ-၁၀၊ စာမျက်နှာ ၁၄၈။

ရန်စစ်ဖြစ်သည့်အခါတွင်မှ တတိတတိနှင့် နိုင်ငံ၏ လွတ်လပ်ရေး လုံးဝကွယ်ပျောက်ခဲ့ရလေသည်။” *

သီပေါမင်း ပါတော်မူခြင်းသည် မြန်မာ့ဓလေ့၊ မြန်မာ့အစဉ်အလာ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်နှင့် မြန်မာ့စာပေ၊ ပညာတို့ပါ ပါတော်မူသွားခြင်း ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

ထို့ပြင် အင်္ဂလိပ်-မြန်မာ စစ်ပွဲသုံးပွဲ အပြီးတွင် အင်္ဂလိပ်နယ်ချဲ့သည် မြန်မာပြည် တပြည်လုံးကို အိန္ဒိယနိုင်ငံ၏ လက်တက် လက်ပွားအဖြစ် ထည့်သွင်းကာ အုပ်ချုပ်ခဲ့ပေသည်။ ယင်းသို့ အုပ်ချုပ်ရာတွင် နယ်ချဲ့ အင်္ဂလိပ် အစိုးရသည် အိန္ဒိယ နိုင်ငံတွင် တွေ့ကြုံခဲ့ရသော အတွေ့အကြုံ တို့ကို အခြေခံ၍ မြန်မာနိုင်ငံကို အုပ်စိုးရန် စီမံကိန်း ချမှတ်ခဲ့ပေသည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံတွင် ကျင့်သုံးခဲ့သော ဗြိတိသျှပညာရေး မူဝါဒ ကို ရှေးဦးစွာ သိထားသင့်ပေသည်။

## အိန္ဒိယနိုင်ငံတွင် ကျင့်သုံးသော ဗြိတိသျှကိုလိုနီ ပညာရေးစနစ်

အိန္ဒိယ နိုင်ငံတွင် ဗြိတိသျှ နယ်ချဲ့တို့သည် ပညာရေးစနစ်ကို ရေးဆွဲ စဉ်က အိန္ဒိယ ယဉ်ကျေးမှုကို မပျက်ရအောင် ပညာရေး မူဝါဒကို ချမှတ်ခဲ့ပေသည်။ ၁၈၁၃ ခုနှစ် ချာတာအက်ဥပဒေအရ ဘုရင်ခံချုပ် အား အိန္ဒိယရိုးရာ ယဉ်ကျေးမှုနှင့် စာပေတိုးတက် ပြန့်ပွားစေရန် ရည်ရွယ် လျက် နှစ်စဉ်ကျပ်ငွေ တသိန်း အသုံးပြုခွင့် ပေးခဲ့ပေသည်။

သို့ရာတွင် ယင်းထောက်ပံ့ကြေး စနစ်ကို ကြာရှည် မသုံးခဲ့ပေ။ အကြောင်းမှာ နယ်ချဲ့တို့၏ မူလစေတနာသည် အိန္ဒိယနိုင်ငံသားတို့ တိုး တက်ကြီးပွားရေးသည် စီးပွားရေးအရ သွေးစုပ်ချယ်လှယ်ရန်မှာ အဓိက ဖြစ်ပေသည်။ ထို့ကြောင့် အုပ်စိုးသူနှင့် အုပ်စိုးခံတို့ကြားတွင် ပြေလည် အောင် ဆက်သွယ်ပေးနိုင်မည့် အင်္ဂလိပ်စာတတ် လက်အောက်ခံအရာရှိ များကို ပညာရေးက မွေးထုတ်ဖို့ အရေးကြီးပေသည်။ ကိုလိုနီပညာ ရေးစနစ် ချမှတ်အကောင်အထည် ဖော်ရာတွင် အယူအဆနှစ်မျိုး ထိုစဉ် က ပေါ်ပေါက်ခဲ့ပေသည်။

---

* ဦးဝန်နှင့် ဦးသိန်းဟန်၊ “ခေတ်သစ်ကဗျာများ” ရန်ကုန် တက္က သိုလ်ပုံနှိပ်တိုက်၊ ၁၉၆၂၊ ၂၅။

- စတီလ်ဆန်၏ ဂဏန်းသင်္ချာ
- ကျွန်ုပ်နေသောအိမ်။ ။ကိုယ်အင်္ဂါ အစိတ်အပိုင်းတို့ကို ဖော်ပြသော အနာတော်မိကျမ်းမှ ဘာသာပြန်၊
- ရဲဗရင့်အီး-အော-စတီးဗင်း၏ ရှေးဟောင်းရာဇဝင် အကျဉ်းချုပ်၊
- ကီးဂျင်းဒရစ်၏ ဂဲဩြော်မေဠရီ*စသည်တို့ ဖြစ်ပေသည်။

သို့ရာတွင် ဖယ်ယာ၏အကြံအစည်စိတ်ကူးသည် မြန်မာပြည်နှင့်မြန်မာအကြောင်းကို လုံးဝမသိသော ဘင်္ဂလားမှ ပညာရှင်တဦးက ဗြိတိသျှမြန်မာနိုင်ငံ၏ ပညာမင်းကြီးအဖြစ် ပထမဦးဆုံး ရောက်ရှိလာသည်မှစ၍ ပျက်ပြားရတော့သည်။ သို့နှင့် ဒုတိယမဟာဝန်ရှင်တော်မင်းကြီး အယ်ဘတ်ဖိုက်လက်ထက်တွင် ဘုန်းကြီးကျောင်းများကို အားမရ ဟူ၍ လူပုဂ္ဂိုလ်တို့ ပို့ချသော တိုင်းရင်းဘာသာ မူလတန်းကျောင်းများ ဖွင့်လှစ်ရေးကို အားပေးခဲ့သည်။

ထိုကျောင်းများကို ဘုန်းတော်ကြီးကျောင်းများနှင့် ကွဲလွဲစေရန် လောကဓာတ်ကျောင်းများဟူ၍ ခေါ်တွင်စေခဲ့သည်။ ပညာရေးဌာနမှ ညွှန်ကြားချက်အတိုင်း လောကဓာတ်ကျောင်းများတွင် အရေး၊အဖတ်၊ ဂဏန်းသင်္ချာ၊သဒ္ဒါ၊မြေတိုင်းပညာ၊ပထဝီဝင် စသည်တို့ကို သင်ကြားပေးခဲ့သည်။

---

* တိုင်းရင်းဘာသာပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာရေး ပြုပြင်စီမံမှု ကော်မတီ၊ အစီရင်ခံစာ၊ ၁၉၃၆၊ မျက်နှာ ၁၇၉။

## ဇယား (၁)

"၁၈၆၇ မှ ၁၈၈၆ တွင် အောက်မြန်မာပြည်ရှိ ပညာရေးအခြေ အနေပြ ဇယား" ×

| ခုနှစ်သက္ကရာဇ် | ဘုန်းကြီးကျောင်းများ | လူကျောင်းများ | ကျောင်းဦးရေပေါင်း |
|---|---|---|---|
| ၁၈၆၇-၆၈ | ၃၁ | - | ၃၁ |
| ၁၈၆၈-၆၉ | ၃၁ | - | ၃၁ |
| ၁၈၆၉-၇၀ | ၂၆ | - | ၂၆ |
| ၁၈၇၀-၇၁ | ၄၆ | ၂၂ | ၆၈ |
| ၁၈၇၁-၇၂ | ၁၆၉ | - | ၁၆၉ |
| ၁၈၇၂-၇၃ | ၈၀၁ | ၁၁၂ | ၉၁၃ |
| ၁၈၇၃-၇၄ | — | - | ၉၂၀ |
| ၁၈၇၄-၇၅ | ၉၃၉ | ၁၅၅ | ၁၀၉၄ |
| ၁၈၇၅-၇၆ | ၈၇၄ | ၂၅၅ | ၁၁၂၉ |
| ၁၈၇၆-၇၇ | ၉၈၆ | ၂၅၅ | ၁၂၄၁ |
| ၁၈၇၇-၇၈ | ၂၂၉၅ | ၃၃၁ | ၂၆၂၆ |
| ၁၈၇၈-၇၉ | ၂၆၈၆ | ၃၃၇ | ၃၀၂၃ |
| ၁၈၇၉-၈၀ | ၂၆၉၃ | ၃၅၅ | ၃၀၄၈ |
| ၁၈၈၀-၈၁ | ၂၆၄၅ | ၃၆၇ | ၃၀၁၂ |
| ၁၈၈၁-၈၂ | ၂၆၇၃ | ၃၄၀ | ၃၀၂၁ |
| ၁၈၈၂-၈၃ | ၂၆၅၁ | ၃၇၀ | ၃၀၂၉ |
| ၁၈၈၃-၈၄ | ၃၂၂၇ | ၄၉၅ | ၃၇၂၂ |
| ၁၈၈၄-၈၅ | ၃၇၅၂ | ၆၁၃ | ၄၃၆၅ |
| ၁၈၈၅-၈၆ | — | | ၄၆၄၂ |
| ၁၈၈၆-၈၇ | ၃၉၇၅ | ၆၀ | ၄၆၅၆ |

× ကင်းဘဲလ်အစီရင်ခံစာ။

## (ဂ) ဘုန်းကြီးကျောင်းပညာရေးအနေအထားပြောင်းလဲလာရခြင်း။

သမိုင်းဆရာတို့က ၁၈၈၅-မှ - ၁၈၉၅ ထိ ဆယ်နှစ်တာကာလကို 'တော်လှန်ခေတ်'ဟု သတ်မှတ်ခဲ့ကြသည်။ ယင်းသို့ တော်လှန်ရခြင်း၏ အကြောင်းတရပ်မှာ "မြန်မာတမျိုးသားလုံးက နိုင်ငံခြားသားတို့၏ လက်အောက်တွင် ဗုဒ္ဓသာသနာမည်သို့မျှ ထွန်းကားနိုင်မည်မဟုတ်ကြောင်းကို ယုံကြည်သောကြောင့်ဖြစ်သည်"ဟု ဒေါက်တာကျော်သက်က သုံးသပ်ထားပေသည်။ မြန်မာတဝှန်းလုံး အုံကြွတော်လှန်မှုကို ဗြိတိသျှတို့သည် စစ်သည် ၃၂၀၀၀၊ အရံတပ် ၃၂၀၀၀ တို့နှင့် မြန်မာတို့ကို တိုက်ခိုက်ခဲ့ပေသည်။ ၁၈၉၁ ခုနှစ်တွင် ဗြိတိသျှတို့သည် တော်လှန်ပုန်ကန်မှု မှန်သမျှကို လုံးဝဖြိုခွင်းချေမှုန်းခဲ့သည်။ အင်အားချင်း လက်နက်ချင်းမယှဉ်သာသဖြင့် မြန်မာတို့၏ တော်လှန်မှုသည် မျော်လင့်ချက် ကင်းမဲ့ခဲ့ရသော အခြေသို့ဆိုက်ရောက်ခဲ့ရပေသည်။ ထိုအခါမှစ၍ ၁၈၉၅ မှ ၁၉၂၀ ထိ ကာလပိုင်းသည် မြန်မာတို့ နိုးကြားမှုမရှိသော ခေတ်အဖြစ် သမိုင်းဆရာတို့က သတ်မှတ်ခဲ့ပေသည်။ ထိုကာလများအတွင်း မြန်မာနိုင်ငံ ဗြိတိသျှပညာရေးကြီးပမ်းဆောင်ရွက်မှုနှင့် ဘုန်းကြီးကျောင်း ပညာရေးအနေအထား ပြောင်းလဲခဲ့ရသည်။ ယင်းသို့ ပြောင်းလဲခဲ့ရပုံကို တင်ပြထားပါသည်။

### "ဗြိတိသျှပညာရေးစနစ်နှင့် ဘုန်းကြီးကျောင်းပညာရေးစနစ်"

> "ဗြိတိသျှအစိုးရက စီစဉ်ပေးသော ပညာရေးစနစ်ရောက်လာသောအခါ ဘုန်းကြီးကျောင်းပညာရေးသည် ခေတ်မမှီဖြစ်သွားလေသည်။ သို့ဖြစ်လင့်ကစား ဒုတိယကမ္ဘာစစ်တိုင်အောင် မြန်မာ့ပညာရေးသမိုင်းတွင် ဘုန်းကြီးကျောင်း ပညာရေးကား လုံးဝကွယ်ပျောက်သွားခြင်းမရှိချေ။ စာပေပညာ ဆည်းပူးရာ ဌာနများအဖြစ် ဆက်လက်တည်မြဲနေခဲ့သည်။ *

ဤတွင် ခေတ်မမှီဖြစ်ခဲ့ရသော ဘုန်းကြီးကျောင်းပညာရေးနှင့် ဗြိတိသျှတို့ စီစဉ်ပေးသော ပညာရေးစနစ်ကို နှိုင်းယှဉ်ကြည့်သင့်ပေသည်။

---

* "နှစ်ငါးဆယ်ယဉ်ကျေးမှုရေးရာ" (၁၉၀၀-၁၉၅၀)၊ ဒုတိယတွဲ၊ ဘာသာပြန်စာပေအသင်း၊ ၂၁၅။

ကိုလိုနီ အစိုးရသည် ဘုန်းကြီးကျောင်းပညာရေးကို ရှေးဆံသော အစဉ်အလာပညာရေးအဖြစ် မြင်ပေသည်။ ထို့ကြောင့် လက်ရှိရှေးဆံနေသော ပညာရေးကို ခေတ်မီအောင် ပြုပြင်ရမည်ဟု ယူဆခဲ့သည်။ ပညာရေးသည် ဘဝအတွက် ခေတ်မီနည်းလမ်းများကို ပေးစွမ်းနိုင်ရမည်ဟု သဘောထားကြသည်။ ယင်းကဲ့သို့ ပညာရေးအယူအဆသဘောထားများဖြင့် ကိုလိုနီလက်အောက်ခံ နိုင်ငံများ၏ ပညာရေးကိုပြုပြင်မွမ်းမံကြသော်လည်း အောင်မြင်မှုမရရှိပဲ အခက်အခဲများစွာနှင့် ရင်ဆိုင်တိုးခဲ့ရပေသည်။ ယင်းကဲ့သို့ အခက်အခဲပြဿနာမျိုးစုံဖြင့် ကြုံတွေ့ရသည်မှာ ဗြိတိသျှတို့သည် "မြန်မာ့ပတ်ဝန်းကျင်လောကနှင့် လူနေမှုဘဝ သမိုင်းနောက်ခံကို မသိနားမလည်ခဲ့သောကြောင့် ဖြစ်ပေသည်။ ဗြိတိသျှတို့က အရှေ့တိုင်းကိုအနောက်တိုင်းအမြင်ဖြင့်ရှုကြည့်သည်။အရှေ့တိုင်းသားတို့၏ဘဝနှင့် မိမိတို့အမြင်အံဝင်ခွင်ကျဖြစ်မည် မဖြစ်မည်ကို မစဉ်းစားခဲ့ကြပေ။

အနောက်တိုင်း ယဉ်ကျေးမှု အစဉ်လာအရ ပညာရေးဆိုသည်မှာ ကလေးတို့အား လူ့အဖွဲ့အစည်း၏ အဖွဲ့ဝင်တဦးစီအဖြစ် မည်ကဲ့သို့နေထိုင်ရမည်ကို ပြုပြင်ပေးရန်ဖြစ်သည်ဟု ဆိုကြသည်။ မြန်မာတို့က မူ "ဘုန်းတော်ကြီးကျောင်း ပညာရေးအရ တပည့်ကလေးများကိုဗုဒ္ဓဘာသာဝင် မြန်မာလူမျိုး၊ လူလိမ္မာကလေးများ၊ လူယဉ်ကျေးကလေးများ ဖြစ်အောင်ပြုစုပျိုးထောင် ပညာပေးခြင်းသည်အဓိကဖြစ်သည်ဟု ယူဆကြသည်။ သို့သော်လည်း ထိုအယူအဆသည် ခေတ်မီတိုးတက်နေသော ကမ္ဘာကြီးတွင်' ဤပညာပေးမှုမျိုးလောက်မျှဖြင့် ခေတ်မီတိုးတက်သောဘဝသို့ မရောက်လာနိုင်ပေ။ ကမ္ဘာကြီးတိုးတက် ပြောင်းလဲသည်နှင့်အမျှ ပညာရေးစနစ်ကလည်း ခေတ်မီတိုးတက်ပြောင်းလဲဖို့လိုလာသည်ဆိုသောအချက်ကို ဥပက္ခာပြု၍မရနိုင်ပေ။ ပညာပေးမှုသည်ပြောင်းလဲမှုအတွက် လက်နက်ကောင်းသဖွယ် ဖြစ်ရပေလိမ့်မည်။ ထို့ကြောင့် ပညာရေး ခေတ်မီတိုးတက်နိုင်စေရန် အစဉ်အလာ သင်ရိုးညွှန်းတမ်းဟောင်းများဖြင့် ပြည့်စုံနိုင်တော့ပေ။ သင်ရိုးများခေတ်မီဖို့၊ ပြုပြင်ပြောင်းလဲဖို့လိုလာပေသည်။ သင်ရိုးသည် စာပေဆံနေရုံဖြင့် ခေတ်မီတိုးတက်နိုင်မည်မဟုတ်ပေ။ ဤအယူအဆမျိုးကား ဗြိသျှတို့၏ ပညာရေးပြုပြင်ပြောင်းလဲရန် အယူအဆများဖြစ်ပေသည်။"*

---

* J,S, Furnivall, "Colonial Policy and Practice." New york University Press, 1956,pp.371-373

**ကျောင်းအမျိုးအစား**

ရှေးယခင် မြန်မာဘုရင်လက်ထက်က ပညာရေးတွင် ကျောင်းတမျိုးတစားတည်းသာရှိခဲ့သည်။ ဘုန်းကြီးကျောင်း အမျိုးအစား တခုသာရှိသည်။ မြို့တော်မှ ရွာငယ်အထိ ဘုန်းကြီးကျောင်းများကသာ ဒိုင်ခံ ပညာပေးခဲ့သည်။ ကိုလိုနီလက်အောက်ခံဘဝသို့ ရောက်လာသောအခါကျောင်းအမျိုးအစား ထွေပြားလာခဲ့တော့သည်။ ခရစ်ယာန်သာသနာပြုကျောင်းများ တိုင်းရင်းမြန်မာ ကျောင်းများဟူ၍ ကျောင်း အမျိုးအစားကွဲပြားလာခဲ့ပေသည်။ ကွဲပြားသောကျောင်းအမျိုးအစား လေးမျိုးကို ဗြိတိသျှအစိုးရက အမျိုးအစားခွဲခြားရာ၌ အောက်ပါအတိုင်း ခွဲခြားပြခဲ့ပေသည်။

(၁) ဥရောပကျောင်း[၁]

(၂) အနောက်တိုင်းကျောင်း[၂]

(၃) တိုင်းရင်းသားကျောင်း[၃]

(၄) ဒေသခံ(ဘုန်းကြီးကျောင်း)ကျောင်း[၄]

**ဥရောပကျောင်း။** ။ဤကျောင်းမျိုးတွင် ဥရောပတိုက်သားများ၏ သားသမီးများသာ ပညာသင်ယူကြ၍ ခေတ်မီဥရောပ ကျောင်းပုံစံအတိုင်း ဖွဲ့စည်းတည်ထောင်ထားပေသည်။

**အနောက်တိုင်းကျောင်း။** ။ခရစ်ယာန် သာသနာပြုတို့က ကြီး မှူး၍ ကျောင်းထောင်ရာတွင် တမျိုးမှာဥရောပဘာသာစကားကို မဏ္ဍိုင်ဘာသာထား၍ သင်ကြားပို့ချသောကျောင်း (ဝါ) အနောက်တိုင်းကျောင်း ဖြစ်သည်။ ပုံစံအားဖြင့် အနောက်တိုင်းပညာရေး သဘောတရားအရ တည်ထောင်သောကျောင်းတမျိုးဖြစ်ပေသည်။

**တိုင်းရင်းသားကျောင်း။** ။တိုင်းရင်းသား ကျောင်းများတွင်မူ တိုင်းရင်းသား ဘာသာကို မဏ္ဍိုင်ထား၍ သာသနာပြုရန်နှင့် ပညာသင်ကြားရန် တည်ထောင်သော ကျောင်းအမျိုးအစား ဖြစ်ပေသည်။

---

၁ European
၂ Western
၃ Vernacular
၄ Native

ဒေသခံ(ဘုန်းကြီးကျောင်း)ကျောင်း။ ။ဤ ကျောင်း များ မှာ မြန်မာတို့ အစဉ်အလာ ဘုန်းတော်ကြီးကျောင်းများဖြစ်၍ ဗုဒ္ဓဘာသာကို အခြေခံလျက် ပညာဖြန့်ဖြူးရာ ကျောင်းအမျိုးအစားခွဲခြားမှုကို အစောပိုင်းကာလက သတ်မှတ်ခဲ့သော်လည်းနောက်ပိုင်းကာလတွင်မူ အောက်ပါအတိုင်း ကျောင်း သုံးမျိုး သုံးစားဟူ၍ ပညာရေးသုတေသီတို့က ခွဲခြားတင်ပြခဲ့ပေသည်။

"ဗြိတိသျှ ပညာရေးစနစ်အရ ကျောင်း သုံးမျိုး သုံးစား ရှိသည်။ အင်္ဂလိပ်စာသင်ကျောင်း၊ အင်္ဂလိပ် မြန်မာစာသင်ကျောင်း၊ မြန်မာစာ သင်ကျောင်းဟူ၍ ဖြစ်ပါသည်"*

ဤကဲ့သို့ ကျောင်းအမျိုးအစား ကွဲပြားရာတွင် တိုင်းရင်းမြန်မာကျောင်းများ များပြားလာသည်။သို့ရာတွင် အင်္ဂလိပ်နှင့်အင်္ဂလိပ်မြန်မာကျောင်းများက ပို၍ထင်ပေါ် ကျော်ကြားသည်။ အကြောင်းမှာ ထိုကျောင်းထွက်များအဖို့ ဘဝအာမခံချက်ရှိ၍ အစိုးရအလုပ်ကို လွယ်လင့်တကူ ရနိုင်သောကြောင့် ဖြစ်ပေသည်။ ဘုန်းတော်ကြီးကျောင်းများမှာမူ သင်ရိုးများက ခေတ်မမှီ၊ ဘဝအာမခံချက် လုံးဝမရှိဖြစ်ရာ တက်ရောက်သင်ကြားမည့်တပည့်များ ရေနည်းငါးပမာ တနေ့တခြားနည်းပါးဆုတ်ယုတ် လာရတော့သည်။

## ဌာနဆိုင်ရာစနစ်**

၁၈၆၇ ခုနှစ်အထိ ဗြိတိသျှအစိုးရတွင် မြန်မာနိုင်ငံပညာရေးအတွက် သတ်မှတ်ချက်ထားသော ဌာနဆိုင်ရာ စနစ်မျိုး မရှိခဲ့ပေ။ ထို့ကြောင့် မြန်မာနိုင်ငံတွင် စာသင်ကျောင်းပေါင်း မြောက်မြားစွာ ရှိသော်လည်း တပြေးညီ သဘောမျိုးမရှိခဲ့ပေ။ တကျောင်းတဂါထာ၊ တရွာတပုဒ်ဆန်း ဆိုသကဲ့သို့ အနည်းနည်းအဖုံဖုံ ဖြစ်ခဲ့ပေသည်။ ၁၈၆၇ ခုနှစ်ကျမှ ပညာရေးဌာနဟူ၍ သတ်သတ်မှတ်မှတ်တင်ဖွင့်လှစ်ခဲ့သည်။ ပညာရေးလုပ်ငန်းများကိုလည်း စနစ်တကျ စီမံအုပ်ချုပ်လာသည်။ပညာမင်းကြီး တဦးနှင့် စာရေးတဦးသာရှိသော ပညာရေးဌာနသာ ဖြစ်ပေသည်။ ထိုကာလမှစ၍ ပညာရေးကို စနစ်တကျ စီမံကွပ်ကဲ အုပ်ချုပ်သည်ဟု ဆိုနိုင်ပါသည်။

---

* "နှစ်ငါးဆယ်ယဉ်ကျေးမှုရေးရာ"၊ ဒုတိယတွဲ၊ စာမျက်နှာ-၂၁၅။
** Departmental System.

## အထောက်အပံ့စနစ်[၁]

"မကောလေး၏ ပညာရေးမူဝါဒကို လက်တွေ့အကောင်အထည်ဖော်ကျင့်သုံးရာ၌ဗြိတိသျှနယ်ချဲ့အစိုးရသည် အထောက်အပံ့စနစ်ကို အသုံးပြုခဲ့သည်။ ဤနည်းစနစ်ကို ကျင့်သုံးလိုက်ရာ ဘုန်းကြီးကျောင်းများနှင့် အလွတ်ပညာသင်ကျောင်းများသည် တိုင်းရင်းဘာသာမြန်မာစာသင်ကျောင်းများ အဖြစ်သို့ ရောက်ရှိသွားသည်။ အထက်တွင် ဖော်ပြခဲ့သော သာသနာပြုကျောင်းများသည် အင်္ဂလိပ်မြန်မာစာသင်ကျောင်းများ အဖြစ်သို့ ရောက်ရှိသွားတော့သည်"[၂]

အထောက်အပံ့စနစ်ကို ဗြိတိသျှအစိုးရသည် အိန္ဒိယနိုင်ငံတွင်လည်း ကျင့်သုံးခဲ့သည်။ အစိုးရ၏ စီးပွားရေးအခြေအနေအရ မြန်မာနိုင်ငံပညာရေးအတွက် ဤစနစ်ကို ကျင့်သုံးခြင်းသည် ဗြိတိသျှအစိုးရအဖို့ ပညာရေးအတွက် ငွေကုန်သက်သာပြီး အကျိုးဖြစ်ထွန်းသည်ဟု တွက်ခဲ့ပေသည်။ ဤကား တိုင်းပြည်၏ ပညာရေး တိုးတက်မှုအတွက် တာဝန်မယူလိုသော နယ်ချဲ့ကိုလိုနီစနစ်၏ ပြယုဂ်တရပ်ပင် ဖြစ်ပေသည်။ စီးပွားရေးသွေးစုပ်ချယ်လှယ်မှုကို အတတ်နိုင်ဆုံးပြုရန် တိုင်းပြည်အတွက် အနည်းဆုံး အကျိုးပြုမည်ဆိုသော စနစ်ပင် ဖြစ်ပေသည်။

အထောက်အပံ့စနစ်၏ သဘောမှာ....

(၁) ပညာရေးကိစ္စမှန်သမျှသည် ပြည်သူတို့၏ အလုပ်သာဖြစ်ခြင်း၊

(၂) အစိုးရ၏ တာဝန်မှာ ပြည်သူတို့ တည်ထောင်သော ကျောင်းများကို အထောက်အပံ့ပေးရုံမျှသာ ဖြစ်သည်။

(၃) နမူနာစံပြကျောင်း အနည်းငယ်ကိုသာအစိုးရကတည်ထောင်ပေးမည်ဖြစ်သည်။

(၄) ပြည်သူတို့တည်ထောင်သော ကျောင်းမရှိသည့် အရပ်ဒေသတွင်သာ အစိုးရက ကျောင်းဖွင့်လှစ်ပေးမည် ဆိုသော သဘောထားကြောင့် ဤအထောက်အပံ့စနစ်သည် စစ်ပြီးခေတ်တိုင်သက်

---

၁. Grants-in-aid.

၂. U Kaung; JBRS, ii, pp. 73-4

ဆိုးရှည်ခဲ့ပေသည်။ သို့ဖြင့်အစဉ်အလာ ဘုန်းတော်ကြီးကျောင်းနှင့် လောကီပညာသင်ကျောင်းများဟူ၍ နှစ်မျိုးရှိလာခဲ့သည်။

ဗြိတိသျှအစိုးရသည် ဘုန်းတော်ကြီးကျောင်းများကို သိမ်းသွင်းရန် ကြံစည်ရာ၌ ရှေးဦးစွာ ဘုန်းတော်ကြီးကျောင်းများကို မှတ်ပုံတင်စေခြင်းဖြင့် မိမိတို့ ပညာရေး ညွှန်ကြားမှုအောက်သို့ ရောက်အောင် ပြုလုပ်ခဲ့ပေသည်။ မှတ်ပုံတင် ဘုန်းတော်ကြီးကျောင်းအဖြစ်သို့ ရောက်လာသောအခါ လောကဓာတ်ပညာ၊ လောကီ လူမှုရေးပညာဆိုင်ရာ စာအုပ်စာတန်း၊ ဖတ်စာအုပ်များ ပေးဝေထောက်ပံ့လျက် ဘုန်းကြီးကျောင်းသင်ရိုးကို ပုံပြင် ပြောင်းလဲရန် ကြံစည်ခဲ့ပေသည်။ ဘုန်းကြီးကျောင်းပညာရေးကို ဘာသာရေး ဆံ မှု မှ လူ မှု ရေး ဆံ အောင် ပြောင်းလဲပစ်ဖို့ပင် ဖြစ်ပေသည်။ ဤကိစ္စတွင် ဗြိတိသျှ အုပ်စိုးသူ ပညာရှင်တို့သည် ထင်သလောက် ခရီးမပေါက်ခဲ့ပေ။ ဗြိတိသျှ အစိုးရက ပေးဝေသောဖတ်စာအုပ်များကို ဘုန်းကြီးကျောင်းများက နှစ်သက်လက်ခံမှု မရှိခဲ့ပေ။ အထင်လည်း မကြီးခဲ့ပေ။ သို့သော် သက်ဆိုင်ရာ ပညာမင်းကြီးက ပထဝီဝင်၊သင်္ချာနှင့်မြေတိုင်းပညာကို ဘုန်းကြီးကျောင်းများတွင်သင်ဖို့ လှုံ့ဆော်ကြသည်။

''တဖက်က ရဟန်းတော်တွေရဲ့အယူအဆမှာတော့ သင်္ချာ၊ ပထဝီဝင် ဆိုတာတွေ သင်ဖို့ မလိုလားတာ သေချာပါတယ်။ အဲဒီနောက် ၄၃ နှစ်ကြာပြီးမှ တောင်ခွင် သာသနာပိုင်ဆီကို ဒီကိစ္စ ၁၉၀၇ ခုနှစ်လောက်မှာ တက်လာတဲ့အခါတောင် လောကီပညာကို ဘုန်းကြီးတွေက ခါးခါးသီးသီး ငြင်းပယ်တုန်းပဲ ရှိသေးတယ်။ ဆရာတော်တွေနဲ့ သာသနာပိုင်က တိုင်ပင်ပါတယ်။ အဲဒီအခါ စိန်ပန်းကျောင်းသစ်ဆရာတော်က စာရေးပြီး ထင်မြင်ချက် ပေးဖူးပါတယ်။ ထင်မြင်ချက်ကတော့....

ထမင်းစားလျှင် ဝသည်။ သေရည်သောက်လျှင် မူးသည်။ တစ်နှင့်တစ်ပေါင်းသော် နှစ်ဖြစ်၏။ ဂှမ်းဖြူ၏။ ဆင်မှာ အစွယ်နှစ်ခု ရှိ၏။ သဘော်မှာ ရွက်များရှိ၏။ ပင်လယ်ထဲတွင် ကျွန်းများရှိ၏။ ငှက်မှာ အတောင်နှစ်ခုရှိ၏။ မြေကြီးပေါ်မှာ ဖုတ်ရှိ၏။ သစ်ပင်များမှာ အမြစ်ရှိသည်၊ မြွေမှာ ချိမရှိ အစရှိသည့် စကားမျိုး နေလနက္ခတ် တာရာများကို ကမ္ဘာမြေကြီးက လှည့်ပတ်နေသည် အစရှိသည့် အယူအဆမျိုးများသည် အကျိုးမရှိသော အကြောင်းတရားမျိုးသာ ဖြစ်၍ လောက

ယထကျမ်း၌ အကျုံးဝင်သည်။ သင်္ချာ ပထဝီဝင်၊ အင်္ဂလိပ်စာ စသည့် ဘာသာများသည် တိရစ္ဆာန်စသည့် ဘာသာများသည် တိရစ္ဆာန် ဝိဇ္ဇာ မည်သော အတတ်ပညာမျိုးပင် ဖြစ်သည်'' *

ထို့အပြင် တောင်ခွင် သာသနာပိုင်မှစ၍ ဖတ်စာအုပ်များကို ဝေဖန်ခဲ့သဖြင့် သင်ရိုးသစ် အစားထိုးရန် မဖြစ်မြောက်ခဲ့ပေ။

အစဉ်အလာအားဖြင့် လေးနက်သိမ်မွေ့သော ဗုဒ္ဓဒဿန တို့ကိုသာ အစဉ်တစိုက် လေ့လာ ဆည်းပူး လိုက်စားခဲ့ရာမှ ဗြိတိသျှတို့အုပ်စိုးသော ခေတ်တွင် သင်္ချာ၊ ပထဝီဝင်၊ အင်္ဂလိပ်စာတို့ကို ပြောင်းလဲသင်ကြားပေးရမည်ကို ဘုန်းတော်ကြီးများက လုံးဝမနှစ်သက်နိုင်ခဲ့ပေ။ လောကုတ္တရာရေးရာကိုသာ ဦးစားပေးမည်ဖြစ်၍ လောကီပညာကို ဖြန့်ဖြူးရန် ဘုန်းတော်ကြီး ကျောင်းများက လုံးဝ တာဝန်မယူခဲ့ပေ။

ထို့ကြောင့် လောကီပညာသင် ဘုန်းတော်ကြီးကျောင်းများ၊ များသင့်သလောက် မများလာခဲ့ချေ။ အစဉ်အလာ ဘုန်းတော်ကြီးကျောင်းများနှင့် လောကီပညာသင် ဘုန်းတော်ကြီးကျောင်းများ ဟူ၍ နှစ်မျိုး ဆက်လက် တည်ရှိနေခဲ့သည်။

## (ဃ) ဘုန်းတော်ကြီးကျောင်း ပညာရေးသဘောတရားနှင့် ရည်မှန်းချက်

ဆွေးနွေးခဲ့သည့် အတိုင်း အစဉ်အလာ ဘုန်းတော်ကြီးကျောင်းနှင့် လောကီပညာသင် ဘုန်းတော်ကြီး ကျောင်းနှစ်မျိုးလုံးပင် သာသနာကို ကြည်ညိုတတ်ရန်နှင့် စာရိတ္တ ကောင်းရန် ရည်ရွယ်ချက် ရှိပေသည်။ အနောက်တိုင်း ပညာရေးနှင့် ထိတွေ့လာသောအခါ ကျောင်းသုံး စာအုပ်သစ်များ ရိုက်နှိပ်ထောက်ပံ့ခြင်းတို့ကြောင့် လောကီဘာသာရပ်များကို အများစုက လက်ခံမှု မပြုလင့်ကစား မွတ်ပုံတင် ဘုန်းတော်ကြီးကျောင်းများက ယေဘုယျအားဖြင့် လက်ခံ သင်ကြားပေးကြရာကား လောကီပညာရေး လျှော့ကား ထောင်ပေးရန် ရည်ရွယ်ချက် ပါလာကြောင်း တွေ့ရပေသည်။ ထို့အပြင် မြန်မာဘုရင် လက်ထက်က စခဲ့သည့် စာပြန်ပွဲများကိုလည်း ဆက်လက် အားပေးသည်ကို တွေ့ရခြင်းဖြင့် သာသနာတော် စည်ပင်စေရန် ရည်ရွယ်ချက်ပါကြောင်း ဆင်ခြင်

* ဒေါက်တာ သန်းထွန်း ''ဖတ်စာသမိုင်း'' စာ-၁၅၄။

နိုင်ပေသည်။ ထို့ကြောင့် ယခင် ဘုန်းတော်ကြီးကျောင်း ပညာရေး သဘောတရားများတွင် လောကီရည်မှန်းချက် သဘောတရားများပါ ဖြည့်စွက်ထားကြောင်း တွေ့ရပေသည်။ သို့သော် စာသင်သားနှင့် ပတ်သက်၍ ဝိနည်းတော်အရ မိန်းကလေးများအား လက်ခံသင်ကြား ရေးကိစ္စမှာ ပြဿနာတရပ် ဖြစ်ပေသည်။

(င) ဘုန်းတော်ကြီးကျောင်းနှင့် လူကျောင်းများ

မှတ်ပုံတင်ဘုန်းတော်ကြီးကျောင်း။ ။သို့ဖြင့် ဗြိတိသျှ အစိုးရက လူကျောင်း(ဝါ) လောက ခေတ်ကျောင်းများ တည်ထောင်ရန် စဉ်းစားလာရတော့သည်။ ယင်းသို့ စဉ်းစားရာတွင် မိန်းကလေးများ ပညာရေးအတွက်လည်း ထည့်တွက် ရပေသည်။ ရဟန်းကျောင်း(ဝါ) ဘုန်းတော်ကြီး ကျောင်းများတွင် မိန်းကလေးတို့ ပညာသင်ယူခွင့်မရကြပေ။ သို့ဖြင့် လောကီပညာ သင် ပေးရန်၊ မိန်းကလေးများ ပညာသင်ခွင့်ရရန် လောကခေတ်ကျောင်း များ ပေါ်လာရပေသည်။

ဤတွင် ဘုန်းတော်ကြီးကျောင်းများကို မှတ်ပုံတင် အသိအမှတ်ပြု ရ၍၊ အထောက်အပံ့ပေးရန် ဗြိတိသျှတို့အမျိုးမျိုး ကြိုးပမ်းဆောင်ရွက် ပုံနှင့် ယင်းကြံစည်ချက် ပျက်ယွင်းသွားရပုံကို တင်ပြလိုက်ပါသည်။

"ကောဇာသက္ကရာဇ် ၁၂၂၆ ခုနှစ်မှ ၁၂၇၈ ခုနှစ် အထိ မြန်မာပြည်အစိုးရ၏ တိုင်းရင်းဘာသာသင်ရေး ဝါဒသည် များသောအားဖြင့် အထက်ပါ မဟာဝန်ရှင် တော်မင်းကြီး၏ ညွှန်ကြားချက်များအပေါ်တွင် အခြေ ပြုသော ဝါဒဖြစ်ခဲ့လေသည်။ ထိုနှစ်များအတွင်း မြန်မာ ပြည် အစိုးရသည် ဘုန်းတော်ကြီးကျောင်းများကို အသိ အမှတ်ပြုရဖို့၊ အထောက်အပံ့ပေးရဖို့ အမျိုးမျိုး ကြံစည် အားထုတ်ခဲ့လေသည်။ သို့အတွက် ကောဇာသက္ကရာဇ် ၁၂၂၉ ခုနှစ်တွင်အောက်မြန်မာပြည်မှာ ဘုန်းတော်ကြီး စာသင်ကျောင်း ၃၁ ကျောင်း အသိအမှတ်ပြုရပြီးလျှင် ကောဇာသက္ကရာဇ် ၁၂၄၈ ခုနှစ်တွင် ဘုန်းတော်ကြီး စာသင်ကျောင်းပေါင်း ၃၉၇၅ ကျောင်း အသိအမှတ် ပြုရသော အခြေသို့ ဆိုက်ရောက်ခဲ့လေသည်။ အထက်

မြန်မာပြည်တွင်လည်း အဆိုပါ ဝါဒအတိုင်း ကြိုးစား အားထုတ်ခဲ့ရာ ကောဇာသက္ကရာဇ် ၁၂၅၈ ခုနှစ်တွင် ဘုန်းတော်ကြီး ကျောင်းပေါင်း ၂၉၉၈ ကျောင်း အသိအမှတ်ပြုရသောအခြေသို့ ဆိုက်ရောက်ခဲ့လေသည်။ သို့ရာတွင် အဆိုပါနှစ်များ၏ နောက်ကို အသိအမှတ် ပြုရသော ဘုန်းတော်ကြီး စာသင်ကျောင်းများ အရေ အတွက် ယုတ်လျော့၍ လာလေရာ ကောဇာသက္ကရာဇ် ၁၂၇၈ ခုနှစ်ကျသောအခါအထက်အောက်မြန်မာပြည် နှစ်ရပ်ပေါင်းတွင်မှ အသိအမှတ်ပြုရသော ဘုန်းတော် ကြီး ကျောင်းပေါင်း ၃၀၉၁ ကျောင်းသာ ရှိတော့ သည်။ မြန်မာပြည်အစိုးရသည် တိုင်းရင်းဘာသာ ပညာ သင်ကြားရေးအတွက် ဘုန်းတော်ကြီး စာသင်ကျောင်း များကို အသိအမှတ်ပြုရအောင် ကြံဆောင် ကြိုးစား သော်လည်း အလိုရှိသလောက် မအောင်မြင်ခဲ့ချေ”

အစပထမ၌ အောင်မြင်သလို ရှိခဲ့သော်လည်း နောက်ပိုင်းနှစ်များ တွင် ဘုန်းတော်ကြီး စာသင်ကျောင်းများ အသိအမှတ် ပြုရေးသည် ဗြိတိသျှအစိုးရတို့ ထင်သလို ဖြစ်မလာခဲ့ပေ။ ထိုသို့မအောင်မြင်ရသော အကြောင်းမှာ အောက်ပါတို့ကြောင့် ဖြစ်ရလေသည်။

“(၁) ဘုန်းတော်ကြီး စာသင်ကျောင်းများကို အသိအမှတ်ပြု ရအောင် ကြံဆောင် ဖန်တီးခဲ့ကြသော အစိုးရ အရာရှိ များသည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ မဟုတ်ကြ သည့်အပြင် ဝိနည်းဒေသနာတော်ကိုလည်း မသိ နား မလည် ကြသောကြောင့် ထိုသူတို့၏ စီမံချက်များသည် ဝိနည်းဒေသနာတော်နှင့် မဆီလျော်လှခြင်း။

(၂) ထိုသူများသည်လည်း ဗုဒ္ဓဘာသာ သာသနာတော် အကျိုးကျေးဇူးရှိရာ ရှိကြောင်းကိုသာလျှင် စီမံဖန်တီး ကြလိမ့်မည်ဟု ရဟန်းရှင်လူပြည်သူအများတို့ အားထား ယုံကြည်သောသူများ မဟုတ်ခဲ့ခြင်း။

(၃) ထိုသူများ၏ စီမံဖန်တီးချက်တို့ကို ရဟန်းတော်အများ မကျေနပ်ကြ၍ မိမိတို့၏ ကျောင်းများကို အသိအမှတ် ပြုရန် မလိုလားခဲ့ခြင်း။

(၄) အသိအမှတ်မပြုရသေးသော ဘုန်းတော်ကြီး စာသင်ကျောင်းပေါင်း တသောင်းရှစ်ထောင် ရှိနေခြင်း၊ (၁၉၃၇–၃၈ ခုနှစ်၊ မြန်မာပြည် ပညာသင်ကြားရေး နှစ်ချုပ်အစီရင်ခံစာ၊ စာမျက်နှာ ၄ နှင့် ၅ ကိုကြည့်ပါ)

(၅) အစိုးရအရာရှိများ၊ စီမံဖန်တီးခဲ့သော စည်းကမ်းဥပဒေများသည် ဝိနည်းဒေသနာတော်နှင့် မဆီလျော်လှသည့်အပြင် ထိုစည်းကမ်းဥပဒေများအရ လိုက်နာဆောင်ရွက်ကြသော သူများ၏အပြုအမူကိုသည်လည်း မသင့်လျော်လှသောကြောင့် ဒေသန္တရ ကျောင်းအဖွဲ့ဝင် လူကြီးအချို့နှင့် အရာရှိအချို့တို့သည် စာသင်ကျောင်းများကို အုပ်ချုပ်တော်မူကြသော ဘုန်းတော်ကြီး ကျောင်းများကို အမျိုးသား၏အကျိုးနှင့် ဗုဒ္ဓဘာသာသာသနာတော်၏ အကျိုးကိုမြော်ကိုး၍ ဒါယကာ ဒါယိကာမတို့၏ ကလေးသူငယ်များကို လိမ္မာယဉ်ကျေးသော လူကောင်း သူကောင်းများဖြစ်အောင် မေတ္တာစေတနာနှင့် စောင့်ရှောက်တော်မူပေသော ဆရာဘုန်းတော်ကြီးများဟု ရိုရိုသေသေ လေးလေးစားစား အမှတ်မထားကြဘဲ လောကီအလုပ်၊ လူဆရာတို့၏ အလုပ်ကို လခစားအဖြစ်နှင့် မိမိတို့အဖွဲ့များ၏ လက်အောက်တွင်ဝင်ရောက်လုပ်ကိုင်ကြသောသူများ ဖြစ်သည်ဟု အထင်မှားခဲ့ကြခြင်း။

(၆) ထိုသို့အထင်မှားခဲ့ကြသည့်အတွက် အချို့လူကြီးများနှင့် အချို့အရာရှိများသည် နောက်ထပ် ဘုန်းတော်ကြီးကျောင်းများကို အသိအမှတ်မပြုဘို့သာမက ရှိဟောင်း အသိအမှတ်ပြုပြီးသောကျောင်းများကိုပင် အသိအမှတ်ပြုခြင်းရုပ်စဲအောင် ကြံဆောင်ကြိုးစားခဲ့ကြခြင်း။

(၇) ထိုင်ရာဒေသန္တရကျောင်းအဖွဲ့များမှာ ရံပုံငွေမလုံလောက်သဖြင့် ကျောင်းအသစ်များကို အသိအမှတ်မပြုနိုင်ခြင်း၊ အသိအမှတ်ပြုပြီး ကျောင်းများကိုပင် အသိအမှတ်ပြုခြင်း ရုပ်စဲခဲ့ရခြင်း။ ထိုအခါ ဘုန်းတော်ကြီးစာသင်ကျောင်းများကို ပို၍ ထိခိုက်တတ်ခြင်း (၁၉၃၆ ခုနှစ် တိုင်းရင်း ဘာသာပညာနှင့် အသက်မွေးဝမ်းကျောင်း

ပညာရေး ပြုပြင်စီမံမှုကော်မီတီအစီရင်ခံစာအပိုဒ် ၁၉၃ တွင် အောက်ပါအတိုင်းရေးသားပါရှိ၏။)

"စုံစမ်းရရှိသော စာရင်းအခြေအရအားဖြင့်ဆိုလျှင် လူဝတ်ကြောင်တို့အတွက် သင့်လျော်သောပညာရေးတွင် ပါဝင်ကြသော ဘုန်းကြီးကျောင်းများမှာ တနေ့တခြား သိသိသာသာ ယုတ်လျော့လျက် ရှိလေသည်။ အချို့သောဒေသန္တရပညာရေးဆိုင်ရာ အာဏာပိုင်တို့ကရဟန်းကျောင်းများကို အသိအမှတ်မပြုသဲ၊ ဘုတ်အဖွဲ့ကျောင်းများနှင့် အသိအမှတ်ပြုထားသော အိမ်ကျောင်းများအတွက်သာလျှင် ရံပုံငွေလုံးလုံးလျားလျားသုံးစွဲရန် လိုလားကြောင်းမှာ အများအသိပင် ဖြစ်လေသည်။"

(ဂ) ၁၂၈၅ ခုနှစ်တွင် တိုင်းရင်းဘာသာ ပညာရေးကော်မီတီအဖွဲ့တဖွဲ့သည် ဘုန်းတော်ကြီးစာသင်ကျောင်းများကို အားကိုးအားထားပြုလျက်၊ ၎င်းတို့ကို အသိမှတ်အထူးပြုရအောင် ကြံဆောင်ကြိုးစားမှုကို ရပ်စဲပြီးလျှင် ဘုန်းတော်ကြီး စာသင်ကျောင်းနှင့် အိမ်ကျောင်းများကို တန်းတူထားရန် အချိန်တန်ပြီဟု မြန်မာပြည်အစိုးရအား အကြံဉာဏ်ပေးခဲ့ခြင်း၊ ထိုအကြံဉာဏ်အရ ယခင်နှစ်ပေါင်း ၅၀ ကျော် လိုက်နာခဲ့သော ဘုန်းကြီးကျောင်းများကို အသိအမှတ်ပြုရအောင် လိုက်လျောစီမံဖန်တီးရေးဝါဒကို စွန့်လွှတ်ခဲ့ခြင်း (၁၉၂၄-ခု၊ တိုင်းရင်းသားဘာသာ ပညာရေးကော်မီတီ၏ အစီရင်ခံစာ၊ စာမျက်နှာ- ၁၁ မှ ၁၄ ထိကြည့်ပါ။*)

ယင်းသို့ဖြင့် ဘုန်းတော်ကြီးကျောင်းများကို အသိအမှတ်ပြုရေးသည် ဗြိတိသျှအစိုးရ ပညာရေးကြိုပမ်းမှုအတွက် အကျိုးသက်ရောက်မှုမရှိခဲ့သဖြင့် လူကျောင်းများကို ဦးစားပေး အသိအမှတ်ပြု ထောက်ပံ့ခဲ့ပေသည်။ ထို့ကြောင့် ကောဇာသက္ကရာဇ် ၁၂၃၀ ခုနှစ်၊ ၁၈၆၀ ခုနှစ်တွင် အသိအမှတ်ပြု အိမ်ကျောင်း တကျောင်းမျှမရှိခဲ့ပဲလျက်၊ ၁၈၆၉

---

* ဘုန်းတော်ကြီးကျောင်းများတွင် တိုင်းရင်းဘာသာပညာသင်ကြားမှု စုံစမ်းရေးအဖွဲ့၏ အစီရင်ခံစာနှင့် ဩဝါဒစရိယဆရာတော်များ၏ ဩဝါဒကထာ၊ ၁၉၄၈-ခု၊ စာမျက်နှာ-၂၃။ ၂၄။

၇၀ ခု အခြေအနေကို ဇယား ( ၂ )တွင် ပြထားပါသည်။) ကောဇာသက္ကရာဇ် ၁၂၇၀၊ ခရစ်နှစ် ၁၉၀၆ ခုနှစ်တွင် အိမ်ကျောင်းပေါင်း ၃၆၇၀ ကျောင်းကို အသိအမှတ်ပြုခဲ့ပေသည်။

ဘုန်းတော်ကြီးကျောင်းများနှင့်လူကျောင်းများ

၁၀၇၃-ခုနှစ်တွင် မှတ်ပုံတင်ဘုန်းကြီးကျောင်းများ အရေအတွက်သည် ၈၀၁ ကျောင်းရှိ၍ လူကျောင်းမှာမူ ၁၁၂ ကျောင်း မျှသာရှိသည်။ သို့ရာတွင် ထိုစဉ်အခါက စူးအက်တူးမြောင်း ဖေါက်ကြောင့် ကုန်သွယ်ရေးသည် တိုးတက်လာခဲ့သည်။ ဗြိတိသျှအစိုးရအဖွဲ့ ကုန်သွယ်ရေးကိစ္စ၊ စီးပွားရေးကိစ္စတွင် အသုံးချရန် စာရေးစာချီများ၊ အင်္ဂလိပ်စာတတ်ပုဂ္ဂိုလ်များ၊ များစွာလိုလာရာ ဘုန်းကြီးကျောင်းများကို သိမ်းသွင်းနေသည်ထက် လူကျောင်းများကို ဦးစားပေး တည်ထောင်ဖို့လိုလားလာကြပေသည်။ သို့ဖြင့် လူကျောင်းများသည် နှစ်အလိုက်တစတစတိုးပွားလာခဲ့ပေသည်။ ၁၉၀၆ ခုနှစ်တွင် အိမ်ကျောင်းပေါင်း ၃၆၇၀ ရှိခဲ့သည်။

ကောဇာသက္ကရာဇ် ၁၂၇၀ ခုနှစ်၊ ခရစ်နှစ်၁၉၀၆ခုနှစ်တွင် ဗြိတိသျှအစိုးရပညာရေးဌာနသည် တိုင်းရင်းဘာသာ ပညာသင်ကြားရေးကို တဦးတည်း အုပ်ချုပ်ရေးကို ရပ်စဲခဲ့သည်။ ယင်းနှစ်တွင်ပင် တိုင်းရင်းသားဘာသာ ပညာသင်ကျောင်းများအတွက် ခရိုင်ကျောင်းအဖွဲ့များ ဖြစ်ပေါ်လာခဲ့သည်။ ထို့နောက် ကောဇာသက္ကရာဇ် ၁၂၈၃ ခုနှစ် ၁၉၂၁ ခုနှစ်တွင် မြူနီစီပါယ်နှင့် စီရင်စုများအတွက် ကျောင်းအဖွဲ့များပေါ်လာသည်။ ထိုကဲ့သို့သော ဒေသန္တရကျောင်းအဖွဲ့များ၊ တိုင်းရင်းဘာသာပညာသင်ကျောင်းများကို ကြီးကြပ်ရသောခေတ်တွင် အသိအမှတ်ပြု ဘုန်းကြီးကျောင်းများ ယခင်ကထက်ပို၍ ယုတ်လျော့ကုန်သည်။ အသိအမှတ်ပြု အိမ်ကျောင်းများက အရေအတွက်တိုးလာပေသည်။ ထို့ကြောင့် ကောဇာသက္ကရာဇ် ၁၂၉၄၊ ခရစ်နှစ် ၁၉၃၂ ခုနှစ်တွင် အသိအမှတ်ပြု ဘုန်းကြီးကျောင်းများမှာ ၉၂၀ ကျောင်းမျှသာ ရှိတော့သည်။ အသိအမှတ်ပြု အိမ်ကျောင်းမှာမူ ၄၉၆၇ ကျောင်းရှိလေသည်။

ယခုကဲ့သို့ အသိအမှတ်ပြု ဘုန်းကြီးကျောင်းပညာရေး ဆုတ်ယုတ်ရသကဲ့သို့ အသိအမှတ်မပြုသော ဘုန်းကြီးကျောင်းများတွင်လည်းပညာ

သင်သူ တပည့်အရေအတွက်မှာ တနေ့ကခြား နည်းပါးဆုတ်ယုတ်လျက် ရှိပေသည်။ ထိုသို့ဆုတ်ယုတ်လျော့ပါးရသည်မှာ—

(၁) ဘုန်းကြီးကျောင်းများသည် အလုပ်အကိုင်ရနိုင်ရန်မဖြစ်နိုင်ခြင်း။

(၂) ဗြိတိသျှအစိုးရခေတ်တွင် ခေတ်မီပညာများနှင့် အင်္ဂလိပ်စာတတ်ပါမှ လူရာဝင်လျက် ရာထူးရာခံများရနိုင်ခြင်း။

(၃) ဘုန်းတော်ကြီးကျောင်းများတွင် အစဉ်အလာအရ ဘာသာရေးဆိုင်ရာ စာပေကျမ်းဂန်၊ နီတိ တို့ ကို သာ သင်ကြားပို့ချလျက် လောကီပညာ သင်ယူခွင့်မရှိခြင်း။

(၄) အိမ်ကျောင်းမရှိသော ရွာငယ်များရှိ ဘုန်းကြီးကျောင်းတွင် ကလေးငယ်များကို စာ ရေး စာ ဖတ် တတ်အောင် မိဘများက ပို့ကြခြင်း။

(၅) ဆင်းရဲနွမ်းပါးသော မိ ဘ ရှင် များ က သာ ဘုန်းကြီးကျောင်းများတွင် မိမိတို့၏ကလေးများကို ကျောင်းအိပ်ကျောင်းစား ပို့လွှတ်ထားကြခြင်းစသည်တို့ကြောင့် ဘုန်းကြီးကျောင်းများတွင် တပည့်ကျောင်းသားများ တနေ့တခြား ဆုတ်ယုတ်ခဲ့ရပေသည်။

## (စ) ဘုန်းတော်ကြီးကျောင်းသင်ရိုးညွှန်းတမ်းနှင့် သင်နည်း နိဿရည်း

ဘုန်းတော်ကြီးကျောင်းသင်နည်း နိဿရည်းသည် အစဉ်အလာကြီးမားသော သင်နည်းစနစ်တရပ်ဖြစ်ပေသည်။ နှစ်ကာလအပိုင်းအခြားနှင့် ပြောရလျှင် နှစ်ပေါင်း ၂၅၀၀ ကျော်မျှ သမိုင်းအစဉ်အလာကို ဖြတ်သန်းခဲ့သော နည်းနိဿယ ဖြစ်ပေသည်။ ထို့ကြောင့်ပင် ကိုလိုနီခေတ်တွင် ဗြိတိသျှတို့၏ အနောက်တိုင်းပညာရေးစနစ်နှင့် တွေ့ကြုံသောအခါ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေး နည်းစနစ်သည် အစဉ်အလာက လမ်းခွဲထွက်ရမလိုဖြစ်ရသည်။

### ကျောင်းသုံးစာအုပ်

အစဉ်အလာသင်ရိုးတွင် မည်သည့်ခေတ်အခါကမှ ပြောင်းလဲပြဋ္ဌာန်းခဲ့သည်မရှိခဲ့။ ကိုလိုနီခေတ်တွင် သက္ကရာဇ် ၁၈၈၁-ခုနှစ်တွင် အဖွဲ့ဝင်

၁၅ ဦးပါဝင်သော ကျောင်းသုံးစာအုပ် ကော်မတီဖွဲ့ခဲ့သည်။ ထိုကော်မတီသည် ၁၈၈၁-၈၂ ခုနှစ်တွင် အောက်ပါစာအုပ်များကို ပြဋ္ဌာန်းခဲ့သည်။

(၁) တေမိဇာတ်
(၂) ဓမ္မပဒ
(၃) သုဓမ္မစာရီ (မူလတန်းဖတ်စာအဖြစ် အသုံးပြုသည်။)
(၄) သင်ပုန်းကြီး
(၅) ခြောက်စောင်တွဲ
(၆) သဒ္ဒါမြူဟာ
(၇) ဓမ္မပဒကထာ
(၈) Hand Book of Agriculture by E. Martini.
(၉) The Hill Tracts of Arakan by cpt. Hughes.
(၁၀) Aid to Land Surveying by J. C. Clancey.
(၁၁) Sannnitary Primer by Dr. Cunning ham
(၁၂) ဂုဏ်း မြန်မာဘာသာပြန်
(၁၃) ဇနက္ကဇာတ်
(၁၄) ဇိနတ္ထပကာသနီ
(၁၅) Stilson's Complete Arithmetic.
(၁၆) Eastern Primers.
(၁၇) Aesop's Fables.
(၁၈) The House I live in.
(၁၉) သင်ပုန်းကြီးအကျယ်
(၂၀) ကိုးစောင်တွဲ

၁၈၈၂-၈၃ ခုနှစ်အတွင်း ပညာရေးဌာနမှ ရိုက်နှိပ်ထုတ်ဝေခဲ့သော စာအုပ်များ....

(၁) မဟောသဓဇာတ်တော် ပထမတွဲနှင့် ဒုတိယတွဲ
(၂) သင်ပုန်းကြီးအကျယ်
(၃) သုဓမ္မစာရီ
(၄) မြန်မာပထမဖတ်စာအုပ်(စိတ်ဝင်စားဘွယ်ပုံဝတ္ထုများ)
(၅) Ferror's wall Map of Burma.
(၆) Legendary History of Burma by the late capt.

C. J. F. S. Forbes.

(၇) ရှေးဦး သင်ကျန်းမာသန့်ရှင်းခြင်း
(၈) Hand Book of Agriculure by Emile Martini.
(၉) Clancey's Anglo Vernacular Aid of Land surveying (nottext).
(၁၀) First lesson in Pali by Gray.
(၁၁) Stilson's Arthmetic Part.
(၁၂) အိစွတ်ပုံပြင်များ သာသာပြန်
(၁၃) သင်ပုန်းကြီးအကျဉ်း
(၁၄) ဟိတောပဒေသာ
(၁၅) နေမိဇာတ်
(၁၆) ဝေဿန္တရာဇာတ်
(၁၇) ညေဝတီအရေးတော်ပုံ
(၁၈) Pali Text and Glossary.

၁၈၈၃-၈၄ ခုနှစ်တွင် ထုတ်ဝေသော စာအုပ်များ...

(၁) ခြောက်စောင်တွဲ
(၂) သုဓမ္မာစာရီ
(၃) မဟာဇနက္က
(၄) မြန်မာဖတ်စာအုပ်အမှတ် (၁) (မူသစ်)
(၅) အောဘီဆဲ့ဗေ့ ဘာသာပြန်သော ကယ်လီ၏ မြေတိုင်းပညာလက်စွဲ
(၆) Selected Arithmetic in English by Mr Nicholas.
(၇) ၎င်းမြန်မာ ဘာသာပြန်
(၈) History of Burma By Sir Arthur Phayre.

စာအုပ်များ ဖြစ်ပါသည်။ ထိုနှစ်တွင်ပင်....

- ခြောက်စောင်တွဲ
- သုဓမ္မစာရီ
- မဟာဇနက္ကဇာတ်ဝတ္ထု
- သဒ္ဒါမြူဟာ-ဓမ္မပဒပါဠိ
- Captain Forbe's History of Burma စသည့်

စာအုပ်တို့ကို မူပိုင်ပြုလုပ်၍ Dr Hunter's History of India ကို ဘာသာ ပြန်ဆိုရန်နှင့် မောင်ကြည်၏ မြန်မာသဒ္ဒါတို့ကို ဝယ်ယူ လိုက်သည်။

ယင်းကဲ့သို့ စာအုပ်စာတန်းများသည် ကိုလိုနီခေတ် ကျောင်းများ တွင် ခေတ်စားခဲ့ပေသည်။ ထိုဖတ်စာအုပ် ထားရှိခြင်း စနစ်ကို ဘုန်း တော်ကြီးကျောင်းများသည် တဲစတာစ လက်ခံလာသည်ကို တွေ့ရသည်။ အထူးသဖြင့် သင်ပုန်းကြီးစာအုပ်၊ ခြောက်စောင်တွဲ၊ ကိုးစောင်တွဲ၊ ဇာတ်တော်ဝတ္ထုများကို ဘုန်းတော်ကြီးကျောင်းများက လက်ခံသင် ကြားပို့ချပေးသည်ကို တွေ့ရသည်။

## သင်ကြားနည်း နိဿရည်း

သို့ရာတွင် ပထဝီဝင် ဘာသာရပ်နှင့် ပတ်သက်၍ ဘုန်းတော်ကြီး ကျောင်းများက လက်မခံလိုကြပေ။ ကျောင်းသုံးစာအုပ်နှင့် ပတ်သက်၍-

> ''ဩဝါဒ စရိယ ဆရာတော်များကလည်း ထိုစာ အုပ်များသည် သင့်လျော်သည်ဟု သဘောထင်မြင်ချက် ပေးတော်မူကြမှသာလျှင်၊ ထိုစာအုပ်များကို ကျောင်း သုံး စာအုပ်များအဖြစ် ပြဋ္ဌာန်းသင့်သည်။ သို့မှသာ လျှင် ကျောင်းသုံး စာအုပ်များသည် သာသနာတော် နှင့် မဆန့်ကျင်၍ ဘုန်းတော်ကြီး စာသင်ကျောင်းများ ၌ လက်ခံသင်ကြားနိုင်သော စာအုပ်များ ဖြစ်ကြလိမ့် မည်ဟု ယုံကြည်စိတ်ချ ပေလိမ့်မည်။'' *

ဟူ၍ မူသစ်ချမှတ်ရန် အစီရင်ခံစာတွင် တိုက်တွန်းထားသည်ကို တွေ့ရ ပေသည်။ ထိုမှတဖန် ဘာသာရပ်ဆိုင်ရာ သင်ကြားနည်းများနှင့် ပတ် သက်၍ အောက်ပါအတိုင်း အစီရင်ခံစာတွင် ဆွေးနွေးတင်ပြထားသည် ကို တွေ့ရပေသည်။

---

* ဘုန်းတော်ကြီး ကျောင်းများတွင် တိုင်းရင်းဘာသာ ပညာ သင်ကြားမှု စုံစမ်းရေးအဖွဲ့၏ အစီရင်ခံစာနှင့် ဩဝါဒ စရိယ ဆရာတော်များ၏ ဩဝါဒကထာ၊ ၁၉၄၈၊ စာမျက်နှာ-၆၂။

''ကမ္ဘာမြေကြီးသည် လုံးသည်ဟူ၍ရှင်း၊ လည်သည်ဟူ၍ရှင်း သင်ကြားပြသခြင်းသည် ဗုဒ္ဓဘာသာဝင်တို့၏ အယူဝါဒနှင့် ဆန့်ကျင်သည်''ဟူ၍ရှင်း၊

''ပထဝီဝင်ကို သင်ကြားရာ၌ပင်လျှင် မြတ်စွာဘုရား၏ လောကဝိဒူဂုဏ်တော်ကို ချီးကျူး၍ ပြောပြနိုင်၏။ ပထဝီပင်သည် ဩကာသလောက အကြောင်း ဗဟုသုတ တစိတ်တဒေသမျှသာ ဖြစ်ကြောင်း ပြောပြနိုင်၏။ မည်သည့်မြို့ရွာ အရပ်ဒေသ၌ တန်ခိုးကြီးဘုရားကြီးများရှိကြောင်း၊ကျမ်းပြုဆရာတော်များ ထွက်ပေါ်ခဲ့ကြောင်း၊ ပရိယတ္တိသာသနာအတွက် ကျေးဇူးများသော ကျောင်းတိုက်ကြီးများ ရှိကြောင်း အစရှိသည်တို့ကိုရှင်း၊ မည်သည့်မြို့ကြီးများသည် သင်္ခါရ သဘောတရားအတိုင်း ပျက်စီးဆုတ်ယုတ်၍ သွာ ပြီဖြစ်ကြောင်း အစရှိသည်တို့ကို သင်ကြားပြသနိုင်သည်''ဟူ၍ရှင်း၊

''ဂဏန်းသင်္ချာပညာ သင်ကြားပြသ ရာ၌လည်း ရတနာသုံးပါးနှင့် စပ်လျဉ်းအောင် သင်ပြနိုင်သည်သာ ဖြစ်၏။ ဥပမာ အပေါင်း အနုတ် အမြှောက် အစားတို့ကို သင်္ဂြိုဟ်သရုပ်ခွဲသလို စိတ်ကိုပေါင်းစေ၊နုတ်စေခြင်း၊ပွားစေခြင်း စသည်တို့ကို ပြုလုပ်စေနိုင်၏။

ကျန်းမာရေး သင်ကြားပြသရာ၌လည်း မြတ်စွာဘုရားသည် အာရောဂျ ပရမံ လာဘံဟု ဟောတော်မူခဲ့ပုံ၊ ဗာရိယာပုဒ်လေးပါး မျှတအောင် တပည့် သားသာဝကများအား၊ ကျန်းမာရေးအတွက် ညွှန်ကြားဆုံးမတော်မူပုံများကို ထည့်သွင်းသင်ကြားနိုင်၏။

ဆိုခဲ့သည့်အတိုင်း ရတနာသုံးပါးနှင့်စပ်၍ သင်ကြားလျှင်လည်း ထိုပညာရပ်များသည် မြတ်သည်သာချည်း ဖြစ်ရာ၏ ဟူ၍ရှင်း၊ သင်နည်း နိဿရည်းနှင့် စပ်လျဉ်း၍ ဆရာများက အကြံပေး ဆွေးနွေး တင်ပြခဲ့ကြသည်။

ထိုကဲ့သို့သော သင်နည်းအယူအဆကို ကိုလိုနီ ပညာရေး အာဏာပိုင်များက လက်ခံနိုင်ကြမည် မဟုတ်ပေ။ သင်နည်းစနစ် မှန်ကန်စေရန်၊ ခေတ်မီတိုးတက်စေရန် ဆရာအတတ်သင် ကျောင်းများကို ဖွင့်လှစ်ခဲ့သည်။ တိုင်းရင်းမြန်မာကျောင်းများနှင့် ဘုန်းကြီးကျောင်းများသို့ ဆရာဖြစ်သင်တန်းဆင်းဆရာများကို အစိုးရလခစားများအဖြစ် ခန့်ထားပေးခဲ့သည်။ ဆရာလုံလုံလောက်လောက် မရှိသေးခင် တိုင်းရင်းသားမြန်မာကျောင်းများ၏ သင်ကြားပို့ချမှု တိုးတက်စေရန် နယ်လှည့်ဆရာများ[၁] ခန့်ထားပေးခဲ့သည်။

၁၉၂၁ ခုနှစ်တွင် အစမ်းသဘောဖြင့် ဘုန်းတော်ကြီး ဆရာဖြစ်သင်တန်း[၂] ပေးသည့် ဘုန်းကြီးကျောင်းသုံးကျောင်း ပေါ်ပေါက်ခဲ့သည်။ ၁၉၂၁ ခုနှစ်တွင် ဦးပဥ္စင်းများအတွက် ဆရာဖြစ်သင်တန်းများကို မန္တလေးဦးဝိမလကျောင်းနှင့် မော်လမြိုင် ဦးမွန်နိဒ္ဒိကျောင်းတွင်စတင်ဖွင့်လှစ်သည်။ ကျောင်းအုပ်ဆရာတော်ကြီးများကသင်တန်းကို အုပ်ချုပ်သည်။ သင်နည်းပို့ချရာတွင် ဘွဲ့ရဆရာတဦး ပါဝင်သည်။

သို့ရာတွင် အစဉ်အလာကို ဖီလာဆန့်ကျင်မှု မပြုလိုသော ဘုန်းတော်ကြီးများ၊ သမားရိုးကျနည်းစနစ်ကို လိုက်နာလိုကြသော ဘုန်းတော်ကြီးများနှင့် ဘုန်းတော်ကြီးကျောင်းသည် လောကီရေးအတွက် တည်ထောင်ထားသည်မဟုတ်ဟူ၍ ယူဆကြသော ဆရာတော်ကြီးများ၏ အယူဝါဒကြောင့် ဗြိတိသျှတို့၏ ပညာရေးကြိုးပမ်းမှု နည်းနိသ္သရည်းများသည် ဘုန်းတော်ကြီးကျောင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ထိရောက်မှုမရှိဘဲ ပျက်ပြယ်ခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ သင်ရိုးညွှန်းတမ်းကို လေ့လာသည့်အခါ အောက်ပါအတိုင်း တွေ့ရသည်။

## ပညာရပ်သင်ရိုး*

သူငယ်တန်းက သတ္တမတန်းထိ မှချဖြေဆိုရန် ပညာရပ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) အသိအမှတ်ပြုသည့် နိုင်ငံရင်းဘာသာ တရပ်ရပ်၊
(ခ) ဂဏန်းသင်္ချာ၊

---

၁။ Cercuit Teachers.

၂။ Monastic Training Classes.

* Education Code ,1915,PP6-7

(ဂ) ရှေးဦးသင်လောကဓာတ်ပညာ၊ (ဝဏ္ဏပုပ္ပစ္စည်း သင်ခဏ်း စာများ)
(ဃ) ပထဝီဝင်၊
(င) ကင်တားဿာတင်၊
ရဟန်းကျောင်းများမှာ (ဂ)သို့မဟုတ် (ဃ)အစား ပါဠိဘာသာကို ယူနိုင်သည်။

အဋ္ဌမတန်းနှင့် နဝမတန်းများအတွက် မုချဖြေဆိုရန် ပညာရပ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) အသိအမှတ်ပြုသည့် နိုင်ငံရင်းဘာသာ တရပ်ရပ်၊
(ခ) ဂဏန်းသင်္ချာ၊
(ဂ) ရှေးဦးသင်လောကဓာတ်ပညာ၊
(ဃ) ပထဝီဝင်၊
(င) ယူကလစ်၏ ဂျီဩမေဋ္ဌရီ၊
(စ) အက္ခရာသင်္ချာ၊
(ဆ) မြန်မာရာဇဝင်၊
ရဟန်းကျောင်းများမှာ (ဂ)သို့မဟုတ် (ဃ)အစား ပါဠိဘာသာကို ယူနိုင်ကြသည်။

ယင်းအချက်ကိုထောက်၍ ရဟန်းကျောင်းများသည် ရှေးဦးသင်လောကဓာတ်ပညာနှင့် ပထဝီဝင်ဘာသာရပ်များ၏ အဆိုပြုချက်များကို တရားတော်နှင့် ဆန့်ကျင်သည်ဟူ၍ ဆုံးဖြတ်ကာ လက်မခံကြကြောင်း သိသာထင်ရှားပေသည်။

ထို့ပြင် ပထမပြန်စာမေးပွဲ နည်းဥပဒေများကို ပြဋ္ဌာန်းခဲ့သည်။ နှစ်စဉ်သင်ရိုးများ ပြဋ္ဌာန်းပြီး ကျင်းပခဲ့ကြောင်းတွေ့ရသည်။

## ပထမပြန်စာမေးပွဲ

ဘုန်းတော်ကြီးကျောင်း ပညာရေး၏ အထက်တန်းပညာရပ်အနေဖြင့် ပါဠိဘာသာကို ဦးစားပေးလေ့လာခဲ့ကြသည်။ စာသင်တိုက်များတွင် ရဟန်းတော်များသည် ပါဠိဘာသာကို လေ့လာဆည်းပူးလျက် ပါဠိဘာသာ ပထမပြန် စာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုကြရသည်မှာ အစဉ်အလာပင်ဖြစ်ပေသည်။

ပါဠိဘာသာ ပထမမြန်စာမေးပွဲနှင့်ပတ်သက်၍ ပညာရေးကို ခဉပဒေအရ လေ့လာသိရသည်မှာ ယင်းစာမေးပွဲကို မန္တလေး၊ မော်လမြိုင်၊ စစ်တွေ၊ ရန်ကုန်၊ တောင်ငူ၊ ပြည်နှင့်ပုသိမ်မြို့များ၌ နယုန်လဆန်း ၈ ရက်နေ့နှင့် ဝါဆိုလဆန်း ၈ ရက်နေ့အတွင်း နှစ်စဉ်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း၊ စာမေးပွဲကျင်းပမည့် နေ့ရက်ကို နှစ်လကြို၍ ကြော်ငြာမည်ဖြစ်ကြောင်း။ အရပ်ရပ်ရှိ ရဟန်း၊ သီလရှင်၊ လူယောကျ်ား၊ လူမိန်းမ မည်သူမဆို ဝင်ရောက်ဖြေဆိုနိုင်ခွင့်ရကြကြောင်း၊ မိမိတို့အမည်များကို ဆိုင်ရာပညာအုပ်ထံ တင်သွင်းကြရမည်။ ရဟန်းတော်များနှင့်သီလရှင်တို့မှာ မိမိတို့သတင်းသုံးနေထိုင်ရာ တိုက်တာကျောင်းကန် အကြီးအမှူးပုဂ္ဂိုလ်ထံမှ ဆင့်ကဲတင်သွင်းကြရမည်ဖြစ်ကြောင်း၊ လူယောကျ်ားနှင့်လူမိန်းမတို့မှာ မိမိတို့နေထိုင်သင်ကြားရာ ကျောင်းဆရာကြီးထံမှ ဆင့်ကဲတင်သွင်းကြရမည်ဖြစ်ကြောင်း-

စာမေးပွဲဖြေဆို အောင်မြင်သူများသို့ မိမိတို့နေရပ်မှ စာမေးပွဲကျင်းပရာအရပ်သို့ အသွားအပြန် ကုန်ကျသည့် ခရီးစရိတ်ကို အစိုးရကထုတ်ပေးမည်ဖြစ်ကြောင်း- မြန်မာနိုင်ငံပညာရေးကို ခဉပဒေ(၁၉၁၅)တွင် အတိအကျမှတ်သားထားပေသည်။

"ပထမပြန်ကော်မတီလူကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်။"

အကြီးဉက္ကဋ္ဌ
မြန်မာနိုင်ငံတော်ပညာဝန်ကြီး။

ကော်မတီလူကြီးများ

ဥရောပတိုက်သားကျောင်းနှင့် နော်မံကျောင်းပညာဝန်။
မန္တလေးနယ်ပညာဝန်။
မင်းဟိုင်ပင်အမတ်ဦးဘော K.S.M, A.T.M
မစ္စတာတော်စိန်ခို K-I-H, I-S-O
ရန်ကုန်မြို့ ကောလိပ်သိပ္ပံကျောင်း၊ ပါဠိဆရာကြီး။
မစ္စတာရိုဝန်းစင်။
ဦးမှန်း K.S.M
ဆရာကြီး။
ဆရာဘ။
ဆရာဖြေ။

ဆရာဘေ။ ဆရာဦးပန်းလှိုင်''*

ယင်းကော်မတီလူကြီးများ၏ အစည်းအဝေးကို ရန်ကုန်မြို့တွင်ပြုလုပ်သည်။ နှစ်စဉ်ပထမပြန်စာမေးပွဲတန်းနှင့် သင်ရိုးစာပေကျမ်းဂန်များမှာ အောက်ပါအတိုင်း**''ဖြစ်ပါသည်။

၁။ ။ပထမငယ်

(က) သဒ္ဒါရှစ်စောင်(ပါဠိ။အနက်အဓိပ္ပာယ်။ရုပ်။)
(ခ) သင်္ဂြိုဟ်ကိုးပိုင်း(ပါဠိ။အနက်အဓိပ္ပာယ်)
(ဂ) မာတိကာ(ပါဠိ။အနက်အဓိပ္ပာယ်)
(ဃ) ဓါတုကထာ(ပါဠိ။အနက်အဓိပ္ပာယ်)
(င) ဇနကပါဠိတော်နှင့်ဝုဏ်းအဋ္ဌကထာ(ဘာသာပြန်ဆိုရန်)။

၂။ ။ပထမလတ်

(က) သဒ္ဒါရှစ်စောင်(ပါဠိ။အနက်အဓိပ္ပာယ်။ရုပ်)
(ခ) သင်္ဂြိုဟ်ကိုးပိုင်း(ပါဠိ။အနက်အဓိပ္ပာယ်)
(ဂ) မာတိကာ(ပါဠိ။အနက်အဓိပ္ပာယ်)
(ဃ) ဓာတုကထာ(ပါဠိ။အနက်အဓိပ္ပာယ်)
(င) ယမိုက်အောက်ငါးကျမ်း(ပါဠိ။အနက်အပ္ပဓိာယ်)
(စ) မိလိန္ဒပဉှာ(ဘာသာပြန်ဆိုရန်)

၃။ ။ပထမကြီး

(က) သဒ္ဒါရှစ်စောင်(ပါဠိ။အနက်အဓိပ္ပာယ်။ရုပ်)
(ခ) သင်္ဂြိုဟ်ကိုးပိုင်း(ပါဠိ။အနက်အဓိပ္ပာယ်)
(ဂ) မာတိကာ (ပါဠိ။အနက်အဓိပ္ပာယ်)
(ဃ) ဓာတုကထာ(ပါဠိ။အနက်အဓိပ္ပာယ်)
(င) ယမိုက်ဆယ်ကျမ်း(ပါဠိ။အနက်အဓိပ္ပာယ်)
(စ) အဘိဓာနပ္ပဒီပိကာ(ပါဠိ။အနက်အဓိပ္ပာယ်)
(ဆ) ဆန္ဒ(ပါဠိ။အနက်အဓိပ္ပာယ်)
(ဇ) အလင်္ကာရ(ပါဠိ။အနက်အဓိပ္ပာယ်)
(ဈ) ပဋ္ဌာန်းကုသလတိတ်(ပါဠိ။အနက်အဓိပ္ပာယ်)

* Ibid, P. 34
** Ibid, P. 35

(ည) ဓမ္မပဒပါဠိတော်နှင့် ၎င်းအဋ္ဌကထာ။
(ဘာသာပြန်ဆိုရန်)

ပထမပြန်ဆို အောင်မြင်သူအသီးသီးသို့ အောက်ပါဆုတော်ငွေများကို ပေးအပ်သည်။

| | | |
|---|---|---|
| ပထမကျော် | .... | ၁၅ဝ/- |
| မထမကြီး | .... | ၁၀၀/- |
| ပထမလတ် | .... | ၇၅/- |
| ပထမငယ် | .... | ၅၀/- |

ဝိနည်းသိက္ခာပုဒ်အရ ကြေးငွေ မကိုင်မခံအပ်သည့် အောင်မြင်သူ ရဟန်းတော်နှင့် ရှင်သာမဏေတို့ကို ဆုတော်ငွေအသီးသီး၏ တန်ဖိုးအလိုက် သင်္ကန်း၊ ပရိက္ခရာ၊ စာအုပ်စသည်တို့ကို လှူဒါန်းသည်။ ပထမပြန်အောင်မြင်သူ အသီးသီးသို့ အသင်းဥက္ကဋ္ဌ လက်မှတ်ရေးထိုးသည့် လက်မှတ်စာကို ပေးအပ်မည်ဖြစ်၍ ပထမကျော်သို့ မြန်မာနိုင်ငံတော် ဒုတိယဘုရင်ခံမင်းကြီး လက်မှတ်ရေးထိုးသည့် လက်မှတ်စာကို ပေးအပ်သည်။ ပထမပြန်အောင်သူများ စာတွင် ကြော်ငြာမည်ဟု မြန်မာနိုင်ငံပညာကိုဥပဒေ(၁၉၁၅)တွင် ဖော်ပြထားပေသည်။ ယင်းလက်မှတ်ဆက်ကပ်သည့်အပြင် ပထမကြီးနှင့် ပထမကျော်အောင် ပုဂ္ဂိုလ်များ၏ မိဘအရင်းတို့ကို သဿမေဓနှင့်လှူခွန်တော်များကို မရုပ်သိမ်းသေးသမျှ ထိုအခွန်တော်များမှ လုံးဝချမ်းသာ ပေးထိုက်ကြောင်း၊ ထိုအခွန်တော်များကို ရုပ်သိမ်းသောအခါ ၎င်းတို့အစား သင့်လျော်ရာ အခွန်မင်းတိုင်းမှ လွတ်ငြိမ်းချမ်းသာခွင့်ပေးထိုက်ကြောင်း ပထမပြန်ကော်မတီ၏ အကြံပေးချက်အတိုင်း လိုက်နာခဲ့ပေသည်။

(ဆ) အခမဲ့မူလတန်းပညာမသင်မနေရစနစ်နှင့်
ဘုန်းကြီးကျောင်းပညာရေး

ထိုသို့ လောကီပညာရပ်များကို သင်ကြားပေးသည့် ဘုန်းတော်ကြီးကျောင်းများသာမက အစဉ်အလာ ဘုန်းတော်ကြီး ကျောင်းများ၏ ပညာရေးအကျိုးပြုချက်များကို သိမြင်ရာကား အခမဲ့မူလတန်းပညာမသင်မနေရ စနစ်အကြောင်း စဉ်းစားတွေးခေါ်ကြသည့် အခါ

ဘုန်းတော်ကြီးကျောင်းပညာရေးအခန်းကဏ္ဍကိုပါ ထည့်သွင်းစဉ်းစား ခဲ့ကြသည်။

မြန်မာပြည်တွင် ၁၉၂၄–၂၅ ခုနှစ်တွင် ကျောင်း ဝင် သော ကျောင်းသားအနက် ၁၀၀ လျှင် ၈၇ ယောက်မှာ (၄)တန်းကုန်ဆုံး သည့်တိုင်အောင် ကျောင်းတွင် မနေနိုင်ခဲ့ကြ။ နောက်ပိုင်းနှစ်များတွင် လည်း အလားတူ ပညာရေး အဟောသိကံဖြစ်ခဲ့ရသည်ကို အောက်ပါ ဇယားတွင် လေ့လာနိုင်ပေသည်။ (၄)တန်း ကုန်ဆုံးအောင် မနေ ရသော ကျောင်းသားရာခိုင်နှုန်း....

| | |
|---|---|
| ၁၉၂၅-၂၆............၈၉ | ၁၉၂၈-၂၉............၈၉ |
| ၁၉၂၆-၂၇............၈၉ | ၁၉၂၉-၃၀............၈၈ |
| ၁၉၂၇-၂၈............၈၈ | ၁၉၃၀-၃၁............၈၈ |

ယင်းကဲ့သို့သော ပညာရေး ချွတ်ယွင်းမှု အခြေအနေ မျိုးကြောင့် မြန်မာပြည်တွင် ၁၉၅၃-ခုနှစ် မြန်မာပြည် အက်ဥပဒေ အတည်ပြုပြီး သည့်နောက်၊ မူလတန်းပညာ မသင် မနေရ စနစ်ကို တည်ထောင်ရန် မြန်မာပြည် အစိုးရက အရေးယူ ဆောင်ရွက်ခဲ့၏။ ထိုဆောင်ရွက်မှုများ ကြောင့် ၁၉၄၀ ခုနှစ်တွင် မူလတန်းပညာရေး အက်ဥပဒေကို အတည် ပြုခဲ့သည်။

ဘုန်းကြီးကျောင်းများသည် အခမဲ့ မူလတန်းပညာ မသင်မနေရ စနစ်တွင် မည်ကဲ့သို့ ပါဝင်သင့်ကြောင်း စဉ်းစားခဲ့ကြပေသည်။ ရှေး အခါကပင် ဘုန်းကြီးကျောင်းများသည် ကလေးသူငယ်များအား မူလ တန်းပညာကို သင်ကြားပေးခဲ့သည်။ ထို့ကြောင့် ဘုန်းကြီးကျောင်း များကို အစိုးရ ပညာရေးစနစ်အတွင်းသို့ တနည်းနည်းဖြင့် ထည့်သွင်း နိုင်လျှင် မူလတန်း ပညာသင်စရိတ် သက်သာမည်ဟု စဉ်းစားခဲ့ကြသည်။ စရိတ် သက်သာခြင်းနှင့် ဘုန်းကြီးကျောင်းများ မြို့ရွာ အနှံ့အပြား ရှိခြင်းကို ကိုလိုနီ အစိုးရသည် အထူးအလေးပေး စဉ်းစားခဲ့ကြသည်။

သို့ရာတွင် ဘုန်းတော်ကြီး ကျောင်းများကို ကိုလိုနီအစိုးရက သိမ်း သွင်းရာတွင် မအောင်မြင်ပဲ ဖြစ်ရသည်မှာ အောက်ပါအကြောင်းရင်း များကြောင့် ဖြစ်ကြောင်း "ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းများနှင့်

အမျိုးသား ပညာရေး စုံစမ်းရေး ကော်မတီ'' * က ဝေဖန် တင်ပြခဲ့ပေသည်။

(၁) မူလတန်း ပညာရေး ကြီးပွားအောင် ဆောင်ရွက်ရန်အတွက် သံဃာတော်များ၏ အကူအညီ တောင်းရာတွင် မလျော်ကန်သော နည်းစနစ်များကို အသုံးပြုခြင်း။

(၂) ဘုန်းတော်ကြီးများအား ဆွမ်းဆံတော်လှူရာတွင် ဝိနည်းတော်နှင့် လျော်ညီသော နည်းစနစ်များကို အသုံးမပြုခြင်း။

(၃) ပြည်ပိုင်အစိုးရနှင့် ဒေသန္တရ အဖွဲ့များ သတ်မှတ်သော နည်းဥပဒေများ၊ ညွှန်ကြားချက် ဥပဒေများ၊ အုပ်ချုပ်ရေး ဆင့်ဆိုချက်များမှာ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများအား ထိုအဖွဲ့များ၏ အစေခံ အခစား အခြေအနေသို့ ရောက်စေခြင်း။

(၄) ဘုန်းကြီးကျောင်းများ အပေါ်တွင် မှန်ကန်သော သဘောထားမရှိခြင်းပညာရေးနှင့်ပတ်သက်၍ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၏ အလုပ်မှာ ကလေးသူငယ်များ၏ ပညာတတ်မြောက်ရေးနှင့် အကျင့် စာရိတ္တ ကောင်းမွန်ရေး အတွက် ဆောင်ရွက်သည့် ကုသိုလ်ကောင်းမှုများဟု မှန်ကန်သည့်အတိုင်း သဘောထားလိုနေခြင်း။

ဘုန်းကြီးကျောင်းများတွင် သင်ကြားသော ပညာရေး အဆင့်အတန်းနှင့် ပတ်သက်၍ တိုင်းရင်းသား ဘာသာ ပညာရေး ကော်မတီနှင့် ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းများနှင့် အမျိုးသားပညာရေး ကော်မတီတို့က လုံးဝ သဘောတူညီကြပေသည်။ ပထမ ကော်မတီ၏ အဆိုမှာ ''ဘုန်းကြီးကျောင်း ဖြစ်စေ၊ လူကျောင်း ဖြစ်စေ အနာဂတ် အချိန်၌ ကျောင်းတကျောင်း တည်ရှိရန် သင့်မသင့် ဆုံးဖြတ်ရန်မှာ ထိုကျောင်း၏ ပညာသင်ကြားရေး ကောင်းမွန်ခြင်းပင် ဖြစ်ကြောင်း၊ ဘုန်းကြီးကျောင်းများနှင့် လူကျောင်းများသည် သင်ရိုးသင်တန်းနှင့် စာမေးပွဲ တမျိုးတည်း ဖြစ်ရမည့်အပြင် အခြား လုပ်ငန်းဆောင်တာများတွင်လည်း တာဝန်ယူသင့်ကြောင်း။ ဤအဆိုကို ဒုတိယကော်မတီက သင်ရိုး သင်တန်း အကြောင်းတွင် အောက်ပါအတိုင်း ထောက်ခံရေးသားခဲ့ပေသည်။

---

* ပညာရေးစနစ် စုံစမ်းရေး ကော်မတီ၏ အစီရင်ခံစာ၊ အခန်း-၂ ပညာ မသင်မနေရ။

"ဘုန်းကြီးကျောင်းများ၏ သင်ရိုး သင် တန်း မှာ ယခု အသိအမှတ် ပြုထားသော တိုင်းရင်း ဘာသာ ကျောင်းများ၏ သင်ရိုး သင်တန်းထက် အောက်ကျ နောက်ကျခြင်း မဖြစ်စေသင့်။ ထိုကျောင်းနှစ်မျိုးတွင် သင်ရိုးသင်တန်းမှာ အချက်တိုင်းတွင်ပင် တရန် လိုဇပ် ကြောင်း၊ ရှေးက ဘုန်း ကြီး ကျောင်း များ ကို (ဘိ) ကျောင်းများဟု အတန်းအစား ခွဲခဲ့ကြောင်း၊ ဘုန်းကြီး ကျောင်းများ၏ သင်ရိုးသင်တန်းမှာ အခြားကျောင်း များ၏ သင်ရိုး သင်တန်းထက် ညံ့ဖျင်းနေသဖြင့် ထို ကျောင်းမှ ထွက်လာသော ကျောင်း သား များ သည် အခြားကျောင်းထွက်များထက် ညံ့ဖျင်းသည်ဟု ယူဆ ကြသဖြင့် ဘုန်းကြီးကျောင်းများတွင် ကျောင်းသား ဦးရေ လျော့သွား၏။ ယခု အခါ၌ ဘုန်းကြီးကျောင်း များတွင် ကျောင်းသား နည်းနေခြင်းမှာ ၎င်းကျောင်း များ၏ သင်ရိုးသင်တန်း ယုတ်လျော့ နေခြင်းကြောင့် ပင် ဖြစ်ကြောင်း" ကောက်ချက်ချခဲ့ပေသည်။

သို့ရာတွင် မူလတန်းပညာ မသင်မနေရ စနစ်အတွက် ဘုန်းကြီး ကျောင်းများကို စေတနာမှန်၊ သဘောထားမှန် ထားလျက် ဆောင်ရွက် သင့်ပေသည်။ ရွာတိုင်းတွင် ဘုန်းကြီးကျောင်းများ ရှိရာ ဗုဒ္ဓဘာသာ ရဟန်းတော်များကို ဥပေက္ခာထားလျှင် ကောင်းမွန်သော မူလတန်း ပညာရေးစနစ်ကို ထူထောင်နိုင်မည် မဟုတ်ကြောင်း ဘုန်းကြီးကျောင်း များသည် ရှေးပဝေသဏီကပင် မြန်မာလူမျိုးတို့၏ ရေသောက်မြစ် သဖွယ် ဖြစ်ကြောင်း၊ မူလတန်းပညာ မသင်မနေရ စနစ်နှင့် ဘုန်းကြီး ကျောင်းများသည် တနည်းမဟုတ် တနည်း ဂဟေ ဆက်ရမည်ဖြစ် ကြောင်း အမျိုးသား ပညာရေးကော်မတီက ဝေဖန်တင်ပြခဲ့ပေသည်။ မြန်မာအမျိုးသား အစိုးရကလည်း....

"မြန်မာပြည်အစိုးရက မြန်မာပြည်တွင် အခမဲ့ မူလ တန်းပညာ မသင်မနေရ စနစ်ကို အမြန်ဆုံး ထမြောက် အောင်မြင်အောင် ဆောင်ရွက်ရန် တိတိကျကျ လက်ခံ လိုက်ပြီဖြစ်ကြောင်း။ မြန်မာပြည်တွင် ဗုဒ္ဓဘာသာ သံဃာတော်များသည် သံဃာတော် ဦးရေအားဖြင့်

မြောက်မြားခြင်း၊ ပြည်သူတို့ အပေါ်တွင် တန်ခိုး ဩဇာလွှမ်းမိုးခြင်း၊ အဆောက်အအုံများစွာပိုင်ဆိုင်ခြင်း၊ ကျောင်းနေနိုင်မည့်အရွယ် ဆင်းရဲသော ကလေးများ အား အစားအသောက်နှင့် နေရာထိုင်ခင်း လုံလောက် စွာ ထောက်ပံ့နိုင်ခြင်းတို့ကို အစိုးရက သိရှိ၍ မြန်မာအမျိုးသား ပညာကြီးပွားရေးအတွက် သံဃာ တော်များ၏ အကူအညီကို ခံယူရန်စနစ်ကိုလည်း အတည် ပြုလိုက်ပြီဖြစ်ကြောင်း။'' ဘုန်းကြီးကျောင်းများကိုအ လေးပေး ဝေဖန်ခဲ့သည်။

ဤကိစ္စနှင့်ပတ်သက်၍ တိုင်းရင်းဘာသာနှင့် အသက်မွေးဝမ်းကျောင်း ပညာအသစ်ကို ထူထောင်ရေးကော်မတီက-

''ဘုန်းကြီးကျောင်းများကို အမျိုးသား ပညာရေး စနစ်အတွင်းသို့ မည်သည့်နည်းနှင့်မျှ သွတ်သွင်းမရဟု ကျွန်ုပ်တို့ ယုံကြည်ခဲ့လျှင် အကြောင်းလုံလောက်စွာမရှိ ဘဲအာထပ်အမြင်သေးရာရောက်မည်ဖြစ်ကြောင်း၊ ယခုအ ခါ၌ သံဃာတော်များကပင်လူမျိုးကြီးပွားရေးနှင့်ဉာဏ် ပညာထက်သန်ရေးများကို အကြောင်းပြု၍ ပညာရေး တွင်ကူညီအားပေးလိုသော စိတ်စေတနာတို့ကို အလေးမူ ရာလည်းရောက်မည်ဖြစ်ကြောင်း×××ဗုဒ္ဓဘာသာရဟန်း တော်များ၏ အကူအညီမြောက်မြားစွာ ရရန်ကိစ္စမှာ ခဲ ယဉ်းမည် မဟုတ်ကြောင်း၊ ဘုန်းကြီးကျောင်းများက လည်း အသိအမှတ်ပြုသော လူကျောင်းများနှင့် တူညီ သော သင်ရိုးသင်တန်းအတိုင်း သင်ကြားရန် အားပေး မည် ဖြစ် ကြောင်း တချို့ ဘုန်းကြီးကျောင်းများတွင် ကျောင်းသား နည်းပါးခြင်းကြောင့် လည်းကောင်း၊ ဆရာမလုံလောက်သောကြောင့် လည်းကောင်း၊ မသင် မနေရ ပညာရေးစနစ် အကောင်အထည်ဖော်ရာတွင်လို သော ကင်းလွတ်ခွင့်များရမည်ဖြစ်ကြောင်း အကြံဉာဏ် ပေးခဲ့ပေသည်။

---

* ပညာရေးစနစ် စုံစမ်းရေးကော်မတီ၏ အစီရင်ခံစာမှ ကောက်နှုတ် ချက်၊ (အခြေခံပညာဦးစီးဌာန၊ မှတ်တမ်းဌာနခွဲမှရသည်။)

ထို့ကြောင့် နိဂုံးချုပ်အကြံပေးရာတွင်-

- သင့်တင့်လျော်ကန်သော စိတ်နေစိတ်ထားနှင့်မှန်ကန်သောနည်းစနစ်တို့ကိုအသုံးပြု၍၊ မူလတန်းပညာ တိုးတက်ကြီးပွားရေးတွင်ဗုဒ္ဓဘာသာရဟန်းတော်များ၏အကူအညီအများဆုံး ရအောင်ကြိုးစားရန်။
- ဘုန်းတော်ကြီးကျောင်းများသည် အသိအမှတ်ပြုသော လူကျောင်းများနှင့် ပညာသင်ကြားရေး အဆင့်အတန်းဟူ၍ အမျိုးသားရေးနယ်အတွင်းတွင် လွယ်ကူစွာ ပါဝင်ဆောင်ရွက်နိုင်ရန် ဘုန်းတော်ကြီးကျောင်းများနှင့် ဆက်ဆိုင်သော အုပ်ချုပ်ရေးစနစ်နှင့် စည်းကမ်းချက်များကို သင့်လျော်အောင်ပြင်ဆင်ရန်။
- မသင်မနေရစနစ် အတည်ပြုထားသောဒေသများအတွင်းရှိ အစိုးရအသိအမှတ်မပြုသော ဘုန်းတော်ကြီးကျောင်းများတွင် ပညာသင်ကြားနေသော ကျောင်းသားများသည် စာရေးစာဖတ်နှင့်အတွက်အချက်တို့တွင် ပညာရေးဌာန သတ်မှတ်ထားသောအဆင့်အတန်းထိမှီအောင် သင်ကြားခွင့်ရရှိနေလျှင် ထိုကျောင်းသားများကို ဆိုင်ရာက အက်ဥပဒေမှ ကင်းလွတ်ချက်ပေးထားရန်။''

အကြံဉာဏ်ပေးခဲ့ပေသည်။

## (ဇ) ဘုန်းကြီးကျောင်းပညာရေး မှေးမှိန်ခဲ့ရပုံ။

ဘုန်းတော်ကြီးကျောင်း ပညာရေးတွင် အသိအမှတ်ပြုကျောင်းနှင့် အသိအမှတ်မပြုသောကျောင်းဟူ၍ နှစ်မျိုးနှစ်စားရှိခဲ့ရာ တဖြည်းဖြည်းနှင့် မှတ်ပုံတင်ကျောင်းများ ယုတ်လျော့လျက် လူကျောင်းများအစားထိုးများလာခဲ့သည်။ ဥပမာ- ၁၈၉၂-၉၃ တွင် မှတ်ပုံတင် ဘုန်းတော်ကြီးကျောင်းများ(၄၆၁၉)ကျောင်းရှိခဲ့ရာမှ၁၉၁၅-၁၆တွင်(၃၄၁၈) ကျောင်းရှိခဲ့ပြီး ၁၉၂၄-၂၅ တွင်(၁၁၈၂)ကျောင်းအထိ ယုတ်လျော့လာလျက် ၁၉၃၃-၃၄ တွင် (၉၂၈)ကျောင်း ရှိတော့ကြောင်း တွေ့ရပေသည်။ ဇယား (၂)တွင် ၁၈၈၉-၉၀ မှ ၁၉၃၃-၃၄ထိ နှစ်အလိုက် စာရင်းဝင် ဘုန်းတော်ကြီးကျောင်းနှင့် လူကျောင်းများ ဦးရေကို ပြထားပါသည်။

ထိုနည်းတူအသိအမှတ်မပြုသော ဘုန်းကြီးကျောင်း အခြေအနေမှာ လုံးဝစာသင်သား မရှိသလောက်အခြေသို့ ရောက်ခဲ့ရသည်။ လောကီပညာ မြေတိုင်းအတတ်၊ ကျောက်ထိုးအတတ်၊ ဆရာအတတ်တို့ကိုသင်ကြားပို့ချပေးသော အင်္ဂလိပ်ကျောင်း၊ အင်္ဂလိပ်မြန်မာ ၂ဘာသာ သင်

ကျောင်းများတွင်သာ မိဖများက သားသမီးတို့နေ၁င်ရေးနှင့် လူရာဝင်ရေးအတွက် ရွေးချယ်ထားကြသည်။ ဘုန်းကြီးကျောင်းများသည်တစတစခေတ်မစားတော့ပဲ၊ မှေးမှိန် ဆုတ်လျော့လာခဲ့သည်။ ဆုတ်ယုတ်လျော့ပါးရပုံကို ဇယားတွင် လေ့လာအကဲခတ်နိုင်ပါသည်။

ဇယား (၂)* မြန်မာနိုင်ငံလုံးအတွက်ဘုန်းတော်ကြီးကျောင်းများနှင့် လူကျောင်းများ စာရင်းချုပ်

| ခုနှစ်သက္ကရာဇ် | စာရင်းဝင်ဘုန်းကြီးကျောင်းများ | စာရင်းဝင်လူကျောင်းများ | ကျောင်းဦးရေပေါင်း |
|---|---|---|---|
| ၁၈၈၉-၉၀ | ၂၃၂၇ | ၇၀၄ | ၃၀၃၀ |
| ၁၈၉၀-၉၁ | ၂၄၃၄ | ၇၅၇ | ၃၁၉၁ |
| ၁၈၉၁-၉၂ | ၄၃၂၄ | ၈၉၀ | ၅၂၁၄ |
| ၁၈၉၂-၉၃ | ၄၆၀၉ | ၉၆၇ | ၅၅၈၆ |
| ၁၈၉၃-၉၄ | ၃၁၅၁ | ၉၁၀ | ၄၀၆၁ |
| ၁၈၉၄-၉၅ | ၃၁၈၈ | ၉၈၆ | ၄၁၇၄ |
| ၁၈၉၅-၉၆ | ၂၈၈၂ | ၉၈၇ | ၃၈၆၉ |
| ၁၈၉၆-၉၇ | ၃၀၆၉ | ၁၁၀၆ | ၄၁၇၅ |
| ၁၈၉၇-၉၈ | ၃၂၈၁ | ၁၂၁၅ | ၄၄၉၆ |
| ၁၈၉၈-၉၉ | ၂၉၇၅ | ၁၂၈၀ | ၄၂၅၅ |
| ၁၈၉၉-၀၀ | — | - | |
| ၁၉၀၀-၀၁ | — | - | ၂၅၇၅ |
| ၁၉၀၁-၀၂ | — | - | ၃၉၂၄ |
| ၁၉၀၂-၀၃ | — | - | ၄၂၇၇ |
| ၁၉၀၃-၀၄ | — | - | ၄၅၂၄ |
| ၁၉၀၄-၀၅ | — | - | ၄၅၈၅ |
| ၁၉၀၅-၀၆ | — | - | ၄၇၀၁ |
| ၁၉၀၆-၀၇ | ၂၃၆၉ | ၂၈၉၉ | ၅၂၆၈ |
| ၁၉၀၇-၀၈ | — | - | |
| ၁၉၀၈-၀၉ | — | - | ၅၂၄၆ |
| ၁၉၀၉-၁၀ | — | - | ၅၁၅၅ |

* ကင်းဘဲလ်အစီရင်ခံစာ- ၁၉၆-၁၉၈။

ဇယား (၂) မှ အဆက်

| ခုနှစ်သက္ကရာဇ် | စာရင်းဝင်ဘုန်းကြီးကျောင်းများ | စာရင်းဝင်လူကျောင်းများ | ကျောင်းဦးရေပေါင်း |
|---|---|---|---|
| ၁၉၁၀-၁၁ | ၂၂၀၈ | ၂၆၅၃ | ၄၈၆၁ |
| ၁၉၁၁-၁၂ | ၂၄၇၀ | - | - |
| ၁၉၁၂-၁၃ | ၂၃၅၂ | - | ၄၇၂၁ |
| ၁၉၁၃-၁၄ | - | - | ၅၀၃၆ |
| ၁၉၁၄-၁၅ | - | - | - |
| ၁၉၁၅-၁၆ | ၃၄၁၈ | ၅၀၆၆ | ၈၄၈၄ |
| ၁၉၁၆-၁၇ | ၃၀၉၂ | ၃၆၇၈ | ၆၇၇၀ |
| ၁၉၁၇-၁၈ | ၂၉၇၇ | ၄၆၃၀ | ၇၅၉၀ |
| ၁၉၁၈-၁၉ | ၃၂၂၈ | ၅၂၆၉ | ၈၄၉၇ |
| ၁၉၁၉-၂၀ | ၂၆၄၈ | ၄၉၉၃ | ၇၆၄၁ |
| ၁၉၂၀-၂၁ | - | - | ၆၉၁၁ |
| ၁၉၂၁-၂၂ | ၁၄၃၄ | - | ၅၀၃၃ |
| ၁၉၂၂-၂၃ | - | - | - |
| ၁၉၂၃-၂၄ | - | - | - |
| ၁၉၂၄-၂၅ | ၁၁၈၂ | ၄၂၈၄ | ၅၄၆၆ |
| ၁၉၂၅-၂၆ | ၁၁၈၄ | ၄၄၈၃ | ၅၆၆၇ |
| ၁၉၂၆-၂၇ | ၁၁၂၄ | ၄၆၃၀ | ၅၇၅၄ |
| ၁၉၂၇-၂၈ | ၁၁၂၀ | ၄၇၇၀ | ၅၈၉၀ |
| ၁၉၂၈-၂၉ | ၁၀၈၀ | ၄၉၃၀ | ၆၀၁၀ |
| ၁၉၂၉-၃၀ | ၁၁၁၈ | ၅၀၂၆ | ၆၁၄၄ |
| ၁၉၃၀-၃၁ | ၁၀၁၄ | ၅၁၅၇ | ၆၁၇၁ |
| ၁၉၃၁-၃၂ | ၉၂၆ | ၄၉၆၁ | ၅၈၈၇ |
| ၁၉၃၂-၃၃ | ၉၀၇ | ၄၉၉၃ | ၅၉၀၀ |
| ၁၉၃၃-၃၄ | ၉၂၈ | ၄၉၆၇ | ၅၈၉၅ |

ယင်းသို့အစဉ်အလာကြီးမားခဲ့သောရှေးခေတ်မြန်မာဘုန်းတော်ကြီးကျောင်း ပညာရေးသည်မှေးမှိန် ပျောက်ကွယ်ရတော့အံ့ဆဲဆဲအချိန်တွင် လျှပ်ဝင်းပြက်သကဲ့သို့ ဗြိတိသျှခေတ် အမျိုးသား အစိုးရဝါဒ သဘော ထားပြောင်းလဲလာသည်ကို တွေ့ရပေသည်။

အသိအမှတ်ပြုခံ ဘုန်းတော်ကြီးစာသင်ကျောင်းများ လုံးဝပျောက်ကွယ်သွားသည်အထိ ဆုတ်ယုတ်မည့်အရေးကို စိုးရိမ်မကင်းဖြစ်လျက် နိုင်ငံအုပ်ချုပ်ရေးအထိ ဥပဒေနှင့် နည်းစနစ်ပြောင်းလဲရေးအခွင့်အရေးများ ပိုမိုလာသော အမျိုးသားအစိုးရအဖွဲ့သည် ၁၉၄၁-ခုနှစ်အတွင်း အောက်ပါဝါဒနှင့် ထပ်ဆင့်ဝါဒတို့ကို ပြဋ္ဌာန်းကျေညာခဲ့ပေသည်။

> "မြန်မာနိုင်ငံတော် မူလတန်းပညာကို မသင်မနေရ အခလွှတ်လည်း သင်ရအောင် ဆောလျင်နိုင်သမျှ ဆောလျင်စွာ ပြုလုပ်ရန်ဝါဒအရ မြန်မာအစိုးရ မင်းတို့က အသေအချာ ဆောင်ရွက်တော့မည်ဟု သဘောထားပြီး ဖြစ်ပါကြောင်း၊ဗုဒ္ဓဘာသာရဟန်းသံဃာတော်တို့မှာ ဦးရေအင်အားရှိခြင်း၊ မရေမတွက်နိုင်လောက်အောင်များပြားလှသော ကျောင်းအဆောက်အအုံများ ရှိခြင်း၊ ပညာသင်ကျောင်းသားအရွယ် ဆင်းရဲသောကလေးသူငယ်တို့အား ခိုကိုးရာဌာနအဖြစ်ဖြင့် စားရေး သောက်ဖွယ်တို့ကို ပေးကမ်းနိုင်စွမ်း ရှိခြင်းများကြောင့် မြန်မာပြည်တွင် မူလတန်းပညာကို အနှံ့အပြား အခမဲ့ မသင်မနေရဖြစ်အောင် ပြုလုပ်ရေး စီမံချက်၏ အောင်မြင်ကြောင်းအလို့ငှါ၊ အဖိုးအနန္တထိုက်တန်သော အကူအညီဖြစ်နိုင်သည်ဟု အစိုးရမင်းတို့ ယုံကြည်မြော်ကိုးသဖြင့် မြန်မာအမျိုးသားစာပေ ပညာပြန့်ပွားထွန်းကားစိမ့်သောငှာ၊ရဟန်းသံဃာတော်တို့၏စွမ်းအားဥဿုံပေါင်းဆုံဆောင်ရွက်ခြင်းကို ခံယူရရှိရန်တည်းဟူသောထပ်ဆင့်ဝါဒ အရလည်း မြန်မာပြည်အစိုးရမင်းတို့က ဆောင်ရွက်ကြတော့မည်ဖြစ်ကြောင်း"*

ထိုကျေညာချက်နှင့်အတူ ၁၉၄၁ခု၊ဧပြီလအတွင်းမြန်မာနိုင်ငံတော်ရှိ ကလေးသူငယ် အမြောက်အမြားအတွက် ဘုန်းတော်ကြီး စာသင်ကျောင်းများတွင် ပညာသင်ဆည်းပူးကြသည့် ရှေးမြန်မာထုံးတမ်းစဉ်လာ ပြန်လည်ပေါ်ထွန်းရေးအတွက် လူပုဂ္ဂိုလ် ကော်မတီတခုနှင့်သြဝါဒစရိယအဖွဲ့တခု ခန့်ထားစုံစမ်းစေခဲ့ပါသည်။ သို့ရာတွင် ထိုကော်မတီ

---

* ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေးမော်ကွန်း၊ လူမှုဝန်ထမ်းဌာန၊ ၁၉၅၈- စာမျက်နှာ- ၁၂၊၁၃။

၏အစီရင်ခံစာနှင့် ဆရာတော်များ၏ ဩဝါဒကထာ*ကို ၁၉၄၂-ခုနှစ် ဇန်နဝါရီလတွင် တင်သွင်းနိုင်ခဲ့သော်လည်း ဒုတိယကမ္ဘာစစ်မီးတောက်လောင်ချိန်ဖြစ်သဖြင့် အကောင်အထည်မပေါ်ပဲ ပျောက်ပြယ်ခဲ့ရသည်။

ဤသို့ဖြင့် မြန်မာနိုင်ငံတွင် ဘုန်းတော်ကြီးကျောင်းပညာရေးသည် တစတစ မှေးမှိန်သည်ဆိုရသော်လည်း လုံးဝပျောက်ကွယ်သွားသည်တော့မဟုတ်ပေ။ သမိုင်းသုတေသီ ဒေါ်ကြန် ကောက်ချက်ချသကဲ့သို့-

"ပညာရေးတိုးတက်မှုကား အသက်မွေးဝမ်းကျောင်းအဖြစ် လခစားဝင်ရောက်လုပ်ကိုင်လိုမှုပေါ်တွင် မူတည်ရကား စင်စစ်မြို့နေလူတန်းစားတို့၏ တိုးတက်မှုသာဖြစ်ပေသည်။ လူဦးရေ၏ ရာခိုင်နှုန်း အများဆုံးဖြစ်သည့် တောသူတောင်သား လယ်ယာကိုင်းကျွန်း သမားများမှာ သမားရိုးကျ ပညာ့ရိပ်မြုံဖြစ်သောရွာဦးဘုန်းတော်ကြီးကျောင်းမှ ရရှိသည့် အသုံးလုံးကျေရုံအဆင့်တွင်ပင် ရှိနေကြဆဲဖြစ်ပါသည်။"

## (၈၂) ခြုံငုံသုံးသပ်ချက်

၁၈၂၄-ခုနှစ် မတိုင်မီကပင် မြန်မာနိုင်ငံတွင် အနောက်တိုင်းပညာရေးအစပြုခဲ့သည်။ ခရစ်ယာန် သာသနာပြုကျောင်းများပေါ်ခဲ့သည်။ နယ်ချဲ့ဗြိတိသျှတို့ ၁၈၂၄ ခုနှစ်တွင် ရခိုင်နှင့် တနင်္သာရီကိုသော်လည်းကောင်း ၁၈၅၂-ခုနှစ်တွင် ပဲခူးတိုင်းကိုသော်လည်းကောင်း သိမ်းပိုက်ခဲ့ပြီးနောက် မက္ကောလေးနှင့် ချားဝုဒ်တို့၏ မူဝါဒအရ အနောက်တိုင်းပညာရေးစနစ်စခဲ့သည်။ ၁၈၆၅ ခုနှစ်တွင် ဖယ်ယာ၏အဆိုပြုချက်အရ ဘုန်းတော်ကြီးကျောင်းများကို အခြေပြုကာ မြန်မာ့မူလတန်းပညာရေးကို တည်ဆောက်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။

အနောက်တိုင်းယဉ်ကျေးမှု အစဉ်အလာပညာရေး၏ ဦးတည်ချက်မှာ လူအဖွဲ့အစည်း၏ အဖွဲ့ဝင်တဦးစီအဖြစ် မည်ကဲ့သို့ နေထိုင်ရမည်ကို

---

* Report of the National Education in Buddhist Monasteries Enquiry Committee.

ပြုပြင်ပေးရန်ဖြစ်သကဲ့သို့ ဘုန်းတော်ကြီးကျောင်း ပညာရေးအရ သာသနာတော်ကြီးသည့် လူယဉ်ကျေးကလေးများဖြစ်အောင် ပျိုးထောင်ပေးရေးဖြစ်သည်။ ထိုအခြေအနေတွင် ပညာရေးဌာနပေါ်လာသည်။ အစဉ်အလာ ဘုန်းတော်ကြီးကျောင်းများကိုပါ လောကီပညာရပ်သင်ပေးရန်ကြိုးစားမှုသည်။ အထောက်အပံ့စနစ်ကို သုံးခဲ့သည်။ သို့ဖြင့် အစဉ်အလာ ဘုန်းတော်ကြီးကျောင်းများနှင့် လောကီပညာရပ်များသင်ကြားပေးသော ဘုန်းတော်ကြီးကျောင်းများ ရှိလာခဲ့သည်။ သို့သော် မူလတန်းပညာရေးကို ကျယ်ပြန့်စွာကည်အောက်ရာ၌ ပညာရေးဌာန၏ လူကျောင်းများပါ အားပေးကူညီအောက်သင့်သည် ဟူသောအယူအဆအရ လူကျောင်းများကို ဦးစားပေးအသိအမှတ်ပြုထောက်ပံ့ခဲ့သည်။

မည်သို့ပင်ဖြစ်စေ ကျောင်းသုံးစာအုပ်များ ပေါ်မှိုတိုးတက်လာသဖြင့် အသိအမှတ်ပြု ဘုန်းတော်ကြီးကျောင်းများမှာလည်း ခေတ်မီလာသည်ဟု ဆိုရပေမည်။ ယင်းဘာသာရပ်များကို သင်ကြားရာ၌တရားတော်နှင့်ယှဉ်၍ သင်သင့်ကြောင်း ဆရာတော်ကြီးများက ဩဝါဒပေးခဲ့ကြသည်။ ၁၉၂၀ ခုနှစ်တွင် ဦးပဉ္စင်းများကို ဆရာဖြစ်သင်တန်းဖွင့်ပေးခဲ့သည်။ ရဟန်းကျောင်းသင်ရိုးမှာလည်း ရှေ့ဦးသင်လောကဓါတ်နှင့် ပထဝီဝင်ဘာသာရပ်အား ပါဠိဘာသာကို ယူနိုင်ခွင့်ပြုခဲ့သည်။ ထို့အပြင် ပထမငယ်၊ ပထမလတ်၊ ပထမကြီးစသည့် ပထမပြန်စာမေးပွဲများကိုလည်း ကျင်းပခဲ့သည်။

ထို့အပြင် လောကီပညာသင်ပေးသည့် ဘုန်းတော်ကြီးကျောင် များသာမက အစဉ်အလာ ဘုန်းကြီးကျောင်းများ၏ ပညာရေးအကျိုးပြုချက်များကို သိမြင်ရကား၊ အခမဲ့မူလတန်းပညာ မသင်မနေရစနစ်အကြောင်း စဉ်းစားသည့်အခါ ဘုန်းတော်ကြီးကျောင်း ပညာရေးအခန်းကဏ္ဍကိုပါ ထည့်သွင်းစဉ်းစားခဲ့ကြသည်။ မည် သို့ ပင် ဖြစ် စေ ဘုန်းတော်ကြီးကျောင်းပညာရေးသည် အနောက်တိုင်းပညာထွန်းကားသည်နှင့်အမျှ တစတစ ယုတ်လျော့ခဲ့ရသည်။ ၁၈၉၂-၉၃ ခုနှစ်တွင် ၄၆၁၉ ကျောင်းရှိခဲ့ရာမှ ၁၉၃၃-၃၄-ခုနှစ်တွင် ၉၂၈ ကျောင်းသာ ရှိခဲ့ရသည်။

မည်သို့ပင်ဖြစ်စေ ကျေးတောနေ တောသူတောင်သားတို့၏ရင်သွေး လူမမယ်များအတွက် ပညာရိပ်မြုံအဖြစ် ဒုတိယကမ္ဘာစစ်ကြီးဖြစ်သည့် အထိ မြန်မာ့ယဉ်ကျေးမှုဖြန့်ဝေရေးတာဝန်ကို ဘုန်းတော်ကြီးကျောင်း များက ဆက်လက်ဆောင်ရွက်ခဲ့ပေသည်ဟု ဆိုရပေမည်။

# အခန်း ၇

## ဖက်ဆစ်ဂျပန်ခေတ် (၁၉၄၂-၁၉၄၅)

### (က) နောက်ခံကား

၁၉၄၁ ခု၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ဂျပန်နိုင်ငံက အေ၊ဘီ၊စီ၊ နိုင်ငံများ (အမေရိကန်၊ဗြိတိန်၊တရုတ်၊ဒတ်ချ်)ကို စစ်ကြေညာသည်။ ထိုနေ့၌ပင် ရဲဘော်သုံးကျိပ် အာဇာနည်ရဲဘော်များ ဂျပန်ပြည်မှ ယိုးဒယားပြည်သို့ ရောက်ကြသည်။ ဒုတိယကမ္ဘာစစ်ကြီးသည် စတင် လောင်ကျွမ်းစပြုခဲ့ပေသည်။

> "ဒုတိယကမ္ဘာစစ်မီး မြန်မာပြည်သို့ ကူးစက်လာသဖြင့် ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ဘုရင်ခံ၏အမိန့်ဖြင့် ရန်ကုန်တက္ကသိုလ်ကို ရပ်ဆိုင်းခဲ့ပေသည်။ ဗြိတိသျှအစိုးရသည်လည်း အိန္ဒိယနိုင်ငံသို့ ဆုတ်ခွာခဲ့၏။ ယင်းနိုင်ငံမှပင် ဘုရင်ခံ အမိန့်ထုတ်ထားခဲ့သော တက္ကသိုလ်ရပ်ဆိုင်းခြင်းအမိန့်ကို ၁၉၄၃ ခုနှစ်၌ ရန်ကုန် တက္ကသိုလ်ရပ်ဆိုင်းခြင်းအက်ဥပဒေဖြင့် ထပ်မံအတည်ပြုလိုက်လေသည်"* အခြားကျောင်းများကိုလည်း ပိတ်လိုက်ရလေသည်။

စစ်ကြီးအတွင်း စစ်ပြေးဗြိတိသျှအစိုးရသည်အိန္ဒိယပြည် ဆင်းမလားမြို့တွင် မြန်မာပြည် ပညာရေးစနစ် ပြန်လည်တည်ဆောက်ရေးအတွက်

---

* ညွှန်ကြားရေးမှူး၊ "ရန်ကုန်တက္ကသိုလ် နှစ်ငါးဆယ်ခရီး အစီရင်ခံစာ" တက္ကသိုလ်များအုပ်ချုပ်ရေး၊ ပြည်လမ်း-ရန်ကုန်၊ ၁၉၇၀၊ စာမျက်နှာ ၂၁။

ကော်မတီဖွဲ့ပြီး ဆွေးနွေးတိုင်ပင်လျက် ရှိပေသည်။ ထိုအချိန်ကာလက စ၍ မြန်မာ့မြေပေါ်တွင် ဗြိတိသျှအစိုးရပညာရေးစနစ်သည် တနေ့ဝင်ခဲ့ရပေသည်။ မြန်မာပြည်တွင် မြန်မာ့လူ့ဘောင်နှင့်အတူ ပညာရေးလောက အပြောင်းအလဲ ဖြစ်ခဲ့ရပေသည်။

## (ခ) ပညာရေးနှင့် ပတ်သက်သည့် သဘောထားများ

**အီးဒါး၏ စစ်အမိန့်**

၁၉၄၂ ခု၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိပ္ပန်စစ်သေနာပတိကြီး ဂျင်နရယ်အီးဒါးက မြန်မာပြည်အစိုးရအဖွဲ့ကို နန်းရင်းဝန်ဟောင်း ဒေါက်တာဗမော်အမှူးပြု၍ဖွဲ့စည်းရာတွင် အောက်ပါစစ်အမိန့်*ကို ထုတ်ပြန်ခဲ့ပေသည်။

"စစ်အမိန့်နံပါတ် ၁၂

၁၉၄၂ ခု၊ ဩဂုတ်လ ၁ ရက်နေ့။

အပိုဒ်-၁။ ။မြန်မာပြည်ရှိ နိပ္ပန် စစ်သေနာပတိကြီး လက်အောက်တွင် ဆောင်ရွက်ရမည့် မြန်မာပြည်အစိုးရအဖွဲ့ကို ပူးတွဲပါ အမိန့်အရဖွဲ့စည်း၍ အာဏာအပ်နှင်းမည်။

အပိုဒ်-၂။ ။အစိုးရအဖွဲ့သည် ယနေ့မှစ၍ အောက်ပါညွှန်ကြားချက်အရ လိုက်နာဆောင်ရွက်ရမည်။

(က) အုပ်ချုပ်ရေးအရပ်ရပ်ကို ဆောင်ရွက်ရာ၌ အရှေ့အာရှတိုက် စစ်ကြီးအလုံးစုံ အောင်မြင်ရန် အဓိကအချက် မှတ်ရမည်။

(ခ) မြန်မာပြည်သည် အရှေ့အာရှတိုက် ကြီးပွားရေးတွင် အပါအဝင်ဖြစ်သည့်အတိုင်း အဆိုပါ အရှေ့အာရှတိုက် ခေတ်သစ်ထူထောင်ရေးဖြစ်မြောက်ရန် အားကုန်ကြိုးစားရမည်။

(ဂ) မြန်မာပြည်အစိုးရသည် ဗြိတိသျှ၏ ဩဇာအာဏာများမှ

---

* လူထုဦးလှ၊ "သတင်းစာများပြောပြတဲ့ စစ်တွင်းဗမာပြည်" ပထမတွဲ၊ ကြီးပွားရေး ပုံနှိပ်တိုက်၊ မန္တလေး၊ ၁၉၆၈၊ ဩဂုတ်လ၊ စာမျက်နှာ ၂၁၇၊ ၂၁၈။

အလုံးစုံစုန့်လှတ်ပြီးလျှင် အာရှတိုက် မြန်မာပြည်ဟု အသစ်ပြုပြင်ပြောင်းလဲပြီးလျှင် မလိုလားအပ်သည့် ရှေးဟောင်းထုံးတမ်းများကို ဖျောက်ဖျက်ပစ်ရမည်။

(ဃ) အုပ်ချုပ်ရေးကိစ္စအဝဝတွင် အရေးကြီးဆုံးဟူသော ကိစ္စကို ပထမဆောင်ရွက်၍ အကြောင်းမဲ့ ရှုပ်ထွေးမှုများကို ပယ်ဖျောက်ပြီးလျှင် အရေးကြီးသည့် ကိစ္စများကိုသာ အာရုံစူးစိုက်၍ ဆောင်ရွက်ရမည်။

(င) မြို့ပြငြိမ်ဝပ်ပိပြားရေးအတွက် အမြန်ဆုံး အေးချမ်းအောင်ပြုလုပ်ရမည်။

(စ) အရှေ့အာရှတိုက် ခေတ်သစ် ထူထောင်ရေးတွင် အဓိကအချက်ဟူ၍ ကုန်သန်းရောင်းဝယ်ရေး လုပ်ငန်းများကိုပင်ပင်စည် ပင်မအဖြစ် ဆောင်ရွက်ရမည်။ အထူးသဖြင့်ကျေးလက်ပြုပြင်ရေးကိစ္စကို အထူးအရေးယူပြီး စဉ်းစားဆောင်ရွက်ရမည်။

(ဆ) အုပ်ချုပ်ရေးကိစ္စများတွင် တတ်နိုင်သမျှ ချွေတာပြီးလျှင် ဘဏ္ဍာရေးအခြေအနေတည်တံ့ရန် ပထမအရေးကြီးဆုံးသော ရည်ရွယ်ချက်ကို လက်နက်ကိုင်ပြု၍ အခွန်တော်နှင့် အသုံးစရိတ်ညီမျှအောင် ပြုလုပ်ရမည်။

(ဇ) ပညာရေးတွင် အစိုးရအဖွဲ့သည် အင်္ဂလိပ်နှင့် အမေရိကန်ကြောက်သောစိတ်ကို တတ်နိုင်တဲ့နည်းဖြင့် ပယ်ဖျက်၍ အရှေ့အာရှတိုက် ကြီးပွားရေးစိတ်ဓာတ်ကို သွင်းပေးရမည်။ ထို့ပြင် နိပွန်ဘာသာစကားကို အများဆုံး အသုံးပြုရန်ဆောင်ရွက်ရမည်။ အင်္ဂလိပ်ဘာသာစကားကို အသုံးပြုရန် အားမပေးထိုက်။ အထူးစဉ်းစားရန်မှာ ငယ်ရွယ်သူများအား ကျန်းမာသန်စွမ်း၍ ပညာကြိုးစားရန် နားလည်အောင်ပြုလုပ်ရမည်။ ထို့ပြင် ဉာဏ်ပွင့်လင်းအောင်နှင့် စက်မှုလက်မှု အရပ်ရပ်များကို စိတ်ဝင်စားအောင် ပြုလုပ်ပေးရမည်။

(ဈ) အစိုးရသည်တိုင်းသူပြည်သားများ၏ ကျန်းမာရေး ကောင်းမွန်လာအောင် ကြိုးစားရမည့်ပြင် ကူးစက်တတ်သော ရောဂါများ ကာကွယ်ရန်နှင့် ပပျောက်ရန်ကိစ္စများကို စစ်

ဖက်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်ရမည်။ ပူအိုက်သော နိုင်ငံများတွင်ကူးစက်တတ်သောရောဂါများ များပြားသည့်အတွက် အများပြည်သူတို့၏ ကျန်းမာရေးကို ကာကွယ်ရမည်။

(ည) အများနှင့် သက်ဆိုင်သော အလုပ်များကို စစ်ကိစ္စနှင့် စစ်အတွက် အသုံးပြုရန် ပထမအခွင့်အရေးပေးရမည်။

(ဋ) လူမျိုးအချင်းချင်း ပဋိပက္ခမဖြစ်အောင် အစိုးရက တတ်နိုင်သော နည်းအားဖြင့် ရှောင်ကြဉ်ပြီးလျှင် မြန်မာပြည်ရှိ အိန္ဒိယလူမျိုးများနှင့် အခြားလူနည်းစုများကို အကြောင်းမဲ့ သက်သက်နှိပ်စက်ညှင်းပန်းခြင်းမပြုရ၊ အုပ်ချုပ်ရေး ကိစ္စများကို ဆောင်ရွက်ရာ၌ အစိုးရအဖွဲ့သည် စစ်ဖက်ဆိုင်ရာ အုပ်ချုပ်ရေးဌာနနှင့် အစဉ်သဖြင့် ဆက်သွယ်နေရမည်။

ပုံ/ရှိုဂျီရိုအီးဒါး

မြန်မာပြည်ရှိ အင်ပီရီရယ်နီပွန်

စစ်သေနာပတိကြီး။

ဟူ၍ ကြေညာချက် ထုတ်ပြန်ခဲ့ပေသည်။ ထိုကြေညာချက်ကို ၂၀၊၄၂ နေ့ထုတ် သူရိယသတင်းစာတွင် သတင်းစာတွင် ဖော်ပြသည်။

ထိုစစ်အမိန့်တွင် ပညာရေးနှင့် ပတ်သက်သော ဂျပန်စစ်အစိုးရ၏ သဘောထားကို တွေ့နိုင်ပေသည်။ "အင်္ဂလိပ်၊ အမေရိကန် ဆန့်ကျင်ရေး နိပ္ပွန်ဘာသာစကားကို ဦးစားပေးရေး၊ စက်မှုလက်မှုတွင် လူငယ်များ စိတ်သန်ရေးကို အခြေခံထားသည်ကို တွေ့ရသည်" သို့ရာတွင် အနှစ်သာရအားဖြင့် စစ်အုပ်ချုပ်ရေးကာလတွင် အရှေ့အာရှ စစ်ကြီးတွင် ဂျပန်တို့ အောင်ပွဲခံရေးသည်သာ အဓိကဖြစ်ကြောင်း တွေ့ရပေသည်။

## ပညာရေးဝန်ကြီး၏မိန့်ခွန်း

ဒေါက်တာဘမော် ဦးဆောင်သော ဂျပန်ခေတ်အစိုးရအဖွဲ့ (ဂျပန်ပေးသော လွတ်လပ်ရေးမရမီ)တွင် ဦးဘဝင်းမှာ ပညာရေးဝန်ကြီး အနေဖြင့် (၁) ပညာရေးဌာန၊ (၂) ဆေးရုံနှင့်ကျန်းမာရေးဌာန၊ (၃) မြို့ပြစည်ပင်ရေးဌာနများကို ကိုင်တွယ်ရပါသည်။

ပညာရေးဝန်ကြီး ဦးဘဝင်းသည် ဂျပန်ခေတ်ပညာရေး လုပ်ဆောင်ချက်များနှင့် စပ်လျဉ်း၍ ၁၉၄၂ ခု၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် တိုင်းပြည်သို့ အသံလွှင့်ပြောကြားခဲ့သည်။ ဦးဘဝင်း၏ မိန့်ခွန်းကို လေ့လာကြည့်လျှင် ဂျပန်ခေတ်ပညာရေး ရှုခင်းကို တွေ့ရှိနိုင်ပါသည်။ ပညာရေးမိန့်ခွန်းတွင် အပိုင်းသုံး ပိုင်းခွဲ၍ ပြောဆိုသည်ကိုတွေ့ရပါသည်။ ယင်းတို့မှာ....

(က) ဗြိတိသျှ ကိုလိုနီပညာရေးကို ဝေဖန်ခြင်း၊

(ခ) ပညာရေးဆောင်ရွက်ချက်များ၊

(ဂ) ထမင်းစားနိုင်မည့်ပညာ၊

စသည်ဖြင့် ခွဲခြားပြောသွားသည်ကို တွေ့ရပေသည်။

ထိုမိန့်ခွန်းအရ....

- စစ်ပြေးအင်္ဂလိပ်များသည် အချို့သော အရပ်ဒေသမှ စာသင်ကျောင်းများကို မီးရှို့ဖျက်ဆီးသွားခြင်း၊
- ခေတ်သစ်ပညာရေးတွင် ခေတ်ဟောင်းတုန်းကအသုံးမကျသော နည်းစနစ်များကို မြေလှန်ပစ်ရန် စီစဉ်ထားခြင်း။
- လခစား အလုပ်လောက်သာ လုပ်နိုင်သော ပညာရေးစနစ်၊ ကျွန်ဘဝက မတက်နိုင်သော ပညာသင်ကြားနည်းများကို ဆက်လက်မကျင့်သုံးရန် စီမံခြင်း။

စသော အချက်အလက်များကို တွေ့ရပေသည်။

ထို့ပြင် ပညာရေးစနစ်နှင့်ပတ်သက်၍ ''ထမင်းစားနိုင်မည့်ပညာ''ကို အလေးပေးခဲ့ပေသည်။ ယင်းပညာနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း မြွက်ဆိုခဲ့ကြောင်း တွေ့ရသည်။

> ''ခေတ်မှီအောင် ရည်ရွယ်ထားတဲ့ အချက်တွေကတော့ ရှေးတုန်းကလို အသုံးမကျတဲ့ စာတွေကိုသာ သင်မနေရဘဲ ကလေးသူငယ်များ မူလတန်းကျောင်းမှ စာရေး၊ စာဖတ်၊ အတွက်အချက်များကို ဦးစွာ တတ်မြောက်ပြီးတဲ့အခါ အထက်တန်းများမှာတော့ စာပေဖက်က အားပေးတဲ့ကျောင်းများကတမျိုး၊စက်မှုလက်မှု အသက်မွေးဝမ်းကျောင်းဘက်က အားပေးတဲ့ ကျောင်း

များက တမျိုး၊ နှစ်မျိုးနှစ်စားထားပြီး မိမိတို့ အားသန်ရာ ကျောင်းများ၌ ဝင်ရောက်ပြီးလျှင် ၎င်းအထက်တန်းကျောင်းများက လက်သည်နှင့် ကပြိုင်နက် သင့်လျော်သောအလုပ်၊ သင့်လျော်သော သက်မွေးဝမ်းကျောင်းပညာကို တတ်မြောက်ပြီးဖြစ်ရန် ရည်ရွယ်ချက်နှင့် စီစဉ်ထားပါတယ်။ အထက်တန်း ကျောင်းများက အောင်ပြီးတဲ့အခါ ပညာအရည်အချင်းနှင့် ပြည့်စုံတဲ့ တက္ကသိုလ်ပညာရပ်များကို ဆက်လက် သင်ကြားလိုသော ကျောင်းသူ ကျောင်းသားများအား အလွယ်တကူ တက္ကသိုလ်သင်တန်းများသို့ တက်ရောက်သင်ကြားနိုင်ရန် စီစဉ်ဘို့ ရည်ရွယ်လျက် ရှိပါတယ်''*ဟူ၍ ပညာရေး သဘောထားကို တင်ပြခဲ့သည်။

ထိုသို့အသီးသီး အသကပညာရေးအမြင်များကို တင်ပြပြီးအကောင်အထည် ဖော်ရန် စိုင်းပြင်းနေသည်။ လွတ်လပ်ရေးအတွက် တာစူကြိုးပမ်းနေခဲ့ကြသည်။

## (ဂ) စစ်အတွင်းကာလ

## မြန်မာ့လွတ်လပ်ရေးနှင့် ဝန်ကြီးအဖွဲ့

**အတုအယောင်မြန်မာ့လွတ်လပ်ရေး**

ဖက်ဆစ်ဂျပန်တို့သည် မြန်မာနိုင်ငံသူ နိုင်ငံသားတို့ နယ်ချဲ့လက်မှ ကယ်တင်လျက် လွတ်လပ်ရေးပေးပြီး၊ ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် တိုင်းပြည်ထူထောင်နိုင်အောင် ကူညီမည်ဟု ကတိပေးခဲ့သော်လည်း ၂ နှစ်ကာလသာကြာညောင်းလာသည်၊ ဖက်ဆစ်ဂျပန်တို့၏နှိပ်စက်ညှင်းပန်းမှု အမျိုးမျိုးဒဏ်ကို မြန်မာ ပြည်သူတို့ အလူးအလဲ ခံစားနေကြရသည်။ ဂျပန်တို့အပေါ် ယုံကြည်မှုကင်းမဲ့လာတော့သည်။**

---

* လူထုဦးလှ၊ ''သတင်းစာများပြောပြတဲ့ စစ်တွင်းဗမာပြည်''ဒုတိယတွဲ၊ ကြီးပွားရေး ပုံနှိပ်တိုက်၊ မန္တလေး၊ ၁၉၆၈။ စာမျက်နှာ ၁၉၀၊၁၉၁။

**Dr. Maung Maung, "Burma in the Family of Nations" D Jambatan Amsterdam, 1956, P-96

ရဲဘော်သုံးကျိပ်နှင့် ဘီအိုင်အေတပ်သားများ မြန်မာပြည်ထဲဝင်စမှာပဲ လွတ်လပ်ရေး ကျေညာပေးမယ်ဟု ကတိပြုခဲ့သည်။ ထိုကတိကို ဖက်ဆစ်ဂျပန်တို့ဖျက်ခဲ့သည်။ဗြိတိသျှမဟာမိတ်များကလည်းဂျပန်ကတိမတည်ပုံကို တဖက်မှလှုံ့ဆော်လျက်ရှိသည်။ ထို့ကြောင့် ဂျပန်တို့သည် မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ ထောက်ခံအားပေးမှုလည်း မရတော့ပြီဖြစ်သည့်အတွက် လွတ်လပ်ရေးပြင်ဆင်မှု ကော်မတီကို ၁၉၄၃၊ မေလတွင် အားချင်းပြုလုပ်ရလေသည်။ ထို့နောက် ၁၉၄၃ ခုနှစ် ဩဂုတ်လ (၁)ရက်နေ့ကို မြန်မာနိုင်ငံလွတ်လပ်ရေးပေးရန် ဂျင်နရယ်တိုဂျိုကကတိခဲ့သည်။ ယင်းသို့ မြန်မာနိုင်ငံသည် စစ်တွင်းကာလ ၁၉၄၃ ခု၊ဩဂုတ်လ (၁) ရက်နေ့တွင် လွတ်လပ်ရေးရခဲ့သည်။ လွပ်လပ်ရေးရပြီးနောက် ဒေါက်တာဘမော်က အဓိပတိဟူသောဘွဲ့ဖြင့် အစိုးရဝန်ကြီးအဖွဲ့ကိုဖွဲ့ခဲ့သည်။

## ဝန်ကြီးအဖွဲ့

ဝန်ကြီးအဖွဲ့တွင်-

၁။ အဓိပတိနှင့် ဝန်ကြီးချုပ် ဒေါက်တာဘမော်၊
၂။ ဒုတိယဝန်ကြီးချုပ် သခင်မြ၊
၃။ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊
၄။ ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာဦးသိမ်းမောင်၊
၅။ နိုင်ငံခြားရေးဝန်ကြီး သခင်နု၊
၆။ ပြည်ထဲရေးဝန်ကြီး ဦးဘဝင်း၊
၇။ ကြီးပွားရေးနှင့် ဝါဒဖြန့်ချီရေးဝန်ကြီး ဗန္ဓုလဦးစိန်၊
၈။ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဦးထွန်းအောင်၊
၉။ တရားဌာနဝန်ကြီး ဦးသိမ်းမောင်၊
၁၀။ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီး ပျော်ဘွယ်ဦးမြ၊
၁၁။ မြေနှင့်လယ်ယာစိုက်ပျိုးရေးဝန်ကြီးသခင်သန်းထွန်း၊
၁၂။ လမ်းပန်းနှင့် ပြန်လည်ထူထောင်ရေး ဝန်ကြီး သခင်လွန်းဘော်၊
၁၃။ လမ်းပန်း ဆက်သွယ်ရေးနှင့် ဆည်မြောင်းဌာန ဝန်ကြီး သခင်လေးမောင်၊

၁၄။ အခွန်တော်ဌာနဝန်ကြီး ဦးအေး၊
၁၅။ သစ်တောနှင့်သတ္တုတွင်းဌာနဝန်ကြီး ဦးလှပေ၊
၁၆။ ပညာကျန်းမာနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးလှမင်းတို့ ပါဝင်ကြသည်။* ပညာရေး မူဝါဒကို ချမှတ်ခဲ့သည်။

## (ဿ) ပညာရေးမူဝါဒနှင့် ဆောင်ရွက်မှု အခြေအနေ

ဂျပန်ခေတ် လွတ်လပ်ရေးရပြီးနောက် ပညာရေးမူဝါဒကိုကြေညာခဲ့သည်။

"တိုင်းပြည်ချမ်းသာ ကြီးပွားရေးအတွက်လက်မှုစက်မှုပညာရပ်များနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို အခြေခံပြုမည့် ပညာရေးစနစ်ကို တည်ထောင်နိုင်ရန် အထူးအရေးကြီးလေသည်။ ရာဇဝင်ပညာ ဘောဂဗေဒပညာနှင့် နိုင်ငံခြားဘာသာစကားရပ်များတတ်ကျွမ်းမှုတို့ကိုလည်း အထူးပင်လိုလားအပ်လှပေသည်။ ကမ္ဘာ့ရာဇဝင် ဗမာ့ရာဇဝင်ကို အထူးကျွမ်းကျင်ထားမှသာလျှင် ကမ္ဘာကသိသော ဗမာများပေါ်ပေါက်ထွန်းကားနိုင်ပေမည်။ ခေတ်မှီနိုင်ငံတနိုင်ငံအဖြစ်နှင့် တည်မြဲရန်အတွက် ဘောဂဗေဒပညာရပ်နှင့် ဘာသာရပ်ခြားစကားတို့ကိုလျစ်လျူရှုထားလျှင် မဖြစ်နိုင်။" × ဟူသည့် အချက်ပင်ဖြစ်သည်။

**ပညာရေးဆောင်ရွက်မှုအခြေအနေ။** ။ဒေါက်တာဘမော် ယာယီအစိုးရအဖွဲ့တွင် ဦးဘဝင်းက ပညာရေးဝန်ကြီးဖြစ်ခဲ့သည်။ လွတ်လပ်ရေးပြီးနောက် ဝန်ကြီးအဖွဲ့တွင်မူ ဦးဘဝင်းက ပြည်ထဲရေးဝန်ကြီးဖြစ်လျက် ပညာရေးဝန်ကြီးမှာ ဦးလှမင်းဖြစ်ပေသည်။ ဤအချက်မှာ ပညာရေးတွင် ပြောင်းလဲမှုတရပ်ဖြစ်ပါသည်။

---

* ဦးသန့်။ ပြည်တော်သာခရီး၊ ပထမပိုင်း၊ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း၊ ၁၉၆၁-ခု၊ စာမျက်နှာ—၄၉။

× "ဗမာ့ခေတ်သတင်းစာ"၊ ၁၉၄၂-နိုဝင်ဘာ၊ ၂၆၊ စစ်တွင်းဗမာပြည် ဒုတိယတွဲ၊ ၁၉၆၀၊ စာမျက်နှာ— ၁၅၄။

ပညာရေးအရာရှိများမှာ

အတွင်းဝန် - ဦးကျော်ဒင်၊
ပညာမင်းကြီး - ဦးချို၊
အရာရှိအချို့မှာ - ဦးဘရုတ်
- ဦးသာလှ
- ဦးကောင်း
- ဦးဘဘွား
- ဦးဘိုးသို

စသည်တို့ဖြစ်သည်။

မြန်မာနိုင်ငံအစိုးရက မူလတန်းကျောင်း (၁၀၀၀) အလယ်တန်းကျောင်း (၃၀၀) နှင့် အထက်တန်းကျောင်း (၁၀၀) စတင်ဖွင့်လှစ်ရန် လျာထားခဲ့သည်။ ထိုသို့ဖွင့်ရာတွင် စစ်ကြိုခေတ် ကျောင်းများကဲ့သို့ ကျောင်းအမျိုးအစား သုံးခုမခွဲပဲ၊ သင်ရိုးတမျိုးတည်းကိုသာ သင်သော ကျောင်းတမျိုးတည်းသာရှိ၍ သင်ကြားမှု မဏ္ဍိုင် ဘာသာ မှာလည်း မြန်မာဘာသာကိုသာ အသုံးပြုခဲ့ပေသည်။

စစ်အတွင်း မြန်မာနိုင်ငံတွင် ဖွင့်လှစ်ခဲ့သော အခြားကျောင်းများမှာ နိုင်ငံတော်ဆရာဖြစ်သင်ကျောင်း၊ နိုင်ငံတော် ဂီတပညာသင်ကျောင်းနှင့် နိုင်ငံတော်ပန်းချီပညာသင်ကျောင်းတို့ဖြစ်သည်။ နိုင်ငံတော်တက္ကသိုလ်ကိုလည်း တက္ကသိုလ်ကျောင်းအုပ်ကြီးဟောင်း ဆရာကြီးဦးဖေမောင်တင်အား၊ ကျောင်းအုပ်ကြီးအဖြစ်ခန့်ထားလျက် ရန်ကုန်မြို့တွင် ဖွင့်လှစ်ခဲ့ပေသည်။

ဖက်ဆစ်မီးလျှံများကြားတွင် ပညာသင်ကြားရေးဆိုသည်မှာ စိတ်ကူးယဉ်အိပ်မက်မျှသာဖြစ်ပေသည်။ ဖက်ဆစ်ဂျပန်ခေတ်ပညာရေးအရသည် ပညာရေးစနစ်ကို စိတ်ကူးဖြင့်သာ အကောင်အထည်ဖော်၍လက်တွေ့တွင်ဘာမျှတိတိကျကျအကောင်အထည်ဖော်နိုင်ခြင်းမရှိခဲ့ပေ။သာဓက အနေဖြင့်ပြရလျှင် ၁၉၄၄-၄၅ ပညာသင်နှစ်၊ ဟံသာဝတီတိုင်း ပညာရေးအစီရင်ခံစာကို လေ့လာကြည့်လျှင် ထိုအချက်ထင်ရှားကြောင်း သိနိုင်ပေသည်။

ထိုအစီရင်ခံစာအရ ထိုတိုင်းပညာရေး အခြေအနေကို အောက်ပါအတိုင်း တွေ့ရပါသည်။ *

**မူလတန်းပညာရေး။** ။ဟံသာဝတီတိုင်း မူလတန်း ပညာအခြေအနေကို လေ့လာကြည့်လျှင် မူလတန်းကျောင်းများမှာ (၃၀၁) ကျောင်း မျှသာ ဖွင့်လှစ်နိုင်ခဲ့သည်။ မူလက မူလတန်းကျောင်း (၄၀၄) ကျောင်း ရှိခဲ့သည်။ ကျောင်းသားများမှာလည်း ကျောင်းတက်မမှန်ခဲ့ကြပေ။ ဆရာများမှာလည်း စစ်ကာလဖြစ်၍ ပမိရပ်ရွာ ဒေသမြို့နယ်များတွင်သာ အမှုထမ်းလိုကြသည့် အဝေးမြို့များသို့ သွားရောက် အမှုမထမ်းလိုကြပေ။ထို့ကြောင့် ဆရာပြဿနာ ပေါ်လာခဲ့သည်။ ဆရာတပည့်အချိုးသည် ကွာဟလာပေသည်။

**မူလတန်းလွန်ပညာရေး။** ။အထက်တန်း ကျောင်း များ မှာ လည်း မူလက (၁၀)ကျောင်း၊ ယခုအစီရင်ခံစာ တင်သွင်းသော ၁၉၄၄-၄၅ ခုနှစ်တွင် (၅)ကျောင်းသာ ဖွင့်လှစ်နိုင်ခဲ့ပေသည်။ အင်းစိန် အထကမှာ ကျောင်းဆရာနှင့် ကျောင်းသားများ မရှိ၍ ပိတ်ထားခဲ့ရသည်။ အလယ်တန်း ကျောင်းများမှာလည်း မူလက ကျောင်း(၂၀) ရှိခဲ့သော်လည်း ယခုမူ (၁၅)ကျောင်းသာ ဖွင့်လှစ်နိုင်တော့သည်။ ကျောင်းသားများမှာလည်း စစ်ပြေးကာလတွင် ကျောင်းမှန်မှန် မတက်နိုင်တော့ပေ။

**အသက်မွေးဝမ်းကျောင်း ပညာရေး။** ။ယင်း ပညာသင် ကျောင်းများ၊ စက်မှု အတတ်သင်ကျောင်းများ လုံးဝဖွင့်လှစ် သင်ကြားနိုင်ခြင်း မရှိခဲ့ပေ။ ဒေသဆိုင်ရာ ပညာရေး အုပ်ချုပ်သူများလည်း ခရိုင်အတွင်းတွင် မရှိပေ။

**ဘုန်းတော်ကြီးကျောင်းပညာရေး။** ။ထိုပညာသင်နှစ်တွင် ဘုန်းတော်ကြီးကျောင်းများ၏ အရေးအတွက် စာရင်းကိုအတိအကျ မကောက်ယူနိုင်ခဲ့ပေ၊သို့သော်ဘုန်းတော်ကြီးကျောင်းများသည် စဉ်လာမပျက် တောသူတောင်သားတို့၏ သားသမီးများအား ဘာသာရေးနှင့် အရေး အဖတ် အတွက်တို့ကို သင်ကြားပေးနေခဲ့သည်မှာ ယုံမှားဖွယ် မရှိပေ။ ကျောင်းသားလေးများ အနည်း

---

* Annual Report on Education in the Hanthawaddy Division for the year 1944-45

ငယ်ဖြင့် အရည်အချင်း မပြည့်စုံသော ဆရာတချို့က သင်ကြားပေးနေသော အလွတ်ပညာ ကျောင်းကလေးများသာ ကြိုကြား ဖွင့်လှစ်သည်ကို တွေ့ရသည်။

ယင်းတိုင်းအတွင်း၌ ၁၉၄၅ နှစ်အတွင်း ဝိနယစာမေးပွဲများ ကျင်းပစစ်ဆေးဖို့ ပြင်ဆင်ခဲ့ပေသည်။ သို့ရာတွင် သွားလာမှု အခက်အခဲများ ရှိခဲ့၍ မေးခွန်းလွှာများ အချိန်မှီ အချို့ဒေသများသို့ မရောက်ရှိခဲ့ပေ။ ထိုစာစစ်ဌာနအချို့တွင် စာမေးပွဲ မကျင်းပနိုင်ခဲ့ပေ။

စာဖြေ ကိုယ်တော်များအား အောင်လက်မှတ် ထုတ်ပေးခြင်း၊ ဆုချီးမြှင့်ခြင်း စသည်လုပ်ငန်းများမှာလည်း အချိန်မှီ မဆောင်ရွက်နိုင်ခဲ့ပေ။ ရန်ပုံငွေအလုံအလောက် မရှိခဲ့၍ ထိုသာသနာရေး ကိစ္စမှာလည်း ဖြစ်မြောက်အောင် မဆောင်ရွက်နိုင်ခဲ့ပေ။

ကျီးလန့်စာ စား ခေတ်ဆိုး ခေတ်ပျက်တွင် ဘုန်းတော်ကြီးကျောင်း ပညာရေး သည်လည်း အဆင်မပြေ မဖြစ်ထွန်း မတိုးတက်နိုင်ခဲ့ပေ။

**နိပ္ပန်ဘာသာစကား သင်ကျောင်းများ။** ။နိပ္ပန် ဘာသာစကား သင်ကျောင်း (၇) ကျောင်းကို တိုင်းအတွင်း ဖွင့်လှစ်ခဲ့သည်။ ပခူး Syrian လှည်းကူး မြို့များတွင် ကျောင်းကြီးများ ဖွင့်လှစ်ထားသည်။ ညောင်လေးပင်၊ တိုက်ကြီး၊ ဝါးနက်ချောင်းများတွင်လည်း ကျောင်းကလေးများ ဖွင့်လှစ်ထားသည်။ တွံတေးတွင်လည်း နိပ္ပန်ဘာသာစကား သင်ကျောင်းရှိသည်။ တိုက်ကြီးကျောင်းမှလွဲ၍ ကျန်ကျောင်းများတွင် ကျောင်းအုပ်များ၊ ဆရာများက တက်တက်ကြွကြွ သင်ကြား ပြသသည်ကို တွေ့ရသည်။

ထိုခေတ်ပညာရေး အခြေအနေကို လွှမ်းခြုံကြည့်သည့်အခါ ပညာရေး စနစ်၏ ဦးတည်ချက် ကောင်းမွန်သည်မှာ မှန်သော်လည်း၊ စစ်တွင်းကာလဖြစ်၍ ပညာရေးမှာ မဘည်ငြိမ်ခဲ့ကြောင်း တွေ့ရသည်။ "နေပြည်တော် စာသင်ကျောင်းများ" ဟူသော ခေါင်းစဉ်ဖြင့် ဆရာဇဝန၏ ပြောစမ်းပါရစေ အခန်းကနေပြီး မြန်မာ့အလင်း သတင်းစာ (၁၉၄၂၊ ဒီဇင်ဘာလ ၂၇ ရက်ထုတ်) အောက်ဖော်ပြပါ တင်ပြချက်က ထောက်ခံလျက်ရှိပါသည်။

**နေပြည်တော် စာသင်ကျောင်းများ။** ။နေပြည်တော် ပညာရေးအဖွဲ့က မကြာမီကပဲကျောင်းတွေ ဖွင့်လှစ်ပေးလို့ ကျောင်းသား မိဖများက တနှစ်နီးပါး သားသမီး

တွေ စာမသင်ကြားပဲ ထားခဲ့ရတာ ကြောင့် ဂမ်းသာအားရ နဲ့ ကျောင်းတွေကို ပို့ခဲ့ကြတယ်။ အခုကလောကလေးမှာ လူတွေလဲ ဟိုရွှေဒီပြောင်းနဲ့မို့ ကျောင်းတွေလဲ ပိတ်ထားရတာနဲ့ မခြားတဲ့ အခြေ အနေမျိုး ရောက်နေတော့တယ်။ ခလေးသူငယ်တွေမှာ ဒီလိုသာ ပညာ သင်ကြားရေး ပျက်ပြားကုန်ကြယင် ရှေ့ရေးအတွက် အများကြီးခက် သေးတယ်။ ဒီလိုမဖြစ်ရအောင် လုံခြုံစိတ်ချရတဲ့ နေရာမှာ တစုတရုံး တည်း ကျောင်းတက်နိုင်ကြရအောင် ကျောင်းဖွင့်ပေးနိုင်ယင် ကောင်း မယ်လို့ ထင်တာပဲ။ ဒီလို မဖြစ်နိုင်ဖူး ဆိုယင်လဲ ပညာ သင်ကြားရေး မပျက်ပြားစေပဲ အခြားဖြစ်နိုင်တဲ့ တနည်းတလမ်းကို အမြန်ရှာကြံ စီမံ ပေးစေလိုတာပဲ။'' ဟူ၍ ပညာရေးအတွက် ရတက်မအေးပဲ ဇာနက နည်းလမ်း ရှာခိုင်းပါသည်။

**ကွင်းပြင် စာသင်ကျောင်းများ။** ။ဗမာ့ခေတ် သတင်းစာ (၂၇-၁ ၄၃) တွင် ကွင်းပြင် စာသင် ကျောင်းများ ဖွင့်လှစ်ရေးအစီအစဉ်ကို တွေ့ရပေသည်။ ထိုအစီအစဉ်မှာ-

> " ၁၂ ကြိမ်မြောက် ဗမာ့ဝန်ထမ်းအဖွဲ့ချုပ် အစည်း အဝေးတွင် ဦးကောင်းက ငါးထပ်ကြီးနှင့် ဗဟန်းစခန်း တွင် ကွင်းပြင် စာသင်တန်းများ ဖွင့်လျက် နေပြီဖြစ် ကြောင်း။ သင်ပြသော ဆရာများမှာတဌာနတွင် ၃ ဦး စီရှိကြောင်း ဘောင်ဒရီလမ်း ဗကျောင်းနှင့် ဦးလှကျောင်း မှ ဆရာများအပြင် အရှေ့အာရှတိုက် လူငယ်များအသင်း သားများက စခန်းများတွင် နေထိုင်ကြသော မိဖများ အား ၎င်းတို့၏ ကလေးများ ပညာသင် မပျက်ကြစေရန် အဆိုပါ ကွင်းပြင် စာသင်ကျောင်းများသို့ ပို့အပ်ရန် တရားဟောပြောခြင်းဖြင့် ကူညီကြောင်း၊ အိန္ဒိယလွတ် လပ်ရေး အသင်းမှလည်း တာမွေတွင် စာသင်ကျောင်း တခု ဖွင့်ပေးရန် စီစဉ်လျက်ရှိကြောင်း၊ ပညာရေးဌာန ကလည်း လိုအပ်သော အကူအညီပေးလျက်ရှိကြောင်း၊ ကျိုက္ကဆံတွင်လည်းများမကြာမီဖွင့်လှစ်မည်ဖြစ်ကြောင်း အကျယ်တဝင့် အစီရင်ခံရာ အစည်းအဝေးကလည်း စာ သင်ကျောင်းများ အနီးတွင် ဗုံးခိုနေရာများ ပြုလုပ်ထား သဖြင့် မိဖများသည် စိုးရိမ်ဘွယ်ရာမရှိ၍ စစ်အတွင်း

၎င်းတို့၏ ကလေးများ ပညာသင်ကြားရေး မပျက်စေ ရန် အထူးသဖြင့် လိုလားအပ်ကြောင်းကို တိုက်တွန်း နှိုး ဆော်ရန် ဆုံးဖြတ်ကြောင်း”

ဖော်ပြပါ အစီအစဉ်များကို လေ့လာကြည့်လျှင် စစ်တွင်းကာလ၊ မြန်မာနိုင်ငံ ပညာရေးမှာ ဇဝန ပြောသကဲ့သို့ ရင်လေးဖွယ်ရာသာ ဖြစ် ရသည်။ ဂျပန်အုပ်စိုးသွားသော ၃ နှစ်ကာလသည် ကာလအပိုင်းအခြား အားဖြင့် တိုတောင်းလှသော်လည်း မြန်မာတမျိုးသားလုံးအတွက် ရှည် လျားစွာ လျှောက်လှမ်းခဲ့ရသော ဘဝခရီးကြမ်းသဖွယ် ဖြစ်ရပေသည်။ မြန်မာတို့သည် ထိုစစ်ကြီးအတွင်း ဖက်ဆစ်ဂျပန်တို့၏ လက်အောက်တွင် ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ကျန်းမာရေး အဖက် ဖက်မှ အရှုံးကြီး ရှုံးခဲ့ရပေသည်။

## (င) ဘုန်းတော်ကြီးကျောင်းပညာရေးသဘောတရား ရည်မှန်းချက် သင်ရိုးနှင့် သင်နည်းများ

ဖက်ဆစ်ဂျပန်ခေတ်တွင် သာသနာရေး ဘာသာရေး၊ လူမှုရေး၊ စီးပွားရေးစသည်တို့သည် အဆိုးဝါးဆုံးဖြစ်ခဲ့ရသည်။ စစ်ရေးသာလျှင် ပဓာန ကာလဖြစ်နေ၍ ပညာရေး၊ ဘာသာရေး၊ သာသနာရေးကို အလေးဂရုမပြုနိုင်သည်မက ဖက်ဆစ်ဂျပန်များသည် မြန်မာ့လူ့ဘောင် တခုလုံးကို ရိုင်းပြစွာ ဖျက်ဆီးခဲ့ကြသည်။

ကျောင်းဖျက်၊ ဘုရားပုထိုးဖျက်စသည့် သာသနာဖျက်လုပ်ငန်းများ ကိုပင် ဖက်ဆစ်များသည် ရိုင်းပြစွာ ပြုမူခဲ့ကြသည်။ ထိုခေတ်ပျက်ခေတ် ဆိုးတွင် ဘုန်းတော်ကြီးကျောင်း ပညာရေးသည် မှေးမှိန်ခဲ့ရပြန်သည်။ ဘာသာရေး ရည်မှန်းချက်နှင့် ဗုဒ္ဓဝါဒ ယုံကြည်မှု စိတ်ဓာတ်ဖြင့် အခိုင် အမာ တည်ဆောက်ခဲ့သော မြန်မာဘုန်းတော်ကြီးကျောင်းများသည် အစဉ်အလာရှိခဲ့သော ရည်မှန်းချက်ကို မပယ်ဖျက်ခဲ့။ သာသနာလုပ်ငန်း နှင့် ယှဉ်တွဲလျက် ပညာရေးသင်ရိုးကိုလည်း မပြောင်းလဲခဲ့။ အစဉ် အလာနှင့်အညီ သင်နည်းနိဿရည်း မပြုပြင်၊ မဖါထေးခဲ့။ မိမိအစဉ် အလာ တရားကို ထိန်းသိမ်းလျက် ခေတ်၏ ရေစီးကြောင်းတလျှောက် တွင် မမှိတ်မသုန် မျောပါလာခဲ့ပေသည်။ ခေတ်သည် ဘုန်းတော်ကြီး ကျောင်း ပညာရေးသဘောတရား၊ အရင်းခံ မူလရည်ရွယ်ချက်ကို မချေ ဖျက်နိုင်ပေ။

## (စ) ခြုံငုံသုံးသပ်ချက်

ပြန်လည် ဆန်းစစ်ကြည့်လျှင်....

"ပညာရေးဘက်တွင် ဂျပန်စာ ဂျပန်စကားကို ဂျပန်ကဲ့သို့ သုံးနှုန်းပြောဆို နိုင်သူများ ပေါ်များ၏။ အင်္ဂလိပ်စာဘက်၌ ညံ့သွား၏။ လက်မှုပညာ၊ အရက်ချက်မှုပညာ၊ ဆပ်ပြာချက်၊ စက္ကူလုပ်ပညာဘက်က တိုးတက်သွား၏။ အိမ်ခေါင်ပေါ်တွင် တက်ကာ သွတ်ခွာခြင်းသည် အကျင့်စာရိတ္တဘက်က သူခိုးဖြစ်နေသောကြောင့် ထိခိုက်လှ၏။ သို့သော် လက်မှုပညာသမားလက်သို့ ရောက်သောအခါ ဂျပန်အလိုရှိသော ပစ္စည်းအပျိုးမျိုးကို ပြုလုပ်ပေးနိုင်၏။ ပန်းဘဲသမား၊ လက်သမားတို့လည်း ဖြစ်အောင်လုပ်သော အတတ်ဘက်တွင် တိုးတက်လာ၏။ တကယ့်စက်မှုလက်မှုအတတ်များ၊ဆေးဆရာဝန်အတတ်များ၊ သုခုမပညာများ၊ တက္ကသိုလ်ပညာအားလုံးခြုံ၍ ကြည့်လိုက်လျှင် အကြီးအကျယ် ရှုံးသည်ဟု ဆိုရပေမည်"*

ပညာရေးတွင် လက်မှု၊ စက်မှုပညာ၊ အသက်မွေးဝမ်းကျောင်းပညာကို ဦးတည်ခဲ့သော်လည်း စာသင်ကျောင်းများကို စနစ်တကျမတည်ထောင်နိုင်ဘဲ ဖရိုဖရဲဖြစ်ရသည့်အတွက် ပညာရေးတွင် အရှုံးထွက်ခဲ့ပေသည်။ သို့ရာတွင် အမြတ်ထွက်ခဲ့သည့် အချက်မှာမူ ကျောင်းတမျိုးတစားတည်းစနစ် ကျင့်သုံးလာခြင်း၊ မြန်မာဘာသာသင်ကြားမှုမဏ္ဍိုင်ဘာသာ ဖြစ်လာခြင်း၊ ဘဝနှင့်ပိုမိုနီးစပ်သော အသက်မွေးဝမ်းကျောင်း သင်ရိုးများကို ရေးဆွဲနိုင်ခဲ့ခြင်းများသည် အမြတ်များပင်ဖြစ်ခဲ့ပေသည်။

ဘုန်းတော်ကြီးကျောင်း ပညာရေးနှင့် စပ်လျဉ်း၍လည်း ဤသို့သုံးသပ်ရပေသည်။ စစ်မက်ဖြစ်ပွားသောကာလ၊ နိုင်ငံတည်ဆောက်ရေးကာလ၊ လွတ်လပ်ရေး ကြိုးပမ်းရသော ကာလတွင် စစ်ရေးစစ်ရာနှင့်

---

* ဂျပန်နေသွားသော သုံးနှစ်အရှုံးအမြတ်၊ လူထုဂျာနယ်၊ အတွဲ ၁၊ အမှတ် ၃၊ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်၊ ခေါင်းကြီးပိုင်း။

စက်မှုလက်မှုပညာသည်သာ အရေးတကြီး လိုအပ်နေပေသည်။ ဘုန်းကြီးကျောင်းပညာရေးစနစ်ကို ပြန်လည်အကောင်အထည်ဖော် အားပေးရန် စဉ်းစားချိန် မရခဲ့ပေ။

ဗြိတိသျှပညာရေးတွင် ဘုန်းကြီးကျောင်းပညာရေးကို အမျိုးမျိုး ကြံဆလျက် ပညာရေးနယ်တွင် သွတ်သွင်းရန်စဉ်းစားခဲ့ကြသော်လည်း ဂျပန်ခေတ်ကျွင်မှ ဘုန်းကြီးကျောင်း ပညာရေးသည် မှေးမှိန် ပျောက်ကွယ်ခဲ့ရပေသည်။ ထိုသို့ ဖြစ်ရသည်မှာလည်း အဆန်းတကျယ်တော့ မဟုတ်ပေ။ အစိုးရလူကျောင်းများကိုပင် ဗုံးသံ အမြောက်သံကြားတွင်ရင်း၊ ဗုံးခိုကျင်းများအနီးတွင်ရင်း၊ ဖွင့်လှစ်လျက် ဖြစ်သလိုသင်ကြားနေရချိန်ဖြစ်ရာ ဘုန်းကြီးကျောင်းပညာရေးစနစ်ဘက်သို့ ဦးမလှည့်နိုင်ခဲ့သည်မှာ မဆန်းပါ။ ဗုံးဒဏ်ကြောင့် ဘုရားပျက်၊ ကျောင်းကန်ပျက်၊ ရွာပျက်လျက် စည်းမဲ့ကမ်းမဲ့ ဖရမ်းဖတာ လောကကြီးတွင် ဘာသာ၊ သာသနာ၊ ပညာရေးအဖက်ဖက်မှ နိမ့်ကျယိုယွင်းခဲ့ရသည်မှာ ဓမ္မတာပင်ဖြစ်ပေသည်။ ထို့ကြောင့် ဂျပန်အုပ်စိုးသော ခေတ်ကြီးတွင် မြန်မာနိုင်ငံဘုန်းကြီးကျောင်းပညာရေးမှာ ပြောပလောက်အောင် စာမျက်နှာ မများနိုင်ခဲ့ပေ။ မည်သို့ပင်ဖြစ်စေ၊ ရွာဦးကျောင်းမှ ခေါင်းလောင်းသံသည် ကျေးတောနေတို့၏ ပညာရေးနှိုးဆော်သံပမာ ဖြစ်ခဲ့သည်မှာ ယုံမှားဘွယ် မရှိချေ။

# အခန်း ၈

## စစ်ပြီးခေတ် လွတ်လပ်ရေးခေတ်နှင့် တော်လှန်ရေးခေတ်
## ဘ–က ပညာရေး

### စစ်ပြီးခေတ် ဘ က ပညာရေး (၁၉၄၅-၁၉၄၈)

### (က) နောက်ခံကား

#### ဆင်းမလား စစ်ပြေးအစိုးရအဖွဲ့

စစ်ကာလအတွင်း ဗြိတိသျှအစိုးရအဖွဲ့သည် အိန္ဒိယပြည် ဆင်းမလား မြို့၌ ၃ နှစ်ကြာမျှ ရုံးစိုက်ခဲ့ပေသည်။ ယင်းဆင်းမလားအစိုးရအဖွဲ့သည် စစ်ပြီးကာလတွင် ရန်ကုန်မြို့၌ ၁၉၄၅ ခုနှစ်၊ နိုဝင်ဘာလကုန်လောက်တွင် ပြန်လည်ဖွင့်လှစ်နိုင်ရန် နိုဝင်ဘာလ ပထမပတ်တွင် ပိတ်လိုက်သည်။*

#### ကက်စ်ဘီခေါ် စစ်အုပ်ချုပ်ရေး

ဖက်ဆစ်ဂျပန်များ စစ်ရေးနိမ့်၍ မြန်မာနိုင်ငံမှ ဆုတ်ခွာသွားသော အခါ ဗြိတိသျှတို့သည် သိမ်းပိုက်ပြီးသော မြန်မာနိုင်ငံကို ကက်စ်ဘီ ခေါ် စစ်အုပ်ချုပ်ရေးနှင့် အုပ်ချုပ်မည် ဖြစ်ကြောင်း ၁၉၄၄ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အရှေ့အာရှတောင်ပိုင်း စစ်ဌာနချုပ်က ကြေညာခဲ့သည်။**

---

* လူထုဦးလှ၊ သတင်းစာများပြောပြတဲ့ စစ်ပြီးဗမာပြည်၊ မန္တလေး၊ ကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၆၉၊ စာမျက်နှာ ၂၁၀။

** သိပ္ပံစိုးရင်၊ မြန်မာနိုင်ငံ အုပ်ချုပ်ရေးသမိုင်း၊ ပင်းယစာပေတိုက်၊ စာမျက်နှာ ၁၉၆။

## ဆင်းမလားစီမံကိန်း

စစ်ကာလအတွင်း ဆင်းမလားမြို့တွင် ရုံးစိုက်လျက်ရှိသော ဘုရင်ခံ ဒေါမန်စမစ် မြန်မာနိုင်ငံအား ပြန်လည်အုပ်ချုပ်ရေးအတွက် ဆင်းမလား စီမံကိန်းတရပ် ရေးဆွဲခဲ့ပေသည်။ ယင်းစီမံကိန်းကို ရေးဆွဲရာ၌ အဓိက ရည်ရွယ်ချက်မှာ စစ်ကြီးအတွင်းက ပျက်စီးသွားခဲ့သော ကိုလိုနီ စီးပွားရေးကို ပြန်လည် ထူထောင်ရန် ဖြစ်ပေသည်။ စီမံကိန်းရေးဆွဲ ရာ၌လည်း ဗြိတိသျှ အုပ်ချုပ်ရေးအရာရှိများသာ ပါဝင်ခဲ့ပေသည်။ မြန်မာထဲမှ စစ်ပြေး ဆာပေါ်ထွန်း၊ဆာထွန်းအောင်ကျော်နှင့်အိုင်၊စီ၊ အက်(စ်)ဦးတင်ထွတ်တို့ သာစီမံကိန်း ရေးဆွဲရာတွင် ပါဝင်ပေသည်။ *

ယင်းသို့ ဆင်းမလား စီမံကိန်းကို ရေးဆွဲပြီး ၁၉၄၄-ခုနှစ် ကုန်ခါ နီးတွင် "မြန်မာနိုင်ငံအတွက် အနာဂတ် အစီအစဉ်များ (ဘလူးပရင့် ဖော်ဘားမား) အမည်ရှိ ဗြိတိသျှ အစိုးရ၏ သဘောထားနှင့် ဝါဒကို ထုတ်ပြန်ခဲ့ပေသည်။ ယင်းအစီအစဉ်တွင်....

"စစ်ပြီးခေတ်၌ မြန်မာနိုင်ငံအား ၆ နှစ်ခန့်မျှ သိမ်းပိုက် အုပ်စိုးပြီး သည့်နောက်မှ ကိုယ်ပိုင် အုပ်ချုပ်ရေး ကိစ္စကို စဉ်းစားခြင်း ပြုသင့် သည်" ဟု ဖော်ပြ ထားပေသည်။ သို့ရာတွင် လွတ်လပ်ရေးတိုက်ပွဲ အတွက် အသင့်ဖြစ်နေသော မြန်မာတို့၏ နိုးကြားတက်ကြွမှုကြောင့် ယင်းစက္ကူပြာ အစီအစဉ်ကို ပြန်လည်ပြုပြင်လာ စက္ကူဖြူစာတမ်းကို ၁၉၄၅ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် ဗြိတိသျှအာဏာပိုင်များက ထုတ်ပြန်ခဲ့ပေသည်။

**စက္ကူဖြူစာတမ်း**

စက္ကူဖြူစာတမ်းအရ၊ ဗြိတိသျှအာဏာပိုင်များသည် "၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံအုပ်ချုပ်ရေး အက်ဥပဒေ"၏ အပိုဒ် ၁၃၉ ကို ပြန်လည် အသုံးချကာ ဘုရင်ခံ၏အုပ်ချုပ်ရေးကို ၃ နှစ်တာမျှ ထားရန်ဖြစ်သည်။ ထို ၃ နှစ်အတွင်း ဆင်းမလားစီမံကိန်းအရ၊ မြန်မာနိုင်ငံ၏ကိုလိုနီစီးပွား ရေးကို ပြန်လည်ထူထောင်ပြီးနောက်ပိုင်းမှ ရွေးကောက်ပွဲ ကျင်းပကာ မြန်မာနိုင်ငံ၏အုပ်ချုပ်ရေးကို စမ်းသပ်ကြည့်ရန် ရည်ရွယ်ထားပေသည်။

---

* ဗန်းမော်တင်အောင်၊ ကိုလိုနီခေတ် မြန်မာနိုင်ငံသမိုင်း၊ ရန်ကုန်၊ ပြည်သူ့အလင်းစာပေတိုက်၊ ၁၉၆၄၊ စာမျက်နှာ ၂၃၀။

## (ခ) ဆင်းမလားစီမံကိန်းနှင့်ပညာရေး

စစ်ကာလအတွင်း ဆင်းမလားမြို့တွင် အခြေစိုက်လျက်ရှိသော မြန်မာပြည်ဘုရင်ခံ ဆာရယ်ဂျီနယ်ဒေါ်မန်စမစ်ဦးဆောင်သော ဗြိတိသျှ စစ်ပြေးအစိုးရအဖွဲ့သည် ၁၉၄၂ ခုနှစ် နောက်ပိုင်းတွင် ပညာရေးကို စတင်စဉ်းစားခဲ့သည်။

> "ပညာရေး ပြန်လည် တည်ဆောက်မှု အရာရှိ အဖြစ် တာဝန်ပေးခြင်းခံရသူစစ်ကြိုခေတ်ပညာမင်းကြီး ဒု-ဗိုလ်မှူးကြီး အယ်လက်ဇန္ဒားကင်းဗဲသည် သူကိုယ်တိုင် ဥက္ကဋ္ဌပြုလုပ်ခဲ့သော ကော်မတီ၏ ၁၉၃၆ ခုနှစ်၊ အစီရင်ခံစာကို မှီငြမ်းပြုကာ "မြန်မာပြည် ပညာရေးစနစ် ပြန်လည်တည်ဆောက်ရေးစာတမ်း"ကို ၁၉၄၂ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့တွင် တင်သွင်းလေသည်။ ထိုစာတမ်းတွင် စာပိုဒ်ပေါင်း ၆၉ ပိုဒ် ပါရှိသည့်အနက် တက္ကသိုလ်နှင့် စပ်ဆိုင်သော စာပိုဒ် ၁၂ ပိုဒ် ပါရှိလေသည်"*

ကင်းဗဲစာတမ်းနှင့် စာတမ်းအပေါ် ဝေဖန်ချက်များကို စိစစ်ရန် စစ်ပြေးအစိုးရသည် ဆာထွန်းအောင်ကျော်ဥက္ကဋ္ဌပြုလုပ်သော ပညာရေး ပြန်လည်တည်ဆောက်မှု ကော်မတီတရပ်ကို ဖွဲ့စည်းခဲ့သည်။ ထိုကော်မတီသည် ကင်းဗဲစာတမ်းပါထောက်ခံချက်များကို လက်ခံခဲ့၍ နောင်တွင် ဆင်းမလားပညာရေးစီမံကိန်းဟု ခေါ်ဝေါ်ကြသော စစ်ပြေးအစိုးရ၏ ပညာရေးစီမံကိန်းရေးဆွဲရာတွင် စာတမ်းသည် အခြေခံဖြစ်ခဲ့လေသည်။ သို့ရာတွင် ဆင်းမလားပညာရေး စီမံကိန်းကို မြန်မာပြည်သူတို့က မကျေနပ်ကြပေ။ ထို့ကြောင့် ပညာရေးစုံစမ်းမှုများ အသီးသီး ပေါ်ပေါက်ခဲ့ပေသည်။ သို့သော်လည်း ယင်းအစီရင်ခံစာများကို ဦးစားပေး စဉ်းစားမှု မပြုနိုင်ခဲ့ချေ။ အကြောင်းမူ လွတ်လပ်ရေးလှုပ်ရှားမှု မြင့်မားနေသောကြောင့် ဖြစ်ပေသည်။

---

* မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၀၊ စာမျက်နှာ ၁၅၂။

## (ဂ) မြန်မာ့အမျိုးသား လွတ်မြောက်ရေးလှုပ်ရှားမှု *

ဗြိတိသျှ အစိုးရသည် စက္ကူဖြူစာတမ်းကို ကြေညာခဲ့သည်။ ၁၉၄၅ ခု ဇွန်လ ၂၀ ရက်တွင် ဒေါ်မန် စမစ်ရောက်ရှိခဲ့သည်။ မြန်မာခေါင်းဆောင်တို့က (၁) စစ်အုပ်ချုပ်ရေးကို ရပ်ဆိုင်းရန်၊ (၂) ဂိုဏ်းပေါင်းစုံ ယာယီအစိုးရဖွဲ့ရန်၊ (၃) တနှစ်အတွင်း ရွေးကောက်ပွဲ ကျင်းပရန် တောင်းဆိုခဲ့သည်။

၁၉၄၅-ခု ဩဂုတ်လ ၁၉ ရက်မှာ ပထမဆုံး နေသူရိန် ညီလာခံ ကျင်းပခဲ့သည်။ ဖ-ဆ-ပ-လ အဖွဲ့ကြီးတွင် ဗိုလ်ချုပ်အောင်ဆန်း ဥက္ကဋ္ဌ ဖြစ်လာသည်။ ၁၉၄၅ ခု၊ နိုဝင်ဘာလ ၁၈ ရက်မှာ အလယ်ပစ္စယံ အနောက်ဖက်ကုန်းတွင် ညီလာခံ ကျင်းပခဲ့သည်။ နိုင်ငံရေး၊ ဘဏ္ဍာရေး၊ ကာကွယ်ရေး၊ ပြည်တွင်းရေးတို့၌ အာဏာကုန်ရရန် ဆုံးဖြတ်ခဲ့သည်။ ဒေါ်မန်စမစ်ကို ပြန်ခေါ်ပြီး ဆာဟင်နရီနိုက်အား ယာယီဘုရင်ခံ ခန့်ထားသည်။ ထို့နောက် ဆာဟူးဘတ်ရန့် ရောက်ရှိလာသည်။ အထွေထွေသပိတ်ကြီး ပေါ်ပေါက်ခဲ့သည်။ မတတ်သာသည့်အဆုံး ၁၉၄၆-ခု၊ စက်တင်ဘာလ ၂၇ ရက်မှာ ဗိုလ်ချုပ် ဦးဆောင်သည့် ဘုရင်ခံ အတိုင်ပင်ခံအဖွဲ့ ဖွဲ့စည်းခဲ့သည်။ တနှစ်အတွင်း လွတ်လပ်ရေး ကြွေးကြော်သံ မြည်ဟီးခဲ့သည်။ အောင်ဆန်း အက်တလီ စာချုပ် ချုပ်ဆိုခဲ့သည်။ ၁၉၄၇-ခု၊ ဖေဖေါ်ဝါရီ (၇)ရက်နေ့မှ (၁၂)ရက်နေ့ထိ ပင်လုံညီလာခံ ကျင်းပခဲ့သည်။ လက်ရှိပြည်ထောင်စုကို မွေးဖွားခဲ့သည်။ ယာယီကြားဖြတ် အစိုးရအဖွဲ့ကို ၁၉၄၇၊ ဖေဖေါ်ဝါရီလ (၂၂)ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ ဗိုလ်မှူးဖိုးကွန်းသည် ပညာရေးဝန်ကြီးဖြစ်သည်။ ၁၉၄၇-ခု၊ ဧပြီလ (၉) ရက်နေ့တွင် ရွေးကောက်ပွဲ ကျင်းပသည်။ အမတ်(၂၅၅)အနက် (၉၅.၃)မှာ ဖ-ဆ-ပ-လ အမတ်များ ဖြစ်သည်။ အုပ်ချုပ်ပုံ အခြေခံဥပဒေ မူကြမ်း ရေးဆွဲသည်။ ၁၉၄၇၊ ဇွန်လ (၉)ရက်မှာ ဥပဒေကြမ်းကို တင်သွင်းဆွေးနွေးသည်။ ၁၉၄၇-ခု၊ ဇူလိုင်လ(၁၉)ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်များ လုပ်ကြံခံခဲ့ရသည်။ ၁၉၄၇-ခု၊ အောက်တိုဘာလ(၁၇)ရက်

---

* ဗဟိုနိုင်ငံရေးတက္ကသိုလ် "မြန်မာ့အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုနှင့် လွတ်လပ်ရေး ကာကွယ် ထိန်းသိမ်းမှု သမိုင်း" မင်္ဂလာဒုံ၊ ၂၉၊ ၁၁၊ ၇၂။

နေ့တွင် နှ·အက်တလီ စာချုပ်ချုပ်ဆိုခဲ့သည်။ ၁၉၄၈-ခု၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် မြန်မာနိုင်ငံ လွတ်လပ်ရေး ရခဲ့သည်။

## (ဿ) စစ်ပြီးခေတ်ပညာရေးဆန်းစစ်ချက်

ဗြိတိသျှ စစ်အုပ်ချုပ်ရေးခေတ်ပညာရေး အခြေအနေကို ဆန်း စစ်ကြည့်လျှင် အောက်ပါအချက်များကိုတွေ့ရပေမည်။

(၁) ၁၉၄၅-ခုနှစ်၊ ဇူလိုင်လတွင် စစ်အုပ်ချုပ်ရေး အဖွဲ့၏ ပညာရေးဌာနကို ဖွဲ့စည်းခဲ့သည်။
(၂) ဆင်းမလား စီမံကိန်းအရ မူလတန်းလွန်ကျောင်း(၄၂) ကျောင်း မူလတန်းကျောင်း ၂၀၆၀ ဖွင့်လှစ်ခဲ့သည်။
(၃) ၁၉၄၅-ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်တွင် စစ်အုပ်ချုပ်ရေး ရုပ်သိမ်းသည်။
(၄) ကျောင်းအဆောက်အအုံနှင့်ဆရာများလုံလောက်အောင် မပေးနိုင်မှုကြောင့် ဆင်မလား ပညာရေး စီမံကိန်းကို ပြည်သူအများက မကျေနပ်ကြပေ။

ထို့ကြောင့် လွတ်လပ်ရေးမရမီ ကြားကာလဖြစ်သော ဗြိတိသျှစစ်အုပ်ချုပ်ရေး ခေတ်ပညာရေး အခြေအနေသည် မြန်မာပြည်သူတို့အဖို့ လက်ခံနိုင်ဖွယ် ကောင်းမွန်တိုးတက်ခြင်းမရှိခဲ့ပေ၊ ထိုကာလတွင် ဘုန်းတော်ကြီးကျောင်း ပညာရေးသည် ကိုလိုနီခေတ်ကကဲ့သို့ပင် မှေးမှိန်လျက်သာ ရှိခဲ့ပေသည်။ မြန်မာပြည်သူ လူထုအပေါင်းတို့သည်လည်း ပညာရေးထက်'လွတ်လပ်ရေး'ကိုသာ ဦးတည်တိုက်ပွဲဝင်နေရသော ကာလဖြစ်၍ ပညာရေးသည် အဓိကမဟုတ် သာမညမျှသာ ဖြစ်နေပေသည်။ ထို့ကြောင့်ပင် စစ်ပြီးစမှစ၍လွပ်လပ်ရေးမရမီကာလအတွင်း ပညာရေးစနစ်သည် ကောင်းမွန်တိုးတက်သော ပညာရေးစနစ်မျိုးမဖြစ်နိုင်ခဲ့ခြင်း ဖြစ်ပေသည်။

## (င ) ဘုန်းတော်ကြီးကျောင်းပညာရေးအခြေအနေ

ဤအခြေအနေမျိုးတွင် မြန်မာနိုင်ငံ ဘုန်းတော်ကြီးကျောင်းများသည် အစဉ်အလာမပျက် သမိုင်းပေးတာဝန်ကို ဆက်လက်ထိန်းသိမ်းလျက် တာဝန်ယူခဲ့ပေသည်။ အသုံးလုံးတတ်မြောက်ရန် ကျေးရွာဒေသရှိလူငယ်လေးများအမျိုးဘာသာသာသနာကိုစောင့်ရှောက်ထိန်းသိမ်း

တတ်ရန်နှင့် စာရိတ္တပညာကို ဖြန့်ဖြူးရန်တာဝန်ကို ဘုန်းကြီးကျောင်းများက တာဝန်ယူခဲ့သည်။

ဘုန်းတော်ကြီးကျောင်း ပညာရေးသဘောတရား၊ ရည်မှန်းချက်၊ သင်ရိုးနှင့် သင်နည်းများသည် ယခင်ကကဲ့သို့ပင် ပြောင်းလဲမှု မရှိခဲ့ပေ။ စစ်ပြီးစတွင်လည်း မြန်မာနိုင်ငံသည် လွတ်လပ်ရေး ရယူရန်ကြိုးပမ်းနေသောကာလဖြစ်သဖြင့် ဘုန်းကြီးကျောင်းပညာရေးကို အရေးပေးစဉ်းစားရန် မြန်မာအမျိုးသားခေါင်းဆောင်များ အချိန်မပေးနိုင်ခဲ့ပေ။ ထို့ကြောင့် စစ်ပြီးစခေတ်တွင် ဘုန်းတော်ကြီးကျောင်းပညာရေးသည် တိုးတက်ဖွံ့ဖြိုးနိုင်ခြင်း မရှိသေးပဲ၊ လွတ်လပ်ရေးရပြီးကာလတွင် တိုးတက်မြင့်မားလာစေရန် အချိန်ယူခဲ့ကာလဖြစ်သည်ဟု ဆိုရပေသည်။

## လွတ်လပ်ရေးခေတ် ဘ က ပညာရေး (၁၉၄၈-၁၉၅၈)

### (က) နောက်ခံကား

**ပြည်ထောင်စုအစိုးရ၏ပညာရေး**

မြန်မာနိုင်ငံသည် ကိုလိုနီခေတ်၊ဖက်ဆစ်ခေတ်ကာလဆိုးများကိုဖြတ်ကျော်ခဲ့လျက် အချုပ်အချာအာဏာပိုင်ဘဝသို့ ၁၉၄၈-ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ရောက်ရှိခဲ့ပေသည်။သို့ရာတွင် လွတ်လပ်ရေးရပြီးကာလတွင် ပြည်တွင်း ဆူပူသောင်းကျန်းမှုများနှင့် ရင်ဆိုင်ခဲ့ရသဖြင့် ပညာရေးဝါဒကို ၁၉၅၀ ပြည့်နှစ်၊ ဇွန်လ (၁) ရက်နေ့ ကျမှသာအကောင်အထည် ဖော်နိုင်ခဲ့ပေသည်။ ပညာရေးဝါဒ၏ အခိကအချက်များမှာ-

(၁) ကြွယ်ဖြစ်သဘော စမ်းသပ်သည့်အနေဖြင့် ပညာရေးကို ဗဟိုမှကွပ်ကဲအုပ်ချုပ်ရေး။

(၂) အထောက်အပံ့ခံစနစ် ပယ်ဖျက်ကာ၊ ယင်းအစားနိုင်ငံတော်အစိုးရကျောင်းများသာရှိသော စနစ်တည်ထောင်ရေး။

(၃) မသင်မနေရ မူလတန်းပညာရေးကို စမ်းသပ်တီထွင်ရေး။

(၄) ကျောင်းအဆောင့်ခွဲရေးကို ပြန်ပြင်ဆင်ရေး။
(၅) အသက်မွေးဝမ်းကျောင်းနှင့် စက်မှုလက်မှုပညာသင်နိုင်ခွင့် တိုးမြှင့်ရေး။
(၆) မြန်မာဘာသာကိုသင်ကြားမှုမဏ္ဍိုင်အဖြစ်သတ်မှတ်ရေးတို့ဖြစ်သည်။

ထိုချမှတ်ထားသော ပညာရေးမူဝါဒအရ ပြည်ထောင်စုအစိုးရသည် ပညာရေး ပြုပြင်ပြောင်းလဲမှုများကို စတင်အကောင်အထည် ဖော်ခဲ့ပေသည်။ ၁၉၅၀ ပြည့်နှစ် နောက်ပိုင်းကာလများတွင် ယူနက်စကိုအဖွဲ့ကလည်း ပညာရေးပါရဂူထုံ ဦး ပါဝင်သောအဖွဲ့တရပ်ကို မြန်မာနိုင်ငံ၏ ပညာရေးအခြေအနေများကို လေ့လာရန်စေလွှတ်ခဲ့ပေသည်။ ယူနက်စကိုမစ်ရှင်အဖွဲ့သည် ၁၉၅၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ဆိုက်ရောက်လာကာ ၁၉၅၁ ခုနှစ် မေလတွင် အစီရင်ခံစာတင်သွင်းခဲ့ပေသည်။

၁၉၅၁ ခုနှစ် နိုဝင်ဘာလတွင် ပြည်ထောင်စုအစိုးရသည် ပညာမင်းကြီး ဦးကောင်းခေါင်းဆောင်သော ပညာရေးလေ့လာမှုအဖွဲ့ကို ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်၊ မက္ကဆီကို၊ ကနေဒါ၊ ပါကစ္စတန်နိုင်ငံများသို့ စေလွှတ်ခဲ့သည်။ ထိုအဖွဲ့ဝင်ခြောက်ဦးအပါအဝင် ၂၁ ဦးပါသော ပညာရေး ပြန်လည်ဖွဲ့စည်းမှု ကော်မတီကို ပြည် တော် သာ ပညာရေးစီမံကိန်း ရေးဆွဲရန်တာဝန်ပေးခဲ့သည်။

## ပြည်တော်သာ ဘဝသစ် ဖန်တီးမှု ပညာရေး စီမံကိန်း

ထိုစီမံကိန်း၏အခြေခံများမှာ—

(၁) ပြည်ထောင်စုသားမှန်သမျှ အနည်းဆုံး အရေး အဖတ်နားလည်သူများဖြစ်လာစေရန်။
(၂) ဘဝသစ်ဖန်တီးရေးအတွက် လိုနေသောစက်မှုလက်မှုလုပ်ငန်းများကို ကျွမ်းကျင်စွာဆောင်ရွက်ပေးနိုင်မည့်တိုင်းရင်းသားများ လုံလုံလောက်လောက် ပေါ်ပေါက်လာစေရန်။
(၃) ပြည်ထောင်စုတာဝန်အသီးသီးကို ကျွမ်းကျင်စွာထမ်းဆောင်နိုင်မည့် အရည်အချင်းပြည့်ဝသူများ လုံလောက်စွာပေါ်လာစေရန်။

(၄) ပြည်ထောင်စုထဲတွင် ဖိုးသုညများနည်းပါးသွားပြီးလျှင် ဗလငါးတန်နှင့် ပြည့်သော ပြည်ထောင်စုသားများတိုး တက်ပေါ်များလာစေရန်။

(၅) ပြည်ထောင်စုအတွင်း၌ ဒီမိုကရေစီဝါဒကြီး တည်တံ့ခိုင် မြဲစေရန်။ စသည်တို့ဖြစ်ပေသည်။ ပြည်ထောင်စုအစိုးရ သည် ထိုမူပေါ်တွင်အခြေခံလျက် ပညာရေးတွင်သင်ရိုး သစ်များ၊ ကျောင်းသုံးစာအုပ်များ၊ ဆရာဖြစ်သင် ကျောင်းများ၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းများကို တိုးချဲ့ဖွင့်လှစ် လုပ်ဆောင်ခဲ့ပေသည်။

## (ခ) ဘ·က ပညာရေးသဘောတရား၊ ရည်မှန်းချက်၊ သင်ရိုးနှင့်သင်နည်း

### ဘ·က ပညာရေးသဘောတရားရည်မှန်းချက်

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် အမျိုးသားဘာသာ သာသနာစာပေ အနုပညာယဉ်ကျေးမှုများသည် နေရာမှန်သို့ပြန်လည်ရောက် ရှိခဲ့ပေသည်။ ကိုလိုနီခေတ်၊ ဖက်ဆစ်ခေတ်များတွင် ဆုတ်ယုတ်ညှိုးမှိန် ခဲ့ရသော ဘာသာသာသနာသည် ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံတွင်ပြန်လည် ဆန်းသစ် အားယူနိုင်ပေသည်။ သာသနာရေးကို မှီတွယ်၍ ဖြစ်ထွန်းခဲ့ သော ဘုန်းတော်ကြီးကျောင်းများသည်လည်း တကာရင်း၊ ဆရာရင်း တို့၏ကြိုးပမ်းအားထုတ်မှုဖြင့် အားသစ်ပျိုးနိုင်ပေပြီ။

ထိုသို့နိုင်ငံလွတ်လပ်ရေးရ၊ သာသနာနေလိုလလိုထွန်းပ၊ ဘုန်းတော် ကြီးကျောင်း ပညာရေးသည်လည်း တဖန်အသက်ဝင် ရှင်ပျလာသည်။ သို့ရာတွင်လည်း ခေတ်၏လိုအင်၊ နိုင်ငံ၏လိုအင်ကို လောကီရှုထောင့် အနေဖြင့် ကြည့်ရှုဝေဖန်သုံးသပ်လျှင် ဘုန်းတော်ကြီး ကျောင်းများ သည် သာသနာရေးကိုသာ ဦးဆောင်ဦးရွက်ပြုလျက် ဗုဒ္ဓသာသနာ ပညာရေးကို ပြန့်ပွားအောင် လုပ်ဆောင်ရုံသက်သက်သာ ရပ်တည်သင့် ပေသည်။ နိုင်ငံအနှံ့ကျယ်ပြန့်စွာ ရှိနေသော ဘုန်းကြီးကျောင်းများသည် လောကီပညာရေးကို ဥပက္ခာပြု၍ မရနိုင်။ ထိုလမ်းနှစ်ခုကို ဘုန်းကြီး ကျောင်းဆရာတော်များ စဉ်းစားရပေသည်။ ကိုယ့်အမျိုးသား အစိုးရ ဖြစ်၍ မူလတန်းပညာရေးကို တောရွာအနှံ့ ဘုန်းတော်ကြီးကျောင်း များက ခွဲဝေတာဝန်ယူသင့်လှသည်။ နိုင်ငံအစိုးရ၏ ထောက်ပံ့မှု၊

လှူဒါန်းမှု၊ စာအုပ်စာတန်းပေးလှူမှု၊သင်နည်းညှိနှိုင်းမှုတို့ကို ဘုန်းတော်ကြီးများက လက်ခံခဲ့ပေသည်။ အစဉ်အလာ ဘုန်းတော်ကြီးကျောင်းသင်ရိုးကိုလည်း မစွန့်လွှတ်၊ လက်ရှိခေတ်သစ် အစိုးရ ပညာရေး မူဝါဒလမ်းညွှန်မှုကို လက်ခံလျက် လူထုပညာရေးတွင် ပူးပေါင်း ဆောင်ရွက်တာဝန်ယူခဲ့ပေသည်။ ကျေးလက် တောရွာ များတွင် ဘုန်းတော်ကြီးကျောင်းများသည်သမားရိုးကျဘုန်းတော်ကြီး ပညာရေးသဘော သက်သက် မဟုတ်တော့ပဲ ခေတ်မီသင်ရိုးမာတိကာအတိုင်း ပညာဖြန့်ဖြူးရာဌာနများဖြစ်လာခဲ့ပေသည်။ ယင်းသို့ဖြင့် လွတ်လပ်ရေးခေတ်၊ ဘဝသစ်ဖန်တီးမှုစီမံကိန်းကို အကောင်အထည် ဖော်ရာတွင် ဘုန်းတော်ကြီးကျောင်းများသည် အားဖြည့်ပေးလျက် "လူထုပညာရေး" လုပ်ငန်းနှင့် ဘ-က ပညာရေးစနစ်ကို စတင်အကောင်အထည် ဖော်နိုင်ခဲ့ပေသည်။

## ဘ-က သင်ရိုးသင်နည်း

အစဉ်အလာ ဘုန်းတော်ကြီးကျောင်းသင်ရိုးတွင် ခေတ်သစ်သင်ရိုးများ ပူးတွဲသင်ကြားလာခဲ့သည်။ သို့ဖြင့် ဘုန်းတော်ကြီးကျောင်း သင်ရိုးမာတိကာတွင် ဘာသာရပ်များ စုံလင်လာသည်။ ကျောင်းသုံးစာအုပ်များ၊ဆရာကိုင်စာအုပ်များ၊ သင်နည်းစာအုပ်များဖြင့် ခေတ်မီတိုးတက်လာခဲ့သည်။ ဘုန်းတော်ကြီးကျောင်းများသို့ ဆက်ကပ်လှူဒါန်းသောစာအုပ်နှစ်မျိုးရှိရာ ရည်မှန်းချက် စာအုပ်များတွင်....

- မြန်မာစာသတ်ညွှန်းကျမ်း၊
- သိရိမင်္ဂလာပရိတ်တော်၊
- ရတနာ့ဂုဏ်ရည်၊
- ကိုယ်ကျင့်အဘိဓမ္မာ၊
- ရုပ်စုံဗုဒ္ဓသာသနာဝင်၊
- ဆရာများအကြံပေးလက်စွဲ၊
- ကျောင်းတွင်းဒီမိုကရေစီ၊
- ကစားနည်းညွှန့်ပေါင်း၊
- ကလေးကဗျာ၊
- ရာဇဝင်ဖတ်စာ(၁)တွဲ၊
- သူငယ်တန်းခေတ်သစ်မြန်မာစာသင်နည်း၊
- မြန်မာ့စွယ်စုံကျမ်း၊
- နှစ်ငါးဆယ်သိပ္ပံရေးရာ၊

- နှစ်ငါးဆယ်သယ်ယူပို့ဆောင်ရေး၊
- နှစ်ငါးဆယ်ကမ္ဘာ့ရေးရာ၊
- နှစ်ငါးဆယ်ယဉ်ကျေးမှုရေးရာ၊
- နှစ်ငါးဆယ်လူမှုရေးရာ၊
- နည်းသစ်ကမ္ဘာ့ပထဝီစာစောင်၊
- အထွေထွေသင်ပြနည်း၊
- အထွေထွေသိပ္ပံသင်ပြနည်း၊
- လူထုသိပ္ပံကျမ်း အတွဲ ၁ မှ ၆ ထိ၊
- ကမ္ဘာ့အကြောင်းပထဝီသင်ဏ်းစာ၊
- မြန်မာပြည်ပထဝီသင်ဏ်းစာ၊

စသည့် ခေတ်မှီတိုးတက်သော စာအုပ်စာတန်းများဖြစ်ကြောင်းသိရပေသည်။ ထိုနည်းတူ ပညာသင်စာအုပ်များမှာလည်း သူငယ်တန်းမှ စတုတ္ထတန်းအထိ အစိုးရမူလတန်းတွင် ပြဋ္ဌာန်းထားသော စာအုပ်များဖြစ်ကြောင်း သိရပါသည်။ ဘာသာရပ်ဆိုင်ရာ စာအုပ်များတွင်-

**သူငယ်တန်း**

- သင်ပုန်းကြီး ၂ စောင်တွဲ၊
- မြန်မာဖတ်စာလင်းရောင်ခြည်၊
- ခေတ်မူလတန်းဖတ်စာ၊
- သူငယ်တန်းဂဏန်းသင်္ချာသစ်(ဆရာကိုင်)၊

**ပထမတန်း**

- ပထမတန်း မြန်မာဖတ်စာ (လင်းရောင်ခြည်)၊
- ။ ။ (ဘာသာပြန်)၊
- ။ ဂဏန်းသင်္ချာ(အိုဝင်ဒေး၊)
- ။ ဂဏန်းသင်္ချာသစ်(ဆရာကိုင်)၊
- ။ ။ (တပည့်ကိုင်)၊
- ။ အိမ်တွင်းမှုသိပ္ပံ၊
- ။ အထွေထွေသိပ္ပံ၊
- အခြေခံ အထွေထွေသိပ္ပံပညာ (ပ) တွဲ၊
- သားချော့သီချင်း၊

သင့်မြေပထဝီရုပ်စုံ၊*

စသည့်ခေတ် စနစ်နှင့်အညီ ပြဋ္ဌာန်းထားသော စာအုပ်စာတန်းများဖြစ်ကြောင်း သိသာထင်ရှားပေသည်။

သင်နည်းစနစ်တွင်လည်း ရှေးရိုးအစဉ်အလာ နည်းနိဿရည်းများကိုသာမက ခေတ်မှီသင်နည်းစနစ်များ၊ စိတ်ပညာ အခြေခံသော သင်နည်းများ၊ ကလေးသဘာဝ ဗီဇနှင့်ကိုက်ညီမည့်သင်နည်းများ ကိုပြုပြင်ပြောင်းလဲ သင်ကြားပေးခဲ့ပေသည်။ သင်နည်းဆိုင်ရာ စာပေစာတန်းများ၊ ဆရာအတတ်သင်နိုးနှောပွဲများ၏ အကျိုးကျေးဇူးကြောင့် ဘ·က သင်ကြားမှုစနစ်သည် တိုးတက်ခေတ်မှီလျက် ကောင်းမွန်လာပြီဟုဆိုနိုင်ပါသည်။

အစိုးရစစ်စာမေးပွဲများတွင် တပည့်ကျောင်းသားများ ဝင်ရောက်ဖြေဆိုကြရမည်ဖြစ်ရာ၊ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် သင်နည်းစနစ်များ အစိုးရကျောင်းများနှင့် တပြေးညီဖြစ်အောင် ဘ·က ကျောင်းများက အားထုတ်ခဲ့ပေသည်။

အစိုးရကျောင်း စတုတ္ထတန်းစာမေးပွဲများသို့ ဘ·က·မှ ကျောင်းသားကလေးများ ဝင်ရောက်ဖြေဆိုကြရသည်။ ပညာရေးအဆင့်အားဖြင့် မူလတန်းအဆင့်အထိ ဘ–ကကျောင်းများက တာဝန်ယူသင်ကြားပေးခဲ့သည်။

ယင်းကဲ့သို့ ဘုန်းတော်ကြီးကျောင်းများသည်၊ အမျိုးသားအစိုးရ၏ ပညာရေးမူဝါဒနှင့် ကိုက်ညီအောင် မူလတန်းပညာရေးကိစ္စတွင်တတပ်တအား ပါဝင်ကူညီခဲ့သလို မိမိတို့အစဉ်အလာ ဗုဒ္ဓဘာသာရေး၊ သာသနာရေးရာတွင်လည်း တိုးတက်ခိုင်မာအောင် အစဉ်အလာကိုထိန်းခဲ့သည်။

## ဗုဒ္ဓဘာသာလက်စွဲ**

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရသည် ဗလငါးတန် သန့်စွမ်းဖွံ့ဖြိုးတိုးတက်အောင် အားထုတ်ရာ၌ တိုင်းပြည်နှင့် လျော်ကန်သောစာ

---

* ပြဋ္ဌာန်းချက်အပြည့်အစုံကို နောက်ဆက်တွဲ (က)တွင်ရှုပါ။

**နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၊ ၇ မိုင်၊ ရေကူး၊ ဗုဒ္ဓဘာသာလက်စွဲ၊ ပထမတွဲ၊ အပိုင်း(၂)၊ ၁၉၆၀။ စာမျက်နှာ(က)။

ရိတ္တဗလ၏ အခြေခံတရားကိုရှာသောအခါ ဗုဒ္ဓ၏အဆုံးအမ ဩဝါဒ များသာလျှင် အသင့်လျော်ဆုံးဟု သဘောရကြသည်။ ယင်းသို့ဖြင့် ဩဝါဒစရိယ ဆရာတော် ၄ ပါးကို ဦးထိပ်ထား၍ လွှတ်တော်ချုပ် တရားဝန်ကြီး ဦးသိမ်းမောင်ကို ဥက္ကဋ္ဌတင်လျက် ဗုဒ္ဓဘာသာသင်ခန်း စာ စီရင်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပေသည်။

ဩဝါဒစရိယ ဆရာတော်များနှင့် အဖွဲ့ဝင်ဒါယကာတို့သည် အတန်း အလိုက် ကျမ်းစာများကို ပိုင်းခြားသတ်မှတ်လျက် ရေးသားပြုစုခဲ့ကြ သည်။

ဆရာတော် အရှင်ဇနကာဘိဝံသ ကိုယ်တော်သည် သူငယ်တန်းမှ စတုတ္ထတန်းအထိ မူလတန်းကျမ်းစာများကို တာဝန်ယူရေးသားခဲ့ပေ သည်။ ပထမတန်းဗုဒ္ဓဘာသာလက်စွဲ အပိုင်း ၂ တွင် ပါဝင်သောအ ကြောင်းအရာ မာတိကာမှာ-

- ငါးပါးသီလ၊
- ဆွမ်း၊ ရေ၊ ပန်း၊ ဆီမီးကပ်၊
- တပည့်ဝတ်၊ သားသမီးဝတ်၊
- ငါးပါးသီလအနက်နှင့်မြန်မာပြန်၊
- သရဏဂုံတည်သောအမျိုးသားအကြောင်း၊
- ငါးပါးသီလလုံသောအမျိုးသားအကြောင်း၊
- အပါယ် ၄ ပါးအကြောင်း၊
- ကပ် ၃ ပါးအကြောင်း၊
- ပါဏာထိပါတသိက္ခာပုဒ်အဓိပ္ပာယ်၊
- အဒိန္နဒါနသိက္ခာပုဒ်အဓိပ္ပာယ်၊
- ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်၊
- မုသာဝါဒသိက္ခာပုဒ်၊
- သုရာမေရယသိက္ခာပုဒ်၊
- ဘဝတိုင်းမကောင်းမှုလိုက်ပုံ၊
- စက္ခုပါလမထေရ်အကြောင်း၊
- မကောင်းတာကို ကောင်းတာနဲ့နိုင်ခြင်း၊
- ဆွမ်းတော်ကပ်လှူရသောအကျိုး၊
- ရေလှူရသောအကျိုး၊

- ပန်းလှူရသောအကျိုး၊
- ဆီမီးလှူရသောအကျိုး၊
- မဂ္ဂကုဏ္ဍလီအကြောင်း၊
- တပည့်ဝတ်ငါးပါးအဓိပ္ပါယ်၊
- သားသမီးဝတ်ငါးပါး၏အဓိပ္ပါယ်၊
- မိတ်ဆိုးပယ်ခွာ မိတ်ကောင်းရှာတရားတော်၊
- ပထမတန်း မှတ်ဘွယ်အချုပ်၊
- လေ့ကျင့်ခန်းမေးခွန်း၊

စသည့် သင်ခန်းစာများ ပါဝင်ပေသည်။ ဆရာတော်သည် သင်ခန်းစာများကို စီစဉ်ရာတွင် ပုံဝတ္တုများကို ဦးစားပေး၍ ကလေးတို့ နားလည်လွယ်နိုင်သော ကိုယ်ကျင့်တရားဆိုင်ရာ အကြောင်းအရာများကို ရွေးချယ်စီစဉ်ခဲ့ပေသည်။ ကလေးတို့အရွယ် ကဗျာရွတ်ဆိုမှုတွင် စိတ်အားသန်ကြသည်ဖြစ်ရာ ဆရာတော်က ပထမတန်း မှတ်ဘွယ်အချုပ်ကို အောက်ပါအတိုင်း ရေးသားပြုစု သင်ခန်းစာ ဖွဲ့ထားပေသည်။

"သရဏဂုံလုံခြုံကြလို့ ငါးပါးသီလမြဲပါစေ၊
နံနက်တိုင်းမှာ ဆွမ်းရေပန်းနှင့်၊
ညချမ်းဆီးမီး ကပ်ပါလေ။
ဆရာမိဘရှိသေကြ၍ ဆုံးမသမျှနားတင်စေ၊
ချစ်သူ့အဆွေ စိတ်နေကောင်းမှ၊
ပေါင်းကြ သင်းကြ ရင်းကြလေ"

ဟူ၍ ဖွဲ့ဆိုထားပေသည်။

### ပထမပြန်စာမေးပွဲ

ပထမငယ်၊ ပထမလတ်၊ ပထမကြီးပါဠိစာမေးပွဲကိုလည်း နိုင်ငံတော်အစိုးရအကူအညီဖြင့် နှစ်စဉ်ကျင်းပခဲ့ပေသည်။

"၁၉၅၄ ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတွင် ရဟန်းသံဃာတော် ၈၀၀၀၀ နှင့် သီလရှင် ၅၀၀၀ ခန့်ရှိသည်။ ဘုန်းတော်ကြီးကျောင်း အရေအတွက်မှာ ၂၀၀၀၀ ခန့်ရှိသည်။ ရန်ကုန်မြို့တွင် ရဟန်း ၆၀၀၀ သီတင်းသုံးသော ကျောင်းပေါင်း ၅၀၀ ကျော် ရှိခဲ့

သည်။ မန္တလေးမြို့တွင် ကျောင်းပေါင်း ၄၀၀ ကျော် ရှိ၍ သိတင်းသုံး ရဟန်းပေါင်း ၁၀၀၀၀ ကျော် ရှိခဲ့ သည်။ ကျောင်းပေါင်း ၅၀ ကျော်မှာ အထက်မြန်မာ ပြည်၊ ပခုက္ကူတွင်ရှိ၍ ရဟန်းပေါင်း ၂၀၀၀ နီးပါး သိတင်းသုံးသည်။

သီလရှင်အများဆုံးမှာ စစ်ကိုင်းတောင်တွင် သိတင်း သုံးကြသည်။ အရေအတွက်အားဖြင့် ၁၅၀၀ ကျော် ရှိသည်။ ရန်ကုန်မြို့တွင် သီလရှင်အပါး ၁၀၀၀ရှိ၍ နောင် အခါ ယင်း သာမဏေများသည် စစ်ကိုင်းသို့ ပြောင်းရွှေ့ ကြသည်။" *

မြန်မာမင်းများ လက်ထက်တော်အခါကပင် ပါဠိစာမေးပွဲများကို ကျင်းပခဲ့သည်။ သာလွန်မင်း လက်ထက်မှစ၍ သီပေါမင်း လက်ထက် အထိ စာပြန်ပွဲများကို ကျင်းပခဲ့ပေသည်။ အင်္ဂလိပ်တို့ အထက်မြန်မာ နိုင်ငံက သိမ်းပိုက်ပြီးနောက်တွင်မူ ဆယ်နှစ်တိုင်တိုင် စာပြန်ပွဲများကို မကျင်းပနိုင်ခဲ့ပေ၊ သို့ရာတွင် ဗုဒ္ဓဘာသာဝင် တိုင်းသူ ပြည်သားတို့၏ တောင်းဆိုချက်အရ ဗြိတိသျှ အစိုးရသည် ၁၈၉၆-ခုနှစ်မှ ၁၉၄၁-ခုနှစ် အထိ နှစ်စဉ် စာပြန်ပွဲများကို ကျင်းပပေးခဲ့ပေသည်။ ဒုတိယ ကမ္ဘာစစ် ကြီး ဖြစ်ပွားလာသောအခါ စာပြန်ပွဲများကို မကျင်းပနိုင်တော့ပဲ ၁၉၄၅ ခုနှစ်ထိ ရွှေ့ဆိုင်းခဲ့ရသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီး နောက် ၁၉၅၂-ခုနှစ်တွင် မြန်မာနိုင်ငံ အစိုးရသည် "ပါဠိပညာ ဘုတ် အဖွဲ့ဥပဒေ" ** ကို ရေးဆွဲလျက် စာပြန်ပွဲများကို ထိုဥပဒေနှင့် အညီ ကျင်းပခဲ့သည်။ ဥပဒေအဖွဲ့တွင် အဖွဲ့ဝင်ရဟန်းတော် ၁၅-ပါးနှင့် လူ ပုဂ္ဂိုလ် ၁၉ ဦးပါဝင်ပေသည်။ စာပြန်ပွဲတွင် အစဉ်အလာ အတိုင်း အဆင့် ၃ ဆင့် ခွဲထားပေသည်။ ပထမငယ် စာမေးပွဲ၊ ပထမလတ် စာ မေးပွဲ၊ ပထမကြီး စာမေးပွဲ ဟူ၍ ခွဲထားသည်။

---

* Union Buddha Sasana Council, Rangoon, Union of Burma, Report on the situation of Buddhism in Burma, 1954, P-3.

** Pali Education Board Act.

စာမေးပွဲအတွက် ပြဋ္ဌာန်းချက် စာပေများမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) ကစ္စည်းသဒ္ဒါကျမ်း၊
(၂) ဗျာကရိုဏ်းကျမ်း၊
(၃) အဘိဓမ္မတ္ထသင်္ဂဟကျမ်း၊
(၄) မာတိကာကျမ်း၊
(၅) ဓာတုကထာကျမ်း၊
(၆) ယမိုက်ကျမ်း၊
(၇) ပဋ္ဌာန်းကျမ်း၊
(၈) ဆန်းကျမ်း၊
(၉) အလင်္ကာကျမ်း၊
(၁၀) အဘိဓာန်၊
(၁၁) ပါတိမောက်ကျမ်း၊
(၁၂) ဇာတက ကျမ်းများကို လေ့လာ ဖြေဆိုကြရသည်။ ဤကျမ်းများသည် ဗုဒ္ဓဟောကြားတော်မူသော နိကာယ်ငါးရပ်ကို လေ့လာရန်အတွက် အခြေခံဖြစ်ကြသည်။ စာမေးပွဲတွင် ရှင်လူရဟန်းများ ပါဝင် ဖြေဆိုနိုင်ခွင့် ရှိပေသည်။ နှစ်စဉ် မတ်လတွင် ကျင်းပခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ...

**ပထမငယ်စာမေးပွဲ**

| | |
|---|---|
| ဝင်ရောက်ဖြေဆိုသူ | ........၄၇၀၂ |
| အောင်မြင်သူ | ........၂၃၀၃ |
| အောင်သူရာနှုန်း | ........၄၈.၉၇ |

**ပထမလတ်စာမေးပွဲ**

| | |
|---|---|
| ဝင်ရောက်ဖြေဆိုသူ | ........၂၆၄၉ |
| အောင်မြင်သူ | ........၁၁၈၇ |
| အောင်သူရာနှုန်း | ........၄၄.၈၀ |

**ပထမကြီးစာမေးပွဲ**

| | |
|---|---|
| ဝင်ရောက်ဖြေဆိုသူ | ........၁၆၃၈ |
| အောင်မြင်သူ | ........ ၅၆၄ |
| အောင်သူရာနှုန်း | ........၃၄.၅၃ |

အောင်မြင်သူများကို အစိုးရက ဆုများချီးမြှင့်ရာ ပထမငယ် စာမေးပွဲ အောင်သူတဦးလျှင် အောင်လက်မှတ်နှင့် ဆုငွေ ၅၀ ကျပ် ချီးမြှင့်သည်။ ပထမလတ် အောင်သူကို အောင်လက်မှတ်နှင့် ဆုငွေ ၇၅ ကျပ် ချီးမြှင့်သည်။ ပထမကြီး အောင်သူကို အောင်လက်မှတ်နှင့် ဆုငွေ ၁၀၀ ကျပ်ချီးမြှင့်သည်။ အောင်သူများထဲမှ ပထမစွဲသူကို ပထမကျော်ဘွဲ့အပ်နှင်း၍ ဆုငွေ ၁၅၀/ကျပ် ချီးမြှင့် ဆက်ကပ်သည်။ ၁၉၅၅-ခုနှစ်၊ ၁၉၅၆-ခုနှစ်နှင့် ၁၉၅၈-ခုနှစ်များတွင် ကျင်းပခဲ့သော ပထမပြန် စာမေးပွဲတွင် အောက်ပါအတိုင်း ပါဝင်ဖြေဆို အောင်မြင်ခဲ့ကြသည်။

ဇယား (၃)

**ပထမပြန်စာမေးပွဲ အခြေအနေပြ ဇယား ***

| စာမေးပွဲ | ခုနှစ် | ဖြေဆိုသူ | အောင်သူ | ရာနှုန်း |
|---|---|---|---|---|
| ပထမငယ် | ၁၉၅၅ | ၅၃၆၅ | ၂၂၉၆ | ၄၂.၇၉ |
| ။ | ၁၉၅၆ | ၅၄၄၉ | ၂၃၄၇ | ၄၃.၀၇ |
| ။ | ၁၉၅၈ | ၄၈၃၉ | ၂၃၆၃ | ၄၉.၀၀ |
| ပထမလတ် | ၁၉၅၅ | ၃၁၇၂ | ၁၆၃၉ | ၅၁.၆၇ |
| ။ | ၁၉၅၆ | ၃၃၈၅ | ၂၁၁၅ | ၆၀.၇၀ |
| ။ | ၁၉၅၈ | ၃၉၁၉ | ၁၇၃၅ | ၄၄. ၂ |
| ပထမကြီး | ၁၉၅၅ | ၂၈၂၂ | ၈၈၂ | ၄၃.၆၂ |
| ။ | ၁၉၅၆ | ၂၄၆၂ | ၅၃၈ | ၂၁.၈၅ |
| ။ | ၁၉၅၈ | ၃၀၆၆ | ၅၉၈ | ၁၉. ၅ |

(ဂ) ဘုန်းတော်ကြီးကျောင်း ပညာရေးစီမံကိန်း ဖြစ်ပေါ်လာပုံ

ဘုန်းတော်ကြီးကျောင်း ပညာရေး လုပ်ငန်းအကြောင်း စနစ်တကျ သိရှိနိုင်ရန် လူထု ပညာရေးအကြောင်းကို နောက်ခံကားသဖွယ် တင်ပြရန်လိုပါသည်။ အဘယ့်ကြောင့်ဆိုသော် ဘုန်းတော်ကြီးကျောင်းပညာရေး လုပ်ငန်းသည် လူထု ပညာရေး လုပ်ငန်းရပ်များ၏ တစိတ်တဒေသဖြစ်သောကြောင့် ဖြစ်ပေသည်။

* 'Report on the situation of Buddhism in Burma, 1956 and 1958.

## လူထုပညာရေး ကောင်စီဥပဒေကြမ်း*

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် နိုင်ငံတော်အစိုးရက ၁၉၄၇ ခုနှစ်၌ပင် လူထုပညာရေးကောင်စီ ဥပဒေကြမ်းကို လွှတ်တော်တွင်ပေါင်းသွင်း၍ သဘောတူ အတည်ပြုခဲ့ပေသည်။ ၁၉၄၉-ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် ပြန်ကြားရေးဌာနဝန်ကြီး ဦးထွန်းပေါ် ဆောင်သည့် လူထုပညာရေးကောင်စီကို ပထမဦးဆုံး ဖွဲ့စည်းခဲ့သည်။

လူထုပညာရေးစီမံကိန်းကို ပြည်တော်စုအတွင်း၌ ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် အသစ်တဖန် ပြန်လည်ဖွဲ့စည်းခဲ့ပေသည်။ ဒုတိယအကြိမ်ဖွဲ့စည်းရာတွင် ဒေသဆိုင်ရာ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာအစိုးရဌာနအလိုက် ကိုယ်စားလှယ်များ ပါဝင်စေလျက်ကာကွယ်ရေး၊ပြန်လည်နေရာချထားရေးနှင့်လူမှုဝန်ထမ်းဌာနဝန်ကြီး ဦးဘစော ဦးဆောင်သည့် ကော်မတီအဖွဲ့သစ်ဖြစ်ပေသည်။

## လူထုပညာရေးကောင်စီအဖွဲ့ဝင်များ

ဒုတိယအကြိမ် အသစ်ပြန်လည်ဖွဲ့စည်းလိုက်သော လူထုပညာရေးကောင်စီတွင် အောက်ပါအဖွဲ့ဝင်များပါရှိသည်။

(၁) ဝန်ကြီး ဦးဘစော၊ ကာကွယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန၊
(၂) ဝန်ကြီး ဦးကျော်ငြိမ်း၊ စက်မှုလက်မှုဝန်ကြီးဌာန၊
(၃) ဝန်ကြီး ဦးရှိန်ထန်း၊ ချင်းရေးရာဝန်ကြီးဌာန၊
(၄) ဝန်ကြီး ဗိုလ်လှကြိုင်၊ကချင်ပြည်နယ်၊ပညာရေးဝန်ကြီး။
(၅) ဝန်ကြီး မန်းမြစိန်၊ ကချင်ပြည် သာသနာဝန်ကြီး။
(၆) အတွင်းဝန်၊ ကာကွယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန။
(၇) ဦးစိန်၊ ကယားပြည်နယ်၊ ပါလီမန်အတွင်းဝန်။
(၈) ဦးစပ်ခွန်စမ်း၊ ရှမ်းပြည်နယ်၊ ပါလီမန်အတွင်းဝန်။
(၉) ညွှန်ကြားရေးဝန်၊ ပညာရေးဌာန၊
(၁၀) ဦးလှကျော်၊ ညွှန်ကြားရေးဝန်၊ မီးသတ်ဌာန။

---

* လူထုပညာရေး၊ ပြန်ကြားရေးဌာန၊ ၁၉၅၅။ စာမျက်နှာ- ၄၊၅။

(၁၁) ညွှန်ကြားရေးဝန်၊ လူမှုဝန်ထမ်းဌာန(အတွင်းရေးမှူး)။
(၁၂) ဦးစံထွန်း၊အုပ်ချုပ်မှုအတွင်းရေးမှူး၊မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း၊
(၁၃) ဦးကွန်း၊ ဌာနမှူး၊ ပညာရေး မဟာဌာန၊ ရန်ကုန် တက္ကသိုလ်။
(၁၄) ဦးဟိန်၊ ဖြန့်ချီရေးမှူး၊ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း။
(၁၅) ဒေါ်နှစ်၊ ကျောင်းဆရာမကြီး၊ ကြည့်မြင်တိုင်အမျိုးသမီးကျောင်း။
(၁၆) သမဝါယမဌာနကိုယ်စားလှယ်တဦး။
(၁၇) ပြည်သူ့ကျန်းမာရေးဌာနမှကိုယ်စားလှယ်တဦး။
(၁၈) စိုက်ပျိုးရေးဌာနမှကိုယ်စားလှယ်တဦး။
(၁၉) အိမ်တွင်းလက်မှုပညာဌာနမှကိုယ်စားလှယ်တဦး။
(၂၀) တိရစ္ဆာန်ဆေးကုဌာနမှကိုယ်စားလှယ်တဦး။
(၂၁) မခန့်အပ်ရသေး။
(၂၂) မခန့်အပ်ရသေး။

ဤကဲ့သို့ ကောင်စီအဖွဲ့ကိုဖွဲ့စည်းလျက် လုပ်ငန်းရပ်များကို အားကြိုးမာန် တက် ဆောင်ရွက်ခဲ့ ရာ လူထုက ထောက်ခံ အားပေးကြသဖြင့် ၁၉၅၃-ခုနှစ် ဖေဖော်ဝါရီလတွင် ကောင်စီ၏သက်တမ်း ၅ နှစ်အစား ကာလအပိုင်းအခြားမရှိ ပြင်ဆင်သတ်မှတ်ခဲ့ပေသည်။ မူလအက်ဥပဒေအရ ကောင်စီသည် ပညာရေးဝန်ကြီးဌာန လက်အောက်တွင်ရှိခဲ့သော်လည်း ၁၉၅၃ ခုနှစ်တွင်မူ ကယ်ဆယ်ရေး၊ပြန်လည်နေရာချထားနှင့် လူမှုဝန်ထမ်းဌာနလက်အောက်တွင် ထားရှိပေသည်။

## လူထုပညာရေး၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်

လူထုပညာရေး ကောင်စီ၏ ရည်ရွယ်ချက်များမှာ နိုင်ငံတော်သားတိုင်းသည်....

(၁) ပညာဗဟုသုတ ကြွယ်ဝခြင်း၊
(၂) ကျန်းမာကြံ့ခိုင်ခြင်း၊
(၃) သက်မွေးမှု အလုပ်အကိုင်များ အကြောင်းကို သိနားလည်ခြင်း၊

(၄) စုပေါင်းနေထိုင်ကြရာတွင် အများ၏ ချမ်းသာမှုကို ရှေ့ရှု၍ ဆောင်ရွက်လိုသောဆန္ဒဖြင့် ရပ်ရွာကို တိုးတက်စေလိုသော ပရဟိတ ဝန်ထမ်း စိတ်ဓာတ်များ မွေးမြူခြင်း၊
(၅) စည်းကမ်းသေဝပ်မှုကို နားလည်ခြင်း။

စသည့် ပြည်သူပြည်သားကောင်း ဂုဏ်အင်္ဂါ အရည်အချင်းတို့နှင့် ပြည့်စုံစေရန် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရာ၌ လူထုပညာရေးကောင်စီသည် အောက်ပါလုပ်ငန်းစဉ်များကို ဆောင်ရွက်ရန် သတ်မှတ်ထားရှိပေသည်။

(၁) ၁၀ ရာခိုင်နှုန်းရှိသော တောနေလူထု၏ အခြေခံပညာ တိုးတက်ရေး၊
(၂) ကျန်းမာရေး၊
(၃) စီးပွားရေး၊
(၄) စုပေါင်းနေထိုင်လုပ်ကိုင်ရေးတို့ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရန် လူထုပညာရေးကောင်စီ၏ တာဝန်ဝတ္တရားများကို ရုပ်လုံးဖော်ရန် လူထုပညာရေးကောင်စီ၏ လက်အောက်တွင် အုပ်ချုပ်ရေးအဖွဲ့ရှိသည်။

### အုပ်ချုပ်ရေး အမှုဆောင်အဖွဲ့

အုပ်ချုပ်မှုအဖွဲ့တွင် အုပ်ချုပ်ရေးမှူးသည် တာဝန်ခံ ဖြစ်ပေသည်။ အုပ်ချုပ်ရေးမှူး၏ လက်အောက်တွင်....

(က) သင်တန်း၊
(ခ) စီစဉ်ရေး၊
(ဂ) အုပ်ချုပ်ရေး၊

ဟူ၍ အပိုင်းသုံးပိုင်း ခွဲခြားထားရှိပေသည်။ ယင်းသို့ ခွဲခြားသတ်မှတ်လျက် ဒုတိယအုပ်ချုပ်ရေးမှူးများက တာဝန်ခံဆောင်ရွက်ရပေသည်။ အုပ်ချုပ်ရေးဌာနခွဲ၏ လက်အောက်တွင်....

(က) အထွေထွေ အုပ်ချုပ်ရေး၊
(ခ) ဘဏ္ဍာရေး၊
(ဂ) စာအုပ်စာတမ်းထုတ်လုပ်ရေး၊
(ဃ) ရုပ်ရှင်၊ ရုပ်ငြိမ်ထုတ်လုပ်ရေး၊

(င) စာစောင်ထုတ်လုပ်ရေးများ ရှိပြီးလျှင် စီစဉ်ရေး ဌာန၏ လက်အောက်တွင်မူ....

(က) စီစဉ်ဆောင်ရွက်ရေး၊

(ခ) ဘဝသစ်ဖန်တီးရေး၊

(ဂ) ဘုန်းတော်ကြီးကျောင်း ပညာရေးများ ပါဝင်သည်။

## လူထုပညာရေးမှူးသင်တန်း

လူထုပညာရေး လုပ်ငန်းစဉ်များကို ရုပ်လုံးဖော်ရန် ကျေးလက်လူမှု ဝန်ထမ်းလုပ်ငန်း အတတ်သင် သင်တန်းတခုကို လူထုပညာရေး ကောင်စီက ၁၉၄၉ ခုနှစ်၊အောက်တိုဘာလတွင် လူထုပညာရေးမှူးများ ပေါ်ပေါက်ရန် စတင်ဖွင့်လှစ်ခဲ့ပေသည်။ ထိုသင်တန်းကို ရှေးဦးစွာ ရန်ကုန်မြို့၊ ဦးဝိစာရလမ်း၊ ဂူဂျာရတီကျောင်းတွင် ယာယီစတင်ဖွင့်လှစ် ခဲ့၍ သင်တန်းသားများ များပြားလာသောအခါ အမှတ် ၁၄၊လင့်(ခ်) လမ်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပေသည်။ နောင်အခါ ကမ္ဘာအေးစေတီ အနီး ကျေးရွာ ၂၇ ရွာ၏အလယ်၊ ချော်တွင်းကုန်းရွာတွင် ဖွင့်လှစ် သင်ကြားပေးခဲ့ ပေသည်၊

သင်တန်းအတွက် အဓိက သင်ရိုးဘာသာရပ်များမှာ အောက်ပါ အတိုင်း ဖြစ်ပေသည်။

(၁) လူထုပညာရေးသဘောတရား၊

(၂) ဝန်ထမ်းလုပ်ငန်း၊

(၃) မြန်မာမှု၊

(၄) ဒီမိုကရေစီ၊

(၅) သက်ကြီးပညာရေး၊

(၆) ကျန်းမာရေးနှင့် ကျေးရွာသန့်ရှင်းရေး၊

(၇) ကျေးရွာစီးပွားရေး ကျေးရွာထူထောင်ရေး၊

(၈) ကျေးရွာထူထောင်ရေး၊

(၉) ကိုယ်လက်ကြံ့ခိုင်ရေးနှင့် ကစားခုန်စား၊

(၁၀) အိမ်တွင်းမှုလုပ်ငန်းများ၊

(၁၁) ကမ္ဘာ့သမိုင်းနှင့် ကမ္ဘာ့ရေးရာ၊

(၁၂) အစိုးရဌာနများအကြောင်း၊

စသည်ဘာသာရပ်ကို ပို့ချသင်တန်းပေးခဲ့ပေသည်။ ယင်းသို့သင်တန်းပေးပြီးနောက် လူထုပညာရေး၏ ရည်မှန်းချက် လုပ်ငန်းစဉ်အောင်မြင်စေရန်မြန်မာပြည်အနှံ့ လှုပ်ရှားခဲ့ပေသည်။ ယင်းသို့လှုပ်ရှားမှုတွင်ဘုန်းတော်ကြီးကျောင်း ပညာရေးသည်လည်းတခန်းတကဏ္ဍအနေဖြင့်ပါဝင်ပေသည်။ ထို့ကြောင့် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် မြန်မာနိုင်ငံဘုန်းတော်ကြီးကျောင်းပညာရေးသည် လူထုပညာရေးကောင်စီ၏လုပ်ငန်းစဉ်တရပ်အနေဖြင့် ဆက်လက်ရှင်သန်ဖြစ်ထွန်းခဲ့ပေသည်။

## (ဿ) ဘုန်းတော်ကြီးကျောင်း ပညာရေးစီမံကိန်းကို အကောင်အထည်ဖော်ခြင်း

### မူဝါဒချက်

၁၉၅၂-၅၆ ခုနှစ် ပထမပညာရေးလေးနှစ်စီမံကိန်းတွင် ပညာရေးမူဝါဒချက်ပေါ်တွင် အခြေပြုဆောင်ရွက်ခဲ့ပေသည်။

မူဝါဒချက်တွင် ပထမမူတွင်-

''ပြည်ထောင်စုသားမှန်သမျှ အရေးအဖတ်အတွက် နားလည်သူများဖြစ်လာစေရန်''ဟူ၍ ပါရှိရာ ပြည်ထောင်စုသားတိုင်း အသုံးလုံးကျေဖို့ ရည်မှန်းချက်ထားရှိခဲ့ပေသည်။ အသုံးလုံးကျေရေးကိစ္စတွင် မူလတန်းပညာရေးသည် အခြေခံအုတ်မြစ်ဖြစ်ပေသည်။

> ''မြန်မာ့ထုံးတမ်းစဉ်လာမြန်မာ့ယဉ်ကျေးမှုတိုးတက်တည်မြဲခိုင်ခံ့စေရန် တိုးချဲ့မှုလမ်းစဉ်အရ ပြည်ထောင်စုမူလတန်းပညာရေးစနစ်ကို ဖြစ်နိုင်သမျှ ဘုန်းတော်ကြီးကျောင်းများနှင့်ဟပ်ပြီး အခြေခံတည်ဆောက်ရန် ရည်ရွယ်ပါတယ်။''

*ဟူ၍ ပညာရေးနှင့် ပြည်ထောင်စုယဉ်ကျေးမှုကဏ္ဍ ဖ-ဆ-ပ-လ အဖွဲ့ချုပ်၊ အလုပ်အမှုဆောင် ဦးထွန်းတင်ကမိန့်ကြားခဲ့ပေသည်။ ထိုသဘောတားနှင့် နိုင်ငံတော်အစိုးရသည်၊ ၁၉၅၂-ခု၊ ပြည်တော်သာ ညီလာခံကြီးတွင် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေးစီမံကိန်းအရ ၁၉၅၂-ခုနှစ်၊ အောက်တိုဘာလမှစ၍ ဘုန်းတော်ကြီးကျောင်းပေါင်း ၅၀၀၀၀ ဖွင့်လှစ်ရန် စီစဉ်ခဲ့လေသည်။

---

* ဖ-ဆ-ပ-လ-အဖွဲ့ချုပ်၊ လုပ်ငန်းစဉ် ပြန်လည်သုံးသပ်ရေး နှီးနှောဖလှယ်ပွဲ၊ ၁၉၅၀-ခု၊ အောက်တိုဘာလ ၂၄ ရက်။

ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေးစီမံကိန်းအကောင်အထည် ဖော်ခြင်း

ဘုန်းတော်ကြီးကျောင်းပညာရေး စီမံကိန်းအကောင်အထည်စတင် ဖော်ဆောင်ရန် ၁၁-၁၀-၅၂ နေ့တွင် ကောင်စီဥက္ကဋ္ဌ ဝန်ကြီး၊ ဦး သန်းအောင်က ပြည်ထောင်စုတဝှန်းလုံးရှိ ဆရာတော်သံဃာတော်အရှင် သူမြတ်များအား သတင်းများမှလည်းကောင်း၊ ရေဒီယိုများမှ လည်း ကောင်း၊ ခြေတော်ဦးခိုက်၍ လျှောက်ထားပန်ကြားခြင်းနှင့် ကျေးရွာ များမှ ရွာမိရွာဖတို့အားလည်း မေတ္တာရပ်ခံပြီး သာသနာရေးဆိုင်ရာ ဌာနများ သံဃာ့အဖွဲ့ချုပ်ကြီးမှတဆင့် လူထုပညာရေးမှူးများက ဘုန်း တော်ကြီးကျောင်း ပညာသင်ကြားရေးစီမံကိန်းကို စာရင်းကောက်ယူ ခြင်းဖြင့် စတင်အကောင်အထည်ဖော်ခဲ့သည်။ ကောင်စီဥက္ကဋ္ဌ ဝန်ကြီး ဦးသန်းအောင်၏ လျှောက်တင်ချက်တွင် အောက်ဖော်ပြပါ လျှောက် ထားချက်သည် ဘုန်းတော်ကြီးကျောင်းပညာရေးတွင် အရေးပါလှပေ သည်။ ထို့ကြောင့်၎င်းတွင် ကောက်နှုတ်တင်ပြအပ်ပါသည်။

> "၎င်းစီမံကိန်းအရ၊ ၁၃၁၄-ခု၊ သီတင်းကျွတ်လမှ စ၍ တနှစ်အတွင်း အရေး အဖတ် အတွက် သင်ကြားပို့ချ ပေးတော်မူမည့် ကျောင်းပေါင်း ၅၀၀၀ မျှကို ရရှိ အောင် ပန်ကြား အသနားခံကြပါသည်။
>
> တကျောင်းလျှင် ပျမ်းမျှခြင်း ကျောင်း ၄၀မျှ သင် ကြားခွင့် ရရှိနိုင်ပါလျှင် ကျောင်းပေါင်း ၅၀၀ ၌ ကျောင်းသားပေါင်း ၂ သိန်းမျှ တနှစ်အတွင်း စာသင် ခွင့် ရကြပါမည်။
>
> ထိုနောက် လာမည့် နှစ်များတွင် ဆထက်ထမ်းပိုး တိုးချဲ့၍ ကျောင်းဦးရေ၊ ကျောင်းသားဦးရေ များပြား သည်ထက် များပြားအောင် ကြိုးစားဆောင်ရွက်ကြပါ မည်။
>
> အနည်းဆုံး ကျောင်းသား ၂၀မျှ လက်ခံသနားသင် ကြား ပေးနေတော်မူသော ကျောင်းများကို ကျောင်း သားဦးရေအလိုက်၊ ကျောက်တံ၊ ခဲတံ၊ ကျောက်သင် ပုန်း၊ စာအုပ်များနှင့် တကွ၊ ကျောက်သင်ပုန်းကြီး၊

မြေဖြူအစရှိသော စာသင်ပစ္စည်းတို့ကို နိုင်ငံတော်အစိုးရ က လုံလောက်စွာ လှူဒါန်း ထောက်ပံ့ပါမည်။

ဘုန်းတော်ကြီး ကျောင်းများတွင် ဝင်ရောက်သင် ကြားကြသော ကျောင်းသား သူငယ်တို့၏ စာသင် ချိန် ကာလကို ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်ဟူ၍ ၄-နှစ်အပိုင်းအခြားဖြင့် သင်ကြားပေး ပြီးနောက်၊ သင်ကြားသူ ကလေးသည် အသက် ၁၁-နှစ် ပြည့်မြောက်ပါက အရေး၊ အဖတ်၊ အတွက် စာမေးပွဲ ကို ဝင်ရောက် ဖြေဆိုနိုင်ပါမည်။

စာမေးပွဲ အောင်မြင်သူများသည် (က) နိုင်ငံတော် အသက်မွေးမှုဖြစ်သော စက်မှုလက်မှုနှင့် လယ်ယာ စိုက် ပျိုးရေး အတတ်သင်ကျောင်းများ၌ ဖြစ်စေ၊ ဆက်လက် သင်ကြားနိုင်ခွင့် ရရှိပါမည်။

ဤနည်း အားဖြင့် ကျေးရွာတိုင်းရှိ စာသင်ရွယ် ကလေးသူငယ်ဟူသမျှကို အနည်းဆုံး အရေး၊ အဖတ်၊ အတွက် တတ်ကြစေလျက်၊ လောကကြောင်း၊ ဓမ္မ ကြောင်းနှင့် လျော်စွာ ပညာအသိဉာဏ်ဆည်းပူးခွင့် ပေး' တော် မူနိုင်ကြပါမည်ဘုရား''

ဝန်ကြီး ဦးသန်းအောင်သည် ဖော်ပြပါ လျှောက်ထားချက်တွင် ပါ သည့် အချက်အလက်များ အတိုင်း ကျေးရွာလူကြီးများသို့ မေတ္တာရပ် ခံခဲ့ပေသည်။

## ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေး စီမံကိန်း သဘောတရားနှင့် ဆောင်ရွက်မည့်မှု

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတွင် ဘုန်းတော်ကြီးကျောင်း ပညာ ရေးသည် တိုးတက် ဖြစ်ထွန်းခဲ့ပေသည်။ ယင်းသို့ တိုးတက်ဖြစ်ထွန်းခဲ့ သည်မှာလည်း အဆန်းမဟုတ်ပေ။ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာနိုင်ငံ ဖြစ်ခဲ့၍ အုပ်စိုးသူ ဘုရင်မင်းမြတ်မှာလည်း ဗုဒ္ဓဘာသာဝင် သာသနာ့ ဒါယကာဖြစ်၍ သာသနာကို အားပေး ချီးမြှောက်ခဲ့ ပေသည်။ ထို့ ကြောင့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း ပညာရေးသည် ဟိုး

တက်ခဲ့ပေသည်။ ကိုလိုနီခေတ်တွင်မူ အုပ်စိုးသူတို့သည် ဘာသာခြား၊ လူမျိုးခြားဖြစ်နေသည်က တကြောင်း၊ခေတ်မီတိုးတက်သော ပညာရေး စနစ်ကို သိရှိနေကြသူများဖြစ်၍ ဘုန်းကြီးကျောင်း ပညာရေးကို အား ပေးခဲ့ခြင်းမရှိခဲ့ပေ။ သို့ဖြင့် ကိုလိုနီခေတ်တွင် ဘုန်းတော်ကြီးကျောင်း ပညာရေးမှာ မှေးမှိန်ခဲ့ရပေသည်။ ထိုသို့သော သမိုင်းစဉ် အတွေ့အကြုံ ကို အခြေခံလျက် သင်ခန်းစာယူကာ လွတ်လပ်ရေး ရပြီးနောက် ဘုန်း တော်ကြီးကျောင်း ပညာရေး စီမံကိန်းကို နည်းစနစ်သစ်ဖြင့် မူသစ်ချ မှတ်ကာ စည်းရုံး ဆောင်ရွက်ခဲ့ပေသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် အဓိက အချက်များမှာ....

(၁) ဘုန်းတော်ကြီးကျောင်း တကျောင်းသည် သာမန်အားဖြင့် နိုင်ငံတော် ကျောင်းမရှိသော ကျေးရွာတွင် တည်ရှိလျက် တပည့်ကျောင်းသူ–ကျောင်းသား ၂၀ ထက် မနည်း လက်ခံ သင်ကြားလျက်ရှိသော ကျောင်းများကို ဘုန်းတော်ကြီး၏ ဆန္ဒ တူညီပါက လူထုပညာရေး ကောင်စီ၏ မှတ်ပုံတင် စာ ရင်းဝင် ကျောင်းအဖြစ်ဖြင့် မှတ်ပုံတင်ရန်။

(၂) ဆရာဘုန်းတော်ကြီး အဖို့ ဆရာလက်စွဲအဖြစ် စာအုပ်များနှင့် စာရေးကရိယာ၊ ပရိဘောဂများကိုလည်းကောင်း၊ တပည့် သူငယ်များအဖို့ အတန်းအသီးသီး အတွက် စာအုပ်များနှင့် စာရေးကရိယာများကို လည်းကောင်း အခမဲ့ ကပ်လှူ ဝေငှ ရန်နှင့်–

(၃) မှတ်ပုံတင် ဘုန်းတော်ကြီး ကျောင်းများမှ တပည့်သူငယ် များသည် နိုင်ငံတော် ပညာရေးဌာန၏ စာစစ် ဘုတ်အဖွဲ့ များမှ ဒေသအလိုက် ကျင်းပသော စတုတ္ထတန်း စာမေးပွဲ များတွင် ဝင်ရောက်ဖြေဆိုခွင့် ရနိုင်ရန် စီစဉ်ထားပေသည်။

## လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ချက်များ

လူထု ပညာရေး ကောင်စီသည် စီမံကိန်းမူအရ လုပ်ငန်းစဉ်ကို အဆင့် (၃)ဆင့်ခွဲ၍ ဆောင်ရွက်ခဲ့ပေသည်။ ယင်းအဆင့် (၃) ဆင့်မှာ–

(၁) ဘုန်းတော်ကြီးကျောင်းကို စာရင်း ကောက်ယူ မှတ်ပုံတင် ခြင်း၊

(၂) ပညာရေး ဆိုင်ရာ ပစ္စည်း ပရိဘောဂများကို ထောက်ပံ့ လှူဒါန်းခြင်း၊
(၃) ကလေးသူငယ်များ၏ ပညာ သင်ကြား တတ်မြောက်ရေး အခြေအနေကို တဖက်တလမ်းမှ ကူညီခြင်းတို့ ဖြစ်သည်။

## ဘုန်းတော်ကြီးကျောင်း မှတ်ပုံတင်ခြင်း

နိုင်ငံတော် မူလတန်းကျောင်း မရှိသေးသည့် အရပ်ဒေသများနှင့် နိုင်ငံတော် မူလတန်းကျောင်းများ ရှိသော်လည်း အဆောက်အအုံ နေရာ ထိုင်ခင်း၊ သင်ပြမည့် ဆရာဦးရေ မလုံလောက်သော ဒေသများတွင် ကျောင်းသားဦးရေ ၂၀ ထက်မနည်းရှိသော ဘုန်းတော်ကြီးကျောင်း များကို နိုင်ငံတော်အစိုးရ မူလတန်းကျောင်းများအတွက် ပြဋ္ဌာန်းသော သင်ရိုး သင်တန်းများအတိုင်း ဘုန်းတော်ကြီးများက သို့မဟုတ် ဘုန်း တော်ကြီးများက လွှဲအပ်ခြင်း ခံရသူများက သင်ကြားလျှင် ထိုဘုန်း တော်ကြီး ကျောင်းကို မှတ်ပုံတင်ကျောင်းအဖြစ် အသိအမှတ်ပြုသည်။

မှတ်ပုံတင် ဘုန်းကြီးကျောင်းကို နှစ်မျိုးနှစ်စား ခွဲထားပေသည်။ နိုင်ငံတော်ကျောင်းမရှိသောဒေသရှိ မှတ်ပုံတင် ဘုန်းတော်ကြီးကျောင်း များကို ကောင်စီ၏ (၁)စာရင်းဝင် မှတ်ပုံတင်ကျောင်း ဟူ၍၎င်း၊ နိုင်ငံတော်ကျောင်းရှိသော ဒေသရှိ မှတ်ပုံတင် ဘုန်းတော်ကြီး ကျောင်း များကို ကောင်စီ၏(၃)စာရင်းဝင် မှတ်ပုံတင်ကျောင်းဟူ၍၎င်း ခွဲခြား ထားပေသည်။ ထို့ပြင် ပရဟိတသံဃာအဖွဲ့ဝင် ကျောင်းများကိုလည်း စာအုပ်၊ စာတမ်း၊ စာရေးကရိယာကပ်လှူရန် အသိအမှတ် ပြု၍လည်း ဆောင်ရွက်ခဲ့ပေသည်။ မှတ်ပုံတင်ပုံစံကို နောက်ဆက်တွဲ (ခ) တွင် ရှုပါ။

မှတ်ပုံတင် ကျောင်းသား ဦးရေကို ၁၉၅၂-၅၃ ဘဏ္ဍာရေးနှစ် အတွင်းရှိဦးရေ(၅၀၀၀)အထိ သတ်မှတ်၍ (၅)နှစ်မြောက် ဖြစ်သည့် ၁၉၅၆-၅၇ ခုနှစ်တွင် ကျောင်းသားဦးရေ (၈၀၀၀)အထိ မှတ်ပုံတင် သွားရန် ရည်ရွယ် ဆောင်ရွက်ခဲ့ပေသည်။ လက်တွေ့အကောင်အထည် ဖော် ဆောင်ရွက်ရာတွင် မှတ်ပုံတင် ကျောင်းများ၏ အခြေအနေကို အောက်ပါစာရင်းဇယားအတိုင်း တွေ့ရှိရပေသည်။

| | | | | |
|---|---|---|---|---|
| ပထမနှစ် | ၁၉၅၂-၅၃ | ခု | .... | ၂၁၁၀ ကျောင်း |
| ဒုတိယနှစ် | ၁၉၅၃-၅၄ | ခု | .... | ၁၄၁၀ ကျောင်း |
| တတိယနှစ် | ၁၉၅၄-၅၅ | ခု | .... | ၆၀၄ ကျောင်း |
| စတုတ္ထနှစ် | ၁၉၅၅-၅၆ | ခု | .... | ၂၇ ကျောင်း* |

စုစုပေါင်း ၄၂၃၉ ကျောင်းမှတ်ပုံတင်နိုင်ခဲ့ပေသည်။ မူလရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ခြင်းမှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် လမ်းပန်းအခက်အခဲ၊ ဘဏ္ဍာတော် ချွေတာ သုံးစွဲ နေခဲ့ခြင်း စသည်တို့ကြောင့် ဖြစ်ပေသည်။

## ပညာရေးဆိုင်ရာပစ္စည်းပရိဘောဂများကို ထောက်ပံ့လှူဒါန်းခြင်း။

### သင်ရိုးနှင့် ပြဋ္ဌာန်းစာအုပ်များ

မှတ်ပုံတင်ပြီးသော ဘုန်းတော်ကြီးကျောင်းများမှ သူငယ်များကို ပထမ၊ဒုတိယ၊တတိယ၊စတုတ္ထ စသည်ဖြင့် (၄)နှစ်အပိုင်းအခြားထား၍ သင်ကြားပို့ချ ပေးတော်မူသည်။ တပည့်သူငယ်များသည် စတုတ္ထနှစ်အသက် ၁၀ နှစ် ပြည့်မြောက်သောအခါတွင် အရေး အဖတ် အတွက် စာမေးပွဲကို ဝင်ရောက်ဖြေဆိုအောင်မြင်ပါက နိုင်ငံတော်ကျောင်းများ၌ ပဉ္စမတန်းတွင်၎င်း၊ နိုင်ငံတော်အစိုးရ၏ မူလတန်း အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများတွင်၎င်း၊ ဆက်၍ ပညာသင်ယူနိုင်ခွင့်ရှိပေသည်။

### လှူဒါန်းသော ဘာသာရပ်များဆိုင်ရာ စာအုပ်များနှင့် စာရေးကိရိယာများ

ထိုသို့ စာအုပ်စာတန်းလှူဒါန်းရာတွင် နိုင်ငံတော်မူလတန်းကျောင်းများ သင်ရိုးနှင့် ထပ်တူကျစေရန် မူလတန်းသင်ရိုးအတိုင်း ပြုစုထားသော ကျောင်းသုံး စာအုပ်များကို လှူဒါန်း ဆက်ကပ် လေသည်။ ဘုန်းတော်ကြီးများအတွက်လည်း ဆရာလက်စွဲပြုရန် သင်ကြားနည်းဆိုင်ရာ စာအုပ်များကို ဆက်ကပ်လှူဒါန်းခဲ့သည်။ ယင်းသို့ ဆက်ကပ်သော စာအုပ်စာတန်း စာရေးကရိယာများကို နောက်ဆက် (က) တွင် ရှုပါ။

---

* ဘုန်းတော်ကြီးကျောင်း၊ ပညာသင်ကြားရေး မော်ကွန်း၊ လူမှုဝန်ထမ်းဌာန၊ ၁၉၅၀၊ စာမျက်နှာ ၂၁။

ယင်းသို့ပစ္စည်းများ ကပ်လှူဆက်ကပ်ရာတွင် ဝိနည်းဒေသနာတော် အရ အောက်ပါမှုအတိုင်း လျှောက်ထားကပ်လှူခဲ့ပေသည်။

"၁။ ဘုန်းတော်ကြီးအသုံးပြုရန်အတွက် ဘရာလက်စွဲစာအုပ်များ၊ စာရေးကရိယာများနှင့် တပည့်ကျောင်းသား ကျောင်းသူ များ အသုံးပြုရန်ဖြစ်သည့် စာအုပ်များ၊ စာရေးကရိယာ များကို ပညာပို့ချ သင်ကြားရာ၌ အသုံးပြုရန် အလို့ငှာ၊ ဆရာဘုန်းတော်ကြီးအား လှူဒါန်းပါသည်။

၂။ တပည့်သုံး ပစ္စည်းများအနက် စာရေးကရိယာကိုသာ (၁) တပည့်များအား အပြီးအပိုင် ဘုန်းတော်ကြီးက ချီးမြှင့်ရန် ဖြစ်၏။ စာအုပ်များကိုမူကား (၂)တပည့်များသည် သက် ဆိုင်ရာအတန်းအလိုက် သက်ဆိုင်ရာ စာအုပ်များကိုကျောင်း တွင် ပညာသင်ယူနေဆဲကာလ အောင်းသာလျှင် ဌာတ္တသုံးစွဲ ခွင့်ပြု၍ အတန်းတက်သည် ဖြစ်စေ၊ ကျောင်းမှ ထွက်သွား သောအခါဖြစ်စေ၊ ခွင့်ရက်ရှည်နှင့် နေသည့်အခါ၌ဖြစ်စေ၊ အတန်းတက်လာသော တပည့် သို့မဟုတ် တပည့်သစ်များ အား ချီးမြှင့်ရန်အတွက် တပည့်ဟောင်းများက ဆရာ ဘုန်းတော်ကြီးများထံ ပြန်လည်အပ်နှံရန် ဖြစ်ပါသည်။

၃။ အကယ်၍ ဆရာဘုန်းတော်ကြီးသည် ကောင်စီ၏ မှတ်ပုံတင် စာရင်းဝင်ကျောင်းအဖြစ်ကို စွန့်လွှတ်၍ နိုင်ငံတော်ကျောင်း အဖြစ်သို့ လွှဲပြောင်းပေးလိုပါက ကောင်စီမှလှူဒါန်းထားပြီး ဖြစ်သည့် ဆရာသုံးစာအုပ် စာရေးကရိယာ ပရိဘောဂ များကို ဆရာဘုန်းတော်ကြီး၏ ဆန္ဒတော် အလျှောက် စွန့်လွှတ်နိုင်ပါသည်"*

မှတ်ပုံတင်ဘုန်းတော်ကြီးကျောင်းပေါင်း(၅၀၀၀)အတွက် စာအုပ် စာတမ်း၊စာရေးကရိယာ၊ပရိဘောဂများကို ၁၉၅၃ ခုနှစ်၊ဇန်နဝါရီလ ၃၀ ရက်နေ့စွဲပါ အမှာစာဖြင့် ပညာရေးမှူးများမှတဆင့် သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းများသို့ ပေးပို့ဆက်ကပ်လှူဒါန်းခဲ့ပေသည်။

---

* ဘုန်းတော်ကြီးကျောင်း၊ ပညာသင်ကြားရေး မော်ကွန်း လူမှုဝန် ထမ်း၊ ၁၉၅၈၊ စာမျက်နှာ ၂၂။

**ပညာသင်ကြားရေး**

လူထုပညာရေးကောင်စီ (၄၆)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အပိုဒ် (၁၁)(ခ)တွင် ဘုန်းတော်ကြီးကျောင်း ပညာရေးစီမံကိန်းတွင် အပါအဝင် ဖြစ်စေသော ဘုန်းတော်ကြီးကျောင်းများစာရင်းကို နိုင်ငံတော် ပညာမင်းကြီးထံပို့၍ ယင်းကျောင်းများမှ စတုတ္ထတန်းကျောင်းသားများကို စတုတ္ထတန်းစာမေးပွဲ စစ်ပေးပါရန် တောင်းပန် အကြောင်းကြားရန် ဟူသော ဆုံးဖြတ်ချက် ရှိပေသည်။ ထိုဆုံးဖြတ်ချက်အတိုင်း နိုင်ငံတော် ပညာရေး ဌာနက ဒေသအလိုက် ကျင်းပသော စတုတ္ထတန်းစာမေးပွဲများတွင် မှတ်ပုံတင်ဘုန်းတော်ကြီးကျောင်းများမှ တပည့်များ စာမေးပွဲဝင်ရောက် ဖြေဆိုခွင့် ရရှိခဲ့ပေသည်။

**နှီးနှောဖလှယ်ပွဲများ**

ဘုန်းတော်ကြီးကျောင်းပညာရေးတွင် စီမံကိန်း စတင် အကောင်အထည်ဖော်စဉ်ကပင် သက်ဆိုင်ရာဒေသ မှတ်ပုံတင် ဘုန်းတော်ကြီးများသည် မိမိကျောင်းတွင် မိမိတို့ကျွမ်းကျင်ရာ အရေး အဖတ် အတွက်တို့ကို သင်ကြားပို့ချတော်မူခြင်း၊ ဘာသာရေးရာ၊ စာရိတ္တရေးရာ သင်ခန်းစာများကိုလည်း အခါအားလျော်စွာ ပူးတွဲသင်ကြားပေးခဲ့ကြပေသည်။ သို့ရာတွင် အစိုးရစာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုကြရမည့် တပည့်တို့၏ ရှေ့ရေးကို မြော်တွေးလျက် သင်ရိုး၊သင်နည်း၊ သင်ခန်းစာများသည် ခေတ်စနစ်နှင့် အညီဖြစ်ဖို့ လိုအပ်လာကြောင်း သိရှိလာသည်နှင့်အမျှ နိုင်ငံတော်ပညာရေးဌာနနှင့် ပူးပေါင်းလျက် ပညာရေးမှူးများက ရက်တိုစုပေါင်းဆွေးနွေးပွဲများကို ဒေသအလိုက် ကျင်းပနိုင်ခဲ့သည်။ နွေရာသီအချိန်များတွင်လည်း ရက်ရှည်ပညာရေး စုပေါင်းဆွေးနွေးပွဲများကို ကျင်းပနိုင်ခဲ့ပေသည်။

## (င) ပထမလေးနှစ်စီမံကိန်းဘုန်းတော်ကြီးကျောင်းပညာရေး ဆန်းစစ်ခြင်း

**စာသင်ကျောင်းအခြေအနေ**

ကျောင်းတကျောင်းလျှင် ပျမ်းမျှကျောင်းသားဦးရေ ၄၀ ကျနှင့် ကျောင်းသားပေါင်း ၅၀၀၀ တွင် ကျောင်းသားပေါင်း ၂၀၀၀၀၀

ခန့်ကို ပညာသင်ပေးနိုင်မည် ဖြစ်ကြောင်း၊ လူထုပညာရေး ကောင်စီ ဥက္ကဋ္ဌဝန်ကြီး ဦးသန်းအောင် က ဆရာတော် အရှင်သူမြတ်တို့အား ပန်ကြားလျှောက်ထား ခဲ့ပေသည်။

၁၉၅၂-၅၃ ခုနှစ်တွင် ပညာရေးမှူးများ ၃၀၀ ခန့်သာရှိပေသည်။ ခရိုင်တိုင်း၊ မြို့နယ်တိုင်းတွင် ပညာရေးမှူးများ မရှိသေးသည်က တကြောင်း၊ လုံခြုံမှုနည်းပါးသေးသည်က တကြောင်း၊ သွားလာမှု ခက်ခဲသည်က တကြောင်း၊ ရည်မှန်းချက်အတိုင်း ဘုန်းတော်ကြီး ကျောင်းများကို မဖွင့်နိုင်ခဲ့ပေ။ ဘုန်း တော် ကြီး ကျောင်း ပေါင်း ၂၄၀၁ ကျောင်းသား မှတ်ပုံတင်နိုင်ပေသည်။

၁၉၅၃-၅၄ ခုနှစ် ဇွန်လအထိ ၁၀၇၄ ကျောင်း ထပ်မံ၍ မှတ်ပုံ တင်နိုင်သဖြင့် စုစုပေါင်း ၃၄၇၅ ကျောင်းကို ဖွင့်လှစ်နိုင်ခဲ့သည်။

ကျောင်းသားအလိုက် စာအုပ်၊ ကျောက်သင်ပုန်း၊ ကျောက်တံ ကျောင်းသုံး ပစ္စည်းများ ထောက်ပံ့ခဲ့ရာ ၆၅ ယောက်ရှိ ဘုန်းတော် ကြီးကျောင်း တကျောင်းအတွက် ပျမ်းမျှငွေ ၅၄၇ ကျပ် ၂၂ ပြား ထောက်ပံ့နိုင်ခဲ့သည်။ ထိုကုန်ကျငွေသည် ကျောင်းသားများနှင့် ဘုန်း တော်ကြီးအတွက် စာအုပ် အမျိုးပေါင်း ၄၀၊ စာရေးကရိယာ ၁၇ မျိုးနှင့် ကျောင်းအသုံးအဆောင် ၂ မျိုးကို ထောက်ပံ့ခဲ့သည်။ အသုံး စရိတ် ငွေများမှာ ...

| | ကျပ် | ပြား |
|---|---|---|
| ၁၉၅၂-၅၃ | ........၆၅၂၇၀၆ | ၉၃ |
| ၁၉၅၃-၅၄ | ........၄၃၁၃၁၁ | ၂၂ |
| ပေါင်း | ....၁၀၈၄၀၁၈ | ၁၅ |

၁၉၅၂-၅၃ ခုနှစ်အတွင်း ကျောင်းသားတဦး၏ ပညာသင်စရိတ် မှာ တနှစ်လျှင် ၅ ကျပ် ၉၃ ပြား ဖြစ်၍ ၁၉၅၃-၅၄ ခုနှစ်တွင်မူ ၂ ကျပ် ၇၀ ပြား ဖြစ်သည်ကို တွေ့ရသည်။

၁၉၅၂-ခု၊ အောက်တိုဘာလမှစ၍ တနှစ်နှင့်တနှစ် တိုးတက်ဆောင် ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်ကို တွေ့ရသည်။

"(၁) ဘုန်းတော်ကြီးကျောင်းများတွင် ကျောင်းသားဦးရေ ၂၀၊ ၂၅၊ ၃၀ စသည်ဖြင့် ပျမ်းမျှ ၄၀ ထိ ရှိမည်ဟု မှန်းဆခဲ့

သော်လည်း တကယ်တန်း စာရင်း ကောက်ယူကြည့်သော အခါ ၄၀ မှ ၂၁၂ ယောက်ထိ ရှိသည်ကို တွေ့ရခြင်း။

(၂) ၁၉၄၀-၄၁ ခုနှစ် မှတ်တမ်းများအရ ကျေးရွာပေါင်း ၃၀၀၀၀ တွင် ဘုန်းတော်ကြီး ကျောင်းပေါင်း ၁၀၇၄ ကျောင်း ရှိ၍ ကျောင်းသားပေါင်း ၂၁၂၆၆၃ ယောက် စာ သင်ကြားလျက် ရှိသည်နှင့် နိုင်းစာလျှင် ရှေ့အဖို့ လုပ်ငန်း တိုးတက်ရန် အခြေအနေကောင်းလျက် ရှိပေသည်။

(၃) ၁၉၅၃-၅၄ ခုနှစ်မှစ၍ နိုင်ငံတော်အစိုးရ မြို့နယ် စာစစ်အဖွဲ့ အဖွဲ့များမှ ကျင်းပသော စတုတ္ထတန်း စာမေးပွဲများကို ဘုန်းတော်ကြီး ကျောင်းများမှ ဝင်ရောက် ဖြေဆိုခဲ့ကြရာ ၁၉၅၅-၅၆ ခုနှစ်အထိ ကျားမစုစုပေါင်း ၉၁၅ ဦး အောင်မြင်ခဲ့ပြီး ဖြစ်သည့်အပြင် အချို့ စကောလားရှစ် ဆုများကိုပင် ဆွတ်ခူးရရှိခဲ့ကြပါသည်။'' *

ဤဆောင်ရွက်ချက်များကို လေ့လာကြည့်လျှင် ပထမလေးနှစ်စီမံကိန်းအတွင်း ဘုန်းတော်ကြီးကျောင်း ပညာရေး စီမံကိန်း လုပ်ငန်းရပ်များသည် တနှစ်ထက်တနှစ် တိုးတက်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိနိုင်ပေသည်။

လူထုပညာရေးနှင့် ဘုန်းတော်ကြီးကျောင်း ပညာရေးသည် ဒွန်တွဲနေသော ကိစ္စ ၂ ရပ် ဖြစ်နေပေသည်။ ဘုန်းတော်ကြီးကျောင်း ပညာရေးသည် လူထုပညာရေး လှုပ်ရှားမှု၏ တစိတ်တဒေသ ဖြစ်ရာ ဌာနများရှိရာ အရပ်ဒေသတိုင်းတွင် ဘုန်းတော်ကြီးကျောင်း ပညာရေးသည်လည်း လှုပ်ရှား သက်ဝင်ရပေသည်။ ထို့ကြောင့် ၁၉၅၂-ခု၊ မတ်လ အထိ ဖွင့်လှစ်ပြီးသော လူထုပညာ ဌာနများကို ဘုန်းတော်ကြီးကျောင်း ပညာရေး၏ အကျယ်အဝန်း နယ်နိမိတ်ကို ခန့်မှန်းနိုင်ရန် ဤတွင် တင်ပြအပ်ပါသည်။

---

* ဘုန်းတော်ကြီးကျောင်း ပညာရေး စီမံကိန်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ ဒသမ နှစ်ပတ်လည်၊ ၁၉၅၇၊ စာမျက်နှာ-၂၁၀။

## ၁၉၅၂ ခု၊ မတ်လအထိ ဖွင့်လှစ်ပြီးသော လူထုပညာဌာနများ

၁၉၅၂-ခု၊ မတ်လ ၂၀ ရက်နေ့မှ ၂၃ ရက်နေ့အထိ ရန်ကုန်မြို့ စိန်ပေါကျောင်း အစည်းအဝေးခန်းမကြီး၌ ကျင်းပသော ဖ၊ဆ၊ပ၊လ ပါလီမန် အမတ်များ အစည်းအဝေးတွင် ပြည်တော်သာသို့ ရှေးရှု၍ အစိုးရ ဌာနအသီးသီးက နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များနှင့် စီမံကိန်းများကို တင်ပြကြရာတွင် လူထုပညာရေး ကောင်စီ အတွင်းရေးမှူး ဦးအောင်မင်းက ၁၉၅၂-ခု၊ မတ်လအထိ ဖွင့်လှစ်ပြီးသော လူထုပညာ ဌာနများ စာရင်းကို အောက်ပါအတိုင်း တင်ပြခဲ့ပေသည်။

(၁) ခရိုင်ပေါင်း ........ ၁၄
(၂) မြို့နယ်ပေါင်း ........ ၄၄
(၃) ကျေးရွာအုပ်စုပေါင်း........၁၂၅

တာဝန်ချထားပြီးသော မှူးများ၏ စုစုပေါင်း....

(၁) ပြည်မကြီးအတွက် ....၂၃၀
(၂) ရှမ်းပြည်နယ် .... ၉
(၃) ကချင်ပြည်နယ် .... ၂
(၄) ကယားပြည်နယ် .... ၄
(၅) ချင်းတောင်တန်းဒေသ .... ၆
(၆) ရခိုင်နှင့်တနင်္သာရီအတွက် ဆောင်ရွက်ဆဲ....

စသည်ဖြင့် အနှစ်ချုပ်၍ တင်ပြခဲ့ပေသည်။ အသေးစိတ် စာရင်းကို နောက်ဆက်တွဲ (ဂ)တွင် ပြထားပါသည်။ ထိုမျှတိုးတက်ခဲ့သည်။

## (စ) ဒုတိယလေးနှစ်စီမံကိန်း ဘုန်းတော်ကြီးကျောင်း ပညာရေး

၁၉၅၆-ခု၊ ဇူလိုင်လ ၃-ရက်နေ့တွင် ကျင်းပသော သတင်းစာ ကွန်ဖရင့်၌ ဝန်ကြီးချုပ် ဦးဘဆွေက နိုင်ငံတော်အစိုးရ ဝါဒနှင့် အညီ ရေးဆွဲ တင်ပြအပ်သော လူထုပညာရေး ကောင်စီ၏ လာမည့် လေးနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ် မူကြမ်းအပိုဒ်-၇ တွင် အောက်ပါ အတိုင်း တင်ပြထားပေသည်။

"ဘုန်းတော်ကြီးစာသင်ကျောင်းစီမံကိန်း

နိုင်ငံတော်အစိုးရ၌ မသင်မနေရ ပညာရေးစနစ် ဥပဒေကို နိုင်ငံတော်တဝှန်းလုံး၌ ပြဋ္ဌာန်းရည်ရွယ်ရင်း ရှိသော်လည်း၊ ယခုလောလောဆယ်အားဖြင့် နိုင်ငံတော်မူလတန်းကျောင်းများပြည့်စုံအောင်တည်ထောင်ဖွင့်လှစ်နိုင်ခြင်းမရှိသေးပေ။ ဤအချိန်တွင် မူလတန်းကျောင်းမရှိသေးသော တောလက်ကျေးရွာများတွင် ရှိကြကုန်သော စာသင်ရွယ်ရောက်သူ ကလေးသူငယ်များတို့သည် သာသနာ့ အရိပ်အာဝါသအောက်တွင် ပညာရင်နို့သောက်စို့ ခိုလှုံခွင့်ရရှိနိုင်ကြစေရန်လည်းကောင်း၊ နိုင်ငံတော် အစိုးရကျောင်းများ ဖြစ်မြောက် ပေါ်ထွန်းလာစေရန်လည်းကောင်းရည်ရွယ်၍ ဘုန်းတော်ကြီးစာသင်ကျောင်း စီမံကိန်းကို ပြည်တော်သာစီမံကိန်း၌ တကဏ္ဍထည့်သွင်း၍၊ လူထုပညာရေးကောင်စီက အကောင်အထည်ဖော်ခဲ့ရလေသည်။ ထို့ကြောင့် ဤမျှအရေးကြီးသော စီမံကိန်းကြီးတခု ပိုမိုအောင်မြင်ရေးအတွက် လူထုပညာရေးကောင်စီ၊ ပညာရေးမှူးများ သီးသန့်ရွေးချယ် ခန့်ထား၍ ဆောင်ရွက်သွားမည်"* ဟူ၍၊ ဘုန်းတော်ကြီးကျောင်း ပညာရေး အရေးကြီးကြောင်း တင်ပြသွားပေသည်။

လေးနှစ်လုပ်ငန်းစဉ်မူကြမ်းအရ၊ ဘုန်းတော်ကြီးကျောင်းပညာရေး (၁၉၅၆-၅၇ မှ ၁၉၅၉-၆၀)ထိ၊ ၄ နှစ်အတွက် စီမံကိန်းမူကြမ်းကို ပထမနှင့် ဒုတိယဟူ၍ အဆင့် ၂ ဆင့်ထား၍ ၁၀-၈-၅၆ နေ့တွင် ဘုန်းတော်ကြီးကျောင်းဌာနခွဲမှ ရေးဆွဲတင်ပြခဲ့ရာ၊ ကောင်စီမှ ပထမမူကို လက်ခံ၍ ၁၉၅၆-ခု၊ ဩဂုတ်လအတွင်း စတင်ဆောင်ရွက်ခဲ့ပါသည်။

---

* ဘုန်းတော်ကြီးကျောင်း၊ ပညာသင်ကြားရေးမော်ကွန်း၊ စာမျက်နှာ ၂၅။

## လူထုပညာရေးကောင်စီဘုန်းတော်ကြီးကျောင်းပညာရေးစီမံကိန်းသစ်မူကြမ်း

ဖော်ပြပါမူကြမ်းကို ၁၉၅၆-ခု ဩဂုတ်လ ၁၀ ရက်နေ့တွင် တင်သွင်းခဲ့ပေသည်။ ယင်းစီမံကိန်းသစ်မူကြမ်းသည် ၁၉၅၆-၅၇မှ ၁၉၅၉-၆၀ ထိ ရည်ညွှန်းပေသည်။

စီမံကိန်းသစ်မူကြမ်းတွင်-

"၁၉၅၂-ခုနှစ်၊ နိုဝင်လာလမှ ၁၉၅၆-ခု၊ ဇွန်လကုန်အထိ ဆောင်ရွက်လုပ်ကိုင်ခဲ့သော ဤကောင်စီ၏ ဘုန်းတော်ကြီးကျောင်း ပညာရေးလုပ်ငန်းရပ်အားဖြင့် မှတ်ပုံတင်ကျောင်းပေါင်း ၄၂၂၂ ကျောင်း ဖြစ်၍၊ ပစ္စည်းဆက်ကပ်ပြီး ကျောင်းပေါင်း ၃၀၃၉ ကျောင်း စာရင်းရသည်အထိဆောင်ရွက်နိုင်ခဲ့သည်။ ယခုအခါတွင် ထိုထက်ပိုမိုထိရောက်အောင်မြင်နိုင်ရန်နှင့် လူမှုရေးပညာရပ်များနှင့် လက်တွေ့ဝန်ထမ်းလုပ်ငန်းများကိုပါ ဘုန်းတော်ကြီးများ၏ အကူအညီဖြင့် ကျောင်းသားသူငယ်များမှတဆင့်၊ ကျေးရွာလူထုသို့ သက်ရောက်နိုင်စေရန် ရည်ရွယ်၍ ဤစီမံကိန်းသစ်ကို ရေးဆွဲတင်ပြအပ်ပါသည်။" ဟူ၍ ဒါန်းပိုင်းတွင် ဖော်ပြထားပေသည်။

## ရည်မှန်းသည့်ကျောင်းဦးရေ

ဘ/က ကျောင်းများမှာ ယခုလက်ရှိကျောင်းဦးရေ ၄၀၀၀ ရှိသည်။ ၄ နှစ်အတွင်း ၆၀၀၀ အထိ တိုးတက်ဖွင့်လှစ်ရန် ရည်မှန်းထားပေသည်။ ဤမျှကျောင်းအရေအတွက် တိုးတက်ဖွင့်လှစ်နိုင်ရန် လုပ်ငန်းစဉ်များကို ကဏ္ဍ ၄ ပိုင်းခွဲ၍ ဆောင်ရွက်ရန်စီစဉ်ထားရှိပေသည်။

## လုပ်ငန်းစဉ်များ

၁။ ပညာသင်ပစ္စည်းနှင့် စာရေးကရိယာဘောဂများကပ်လှူရေး။
၂။ ပညာသင်ကြားရေး။
၃။ စီမံအုပ်ချုပ်ရေး။
၄။ အသုံးငွေများ။

အထက်ပါကဏ္ဍ ၄ ရပ်ကို ဆောင်ရွက်ရန် အကျယ်ရှင်းလင်းတင်ပြပါသည်။

၁။ ပညာသင်ပစ္စည်းနှင့် စာရေးကရိယာ ပရိဘောဂများ ကပ်လှူရေး။

(က) ကျောင်းဟောင်းများသို့ လိုအပ်သည့် ပစ္စည်းများကို ထပ်မံဖြည့်စွက်ကပ်လှူရန်။

(ခ) ကျောင်းသစ်များကို မှတ်ပုံတင်ခြင်း၊ ပစ္စည်းများကပ်လှူရန်။

အထက်ပါကိစ္စ ၂-ရပ်အတွက် ယခင်က ကောင်စီမှ တိုက်ရိုက်တာဝန်ယူ၍ ဆောင်ရွက်ခဲ့သော်လည်း ၁၉၅၄-ခုနှစ်၊ ဇူလိုင်လမှစ၍ တိုင်းရုံးများသို့ တာဝန်လွှဲအပ်ခဲ့ပြီး ဖြစ်သည့်အလျောက်၊ ကောင်စီ၏လုပ်ငန်းမှာ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

(၁) တိုင်းရုံးများမှ ကျောင်းများအားမှတ်ပုံတင်ခြင်းကိုလက်ခံအတည်ပြုခြင်း။

(၂) ပစ္စည်းရွေးချယ်ပြဋ္ဌာန်းခြင်း။

(၃) မှာကြားဝယ်ယူခြင်း။

(၄) ပစ္စည်းကပ်လှူခြင်း။

ပစ္စည်းကပ်လှူခြင်းကူရာ၌ တိုင်းရုံးများမှ တောင်းခံသောစာရင်းအရ၊ လိုအပ်သည့်ပစ္စည်းများကို ရည်ညွှန်းချက်အရ လိုအပ်သောဌာနများကို ပေးပို့ရန်ဖြစ်ပါသည်။

ဆိုလိုသည်မှာ တိုင်းရုံးများသည် ဖိုက်မှတ်ပုံကင်ပြီး ဘ/က ကျောင်းစာရင်းချုပ်များကို ကောင်စီသို့ ပေးပို့ရန်နှင့် လိုအပ်သော ပစ္စည်းများကို စာရင်းပြုလုပ်၍ ပို့ဆောင်ရန်ဌာနကို ရည်ညွှန်းလျက် ကောင်စီသို့ တောင်းခံရန်နှင့် ကောင်စီမှ ပေးပို့ရှိသော ပစ္စည်းများကို ခရိုင်ပညာရေးမှူးနှင့် ဘုန်းတော်ကြီးကျောင်း ပညာရေးမှူးများမှတဆင့် ကပ်လှူစေရန်ဖြစ်ပါသည်။ ဤကဲ့သို့ လုပ်ငန်းစဉ်များ ခွဲခြား၍ ဆောင်ရွက်ခဲ့ပါသည်။

ဘုန်းတော်ကြီးကျောင်း ပညာရေးမှူးသင်တန်း

ဘုန်းတော်ကြီးကျောင်း ပညာရေးလုပ်ငန်းအတွက် ပညာရေးမှူး ၆၂ ဦးကိုရွေးချယ်၍ လူထုပညာရေးသင်တန်းစခန်းတွင် ၁၅-၁၀-၅၆ မှ ၆-၁၁-၅၆ နေ့ထိ ၃ သီတင်း သင်တန်းကို တက်ရောက်စေခဲ့သည်။ ယင်းသင်တန်းတွင်....

(၁) လူထုပညာရေး ကောင်စီ၏ ဘုန်းတော်ကြီးကျောင်း ပညာရေး စီမံကိန်းသဘောတရားများ။

(၂) ဆောင်ရွက်ရန်သဘောတရားများနှင့် ဝတ္တရားများ။
(၃) ပညာသင်ကြားရေးနှင့် စပ်လျဉ်းသည့် ကျောင်းအုပ်ချုပ်နည်းနှင့်စည်းကမ်းများ၊ သင်နည်းများ၊ ရုံးလုပ်ငန်းတာဝန်ဝတ္တရားများ အစရှိသည့် သင်တန်းတွင် သင်ကြားရမည့် ဘာသာရပ်များအတွက် ကောင်စီမှ သက်ဆိုင်ရာ တာဝန်ခံများ၊ သင်တန်းမှ သင်တန်းမှူးနှင့် ကထိကများအပြင် ရန်ကုန်မြို့၊ နိုင်ငံတော် ဆရာအတတ်သင် သိပ္ပံကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ကထိကတို့၏ အကူအညီကိုပါ ယူ၍ ပို့ချသင်ကြားပေးခဲ့သည်။

သင်တန်းဆင်း ၆၂ ဦးအနက် (၁၀)ဦးကို တိုင်းရုံးများတွင် ဘုန်းတော်ကြီးကျောင်း ပညာရေးလုပ်ငန်းအတွက် တာဝန်ချထား၍ ကျန်(၅၂)ဦးတို့အား ခရိုင်အသီးသီးတွင် ကျောင်းဦးရေ အနည်းအများကိုလိုက်၍ တခရိုင်လျှင် တဦးမှ ငါးဦးအထိ ဘုန်းတော်ကြီးကျောင်း ပညာရေးလုပ်ငန်းကို ဆောင်ရွက်ရန် တာဝန်ပေးခဲ့ပေသည်။

**ဒုတိယ ၂ နှစ်အတွင်း ဆောင်ရွက်ချက်များ**

ဘုန်းတော်ကြီးကျောင်း ပညာရေးမှူးများအား သီးခြားတာဝန်ပေးလျက် အောက်ပါ လုပ်ငန်းရပ်များကို ဆောင်ရွက်စေခဲ့သည်ကို တွေ့ရပါသည်။

(၁) ဒုတိယ ၂ နှစ်အတွင်း စာရင်းကောက်ယူခဲ့သော ကျေးရွာပေါင်း ၃၂၀၇ ဖြစ်သည်။
(၂) ကျောင်းသစ်များကို တိုးချဲ့မှတ်ပုံတင်ခဲ့ရာ (ဘုန်းတော်ကြီးကျောင်းမှတ်ပုံတင်ပုံစံကို နောက် ဆက် တွဲ (ခ) တွင်ရှုပါ။

ဘုန်းတော်ကြီး ကျောင်းပေါင်း ၅၅၄၅ ကျောင်းကို စာရင်းကောက်ယူ မှတ်ပုံတင်နိုင်ခဲ့ပေသည်။

(၃) ပစ္စည်းကပ်လှူခြင်းကိစ္စတွင် ကျောင်းဟောင်းများကို လိုအပ်သော ပစ္စည်းများ ထပ်ဖြည့်ကပ်လှူခဲ့ပေသည်။ မှတ်ပုံတင်ကျောင်းသစ်များအတွက် ပစ္စည်းသစ်များကို ကပ်လှူခဲ့ပေသည်။

ဘုန်းတော်ကြီးကျောင်းများသို့ ဆက်ကပ်လှူဒါန်းခဲ့သော စာအုပ်၊ စာရေးကရိယာ၊ ပရိဘောဂများစာရင်းကို နောက်ဆက်တွဲ (က) တွင်ရှုပါ။

ဒုတိယလေးနှစ် စီမံကိန်းများအတွင်း အခြားဆောင်ရွက်ခဲ့သော လုပ်ငန်းရပ်များမှာ....

(၁) ပညာဗဟုသုတနှီးနှောဖလှယ်ပွဲများ၊
(၂) ပစ္စည်းကပ်လှူပွဲအခန်းအနားများကို မှတ်တမ်းတင် ရုပ်ရှင်ရိုက်ကူးခြင်းများ။
(၃) ဘုန်းတော်ကြီးကျောင်း ပညာရေး အကြောင်း ဇာတ်လမ်း မှတ်တမ်းတင် ရောင်စုံကား များ ရိုက်ကူးခြင်းစသော လုပ်ငန်းကို လုပ်ဆောင်နိုင်ခဲ့ပါသည်။

လူထုပညာရေးကောင်စီ၏ ဘုန်းကြီးကျောင်းပညာ သင်ကြားရေး စီမံကိန်းကို ၁၉၅၂ ခုနှစ်၊ နှဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ၁၉၅၈ ခုနှစ်၊ စက်တင်ဘာလကုန် (ကောင်စီသက်တမ်း ကုန်ဆုံးသည့်) အထိ ၆ နှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သမျှတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဇယား (၄)

"မှတ်ပုံတင်ခြင်းနှင့် ပစ္စည်းကပ်လှူခြင်း" *

| စဉ် | ဘဏ္ဍာတော်နှစ် | မှတ်ပုံတင် ကျောင်းဦးရေ | ပစ္စည်းကပ်လှူပြီး ကျောင်းဦးရေ |
|---|---|---|---|
| ၁ | ၁၉၅၂-၅၃ | ၂၄၀၁ | ၁၉၄၁ |
| ၂ | ၁၉၅၃-၅၄ | ၁၁၈၄ | ၁၂၀၉ |
| ၃ | ၁၉၅၄ ၅၅ | ၆၂၇ | ၃၈၁ |
| ၄ | ၁၉၅၅-၅၆ | ၁၁၉ | ၄၁၁ |
| ၅ | ၁၉၅၆-၅၇ | ၃၇၉ | ၁၈၂ |
| ၆ | ၁၉၅၇-၅၈ | ၈၃၅ | ၅၀၈ |
| | စုစုပေါင်း.... | ၅၅၄၅ | ၄၆၃၂ |

* ဤဇယားပါ စာရင်းအရ ဘုန်းတော်ကြီးကျောင်း ပညာရေး ဆောင်ရွက်မှုသည် တိုးတက်ခဲ့သည်ကို တွေ့ရပေသည်။

## ဇယား (၅)

**မှတ်ပုံတင် ဘုန်းတော်ကြီးကျောင်းများမှ စတုတ္ထတန်းစာမေးပွဲ ဝင်ရောက်ဖြေဆို အောင်မြင်သူများစာရင်း**

| စဉ် | ခုနှစ် | ကျောင်း ဦးရေ | ဝင်ဖြေသူ | | | အောင်သူ | | |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ၁၉၅၃-၅၄ | ၉၆ | ၄၆၆ | ၁၀၉ | ၅၇၅ | ၂၃၈ | ၅၆ | ၂၉၄ |
| ၂ | ၁၉၅၄-၅၅ | ၇၉ | ၃၃၇ | ၁၃၅ | ၄၇၂ | ၁၈၁ | ၇၃ | ၂၅၄ |
| ၃ | ၁၉၅၅-၅၆ | ၃၁၂ | ၁၄၄၇ | ၃၈၁ | ၁၈၂၈ | ၇၁၁ | ၁၆၁ | ၈၇၂ |
| ၄ | ၁၉၅၆-၅၇ | ၃၅၉ | ၁၅၉၄ | ၃၈၆ | ၁၉၈၀ | ၇၀၃ | ၁၃၆ | ၈၃၉ |
| ၅ | ၁၉၅၇-၅၈ | ၄၇၉ | ၂၀၅၉ | ၄၃၁ | ၂၄၉၀ | ၈၁၄ | ၁၃၄ | ၉၄၈ |
| | စုစုပေါင်း.... | ၁၃၂၅ | ၅၉၀၂ | ၁၄၄၂ | ၇၃၄၅ | ၂၆၄၇ | ၅၆၀ | ၃၂၀၇ |

* ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေး မော်ကွန်း၊ လူမှုဝန်ထမ်းဌာန၊ ၁၉၅၈။

ဤစာရင်းဇယားကို ထောက်ရှုခြင်းအားဖြင့် ဘုန်းတော်ကြီး ကျောင်းပညာရေးစနစ်သည် တနှစ်ထက် တနှစ် တပည့်ကျောင်းသူ ကျောင်းသားများ၏ ပညာရည်ကို တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ပေးနိုင်ခဲ့သည်ကို သိနိုင်ပေသည်။

ထူးခြားသည်မှာ ဘုန်းတော်ကြီး ကျောင်းများအနက် (၇၆၈) ကျောင်းကို နိုင်ငံတော်မူလတန်းကျောင်းများအဖြစ်သို့ ပြောင်းလဲနိုင်ခဲ့သည့်အချက်ပင် ဖြစ်ပေသည်။

## (ဆ) ဘုန်းတော်ကြီးကျောင်း ပညာရေးစီမံကိန်း၏ အကျိုးသက်ရောက်မှုများ

၁။ မသင်မနေရ ပညာရေးစနစ်ဥပဒေကို နိုင်ငံတော်တဝှန်းလုံးတွင် ပြဋ္ဌာန်းခြင်းမပြုနိုင်မီအတွင်းနှင့် ကျေးရွာတိုင်းတွင် နိုင်ငံတော်မူလတန်းကျောင်းများ မဖွင့်လှစ်နိုင်မီအတွင်း စရိတ်အကုန်အကျ နည်းစွာဖြင့် ပညာသင်ရွယ်ရောက်သူ ကလေးသူငယ်တိုင်း ဘုန်းတော်ကြီးကျောင်းများတွင် ပညာသင်ကြားနိုင်ခွင့်ရခြင်း။

၂။ ဤစီမံကိန်းကို အကောင်အထည်ဖော်ခြင်းအားဖြင့် နိုင်ငံတော်အတွင်းရှိ မှတ်ပုံတင်ပြီး ဘုန်းတော်ကြီး ကျောင်းပေါင်း ၅၅၄၅-ကျောင်းတို့မှ ကျောင်းသား ကျောင်းသူပေါင်း (၂၆၃၀၉၅)တို့အတွက် သင်ကြားပြသပေးမည့်ဆရာနှင့် စာသင်ခန်းနေရာ အဆောက်အအုံအတွက် ပြဿနာပြေလည်ပြီးဖြစ်ခြင်း။

၃။ ယင်းကျောင်းသားသူငယ် (နှစ်သိန်းခြောက်သောင်းကျော်) တို့အား သင်ကြားပို့ချရန်အတွက် တပည့် ၄၀ လျှင် ဆရာ ၁ ယောက်နှုန်းဖြင့် ချင့်တွက်ပါက ဆရာ ဆရာမပေါင်း (ခြောက်ထောင်ကျော်) ခန့်ထားရန် လိုအပ်မည်ဖြစ်ပါသည်။ သို့ရာတွင် ဤစီမံကိန်းအရ ဆရာဘုန်းတော်ကြီးများ၊ ဦးပဥ္စင်းများနှင့် သာမဏေကြီးများက မေတ္တာရှေ့ရှုသောအားဖြင့် အာစရိယဆရာများအဖြစ်ဖြင့် ရပ်တည်ချီးမြှောက်တော်မူကြသည့် သံဃာတော် စုစုပေါင်း (၇၄၄၁)ပါး ပေါ်ထွက်လာခဲ့ခြင်း။

၄။ မှတ်ပုံတင် ဘုန်းတော်ကြီး ကျောင်းများတွင် နိုင်ငံတော်အစိုးရပညာရေးဌာန၊ မူလတန်းကျောင်းများအတွက် ပြဋ္ဌာန်းသော သင်ရိုးသင်တန်းများအတိုင်း သင်ကြားပို့ချတော်မူကြသည့်ပြင် အခြား

သင့်လျော်သည့်ဘာသာ စာရိတ္တဆိုင်ရာများကိုပါ သင်ကြားပို့ချပြီး ချီးမြှင့်တော်မူခဲ့ကြသည့်အလျောက် အထက်တွင် ဖော်ပြခဲ့သည့် ဇယား တွင် ပါရှိသည့်အတိုင်းပင် ၅ နှစ်အတွင်း မှတ်ပုံတင် ဘုန်းတော်ကြီး ကျောင်းပေါင်း ၁၃၂၅ ကျောင်းမှ တပည့်သူငယ်များသည်နိုင်ငံတော် ပညာရေးဌာနမှ မြို့နယ်အလိုက် ကျင်းပသော စတုတ္ထတန်း စာမေးပွဲ များတွင် ဝင်ရောက်ဖြေဆိုကြရာ၊ ဖြေဆိုသူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၃၄၅ ယောက်အနက်မှ အောင်မြင်သူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၂၀၇ ယောက် ဖြစ်ခြင်းနှင့် ၎င်းတို့အနက်မှ ၁၉၅၅-၅၆ ခုနှစ်တွင် ကျင်းပသည့် စာမေးပွဲ၌ စစ်ကိုင်းနှင့် တောင်ငူ ခရိုင်တို့မှ ခရိုင်ပညာရည်ဆုကို ဆွတ်ခူးနိုင်သော ကျောင်းသား ၄ ဦး ပေါ်ထွက်နိုင်ခဲ့ခြင်းစသည့်အကျိုးတရားများကို ရရှိခဲ့ပေသည်။ သို့သော် ဤမျှဆောင်ရွက်ခဲ့ရာမှ ၁၉၅၈ ခုနှစ်၊ လူထုပညာရေးကောင်စီ ရုပ်သိမ်း ရေး အက်ဥပဒေအမှတ်(၆)အရ၊ ထိုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ အစပြုကာ လူထုပညာရေးကောင်စီကို လူမှုဝန်ထမ်းဌာနနှင့် ပူးပေါင်း ပေးခဲ့သည်။ လူထုပညာရေးမှူးများကိုလည်း ပညာရေး ဌာနသို့ လွှဲပြောင်းပေးခဲ့သည်။ သို့ဖြင့် ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ အစပြု၍ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေး လုပ်ငန်းတို့သည် ပညာရေးဌာနလက်အောက်သို့ ရောက်ရှိခဲ့သည်။

## (ဇ) တော်လှန်ရေးခေတ် ဘ-က ပညာရေး

## (၁၉၆၂-၁၉၇၂)

### က။ ဘ-က ဌာနစိပ်ဖွဲ့စည်းပုံ

အခြေခံပညာဦးစီးဌာန လက်အောက်၌ ဘ-က ဌာနစိပ်တခု ဖွင့် ခဲ့သည်။ ဌာနစိပ်မှူးနှင့် လက်ထောက်ဌာနစိပ်မှူး ခန့်ထား ဆောင်ရွက် သည်။ ဘ-က ပညာရေးမှူး(၅၀)ကို ခန့်ထားပြီး ဘ-က ပညာရေးကို ပြန်လည်ရှင်သန်ရန် ဆက်လက်လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်။ ကြီးကြပ် ရေးမှူး တဦးဖြင့် စခန်းသွားခဲ့သည့် မသင်မနေရ မူလတန်းပညာရေး စမ်းသပ်ကျောင်းများကိုပါ ယင်းဌာနစိပ် လက်အောက်တွင် ထားရှိ ခဲ့သည်။

၁။ ဆောင်ရွက်ချက်များ

အဓိကဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) ဘ·က မှူးများအား သင်တန်းပေးခြင်း၊
(၂) ဘ·က ကျောင်းများကို ပြန်လည်မှတ်ပုံတင်ခြင်း၊
(၃) လက်ကျန်စာအုပ်စာတန်းများကို ဆက်လက် လှူဒါန်းခြင်း၊
(၄) ဘ·ကဆရာတော်များ နှီးနှောဖလှယ်ပွဲများကို နှစ်စဉ်ကျင်းပခြင်း။
(၅) ဘ·က ပညာရေးနှင့် စပ်လျဉ်း၍ ခရိုင်တိုင်းမှာ ပညာရေးအရာရှိများနှင့် ဆွေးနွေးပွဲကို ကျင်းပခြင်း။
(၆) ဘ·ကကျောင်းများ ခေတ်မှီလာစေရန် အစိုးရကျောင်းသင်ရိုးညွှန်းတမ်းအတိုင်း ခေတ်မှီနည်းများဖြင့် သင်ကြားပို့ချစေရန် ကြိုးပမ်းခြင်း။
(၇) ဘ·က စတုတ္ထတန်းစာစစ်ဘုတ်အဖွဲ့များကို ဘ·က ဌာနစိပ်၏ ဦးဆောင်မှုဖြင့် စာပြဆရာတော်များ ကိုယ်တိုင် ဖွဲ့စည်းစေပြီး လုပ်ငန်းစဉ်များ ချမှတ် ဆောင်ရွက် စေခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ သို့သော်(၁၉၇၂) ခုနှစ်တွင် ဘ·ကဌာနစိပ်ကို ဖျက်သိမ်းခဲ့သည်။ မည်သို့ပင် ဖြစ်စေ ဘ·ကကျောင်းများသည် ဆက်လက်၍ သမိုင်းပေး တာဝန်ကို ဆောင်ရွက်လျက်ရှိပေသည်။

(ဈ) ခြုံငုံသုံးသပ်ချက်

စစ်ပြီးခေတ်သည် မြန်မာတို့ လွတ်လပ်ရေးရရန် ကြိုးပမ်းနေဆဲကာလဖြစ်သည်။ထို့ကြောင့် နိုင်ငံရေးတည်ငြိမ်မှု မရှိသေးပေ။ထိုကာလတွင် ဘုန်းတော်ကြီးကျောင်း ပညာရေးသည် အစဉ်အလာ ပညာရေးမျှသာ ဖြစ်ခဲ့သည်။ ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ဘ·က စီမံကိန်းနှင့်အတူ ဘုန်းတော်ကြီးကျောင်းပညာရေးသည် တိုးတက်လာသည်။ ရည်မှန်းချက်၊ သဘောတရား၊ သင်ရိုး သင်နည်း စနစ်များ၊ ခေတ်မှီတိုးတက်လာခဲ့သည်။ လူထုပညာရေး၏ အစိတ်အပိုင်းအဖြစ် ဘ·က ပညာရေးသည် စာအုပ်စာတန်း၊ ကျောင်းသုံးပရိဘောဂ၊ သင်နည်း စနစ်မှစ၍ တိုးတက်ကောင်းမွန်လာသည်။ ခေတ်မှီလာခဲ့သည်။ လော

ကုတ္တရာစာပေမျှသာမက လောကီကျောင်း သင်ရိုးအတိုင်းပင် ဘ-က များ၌ သင်ကြားပေးခဲ့သည်။ သို့ဖြင့် မူလတန်းပညာရေးကို ကြီးစွာ အထောက်အကူပြုခဲ့ပေသည်။

၁၉၅၃ ခုနှစ် နောက်ပိုင်း လူထုပညာရေးဌာနကို ဖျက်သိမ်း၍ လူမှု ဝန်ထမ်းဌာနနှင့်ပေါင်းခဲ့သည်။ ၁၉၆၂ ခုနှစ် နောက်ပိုင်းတွင်မူ ဘ က ဌာနစိပ်ဟူ၍ ပေါ်ပေါက်လာခဲ့သည်။ သို့ဖြင့် ဘုန်းတော်ကြီးကျောင်း ပညာရေးသည် ဆက်လက်လှုပ်ရှားခဲ့သည်။ သို့သော်(၁၉၇၂) ခုနှစ် တွင် ဘ-က ဌာနစိပ်ကို ဖျက်သိမ်းခဲ့သည်။ ယင်းသို့ဖြင့် ဘုန်းတော်ကြီး ပညာရေးသည် လောကဓံဒီလှိုင်း၏ အရိုက်အပုတ်ကိုခံရကာ ခေတ်ခနုပ်၏ ရေစီးကြောင်းတွင် မျောပါရသောဗေဒါကဲ့သို့ အပျိုးမျိုးအဖုံဖုံ တွေ့ကြုံရင်ဆိုင်ခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ ဘုန်းတော်ကြီးကျောင်းများ သည် အစဉ်အလာဖြစ်သော ဘာသာရေး၊ သာသနာရေး၊ စာရိတ္တ ကောင်းမွန်ရေးနှင့် ကလေးသူငယ်များ အရေးအဖတ် အတွက်တည်းဟူ သော အသုံးလုံးကျေရေးအတွက် ကျေးလက်များတွင် ဆက်လက်ကြိုး ပမ်းဆောင်ရွက်နေဆဲသာဖြစ်ပေသည်။

တောင်ပေါ်မြေပြန့်မကျန် ဝေးလံလှသော နေရာဒေသများတွင် ဘုန်းတော်ကြီးကျောင်းများရှိ သာသနာပြုရဟန်းတော်များသည်ခေတ် အဆက်ဆက် မိမိတို့၏ ဗုဒ္ဓဘာသာပြန့်ပွားရေးအစဉ်အလာကို ဆက်လက် ထိန်းသိမ်းသွားဦးမည်သာဖြစ်ပေသည်။

# အခန်း ၉

## နိဂုံး

“မြန်မာနိုင်ငံဘုန်းတော်ကြီးကျောင်းပညာရေးသမိုင်း”ကို

(၁) မြန်မာနိုင်ငံဘုန်းတော်ကြီးကျောင်း ပညာရေးသမိုင်းကို ပညာရေးရှုထောင့်မှ စနစ်တကျတင်ပြရန်။

(၂) ရှေးခေတ်မြန်မာတို့၏ ပညာရေးစွမ်းဆောင်ချက်များကို ပညာရေးသုတေသီများ လေ့လာသုံးသပ်လျက်ကောင်း မွန်တိုးတက်သော ပညာရေးစနစ်များကို တီထွင်ချမှတ် ရာတွင် အထောက်အကူအထိုက်အလျောက်ရစေရန်နှင့်။

(၃) မြန်မာနိုင်ငံပညာရေးသမိုင်းကျမ်းကြီး တစောင်တဖွဲ့ ပြုစုရာ တွင် ဤ ကျမ်း သည် မှီငြမ်း ပြုနိုင် စေ ရန် ရည် သန်၍ အခန်း (၉) ခန်းခွဲလျက် ပြုစုတင်ပြခဲ့ပါသည်။

အခန်း (၉) ခန်း ခွဲခြားတင်ပြထားသော်လည်း အနှစ်ချုပ်၍ကြည့် လျှင် အခန်း (၉) ခန်းသည် ခေတ်သုံးခေတ်ကို ဦး တည် တင် ပြ ထား သော အခန်းကဏ္ဍများသာဖြစ်ပေလိမ့်မည်။ ခေတ်သုံးခေတ်ဆိုရာတွင် သမိုင်းပညာရှင်တို့ ပိုင်းခြားသည့်အတိုင်း ပဒေသရာဇ်ခေတ်၊ ကိုလိုနီ ခေတ်၊ လွတ်လပ်ရေးခေတ်ပင်ဖြစ်ပေသည်။ အချုပ်သဘောမှာအောက် ပါအတိုင်းဖြစ်ပါသည်။

### (က) ကျမ်း၏ အနှစ်ချုပ်သဘော

**ဗုဒ္ဓဘာသာပြန့်ပွားပုံ**

ကျမ်း၏ပဏ္ဍာမပိုင်းတွင် ဗုဒ္ဓသာသနာ အိန္ဒိယနိုင်ငံတွင် စတင်ခဲ့ပုံ ဂိုဏ်းကွဲကြပုံ၊ ထိုအခါ သီရိဓမ္မာသောကမင်းကြီး သာသနာပြုခဲ့ပုံတို့ကို တင်ပြခဲ့သည်။ တက္ကသီလနှင့် နာလန္ဒတက္ကသိုလ်ကြီးများသည် ရှေးကျ သောပညာဖြန့်ဖြူးရာ တက္ကသိုလ်ကြီးများဖြစ်ခဲ့ပေသည်။ မဟိန္ဒ၏ကျေး

ဇူးကြောင့် ဗုဒ္ဓဘာသာသည် သီဟိုဠ်ကျွန်းသို့ရောက်ရှိခဲ့သည်။ ရှင်မဟာဗုဒ္ဓဃောသသည် သီဟိုဠ်သို့ကူး၍ ဗုဒ္ဓကျမ်းစာများကို ကူးယူလျက်သထုံသို့ ဆောင်ယူခဲ့ရာမှ မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာ အခြေချခဲ့သည်။ သထုံမှ ပုဂံသို့ကြွလာသော ရှင်အရဟံနှင့် ပုဂံနော်ရထာမင်းတို့ကြိုးပမ်းချက်ဖြင့် ဗုဒ္ဓဘာသာသည် နိုင်ငံတော်ဘာသာအဖြစ်သို့ ရောက်ခဲ့ပေသည်။

## ပုဂံခေတ်ဘုန်းတော်ကြီးကျောင်းပညာရေး

### (၁၀၄၄-၁၂၈၇)

သထုံတွင် ဗုဒ္ဓဘာသာထွန်းကားနေချိန်၌ ပုဂံနေပြည်တော်တွင် ဗုဒ္ဓဘာသာ သာသနာတော်သည် ညစ်နွမ်းလျက်ရှိသည်။ နတ်နဂါးကိုးကွယ်မှု၊ အရည်းကြီးတို့၏ မတော်မတရား ဝါဒဖြန့်ဖြူးမှုများကြောင့် သာသနာတော်မသန့်မစင်ဖြစ်ခဲ့ရသည်။ သို့ရာတွင် (၁၁) ရာစုတွင် အနော်ရထာမင်းသည် မွန်တို့နေပြည် သထုံမှကြွလာသော ရှင်အရဟံ၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံကို ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံတော်အဖြစ်သို့ ဆိုက်ရောက်အောင် စည်းလုံးသိမ်းသွင်းခဲ့ပေသည်။ ထို့ကြောင့် ခေတ်ဦးတွင်ကျယ်ခဲ့သော မဟာယန၊ တန္တြ၊ ဗြဟ္မဏ ဝါဒများ မှေးမှိန်ခဲ့သည်။ ထေရဝါဒ ဗုဒ္ဓဘာသာအယူဝါဒ တခုတည်းကိုသာ ပုဂံပြည်သူတို့ သက်ဝင်ယုံကြည် ကိုးကွယ်ခဲ့ရာမှ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စာပေအနုပညာနှင့် ပညာရေးတွင် တစိတ်တည်း တဝမ်းတည်း လက်တွဲဆောင်ရွက်ခဲ့ကြပေသည်။ ထေရဝါဒကို ပြည်သူတို့ကြားကွင်ပြန့်ပွားစေရန် ဘုန်းတော်ကြီးကျောင်းများကို ပုဂံနေပြည်တော်နှင့် နိုင်ငံတဝှမ်း ဖွင့်လှစ်ခဲ့သည်။ ကျေးရွာတိုင်းတွင်လည်းဘုန်းတော်ကြီးကျောင်းများ အသီးသီးဖွင့်လှစ်လျက် စာပေပရိယတ္တိ ဖြန့်ချီသင်ကြား ပို့ချပေးခဲ့သည်။ ထိုသို့ဘုန်းတော်ကြီးကျောင်းများကိုဖွင့်လှစ်လျက်ပညာသင်ကြားပေးရာတွင် အဓိက ရည်မှန်းချက်မှာ ထေရဝါဒပြန့်ပွားစေရန်၊ ဗုဒ္ဓ၏ စာပေပရိယတ္တိသာသနာတော် အဆုံးအမများ မပျောက်စေရန်နှင့် သာသနာအဓွန့်ရှည်စေရန်ဖြစ်ပေသည်။

ဘုန်းတော်ကြီးကျောင်းများကို ရဟန်းတော်များကဦးဆောင်လျက် ရှင်သာမဏေများကို အရေး၊ အဖတ်၊ အတွက်စသော အသုံးလုံးကျေစေရန်၊ ထိုမှတဆင့်တက်၍ ပါဠိစာပေ ကျမ်းဂန်များကို လေ့လာလိုက်

စားဆည်းပူးတတ်စေရန်သင်ကြားပို့ချခဲ့ကြသည်။ ထိုစဉ်ကအနော်ရထာမင်းလက်ထက်တွင် ပါဠိဘာသာစာပေကိုသာ အထူးဘာသာစာပေအဖြစ် ဦးစားပေးခဲ့သော်လည်း ကျန်စစ်သားမင်းလက်ထက်တွင် တိုင်းရင်းသားစည်းလုံးရေးကို ရှေးရှုလျက် မွန်ဘာသာစာပေကို ဦးစားပေးခဲ့သည်။ သို့ရာတွင် နရပတိစည်သူမင်း လက်ထက်တွင်မှ မြန်မာစာပေသည် တိုးတက်မြင့်မားလာခဲ့သည်။ သို့သော် လည်း ဘုန်း တော်ကြီးကျောင်းများ၌မူ ပါဠိဘာသာမှာ အရင်းခံကား၍ လေ့လာလိုက်စားရသော ဘာသာစကားအဖြစ် တည်ရှိမြဲတည်ရှိခဲ့ပေသည်။

ပညာရေးရည်မှန်းချက်အားဖြင့်မူ (၁) ရတနာသုံးပါးဦးထိပ်ထားတတ်ရန် (၂) သာသနာသုံးရပ်ထွန်းကားရန် (၃) နိဗ္ဗာန်ကိုသွားအံ့ဟု လူတိုင်းမျှော်မှန်းတတ်ရန်နှင့် အသုံးလုံးကျေစေရန် ရည်မှန်းချက်ထားရှိခဲ့ပေသည်။ သင်နည်းအနေဖြင့် အာဂုံဆောင်သော အစဉ်အလာနည်းစနစ်ကို သုံးခဲ့ကြပေသည်။ သက္ကရာဇ် ၁၀၄၄ ခုနှစ်မှ ၁၂၀၇ ခုနှစ်ထိ ပုဂံခေတ်တလျှောက်တွင် ရဟန်းတော်များ၏ ဦးဆောင်မှုဖြင့် ပညာရေးကို ပြည်သူလူထုအကြား ပြန့်ပွားအောင် စွမ်းဆောင်ကြပေသည်။ သို့ရာတွင် ၁၂၀၇ ခုနှစ် နရသီဟပတေ့ တရုတ်ပြေးမင်းလက်ထက်တွင် ပုဂံနိုင်ငံတော်သည် အကွဲကွဲ အပြားပြား ဖြစ်လျက် ပျက်သုဉ်းခဲ့ရာမှ ဘုန်းတော်ကြီးကျောင်းများသည်လည်း အခြေမလှဖြစ်ခဲ့ရပေသည်။

**ပင်းယခေတ်မှညောင်ရမ်းခေတ်အထိ ဘုန်းတော်ကြီးကျောင်းပညာရေး**

**(၁၃၀၇-၁၇၅၂)**

ပင်းယခေတ်နှင့် စစ်ကိုင်းခေတ်များသည် ခေတ်အားဖြင့် ပိုင်းခြားရသော်လည်း ပြောပနိုင်လောက်အောင် ကြီးကျယ်ထွန်းကားခဲ့သော ခေတ်ကာလများမဟုတ်ပေ။ သူတလူငါတမင်းအဖြစ် အကွဲကွဲ အပြားပြားဖြစ်နေသော ခေတ်ငယ်များသာဖြစ်ပေသည်။ စာပေရေး၊ ပညာရေးဖက်တွင်လည်းထိုခေတ်နှစ်ခေတ်သည်ပြောပလောက်အောင်မရှိပေ။ သို့ရာတွင် အင်းဝခေတ်သည် စာပေ၊ ပညာ၊ ယဉ်ကျေးမှုအဖြာဖြာထွန်းတောက်ခဲ့သော ခေတ်ကြီးဖြစ်ပေသည်။ ဘုရင်မင်းခေါင်ကြီးသည်သာသနာတော် ပြန့်ပွားရေးတွင် များစွာ အားပေးချီးမြှောက်ခဲ့ပေသည်။ ဘုန်းတော်ကြီးကျောင်းများတွင်ဦးဆောင်ရဟန်းတော်များမှာပညာအ

ရာ ကျမ်းဂန်အရာတို့တွင် များစွာတတ်ကျွမ်းခဲ့ကြသည်။ ဆရာကောင်းတပည့်များ ပေါ်များခဲ့ကြသည်။ အင်းဝခေတ်တွင် ပညာရေးရှေ့ဆောင်ပုဂ္ဂိုလ်နှစ်ဦးမှာ ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရ ကိုယ်တော်နှစ်ပါးဖြစ်ကြသည်။ ဆရာတော်တို့သည် တပည့်သာမဏေများကိုလိမ္မာရေးခြားရှိစေရန် ဆုံးမစာနီတိများ ရေးသားပြုစုပို့ချခြင်း၊ ပါဠိဘာသာ သက်သက်ဖြင့်သာရှိသော ဗုဒ္ဓစာပေကျမ်းဂန်များကို မြန်မာစာပေကဗျာလင်္ကာ သက်သက်ဖြင့် နှစ်သက်ဖွယ်ဖြစ်အောင် ရေးဖွဲ့ခဲ့ကြသည်။ ပျို့လင်္ကာ၊ ဇာတ်တော်၊ မေတ္တာစာ၊ ဆုံးမစာများမှာ ဂုဏ်မြောက်လှ၍ ရသစာပေများအဖြစ် ယနေ့တိုင် ချီးကျူးဂုဏ်ပြုနေရဆဲပင်ဖြစ်ပေသည်။ သုတေသနရှာမှီးတတ်အောင်၊ မည်သို့မည်ပုံ ပညာဆည်းပူးရကြောင်း နည်းကောင်းလမ်းပြနိုင်ခဲ့ကြသဖြင့် အင်းဝခေတ်ပညာရေးသည် အထွဋ်အထိပ်သို့ ရောက်ခဲ့သည်ဟုဆိုနိုင်ပေသည်။

တောင်ငူခေတ်နှင့် ညောင်ရမ်းခေတ်များတွင် လူပုဂ္ဂိုလ် ပညာရှင်စာဆိုတော်များ အများအပြားပေါ်ထွန်းခဲ့သည်။ ဒုတိယအကြိမ်ပြိုကွဲနေသော မြန်မာနိုင်ငံကို တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့က ဦးဆောင်စည်းရုံးပေးခဲ့သည့် အကျိုးသက်ရောက်မှုဟူ၍လည်းဆိုနိုင်သည်။

ဤကဲ့သို့ လူပုဂ္ဂိုလ်စာဆိုရှင်များပေါ်ထွန်းခဲ့သည်မှာလည်းထိုခေတ်ဘုန်းတော်ကြီးကျောင်းများ၏ ကျေးဇူးပင်ဖြစ်ပေသည်။ မြန်မာမင်းများလက်ထက်တွင် ကျောင်း တမျိုးတစားတည်းသာရှိရာ ပညာရှင်တို့သည် လူပုဂ္ဂိုလ်ဖြစ်စေ၊ ရဟန်းဖြစ်စေ၊ ဘုန်းတော်ကြီးကျောင်းထွက်များသာဖြစ်ရပေမည်။ ညောင်ရမ်းခေတ်တွင် ဘုန်းတော်ကြီးကျောင်း ပညာရေးကို တောင်ဖီလာဆရာတော်နှင့် သဒ္ဓမ္မာလင်္ကာရ ဆရာတော်တို့ဦးဆောင်ခဲ့ပေသည်။ ဤခေတ်တလျှောက်လုံးတွင် ဘုန်းတော်ကြီးကျောင်း၏ ပညာရေးဦးတည်ချက်မှာ—

(၁) အနန္တငါးပြာ ဦးထိပ်ထားရန်၊ (၂) ကိုယ်နှုတ်နှလုံး စောင့်စည်းရန်၊ (၃) စာရိတ္တကောင်းမွန်စေရန်၊ (၄) ခေတ်ပေါ် လောကီပညာများ တတ်ကျွမ်းစေရန် ရည်သန်ခဲ့ကြသည်။ ထို့ပြင် သင်ကြားပို့ချမှုနှင့် စာပေ ပရိယတ္တိ ပြုစုလျက် သုတေသနပြုမှုတို့ကို တွဲဖက်ဆောင်ရွက်နိုင်ခဲ့သည်မှာ ထူးခြားလှသည်။ ထို့ကြောင့် ဘာသာရပ်တွင် ရာဇဝင် ဓမ္မသတ်၊ ဂဏန်းသင်္ချာ၊ ပုံပြင်ဝတ္ထု၊ ဇာတ်တော်များကို

သင်ရိုးအဖြစ် တိုးချဲ့လာသည်ကို တွေ့ရပေသည်။ ထို့ကြောင့် အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ် များတွင် ဘုန်းတော်ကြီးကျောင်း ပညာရေးသည် အဆင့်အတန်း မြင့်မားခဲ့ပေသည်။ သာလွန်မင်းလက်ထက်တွင် ပထမပြန် စာမေးပွဲများကို စတင်ကျင်းပ အားပေးခဲ့သည်။ သို့ရာတွင် မဟာဓမ္မရာဇာဓိပတိမင်း၏ အုပ်ချုပ်မှုညံ့ဖျင်းမှုကြောင့် ၁၇၅၂ ခုနှစ်တွင် မွန်တို့ လက်သို့ အင်းဝကျဆုံးခဲ့ရသည်။

## ကုန်းဘောင်ခေတ် ဘုန်းတော်ကြီးကျောင်း ပညာရေး (၁၇၅၂-၁၈၈၅)

အလောင်းဘုရား (၁၇၅၉-၁၇၆၀) သည် ပြိုကွဲခဲ့သော မြန်မာနိုင်ငံကို တတိယအကြိမ်မြောက် ပြန်လည်စည်းရုံးပေးခဲ့သော မင်းဖြစ်သည်၊ မြန်မာနိုင်ငံအရပ်ရပ်တွင် ဆူပူမှုမှန်သမျှကို တိုက်ခိုက်အေးငြိမ်းစေခဲ့သည်။ ကုန်းဘောင်ခေတ်သည် စစ်ရေး၊ ဘာသာရေး၊ သာသနာရေး၊ နိုင်ငံခြားနှင့် ဆက်ဆံရေး၊ စီးပွားရေး၊ စာပေရေး၊ ပညာရေးရာများတွင် ပိုမိုထွေပြားလာခဲ့သည်။ အနောက်နိုင်ငံများနှင့် သံတမန်ဆက်သွယ်မှုများ ရှိခဲ့သည်။ မင်းတုန်းမင်းသည် ဘာသာရေး၊ သာသနာရေးကိုအထူးအလေးပေးသောမင်းဖြစ်သည်။ ပဥ္စမ သင်္ဂါယနာ တင်နိုင်ခဲ့သည်။ ထို့ကြောင့် သာသနာရေးရာတွင် လွန်စွာတိုးတက် ထွန်းကားခဲ့သည်။ သာသနာရေးနှင့် ဆက်နွယ်နေသော ဘုန်းတော်ကြီးကျောင်းပညာရေးသည်လည်း အဆင့်မြင့်မြင့် တိုးတက်ခဲ့သည်။ စာပြန်ပွဲများ၊ သာသနာ သန့်စင်မှုများ ပြုလုပ်ခဲ့သည်။ ရည်မှန်းချက် အားဖြင့် ဘုန်းကြီးကျောင်း ပညာရေးသည် များစွာပြောင်းလဲမှု မရှိခဲ့ပေ။ သင်နည်းများလည်း ပြောင်းလဲမှု မရှိပေ။ မန္တလေး နေပြည်တော်တွင် စာသင်တိုက်ကြီးများမှာ ပါဠိတက္ကသိုလ်ကြီးများသဖွယ် ဖြစ်ခဲ့သည်။ စာသင်သားများမှာလည်း ထောင်နှင့်ချီ၍ တိုးတက်ခဲ့သည်။ အခြေခံစာရေး စာဖတ်တတ်မြောက်ရုံသာမက ဘာသာရေး စာပေကျမ်းဂန်များကို ပို့ချ၍ လေ့လာလိုက်စားကြသည်။ မင်းတုန်းမင်း ကိုယ်တိုင်ကကလည်း သာသနာ့ ဒါယကာ မင်းတပါး ဖြစ်ခြင်းကြောင့် ဘာသာရေး၊ သာသနာရေးဖက်တွင် များစွာ အဆင့်မြင့်မြင့် တိုးတက်ခဲ့သည်။ ကုန်းဘောင်ခေတ်တွင် စာပေဖက်ကလည်း စာဆိုကျော်များ ပေါ်ထွန်းခဲ့သည်။မယ်ဘွဲ့မောင်ဘွဲ့၊ အလွမ်းဘွဲ့နှင့် အစောင်းအချိပ်ဖွဲ့များကို ဦးစား

ပေး ဖွဲ့ကြသည်။ သို့ရာတွင် အနောက်တိုင်းသားများနှင့် ဆက်ဆံရေးတွင် မပြေလည်၍ အပြစ်ရှာလျက် နိုင်ငံကို သိမ်းပိုက်လိုသော ဗြိတိသျှတို့၏ လက်အောက်သို့ အောက်မြန်မာနိုင်ငံ ကျရောက်သွားသောအခါ အောက်မြန်မာနိုင်ငံရှိ ဘုန်းတော်ကြီးကျောင်းများ ပျက်စီးယုတ်ယုက်ခဲ့ရသည်။ သာသနာ ထွန်းလင်းရာ အထက်မြန်မာပြည်သို့ ရဟန်းတော်များ ပြေးဝင်ခိုလှုံကြသည်။ သီပေါမင်း လက်ထက်တွင် မြန်မာ့အုပ်ချုပ်ရေးသည် ဆုတ်ယုတ်လာသည်။ ရှုပ်ထွေးလာသည်။ ကိုလိုနီစနစ်၏ ထိုးနှက်ချက်ကို ပဒေသရာဇ်မင်းများ ကြံ့ကြံ့ မခံနိုင်ခဲ့ပေ။ သီပေါမင်းသည်လည်း အုပ်ချုပ်မှု မကျွမ်းကျင်၍ နောက်ဆုံး ၁၈၈၅ ခုနှစ်တွင် ပါတော်မူခဲ့ပေသည်။ ဤတွင် မြန်မာ့အုပ်ချုပ်ရေးသည် လုံးဝပျက်သုဉ်းလျက် ထီးသုဉ်းနန်းသုဉ်းဘဝသို့ ရောက်ခဲ့ရပေသည်။

## ကိုလိုနီခေတ် ဘုန်းတော်ကြီ ကျောင်း ပညာရေး (၁၈၈၅-၁၉၄၂)

နိုင်ငံရေး၊ စီးပွားရေး အုပ်ချုပ်မှု အလုံးစုံသည် ဗြိတိသျှ လူမျိုးတို့၏ လက်ဝါးကြီး အုပ်ချုပ်မှုအောက်သို့ မြန်မာနိုင်ငံ ကျရောက်သွားသောအခါ မြန်မာနိုင်ငံသည် ကိုလိုနီဘဝသို့ ရောက်သွားရတော့သည်။ ထိုမှစ၍ အနောက်တိုင်း ပညာရေးစနစ် စတင် ပေါ်လာတော့သည်။ သာသနာပြု လုပ်ငန်းများ မြန်မာ့မြေပေါ်တွင် ပြန့်နှံ့စွာ ပြောရ ချလာတော့သည်။ ဗြိတိသျှ ကိုလိုနီပညာရေး စနစ်အရ ကျောင်းအမျိုးအစား သုံးမျိုး ခွဲခြားလျက် လူတန်းစား ကွဲပြားစေခဲ့သည်။ မြန်မာနိုင်ငံအား ကျွန်သက်ရှည်စေမည့် ပညာရေးကိုသာ ဖြန့်ချိပေးခဲ့သည်။ ဤကာလတွင် ဘုန်းတော်ကြီးကျောင်းများသည် မှေးမှိန်ခဲ့ရသည်။ ကိုလိုနီပညာရေးကို အစပထမက ဆာအာသာဖယ်ယာသည် ဘုန်းတော်ကြီးကျောင်းများပေါ် အခြေခံလျက် ပြုပြင်ပြောင်းလဲယူမည်ဟု ကြံရွယ်ခဲ့သော်လည်း မကောလေးတို့၏ ပညာရေးအယူအဆ လွှမ်းမိုးသွားခဲ့သဖြင့် ထိုအကြံပျက်ခဲ့သည်။ ဘုန်းတော်ကြီး ကျောင်းများသို့ ကျောင်းသုံးစာအုပ်များ၊ သင်နည်းစနစ်များ၊ သင်ရိုးများ ပေးဝေဖြန့်ချိလျက် ကိုလိုနီပညာရေးနယ်အတွင်းသို့ သိမ်းသွင်းရန် ကြံရွယ်ခဲ့သော်လည်း အစဉ်အလာ ကြီးခဲ့သော ဘုန်းတော်ကြီး ပညာရေးကို ပြုပြင်ရန် အခက်အခဲကြုံတွေ့ခဲ့ရသည်။ ဗုဒ္ဓဘာသာဝင်တို့၏ အယူအဆနှင့် ဆန့်ကျင်

သော ပထဝီဝင် ဘာသာရပ် ကဲ့သို့သော ပညာရပ်ကို သာသနာ့ပိုင်များ က လက်မခံခဲ့ကြပေ။ သို့ဖြင့် ကိုလိုနီအစိုးရသည် မိမိတို့ ဌာနဆိုင်ရာ စနစ်ဖြင့် ဖွင့်လှစ်သော ကျောင်းသုံးမျိုးကိုသာ တာဝန်ယူ မြေထောင် မြှောက်ပေးခဲ့သည်။ ဘုန်းတော်ကြီး ကျောင်းများကိုမူ မှတ်ပုံတင် ကျောင်းများအဖြစ် သိမ်းသွင်းခဲ့သည်။ သို့ရာတွင် အသက်မွေးမှုပညာ ရပ်များကို ဘုန်းတော်ကြီးကျောင်းများက သင်ကြားမပေးနိုင်ခဲ့ပေ။ ဘာသာရပ်များမှာလည်း ကိုလိုနီပညာရပ်များနှင့် နှိုင်းယှဉ်လျှင် ခေတ် နောက်ကျခဲ့ပေသည်။ ကိုလိုနီပညာရေး အချို့အဝက်ကို လက်ခံသော မှတ်ပုံတင် ဘုန်းကြီးကျောင်းများ ပေါ်ပေါက်လာခဲ့သည်။ ရဟန်း တော် ဆရာဖြစ်သင်တန်းများကိုလည်း စမ်းသပ်ခဲ့သည်။ သို့ရာတွင် ဘုန်း တော်ကြီးကျောင်းများသည် ပထဝီဝင် ဘာသာနှင့် ရှေးဦးသင် လော ကဓာတ် ပညာရပ်များကို သင်ရန် လက်မခံခဲ့၍ ထိုဘာသာရပ်များ အစား ပါဠိဘာသာကို အစားထိုးဖြေနိုင်ခွင့် ပြုခဲ့ရသည်။ လောကီပညာ သင် ဘုန်းတော်ကြီးကျောင်းများနှင့် အစဉ်အလာ ဘုန်းတော်ကြီး ကျောင်းများကို အခမဲ့ လူတိုင်း ပညာ မသင်မနေရစနစ် တည်ထောင် ရန် စိတ်ကူးသောအခါ ထည့်သွင်းစဉ်းစားခဲ့သည်။ မည်သို့ပင်ဖြစ်စေ အနောက်တိုင်းပညာ ထွန်းကားလာသည်နှင့်အမျှ ဘုန်းကြီးကျောင်း များမှာလည်း ကျောင်းသားကလေးများ အနည်းငယ်မျှနှင့် တစတစ ဆုတ်ယုတ်ခဲ့ရသည်။ ၁၈၉၂-၉၃ ခုနှစ်တွင် မှတ်ပုံတင် ဘုန်းတော်ကြီး ကျောင်း ၄၆၁၉ ကျောင်း ရှိခဲ့ရာမှ ၁၉၃၃-၃၄ ခုနှစ်တွင် ၉၂၈ ကျောင်းသာ ရှိတော့သည်။

သို့ရာတွင် မြို့နယ်နှင့်ဝေးကွာသော တောကျေးလက် ဒေသများရှိ ရင်သွေးလူမမယ်များ၏ ပညာရေးကိုမူ ဘုန်းတော်ကြီးကျောင်းများ ကသာ ဆက်လက်တာဝန်ယူသင်ကြားပေးရတုန်းပင် ဖြစ်ခဲ့သည်။ ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပွားလာသည့်အခါ တောနယ်ဒေသများ၏ ပညာ ရိပ်မြုံအဖြစ် ဘုန်းတော်ကြီး ကျောင်းများက ဆက်လက်တာဝန်ယူခဲ့ ရပေသည်။

**ဖက်ဆစ်ဂျပန်ခေတ်**

(၁၉၄၂-၁၉၄၅)

မြန်မာ့မြေပေါ်တွင် ကိုလိုနီစနစ်ချုပ်ငြိမ်း၍ ဖက်ဆစ်စနစ် ခြေချ ခဲ့သော(၃)နှစ်တာကာလသည် မြန်မာတို့အဖို့ ကံဆိုးမိုးမှောင်ကျသော

ခေတ်ဆိုးကြီး ဖြစ်ခဲ့သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဖက်ဖက်တွင် နိမ့်ကျသောခေတ် ဖြစ်ပေသည်။ ပညာရေးတွင် ကိုလိုနီခေတ်က ကျောင်းသုံးမျိုးရှိခဲ့ရာမှ ဂျပန်ခေတ်တွင် ကျောင်းတမျိုးတစားတည်း ဖြစ်ခဲ့သည်။ အင်္ဂလိပ်ဘာသာသည် မဏ္ဍိုင်ဘာသာမှ လျော့ကျသွားခဲ့သည်။ မြန်မာဘာသာသည် သင်ကြားမှုမဏ္ဍိုင်ဘာသာ ဖြစ်လာသည်။ နိပ္ပွန်ဘာသာစကားသင်သောကျောင်း၊ နေပြည်တော် စာသင်ကျောင်း၊ ကွင်းပြင်စာသင်ကျောင်းစသည်ဖြင့် စစ်မီးပွားများ တောက်လောင်နေသော ကာလကြီးတွင် ပညာရေးများမှာလည်း စနစ်တကျမရှိပဲ ဖရိုဖရဲဖြစ်ခဲ့ရသည်။ ဖက်ဆစ်စနစ်သည် ကိုလိုနီစနစ်ထက် ဆိုးဝါးသည် ဖြစ်ရာ ဘုရားဖျက်၊ ကျောင်းဖျက်၊ သာသနာဖျက် လုပ်ငန်းများကို ဖက်ဆစ်ဂျပန်များ ကျူးလွန်ခဲ့သည်။ သို့ဖြင့် စစ်မက်ကာလကြီးတွင် ဘုန်းတော်ကြီးကျောင်းများမှာလည်း ကစဉ့်ကလျား ပျက်ပြားလျက် ကျီးလန့်စာစားဘဝကို ရင်ဆိုင်နေခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ ရပ်ရေး၊ ရွာရေး၊ သာမှု နာမှုများတွင် ကျေးလက်တောရွာများရှိ ဘုန်းတော်ကြီးများသည် မြန်မာပြည်သူတို့နှင့် ထပ်တူထပ်မျှ ခံစားရုန်းကန်ခဲ့ကြပေသည်။ သံဃာတော်များသည် တတ်အားသမျှ ဘုန်းတော်ကြီးကျောင်းများ၌ လုပ်သားပြည်သူတို့၏ သားသမီးများအား သင်ကြားပို့ချပေးခဲ့ကြသည်။

## စစ်ပြီးခေတ် လွတ်လပ်ရေးခေတ်နှင့် တော်လှန်ရေးခေတ်

### စစ်ပြီးခေတ် (၁၉၄၅-၁၉၄၈)

ကမ္ဘာစစ်ကြီး ပြီးဆုံးသောအခါ ဗြိတိသျှအစိုးရသည် ဆင်းမလား စစ်ပြေးအစိုးရအဖွဲ့ကို ၁၉၄၅ ခုနှစ်၊ နိုဝင်ဘာလပထမပတ်တွင် ပိတ်လိုက်သည်။ ၁၉၄၄ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံကို ကက်စ်ဘီခေါ် စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်မည်ဖြစ်ကြောင်း အရှေ့အာရှတောင်ပိုင်းစစ်ဌာနချုပ်က ကြေညာခဲ့သည်။ ထိုစဉ်က ဗြိတိသျှတို့၏ သဘောထားမှာ "မြန်မာနိုင်ငံအား (၆) နှစ်ခန့် သိမ်းပိုက်အုပ်ချုပ်ပြီးသည့်နောက်မှ ကိုယ်ပိုင်အုပ်ချုပ်ရေးကိစ္စကို စဉ်းစားသင့်သည်" ဟု ကြေညာခဲ့သည်။ ထိုအချက်ကို မြန်မာခေါင်းဆောင်များက လက်မခံခဲ့ပေ။ သို့ဖြင့် ၁၉၄၅ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင်စက္ကူဖြူစာတမ်းကို ထုတ်ပြန်ခဲ့ပြန်သည်။ ထိုစာတမ်း အရ ဘုရင်ခံ၏ အုပ်ချုပ်ရေးကို (၃) နှစ်

တာမျှထား၍ ထို(၃)နှစ်အတွင်း ဆင်းမလားစီမံကိန်းများအရ ကိုလိုနီ စီးပွားရေးကို ပြန်လည်ထူထောင်ရန် အားထုတ်ခဲ့ကြသည်။ သို့ရာတွင် မြန်မာအမျိုးသားကို၏လွတ်မြောက်ရေးလှုပ်ရှားကြောင့် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးပေးခဲ့ရသည်။ စစ်ပြီးစမှ လွတ်လပ်ရေးရသည့် ကာလ (၃)နှစ်တာအတွင်းဘုန်းတော်ကြီးကျောင်းများ၏ပညာရေးမှာစဉ်လာမပျက်ဆက်လက် တည်ရှိခဲ့သည်။ရည်မှန်းချက်သဘောတရား၊ သင်နည်းတို့မှာ အစဉ်အလာအတိုင်းပင် ဖြစ်ခဲ့သည်။ သို့ရာတွင် ပညာရေးလောကတွင် ကျယ်ပြန့်စွာ မပါဝင်နိုင်ခဲ့ပေ။

## လွတ်လပ်ရေးခေတ် ဘ က ပညာရေး (၁၉၄၈-၁၉၅၈)

လွတ်လပ်ရေးရပြီးနောက် ပြည်ထောင်စုအစိုးရ၏ ပညာရေးဝါဒအရ ပြည်တော်သာဘဝသစ် ဖန်တီးမှုပညာရေးစီမံကိန်းများ ချမှတ်ခဲ့ပေသည်။ ထိုအခါ အများပြည်သူများ အကျိုးအတွက် ရည်မှန်းလျက်လူထုပညာရေးကောင်စီဥပဒေကြမ်းကို ၁၉၄၈ ခုနှစ်ကပင်လွှတ်တော်က အတည်ပြုခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် လူထုပညာရေးကောင်စီကို ဖွဲ့စည်းခဲ့သည်။လူထုပညာရေးကို အကောင်အထည်ဖော်ရန် ၁၉၅၂-၅၆ ခုနှစ် ပထမပညာရေးလေးနှစ်စီမံကိန်းတွင် ပညာရေးမူဝါဒချက် ချမှတ်ခဲ့ရာ "ပြည်ထောင်စု မူလတန်းပညာရေးစနစ်ကို ဖြစ်နိုင်သမျှ ဘုန်းတော်ကြီးကျောင်းများနှင့်ဟပ်ပြီး အခြေခံတည်ဆောက်ရန် ရည်ရွယ်ခဲ့ပေသည်" ယင်းသို့သော ရည်ရွယ်ချက်နှင့်အညီ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေးစီမံကိန်းကို အကောင်အထည် ဖော်ခဲ့သည်။ အကောင်အထည်ဖော်ရာတွင် ဘုန်းတော်ကြီးကျောင်းများကို စာရင်းကောက်ယူမှတ်ပုံတင်ခြင်း၊ ပညာရေးဆိုင်ရာပစ္စည်းပရိဘောဂများ ထောက်ပံ့ခြင်း၊ သင်နည်းစနစ်ဆိုင်ရာ ပညာရေးနှီးနှောဖလှယ်ပွဲများ ကျင်းပပေးလျက် အစိုးရကျောင်းများနှင့် တပြေးညီဖြစ်အောင် ကြံဆောင်ခြင်း၊ ဒေသအလိုက် ကျင်းပသော စတုတ္ထတန်း စာမေးပွဲများတွင် မှတ်ပုံတင်ဘုန်းတော်ကြီးကျောင်းများမှ တပည့်များ စာမေးပွဲဝင်ရောက် ဖြေဆိုခွင့်ရအောင်ကြံဆောင်ခြင်းစသည့် ပညာရေးကိစ္စများကို ပထမလေးနှစ်စီမံကိန်းကာလအတွင်း ဆောင်ရွက်နိုင်ခဲ့ပေသည်။

ဒုတိယလေးနှစ်စီမံကိန်းကာလတွင် ဘုန်းတော်ကြီး စာသင်ကျောင်းစီမံကိန်းကို ဆက်လက်ချမှတ်ခဲ့သည်။ပြည်တော်သာ စီမံကိန်း၏ တကဏ္ဍအဖြစ် ဘ·က ကျောင်းများကို ထည့်သွင်းခဲ့သည်။

မသင်မနေရ ပညာရေးစနစ်ဥပဒေကို နိုင်ငံတော် တဝှန်းလုံး၌ပြဋ္ဌာန်းရန် ရည်ရွယ်ချက် ရှိသော်လည်း အခြေအနေအရ အကောင်အထည် မဖော်နိုင်မီကာလအတွင်း ဘ က ကျောင်းများ၏ အခန်းကဏ္ဍကို အလေးပေး စဉ်းစားခဲ့သည်။ ထိုလေးနှစ်တာ ကာလတွင် လူထုပညာရေးကောင်စီ ဘုန်းတော်ကြီးကျောင်းပညာရေး စီမံကိန်းသစ် မူကြမ်းကို တင်သွင်းခဲ့သည်။ ယင်းမူကြမ်းကို ၁၉၅၆ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် တင်သွင်းခဲ့သည်။ ယင်းစီမံကိန်း မူကြမ်းသည် ၁၉၅၆-၅၇ မှ ၁၉၅၉-၆၀ ထိ ရည်ညွှန်း ပေသည်။ ၁၉၅၂ ခုနှစ်မှ ၁၉၅၆ ခု၊ ဇွန်လထိ မှတ်ပုံတင် ဘုန်းတော်ကြီးကျောင်း ၄၂၂၂ ကျောင်း ဖြစ်ခဲ့သည်။ ပစ္စည်းဆက်ကပ်ပြီး ကျောင်းပေါင်းမှာ ၃၇၃၉ ကျောင်း ဖြစ်ပေသည်။ ထိုအခြေအနေတွင် ဘ-က ၄၀၀၀ ရှိသည်ကို (၄)နှစ်အတွင်း ၆၀၀၀ အထိတိုးချဲ့ဖွင့်လှစ်ရန် ရည်မှန်းထားခဲ့သည်။ ယင်းသို့ ရည်မှန်းလျက် ပညာသင်ပစ္စည်းများ ကပ်လှူခြင်း၊ ပညာသင်ကြားရေး ပညာသင်ကြားရေးနှင့်စပ်လျဉ်းသည့် ကျောင်းအုပ်ချုပ်နည်း၊ ကျောင်းစည်းကမ်း၊ သင်နည်းစနစ်များ၊ ရုံးလုပ်ငန်းစဉ်များကို ပညာရေးမှူးသင်တန်းတွင် ပို့ချခဲ့ခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပေသည်။ ဒုတိယလေးနှစ်စီမံကိန်းကာလ ဒုတိယ ၂ နှစ်အတွင်းတွင် ကျေးရွာပေါင်း ၃၂၀၇ ရွာကို စာရင်းကောက်ယူနိုင်ခဲ့သည်။ ဘုန်တော်ကြီးကျောင်း ၅၅၄၅ ကျောင်းကို စာရင်းကောက်ယူ မှတ်ပုံတင်နိုင်ခဲ့သည်။ စာအုပ်စာတန်း၊ ပစ္စည်းပရိဘောဂတို့ကို ကျောင်းများသို့ ဆက်ကပ်လှူဒါန်းခဲ့ခြင်းနှင့် ဘ-က ပညာရေး နှီးနှောဖလှယ်ပွဲများ ကျင်းပခြင်း၊ ပစ္စည်းကပ်လှူပွဲ အခမ်းအနား မှတ်တမ်းတင်ရုပ်ရှင်ရိုက်ကူးခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပေသည်။ ခြုံ၍တင်ပြရလျှင် ဘုန်းတော်ကြီးကျောင်း ပညာရေးစီမံကိန်း၏ အကျိုးသက်ရောက်မှုများမှာ (၁)မသင်မနေရ ပညာရေးစနစ်ဥပဒေကိုနိုင်ငံတော်တဝှန်းလုံးတွင် မပြဋ္ဌာန်းနိုင်မီအတွင်း ကျေးရွာတိုင်းတွင် မူလတန်းကျောင်းများ မဖွင့်လှစ်နိုင်မီအတွင်း စရိတ်အကုန်အကျနည်းစွာဖြင့် ပညာသင်ရွယ်ရောက်သူများ ဘုန်းကြီးကျောင်းများတွင် ပညာသင်ယူခွင့်ရခဲ့ခြင်း၊ (၂)စီမံကိန်းကာလအတွင်း မှတ်ပုံတင် ဘုန်းကြီးကျောင်း ၅၅၄၅ ကျောင်းမှ ကျောင်းသူ ကျောင်းသားပေါင်း (၂၆၃၀၉၅)ကို ပညာသင်ကြားပေးနိုင်ခဲ့ခြင်း (၃) ယင်းကျောင်းသားများကို ပညာသင်ပေးနိုင်ရန် တပည့် ၄၀ လျှင်၊ ဆရာတယောက်နှုန်းဖြင့်တွက်ပါက ဆရာ ၆၀၀၀ ကျော်ခန့် ထားရန်လိုမည် ဖြစ်သော်

လည်း ဆရာဘုန်းတော်ကြီးများ၊ ဦးပဉ္စင်းများ သာမဏေကြီးများက မေတ္တာရှေ့ရှုလျက် သင်ကြားပေးခဲ့ကြခြင်း အာစရိယ ဆရာများအဖြစ် ကူညီစောင့်ရှောက် သင်ကြားသောကိုယ်တော်ပေါင်းမှာ ၇၄၄၁ ပါး ရှိခြင်း (၄)အစိုးရက ကျင်းပသော စတုဘ္ဘတန်းစာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုသူ စုစုပေါင်း ၇၃၄၅ ယောက်အနက် ၃၂၀၇ ယောက် အောင်မြင်ခဲ့ခြင်းစသည့် ပညာရေးအကျိုးတရားများကို ဘ-ကကျောင်းများက ပါဝင်ကူညီလျက် နိုင်ငံတာဝန်ကို ထမ်းရွက်နိုင်ခဲ့ကြပါသည်။ ၁၉၅၈ ခုနှစ် လူထုပညာရေးကောင်စီ ရုပ်သိမ်းရေး အက်ဥပဒေအမှတ် (၆) အရ၊ ထိုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှအစပြုကာ လူထုပညာရေးကောင်စီကို လူမှုဝန်ထမ်းဌာနနှင့် ပူးပေါင်းပေးခဲ့သည်။ လူထုပညာရေးမှူးများကိုလည်း ပညာရေးဌာနသို့ လွှဲပြောင်းပေးခဲ့သည်။ ၁၉၆၂ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့မှစ၍ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေးလုပ်ငန်းသည် ပညာရေးဌာနလက်အောက်သို့ရောက်ရှိသွားခဲ့ပေသည်။

## တော်လှန်ရေးခေတ် ဘ-က ပညာရေး

## (၁၉၆၂-၁၉၇၂)

အခြေခံပညာဦးစီးဌာန လက်အောက်တွင် ဘ-က ဌာနစိပ်တခု ဖွင့်ခဲ့သည်။ ဌာနစိပ်မှူးနှင့် လက်ထောက်ဌာနစိပ်မှူးများခန့်ထားဆောင်ရွက်စေခဲ့သည်။ ဘ-က ပညာရေးမှူး (၅၀)ကို ခန့်ထားပြီး ဘ-က ပညာရေးရှင်သန်ရန် ကြိုးပမ်းခဲ့သည်။ ဘ-က မှူးများ သင်တန်းပေးခြင်း ဘ-က ကျောင်းများပြန်လည်မှတ်ပုံတင်ခြင်း၊စာအုပ်စာတန်းဆက်ကပ်လှူဒါန်းခြင်း၊ ဘ-က ဆရာတော်များ နှီးနှောဖလှယ်ပွဲကျင်းပခြင်း၊ ဘ-ကပညာရေးနှင့်စပ်လျဉ်း၍ ခရိုင်တွင်းပညာရေးအရာရှိများ ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်း၊ ဘ-က သင်ရိုးသင်နည်း ခေတ်မှီတိုးတက်အောင် ကြိုးပမ်းခြင်း၊ ဘ-က စတုတ္ထတန်း စာစစ်ဘုတ်အဖွဲ့များကို ဘ-က ဌာနစိပ်၏ ဦးဆောင်မှုဖြင့် စာပြဆရာတော်များကိုယ်တိုင်ဖွဲ့စည်းစေပြီး လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပေသည်။

သို့သော် ၁၉၇၂ ခုနှစ်တွင် ဘ-က ဌာနစိပ်ကို ဖျက်သိမ်းခဲ့သည်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံ ကျေးရွာများတွင်မူ ဘုန်းတော်ကြီးကျောင်းများသည် မိမိအစဉ်အလာမပျက် ဆက်လက်ရှင်သန်လျက် ဘာ

သာ သာနာ ပညာအမွေအနှစ်ကို ပေးဝေဖြန့်ချီလျက်သာ ရှိနေဆဲပင် ဖြစ်ပေသည်။

အချုပ်အားဖြင့်ဆိုသော် အထက်ပါ သုံးသပ်ချက် ပေါင်းချုပ်ကို ထောက်ရှုခြင်းအားဖြင့် ဘ-က ပညာရေးနှင့်စပ်လျဉ်း၍ သုတေသီသည် ဤသို့ထင်မြင်မိပေသည်။

(၁) မြန်မာနိုင်ငံသို့ ဗုဒ္ဓဘာသာ ရောက်ရှိပျံ့နှံ့ခဲ့ပြီး ဘုန်းတော်ကြီးကျောင်းများ ပေါ်ထွန်းခဲ့ခြင်းကြောင့် မြန်မာများအဖို့ အကျိုးများစွာ ဖြစ်ထွန်းခဲ့သည်။ အမျိုးသားစည်းရုံးရေး၊ယဉ်ကျေးမှု၊ စာပေအနုပညာ၊ ပညာရေးစသည်တို့တွင် တိုးတက်ခဲ့သည်။

(၂) ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်တို့သည် ပဒေသရာဇ် ခေတ်များဖြစ်ကြသည်။ ယင်းခေတ်များ၏ ယေဘုယျ စရိုက်လက္ခဏာများမှာ- ပညာရေးသည် ဘုန်းကြီးကျောင်းများတွင် သင်ကြားသည့် ဘာသာရေးယှဉ်သော ပညာရေးဖြစ်ခဲ့သည်။ သိပ္ပံပညာရပ်များ၌လည်း နက္ခတ်ပညာနှင့် အင်္ဂါယတ်ပညာများသာ ဖြစ်ထွန်းခဲ့သည်။ သိပ္ပံပညာထက် ဒဿနိကဗေဒ လေ့လာသင်ယူခြင်းက ပိုမိုထွန်းကားသည်။ အနုပညာနှင့် စာပေမှာလည်း အများအားဖြင့် ဘာသာရေးနှင့် ရောပြွန်း၍ ရှင်သန်ကြီးထွားခဲ့ရသည်။ စီးပွားရေးအားဖြင့် နိုင်ငံ၏ ပတဝီအနေအထား ရာသီဥတုကြောင့်လည်းကောင်း၊ လူဦးရေ နည်းသောကြောင့်လည်းကောင်း၊ သဘာဝစီးပွားရေးစနစ်တွင် ရောင့်ရဲတင်းတိမ် ကျေနပ်ခဲ့ကြသည်။ ၁၀ ရာစုမှ ၁၉ ရာစုနှစ် ပထမအစိတ်အပိုင်းအထိ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေးသဘောတရားများ အခြေခံကျကျ ပြောင်းလဲမှုမရှိခဲ့ချေ။ သို့သော် အနောက်တိုင်းယဉ်ကျေးမှုနှင့် ထိတွေ့လာသောအခါ ခေတ်သစ်ပညာရေးရည်မှန်းချက် သင်ရိုးနှင့် သင်နည်းများကို အထိုက်အလျောက်သာ အသင့်အတင့် လက်ခံခဲ့သော်လည်း

ဘ-က အများစုမှာ အစဉ်အလာကိုသာ မက်မောတွယ်တာ မြတ်နိုးခဲ့သည်။

သို့ဖြစ်၍ ခေတ်သစ်လူ့အဖွဲ့အစည်း၏ လောကီလိုအင်များမဖြည့်စွမ်းရကား ကမ္ဘာပေါ်ရှိ အခြားသာသာနာပြုကျောင်းများသို့ ခေတ်မီတိုးတက်ခြင်းမရှိခဲ့ပေ။ သို့သော် ဘ-က ပညာရေးသမိုင်းတွင် အရညဝါသီကျောင်းများကြောင့် ဗုဒ္ဓဘာသာ လောကုတ္တရာ ထွန်းကားရသကဲ့သို့ ဂါမဝါသီပွဲကျောင်းများကြောင့်လည်း လောကီပညာရပ်များ ထွန်းကားခဲ့သည်။ မတိမ်မြုပ်အောင် စောင့်ရှောက်ထိန်းသိမ်းခဲ့သည်။

(၃) ဘ-က ပညာရေးနှင့် ပတ်သက်၍ သမိုင်းတလျှောက်တွင် ဦးဆောင်သည့် လူပုဂ္ဂိုလ်[1]၊ ရဟန်းပုဂ္ဂိုလ်တို့၏ စွမ်းဆောင်မှုပေါ်မူတည်ပြီး ဆန်းသစ်သည့် ပညာရေးလှုပ်ရှားမှုများ[2] ပေါ်ခဲ့ရသည်။ ယင်းလှုပ်ရှားမှုကို အသင်းအဖွဲ့များ[3] က အသက်ဝင်အားကောင်းစေခဲ့သည်။ ထို့ကြောင့် အသင်းအဖွဲ့နှင့် လှုပ်ရှားမှုသည် ဦးဆောင်ဂိုလ်ပေါ်တည်ကြောင်း၊ နိုင်ငံ၏အခြေအနေနှင့် ဆက်စပ်နေကြောင်း တွေ့ရပေသည်။

## (ခ) တိုက်တွန်းလွှာ

'သုတေသန'ဆိုသည်မှာ ပြီးဆုံးပြီဟုမဆိုသာ၊ ရေအလျဉ် အဆက်မပြတ်စီးဆင်းနေသကဲ့သို့ပင် 'သုတေသန'ရှာမှီးခြင်း၌ အစဉ်အဆက်ဖြည့်စွက်နေရမည်သာဖြစ်ပေသည်။ ယခုပြုစုပြီးသောကျမ်းသည်အတိုင်းအတာတခုအနေဖြင့် ပြီးဆုံးပါပြီဟု ဆိုခဲ့သော်လည်း ပြည့်စုံပြီ၊ ဖြည့်စွက်စရာမလိုဟုမဆိုသာ၊ မဆိုကောင်းချေ။ နောင်လာ သုတေသီများသည် ယခုကျမ်းတွင် ကောင်းမွန်သောအချက်များကိုတွေ့ရှိပါက၊ ပို၍ကောင်းမွန်အောင် ဖြည့်စွက်ကြရန်၊ ဟာကွက်၊ ချို့တဲ့ချက်များတွေ့ပါက ပယ်ဖျက်ချင်းချန်ရန် လိုအပ်သည်တို့ကို တိုးတက်ရှာဖွေထပ်တိုးရန် လိုဦးမည်သာဖြစ်ပေသည်။ သို့ရာတွင် ယခုသုတေသီ တင်သွင်းသော ကျမ်းသည်ပြည့်စုံကောင်းမွန်လှသော ကျမ်းကောင်းကျမ်းမြတ်ဟူ၍ မဆိုဝံ့သော်

---

1. Man
2. Movement.
3. Institution.

လည်း နေ့ခင်းလာသုတေသီတို့ပြုစုကြမည့်ကျမ်းအတွက် အထောက်အပံ့ ရလိမ့်မည်ဟူ၍ကား ဆိုနိုင်ပါ၏။ ဤကဲ့သို့ အထောက်အပံ့ ရလျှင်ပင် သုတေသီအနေဖြင့် အချိန်ယူ စုဆောင်းရှာဖွေပြုစုခဲ့ရသော ဤကျမ်းကိုပြုစုရကျိုးနပ်ပြီဟု ယူဆပါသည်။

ပညာရပ်တခုတွင် သုတေသနမရှိလျှင် ရေစီးမရှိသော အင်းအိုင်နှင့် အလားတူလျက် တိုးတက်မှုမရှိနိုင်ပါ။ သုတေသနသည် ပညာရပ်ကို မွတ်တိုက်အားဖြည့်ပေးနိုင်သည်ဖြစ်ရာ တိုးတက်မှုကိုလိုလားသောအမျိုးကောင်းသားသမီးတို့သည် နိုင်ငံအတွက် နိုင်ငံ၏လိုအင်၊ ပညာရေးလိုအပ်ချက်တို့ကို ဖြည့်စွက်ပေးနိုင်မည့် ပညာရေးသုတေသနကျမ်းကောင်းကျမ်းမြတ်အစောင်စောင်ကို အားသွန်ကြိုးပမ်းလျက် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသလောက် အားထုတ်ပြုစုနိုင်ကြပါစေဟူ ဆုတောင်းဆန္ဒပြု တိုက်တွန်းလျက် ဤကျမ်းကို နိဂုံးချုပ်အပ်ပါသတည်း။

ကျမ်းပြီးနှစ်၊ ၁၉၇၇ ခုနှစ်၊ အောက်တိုဘာလ၊ ၁၀ရက်။

# ကျမ်းကိုးစာရင်း


၁။ ကုလား၊ဦး။ မဟာရာဇဝင်ကြီး၊ ပထမအုပ်၊မြန်မာနိုင်ငံ သုတေသနအသင်း၊ ရန်ကုန်၊ ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက်၊ ၁၉၆၀၊ (၄၄၀) စာမျက်နှာ။

၂။ ကျော်သက်။ ဒေါက်တာ။ ပြည်ထောင်စု မြန်မာနိုင်ငံသမိုင်း၊ ရန်ကုန်၊ အင်းဝတိုက်၊ ၁၉၆၂၊ (၅၄၃) စာမျက်နှာ။

၃။ ကြန်၊မ။ ၁၈၂၄ မှ ၁၈၈၅ ရခိုင်ပြည်၊ ပညာရေး အခြေအနေ၊ သမိုင်းတံခွန်၊ အတွဲ ၁၊ စာစောင်(၁)၊ ၁၉၆၀၊ (၁၀၂)စာမျက်နှာ။

၄။ ကြန်၊ဒေါ်။ သီပေါမင်း ပါတော်မူချိန်၊ ဗြိတိသျှမြန်မာနိုင်ငံ၏ ပညာရေးအခြေအနေ၊ မြန်မာနိုင်ငံ သုတေသနအသင်း ဂျာနယ်၊ အတွဲ(၄၉) အပိုင်း(၂)၊ ၁၉၆၆၊ (၁၀၂) စာမျက်နှာ။

၅။ ချစ်မောင်၊သခင်၊ ဝိဒူရ။လွတ်လပ်ရေးရပြီးနောက် မြန်မာပြည်၊ ရန်ကုန်၊ ပုဂံ၊ ၁၉၆၉(၂၅၀)စာမျက်နှာ။

၆။ စိုးရင်၊ သိပ္ပံ။မြန်မာနိုင်ငံ အုပ်ချုပ်ရေးသမိုင်း၊ ရန်ကုန်၊ ပင်းယ စာပေ(ခုနှစ်မပါ)၊ (၂၂၂)စာမျက်နှာ။

၇။ တော်စိန်ခို၊ မစ္စတာ။လွှတ်တော်မှတ်တမ်း၊ ရန်ကုန်၊ နိုင်ငံတော် အစိုးရပုံနှိပ်ရေးနှင့် စာရေးကိရိယာဌာန၊ ၁၉၆၀။

၈။ တင်အောင်၊ဗန်းမော်။ကိုလိုနီခေတ် မြန်မာနိုင်ငံသမိုင်း၊ရန်ကုန်၊ ပြည်သူ့အလင်း၊ ၁၉၆၄(၃၈၄)။

၉။ တင်လှ၊ဦး။ပုဂံခေတ်ပညာသင်ကြားရေး၊ ရန်ကုန်၊ တက္ကသိုလ် ဆရာများ စာစောင်၊ အတွဲ ၂၊ အမှတ် ၁၊ ၁၉၆၁ (၆၂)စာမျက်နှာ။

၁၀။ ထွန်းဖေ၊ဦး။ မြန်မာ့စာနိဒါန်း၊ ရန်ကုန်၊ ပညာအလင်း၊ ၁၉၅၅ (၂၄၉)စာမျက်နှာ။

၁၁။ တင်လှ၊ဦး။ မြန်မာမှု၊ ရန်ကုန်၊ မောင်မျိုးညွန့် စာပေ၊ ၁၉၆၆ (၁၉၉)စာမျက်နှာ။

၁၂။ ထွန်းသိန်း၊ ဦး။ မင်္ဂလသုတ် မြန်မာဋီကာ၊ မြောင်းမြ၊ မင်္ဂလာစာ မေး ပွဲ ကြီး ကြပ် ရေး အဖွဲ့၊ ၁၉၅၀၊ (၂၇၂) စာမျက်နှာ။

၁၃။ နု၊ဦး၊ဝန်ကြီးချုပ်။ ငါးနှစ်ရာသီ ဗမာပြည်၊ ရန်ကုန်၊ မြန်မာပြည် စာအုပ်တိုက်၊ ၁၉၆၃ (၃၂၄)စာမျက်နှာ။

၁၄။ နန်းညွန့်ဆွေ။ ဟံသာဝတီ ဆုံးမ စာ ပေါင်း ချုပ်၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၀ (၄၇၃) စာမျက်နှာ။

၁၅။ ဖိုးလတ်၊ ဦး။ ရှေးဟောင်းမြန်မာရာဇဝင်နှင့်ယဉ်ကျေးမှု သုတေသန၊ ရန်ကုန်၊ပညာနန္ဒ၊ ၁၉၆၂၊ (၁၂၉)စာမျက်နှာ။

၁၆။ ဖိုးလတ်၊ ဦး။ မြန်မာစကား အဖွင့်ကျမ်း၊ ပထမတွဲ၊ ရန်ကုန်၊ ပညာနန္ဒ၊ ၁၉၅၂(၃၂၃)စာမျက်နှာ။

၁၇။ ဖေမောင်တင်၊ ဦး။ မြန်မာစာပေသမိုင်း၊ ရန်ကုန်၊ အောင်စည် စာပေတိုက်၊ ၁၉၇၁၊ (၄၈၈)စာမျက်နှာ။

၁၈။ ဘတင်၊ ဦး။ ရွှေပြည်၊ မြန်မာစာပေလောက၊ မန္တလေး၊ ကမ္ဘာ့ခေတ်၊ ၁၉၆၇(၁၅၆)စာမျက်နှာ။

၁၉။ ဘခင်၊ ဦး။ ဟံသာဝတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၊ နိုင်ငံခြား သာသနာပြု အဖွဲ့များ၊ ဟံသာဝတီ၊ ၁၉၆၃ (၇၇) စာမျက်နှာ။

၂၀။ မင်းသုဝဏ်။ ပန်းနှင့်ပင်စည်၊ မန္တလေးကမ္ဘာ့ခေတ်၊ ၁၉၆၅· (၃၅၃)စာမျက်နှာ။

၂၁။ မင်းသုဝဏ်။မြန်မာစာမြန်မာမှု၊ရန်ကုန်၊ ပုဂံ၊၁၉၆၆၊ (၃၇၄). စာမျက်နှာ။

၂၂။ မင်းယုဝေ။ မြန်မာကလေးလူငယ် သုတစာပေ၊ သုတစာပေ စာတမ်းဖတ်ပွဲ၊ ၁၉၇၇။

၂၃။ မောင်သော်။ ကုန်းဘောင်ခေတ်စစ်တမ်း၊ရန်ကုန်၊ဂုဏ်ထူးစာပေ ၁၉၆၆။

၂၄။ မောင်သော်။ အိန္ဒိယမြန်မာ ဆက်ဆံရေး မှတ်တမ်း၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၆၆(၂၄၅)စာမျက်နှာ။

၂၅။ မောင်သုတ။ စာဆိုတော်များအတ္ထုပ္ပတ္တိ၊ပထမအကြိမ်၊ရန်ကုန်၊ ရှုမဝတိုက်၊ ၁၉၆၂ (၈၃၀) စာမျက်နှာ။

၂၆။ မောင်မြန်မာ။ လက်သစ်တောင်တာ၊ဒိကျောင်းသား အတွဲ(၈) ရန်ကုန်၊ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြန်ကြားရေးဌာန၊ ၁၉၆၉ (၉၆) စာမျက်နှာ။

၂၇။ မောင်မောင်တင်၊ဦး။မဟာဝိဇ္ဇာ၊ကျောင်းပုဏ္ဏာ၊ ရန်ကုန်၊ ရှုမဝ၊ အတွဲ ၂၉၊ အမှတ် ၃၄၇၊ ၁၉၇၇။

၂၈။ မြင့်မြင့်သန်း၊ ဒေါ်။ မင်းတုန်းမင်းလက်ထက် သာသနာရေးရာ ဖွဲ့စည်းအုပ်ချုပ်ပုံ တက္ကသိုလ် ပညာပဒေသာ စာစောင်၊ အတွဲ ၇၊ အပိုင်း ၃၊ ၁၉၇၂။

၂၉။ လှဖေ၊ ဒေါက်တာ။ မြန်မာစာပေ ညွှန်ခံစာတမ်း၊ မန္တလေး၊ တက်နေလင်း၊ ၁၉၆၉ (၂၁၁) စာမျက်နှာ။

၃၀။ လှသမိန်။ ဝေါဟာရ သင်္ချာနည်းများ၊ ရန်ကုန်၊ ယဉ်ကျေးမှု စာစောင် (ခုနှစ်မပါ)။

၃၁။ လှဦး၊ လူထု။ သတင်းစာများ ပြောပြတဲ့ စစ်တွင်းဗမာပြည်၊ ပထမတွဲ၊ မန္တလေး၊ လူထု (၃၁၁)စာမျက်နှာ။

၃၂။ ............သတင်းစာများပြောတဲ့ စစ်တွင်းဗမာပြည်၊ ဒုတိယတွဲ၊ မန္တလေး၊ လူထု၊ ၁၉၆၈၊(၃၄၄)စာမျက်နှာ။

၃၃။ ............သတင်းစာများပြောပြတဲ့ စစ်တွင်းဗမာပြည်၊ တတိယတွဲ၊ မန္တလေး၊ လူထု၊ ၁၉၆၈၊ (၃၃၅)စာမျက်နှာ။

၃၄။ ............သတင်းစာများပြောပြတဲ့စစ်တွင်းဗမာပြည်၊ စတုတ္ထတွဲ၊ မန္တလေး၊ လူထု၊၁၉၆၈(၃၄၀) စာမျက်နှာ။

၃၅။ ............သတင်းစာများ ပြောပြတဲ့ စစ်ပြီးဗမာပြည်၊ မန္တလေး၊ လူထု၊ ၁၉၆၉(၃၃၅)စာမျက်နှာ။

၃၆။ ဝင်မွန်၊ဦး။ အင်းဝခေတ်ပညာရေးရှုဆောင်၊ တက္ကသိုလ်ပညာပဒေသာစာစောင်၊ အတွဲ-၂၊ အပိုင်း-၁၊ ၁၉၆၇။

၃၇။ သာဂရ၊ ဦး။သုဘာသန္ဒိစပယ်မူကျယ်ကျမ်း၊ ရန်ကုန်၊ ဂုဏ္ဍာသယပိဋကတ်ပုံနှိပ်တိုက်(နှစ်မပါ)။

၃၈။ သန့်၊ဦး။ ပြည်တော်သာခရီး၊ ပဌမပိုင်း၊ ရန်ကုန်၊ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း၊ ၁၉၆၁၊ (၂၆၅) စာမျက်နှာ။

၃၉။ ..................ပြည်တော်သာခရီး၊ ဒုတိယပိုင်း၊ ရန်ကုန်၊ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း၊ ၁၉၆၁၊ (၃၄၄) စာမျက်နှာ။

၄၀။ သန်းထွန်း၊ ဒေါက်တာ။ဖတ်စာအုပ်သမိုင်း၊ လူ့မိတ်ဆွေစာအုပ်မန္တလေး၊ လူထု၊ ၁၉၇၃ (၄၁၆) စာမျက်နှာ။

၄၁။.................... ခေတ်ဟောင်းမြန်မာရာဇဝင်၊ ရန်ကုန်၊ မဟာဒဂုံစာပေ၊ ၁၉၆၄ (၂၀၀) စာမျက်နှာ။

၄၂။ .... .... ....မြန်မာကျောက်စာ၊ ဘွဲ့လွန်သင်တန်းပို့ချချက်၊ မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ၁၉၆၆ (၁၁၇) စာမျက်နှာ။

၄၃။ ဟောက်သခင်၊ ဆရာကြီး။ ပထဝီဝင်ချုပ်၊ ရန်ကုန်၊ မြရာပင်၊ (၁၉၇၁) (၃၃၇) စာမျက်နှာ။

၄၄။ အေးမောင်၊ ဦး။ ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ၊ ဒုတိယပိုင်း၊ ရန်ကုန်၊ အေးအေးစာပုံနှိပ်တိုက်၊ ၁၉၆၄ (၂၆၀) စာမျက်နှာ။

၄၅။ ........... ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ၊ တတိယပိုင်း၊ ရန်ကုန်၊ အေးအေး စာပုံနှိပ်တိုက်၊ ၁၉၆၅ (၂၆၀) စာမျက်နှာ။

၄၆။ အုန်း၊ ဒေါ်။ပါဠိစာပေသမိုင်း၊ မန္တလေးတက္ကသိုလ်၊ သုတေသနစာစဉ်၊ ၁၉၅၆ (၂၇၄) စာမျက်နှာ။

၄၇။ ကျော်၊ ဦး။မြန်မာနိုင်ငံ အမျိုးသားပညာရေးသမိုင်း၊ ရန်ကုန်၊ ပုလဲပန်းစာပေ၊ ၁၉၇၀၊........

၄၈။ အရှင်ဝိလာသ။ဖာဟိယန်ခရီးစဉ်၊ (မြန်မာပြန်) ရန်ကုန်၊ လောကစာပေ၊ ၁၉၆၀၊ (၁၉၄) စာမျက်နှာ။

၄၉။ အရှင်ဇာဂရာဘိဝံသ။ ဗုဒ္ဓစာပေကဏ္ဍ၊ (မြန်မာပြန်) ရန်ကုန်၊ ပြည်သူ့အလင်းစာပေတိုက်၊ ၁၉၆၇။

## စာနယ်ဇင်းများ


၅၀။ အမျိုးသားနေ့နှင့်အမျိုးသားပညာရေးလှုပ်ရှားမှုသမိုင်း၊မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ၁၉၇၀ (၄၇၂)စာမျက်နှာ။

၅၁။ နှစ်ငါးဆယ်ယဉ်ကျေးမှုရေးရာ၊ဒုတိယတွဲ၊ရန်ကုန်ဘာသာပြန်စာပေးအသင်း၊ ၁၉၅၆၊ (၂၅၆) စာမျက်နှာ။

၅၂။ သံတော်ဆင့် လွတ်လပ်ရေးအထူးစာစောင်၊ သံတော်ဆင့်သတင်းစာတိုက်၊ ရန်ကုန်၊ ၁၉၄၈။

၅၃။ ဘုန်းတော်ကြီးကျောင်း၊ ပညာသင်ကြားရေးမော်ကွန်း၊ လူမှုဝန်ထမ်းဌာန၊ ၁၉၅၈။

၅၄။ ဘဝသစ်ဖန်တီးမှု ပညာရေးစီမံကိန်းနှင့် ဆိုင်ရာမိန့်ခွန်းများ၊ ရန်ကုန်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပုံနှိပ်ရေးနှင့် စာရေးကိရိယာဌာန၊ ၁၉၅၃၊ (၄၆) စာမျက်နှာ။

၅၅။ ဘဝသစ်ဖန်တီးမှုပညာစီမံကိန်း၊ပြန်ကြားရေးဌာန၊စာစဉ်အမှတ် (၃)၊ ၁၉၅၅ (၆၄) စာမျက်နှာ။

၅၆။ ပါတီရေးရာသတင်းစဉ်၊ အတွဲ- ၁၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ၁၉၇၁၊ (၅၀) စာမျက်နှာ။

၅၇။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၈) ရန်ကုန်၊ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း (၅၀၀) စာမျက်နှာ။

၅၈။ .... ....... ။ ... .... အတွဲ (၁၀)၊ ရန်ကုန်၊ ဘာသာပြန်စာပေအသင်း၊ (၅၀၀) စာမျက်နှာ။

၅၉။ အခြေပြ မြန်မာနိုင်ငံရေးသမိုင်း၊ ပထမတွဲ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ၁၉၇၀ (၅၃၆) စာမျက်နှာ။

၆၀။ အမျိုးသားနေ့ ရွှေရတုသဘင် အထိမ်းအမှတ်စာစောင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ၊ ပြန်ကြားရေး ဝန်ကြီးဌာန၊ ၁၉၇၀၊ (၂၀၄) စာမျက်နှာ။

၆၁။ ဒဿနစာစဉ်၊ အတွဲ(၁)၊ အမှတ်(၁)၊ ဒဿနိက ဗေဒဌာန၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ရန်ကုန်၊ ယောဂီပုံနှိပ်တိုက်၊ ၁၉၇၄ (၉၉) စာမျက်နှာ။

၆၂။ ပုဂံရက်သတ္တပတ်ဟောပြောချက်များ၊ မြန်မာနိုင်ငံ ရှေးဟောင်း သုတေသနဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ၊ ၁၉၆၁(၉၀) စာမျက်နှာ။

၆၃။ ပညာလမ်းညွှန်၊ ပြည်ထောင်စု မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်း ဆရာများအသင်းချုပ်၊ ရန်ကုန်၊ ငွေပဒေသာပုံနှိပ်တိုက်၊ ၁၉၅၇၊ (၅၉)စာမျက်နှာ။

၆၄။ လွတ်လပ်ရေးမရမီကနှင့် လွတ်လပ်ရေး ရပြီးနောက် ပညာရေး အခြေအနေ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၅၃(၃၂)စာမျက်နှာ။

## အစီရင်ခံစာများ

၆၅။ တိုင်းရင်းဘာသာပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာရေး ပြုပြင်စီမံမှု ကော်မီတီ၊ အစီရင်ခံစာ၊ ၁၉၃၆ (၆၄၀) စာမျက်နှာ။

၆၆။ ဘုန်းတော်ကြီး ကျောင်းများတွင် တိုင်းရင်းဘာသာ ပညာ သင်ကြားမှု စုံစမ်းရေးအဖွဲ့၏ အစီရင်ခံစာနှင့် ဩဝါဒ စရိယဆရာတော်များ၏ ဩဝါဒကထာ၊ ၁၉၄၈(၈၃) စာမျက်နှာ။

၆၇။ ရန်ကုန်တက္ကသိုလ် နှစ်ငါးဆယ်ခရီး အစီရင်ခံစာ၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ၊ ပညာရေး ဝန်ကြီး ဌာန၊ ၁၉၇၀(၄၅) စာမျက်နှာ။

၆၈။ မြန်မာနိုင်ငံတော် ပညာရေး ပြက္ခဒိန် (၁၉၅၈-၅၉) မြန်မာ နိုင်ငံတော် ပညာမင်းကြီးရုံး၊ ၁၉၅၉(၉၈)စာမျက်နှာ။

69. Octennial Report on Education in Burma (1947-48 to 1954-55) 1956 (73) pp.
70. The Report of the Education Reconstruction Committee, 1947, (83) pp.
71. Report on the Administration of British Burma During 1883–1911, Med, Research Library, U Ba,(355)pp.
72. Report on the Administration of Burma for the year 1912–1937, Med, Research Library U Ba, (320) pp.
73. Report on the Situation of Buddhism in Burma, Union Buddha Sasana Council, Rangoon, 1954 (24) pp.
74. Report on the Situation of Buddhism in Burma, Union Buddha Sasana Council, Rangoon, 1956, (25) pp.
75. Report on the Situation of Buddhism in Burma, Union Buddha Sasana Council, Rangoon, 1958, (20)pp.
76. Annual Report on Education in the Hantha Waddy Division for the year 1944–45,
77. Education Code, Burma 1915.
78. Education in Ceylon, Centenary Volume part, I Ministry of Education and Cultural affairs, Government Press, Columbo, 1969,
79. Fiftieth Anniversary Publication No.2. Burma Research Society 1960, (546)pp.
80. Maung Maung, Dr, Burma in the Family of Nations, D Jambatan–Amsterdam, 1956, (236)pp.
81. Hall, D.G.E, A History of South–East Asia, London, Macmillan and Co–Ltd, 1956 (807)pp.
82. Furnivall, J-S, Colonial Policy and Practice, New York University Press, 1956, (568)pp.
83. Htin Aung, Maung, Folk Elements in Burmese Buddhism, O.U.P, 1962 (140)pp.

84. Htin 'ung, Maung, Burmese Monk's Tales, Columbia University Press, 1966(181)pp.
85. Ba, Vivion, The Beginning of Western Education in Burma, The Catholic Effort, JBRS, Vol.XLVII., Part.2, 1964.
86. Shwe Wa, Maung, Burma Baptist Chronicle Burma Baptist Convention, Rangoon, 1963, (448)pp,
87. Bode, M.H, The Pali Literature of Burma, Burma Research Society. Rangoon, 1965 (119)pp.
88. Humphreys, Christmas, Buddhism, A Pelican Book, 1954, (256)pp.
89. Nehru, Jawahalal, The Discovery of India Meridian Books Limited London, 1960, (592)pp.
90. Khaing, Mi Mi, Burmese Family, Orient Longmans 1962, (140) pp.
91. Nu, Thakin, Burma under the Japanese, Macmillan and Co Ltd, New York: St Martin's Press, 1954, (132) pp.
92. Kaung, U, History of Education in Burma, Before the British conquest and After JBRS, Vol XLVI, Part II. 1963 (128) pp.
93. Eliot, Charles, Sir, Hindunism and Buddhism, Routledge and Kegan Paul Ltd, 1957, (345) pp.

နောက်ဆက်တွဲ (က)

## ဘုန်းတော်ကြီးကျောင်းများသို့ဆက်ကပ်လှူဒါန်းခဲ့သော စာအုပ် စာရေးကိရိယာ ပရိဘောဂစာရင်း

| | | | | |
|---|---|---|---|---|
| ၁။ | ရည်ညွှန်းချက်စာအုပ်များ | .... | ၃၉ | မျိုး |
| ၂။ | ပညာသင်စာအုပ်များ | | | |
| | (က) သူငယ်တန်းစာအုပ် | .... | ၄ | မျိုး |
| | (ခ) ပထမတန်း ။ | .... | ၁၀ | မျိုး |
| | (ဂ) ဒုတိယတန်း ။ | .. | ၁၁ | မျိုး |
| | (ဃ) တတိယတန်း ။ | .... | ၉ | မျိုး |
| | (င) စတုတ္ထတန်း ။ | .... | ၁၂ | မျိုး |
| ၃။ | စာရေးကိရိယာ | .... | ၂၁ | မျိုး |
| ၄။ | ပရိဘောဂ | .... | ၃ | မျိုး |

## ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေးပစ္စည်းများစာရင်း

### ရည်ညွှန်းချက်စာအုပ်များ

၁။ မြန်မာစာသတ်ညွှန်းကျမ်း
၂။ သီရိမင်္ဂလာပရိတ်တော်
၃။ ရတနာ့ဂုဏ်ရည်
၄။ ကိုယ်ကျင့်အဘိဓမ္မာ
၅။ ရုပ်စုံဗုဒ္ဓသာသနာဝင်
၆။ ဆရာများအကြံပေးလက်စွဲ
၇။ ကျောင်းတွင်းဒီမိုကရေစီ
၈။ ကစားနည်းညွှန့်ပေါင်း
၉။ ကလေးကဗျာ
၁၀။ ဗုဒ္ဓဘာသာလက်စွဲ(ပ)တွဲ၊ အပိုင်း(ခ)
၁၁။ ဗုဒ္ဓဘာသာလက်စွဲ(တ)တွဲ
၁၂။ ရာဇဝင်ဖတ်စာ(ပ)တွဲ
၁၃။ သူငယ်တန်းခေတ်သစ်မြန်မာစာသင်နည်း

၁၄။ မြန်မာ့စွယ်စုံကျမ်း အတွဲ (၁)
၁၅။ ၎င်း (၂)
၁၆။ ၎င်း (၃)
၁၇။ နှစ်ငါးဆယ် သိပ္ပံရေးရာ
၁၈။ ။ သယ်ယူပို့ဆောင်ရေး
၁၉။ ။ ကမ္ဘာ့ရေးရာ (ပ) တွဲ
၂၀။ ။ ။ (ဒု) တွဲ
၂၁။ ။ ။ (တ) တွဲ
၂၂။ ။ ယဉ်ကျေးမှုရေးရာ(ပ)တွဲ
၂၃။ ။ ။ (ဒု)တွဲ
၂၄။ ။ လူမှုရေးရာ
၂၅။ နည်းသစ်ကမ္ဘာ့ပထဝီစာစောင် (၁)
၂၆။ ။ (၂)
၂၇။ မူလတန်းဂဏန်းသင်္ချာစာစောင် ၁(က)
၂၈။ ပျက်အစဉ်ပြင်ခဏ
၂၉။ အထွေထွေသင်ပြနည်း
၃၀။ အထွေထွေသိပ္ပံသင်ပြနည်း
၃၁။ လူထုသိပ္ပံကျမ်း အတွဲ(၁)
၃၂။ ။ (၂)
၃၃။ ။ (၃)
၃၄။ ။ (၄)
၃၅။ ။ (၅)
၃၆။ ။ (၆)
၃၇။ ကမ္ဘာ့အကြောင်းပထဝီသင်္ခန်းစာ
၃၈။ မြန်မာပြည်ပထဝီသင်္ခန်းစာ
၃၉။ အနာဂါတ်သာသနာ

**ပညာသင်စာအုပ်**

**သူငယ်တန်း**

၁။ သင်ပုန်းကြီး ၂ စောင်တွဲ
၂။ မြန်မာဖတ်စာ (လင်းရောင်ခြည်)
၃။ ခေတ်မူလတန်းဖတ်စာ
၄။ သူငယ်တန်းဂဏန်းသင်္ချာသစ်(ဆရာကိုင်)

### ပထမတန်း

၁။ ပထမတန်းမြန်မာဖတ်စာ(လင်းရောင်ခြည်)
၂။ ။ ။ (ဘာသာပြန်)
၃။ ။ ဂဏန်းသင်္ချာ(အိုဝင်ဒေး)
၄။ ။ ဂဏန်းသင်္ချာသစ်(ဆရာကိုင်)
၅။ ။ ။ ။ (တပည့်ကိုင်)
၆။ ။ အိမ်တွင်းမှုသိပ္ပံ
၇။ ။ အထွေထွေသိပ္ပံ
၈။ အခြေခံအထွေထွေသိပ္ပံ(ပ)တွဲ
၉။ သားချော့သီချင်း
၁၀။ သဲမြေပထပီရုပ်စုံ

### ဒုတိယတန်း

၁။ ဒုတိယတန်း မြန်မာဖတ်စာ (လင်းရောင်ခြည်)
၂။ ။ ။ ( ဒေါင်း )
၃။ ။ ။ (ဘာသာပြန်)
၄။ ဒုတိယတန်းဂဏန်းသင်္ချာသစ်(ဆရာကိုင်)
၅။ ။ ။ (တပည့်ကိုင်)
၆။ ။ ။ (အိုဝင်ဒေး)
၇။ ။ အိမ်တွင်းမှုသိပ္ပံ
၈။ ။ အထွေထွေသိပ္ပံ
၉။ အခြေခံအထွေထွေသိပ္ပံပညာ(ဒု)တွဲ
၁၀။ ကဗျာ့ဥယျာဉ်
၁၁။ ပြည်သူ့နီတိနှင့်ကျန်းမာခြင်း။

### တတိယတန်း

၁။ တတိယတန်း မြန်မာဖတ်စာ (ဒေါင်း)
၂။ တတိယတန်း မြန်မာဖတ်စာ (ဘာသာပြန်)
၃။ ။ ဂဏန်းသင်္ချာသစ်(တပည့်ကိုင်)
၄။ ။ ။ (အိုဝင်ဒေး)
၅။ အခြေခံအထွေထွေသိပ္ပံပညာ(တ)တွဲ
၆။ မူလတန်းပြည်သူ့နီတိ

၇။ လက်တွေ့မြန်မာစာစီစာကုံး
၈။ မြန်မာ့တခွင်ခရီးစဉ်
၉။ မြန်မာ့သမိုင်းပုံပြင်(ပ)တွဲ

**စတုတ္ထတန်း**

၁။ စတုတ္ထတန်းမြန်မာဖတ်စာ (ဒေါင်း)
၂။ ။ ။ (ဘာသာပြန်)
၃။ ။ ဂဏန်းသင်္ချာ (တပည့်ကိုင်)
၄။ ။ ။ (အိုဝင်ဒေး)
၅။ လက်တွေ့မြန်မာစာစီစာကုံး(ဒု)တွဲ
၆။ မြန်မာသမိုင်းပုံပြင် (ဒု)တွဲ
၇။ သီချင်းပဒေသာ
၈။ ယာဉ်ခေတ်ကမ္ဘာ့ခရီးစဉ်
၉။ ပြည်ထောင်စုသမိုင်းမှတ်တိုင်
၁၀။ ကမ္ဘာ့သဘာဝ အပိုင်းအခြားကြီးများ
၁၁။ မြန်မာနိုင်ငံသဘာဝအပိုင်းအခြားကြီးများ
၁၂။ ကျွန်ုပ်တို့တိုင်းပြည်

**စာရေးကရိယာ(ဆရာကိုင်)**

(က) ၁။ ကျောင်းဝင်မှတ်ပုံတင်(က)စာရင်း
၂။ ကျောင်းခေါ်ချိန်(ခ)စာရင်း
၃။ ကျောင်းပြောင်းလက်မှတ်
၄။ မိတ္တူကူးစာအုပ်
၅။ လချုပ်ပုံစံ
၆။ ဖိုင်ဖုံး
၇။ မျဉ်းတံ
၈။ မင်တံ

(ခ) ၁။ မင်ခံစက္ကူ
၂။ အလွှတ်စာရွက်
၃။ မြေဖြူ
၄။ ခဲတံနီပြာ
၅။ ခဲတံရိုးရိုး
၆။ စာအိတ်(အကြီး)
၇။ စာအိတ်(အငယ်)
၈။ မင်နှိပ်
၉။ မင်အိုး
၁၀။ ကလောင်သွား

စာရေးကိရိယာ(ကျောင်းသားများ)

၁။ ကျောက်သင်ပုန်း
၂။ ကျောက်တံ
၃။ ဘလာစာအုပ်

ကျောင်းသားပရိဘောဂ

၁။ ကျောင်းသုံးသင်ပုန်းကြီး
၂။ အဖျက်
၃။ မြန်မာပြည်မြေပုံကားချပ်

နောက်ဆက်တွဲ (ခ)။

## ဘုန်းတော်ကြီးကျောင်း မှတ်ပုံတင်ပုံစံ

မှတ်ချက်။ ။ဤမှတ်ပုံတင်ပုံစံကို လူထုပညာရေးမှူးကသာ ပြည့်စုံစွာ ရေးထည့်ရမည် ဖြစ်ပါသည်။

| | |
|---|---|
| ၁။ ဘုန်းတော်ကြီးကျောင်း တည်ရာ ဌာန၊ | ...........ခရိုင် .... .... မြို့နယ်<br>........ ............... ကျေးရွာ |
| ၂။ ၎င်းကျေးရွာရှိ အိမ်ခြေပေါင်း၊ | .... .... .... .... ................... |
| ၃။ အိမ်ထောင်ဦးရေနှင့် လူဦးရေ၊ | အိမ်ထောင် ပေါင်း.... ....<br>လူဦးရေပေါင်း .... ... ... |
| ၄။ ၎င်း ရွာ ရှိ ကျောင်း သား ရွယ် ကလေးပေါင်း(၆ နှစ်မှ ၁၂ နှစ် အထိ) | ကျား.... .... .... မ ...........<br>ပေါင်း.... ......................... |
| ၅။ ဘုန်းတော်ကြီး ဘွဲ့တော်၊ | ............... .... .... ........... |
| ၆။ သက်တော်နှင့်သိက္ခာဝါတော်၊ | သက်တော် ...ဝါတော်.... |
| ၇။ ဘုန်း တော်ကြီး ၏ ကိုယ် တိုင် လက် တွေ့ သင် ကြား သော အ တန်းရှိ တပည့်ဦးရေ၊ | သူငယ်-ကျား....မ....ပေါင်း<br>ပထမ-ကျား... မ....ပေါင်း<br>ဒုတိယ-ကျား....မ ...ပေါင်း<br>တတိယ-ကျား....မ....ပေါင်း<br>စတုတ္ထ-ကျား....မ....ပေါင်း |
| မှတ်ချက်။ ။လူထုပညာရေးမှူး၏ ပညာရည် အလိုက် ခွဲ ခြား ၍ စာ ရင်း မှတ်ရန်။ | ........... .......... ..................<br>ပေါင်း - ကျား....မ....ပေါင်း<br>...................... .... ............... |
| ၈။ ဘုန်းတော်ကြီး အောင်မြင်တတ် မြောက်ပြီး ပရိယတ္တိ စာမေးပွဲ များ၊ | .... .......... ........ .... ...............<br>....... ....... .... ... .... ........ .......<br>............... .......... ................ |
| ၉။ ဘုန်းတော် ကြီး ကိုယ်စား/အကူ အညီ၏ သိက္ခာတော် အောင်မြင် တတ်မြောက်ပြီးပရိယတ္တိစာမေး ပွဲများ၊ | .... ....... ....... ........ ........ ....<br>........... ........ ........ ........ ...<br>........ ....... ....... ........ ........<br>....... ... ........... .................... |
| ၁၀။ မှတ်ပုံတင်ပြီးနောက်တွင် တိုးလာ မည့် ကျောင်းသားဦးရေ၊ | ....... ... .... ....... ....................<br>ကျား.... မ.... .... ပေါင်း........ |

| | |
|---|---|
| ၁၁။ ၎င်းကျောင်း၏ အဆောက်အအုံ အကြောင်း၊ အကျယ် အဝန်း၊ အတိုင်း အတာ၊ နေရာထိုင်ခင်း၊ အမိုးအကာအခင်း၊ | ... ......... ...... .......... ........ |
| ၁၂။ ဘုန်းတော်ကြီး ကျောင်းရှိ သင်ကြားမှုဆိုင်ရာ ကျောင်းသုံး ပရိဘောဂအကြောင်း၊ | ................. .......... .......... |
| ၁၃။ အရေး၊အဖတ်၊အတွက်နှင့် နိုင်ငံတော်မှ လ တန်း ကျောင်း သင်ဘာသာရပ်များ သင်ကြားရန်။ | ............... ............... ........... |
| ၁၄။ ၎င်း ကျေး ရွာရှိ အ ခြား ဘုန်းတော် ကြီး ကျောင်း များ၊ ကျောင်း ထိုင် များ၊ ဘွဲ့တော်များနှင့် ကျောင်းသားဦးရေ။ | .......... ........ ..................... |

**မှတ်ချက်။** ။၎င်း ကျေး ရွာ ဆို သည် မှာ မှတ် ပုံ တင် ဘုန်းတော် ကြီး ကျောင်း တည်ရှိသောကျေးရွာကို ဆို လို ပါ သည်။

| | |
|---|---|
| ၁၅။ ၎င်းကျေးရွာတွင် နိုင် ငံ တော် ကျောင်း ရှိ/မရှိ၊ရှိလျှင် အတန်းလိုက် ကျောင်း သား ဦးရေနှင့် ဆရာဦးရေ၊ | အတန်း ကျား မ ဆရာ ဦးရေ<br>ပထမတန်း.... ... .... ........<br>ဒုတိယတန်း........ ........ ....<br>တတိယ တန်း .... ...........<br>စ တု တ္ထ တန်း ............... |
| ၁၆။ နိုင် ငံ တော် ကျောင်း တွင် အဆောက်အအုံ နေရာထိုင်ခင်း လုံလောက်/မလုံလောက်၊ | ................. ........... ........... |
| ၁၇။ ၎င်းနိုင်ငံတော်ကျောင်းတွင်ဆရာ လုံလောက်/မလုံလောက်၊ | ပေါင်း........... ............... |
| ၁၈။ ၎င်းကျေးရွာ၏ အနီးဆုံး နိုင်ငံတော် ကျောင်းရှိသော ကျေးရွာ အမည်များနှင့် အကွာ အဝေး၊ | ................................. |

| | | |
|---|---|---|
| | ကလေးသူငယ်များအသွားအလာ လွယ် မလွယ်။ | ........................................ |
| ၁၉။ | ၎င်းကျေးရွာ၏ ၂ မိုင်အတွင်းရှိ နိုင်ငံတော် ကျောင်း မရှိသော ကျေးရွာများအမည်နှင့် လူဦးရေ၊ | ........................................ |
| ၂၀။ | ပညာရေးမှူးကြည့်ရှုသော နေ့စွဲ၊ | ........................................ |
| ၂၁။ | ပညာရေးမှူး၏ အထွေထွေ မှတ်ချက်။ | ........................................ |

နောက်ဆက်တွဲ (ဂ)။

## လူထုပညာရေးဌာနများစာရင်း

### ၁။ ပဲခူးခရိုင်

| | |
|---|---|
| ၁။ ပဲခူးမြို့နယ် | ၁။ အင်းတကော်၊ ၂။ ဘုရားကြီး၊ ၃။ မရင်း၊ ၄။ ထုံးကြီး၊ ၅။ ပျဉ်ပုံကြီး။ |
| ၂။ ဝေါမြို့နယ် | ၆။ ဝေါ |
| ၃။ သနပ်ပင်မြို့နယ် | ၇။ သနပ်ပင်၊ ၈။ မင်းရွာ၊ ၉။ ကမာစ်၊ ၁၀။ တာဝရေတံခါး။ |
| ၄။ ကဝမြို့နယ် | ၁၁။ ကဝရွာသစ်၊ ၁၂။ ဖလေး၊ ၁၃။ အုန္နဲ၊ ၁၄။ မကြက်ကြီး၊ ၁၅။ သက္ကလ။ |
| ၅။ ဒိုက်ဦးမြို့နယ် | ၁၆။ ဒိုက်ဦး၊ ၁၇။ ကတုတ်။ |
| ၆။ ညောင်လေးပင် | ၁၈။ ညောင်လေးပင် (မုကွမူ)၊ ၁၉။ ပြွန်တန်ဆာ၊ ၂၀။ ကျောက်တံခါး |

### ၂။ အင်းစိန်ခရိုင်

| | |
|---|---|
| ၇။ အင်းစိန်မြို့နယ် | ၁။ ချော်တွင်းကုန်း၊ ၂။ တံတားကလေး၊ ၃။ စဥ့်ငူ၊ ၄။ သက်န်းကျွန်း၊ ၅။ ဆင်ခြေရွာ၊ ၆။ မှော်ဘီ၊ ၇။ ဇီးကုန်း၊ ဒညင်းကုန်းအုတ်ဖို၊ ၈။ အင်းစိန်ရွာမ၊ ၉။ လှော်ကား၊ ၁၀။ ဝါးနက်ချောင်း၊ ၁၁။ ပေါက်ကုန်း၊ ၁၂။ ထောက်ကြန့်။ |
| ၈။ လှည်းကူးမြို့နယ် | ၁၃။ ပိုက်ကြီးဝဲ၊ ၁၄။ ကျွန်းကလေး၊ ၁၅။ ဒရယ်ဘို၊ ၁၆။ လေးထောင့်ကန်၊ ၁၇။ ဒါးပိန်၊ ၁၈။ သနပ်ပြင်။ |

၉။ တိုက်ကြီးမြို့နယ် ၁၉။ မြောင်းတကာ၊ ၂၀။ ရှမ်းစု၊ ၂၁။ဖလုံ၊ ၂၂။သရက်ချောင်း၊ ၂၃။ရွှေမြယာကုန်း၊ ၂၄။မင်းရွာတလိုင်းကုန်း။

၃။ ဟံသာဝတီခရိုင်

၁၀။ သံလျင်မြို့နယ် ၁။ အလွှမ်းဆွတ်၊ ၂။ အလယ်ရွာ၊ ဘုရားကုန်း၊ ၃။ ချောင်းစောက်၊ ၄။ သူဌေးကွင်း၊ ၅။ ကုလားဝဲ၊ ၆။ ဘော့သပြေကန်၊ ၇။ ရုံးသကန်၊

၁၁။ ကျောက်တန်းမြို့နယ် ၈။ ကျောက်တန်း၊ ၉။ ကရပ်၊ ၁၀။ ဖလားပေတရာ၊ ၁၁။ ဥယျာဥ်၊ ၁၂။ သီလဝါ၊ ၁၃။ မဂ်လွန်း။

၁၂။ ခရမ်းမြို့နယ် ၁၄။ ခရမ်း။

၁၃။ သုံးခွမြို့နယ် ၁၅။ သုံးခွ၊ ၁၆။ ကဒပွန်၊ ၁၇။ ရေဘော်ကန်၊ ၁၈။ ပဒက္ကိုင်း၊ ၁၉။ ပတုတ်။

၁၄။ တွံတေးမြို့နယ် ၂၀။ တွံတေး၊ ၂၁။ ခလောက်ချိုက်၊ ၂၂။ ကန်ဘဲ့။

၅။ ကွမ်းခြံကုန်းမြို့နယ် ၂၃။ ကော့မှူး။

၄။ ဖျာပုံခရိုင်

၁၆။ ဖျာပုံမြို့နယ် ၁။ သမိန်ထော၊ ၂။ ကျုံကဒွန်း၊ ၃။ ချောင်းတွင်း၊

၁၇။ ကျိုက်လတ်မြို့နယ် ၄။ ခနောင်၊ ၅။ ကွင်းပေါက်၊

၁၈။ ဒေးဒရဲ ၆။ သဲကုန်း၊ ၇။စုကုလပ်၊ ၈။ ချောင်းဖျား၊ ၉။ တော်ကြပ်ကုန်း။

၁၉။ ဘိုကလေးမြို့နယ် ၁၀။ ဘိုကလေး၊ ၁၁။ မြင်း ကကုန်း။

၅။ သာသယာဝတီခရိုင်

| | |
|---|---|
| ၂၀။ သာယာဝတီမြို့နယ် | ၁။ ပန်းဆွဲ၊ ၂။ ရုံမင်းပြောင်၊ ၃။ ထန်းပင်ကုန်း။ |
| ၂၁။ မင်းလှအနောက် | ၄။ ကညင်ပင်။ |
| ၂၂။ ဇီးကုန်းမြို့နယ် | ၅။ သနပ်ဖါး ။ |
| ၂၃။ ကြို့ပင်ကောက်မြို့နယ် | ၆။ ရင်းတိုက်ပင်၊ ၇။ ခုနှစ်ရွာ၊ |
| ၂၄။ နတ္တလင်းမြို့ | ၈။ တာပွန်။ |

၆။ ပြည်ခရိုင်

| | |
|---|---|
| ၂၅။ သဲကုန်းမြို့နယ် | ၁။ ဝက်ပုတ်၊ ၂။အင်းမ။ |
| ၂၆။ ပေါင်းတည်မြို့နယ် | ၃။ပျဉ်းပင်ကန်၊'၄။ဘုရားငါးဆူ။ |

၇။ မြောင်းမြခရိုင်

| | |
|---|---|
| ၂၇။ မြောင်းမြမြို့နယ် | ၁။ စကားများ၊ ၂။ ကဝတ်၊ |
| ၂၈။ အိမ်မဲမြို့နယ် | ၃။ လူဂေါင်းကျွန်း၊ |
| ၂၉။ ဝါးခယ်မမြို့နယ် | ၄။ ရွှေလောင်း ၅။ ကျွန်းကုန်း၊ ၆။ ရွာသစ်။ |

၈။ တောင်ငူခရိုင်

| | |
|---|---|
| ၃၀။ တောင်ငူမြို့နယ် | ၁။ကသဲစု၊ ၂။ ကျွန်းကုန်း၊ ၃။ ငဖဲအင်း၊ ကင်းဆိုပ်၊ ၅။ ထန်းတပင်။ |
| ၃၁။ ရေတာရှည်မြို့နယ် | ၆။ရွှေကြက်ယက်၊ ၇။ဆွာ၊ ၈။မြို့လှ ၉။သာဂရ။ |
| ၃၂။ ဖြူးမြို့နယ် | ၁၀။ ကညွတ်ကွင်း။ |

၉။ ရမည်းသင်းခရိုင်

| | |
|---|---|
| ၃၃။ ရမည်းသင်း | ၁။ တပ်ကုန်း၊ ၂။ အင်းဇင်း။ |
| ၃၄။ ပျော်ဘွယ် | ၃။ ပျော်ဘွယ်မြို့သစ်ရွာမ။ |
| ၃၅။ လယ်ဝေး | ၄။ မြွေရိုးကြီး။ |
| ၃၆။ ပျဉ်းမနား | ၅။ တို့ဟူး ကျောက်တောင်။ |

၁၀။ မိတ္ထီလာခရိုင်

| | | |
|---|---|---|
| ၃၇။ | မိတ္ထီလာမြို့နယ် | ၁။ တောမ၊ ၂။ ပေါက်ချောင်း၊ ၃။ မုန့်တိုင်။ |
| ၃၈။ | ဝင်းတွင်း | ၄။ ဝင်းတွင်း၊ ၅။ ပင်းတလဲ။ |
| ၃၉။ | သာစည်မြို့နယ် | ၆။ သာစည်၊ ၇။ ရင်းမပင်။ |

၁၁။ မန္တလေးခရိုင်

| | | |
|---|---|---|
| ၄၀။ | အမရပူရမြို့ | ၁။ အမရပူရမြို့၊ ၂။ မြစ်ငယ်။ |
| ၄၁။ | မေမြို့ | ၃။ မေမြို့၊ ညံတောရပ်။ |

## ချင်းဝိသေသတိုင်း

၁၂။ ဖလံခရိုင်

| | | |
|---|---|---|
| ၄၂။ | ဖလံမြို့နယ် | ၁။ ဖလံ။ |

၁၃။ ကန်ပက်လက်

| | | |
|---|---|---|
| ၄၃။ | ကန်ပက်လက် | ၂။ မင်းဒတ်၊ ၃။ ဂျိန်းဒွေး။ |

## ကချင်ပြည်နယ်

၁၄။ မြစ်ကြီးနားခရိုင်

| | | |
|---|---|---|
| ၄၄။ | မြစ်ကြီးနားမြို့နယ် | ၁။ ခတ်ချိဌာန။ |



ဦးသန်းထွတ် ၁၉၃၅-ခုနှစ်၊ ဇွန်လ ၂၈-ရက်နေ့တွင် မော်လမြိုင် ကျွန်းမြို့၌ အဖ ဦးသာဆင်၊ အမိဒေါ်ငွေဥတို့မှ ဖွားမြင်သည်။ ၁၉၅၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရသည်။ ၁၉၆၂-ခုနှစ်တွင် ပညာရေး ဝိဇ္ဇာဘွဲ့၊ ၁၉၇၇-ခုနှစ်တွင် ပညာရေး တက္ကသိုလ်မှ မဟာ ပညာရေး ဘွဲ့ရသည်။ ၁၉၆၂-ခုနှစ်မှ ၁၉၆၉-ခုနှစ်ထိ အထက်တန်းပြ ဆရာ၊ ဆရာအတတ်သင် လက်ထောက် ကထိက ၁၉၇၀-ခုနှစ်မှယနေ့ တိုင် ပညာရေးတက္ကသိုလ်တွင် လက်ထောက်ကထိကအဖြစ် အမှုထမ်း လျက်ရှိသည်။

မြန်မာစာသင်ကြားရေး၊ လမ်းသစ် စာစီစာကုံး၊ ကမ္ဘာ့ပညာရှိကြီး များ၏ အဆိုအမိန့်များ၊ စာအုပ်များကို ပြုစုရေးသားခဲ့သည်။ မန္တလေး ဓမ္မဗိမာန် စာတန်းဖတ်ပွဲများတွင် သိပ္ပံမောင်ဝနှင့် ခေတ်စမ်း စာပေ၊ စစ်ပြီးစ စာပေလှုပ်ရှားမှု စာတန်းများ၊ လူမှုရေးသိပ္ပံ ပညာ ရပ်ဆိုင်ရာ သုတေသနအဖွဲ့ စာတန်းဖတ်ပွဲများတွင် မြန်မာကလေးကဗျာ စာတန်း (၁၉၇၉) ပထမ ပုံနှိပ် မြန်မာသင်ပုန်းကြီးနှင့် အစောဆုံး မြန်မာ ဖတ်စာ စာတန်း (၁၉၈၀)များ တင်သွင်းခဲ့သည်။ အသုံးလုံး သက်ကြီး စာစဉ် ဝေလွင်လွင်နှင့် သီတာရေစင် စာပဒေသာများ ရေးသား ပြုစုခဲ့သည်။

အသုံးလုံးဗဟိုကော်မတီ အဖွဲ့ဝင် သက်ကြီးစာပဒေသာပြုစုရေး ဆပ် ကော်မတီ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ဖူးသည်။ စာပေလုပ်သား အဖွဲ့ဝင် (၀၂၃၇)၊ ပညာလောက စာစောင် စာတည်း အဖွဲ့ဝင်၊ အခြေခံ ပညာသင်ရိုး ညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံး စာအုပ်အဖွဲ့၊ မြန်မာစာအဖွဲ့ဝင်၊ ဒို့ကျောင်းသားစာစောင် စာစီစာကုံး ပြိုင်ပွဲ ဆုရွေးချယ်ရေး အဖွဲ့ဝင်အဖြစ် ပညာရေးတာဝန်၊ စာပေ တာဝန်များကို ထမ်းဆောင်လျက် ရှိသည်။